http://www.dhammadownload.com

☀ သစ္စာဝါဒ၏ ပထမဆုံးအနှစ်သာရက
သမ္မာဒိဋ္ဌိ၏တန်ဘိုးကို မှန်ကန်စွာနားလည်ခြင်းပဲ။
သမ္မာဒိဋ္ဌိ ငါးမျိုးရှိတယ်ဆိုပေမဲ့၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်နဲ့
ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အားကောင်းဖို့အရေးကြီးတယ်။
ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အားကောင်းရင်၊ မဂ်သမ္မာဒိဋ္ဌိဉာဏ်
ဖိုလ်သမ္မာဒိဋ္ဌိဉာဏ်တွေဟာ၊ အကျိုးတရားအနေနဲ့ ဖြစ်ပေါ်လာမှာပဲ။

☀ လောဘနည်းခြင်းဟာ သစ္စာဝါဒ၏ ဒုတိယအနှစ်သာရပဲ။
လောဘနည်းအောင် တရားအားထုတ်ရမယ်။
မမြဲတာကိုနည်းနည်းမြင်ရင် လောဘနည်းနည်းလျော့မယ်။
များများမြင်ရင်များများလျော့မှာပဲ။

☀ အချင်းချင်း ဆက်ဆံတဲ့အခါမှာ ငဲ့ညှာထောက်ထား
သနားသောစိတ်ဖြင့် ဆက်ဆံခြင်းဟာ တတိယအနှစ်သာရ။
သနားတတ်တဲ့စိတ်နဲ့ ဆက်ဆံနိုင်ဖို့အတွက်
ဒေါသနည်းအောင်ကြိုးစားရမယ်။ သည်းခံခြင်းဆိုတဲ့ ခန္တီမရှိဘဲနဲ့
မေတ္တာတို့၊ ကရုဏာတို့၊ ဥပေက္ခာတို့ ဖြစ်မလာနိုင်ဘူး။

☀ အရာရာကို ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်နဲ့
သိနားလည်မယ်ဆိုရင် နံပါတ်လေးအနှစ်သာရကိုရပြီ။
ယထာဘူတဉာဏ်လို့ခေါ်တယ်။ သူတော်ကောင်းတရားတွေဟာ
ဟုတ်တိုင်းမှန်စွာသိအောင် သွန်သင်ပေးတယ်။ အမောဟဆိုတဲ့
ဉာဏ်ပညာကိုဖြစ်စေတယ်။

☀ သစ္စာဝါဒ၏အနှစ်သာရ ရှေ့ပိုင်းကိုပြည့်စုံအောင်
ကျင့်ကြံနိုင်မယ်ဆိုရင် အနှစ်သာရနောက်ပိုင်းက လွယ်သွားပြီ။
သစ္စာလေးပါးကို အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့
သိမြင်တဲ့အထိ အားထုတ်ဖို့ပဲ။
ဆုတောင်းရုံနဲ့တော့ မရနိုင်ဘူး။ ကျင့်မှရမယ်။

မြစိမ်းတောင်ဆရာတော်

မြစိမ်းတောင်ဆရာတော် ☸ သစ္စာဝါဒ၏ အနှစ်သာရ



မြစိမ်းတောင်ဆရာတော်

# အရှင်ဇာနေယျ

ဟောကြားအပ်သော

# သစ္စာဝါဒ ၏ အနှစ်သာရ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

မြစိမ်းတောင်ဆရာတော်
အရှင်ဇာနေယျ
(လိပ်မွှေ်ခြံ-တိုက်ကြီး)

ဟောကြားအပ်သော

# သစ္စာဝါဒ၏ အနှစ်သာရ

သာသနာနှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ခု၊ တန်ခူးလ

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

စာမူ ခွင့်ပြုချက်အမှတ် – ၆၀၀၃၃၈၀၄၁၂
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် – ၆၀၀၃၅၂၀၅၁၂
ထုတ်ဝေသည့် ခုနှစ် – ၂၀၁၂–ခုနှစ်၊ မေလ

✡

အုပ်ရေ ၁၀၀၀

✡

တန်ဖိုး ၁၅၀၀ ကျပ်

✡

မိုးဝင်းပုံနှိပ်တိုက်

✡

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်

ဒေါ်အေးအေးကြူ (၀၅၆၄၄)၊ မိုးဝင်းပုံနှိပ်တိုက်
အမှတ် ( ၂၂ )၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်။

✡

ထုတ်ဝေသူ

ဦးစိုးတင့်၊ ၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ မင်္ဂလာကျောင်းတိုက်၊ ရွှေပြည်သာ

www.myaseintaung.net ၂၉၄.၃

အရှင်ဇာနေယျ
သစ္စာဝါဒ၏ အနှစ်သာရ / အရှင်ဇာနေယျ။ – ရန်ကုန်
ရွှေပြည်သာစာပေ၊ ၂၀၁၂။
၃၃၆ – စာ၊ ၁၃.၅ × ၁၉ စင်တီ။
(၁) သစ္စာဝါဒ၏ အနှစ်သာရ

http://www.dhammadownload.com

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## ဓမ္မံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တရားတော်ကို အားကိုးရာဟူ၍
ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## သံဃံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တပည့်သားသံဃာတော်မြတ်အပေါင်းကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

www.myaseintaung.net

http://www.dhammadownload.com

[illegible]

http://www.dhammadownload.com

မြစိမ်းတောင်ဆရာတော်အရှင်ဇာနေယျ
ဟောကြားတော်မူသော
**သစ္စာဝါဒ၏ အနှစ်သာရ**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗဟိုဝန်ဆောင်ဆရာတော်ကြီး၏နိဒါန်းစကား | ... က |
| ၂။ | ဆရာဦးသောင်းလွင်၏အမှာစကားဦး | ... ဈ |
| ၃။ | မြစိမ်းတောင်ဓမ္မစာပေပြန့်ပွါးရေးအဖွဲ့၏အသိပေးလွှာ | ... ဋ |
| | **သစ္စာဝါဒ၏အနှစ်သာရ (ပထမပိုင်း)** | |
| ၄။ | သစ္စာမသိခြင်း၏ဆိုးပြစ်များ | ... ၈ |
| ၅။ | ခဲယဉ်းတရား(၄)ပါး | ... ၁၃ |
| ၆။ | အမည်ခံဗုဒ္ဓဘာသာဝင်တွေမဖြစ်စေနဲ့ | ... ၁၉ |
| ၇။ | သမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာနားလည်ခြင်း | ... ၂၄ |
| ၈။ | စွန့်နိုင်ခဲတာကို စွန့်လှူခဲ့လို့ | ... ၃၀ |
| ၉။ | အရွယ်သုံးပါးအလိုက်အကျိုးပေးလျှော့ | ... ၃၅ |
| ၁၀။ | မှန်ကန်တဲ့အယူအဆ(၁၀)မျိုး | ... ၄၀ |
| ၁၁။ | ဝိပဿနာသမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာနားလည်ခြင်း | ... ၄၆ |
| ၁၂။ | မကောင်းတဲ့ရည်ရွယ်ချက်ကိုပြင်ပါ | ... ၅၆ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃။ | မဂ္ဂသမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာနားလည်ခြင်း | ... | ၅၉ |
| ၁၄။ | အနှစ်နာခံသောစိတ်ဖြင့်ဆက်ဆံခြင်း | ... | ၆၉ |
| ၁၅။ | အလောင်းတော်ကြီးတွေရဲ့စိတ်ထားကိုအတုယူပါ | ... | ၇၈ |
| ၁၆။ | ငဲ့ညှာသနားသောစိတ်ဖြင့်ဆက်ဆံခြင်း | ... | ၈၃ |
| ၁၇။ | မဟာကပိဇာတ်တော် | ... | ၈၈ |
| ၁၈။ | ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ဖြင့်ဆက်ဆံခြင်း | ... | ၉၁ |
| ၁၉။ | တရားစဉ်နဲ့လုပ်ငန်းစဉ် | ... | ၉၈ |
| ၂၀။ | တရားမရနိုင်ခြင်းအကြောင်းတရား | ... | ၁၀၄ |


## ထစ္စာဝါဒ၏အနှစ်သာရ (ဒုတိယပိုင်း)


| | | | |
|---|---|---|---|
| ၂၁။ | မုန်တိုင်းမမိခင်ကြိုတင်ပြင် | ... | ၁၁၇ |
| ၂၂။ | အချိန်ဆွဲမနေနဲ့ | ... | ၁၂၃ |
| ၂၃။ | ဓမ္မစကြာတရား | ... | ၁၂၉ |
| ၂၄။ | ဒုက္ခလို့မထင်ကြဘူး | ... | ၁၃၃ |
| ၂၅။ | ဒုက္ခတွေဘာကြောင့်ဖြစ်နေရတာလဲ | ... | ၁၄၅ |
| ၂၆။ | အတ္တဒိဋ္ဌိကြောင့် ဒုက္ခဖြစ်တာ | ... | ၁၅၅ |
| ၂၇။ | ဝါဒပြိုင်ပွဲ | ... | ၁၆၂ |
| ၂၈။ | အမှားကိုစွဲယူထားရင် အမှန်ပြင်ဖို့ခက်တယ် | ... | ၁၇၀ |
| ၂၉။ | မေ့လျော့မှုကြောင့်ဒုက္ခဖြစ်တာ | ... | ၁၈၀ |
| ၃၀။ | ကိလေသာကြောင့် ဒုက္ခဖြစ်တာ | ... | ၁၈၄ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၁။ | နိဗ္ဗာန်ဆိုတာဘာယ်လိုလဲ | ... | ၁၈၉ |
| ၃၂။ | ရောဟိတဿနတ်သား | ... | ၁၉၉ |
| ၃၃။ | ကာမဂုဏ်ခံစားတဲ့အကျင့် | ... | ၂၀၃ |
| ၃၄။ | ကိုယ်ပင်ပန်းအောင်လုပ်တဲ့အကျင့် | ... | ၂၀၇ |

**ထစ္စာဝါဒေါ်အနှစ်သာရ (တတိယပိုင်း)**

| | | | |
|---|---|---|---|
| ၃၅။ | မဂ္ဂင်ရှစ်ပါးအကျင့် | ... | ၂၁၃ |
| ၃၆။ | သမာဓိမဂ္ဂင်သုံးပါး | ... | ၂၂၁ |
| ၃၇။ | ပညာမဂ္ဂင်နှစ်ပါး | ... | ၂၃၁ |
| ၃၈။ | အာရုံကျဉ်းမှအလင်းရ | ... | ၂၄၀ |
| ၃၉။ | ဝိပဿနာဉာဏ်ထင်အောင်ရှု | ... | ၂၄၈ |
| ၄၀။ | အနှစ်သာရပိုင်းကို မြင်အောင်ကြည့် | ... | ၂၅၇ |
| ၄၁။ | ချောင်ပိတ်ရိုက်ရင်ပြန်ကိုက်မယ် | ... | ၂၆၆ |
| ၄၂။ | ကျော်ဖြတ်ရမည့်မာရ်(၁၀)ပါး | ... | ၂၇၁ |
| ၄၃။ | မာနကြီးနေသလား | ... | ၂၈၀ |
| ၄၄။ | ဥပေက္ခာတရားလက်ကိုင်ထား | ... | ၂၉၀ |
| ၄၅။ | သောဏာထေရီမကြီးလို ကြိုးစားကြ | ... | ၂၉၄ |

http://www.dhammadownload.com

http://www.dhammadownload.com

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီး၏ နိဒါန်းစကား

ဗုဒ္ဓဘာသာဝင် အများစုသည် သစ္စာတရားများကို ကြားရဖန်များ သဖြင့် 'သိပြီးသားတွေပါ'ဟု သာမန်အားဖြင့်ထင်တတ်ကြသည်။ အမှန်က သေသေချာချာ ဂဃနဏမသိသေးသည့်အရာများ များစွာရှိနေပါသေးသည်။ ထဲထဲဝင်ဝင် လေ့လာလေလေ၊ မသိသေးသည့်အရာက ပိုများလေလေ ဖြစ်ပါလိမ့်မည်။

ဤစာအုပ်တွင် ဗုဒ္ဓဘာသာဝင်အများစု မသိသေးသည့် အကြောင်း အရာများ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ များစွာပါဝင်သည်။ သံဝေဂယူစရာ နည်းယူစရာ ကောင်းလှသဖြင့် စာဖတ်သူကိုအကျိုးများစေမှာသေချာသည်။ သို့သော် သင်ယူမှတ်သား နာကြားဖတ်ရှု၍သိခြင်းသည် 'သညာသိ'သာ ဖြစ်သည်။ 'ပညာသိ'မဟုတ်။

သစ္စာတရားများကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်ဖြင့်သိသည့် 'သညာသိ'အဆင့်မှ ရှေ့ကိုတစ်လှမ်းတိုးပြီး ဘာဝနာမယဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိသည့် 'ပညာသိ'အဆင့်ရောက်အောင်ကြိုးစားရပေဦးမည်။ ထိုသို့ 'ပညာသိ'အဆင့် ရောက်အောင် ကြိုးစားမည့် သူများအတွက် ဤစာအုပ်က များစွာအထောက်အကူပြုပါလိမ့်မည်။

http://www.dhammadownload.com



ထို့အပြင် ဓမ္မလမ်းကြောင်းပေါ် လျှောက်လှမ်းနေပါလျက်နှင့် လမ်းချော်နေသည့်ယောဂီကြီးများကို လမ်းမှန်ပေါ်ပြန်တင်ပေးမည့် ဓမ္မလမ်းညွှန်လည်း ဖြစ်ပေသည်။ အရေးကြီးသည့် စာပိုဒ်တစ်ခုကို မီးမောင်းထိုးပြလိုပါသည်။

'ဆုံးတဲ့အထိ ကျင့်တဲ့နေရာမှာ မဆုံးသေးဘဲနဲ့ ဆုံးသွားပြီလို့ အထင်မှားတတ်တာမျိုးကို သတိပေးဦးမယ်။ စိတ်ရဲ့သဘောကညွှတ်တတ်တယ်။ ဥပမာ ... ယောဂီတွေ မနက်သုံးနာရီ အိပ်ရာထမယ်လို့ စိတ်ကူးထားရင် နာရီနှိုးစက်တောင် မမြည်သေးဘူး၊ အိပ်ရာက နိုးတာမျိုး တွေ့ကြုံဖူးလား။ အဲဒါ စိတ်ရဲ့တန်ခိုးပဲ။

ယောဂီတွေမှာက သမာဓိကလည်း ရှိနေတော့ စိတ်ညွှတ်ထားတဲ့အတိုင်း သမာဓိက ပုံဖော်ပေးတတ်တယ်နော်။ မယုံနိုင်လောက်အောင်ကို ဆန်းကြယ်တာ။ မှားတတ်တယ်။ သမာဓိစွမ်းအားကြောင့် သိမ့်ခနဲ, သိမ့်ခနဲ၊ ငြိမ့်ခနဲ, ငြိမ့်ခနဲ ဖြစ်တာကို ချုပ်ချုပ်သွားတယ်လို့ အထင်မှားတတ်တယ်။ မမှားအောင် အနားယူတဲ့ အချိန်မှာ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်ပေါ့ ...။

ငါရောက်နေတာသင်္ခါရုပေက္ခာဉာဏ်မှဟုတ်ရဲ့လား။ ဥဒယဗ္ဗယဉာဏ်များ ဖြစ်နေလား။ ဥဒယဗ္ဗယဉာဏ်မှာလည်း ပီတိ, ပဿဒ္ဓိကြောင့် တသိမ့်သိမ့်, တငြိမ့်ငြိမ့် ဖြစ်တတ်တယ်လေ ... အဲဒီလို တသိမ့်သိမ့် တငြိမ့်ငြိမ့်ဖြစ်တာကိုပဲ ချုပ်သွားတယ်။ လစ်သွားတယ်လို့ ထင်တတ်ကြတာ'

ဤစာပိုဒ်ကို တတိယပိုင်းပြီးခါနီးတွင် ဖတ်လိုက်ရသည်။ ယောဂီများအတွက် အင်မတန်အရေးကြီးလှသည်။ ဆုံးသည့်နေရာကို အမှန်တကယ် မရောက်သေးဘဲနှင့် ရောက်ပြီးပြီဟု အထင်မှားနေကြသည့်

http://www.dhammadownload.com



ယောဂီများစွာနှင့် ကိုယ်တိုင်ကြုံဖူးသည်။ အတုအယောင်များ အင်အားကြီးမားလာလျှင် အစစ်အမှန်များ ငုပ်လျှိုးကွယ်ပျောက်သွားနိုင်သဖြင့် အလျဉ်းသင့်တုန်း အထူးသတိပေးလိုသည်။

၂၀၀၉–ခုနှစ်က ဘုန်းကြီး၏တပည့် ယောဂီတစ်ဦး အများနှင့်မတူ တမူကွဲပြားသည့် ရိပ်သာတစ်ခု၏ အတွေ့အကြုံကို ဝမ်းသာအားရ လာလျှောက်သည်။

'ချုပ်သွားတဲ့ နေရာ၊ ဆုံးသွားတဲ့ နေရာကို (၁၅)ရက် တည်းနဲ့ ရောက်အောင် ညွှန်ကြားနိုင်တဲ့ရိပ်သာတွေ ပေါ်နေပြီဘုရား။ တပည့်တော်တော့ အပါယ်တံခါးပိတ်သွားပြီ။ ဆရာတော့်ယောဂီတွေလည်း အပါယ်တံခါးပိတ်အောင် ... အဲဒီရိပ်သာက ညွှန်ပြတဲ့ နည်းမျိုး ပြောင်းပြီး ပြရင် ပိုကောင်းမယ်ထင်တယ်ဘုရား'

'တော်ပါပြီ ဒါယကာကြီးရာ။ တကယ်အပါယ်တံခါးမပိတ်သေးဘဲနဲ့ အထင်မှားသွားတာမျိုးဖြစ်သွားရင် တရားဟောတရားပြတဲ့သူက အင်မတန်အပြစ်ကြီးတာ။ မနေ့ကလည်း ဒါယိကာမတစ်ယောက် သူ ဖိုလ်ဝင်စားတုန်းက ရိုက်ထားတဲ့ဓာတ်ပုံတွေ လာပြသွားတယ်။ ထိုင်ခုံနှစ်လုံးပေါ်မှာ ပက်လက်အနေအထားနဲ့ တောင့်တောင့်ကြီး။ ဘုန်းကြီးက အကျိုးသင့် အကြောင်းသင့် ရှင်းပြတယ်။ လက်မခံဘူး'

ဒါက ကြုံခဲ့ရသည့် တပည့်ယောဂီနှစ်ဦး။ 'သဗ္ဗေသတ္တာကမ္မဿကာ' ဟု နှလုံးသွင်းလိုက်ရသည်။ ဤသို့သော ယောဂီများ မရေမတွက်နိုင်အောင် ရှိပေလိမ့်ဦးမည်။ ထို့ကြောင့် မြစိမ်းတောင်ဆရာတော်ဟောသည့် တရားများသည် ခေတ်အခြေအနေ ခေတ်ကာလနှင့် အံဝင်ခွင်ကျ ဖြစ်သည်ဟု ဆိုချင်ပါသည်။

http://www.dhammadownload.com



'သောတာပန်ဆိုတာ ဒီလိုပါ'စာအုပ်တွင် စာရေးဆရာ မြသန်းစံ ရေးခဲ့သော အမှာစကားကို ပြန်သတိရမိသည်။

'မြစိမ်းတောင်ဆရာတော်၏ အားမာန်ပါပါဟောဟန်သည် လျော့နေသော ဝီရိယကို ပြန်တင်းလာစေသည်။ ကျနေသောသဒ္ဓါကို ပြန်တက်လာစေသည်။ အားနည်းနေသောလူမမာကို အားဆေးထိုးပေးလိုက်သည်နှင့် တူနေတော့သည်။

ထို့ကြောင့် ကျွန်တော် တရားစခန်းဝင်လေတိုင်း MP3 စက်ဖြင့် ထည့်ထားသော ဆရာတော်ဟောသည့်တရားများကို ကိုယ်ပိုင်အချိန်များတွင် တစ်ဦးတည်း နားကြပ်ဖြင့်နားထောင်၍ အားမွေးရသည်။ လတ်တလော ရှုကွက်ထဲမှ အမြင်မရှင်းသည်များကိုလည်း ဆရာတော်၏တရားသားများဖြင့် ညှိယူကာ အဖြေရှင်းလင်းယူရသည်။

ခေတ်အခြေအနေ ခေတ်ကာလအလျောက် တရားရှာတရားအားထုတ်ကြသည့်ယောဂီများ လမ်းမမှား၊ အယူမမှား၊ ဆုံးဖြတ်ချက်မမှားရစေရန် ကူညီပေးနိုင်မည့် ဓမ္မလမ်းညွှန်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဤစာအုပ်ကို အထပ်ထပ်အခါခါဖတ်၍ မိမိသန္တာန်၌ကပ်ငြိနေသော တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် ယှဉ်သည့် အတွေးမှားများ ဖယ်ရှားနိုင်ကြပါစေဟု ဆုတောင်း မေတ္တာပို့သလိုက်ပါသည်...'တဲ့

ကောင်းလိုက်သည့်အမှာစာ။ အဓိပ္ပါယ် ပြည့်ဝလွန်းသဖြင့် 'သောတာပန်ဆိုတာဒီလိုပါ'စာအုပ်တစ်အုပ်တည်းအတွက် အမှာစာမျိုး မဖြစ်စေချင်ပေ။ မြစိမ်းတောင်ဆရာတော် ဟောကြားတော်မူသော တရားစာအုပ်အားလုံးအတွက် အမှာစာဟုပင် ဆိုချင်သည်။ ထို့ကြောင့် အလေးထားကာ ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com



အချို့သောယောဂီများအပါအဝင် ဗုဒ္ဓဘာသာဝင်အများစု သည် ဘာကိုတန်ဖိုးထားရမှန်းမခွဲခြားတတ်ကြပေ။ တောထဲကသမင်လိုဖြစ်နေကြသည်။

* **တောမှာကျက်စား၊ သမင်များ၊ ပတ္တမြားတွေ့လည်း ရှောင်သွားတယ်။**
* **မြက်ကိုသာစား၊ ပတ္တမြား၊ တန်ဖိုးအားဖြင့်နားမလည်။**
* **ဥပမာလား၊ လူမိုက်များ၊ တရားတွေ့လည်း ရှောင်သွားတယ်။**
* **ကာမကိုသာ၊ စားသုံးကာ၊ သံသရာမှာ လည်ကြတယ်။**

တောထဲက သမင်ကဲ့သို့ မဖြစ်စေရန်နှင့် အမည်ခံ ဗုဒ္ဓဘာသာဝင် အဆင့်မှ လွတ်မြောက်စေရန် တန်ဖိုးရှိသည့်တရားများကို ရှောင်လွှဲမနေဘဲ အလေးထားပြီး ဖတ်ကြပါ။ ဦးထိပ်ရွက်ပြီး ကျင့်ကြပါ။ အလေ့အကျင့်များလျှင် ယခုဘဝတွင် သောတာပန်မဖြစ်သည့်တိုင်အောင် နောက်ဘဝတွင် နတ်ပြည်ရောက်ကာ သောတာပန်ဖြစ်နိုင်သည်။

အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်တွင် နတ်ပြည်၌ သောတာပန် တည်နိုင်သော ပုဂ္ဂိုလ်လေးမျိုးအကြောင်း ဘုရားရှင်ဟောကြားတော်မူထား သည်။

(၁) တရားတော်ကို ရိုရိုသေသေ နာကြားလေ့ရှိသူ၊
(၂) တရားတော်ကို ကြည်ညိုစွာ ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသူ၊
(၃) တရားတော်ကို နှလုံးသွင်း ဆင်ခြင်လေ့ရှိသူ၊
(၄) ဝိပဿနာတရား ကျင့်သုံးလေ့ရှိသူ။

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်လေးမျိုးသည် ကြမ်ဖန်များစွာ လေ့ကျင့်ထားလျှင် သေခါနီး အခါ၌ ကုသိုလ်စိတ်ကလွှမ်းမိုးကာ နတ်ပြည်သို့ရောက်နိုင်သည်။ နတ်ပြည် ရောက်သည့်အခါ အောက်ဖော်ပြပါ(၄)ချက်မှ တစ်ချက်ချက်ဖြင့် သောတာပန် တည်လိမ့်မည်ဟု အတိအကျ မိန့်ကြားတော်မူထားသည်။

(၁) ငါ ဘာကုသိုလ်ကြောင့် ဒီနတ်ပြည်ကို ရောက်လာတာလဲဟု ဆင်ခြင်လိုက်သည်နှင့် ချက်ချင်းသောတာပန် တည်နိုင်သည်။ ဆင်ခြင်သည့် ဉာဏ်ကပင် နောက်ကျနေဦးမည်ဟုဆို၏။

(၂) နတ်ပြည်တွင် အရိယာနတ်ဓမ္မကထိကများ များစွာရှိသည်။ လူ့ပြည်တွင်တရား၌မွေ့လျော်သူတို့သည် နတ်ပြည်ရောက်သည့် အခါ၌လည်း ဓမ္မသဘင်များသို့သွားကာ တရားနာကြသည်။ ထိုသို့ နတ်ဓမ္မကထိကများဟောသောတရားကို နာရင်းဖြင့်လည်း သောတာပန် တည်နိုင်သည်။

(၃) လူ့ပြည်မှ တန်ခိုးကြီးသောရဟန္တာများသည် နတ်ပြည်သို့ကြွပြီး တရားဟောလေ့ရှိသည်။ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီး ဆိုလျှင် နတ်ပြည်သို့ ခဏခဏကြွပြီး တရားဟောသည်။ ထိုသို့ လူ့ပြည်မှတန်ခိုးကြီးသောရဟန္တာများ၏တရားကို နာခွင့်ရလိုက် လျှင်လည်း သောတာပန် တည်နိုင်သည်။

(၄) သို့တည်းမဟုတ် လူ့ပြည်တုန်းက ဓမ္မမိတ်ဆွေ တစ်ဦးဦးကို နတ်ပြည်မှာ ပြန်တွေ့ပြီး တရားအကြောင်း ဆွေးနွေးစဉ်မှာပင် သောတာပန်တည်နိုင်သည်။ နတ်များ၏ဉာဏ်ရည်သည် အလွန် ထက်မြက်သဖြင့် ဉာဏ်ပွင့်သွားခြင်းဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် ကြိုးကြိုးစားစား ကျင့်နေသည့်ယောဂီများ စိတ်ဓာတ် မကျကြပါနှင့်။ ကြိုးစားကျင့်ရမှာက ယောဂီ၏အလုပ်။ မဂ်, ဖိုလ်, နိဗ္ဗာန် မျက်မှောက်ပြုဖို့က တရားတော်၏အလုပ်။ ကိုယ့်အလုပ် ကိုယ်လုပ်နေသည့် ယောဂီများအတွက် ...

မဂ်ဖိုလ်နိဗ္ဗာန်က လက်တစ်ကမ်းမှာပါ–ဟု ဆိုချင်ပါတော့သည်။ အကာနှင့်အနှစ်၊ အတုနှင့်အစစ်ကို ခွဲခြားသိမြင်နိုင်ကြပါစေ...။

**ဘဒ္ဒန္တဝိပုလ**
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သာသနဓဇသီရိပဝရဓမ္မာစရိယ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်
၁၃၇၃ ခု၊ တန်ဆောင်မုန်းလပြည့်နေ့

http://www.dhammadownload.com



[illegible]

[illegible]

[illegible]

[illegible]

http://www.dhammadownload.com

## ဆရာဦးသောင်းလွင် ၏
## အမှာစကားဦး

မြစိမ်းတောင်ဆရာတော်၏ တပည့်တစ်ဦးဖြစ်သော အရှင်ကုမာရ(B.A) ၏ အကူအညီတောင်းခံမှု, မေတ္တာရပ်ခံမှုများကြောင့် ဤ အမှာစကားဦးကို ရေးဖြစ်ခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် ရေးရန် ဝန်လေးလှသည်။ ဝန်လေးရသည့်အကြောင်းရင်းမှာ...

အရှင်ကုမာရ(B.A)သည် ဤအမှာစကားဦးရေးသူနှင့် နှစ်ပေါင်းများစွာ ခင်မင်ခဲ့သည့် ဓမ္မမိတ်ဆွေဖြစ်သည်။ ဓမ္မရိပ်သာပေါင်းစုံလှည့်ပြီး တရားစခန်းဝင်နေသည်ဟုသာ အမြဲလိုလိုသတင်းကြားနေရသည်။ တစ်နေ့တွင် စာရွက်တစ်ထပ်ကြီးနှင့် ဤအမှာစကားဦးရေးသူထံ ရောက်လာသည်။

စာအုပ်ထုတ်ချင်လို့ စာမူချောများအား ဖတ်ရှုပြင်ဆင်ပေးပါဟု ဆိုသည်။ စာမူများကို ကြည့်လိုက်သည့်အခါ မြစိမ်းတောင်ဆရာတော် ဟောကြားတော်မူသည့် ဝိပဿနာအလုပ်ပေးတရားများ ဖြစ်နေသည်။ ငြင်းလို့ရမည့်သူလည်းမဟုတ်သဖြင့် အလုပ်မအားသည့်ကြားက အချိန်ကို လုလုပြီး ဖတ်ရှုပြင်ဆင်ပေးခဲ့ရသည်။ ယခုဆိုလျှင် (၄)အုပ်မြောက်ပင် ရှိခဲ့ပေပြီ။

http://www.dhammadownload.com



ပထမဆုံးစာအုပ်မှာ 'လွတ်မြောက်မှုချမ်းသာကို ရှာဖွေခြင်း'၊ ဒုတိယ 'စိတ်ကိုဆုံးမ ချမ်းသာရ'၊ တတိယ 'သောတာပန်ဆိုတာ ဒီလိုပါ'၊ ယခု(၄)အုပ်မြောက်က 'သစ္စာဝါဒ၏ အနှစ်သာရ'။ စာအုပ်(၄)အုပ်လုံးကို အသေးစိတ်ဖတ်ပြီးသောအခါ မြစိမ်းတောင်ဆရာတော်၏ စရဏအား၊ သမာဓိအား၊ ပညာအားများကို အတော်အတန် ခန့်မှန်းမိသွားသည်။ ထို့ကြောင့်လည်း မိမိလိုသာမန်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အမှာစကားဦးရေးရန် ဝန်လေးနေရခြင်းဖြစ်ပါသည်။

သို့သော် မဂ္ဂင်ရှစ်ပါး အကျင့်တရားများသည် တစ်နေ့ထက် တစ်နေ့ သွေးဖည်ယိမ်းယိုင်လာသည်ကို မြင်နေရသည်၊ ကြားနေရသည်၊ ဖတ်ရှုနေရသည်။ သာသနာတော်အတွက် အတော်ရင်လေးဖွယ် ကောင်းလှသည်။ ကြာလျှင် အတုအယောင်များက လွှမ်းမိုးလာပေတော့မည်။ အစစ်အမှန်များကို တစ်ထောင့်တစ်နေရာက ဝိုင်းဝန်းကျားကန်ပေးပါမှလည်း အတုအယောင်များကို ပို၍ခွဲခြားနိုင်မည်ဟု ယုံကြည်မိပါသည်။

မြစိမ်းတောင်ဆရာတော်သည် ဝိပဿနာအလုပ်ပေးတရားများကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင်ဟောကြားနိုင်သည်။ လက်တွေ့ ကျင့်စဉ်များနှင့် ထင်ဟပ်ဟောထားသဖြင့် ယောဂီများနားလည်လွယ်သည်။ **'ဆရာအစွမ်းပြ၊ တပည့်နည်းမရ'** ဆိုစကားလိုမဖြစ်စေရန် ပါဠိအနက်ပေးများကို ရှောင်နိုင်သမျှရှောင်ပြီး လိုရင်းတိုရှင်းသာဟောထားသည်။ ထို့ကြောင့် ကျမ်းပြုသကဲ့သို့ ခံ့ခံ့ညားညားမရှိသော်လည်း ဟောကြားချက်များက အနှစ်သာရ ပြည့်ဝလှသည်။ တန်ဖိုးဖြတ်၍မရနိုင်ပါ။

ယခုဟောကြားသည့် သစ္စာဝါဒ၏အနှစ်သာရတရားတော် ပထမပိုင်းတွင် ဝိပဿနာသမ္မာဒိဋ္ဌိနှင့် မဂ္ဂသမ္မာဒိဋ္ဌိကို မှန်ကန်စွာ နားလည်စေရန်

http://www.dhammadownload.com



အလေးထား၍ အသေးစိတ်ဟောကြားတော်မူထားသည်။ ဖြည့်စွက်အသိပေးလိုသည်မှာ သမ္မပ္ပဓာန်လုံ့လဝီရိယဖြင့် အစွမ်းကုန် ကြိုးစားအားထုတ်သော်လည်း ယခုဘဝတွင် မဂ္ဂသမ္မာဒိဋ္ဌိမဖြစ်နိုင်သောယောဂီများရှိပါသည်။ ဆိုလိုသည်မှာ အချို့ယောဂီများသည် ယခုဘဝတွင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ပါ။

(၁) တိဟိတ်ပုဂ္ဂိုလ်မဟုတ်ဘဲ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နေလျှင် ယခုဘဝ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရနိုင်။

(၂) တစ်ဆူဆူသော ဘုရားရှင်သာသနာတော်၌ ဝိပဿနာသမ္မာဒိဋ္ဌိ ပါရမီမျိုးစေ့မပါခဲ့လျှင်လည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရနိုင်ပါ။

ထို့ကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်သော်လည်း မဂ္ဂသမ္မာဒိဋ္ဌိမဖြစ်သည့် ယောဂီများရှိနိုင်ပါသည်။ ယောဂီများကို တူရာတူရာပေါင်းပြီး အဆင့်ခွဲပြောရမည်ဆိုလျှင် အဆင့်(၃)ဆင့် ရှိသည်။

**ပထမဆင့်။** ဝိပဿနာတရားကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရသည်အထိ ကြိုးကြိုးစားစားအားထုတ်ကြသည့်ယောဂီများကို ဆိုလိုသည်။ သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်ရပြီးသည့် သောတာပန်ယောဂီများကို တရားရိပ်သာအသီးသီးတွင် တွေ့မြင်နေရသည်။ မြို့ထဲရွာထဲမှာလည်း အများကြီးရှိသည်။ ကြွားဝါပြီးမပြောကြ၍သာ လူသိနည်းနေခြင်းဖြစ်သည်။ ရဟန္တာဖြစ်သွားသည့် ဆရာတော်ကြီးများပင် မြန်မာနိုင်ငံ၌ အထင်အရှား ရှိသည်။

ထိုသို့ ဝိပဿနာသမ္မာဒိဋ္ဌိလည်းဖြစ်၊ မဂ္ဂသမ္မာဒိဋ္ဌိလည်းဖြစ်သွားသည့် ပုဂ္ဂိုလ်များမှာမူ လူဖြစ်ရကျိုးလည်းနပ်၊ ဘုရားသာသနာနှင့် ကြုံရကျိုးလည်း နပ်သဖြင့် အကောင်းဆုံးဖြစ်ပေသည်။

http://www.dhammadownload.com



**ဒုတိယဆင့်။** အချို့ယောဂီများမှာ ဝိပဿနာတရားကို ပါရမီ မျိုးစေ့ရရုံလောက်သာ အားထုတ်ကြခြင်းမဟုတ်။ တစ်လနှစ်လ ကြိုးကြိုး စားစား အားထုတ်သည်။ အိမ်မှာနေရင်း ကျောင်းမှာနေရင်းလည်း အာစိဏ္ဏကံ အားထုတ်သည်။ သို့သော် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရသည်အထိ အဆုံး ရောက်သည်အထိ ဆက်၍အားမထုတ်ပေ။ ထိုယောဂီမျိုး အများအပြား တွေ့ရသည်။ ချီးမွမ်းစရာကောင်းပါသည်။ သို့သော် အကောင်းဆုံးဟု မဆိုနိုင်ပါ။

ထိုယောဂီမျိုး၏ သေခါနီးကာလ မရဏာသန္နဇောသည် ဝိပဿနာ သမ္မာဒိဋ္ဌိကုသိုလ်ကံ ကမ္မနိမိတ်အာရုံတစ်ခုခုသာဖြစ်ပေမည်။ ထိုယောဂီမျိုး သည် **သောတာနုဂတသုတ္တန်မှာ** ဟောထားသည့်အတိုင်း သေလျှင် နတ်ပြည်သို့ရောက်ကာ သောတာပန်နတ်သား၊ သောတာပန်နတ်သမီး ဧကန် ဖြစ်ပါလိမ့်မည်။

**တတိယဆင့်။** အချို့ယောဂီများသည် ဝိပဿနာတရားကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရသည်အထိ ကြိုးစားအားထုတ်ရန် ရည်ရွယ်ချက်မရှိပေ။ ပါရမီမျိုးစေ့ရရုံလောက် တစ်ပတ်(၁၀)ရက်သာ အားထုတ်ကြသည်။ တရား လုံးဝအားမထုတ်သူထက်စာလျှင် 'တော်သေးတယ်'ဟု ပြောရရုံသာ။ ထိုယောဂီမျိုးသည် တိဟိတ်လည်းဖြစ်၊ အတိတ်ပါရမီမျိုးစေ့လည်း ပါခဲ့သူ ဖြစ်စေကာမူ ယခုဘဝတွင် ကျင့်မှုမပြည့်စုံသောကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ပါ။

အမှန်မှာ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီး ဝိပဿနာသမ္မာဒိဋ္ဌိပါရမီမျိုးစေ့ မပါခဲ့ စေကာမူ သမ္မပ္ပဓာန်လုံ့လဝီရိယဖြင့် အစွမ်းကုန်ကြိုးစား အားထုတ်လျှင် ယခုဘဝ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရသည့်တိုင်အောင် အချည်းနှီးမဖြစ်ပါ။

http://www.dhammadownload.com



အားကြီးသော ဝိပဿနာသမ္မာဒိဋ္ဌိပါရမီမျိုးစေ့ဖြစ်က ယခု ဂေါတမဘုရားသာသနာအတွင်းမှာပင် တရားထူးရပြီး ကျွတ်တန်းဝင်နိုင်ပါသည်။

အကယ်၍ အကြောင်းမညီညွတ်သောကြောင့် ဂေါတမဘုရားသာသနာအတွင်းမှာ မရခဲ့လျှင်ပင် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားသာသနာ၌ တရားထူးရလျက် ကျွတ်တန်းဝင်မည်မှာ အသေအချာ ဖြစ်ပါသည်။ ထို့ကြောင့် ပါရမီမျိုးစေ့သည်လည်း အရေးကြီးပါသည်။

ထိုအဆင့်(၃)ဆင့်တွင် 'ဘယ်အဆင့်ထဲမှာပါသလဲ' ဆိုသည်ကို မိမိကိုယ်တိုင်ဆန်းစစ်နိုင်ရန် သတိပေးခြင်းဖြစ်သည်။ (၃)ဆင့်ထဲမှာ မပါသေးဘူးဆိုလျှင်တော့ သာသနာခေတ်လူဖြစ်ရကျိုး မနပ်သေးပါ။

ပါရမီကိုသာ လက်ညှိုးထိုးလေ့ရှိသောယောဂီများ သတိပြုရန်မှာ ရဟန္တာဖြစ်နိုင်သည့်ပါရမီပါစေကာမူ ပစ္စုပ္ပန်တွင် တရားအားမထုတ်ပါက ရဟန္တာမပြောနှင့် သောတာပန်တောင်မဖြစ်နိုင်။ ထိုအကြောင်းကို ဗာရာဏသီပြည်က မဟာဓနသူဌေး ဇနီးမောင်နှံဖြင့် မြစိမ်းတောင်ဆရာတော်က မီးမောင်းထိုး ဟောကြားထားသည်။ အံ့ဝင်ခွင်ကျလိုက်ဖက်လှပေသည်။ ထို့နောက်–

သစ္စာဝါဒ၏အနှစ်သာရ ဒုတိယပိုင်းတွင် အလွန်တရာနက်နဲသော၊ သိမ်မွေ့သော၊ ကျယ်ဝန်းသော သစ္စာလေးပါးအကြောင်းကို ယောဂီများနားလည်သဘောပေါက်ပြီး ကျင့်ကြံအားထုတ်တတ်စေရန် ရှင်းရှင်းလင်းလင်း ဟောကြားတော်မူထားသည်။ အမှန်က ဒုက္ခသစ္စာ, သမုဒယသစ္စာနှင့် နိရောဓသစ္စာအကြောင်းကို ဟောထားခြင်းဖြစ်သည်။

တတိယပိုင်းတွင် မဂ္ဂသစ္စာ၊ မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးနှင့်ယှဉ်၍ ဟောထားတော်မူသည်။ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်

http://www.dhammadownload.com



နှစ်ပါး။ ထိုမဂ္ဂင်ရှစ်ပါးကို အသေးစိတ်မှတ်သားထားပြီး တစ်ခုချင်းစီလိုက်နာကျင့်သုံးရမည်ဟု မဆိုလိုပါ။ သတိပဋ္ဌာန်လေးပါးကို အားထုတ်လျှင် ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်မည်။ ဝိပဿနာသမ္မာဒိဋ္ဌိမှတစ်ဆင့် မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိရသည်အထိ ဆက်လက်အားထုတ်ပါက မဂ္ဂင်ရှစ်ပါးလုံး ပြည့်စုံမည်သာ ဖြစ်ပေသည်။

မြစိမ်းတောင်ဆရာတော်ဟောကြားတော်မူသော 'သောတာပန်ဆိုတာ ဒီလိုပါ' နှင့် 'သစ္စာဝါဒ၏ အနှစ်သာရ' တရားနှစ်ပုဒ် စာနှစ်အုပ်ကို နာကြားဖတ်ရှုပြီးသောသူတို့သည် ယခုဘဝ မသေမီ ဖေါ်ပြပါအဆင့်သုံးဆင့်ကို ရရှိအောင် ကြိုးစားခြင်းဖြင့် သာသနာခေတ် လူဖြစ်ရကျိုး နပ်နိုင်ကြပါစေသတည်း။

**ဦးသောင်းလွင် (B.A.)**

**သကျသီဟဝင်္ရုံသကာနှင့် အစိုးရဝမ္မာစရိယ**

http://www.dhammadownload.com

www.myaseintaung.net

## မြစိမ်းတောင် ဓမ္မစာပေပြန့်ပွါးရေးအဖွဲ့၏ အသိပေးလွှာ

နိဒါန်းစကား ရေးသား ချီးမြှင့်ပေးတော်မူသော နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်ကြီး **ဘဒ္ဒန္တဝိပုလ** နှင့် စာမူကြမ်းများကို စိစစ် ပေးသော ရန်ကုန်မြို့ မေတ္တာဂုဏ်ရည် သာသနာ့ရိပ်သာ နာယက **ဘဒ္ဒန္တဝိဇယ** ဆရာတော်တို့အား လည်းကောင်း၊

စာမူချောများကို စိစစ်ပေးသည့်အပြင် အမှာစကားဦးရေးသားပေးသော ဆရာဦးသောင်းလွင် (B.A. သဂျ္ဈာယသီဟဝံသ ဓမ္မာစရိယ) အား လည်းကောင်း၊

ကုသိုလ်ယူ ထုတ်ဝေဖြန့်ချိပေးသော **ဦးမြသန်းစံ + ဒေါ်သိင်္ဂီမိုး** အပွမာဒစာစဉ်မိသားစုအားလည်းကောင်း၊ မိုးဝင်းပုံနှိပ်တိုက်နှင့် ကျေးဇူး တင်ထိုက်သူ အားလုံးတို့အားလည်းကောင်း၊ အထူးကျေးဇူးဥပကာရ တင်ရှိ ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင် နိုင်ငံရပ်ခြားမှယောဂီများနှင့် နယ်မြို့များမှ ယောဂီများ၊ ဆရာတော်ဟောကြားတော်မူခဲ့သည့် တရားခွေများနှင့် တရားစာအုပ်များကို အင်တာနက် WWW.MYASEINTAUNG.NET တွင် နာကြားဖတ်ရှု

http://www.dhammadownload.com



နိုင်ရန် စီစဉ်ဆောင်ရွက်နေကြသည့် စင်္ကာပူနိုင်ငံမှ ဒါယကာ ဒါယကာမ အပေါင်းနှင့်-

ဆရာတော်၏ သာသနာပြုမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူး လှူဒါန်းသူ ဦးသန်းလွင် (မြန်မာ့အသံ) အားလည်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျေးဇူးရှင် မြစိမ်းတောင်ဆရာတော် ဟောကြားတော်မူသော အလုပ်ပေးတရားတော်များကို စာအုပ်အဖြစ်ထုတ်ဝေသည့်အခါ ဦးဆောင်သူ နှစ်ဦးရှိသည်ကိုလည်း အသိပေးထားချင်ပါသည်။ သို့မှသာ မ,တည်အလှူရှင် စာရင်းတွင် အချို့အလှူရှင်များ မပါဝင်သည်ကို နားလည်သဘောပေါက် ကြမည် ဖြစ်ပါသည်။

အပ္ပမာဒစာစဉ်မှ ထုတ်ဝေသော မြစိမ်းတောင်ဆရာတော်၏ အလုပ်ပေးတရားစာအုပ်များကို အရှင်ကုမာရ(ဘီအေ)က တာဝန်ယူ စီစဉ် ဆောင်ရွက်သည်။ ယခုစာအုပ်မှာ (၄)အုပ်မြောက်ဖြစ်သည်။ (၂)နှစ်မှ တစ်အုပ်နှုန်းသာ ထွက်သဖြင့် တချို့က အားမလိုအားမရဖြစ်ကြသည်။ တစ်နှစ်ကို အနည်းဆုံးတစ်အုပ်နှုန်းခန့် ထွက်စေချင်သည်။

ထိုဆန္ဒကို အရှင်ကုမာရ(ဘီအေ) တစ်ဦးတည်း မဖြည့်ဆည်းနိုင်။ အရှင်ကုမာရ(ဘီအေ) တွင် အခြားသာသနာရေးဆိုင်ရာ လုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများဖြင့် ဝန်ပိနေသည်။ ထို့ကြောင့် ဆောင်ရွက်နိုင်သူများကို ထပ်မံတာဝန်ပေးရန် မြစိမ်းတောင်ဆရာတော်၏ ပစ္စည်းလေးပါးဒကာဖြစ်သူ ဦးတူးကို အကူအညီတောင်းခဲ့ရသည်။

ဦးတူး၏ ဦးဆောင်မှုဖြင့် ဆရာတော်၏တပည့် ယောဂီတစ်ဦး နှင့် မ,တည်အလှူရှင်များက တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းသာသနာပြုခဲ့ကြသည်။

http://www.dhammadownload.com



မြစိမ်းတောင်ဆရာတော်၏ အလုပ်ပေးတရားစာအုပ် (၃)အုပ် ထပ်မံထုတ်ဝေနိုင်ခဲ့သည်။

ဆရာတော်၏ အလုပ်ပေးတရားစာအုပ်များ ပိုမိုထုတ်ဝေနိုင်ရေးအတွက် ဝိုင်းဝန်းစီစဉ်ဆောင်ရွက်နေကြခြင်းသာ ဖြစ်သည်။ ပြဿနာတစ်စုံတစ်ရာ မရှိပါကြောင်း အလှူရှင်များကို လေးစားစွာ အသိပေးအပ်ပါသည်။

ဤစာအုပ်တွင် အမှားအယွင်း နည်းနိုင်သမျှ နည်းစေရန်လည်း အကြိမ်ကြိမ် စိစစ်ထားပါသည်။ သို့သော် မောဟမကင်းသူများဖြစ်သောကြောင့် ချွတ်ချော်မှားယွင်းချက်များရှိကောင်းရှိနိုင်ပါသည်။ ပညာရှင်များက အပြုသဘောဖြင့် ချွတ်ချော်မှားယွင်းချက်များကို ပြုပြင်ပေးမည်ဆိုလျှင် အစဉ်အမြဲကြိုဆိုကာ ပြန်လည်ပြုပြင်သွားမည်ဖြစ်ပါသည်။

တရားအလှူ၊ ပညာပါရမီအလှူ၊ တိုက်ရိုက်သာသနာပြုအလှူအဖြစ် ပါဝင်လှူဒါန်းလိုပါက မြစိမ်းတောင်တောရ(၁) ဝိပဿနာကျောင်း၊ တိုက်ကြီးမြို့ (ဖုန်း ၀၅၅-၂၀၃၄၁)၊ အပ္ပမာဒစာစဉ် (ဖုန်း-၅၈၄၇၃၈)၊ ဦးတူး (ဖုန်း-၀၉-၄၉၃၂၁၃၈၆)၊ ဒေါ်လှစိုးကြည် (ဖုန်း-၂၉၅၁၂၃) အလင်းတန်းတရားခွေနှင့် ဓမ္မစာပေဖြန့်ချိရေး၊ ဆိုင်အမှတ် I-9 ၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့ (၀၉-၅၀၅၃၂၃၄)သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

**မြစိမ်းတောင်ဓမ္မစာပေဖြန့်ပွါးရေးအဖွဲ့**

http://www.dhammadownload.com

http://www.dhammadownload.com

# တရားအဖွင့်

ရတနာသုံးပါး၊ ဆရာအား၊ ဝပ်တွားရှိခိုးပါ၏ဘုရား။

အားလုံးသတ္တဝါ၊ ဘေးရန်ကွာ၊ ကျန်းမာချမ်းသာကြစေသား။

သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်စေသား။

http://www.dhammadownload.com

http://www.dhammadownload.com

www.myaseintaung.net

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သစ္စာဝါဒ၏အနှစ်သာရ (ပထမပိုင်း)

သာသနာတော်နှစ် (၂၅၅၃)နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁–ခု ကဆုန်လဆန်း (၂)ရက်၊ (၁၄–၄–၂၀၁၀) သင်္ကြန်အကျနေ့၊ ဗုဒ္ဓဟူးနေ့ နေ့လယ်(၂)နာရီအချိန် မြစိမ်းတောင်တောရ(၁) မဟာဝိသုဒ္ဓိသိမ်တော်ကြီးတွင် ဟောကြားတော်မူသော **'သစ္စာဝါဒ၏အနှစ်သာရတရားတော်'**။

တရားတော်ကို မဟောကြားမီ သစ္စာဝါဒ၏ ဒေသနာကိုဆိုပြီး မေတ္တာပို့ကြရအောင် ... ပရိသတ်အားလုံးလည်း လက်အုပ်ချီပြီး အာရုံပြုထားကြပါ။

**ဣမံ ကာယံ သမ္မသထ ပရိဇာနာထ ပုနပ္ပုနံ၊**
**ကာယေ သဘာဝံ ဝိဒိတွာန ဒုက္ခဿန္တံ ကရိဿတိ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

ဣမံကာယံ– ဤရုပ်ခန္ဓာ နာမ်ခန္ဓာကို၊ သမ္မသထ–သုံးသပ်ကြကုန်လော့၊ ရှုမှတ်ပွားများအားထုတ်ကြကုန်လော့။ ပုနပ္ပုနံ–အဖန်ဖန်အထပ်ထပ်၊ ပရိဇာနာထ–ပိုင်းခြား၍သိကြကုန်လော့၊ ပိုင်ပိုင်နိုင်နိုင် သိအောင် ကြိုးစားအားထုတ်ကြကုန်လော့။

http://www.dhammadownload.com



ကာယေ – ရုပ်ခန္ဓာ နာမ်ခန္ဓာ၌၊ သဘာဝံ – သဘောတရားကို၊ ဝိဒိတွာန–ပိုင်ပိုင်နိုင်နိုင်သိမြင်သည်ရှိသော်၊ ဒုက္ခဿန္တံ– ဒုက္ခ၏အဆုံးသို့၊ ကရိဿတိ– မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုရလတ္တံ့၊ ဧတေန သစ္စေန – ဤဒေသနာသစ္စာစကားကြောင့်၊ သုဝတ္ထိဟောတု–သတ္တဝါတွေ ချမ်းသာကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သစ္စာဆို မေတ္တာပို့ပြီးတဲ့နောက် ဒီကနေ့ **'သစ္စာဝါဒ၏အနှစ်သာရ'** လို့ အမည်ပေးထားတဲ့တရားတော်ကို ဟောကြ၊နာကြ၊ကြည်ညိုကြရအောင်...

ယောဂီသူတော်စင်များ ကိုးကွယ်နေတဲ့ ဗုဒ္ဓဝါဒဟာ သစ္စာဝါဒပဲ။ ဗုဒ္ဓဝါဒလို့ပြောမယ့်အစား သစ္စာဝါဒလို့ပြောတာ ပိုမှန်တယ်။ ဒီသစ္စာဝါဒ ကိုပဲ ထေရဝါဒ, အနတ္တဝါဒ, ဝိဘဇ္ဇဝါဒ, ပဋိစ္စသမုပ္ပါဒ်ဝါဒ, ကြောင်းကျိုး ဆက်နွယ်ဝါဒ။ ဒီလိုလည်း အမျိုးမျိုးခေါ်ကြတယ်။

**ထေရဝါဒ**ဆိုတာ မထေရ်ကြီးတွေအဆက်ဆက် အသိအမှတ်ပြု လက်ခံထားတဲ့ဝါဒ။ ပထမသံဂါယနာတင်ခဲ့တဲ့ အရှင်မဟာကဿပ မထေရ် မြတ်ကြီးကစပြီး ဆဋ္ဌသံဂါယနာတင်တဲ့ မဟာစည်ဆရာတော်, မင်းကွန်း တိပိဋကဆရာတော် အစရှိတဲ့မထေရ်မြတ်ကြီးတွေလက်ထက်အထိ ဆက်လက်အတည်ပြုပြီး လက်ခံကျင့်သုံးနေတဲ့ဝါဒ။

တစ်နည်းအားဖြင့် မြတ်စွာဘုရား (၄၅)နှစ်တိုင်တိုင် ဟောခဲ့တဲ့ တရားတော်တွေကို လိုတိုး–ပိုလျှော့မလုပ်ဘဲ မူရင်းအတိုင်း ထိန်းသိမ်း စောင့်ရှောက် ကျင့်သုံးတဲ့ဝါဒဟာ ထေရဝါဒပဲ။

**အနတ္တဝါဒ**ဆိုတာက အတ္တကိုပယ်သတ်တဲ့ဝါဒ။ အရာရာတိုင်းဟာ

http://www.dhammadownload.com



မိမိဖြစ်စေချင်သလိုမဖြစ်နိုင်ဘူး၊ အကြောင်းအားလျော်စွာ အကျိုးဖြစ်မှာပဲ၊ အကြောင်းကောင်းရင် အကျိုးကောင်းမယ်၊ အကြောင်းမကောင်းရင်တော့ အကျိုးလည်း မကောင်းနိုင်ဘူးလို့ ဆိုလိုပါတယ်။

ဥပမာ ... နေ့စဉ်နဲ့အမျှ အကုသိုလ်တွေလုပ်နေပြီး ဆုတောင်းတာက 'ဘဝတိုတိုနဲ့ နိဗ္ဗာန်ကို မြန်မြန်ရောက်ပါရစေ' ဆိုရင် အမှန်တကယ်ပဲ နိဗ္ဗာန်ကို မြန်မြန်ရောက်ရဲ့လား။

'မရောက်ပါဘူးဘုရား'

အကုသိုလ်တွေနဲ့ သေရင် ဘယ်ကိုရောက်မှာလဲ။

'အပါယ်လေးပါးကို ရောက်မှာပါဘုရား'

အခုလက်ရှိ အပါယ်လေးပါးမှာ ရောက်နေကြတဲ့သူတွေဟာ အပါယ်လေးပါးကို ရောက်ပါရစေလို့ ဆုတောင်းခဲ့ကြလို့လား။

'မဟုတ်ပါဘူးဘုရား'

ဒါဆိုရင် ... ဆုမတောင်းပေမယ့်လည်း အကြောင်းအားလျော်စွာ အကျိုးတရားတွေက ဖြစ်လာတာပဲဆိုတာ မမှန်ဘူးလား။

'မှန်ပါတယ်ဘုရား'

ဆုတောင်းကို ပယ်တာမဟုတ်ဘူးနော်။ ဆုတောင်းတယ်ဆိုတာ ဦးတည်ချက်ကိုသတ်မှတ်တာ။ ဦးတည်ချက်ရှိဖို့အတွက် ဆုတောင်းရမှာပဲ။ ဒါပေမဲ့ ဆုတောင်းရုံနဲ့မရနိုင်သလို ဆုမတောင်းပေမယ့်လည်း အကြောင်းအားလျော်စွာ အကျိုးဖြစ်မှာပဲဆိုတာကို သဘောပေါက်စေချင်တာ။

လူအများစုက ဒါကိုသဘောမပေါက်ကြဘူး။ တခြားဘာသာဝင်တွေကို အသာထားပါဦး။ မိမိတို့ဗုဒ္ဓဘာသာဝင် အများစုမှာတောင် ဒါကို သေသေချာချာသဘောပေါက်တဲ့သူက အင်မတန်နည်းတယ်။

http://www.dhammadownload.com



ဆုတောင်းရင် နိဗ္ဗာန်ရောက်မယ်လို့ထင်နေတော့ ဆုပဲတောင်းနေကြတယ်။ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကို မလုပ်ဘူး။ ဒါကြောင့်မို့လည်း မိုးကုတ်ဆရာတော်ဘုရားကြီးက...

'ခင်ဗျားတို့က အလုပ်ကိုကျတော့ မလုပ်ဘဲနဲ့ ဘုရားရှေ့သွားသွားပြီး နိဗ္ဗာန်ရဖို့ ခဏခဏဆုတောင်းနေတယ်။ ဘုရားကို တော်တော်နားပူနားဆာလုပ်တဲ့သူတွေ။ ရုပ်တုတော်မို့လို့သာပေါ့ဗျာ။ သက်တော်ထင်ရှားဘုရားသာဆိုလို့ရှိရင် နားငြီးတယ်ကွာဆိုပြီး ခြေထောက်နဲ့ဆောင့်ကန်ပစ်ချင်စရာ'

'တော်တော်အတောင်းအရမ်းထူတဲ့လူတွေ။ နိဗ္ဗာန်ဆိုတာ အလကားလိုချင်လို့မရဘူး။တန်ရာတန်ကြေး အလုပ်လုပ်ယူရတယ်'

ဆိုလိုတာက နိဗ္ဗာန်ဆိုတာ ဆုတောင်းယူလို့ရတာမဟုတ်ဘူး။ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကိုလုပ်ပါ။ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အကြောင်းအကျိုးက ဆက်စပ်နေတာနော်။ အကြောင်းအားလျော်စွာ အကျိုးဖြစ်မှာပဲ။ အကြောင်းကို မဖြတ်နိုင်ရင် အကျိုးကလည်း မရပ်နိုင်ဘူး ယောဂီတို့ ... ။

အနတ္တဝါဒရဲ့ နောက်အဓိပ္ပါယ်တစ်မျိုးက ဒီကိုယ်ခန္ဓာကြီးမှာ အတ္တကောင်, လိပ်ပြာကောင်, အသက်ကောင်ဆိုတာမရှိဘူး။ အမှန်တကယ်ရှိတာက ရုပ်နဲ့နာမ်ပဲရှိတယ်။ ဒီရုပ်နာမ်တွေကလည်းပဲ သူ့အလိုလိုဖြစ်လာတာမဟုတ်သလို ဘုရားသခင်က ဖန်ဆင်းလို့ဖြစ်လာတာလည်းမဟုတ်ဘူး။ နတ်ပြဟ္မာတွေက ဖန်ဆင်းလို့ဖြစ်လာတာရော ဟုတ်ရဲ့လား။

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



ရုပ်နာမ်တွေကိုဖြစ်စေတဲ့ အကြောင်းတရားတွေရှိလို့သာ ဖြစ်ပေါ်လာကြတာ။ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါက အကြမ်းဖျင်းပေါ့။ နောက်ပိုင်းကျတော့မှ အသေးစိတ်ရှင်းပြမယ်။ နောက်တစ်ခုပြောရအောင် ...

သစ္စာဝါဒကို ဝိဘဇ္ဇဝါဒလို့ ဘာ့ကြောင့်ခေါ်တာလဲ။ ဝိဘဇ္ဇဝါဒဆိုတာ ဘာလဲ။ ဒါကိုဆက်ပြောကြရအောင်။ ဝိဘဇ္ဇဝါဒဆိုတာ ဝေဖန်ဆန်းစစ်ပြီးမှ လက်ခံကျင့်သုံးတဲ့ဝါဒကိုခေါ်တာ။

ရှေးအယူအဆတွေ, ဂိုဏ်းစွဲတွေ, ဆရာစွဲတွေ, မိရိုးဖလာမျိုးရိုးစွဲတွေကို ဦးစားမပေးဘူး။ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ဆန်းစစ်ပြီးတော့မှ ဒါဟာအကျိုးရှိတယ်။ အကျိုးမရှိဘူး။ ရေရှည်ချမ်းသာနိုင်မယ်။ ဒါမှမဟုတ် ရေရှည်မှာဆင်းရဲနိုင်မယ်။ ဖြစ်နိုင်တယ်။ မဖြစ်နိုင်ဘူး။ အကြောင်းအကျိုး ယုတ္တိရှိတယ်။ ယုတ္တိမရှိဘူး စသည်ဖြင့် ဉာဏ်ပညာနဲ့ ဝေဖန်ပိုင်းခြား လက်တွေ့ကျင့်သုံးပြီးတော့မှ လက်ခံကျင့်သုံးတဲ့ဝါဒကို ဝိဘဇ္ဇဝါဒလို့ခေါ်တာ။

အဲဒီလိုပဲ ... တို့သူငါတွေ လက်ခံကျင့်သုံးနေတဲ့ သစ္စာဝါဒကလည်း မျက်စိမှိတ်ပြီး ယုံကြည်ခိုင်းတဲ့ဝါဒမျိုးမဟုတ်ဘူး။ ငါတို့ပြောသလိုယုံ။ ငါတို့ပြောတဲ့အတိုင်း မှတ်ထား။ ဆင်ခြင်စဉ်းစားမနေနဲ့။ ဒီလိုဝါဒမျိုး မဟုတ်ဘူး။ ကိုယ်တိုင် လွတ်လွတ်လပ်လပ် ဆင်ခြင်ခွင့်ရှိတယ်။ ကိုယ်တိုင် ကျင့်သုံးခွင့်ရှိတဲ့ဝါဒမျိုး။

ဆရာသမားသိတဲ့အသိမျိုးကို တပည့်လည်း သိထိုက်တဲ့ဝါဒ။ ဒီအသိဉာဏ်ဟာ ဆရာပဲရမယ်။ တပည့်နဲ့မဆိုင်ဘူး။ ဒါမျိုးမဟုတ်ဘူး။ ဆရာသိတာကို တပည့်လည်းသိခွင့်ရှိတယ်။ သိနိုင်တယ်။ တပည့်က ဆရာထက် ပိုတော်ရင် ပိုသိနိုင်တယ်။

http://www.dhammadownload.com



ဥပမာ ... ဆရာက ရဟန္တာ၊ တပည့်က ဘုရားဆုပန်ပြီး ကြိုးစားမယ် ဆိုရင် တပည့်က ဘုရားအထိ ဖြစ်ခွင့်ရှိတယ်။ ငါတို့ခေါင်းဆောင်တွေက ဘုရားပဲ၊ တပည့်တွေက တပည့်အဆင့်က မတက်နဲ့၊ ဒီလိုမဟုတ်ဘူး။ ဆရာ့အရည်အချင်းမျိုး တပည့်လည်း ဖြစ်ခွင့်ရှိတဲ့ဝါဒ။ အဲဒါ ဝိဘဇ္ဇဝါဒ။ တစ်နည်းအားဖြင့် သစ္စာဝါဒ။

မှန်ကန်တဲ့ အတွေးအကြံ, မှန်ကန်တဲ့ အယူအဆ, မှန်ကန်တဲ့အလုပ်, မှန်ကန်တဲ့ ဟောပြောသင်ကြားမှု, ပညာရှိသူတော်ကောင်းတွေ ရွေးချယ်တဲ့ မှန်ကန်တဲ့လမ်းစဉ်။ ဒါဟာ သစ္စာဝါဒပဲ။

သစ္စာတရားတွေဟာ ဘုရားပွင့်တဲ့ အခါကျတော့မှ ပေါ်ပေါက်လာတာမဟုတ်ဘူး၊ ရှေးရှေးဘုရားအဆူဆူတွေဟာလည်း ဒီသစ္စာတရားတွေကို ဟောသွားခဲ့ကြတာပါပဲ။ ဒါပေမဲ့ နှစ်ပေါင်းအသင်္ချေအနန္တ ကြာလာတဲ့အခါကျတော့ ဒီသစ္စာတရားတွေကို သတ္တဝါတွေမသိကြတော့ဘူး။

နောက်ထပ် ဘုရားရှင်တစ်ဆူ ပွင့်ထွန်း ပေါ်ပေါက်လာတော့မှ ရှေးရှေးဘုရားတွေဟောသွားတဲ့ သစ္စာတရားတွေကို ပြန်လည်ဖော်ထုတ်ပြီး ဟောကြားတော်မူတာ။ ဝါဒအသစ်ထွင်ပြီး ဟောကြားထားတာမဟုတ်ဘူး။

ဥပမာ ... လျှပ်စစ်ဓာတ်ကို စတင်တွေ့ရှိတဲ့ သိပ္ပံပညာရှင်ကြီး 'အယ်ဒီဆင်' မပေါ်ခင်ကတည်းက ဒီကမ္ဘာလောကကြီးထဲမှာ လျှပ်စစ်ဓာတ်တွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

ရှိပေမယ့် မဖော်ထုတ်တတ်ကြတော့ အသုံးချတဲ့အဆင့်ကို မရောက်ဘူးလေ။ အယ်ဒီဆင်က ဖော်ထုတ်လိုက်တော့မှ လျှပ်စစ်ဓာတ်ကို အသုံးချတတ်လာတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



အဲဒီလိုပဲ သစ္စာတရားတွေကတော့ ရှိပြီးသား။ သံသရာကို လွန်မြောက်ဖို့အတွက် နည်းလမ်းတွေ, အမှန်တရားတွေ ရှိနေပေမယ့် ဖော်ထုတ်ပေးမည့်သူမရှိတော့ မသိကြဘူး။ ဖော်ထုတ်ပေးနိုင်ဖို့ဆိုတာကလည်း လွယ်တာမှမဟုတ်ပဲ။ ဘုရားဖြစ်မှ ဖော်ထုတ်ပေးနိုင်တာ။

ကဿပမြတ်စွာဘုရား ပွင့်တုန်းကလည်း ဒီသစ္စာတရားတွေကိုပဲ ဟောကြားခဲ့တာ။ ဒါပေမဲ့ ကဿပမြတ်စွာဘုရားသာသနာ ကွယ်ပြီးတဲ့ နောက်ပိုင်း သတ္တဝါတွေဟာ သစ္စာတရားတွေကို မသိကြတော့ဘူး။ ကမ္ဘာလောကကြီးမှာ သာသနာကွယ်တယ်ဆိုတာ သစ္စာကွယ်တာပဲ။ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်လာတော့မှ ပြန်လည်ဖော်ထုတ်ပြီး ဟောကြားတော်မူခဲ့တာ။

ဘာဖြစ်လို့ ဟောရတာလည်းဆိုတော့ သတ္တဝါတွေဟာ အသင်္ချေ အနန္တ ဘဝပေါင်းများစွာ အမှန်တရားကိုမသိကြဘူး။ သိမယ့်သိတော့လည်း အမှားကိုသိတယ်။ ကိုယ့်ဘာသာကိုယ် တီထွင်ကြံဆပြီး သိပြန်တော့လည်း မှားတဲ့အခါမှား, မှန်တဲ့အခါမှန်။ မှားတာက များတယ်။ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်နေတယ်။

အတွေးအကြံတွေက မှားတော့ အယူအဆတွေလည်း မှားတယ်။ အယူအဆတွေမှားတော့ အပြောအဆိုအလုပ်အကိုင်တွေလည်း မှားတာပဲ။ အဲဒီတော့ မိမိတို့ရည်ရွယ်တာက တစ်နေရာ၊ ရောက်တာက တစ်နေရာ ဖြစ်သွားတယ်။ အတွေးအကြံမှားတာကို မိစ္ဆာသင်္ကပ္ပ–လို့ ခေါ်တယ်။ အမျိုးမျိုး ကြံစည်တာကို လောကမှာ 'တက္ကဗေဒ'လို့ ခေါ်တယ်။ အဲဒီလို ကြံစည်တွေးခေါ်ရင်း ဖြစ်ပေါ်လာတဲ့အယူအဆကိုကျတော့ 'ဒဿနိကဗေဒ'လို့ ခေါ်တယ်။

http://www.dhammadownload.com



အဲဒီ တက္ကဗေဒနဲ့ ဒဿနိကဗေဒတွေဟာ ပရမတ္ထတရားတွေမပါဘဲနဲ့ ပညတ်တွေအပေါ်မှာ ကြံစည်စဉ်းစားရင်းနဲ့ ဖြစ်ပေါ်လာတဲ့ အယူအဆတွေ ဖြစ်တယ်။ အမှားအမှန်, အကြောင်းအကျိုး, အကောင်းအဆိုးကို ဝေဖန်နိုင်တဲ့ စွမ်းရည်မရှိဘဲနဲ့ ကောင်းနိုးရာရာကို ကြံစည်ပြီး ဖြစ်ပေါ်လာတဲ့ အယူဝါဒ။

အဲဒီတော့ မှားယွင်းတဲ့ အကြံအစည်ကြောင့် မှားယွင်းတဲ့ အယူအဆတွေ ဖြစ်သွားတယ်။

သဗ္ဗညုတဉာဏ်မရဘဲနဲ့ ကြံစည်စဉ်းစားထားတာဆိုတော့ မှားကုန်တာပေါ့၊ မိစ္ဆာသင်္ကပ္ပကြောင့် မိစ္ဆာဒဿနဖြစ်၊ ဆက်ပြီး မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ အကုန်လုံး မိစ္ဆာတွေ ဖြစ်ကုန်တယ်။

သစ္စာနဲ့ တိုင်းတာလိုက်တော့မှ အမှားတွေက ပေါ်လာတာ။ မြတ်စွာဘုရားရှင်သာ မပွင့်ခဲ့ရင် အမှားအမှန်ကို ခွဲခြားပြီးသိခွင့်ရမှာကို မဟုတ်ဘူး။ အမှန်ကိုမှ မသိရင် ပစ္စုပ္ပန်မှာလည်း ဆင်းရဲမယ်၊ သံသရာမှာလည်း ဆင်းရဲမှာလား၊ ချမ်းသာမှာလား။

'ဆင်းရဲမှာပါဘုရား'

## သစ္စာမသိခြင်း၏ဆိုးပြစ်များ

ပုထုဇဉ်သတ္တဝါတွေဟာ ချမ်းသာရာချမ်းသာကြောင်း ဆိုပြီးတော့ အလုပ်တွေအမျိုးမျိုးလုပ်ကြတယ်။ ကိုယ်ခန္ဓာနဲ့လုပ်ရတဲ့ အလုပ်တွေလည်း လုပ်တယ်။ ပါးစပ်နဲ့ ပြောရ ဆိုရတဲ့ အလုပ်တွေလည်းလုပ်တယ်။ စိတ်နဲ့

http://www.dhammadownload.com



ကြံစည် စဉ်းစားတဲ့ အလုပ်တွေလည်း လုပ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးမျိုးနဲ့ ကြိုးကြိုးစားစားကို လုပ်ကြတယ်။

ဒီနေ့ မချမ်းသာရင် နောက်နေ့၊ ဒီလ မချမ်းသာရင် နောက်လ၊ ဒီနှစ် မချမ်းသာရင် နောက်နှစ်၊ ဒီဘဝ မချမ်းသာရင် နောက်ဘဝ ချမ်းသာလိမ့်နိုး ချမ်းသာလိမ့်နိုးနဲ့ ချမ်းသာမယ်ထင်တဲ့အလုပ်တွေကို မနားမနေကို လုပ်ကြတယ်။

ရည်ရွယ်တာကတော့ ချမ်းသာဖို့ ရည်ရွယ်တာပဲ။ သစ္စာတရားတွေကိုမသိတော့ အတွေးအကြံတွေက မှား၊ အပြောအဆိုတွေက မှား၊ လုပ်တာကိုင်တာတွေကမှား။ လုပ်သမျှ အကုန်အမှားတွေချည်းဖြစ်သွားတယ်။ ရည်ရွယ်တာက ဆင်းရဲတွေ ကင်းပျောက် ချမ်းသာရောက်ဖို့၊ တကယ့် တကယ်ဖြစ်လာတာက ဆင်းရဲတွေချည်းပဲ။

**အမှန်မသွား၊ အမှားမြင်ကာ၊**
**အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊**
**ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊**
**ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊**
**နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊**
**ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်**
**တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊**
**ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍**
**ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊**
**အိုနာသေရေး၊ ပူအဆွေးနှင့်၊**
**ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ၊**
**ပူပန်ရသည်၊ လုံးဝဆင်းရဲစုသာတည်း။**

http://www.dhammadownload.com



'တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှား'သလို ပုထုဇဉ်သတ္တဝါတွေဟာ ချမ်းသာနောက်ကို လိုက်ရင်း လိုက်ရင်းနဲ့ နောက်ဆုံးတော့ ဆင်းရဲဒုက္ခတွေ အမျိုးမျိုး ကြုံကြရတယ်။ ချမ်းသာအောင် ကြိုးစားလေ ဆင်းရဲလေ၊ ချမ်းသာအောင်ကြိုးစားလေ ဆင်းရဲလေပဲ။

အဲဒီလို ဘာ့ကြောင့်ဖြစ်ရတာလဲဆိုတော့ ... အမှန်ကို မသိလို့။ အမှန်တရားဆိုတာ သစ္စာတရားကို ပြောတာ။ သစ္စာတရားကို မသိလို့၊ မှန်ကန်တဲ့ အသိဉာဏ်ပညာတွေ မရလို့ ကမ္ဘာပေါင်း အသင်္ချေအနန္တ၊ ဘဝပေါင်း အသင်္ချေအနန္တ တို့သူငါတွေ ဆင်းရဲခဲ့ကြတယ်။ မြတ်စွာဘုရားရှင်က သစ္စသံယုတ်မှာ ဘယ်လိုဟောထားလဲဆိုတော့ ...

'ချစ်သားရဟန်းတို့ ... နှစ်ပေါင်း(၁၀၀)အသက်ရှည်မဲ့ ယောကျ်ားတစ်ယောက်ကို တစ်ဦးတစ်ယောက်က အခုလို ပြောမယ်ဆိုပါတော့၊ အချင်းယောကျ်ား ... သင့်ကို မနက်မှာ လှံနဲ့ အချက်ပေါင်း(၁၀၀)ထိုးမယ်။ နေ့လယ်မှာလည်း လှံချက်ပေါင်း(၁၀၀)အထိုးခံရမယ်။ ညကျရင်လည်း လှံချက်ပေါင်း(၁၀၀)အထိုးခံရဦးမယ်။

အဲဒီလို တစ်နေ့ကို လှံချက်ပေါင်း (၃၀၀)နဲ့ နှစ်ပေါင်း (၁၀၀) တိုင်အောင် အထိုးခံရပြီးတော့မှ သစ္စာတရားတွေကို သိခွင့်ရမယ်ဆိုရင် လှံအထိုးခံပြီးတော့ သစ္စာတရားကို သိအောင်လုပ်ပါ'–လို့ ဘုရားရှင်က မိန့်ကြားတော်မူခဲ့တယ်။

ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့ကိုလှံချက်ပေါင်း(၃၀၀)နဲ့ နှစ်ပေါင်း (၁၀၀)အထိုးခံရမယ့်ဒုက္ခတွေထက် သစ္စာတရားတွေကိုမသိရင် သံသရာတစ်ခွင်မှာ ခံရမယ့်ဆင်းရဲဒုက္ခတွေက အတိုင်းမသိများလို့ တဲ့။

သူတော်ကောင်းတို့ မျက်စိနဲ့မြင်နေရတာပဲ။ တိရစ္ဆာန်တွေ ဓားနဲ့ အထိုးခံရ၊ လှံနဲ့အထိုးခံရ၊ နေ့တိုင်းနေ့တိုင်း အသတ်ခံနေရတယ်။ လူတွေ

http://www.dhammadownload.com



စားဖို့ နွားတွေလည်း အသတ်ခံရ။ ဝက်တွေလည်း အသတ်ခံရ။ ကြက်တွေ, ဘဲတွေ, ငါးတွေ အသတ်ခံနေရတာပဲ။ ဘယ်လိုမှ တားလို့မရဘူး။ သူ့ ကံကြမ္မာကိုက အသတ်ခံရဖို့ ဖြစ်လာတာ။ သူများ စားဖို့ဝါးဖို့အတွက် ခန္ဓာနဲ့ အကြွေးဆပ်နေရတာ။ တို့သူငါတွေလည်း အဲဒီလိုဘဝမျိုး တွေ့ကြုံခဲ့ ရတာ ရေတွက်လို့ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

အဖန်ဖန်အထပ်ထပ်ခံခဲ့ရတာ မရေမတွက်နိုင်ဘူး။ လှံနဲ့အထိုးခံရ၊ ဓားနဲ့အခုတ်ခံရ၊ မီးနဲ့အရှို့ခံရ၊ အရှင်လတ်လတ် အကိုက်စားခံရနဲ့ ဘဝ ပေါင်းများစွာပဲ။ ဒါတောင် တိရစ္ဆာန်အဖြစ်နဲ့ခံရတာပဲရှိသေးတာ။ ငရဲဘုံမှာ ခံရတဲ့ ဒုက္ခတွေနဲ့ ပြိတ္တာဘုံမှာ ခံရတဲ့ဒုက္ခတွေပါ ထည့်တွက်လိုက်မယ် ဆိုရင်တော့ ဒုက္ခတွေက အသချေ်အနန္တပဲ။

ဒါကြောင့်မို့လို့ တစ်နေ့ကို လှံချက်ပေါင်း (၃၀၀)နဲ့ နှစ်ပေါင်း (၁၀၀)အထိုးခံပြီးမှ သစ္စာတရားကိုသိခွင့်ရမယ်ဆိုရင်တောင် လှံအထိုးခံပြီး သစ္စာသိအောင် လုပ်ပါလို့ ဘုရားရှင်က မိန့်တော်မူတာ။ သစ္စာတရား တွေကို သိမှ ဒုက္ခခပ်သိမ်းက ချုပ်ငြိမ်းမှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သစ္စာတရားတွေကို မသိလို့ရှိရင် အယူအဆတွေကလည်း အမျိုးမျိုး ပြောင်းလဲနိုင်တယ်။ ဗုဒ္ဓဘာသာ အမည်ခံသော်လည်း ကိုယ်က ကျကျနန သိမထားဘူးဆိုရင် စီးပွါးရေးကောင်းအောင် ဒါလေး ဆောင်ထားလိုက်၊ ကျန်းမာရေးကောင်းအောင် ... ဒီလိုလေး ယတြာချေလိုက်။ ဒါမျိုးတွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



ဆရာအမျိုးမျိုးရဲ့မျက်နှာကို မော့်ကြည့်နေရတယ်။ အရက်တွေ မူးရူးပြီးတော့ ပြောချင်တာလျှောက်ပြောနေတဲ့သူကို ဆရာကြီး ဆရာကြီး နဲ့ လုပ်နေရတယ်။ အားမကိုးသင့်တာကို အားကိုးပြီး အကုန်လုံးကို ဆရာ တင်ရတော့တာပဲ။

သစ္စာမသိတော့ အမှန်မသိ။ အမှန်မသိတော့ မကြောက်သင့်တာ ကြောက်၊ ကြောက်သင့်တာ မကြောက်၊ အရေးကြီးတဲ့ဟာကို အရေး ကြီးမှန်းမသိ၊ အရေးမကြီးတဲ့ဟာကို အရေးကြီးတယ်ထင်။ အဲဒါကြောင့် မို့လို့ ပစ္စုပ္ပန်မှာလည်း အမျိုးမျိုးဆင်းရဲဒုက္ခတွေနဲ့ကြုံနိုင်သလို သံသရာ မှာလည်းပဲ အပါယ်လေးပါး ရောက်နိုင်တယ်။ အဲဒါသစ္စာမသိတဲ့ ဆိုးပြစ် တွေပေါ့။

သစ္စာသိလို့ရှိရင် လောကဓံလေတွေဘယ်လိုပဲတိုက်တိုက်၊ မတုန်လှုပ် တော့ဘူး။ကျောက်တောင်ကြီးဟာ လေတိုက်လို့မတုန်လှုပ်သလို… အကောင်း လောကဓံနဲ့ပဲကြုံကြုံ၊ အဆိုးလောကဓံနဲ့ပဲကြုံကြုံ မတုန်လှုပ်ဘူး။ ခံနိုင်ရည် ရှိတယ်။ သံသရာမှာလည်း ဘဝဒုက္ခ ခန္ဓာဒုက္ခတွေကို မခံရတော့ဘူး။ နောက် ဆုံးမှာ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုမှာ။ အဲဒါ သစ္စာသိခြင်းရဲ့အကျိုးတွေပေါ့။

ရှေးရှေးတုန်းကပွင့်သွားတဲ့ ဘုရားတွေလည်းပဲ ဘုရားဖြစ်သွားတယ် ဆိုတာ သစ္စာလေးပါးကိုသိလို့။ ပစ္စေကဗုဒ္ဓါတွေနဲ့ အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းသွားတာကလည်း သစ္စာ လေးပါးသိလို့။ ဒါကြောင့်မို့ သူတော်ကောင်းတို့လည်း ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းချင်ရင် … သစ္စာလေးပါးကို သိအောင် မြန်မြန်ကြိုးစားရမှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



သတ္တဝါတွေဟာ အရေးကြီးတာကို အရေးကြီးမှန်း မသိကြဘူး။ သစ္စာတရားတွေကိုသိဖို့ထက် စားဝတ်နေရေးအဆင်ပြေဖို့က ပိုအရေးကြီးနေကြတယ်။ အခုလို သာသနာတော်ကြီးနဲ့ကြုံနေတာကိုလည်း တန်ဖိုးထားရကောင်းမှန်း မသိကြဘူး။ ဒါကြောင့်မို့ သာသနာနဲ့ တွေ့ကြုံဖို့ ခဲယဉ်းတဲ့အကြောင်း ပြောဦးမယ်။

## ခဲယဉ်းတရားလေးပါး

သူတော်ကောင်းတို့ ... အင်မတန်ရခဲတဲ့ ဒုလ္လဘတရား လေးပါးကို မှတ်မိသေးလား။ ပြောကြည့်ပါဦး။

(၁) မြတ်စွာဘုရားသာသနာနဲ့တွေ့ကြုံဖို့ ခဲယဉ်းတယ်။

(၂) သာသနာထွန်းကားတဲ့အရပ်မှာနေခွင့်ရဖို့ ခဲယဉ်းတယ်။

(၃) သမ္မာဒိဋ္ဌိအယူကောင်း အယူမှန်ရှိဖို့ ခဲယဉ်းတယ်။

(၄) အကြည်ဓာတ်ခြောက်ဖြာနဲ့ပြည့်စုံတဲ့လူ့ဘဝရဖို့ ခဲယဉ်းတယ်–ပါဘုရား။

ဟုတ်တယ်။ သတ္တဝါတွေ ဆင်းရဲဒုက္ခအပေါင်းက လွတ်မြောက်နိုင်တဲ့ နည်းလမ်းတွေ အမှန်တရားတွေကို သိခွင့်ရဖို့ဆိုတာ သမ္မာသမ္ဗုဒ္ဓဘုရားပွင့်မှ သိခွင့်ရတာနော်။

ဘုရားဖြစ်ဖို့ဆိုတာ ပါရမီဖြည့်ရတာကိုက ကမ္ဘာပေါင်းများစွာ အကြာကြီးဖြည့်ရတာ။ ပညာဓိကဘုရားဆိုရင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။ သဒ္ဓါဓိကဘုရားက ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။ ဝီရိယာဓိကဘုရားက တစ်ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတာဆိုတော့ လနဲ့ နှစ်နဲ့ပြောမယ်ဆိုရင် ရေတွက်လို့တောင်မရနိုင်ဘူး။

http://www.dhammadownload.com



ယောဂီတွေ နည်းနည်းလောက် ခန့်မှန်းတတ်အောင် တစ်ကမ္ဘာဟာ ဘယ်လောက်တောင်ကြာတယ်ဆိုတာကို ပြောဦးမယ်။ ယောဂီတွေ တွေ့ဖူး မလားတော့မသိဘူး။ စပါးတွေ ပဲတွေ သိုလှောင်တဲ့ ဂိုဒေါင်အကြီးကြီး တွေလေ ... ။

'တွေ့ဖူးပါတယ်ဘုရား'

အခု ဦးပဥ္စင်းပြောမယ့် ဂိုဒေါင်က ယောဂီတွေ မြင်ဖူး တွေ့ဖူးတဲ့ ဂိုဒေါင်တွေထက် အများကြီးပိုကြီးမယ်နော်။ ဘယ်လောက်တောင်ကြီးမလဲ ဆိုတော့ ဂိုဒေါင်အရှည်က (၁၂)မိုင် (တစ်ယူဇနာ)၊ အကျယ်ကလည်း (၁၂)မိုင်၊ အမြင့်ကလည်း (၁၂)မိုင်ရှိတဲ့ လေးထောင့်ဂိုဒေါင်ကြီး။ ဒီလောက် ကြီးတဲ့ဂိုဒေါင်ကို စိတ်ကူးနဲ့ဆောက်မယ်ဆိုရင်တော့ ချက်ချင်းမပြီးနိုင် ဘူးလား။

'ပြီးနိုင်ပါတယ်ဘုရား'

အလျား(၁၂)မိုင် × အနံ(၁၂)မိုင် × အမြင့်(၁၂)မိုင်ရှိတဲ့ ဂိုဒေါင်ကြီး တစ်လုံး ဆောက်လိုက်ကြဗျာ ...။

'ဆောက်ပြီးပါပြီဘုရား'

အဲဒီ ဂိုဒေါင်ကြီးထဲကို မုန်ညင်းစေ့တွေ အပြည့်ထည့်ကြဦး။ မုန်ညင်းစေ့ မမြင်ဖူးရင် အပွင့်နည်းနည်းကြီးတဲ့ သဲတွေထည့်ဗျာ။ ထည့် ပြီးပြီလား။

'ထည့်ပြီးပါပြီဘုရား'

အလျား(၁၂)မိုင် × အနံ(၁၂)မိုင် × အမြင့်(၁၂)မိုင်ရှိတဲ့ဂိုဒေါင်ကြီး အပြည့် သဲပွင့်တွေဆိုတာ အရေအတွက်အားဖြင့် နည်းပါ့မလား။

'မရေမတွက်နိုင်အောင်ပါပဲဘုရား'

http://www.dhammadownload.com



တစ်ကမ္ဘာဟာ ဘယ်လောက်တောင်ကြာသလဲဆိုတာ သိရအောင် စိတ်ရှည်ရှည်ထားပြီး ရေတွက်ကြရမှာနော်။ အသက်တစ်ရာမပြည့်ခင် လည်း မသေကြနဲ့ဦး။ ယောဂီတွေရဲ့အသက်က အသင်္ချေယျတန်းလို့ သဘောထား။ ဒါမှ ဖြစ်မှာ။

(၁၂)မိုင်ပတ်လည်ရှိတဲ့ဂိုဒေါင်ကြီးထဲက သဲတွေကို တစ်ပွင့်စီကိုင်ပြီး ဂိုဒေါင်အပြင်ကိုထုတ်ကြရမှာ။ မြန်ချင်တိုင်းမြန်လို့မရဘူးနော်။ နှစ်ပေါင်း တစ်ရာကြာမှ တစ်ပွင့်ထုတ်ရမယ်။ နောက် နှစ်ပေါင်းတစ်ရာ ကြာမှ နောက်တစ်ပွင့်ထုတ်ရမယ်။ သဲပွင့်အရေအတွက်ကို သိချင်တာမဟုတ်ဘူး။ ဘယ်လောက်ကြာသလဲဆိုတာကို သိချင်တာ။

ဂိုဒေါင်ထဲက သဲတစ်ပွင့်ထုတ်ဖို့ နှစ်ပေါင်းဘယ်လောက်ကြာအောင် စောင့်ရမှာလဲ။

'နှစ်ပေါင်း (၁၀၀)ပါဘုရား'

အဲဒီလို သဲတစ်ပွင့်ကို နှစ်(၁၀၀)၊ သဲတစ်ပွင့်ကို နှစ်(၁၀၀)နဲ့ ရေတွက်လို့ (၁၂)မိုင်ပတ်လည်ရှိတဲ့ ဂိုဒေါင်ကြီးထဲက သဲတွေ ကုန်တာ တောင် တစ်ကမ္ဘာက မပြည့်သေးဘူးတဲ့။ တစ်ကမ္ဘာဆိုတာ အဲဒီလောက် တောင် ကြာတာနော်။ ခဏလေးများမထင်နဲ့။ လနဲ့နှစ်နဲ့ကတော့ ရေတွက် လို့ကိုမရနိုင်ဘူး။

ယောဂီတို့ သေသေချာချာစဉ်းစားကြည့်။ ဂေါတမမြတ်စွာဘုရားဟာ သုမေဓာရှင်ရသေ့ဘဝကစပြီး ပါရမီတွေဖြည့်လာလိုက်တာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာမှ ဘုရားဖြစ်တာဆိုတော့ ဘုရားတစ်ဆူပွင့်ဖို့အတွက် ခဏလေးစောင့်ရတာများ ဟုတ်ရဲ့လား။

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



အဲဒီ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလအတွင်းမှာလည်း ဘုရားပွင့်တဲ့ ကမ္ဘာက (၁၂)ကမ္ဘာပဲ ရှိတယ်။ ကျန်တဲ့ကမ္ဘာတွေမှာ ဘုရား မပွင့်ဘူး။ ဘုရားမပွင့်တဲ့သုညကမ္ဘာတွေက အများကြီးနော်။ ဘုရားမပွင့်ရင် ဘုရားသာသနာ ဘုရားအဆုံးအမဆိုတာ ရှိနိုင်ပါ့မလား။

'မရှိနိုင်ပါဘူးဘုရား'

ဘုရားပွင့်တဲ့ကမ္ဘာမှာတောင် သာသနာကွယ်တဲ့အချိန်တွေက ရှိသေးတာ။ ဒါကြောင့်မို့ ဘုရားသာသနာနဲ့ တွေ့ကြုံဖို့ဆိုတာ အင်မတန်ကို မခဲယဉ်းဘူးလား။

'ခဲယဉ်းပါတယ်ဘုရား'

ခဲယဉ်းတယ်။ ဒုတိယခဲယဉ်းတရားက သာသနာထွန်းကားတဲ့ အရပ်မှာနေခွင့်ရဖို့ဆိုတာဟာလည်း ခဲယဉ်းပါတယ်တဲ့။ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဆိုတဲ့ သာသနာသုံးတန် ထွန်းကားတဲ့ အရပ်ဆိုတာ ဒီကမ္ဘာမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းပဲရှိတယ်။ မြန်မာနိုင်ငံ ဟာ ကျန်တာတွေမထွန်းကားပေမယ့် သာသနာတော့ ထွန်းကားတယ်။

ဒါတောင် မြို့တိုင်းရွာတိုင်းထွန်းကားတာ မဟုတ်ဘူး။ သာသနာ မထွန်းကားတဲ့ နေရာတွေ ရှိသေးတယ်။ တချို့ မြို့ရွာတွေမှာဆိုရင်... ဘာသာခြားတွေကပဲ လွှမ်းမိုးနေတာ။ ဗုဒ္ဓဘာသာဝင်တွေ မရှိဘူး။ တချို့ မြို့ရွာတွေမှာကျတော့ ဗုဒ္ဓဘာသာဝင်တွေတော့ ရှိတယ်။ ပဋိပတ္တိသာသနာ က မထွန်းကားဘူး။ တရားရိပ်သာတွေ တရားစခန်းတွေဆိုတာ မရှိဘူး။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတော့ ရှိတယ်။ ရှိပေမယ့် ဘုန်းကြီးတွေ ကိုယ်တိုင်က ဝိပဿနာတရားကို အားမထုတ်ကြတော့ ဒကာဒကာမ တွေလည်း ဝိပဿနာတရားကို အားထုတ်ရကောင်းမှန်း မသိကြဘူး။

http://www.dhammadownload.com



တကယ်ဆိုရင် ကိုယ်နေတဲ့ မြို့ရွာမှာ တရားစခန်းတို့ တရားရိပ်သာတို့မရှိရင် ရှိတဲ့နေရာကို သွားပြီး အားထုတ်ပါလား ... မသွားဘူးဗျ၊ သွားအားထုတ်ရင် သစ္စာတရားတွေ သိသွားမှာစိုးလို့နဲ့ တူတယ်။ အတိတ်ကံမကောင်းတဲ့အပြင် ပစ္စုပ္ပန် ကံဉာဏ်ဝီရိယကလည်း အားနည်းတော့တရားအားထုတ်ဖြစ်တဲ့ဆီကို မရောက်တော့ဘူး။

တချို့ကျတော့တစ်မျိုး ... မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီးလာပေမယ့် မြန်မာပြည်မှာ မနေဘူး၊ နိုင်ငံခြားမှာ အပြီးသွားနေတယ်၊ သစ္စာသိဖို့တွေဘာတွေ အရေးမကြီးဘူး။ လောလောဆယ် အဆင်ပြေဖို့ကပိုအရေးကြီးတယ်၊ ဒီလိုထင်တာကိုးဗျ ... အဲဒီတော့ သာသနာထွန်းကားတဲ့အရပ်ကို ကျောခိုင်းသွားတယ်။ ဒါမျိုးတွေရော မရှိဘူးလား။

'ရှိပါတယ်ဘုရား'

ဒါကြောင့်မို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူဦးရေနဲ့ နှိုင်းယှဉ်လိုက်ရင်သာသနာထွန်းကားတဲ့ အရပ်မှာ နေခွင့်ရတဲ့ဦးရေဟာ အင်မတန်မနည်းဘူးလား။

'နည်းပါတယ်ဘုရား'

သာသနာထွန်းကားတဲ့အရပ်မှာ နေခွင့်ရဖို့ ခဲယဉ်းတယ်ဆိုတာ ဒါကိုပြောတာ။ တတိယခဲယဉ်းတရားက သမ္မာဒိဋ္ဌိ အယူကောင်းအယူမှန်ရှိဖို့ခဲယဉ်းတယ် တဲ့။ ဒါကလည်း ကံနဲ့ ကံ၏အကျိုးကို ယုံကြည်တဲ့ကမ္မဿကတာသမ္မာဒိဋ္ဌိရှိဖို့တောင် ခဲယဉ်းတယ်လို့ ဆိုလိုပါတယ်။ ကမ္ဘာပေါ်မှာ မိစ္ဆာဒိဋ္ဌိဦးရေနဲ့ သမ္မာဒိဋ္ဌိဦးရေ ဘယ်သူက များမယ်ထင်လဲ။

'မိစ္ဆာဒိဋ္ဌိဦးရေက များမှာပါဘုရား'

များလို့လည်း လူတစ်သိန်း တစ်ယောက် သုဂတိမရောက် ဖြစ်နေတာပေါ့ဗျ။ အများစုက မိစ္ဆာဒိဋ္ဌိတွေဖြစ်နေတော့ အပါယ်လေးပါးကိုပဲ

http://www.dhammadownload.com



ရောက်နေကြတာ။ ကံနဲ့ ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ သမ္မာဒိဋ္ဌိထဲမှာ အခြေခံအဆင့်ပဲ ရှိသေးတယ်။ အဲဒီလို အခြေခံဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိရှိဖို့တောင် ခဲယဉ်းတယ်ဆိုရင် ဒီထက်ပိုအဆင့်မြင့်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ ရှိဖို့ကျတော့ ပိုပြီးမခဲယဉ်း နိုင်ဘူးလား။

'ပိုပြီးခဲယဉ်းနိုင်ပါတယ်ဘုရား'

သမ္မာဒိဋ္ဌိမှမဖြစ်ရင် သစ္စာတရားတွေကိုမသိနိုင်တော့ဘူး။ဒါကြောင့်မို့ သစ္စာတရားတွေ သိနိုင်ဖို့အတွက် မိစ္ဆာဒိဋ္ဌိမဖြစ်ဘဲ သမ္မာဒိဋ္ဌိ အယူကောင်း အယူမှန်ရှိဖို့ဆိုတာကလည်း အင်မတန်မှရခဲတဲ့ဒုလ္လဘတရားတစ်ခုပဲ။

နောက် ခဲယဉ်းတာတစ်ခုက အကြည်ဓာတ်ခြောက်ဖြာနဲ့ ပြည့်စုံတဲ့ လူ့ဘဝရဖို့ ခဲယဉ်းတယ်တဲ့။ မျက်စိအကြည်, နားအကြည်, နှာခေါင်း အကြည်, လျှာအကြည်, ကိုယ်အကြည်နဲ့ စိတ်အကြည်တွေ ပြည့်စုံဖို့ ဆိုတာလည်း လွယ်တာမဟုတ်ဘူးနော်။ တချို့ဆို မွေးလာကတည်းက မျက်စိကန်းလာတယ်။ တချို့ကျတော့ စိတ်က မူမမှန်ဘူး။ ဦးနှောက် ကျပ်မပြည့်ဘူးလို့ ပြောတာကို ကြားဖူးလား။

'ကြားဖူးပါတယ်ဘုရား'

အဲဒီလိုအကြည်ဓာတ်ခြောက်ဖြာနဲ့မပြည့်စုံရင် တရားထူး တရားမြတ် ကို မရနိုင်ဘူး တဲ့။ ဒါကြောင့်မို့ အကြည်ဓာတ်ခြောက်ဖြာနဲ့ ပြည့်စုံတဲ့ ဘဝကို ရဖို့ဆိုတာလည်း ခဲယဉ်းပါတယ်လို့ မဆိုနိုင်ဘူးလား။

'ဆိုနိုင်ပါတယ်ဘုရား'

ခဲယဉ်းတာကို မသိကြလို့ တန်ဖိုးထားရကောင်းမှန်း မသိတာ။ ဘာတွေကို တန်ဖိုးထားကြ, အလေးထားကြသလဲဆိုတော့ လောကီရေးနဲ့

http://www.dhammadownload.com



ပတ်သက်တဲ့ ကြီးပွားရာ ကြီးပွားကြောင်းအလုပ်တွေကိုပဲ အလေးထား ကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

လူအများစုကို ဝေဖန်ဆန်းစစ်ကြည့်ပါ သူတော်ကောင်းတို့။တစ်ဖက်က လောကီကြီးပွားချမ်းသာရေး၊ နောက်တစ်ဖက်က သစ္စာသိရေး။ ဘယ်ဖက်ကို အပါများမလဲ။

'လောကီကြီးပွားချမ်းသာရေးဖက် အပါများပါမယ်ဘုရား'

တစ်ဘဝစာလေးကိုပဲ ဦးစားပေးကြတယ်။ သံသရာတစ်လျှောက် ကောင်းစားဖို့ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းဖို့ အလုပ်ကိုကျတော့ နောက် သွား ထားတယ်။ ပဓာနကျတဲ့လုပ်ငန်းကို မြန်မြန်ဆန်ဆန်မလုပ်ဘဲနဲ့ လောကီ ကြီးပွားချမ်းသာရေးအလုပ်တွေနဲ့ပဲ ဘဝတစ်ခုလုံး အချိန်တွေ ကုန်သွားမယ် ဆိုရင် သစ္စာတရားတွေကို သိခွင့်ရနိုင်ပါတော့မလား။

'မရနိုင်တော့ပါဘူးဘုရား'

## အမြည်ခံဗုဒ္ဓဘာသာဝင်တွေမဖြစ်စေနဲ့

ပြောပြမယ့်သူမရှိလို့၊ သဗ္ဗညုတမြတ်စွာဘုရား မပွင့်ထွန်းမပေါ် ပေါက်သေးလို့ သိခွင့်မရတာက တစ်မျိုး၊ ပွင့်ထွန်းပေါ်ပေါက်လာပြန် တော့လည်း ကိုယ်က အပါယ်လေးပါးရောက်နေလို့ သိခွင့်မရတာက တစ်မျိုး၊ သိနိုင်တဲ့လူသားစင်စစ်ဖြစ်လာတာတောင် ဗုဒ္ဓဘာသာမဟုတ်တဲ့ မိဘတွေက မွေးဖွားလာလို့ သိခွင့်မရတာကတစ်မျိုး၊ တချို့ကျပြန်တော့

http://www.dhammadownload.com



ရုပ်ပြစ်ရှစ်ပါးမှာ ရောက်နေလို့ သိခွင့်မရတာကတစ်မျိုး။ အကြောင်းအမျိုးမျိုး တွေကြောင့် သစ္စာတရားတွေကို သတ္တဝါတွေသိခွင့်ကိုမရကြဘူး။

သိခွင့်ရတဲ့ သာသနာတွင်းမှာ တစ်ခါတစ်ရံ ကြုံနေတာတောင်မှပဲ အများစုက သစ္စာတရားတွေကို သိချင်တဲ့စိတ်က မရှိပြန်ဘူး။ မသိသေးတဲ့ သူကို သိအောင် သင်ပေးလို့ရတယ်။ ဒါက မခက်ဘူး။ မသိချင်တဲ့သူကျတော့ ဘယ်လိုမှပြောလို့လည်း မရဘူး။ သင်ပေးလို့လည်း မရဘူး။ သူက သိမှ မသိချင်တာကိုး။

ဒါကြောင့်မို့ မသိသေးတဲ့သူထက် မသိချင်တဲ့သူက ပိုခက်တယ်။ အဲဒီမသိချင်တဲ့သူထက်ကို သိဟန်ဆောင်တဲ့သူက ပိုခက်သေးတယ်ဗျာ။ တကယ်လည်း သိတာမဟုတ်ဘူး။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေ သေရင် ဘယ် ရောက်ဖို့ များမလဲ။

'အပါယ်လေးပါးရောက်ဖို့များပါတယ်ဘုရား'

ဟိုတုန်းက လွဲခဲ့တာကတော့ ဘာမှမတတ်နိုင်တော့ဘူး။ ဒါပေမဲ့ ယခုဘဝပါ ထပ်လွဲဦးမယ်ဆိုရင်တော့ အဆုံးရှုံးကြီးဆုံးရှုံးလို့ အင်မတန် မှကို နစ်နာသွားပြီဆိုတာ သေသေချာချာ သဘောပေါက်နေရမယ်။ နောင် ကို ဒီလိုအခွင့်အရေးမျိုး ပြန်ရဖို့ဆိုတာ ကမ္ဘာနဲ့ချီပြီးလည်း ကြာသွား နိုင်တယ်။

ဒီဒုလ္လဘတရားတွေကို သူတော်ကောင်းတို့ ယခု ရနေကြတာဟာ အတိတ်အတိတ်က ကုသိုလ်ကောင်းမှုအရှိန်အဟုန်တွေကြောင့် ရလာကြ တာနော်။

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။
နပ္ပပုညာ ကရဟာစိ၊ ပဂ္ဂဏှိတု မဝိသယာ။

http://www.dhammadownload.com



အဓိပ္ပါယ်က … ဘုန်းကံကြီးမားတဲ့ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးကို ဘုန်းကံကြီးမားတဲ့သူတွေသာလျှင် ကြည်ညိုခွင့်ရတယ်၊ မှီခိုခွင့်ရတယ်၊ ထောက်ပံ့ခွင့်ရတယ်၊ ကျင့်သုံးခွင့်ရတယ်၊ ဘုန်းကံပါးရှားတဲ့သူတွေကတော့ မှီခိုခွင့်လည်းမရဘူး၊ ကြည်ညိုခွင့်လည်းမရဘူး၊ ထောက်ပံ့ခွင့်လည်းမရဘူး၊ ကျင့်သုံးခွင့်လည်း မရဘူးတဲ့။

ယောဂီသူတော်ကောင်းတို့ကတော့ … ဘုန်းရှင် ကံရှင်တွေဖြစ်လို့ အခုလို တရားတွေနာ တရားတွေအားထုတ်ခွင့်ကို ရနေကြတာ နော်။ အင်မတန် ကြုံခဲတွေ့ခဲတဲ့ သာသနာတော်ကြီး။ အင်မတန်ရခဲတဲ့ လူ့ဘဝ။ ဒါတွေကို တန်ဖိုးထားပြီး သာသနာတော်ကြီးရဲ့အနှစ်၊ သစ္စာဝါဒရဲ့ အနှစ်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင်ကြိုးစားကြရမှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

စည်းစိမ်ဥစ္စာတွေ, ရာထူးတွေ, ဘွဲ့ထူးဂုဏ်ထူးတွေက အဓိက မဟုတ်ပါဘူး။ လူ့ဘဝမှာ လူဖြစ်လာတယ်ဆိုတာ လူ့ဘဝရဲ့တန်ဖိုးဖြစ်တဲ့ သီလ, သမာဓိ, ပညာကို ကျကျနနသဘောပေါက်ဖို့၊ သိတဲ့အတိုင်း လိုက်နာကျင့်ကြံပြီး ကြိုးစားအားထုတ်နိုင်ဖို့၊ နောက်ပိတ်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့။ ဒါဟာ အဓိကပဲ။

ဗုဒ္ဓဘာသာတွေရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန်ပဲ။ အဲဒီနိဗ္ဗာန်ကို ရောက်ဖို့ အတွက် သိသင့်သိထိုက်တာတွေကို သိအောင် လေ့လာထားရတယ်။ ဒီနေ့ မလုပ်နိုင်ရင် နောက်နေ့လုပ်နိုင်ရမယ်။ ဒီလိုကို စိတ်က ထက်ထက်သန်သန်နဲ့ ဆုံးဖြတ်ထားရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီဘဝမှာ ဘယ်လောက်ပဲ လောကီပညာတွေတတ်တတ်၊ ရာထူးတွေကြီးကြီး၊ တစ်နေ့ သေရမှာ မဟုတ်လား။

'သေရမှာပါဘုရား'

http://www.dhammadownload.com



သေရင် ကိုယ်နဲ့ဘာမှမဆိုင်တော့ဘူး။ ပင်ပင်ပန်းပန်းရှာထားတဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း အကုန်ထားခဲ့ရမှာ။ ဒါကြောင့်မို့ အကာအဖျင်းတွေအတွက်နဲ့ချည်း အချိန်ဖြုန်းမနေကြနဲ့။ ဒါတွေကတော့ တစ်ဘဝစာ တခဏတာပါပဲ။ တစ်သံသရာလုံး ကောင်းစားမှာမဟုတ်ပါဘူး။

တစ်သံသရာလုံး ကောင်းစားဖို့က သီလ, သမာဓိ, ပညာရဖို့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့။ ဒါဟာ ဒို့ဗုဒ္ဓဘာသာဝင်တွေ ဦးထိပ်ပန်ဆင်တဲ့ သစ္စာဝါဒရဲ့ အနှစ်သာရပဲ။ ဘုရားဆုပန်ရင်တော့ ပါရမီဖြည့်ပေါ့ဗျာ။

အဲဒီလိုမှမဟုတ်ဘဲ အကာအဖျင်းဘဝနဲ့သေသွားမယ် ဆိုရင်တော့ လူဖြစ်ရကျိုးနပ်ပါ့မလား။

'မနပ်ပါဘူးဘုရား'

အဲဒါ ဆိုင်းဘုတ်ဗုဒ္ဓဘာသာဝင်တွေပေါ့ဗျာ။ ဘာသာနဲ့ ဘာသာဝင် ပုဂ္ဂိုလ်ကို ခွဲမြင်ရမယ်။ ဘာသာက အထွတ်အမြတ်၊ အကောင်းဆုံးဝါဒ။ ပစ္စုပ္ပန်မှာလည်း ချမ်းသာမယ်၊ သံသရာမှာလည်း ချမ်းသာမယ်၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်တယ်ဆိုတော့ ဒီထက်ကောင်းတာမရှိတော့ဘူး။

မနှစ်က မြတ်မင်္ဂလာစာစောင်မှာ ဖတ်လိုက်ရတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာပေါင်းစုံပြိုင်ပွဲမှာ ဗုဒ္ဓဘာသာက အကောင်းဆုံး ပထမဆုရလိုက်တယ် တဲ့။ အကြောင်းအကျိုးညီညွတ်လို့ ပညာရှင်တွေက လက်ခံတာပေါ့။ တစ်ယူသန်တွေကသာ လက်မခံတာ။ စဉ်းစားတွေးခေါ်တတ်တဲ့ ဉာဏ်ပညာရှိတဲ့သူတွေက လက်ခံတယ်။

အဲဒီလို အကောင်းဆုံးဝါဒကို ရ,ထားပါလျက်နဲ့ အကောင်းဆုံးမဖြစ်လာတာဟာ ဝါဒက ညံ့လို့လား၊ လူက ညံ့လို့လား။

'လူက ညံ့လို့ပါဘုရား'

http://www.dhammadownload.com



ဘုရားကို ကိုးကွယ်တယ်ဆိုတာ ဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာဖို့နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့က အဓိကပဲ။ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး ဘုရားရဲ့အဆုံးအမက ဘာမှန်းတောင်မသိဘူးဆိုရင်တော့ ... အမည်ခံ ဗုဒ္ဓဘာသာဝင်ပဲ။ ဘုရားရဲ့အဆုံးအမတွေသိဖို့ဆိုတာ လေ့လာရတယ်။ တရားတွေလည်း နာရတယ်။

အခုဘာသာဝင်ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားဟောထားတဲ့ တရားတွေကို မလေ့လာဘူး။ လောလောဆယ် သူဌေးဖြစ်ဖို့လောက်ပဲ လေ့လာတာ။ တစ်လုံး နှစ်လုံး သုံးလုံးအတွက်များဆို အားကြိုးမာန်တက်ပဲ။ တချို့များ ဘောလုံးပွဲကြည့်တာ ညနှစ်နာရီ သုံးနာရီအထိ တဲ့။

တချို့က ရာထူးတက်ဖို့၊ တချို့ကျတော့ အရောင်းအဝယ်ကောင်းဖို့၊ အလုပ်အကိုင် အဆင်ပြေဖို့ဆိုပြီး ဟိုဟာလေးဆောင်ထား၊ ဒီဟာလေး ဆောင်ထားနဲ့ ယတြာချေဖို့ ဘုရားတောင်ရွေးလိုက်သေးတယ်၊ စနေဘုရား, တနင်္ဂနွေဘုရား။ အကာတွေ, အဖျင်းတွေကို တော်တော်လိုက်တဲ့လူတွေ။

အတန်းပညာမတတ်တဲ့သူတွေကတော့ ထားပါတော့ဗျာ။ ဉာဏ်နည်းလို့။ အခုဟာက B.A.,B.Sc. ဘွဲ့ရတဲ့သူတွေရော ရာထူးကြီးတဲ့သူတွေ က,ပါ အဲဒါတွေကို လိုက်စားနေကြတယ်။ တကယ့်အနှစ်သာရကျတော့ ဦးဆောင်ပြီး မလိုက်စားကြဘူး။

ဦးဂိုအင်ကာရဲ့ တရားပြဆရာ ဆရာကြီးဦးဘခင်ကို နမူနာ ယူကြရမှာ။ သူကိုယ်တိုင်လည်း တရားအားထုတ်တယ်။ သူ့ရုံးက တပည့်တွေကိုလည်း အားထုတ်ခိုင်းတယ်။ လူကြီးကခိုင်းရင် ငယ်တဲ့သူတွေဆိုတာ လုပ်ရတာပဲဗျ။ လူကြီးတွေကိုယ်တိုင်က လမ်းလွဲနေတော့ ငယ်တဲ့သူတွေပါ ဆက်လွဲကုန်ရော။

http://www.dhammadownload.com



ကျောက်သံပတ္တမြားတွေပေါတဲ့ ဝေပုလ္လတောင်ကြီးပေါ် ရောက်နေပြီး ခါမှ အဖိုးတန်တဲ့ပတ္တမြားကိုမရှာဘဲ၊ စားသွေးကျောက်လောက်ကောက်ပြီး ပြုံစိပြုံးစိနဲ့ ပြန်ဆင်းလာတဲ့ပုဂ္ဂိုလ်တွေနဲ့ မတူဘူးလား။

'တူပါတယ်ဘုရား'

ဒါကြောင့်မို့လို့ 'ပုထုဇ္ဇနော ဥမ္မတ္တကော'လို့ ပြောရင် နာစရာ ဖြစ်မယ်။ မနာနဲ့ အမှန်ကိုပြောတာ။ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး သစ္စာတရား ကိုမှ သိအောင်မကြိုးစားရင် အရူးပဲ။ အကာကိုကျတော့ ဖက်တွယ်ထားပြီး အနှစ်ကိုကျတော့ လွှင့်ပစ်တာနဲ့ တူမနေဘူးလား။

'တူနေပါတယ်ဘုရား'

အကာအဖျင်းဗုဒ္ဓဘာသာဝင်တွေ မဖြစ်စေဘဲ သစ္စာဝါဒရဲ့အနှစ်သာရ တွေကို သိအောင် ရင်ထဲမှာကိန်းအောင်း၊ အခြေခံကစပြီး ကြိုးစားကြမယ် ဆိုရင် မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

## သမ္မာဒိဋ္ဌိ၏တန်ဖိုးကိုမှန်ကန်စွာနားလည်ခြင်း

သစ္စာဝါဒရဲ့ ပထမဆုံးအနှစ်သာရက သမ္မာဒိဋ္ဌိ၏ တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းပဲ။ သမ္မာဒိဋ္ဌိတန်ဖိုးကို မှန်ကန်စွာနားလည်ရင် သစ္စာဝါဒရဲ့အနှစ်သာရကိုရမယ်။ နားမလည်ရင် အနှစ်တော့မပြောနဲ့၊ အကာတောင်မရတော့ဘူး။ အဖျင်းဖြစ်သွားပြီ။

ဘာဖြစ်လို့လဲဆိုတော့ သမ္မာဒိဋ္ဌိတန်ဘိုးကို နားမလည်ရုံတင်မကဘဲ အသိမှားသွားရင် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတာကိုး။ ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာဝင် ဖြစ်ရင် သမ္မာဒိဋ္ဌိကို နားလည်ရမယ်။ နားလည်အောင်လည်း ဉာဏ်မီ

http://www.dhammadownload.com



သလောက် ကြိုးစားရမယ်။ သမ္မာဒိဋ္ဌိကို ချဲ့လိုက်ရင် သုံးမျိုးလည်းရတယ်။ ငါးမျိုးလည်းရတယ်။

သုံးမျိုးဆိုတာက -

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ

(၂) ဝိပဿနာသမ္မာဒိဋ္ဌိ

(၃) စတုသစ္စသမ္မာဒိဋ္ဌိ

ငါးမျိုးဆိုတာက -

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ

(၂) ဝိပဿနာသမ္မာဒိဋ္ဌိ

(၃) မဂ္ဂသမ္မာဒိဋ္ဌိ

(၄) ဖလသမ္မာဒိဋ္ဌိ

(၅) ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ

ဒီနေရာမှာ ဈာနသမ္မာဒိဋ္ဌိကို ထည့်မပြောတော့ဘဲ ချန်ထားခဲ့မယ်။ အရေးကြီးတာက ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ။ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အားကောင်းရင် မဂ်သမ္မာဒိဋ္ဌိဉာဏ်၊ ဖိုလ်သမ္မာဒိဋ္ဌိဉာဏ်တွေဟာ အကျိုးတရားအနေနဲ့ဖြစ်ပေါ်လာမှာပဲ။ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဉာဏ်ကလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရင် သူ့ဘာသာသူ အကျိုးတရားအနေနဲ့ ဖြစ်ပေါ်လာမှာ။

ဒါကြောင့်မို့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်နဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ဒီဉာဏ်နှစ်ခုအားကောင်းဖို့ အရေးကြီးတယ်။ သစ္စာဝါဒကို လေ့လာမယ်ဆိုရင် အရင်ဆုံး ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်ဖို့လိုတယ်။ သစ္စာဝါဒက ဘယ်မှာအခြေခံလဲဆိုတော့ ကမ္မဝါဒမှာအခြေခံတယ်။ ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ပေါ်မှာ အခြေခံတယ်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်အများစုဟာ ကံကိုပုံပြီးယုံတတ်ကြတယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုး ရမယ်။ အဲဒီလိုမှ ချက်ချင်းလက်ငင်း အကျိုးမပေးဘူးဆိုရင် ကံနဲ့ ကံရဲ့အကျိုးကို မယုံကြည်ချင်တော့ဘူး။

အမှန်က ကံနဲ့ကံရဲ့အကျိုးကို ယူတဲ့နေရာမှာ ပစ္စုပ္ပန်ကံတစ်ခုတည်းကို ယူလို့မရဘူး။ အတိတ်ကံကိုလည်း ထည့်တွက်ရသေးတယ်။ အတိတ် ပစ္စုပ္ပန် မျှမျှတတယူရမယ်။ မဇ္ဈိမပဋိပဒါဆိုတာ ကံနယ်မှာလည်း ရှိတယ်။ အတိတ်ကံကောင်းရင် ထမင်းစားရမှာပဲ ဆိုပြီး အိပ်နေရင် ထမင်းစားရပါ့မလား။

'မစားရပါဘူးဘုရား'

ပစ္စုပ္ပန်မှာလည်း ကံ ဉာဏ် ဝီရိယစိုက်ပြီး ပြောဆိုလုပ်ကိုင်ရဦးမယ်။ အဲဒီလိုပဲ ပစ္စုပ္ပန်မှာ ကြိုးစားပေမယ့် အတိတ်ကံက မပါပြန်ဘူးဆိုရင် မျှော်မှန်းသလောက် ခရီးမပေါက်နိုင်ဘူး။

ဗုဒ္ဓဘာသာဝင်တွေဟာ အပရာပရိယဝေဒနီယကံ အကြောင်းကို နားလည်ထားဖို့လိုတယ်။ ဒီကံအကြောင်းကို သေသေချာချာသိမထားရင် တစ်ခါတစ်ရံ မျက်စိလည်တတ်တယ်။ အပရာပရိယဝေဒနီယကံဆိုတာက အခါအခွင့်သင့်ရင် အကျိုးပေးဖို့စောင့်နေတဲ့ အတိတ်ကံတွေကို ခေါ်တာ။ ကုသိုလ်ကံလည်းရှိတယ်။ အကုသိုလ်ကံလည်းရှိတယ်။ ဇာနဲ့ ပြောမယ် ဆိုရင်တော့ အလယ်ငါးဇာကို ဆိုလိုပါတယ်။

အခုပစ္စုပ္ပန်မှာလုပ်တဲ့ အကုသိုလ်ကံဟာ အတိတ်တုန်းကလုပ်ခဲ့တဲ့ အကုသိုလ်ကံနဲ့ပေါင်းပြီးတော့ အကြီးအကျယ် ဆိုးကျိုးပေးနိုင်တယ်။တစ်ခါ တလေကျတော့ တစ်မျိုး။ အခုပစ္စုပ္ပန်မှာ အကုသိုလ်တွေလုပ်နေပေမယ့် ကောင်းကျိုးချမ်းသာ ခံစားနေရတာတွေရှိတယ်။

http://www.dhammadownload.com



အဲဒါဟာ အခုပစ္စုပ္ပန်မှာလုပ်နေတဲ့ အကုသိုလ်ကံက ကောင်းကျိုးပေးနေတာမဟုတ်ဘူး။ အတိတ်ကပြုခဲ့တဲ့ အပရာပရိယဝေဒနိယကုသိုလ်ကံက အားကောင်းနေလို့ အကျိုးပေးနေတာ။

အခုပစ္စုပ္ပန်မှာလုပ်နေတဲ့ အကုသိုလ်ကံကတော့ ဆိုးကျိုးပေးလောက်အောင် မရင့်ကျက်သေးလို့ အချိန်စောင့်နေတာ။ ရင့်ကျက်တဲ့အချိန်ရောက်ပြီဆိုရင်တော့ ဆိုးကျိုးပေးပါလိမ့်မယ်ဗျာ။ ဘယ်သူမှ တားလို့မရတော့ဘူး။ အဲဒီလိုကို ပိုင်ပိုင်နိုင်နိုင်သိထားရမယ်။

အခုဆိုရင် ယောဂီတွေ ဒါနတွေပြု၊ သီလတွေစောင့်၊ တရားတွေနာ၊ တရားတွေအားထုတ်နေတယ်။ ကုသိုလ်ကောင်းမှုတွေလုပ်နေခါမှ လောကဓံဆိုးတွေနဲ့ကြုံလိုကြုံရ၊ ကျန်းမာရေးက မကောင်း၊သွေးက တိုး၊ ဗိုက်ကအောင့်နဲ့ အမျိုးမျိုးဖြစ်နေတယ်။ဒါတွေဟာ အတိတ်ကလုပ်ခဲ့တဲ့ အပရာပရိယဝေဒနိယ အကုသိုလ်ကံတွေကြောင့် ဖြစ်နေတာနော်။

ကိုယ်က မနေ့တစ်နေ့ကမှ လူကောင်းဖြစ်တာ။ ဒါတောင် မိဘ ဆရာသမားတွေနဲ့ ပတ်ဝန်းကျင်ကကောင်းလို့။ မူးရူးနေတဲ့ သူတွေနဲ့ပေါင်းမိရင် ကိုယ်လည်း မူးရူးနေဦးမှာ။ ပတ်ဝန်းကျင်က ဘုရား တရားသမားတွေက များနေတော့ သူတော်ကောင်း မဖြစ်တဖြစ်။

သူတော်ကောင်း မဖြစ်တဖြစ်ဆိုတာ တရားရိပ်သာမှာတော့ သူတော်ကောင်းပေါ့ဗျာ။ အိမ်ပြန်ရောက်သွားတော့ ကောင်းချင်မှကောင်းတော့မှာကိုး။ ပစ္စုပ္ပန်မှာ လူကောင်းဖြစ်တာက မနေ့တစ်နေ့ကမှဖြစ်တာ။ လူဆိုးလူမိုက်ဖြစ်ခဲ့တာက ဘဝပေါင်း အသင်္ချေအနန္တ။ အဲဒီတော့ အတိတ်က ဆိုးခဲ့မိုက်ခဲ့တဲ့ ဝဋ်ကြွေးတွေကို ပြန်ဆပ်ရတော့မှာပေါ့။ဘာမှ ဝမ်းနည်းစရာမလိုဘူး။ အားငယ်စရာလည်းမလိုဘူး။

http://www.dhammadownload.com



ပစ္စုပ္ပန်မှာ ကောင်းတာလုပ်ဖို့ပဲ အရေးကြီးတယ်။ အခု ပစ္စုပ္ပန်ဟာ နောင်ကျရင် အတိတ်ဖြစ်မယ်။ ဥပမာ ... ဒီကနေ့ ဗုဒ္ဓဟူးနေ့ လုပ်တဲ့ ကုသိုလ်ဟာ ကြာသပတေးနေ့ကျတော့ အတိတ်ကုသိုလ်ကံ ဖြစ်သွားတယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့်မို့ ပစ္စုပ္ပန်မှာ ကောင်းသထက်ကောင်းအောင် ကြိုးစား ရမယ်။ အဲဒီလို ကျကျနန နားလည်သဘောပေါက်မယ်ဆိုရင် အကုသိုလ် တွေကို ရှောင်ချင်တယ်၊ ရှောင်နိုင်တယ်၊ နောက် အမြစ်ပြတ် ပယ်စွန့်နိုင် လိမ့်မယ်။

အမြစ်ပြတ် မပယ်စွန့်နိုင်သေးတာ ထားဦး၊ ဒါဟာ အကုသိုလ်တွေပဲ၊ ရှောင်ရမယ်၊ ရှောင်သင့်တယ်ဆိုတာကို သေသေချာချာသဘောပေါက် တယ်။ မရှောင်ဘဲနဲ့ အကုသိုလ်တွေလုပ်နေမယ်ဆိုရင် ဘယ်သူမှ ကယ်လို့ မရဘူးဆိုတာကို အကြွင်းမဲ့ ယုံကြည်တယ်။ အုန်းသီးတွေ ငှက်ပျောသီး တွေနဲ့ အရုပ်ပေါင်း သောင်းခြောက်ထောင်ကို အားမကိုးဘူး။ အဲဒါ ကံနဲ့ ကံရဲ့ အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ရဲ့အကျိုးပဲ။

ကံတွေရဲ့ အကျိုးပေးကို ဘုရားရှင်တောင် မတားမြစ်နိုင်ဘူး ဆိုတာ နည်းနည်းပြောဦးမယ်။ အရင်ကလည်း ဟောဖူးတဲ့အတွက် ယောဂီဟောင်း တွေကတော့ နာဖူးထပ်မံပေါ့။ ကောသလမင်းကြီးရဲ့သား ဝိဋူဍူဘမင်းက ကပ္ပိလဝတ်ပြည်မှာရှိတဲ့ မြတ်စွာဘုရားရဲ့ ဆွေတော်မျိုးတော်တွေကို သတ်ပစ်လိုက်တယ်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိပါရဲ့နဲ့ ဆွေတော် မျိုးတော်တွေ အခုလို ရက်ရက်စက်စက် အသတ်မခံရအောင် ကယ်နိုင် ရဲ့လား။

'မကယ်နိုင်ပါဘူးဘုရား'

http://www.dhammadownload.com



သုံးကြိမ်သုံးခါတော့ ဝိဋ္ဋူဘမင်းကို တားသေးတယ်။ ဒါပေမဲ့ ဆွေတော်မျိုးတော်တွေဟာ တစ်ခုသောဘဝတုန်းက မြစ်ထဲကငါးတွေကို အဆိပ်ခတ်ပြီးသတ်ခဲ့တဲ့ မကောင်းမှုကံက ရှိနေတော့ ကယ်လို့ မရနိုင်ဘူး ဆိုတာကို မြတ်စွာဘုရားက သိနေတယ်။ ဒါကြောင့်မို့ လေးကြိမ်မြောက်မှာ မတားတော့ဘူး။

ဝိဋ္ဋူဘမင်းကလည်း ရက်စက်လိုက်တာဗျာ။ သာကီဝင်မင်းမျိုး တစ်စုလုံးကို နို့စို့ကလေးကအစ အကုန်သတ်ပစ်လိုက်တာ။ သွေးချောင်းစီး ရောပဲ။ တကယ်ဆိုရင် မြတ်စွာဘုရားရဲ့ ဆွေတော်မျိုးတော်တွေဆိုတာ အများစုက အရိယာသူတော်ကောင်းတွေနော်။ ဒါပေမဲ့ အတိတ်ဘဝက အကုသိုလ်ဝဋ်ကြွေးက ပါလာတော့ ပေးဆပ်ရတာပဲ။ ဘုရားတောင်ကယ် လို့မရဘူး။ ဒါကို သိစေချင်တာ။

နောက်ပြီး ဝိဋ္ဋူဘမင်းနဲ့ သူ့ရဲ့စစ်တပ်ကြီးအဖြစ်ကိုလည်း ကြည့်ဦး၊ သာကီဝင်မင်းတွေကိုသတ်ပြီး သာဝတ္ထိပြည်ကိုပြန်အလာ၊ အစိရဝတီမြစ်ကို ရောက်တော့ ညမိုးချုပ်သွားပြီ။ ဒါနဲ့ မြစ်ကမ်းနားမှာ တပ်စခန်းချတာပေါ့။ အစိရဝတီမြစ်ထဲမှာကလည်း သဲသောင်ပြင်ကြီးက အကျယ်ကြီးဆိုတော့ ဝိဋ္ဋူဘမင်းကိုယ်တိုင် သောင်ပြင်ပေါ်က သစ်ခက်တဲနန်းတော်မှာ စံမြန်း တယ်။ စစ်သည်ဗိုလ်ပါ ပရိသတ်အများစုကလည်း သောင်ပြင်ပေါ်မှာပဲ အိပ်ကြတယ်။ မြစ်ကမ်းပေါ်မှာအိပ်တဲ့ သူကမရှိသလောက်ကို နည်းတယ်။

ခရီးပန်းလို့ အားလုံးအိပ်မောကျတဲ့အချိန်ရောက်တော့မှ တောင်ကျ ရေက အစိရဝတီမြစ်ထဲ တစ်ဟုန်ထိုး စီးဆင်းလာတာ။ ပြေးလို့ မလွတ် တော့ဘူး။ ဝိဋ္ဋူဘမင်းနဲ့တကွ စစ်သည်ဗိုလ်ပါတွေအကုန်လုံး ရေစီးထဲ မျောပါပြီး သေကုန်တာပဲ။ အရိယာသူတော်ကောင်းတွေကို သတ်ခဲ့တဲ့ အကုသိုလ်ကံက ချက်ချင်းကို အကျိုးပေးလိုက်တာ။ အကုသိုလ်ကံများ ကြောက်ဖို့ မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



ကုသိုလ်ကံက ချက်ချင်းအကျိုးပေးတာကိုပြောဦးမယ် …

## စွန့်နိုင်ခဲတာကိုစွန့်လှူခဲ့လို့

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး စံနေတော်မူစဉ်အခါက **ဧကသာဋက**လို့ အမည်ရတဲ့ ပုဏ္ဏားကြီးကို အကြောင်းပြုပြီး ဒီတရားကို ဟောတော်မူခဲ့တယ်။

ပုဏ္ဏားကြီးဟာ အင်မတန် ဆင်းရဲရှာတယ်။ ဘယ်လောက်တောင်မှ ဆင်းရဲသလဲဆိုရင် လင်မယားနှစ်ယောက်မှ အပေါ်ဝတ်တဲ့ ဆာရီက တစ်ထည်ပဲရှိတယ်။ အကြောင်းကိစ္စရှိလို့ ပုဏ္ဏားကြီးက အိမ်အပြင်သွားရင် ပုဏ္ဏေးမကြီးက အိမ်ထဲမှာပဲ နေရတယ်။ ပုဏ္ဏေးမကြီးက အိမ်အပြင် သွားစရာရှိရင်တော့ ပုဏ္ဏားကြီးက အိမ်ထဲမှာ နေပေတော့။ အပေါ်ဝတ်တဲ့ ဆာရီက တစ်ထည်ပဲရှိလို့ တစ်လှည့်စီဝတ်နေရတာ။ တော်တော့်ကို ဆင်းရဲ တာပဲ။

တစ်နေ့မှာတော့ ဇေတဝန်ကျောင်းတော်မှာ အထူးတရားပွဲ ကျင်းပ မည့် အကြောင်း ကြေညာတယ်။ နေ့ခင်းမှာလည်း တရားပွဲရှိတယ်။ ညပိုင်း မှာလည်း တရားပွဲရှိတယ်တဲ့။ အဲဒီတော့ နေ့တရားပွဲကနေ ပုဏ္ဏေးမကြီး ပြန်လာမှ ပုဏ္ဏားကြီးက ညတရားပွဲကို သွားရတယ်။

ညတရားပွဲရောက်တော့ … ပုဏ္ဏားကြီးက မြတ်စွာဘုရားရဲ့ရှေ့ တည့်တည့်မှာထိုင်ပြီး တရားကို သေသေချာချာဂရုစိုက်ပြီး နာနေတယ်။ တရားနာရင်းနာရင်းနဲ့ ဓမ္မပီတိတွေဖြစ်ပြီး လှူဒါန်းချင်တဲ့စိတ်တွေ အရမ်း ဖြစ်လာတယ်။ လှူစရာကလည်း လက်ထဲမှာဘာမှမရှိ။ ကိုယ်ပေါ်ဝတ်ထား တဲ့ ဆာရီကို ချွတ်လှူလိုက်ပြန်ရင်လည်း လင်မယားနှစ်ယောက်စလုံး အိမ်ပြင်ထွက်လို့မရ ဖြစ်ဦးမယ်။ လှူလို့ မဖြစ်သေးပါဘူး။

http://www.dhammadownload.com



လှူကလည်း လှူချင်။ လှူလို့ကလည်း မဖြစ်။ ဒီလိုနဲ့ တစ်ညလုံး လွန်ဆွဲနေတာ မိုးတောင် လင်းခါနီးလာပြီ။ မလှူဖြစ်သေးဘူး။ ပုဏ္ဏားကြီး စဉ်းစားတယ်။

ငါဟာ အရင်ဘဝတွေတုန်းက ဒါနနည်းခဲ့လို့ ဒီဘဝမှာ အခုလို ဆင်းဆင်းရဲရဲ ဖြစ်နေရတာ။ အခုအချိန်မှာ လှူခွင့်ကြုံနေပါလျက်နဲ့ မလှူဖြစ် ပြန်ရင် ဆင်းရဲရုံမက အပါယ်လေးပါးမှာတောင် ဒုက္ခတွေ ခံရဦးမယ်။ ဒါကြောင့်မို့ ... အခုဘဝမှာ အပေါ်ဝတ်တဲ့ ဆာရီမရှိလို့ လင်မယား နှစ်ယောက်လုံး ဒုက္ခရောက်ရင်လည်း ရောက်ပါစေတော့။ လှူမယ်ကွာ ဆိုပြီး ဘုရားရှေ့ သွားလှူလိုက်တော့တယ်။

လှူလည်းလှူပြီးရော ဝမ်းသာလွန်းလို့ 'အောင်ပြီ, အောင်ပြီ, အောင်ပြီ' လို့ သုံးကြိမ်သုံးခါအော်တာ။ တရားနာပရိသတ်ရဲ့ရှေ့ဆုံးမှာ တရားနာနေတဲ့ ကောသလမင်းကြီးက ကြားတော့ သူ့တပည့်တွေကို စုံစမ်းခိုင်းတာပေါ့။ ပုဏ္ဏားကြီးက ဖြစ်ကြောင်းကုန်စင်ပြောပြတဲ့အခါ စွန့်နိုင်ခဲတာကို စွန့်လှူတဲ့ သဒ္ဓါတရားကို ကြည်ညိုပြီး ဘုရင်ကြီးက ဆာရီနှစ်ထည် ဆုချတယ်။

ပုဏ္ဏားကြီးက ငါ့မှာ လှူချင်တဲ့စိတ်လေးဖြစ်တုန်း လှူစရာကလည်း အဆင်သင့်ရှိတုန်း လှူလိုက်ဦးမှဆိုပြီး ဘုရင်ဆုချတဲ့ဆာရီ နှစ်ထည်ကိုပါ ဘုရားကို ထပ်လှူပစ်လိုက်တယ်။ ကောသလမင်းကြီးကလည်း နှစ်ဆတိုးပြီး လေးထည်ဆုချပြန်တယ်။ လေးထည်လုံး လှူပစ်လိုက်ပြန်ရော။ ဘုရင်ကြီး ကလည်း နှစ်ဆတိုးတိုးပြီး (၈)ထည် (၁၆)ထည်၊ (၃၂)ထည် စသဖြင့် တိုးတိုးပြီး ဆုချတယ်။

ပုဏ္ဏားကြီးက စဉ်းစားတယ်၊ ဘုရင်ကြီးက ငါ့ကို ဆတက်ထမ်းပိုး တိုးတိုးပြီးဆုချနေလို့ လှူနေတာလို့ သူတစ်ပါးတွေ ကဲ့ရဲ့ကြလိမ့်မယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ နှစ်ထည်ကိုယူထားပြီး ကျန်တဲ့အထည် (၃၀)ကို မြတ်စွာဘုရားအား လှူပစ်လိုက်တယ်။

ပုဏ္ဏားကြီးဟာ စွန့်နိုင်ခဲတာကို စွန့်လှူနေတယ်။ သူရဲ့ သဒ္ဓါတရားဟာ အင်မတန်ကြည်ညိုစရာပဲဆိုပြီး ဘုရင်ကြီးက တစ်ထည်ကို အဖိုးတစ်သိန်းထိုက်တဲ့ ကမ္ဗလာနှစ်ထည်ကို ထပ်ပြီးဆုချတယ်။

ပုဏ္ဏားကြီးက စဉ်းစားတယ် ... အင်မတန် အဖိုးတန်ပြီး မွန်မြတ်တဲ့ ဒီကမ္ဗလာခြုံထည်ကို ငါ သုံးဆောင်လို့ ဘယ်ထိုက်တန်မှာလဲ၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့သာ ထိုက်တန်တယ်ဆိုပြီး တစ်ထည်ကို ဂန္ဓကုဋီတိုက်အတွင်းက မြတ်စွာဘုရားလျောင်းအိပ်တဲ့ နေရာရဲ့အပေါ်မှာ မျက်နှာကျက်အဖြစ် လှူလိုက်တယ်။

ကျန်တဲ့ တစ်ထည်ကိုတော့ ... သူ့အိမ်မှာ အမြဲတမ်းဆွမ်းခံကြွတဲ့ ရဟန်းတော် ဆွမ်းစားတဲ့နေရာမှာ မျက်နှာကျက်အဖြစ် လှူလိုက်တယ်။

ဒီလိုလှူလိုက်တာကို ကောသလမင်းကြီးသိတော့ ပုဏ္ဏားကြီးဟာ သာသနာတော်ကြီးကို ကြည်ညိုတတ်ပေတယ် ဆိုပြီး သဗ္ဗစတုက္ကဆုကို ပေးတော်မူတယ် တဲ့။

**သဗ္ဗစတုက္ကဆု**–ဆိုတာက ဆင်လေးကောင်၊ မြင်းလေးကောင်၊ မိန်းမလေးယောက်၊ အမျိုးသမီးကျွန်လေးယောက်၊ အမျိုးသားကျွန်လေးယောက်၊ ရွာကြီးလေးရွာနဲ့ အသပြာလေးထောင်–လေးခု(၇)မျိုးပေးတဲ့ဆုကိုခေါ်တာ။

အပေါ်ကဝတ်တဲ့ ဆာရီအဟောင်းလေးတစ်ထည်လှူရုံမျှနဲ့ ဒီလောက်ကြီးကျယ်တဲ့ဆုကို ရတာဆိုတော့ တအံ့တသြ ပြောကြဆိုကြတာပေါ့။ အဲဒီလို ပြောဆိုတာကို မြတ်စွာဘုရားရှင် ကြားတော်မူတော့ ဒီလိုဆက်ပြီး မိန့်တော်မူတယ်။

http://www.dhammadownload.com



'ချစ်သားတို့ ... ပုဏ္ဏားကြီးဟာ အခုရတဲ့ ဆုထက်တောင် ပိုရသင့်တာပါ တဲ့။ တကယ်လို့ ညဦးယံကတည်းကသာ လှူဖြစ်ခဲ့မယ်ဆိုရင် ဆင်(၁၆)ကောင်၊ မြင်း(၁၆)ကောင်၊ မိန်းမ(၁၆)ယောက်၊ အမျိုးသမီးကျွန်(၁၆)ယောက်၊ အမျိုးသားကျွန်(၁၆)ယောက်၊ ရွာကြီး(၁၆)ရွာနဲ့ အသပြာ(၁၆၀၀၀)၊ (၁၆)ခု(၇)မျိုးပေးတဲ့ သဗ္ဗသောဠသကဆုကိုရမှာ။ မလှူဖြစ်ခဲ့တဲ့အတွက် သဗ္ဗသောဠသကဆုနဲ့ လွဲသွားခဲ့ရတယ်။

ပုဏ္ဏားကြီးဟာ သန်းခေါင်ယံမှာ လှူဖြစ်ခဲ့မယ် ဆိုရင်လည်း ဆင်(၈)ကောင်၊ မြင်း(၈)ကောင်၊ မိန်းမ(၈)ယောက်၊ အမျိုးသမီးကျွန်(၈)ယောက်၊ အမျိုးသားကျွန်(၈)ယောက်၊ ရွာကြီး(၈)ရွာနဲ့ အသပြာ(၈၀၀၀)(၈)ခု(၇)မျိုးပေးတဲ့ သဗ္ဗဋ္ဌကဆုကိုရမှာ။ မလှူဖြစ်ခဲ့တဲ့အတွက် သဗ္ဗဋ္ဌကဆုနဲ့လည်း လွဲသွားခဲ့ရတယ်။

အခုတော့ ပုဏ္ဏားကြီးဟာ သဒ္ဒါတရားတွေ ဖြစ်တုန်းဖြစ်စမှာ မလှူဒါန်းဘဲနဲ့ နှောင့်နှေးကြန့်ကြာနေတဲ့အတွက် ကုသိုလ်ကံအကျိုးပေးတွေက အားနည်းသွားပြီး အခုလို သဗ္ဗစတုက္ကဆုကိုသာ ရတော့တာ။ ပုဏ္ဏားကြီးရတဲ့ဆုဟာ နည်းတောင်နည်းသွားသေးတယ်'လို့ မိန့်ကြားတော်မူတယ်။ ပြီးတော့မှ မြတ်စွာဘုရားရှင်က ဒီဂါထာလေးကို ဆက်ပြီး မိန့်ကြားတော်မူခဲ့တယ်။

**အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။**
**ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။**

အဓိပ္ပါယ်က- ကုသိုလ်ကောင်းမှုပြုစရာရှိရင် အချိန်ဆွဲမနေနဲ့၊ မြန်မြန်သာလုပ်၊ အကုသိုလ်စိတ်တွေက တားမြစ်တတ်တယ်။ စိတ်ဆိုတာက မကောင်းတဲ့အလုပ်မှာပဲမွေ့လျော်တာ၊ မကောင်းတဲ့အကုသိုလ်စိတ်တွေကို အစွမ်းကုန်တားမြစ်ရမယ် တဲ့။ မြတ်စွာဘုရားရှင်ရဲ့ တရားတော်လည်း

http://www.dhammadownload.com



ဆုံးရော များစွာကုန်သော တရားနာပရိသတ်တွေဟာ သောတာပန် တည်ကုန်ကြတယ်တဲ့။

ဒီဝတ္ထုမှာသိစေချင်တာက စွန့်နိုင်ခဲတာကို စွန့်လှူခဲ့လို့ ချမ်းချမ်း သာသာ ဖြစ်သွားရတာဟာ ကံနဲ့ ကံရဲ့အကျိုးကို ပြတ်ပြတ်သားသား ယုံကြည်ပြီးမှ လှူဒါန်းတဲ့ ကုသိုလ်ကံရဲ့ အကျိုးပေးမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရှိတဲ့သူတွေအတွက် အပေါ်ဝတ် ဆာရီလေးတစ်ထည်ဆိုတာ ဘာမျှ မပြောပ,လောက်ပေမယ့် ကောသမ္ဗက ပုဏ္ဏားကြီးတို့လို သူမျိုးတွေ အတွက်က တော်တော်ကို စွန့်လွှတ်အနစ်နာခံပြီးမှ လှူရတာနော်။ တော်ရုံ တန်ရုံ သဒ္ဓါတရားနဲ့ မလှူနိုင်ဘူး။

နှမြောတွန့်တိုတဲ့ မစ္ဆရိယစိတ်ကို အနိုင်ရဖို့ ဆိုတာကလည်း လွယ်တာမှ မဟုတ်တာ။ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုလုပ်တော့မယ်ဆို မြန်မြန်သာလုပ်။ နေ့ရွှေ့ ညရွှေ့ လုပ်နေလို့ကတော့ မလုပ်ဖြစ်ဖို့များတယ်။ အကုသိုလ်စိတ်တွေက မလုပ်ဖြစ်အောင် အမျိုးမျိုးတားမှာပဲ။

ဒါက ဒါနတစ်ခုတည်း ပြောတာမဟုတ်ဘူး။ ဥပုသ်သီလစောင့် ဖို့လည်း တားတာပဲ။ ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး။ ညစာ မစားရရင် ပိုဆိုးနေမယ်။ အစာအိမ်ရောဂါသည်တွေ လေထိုး လေအောင့် ရောဂါသည်တွေတင်မကပါဘူး၊ ဥပုသ်မစောင့်ချင်တဲ့သူတိုင်း အကြောင်း တစ်ခုခုပြပြီးတော့ အကုသိုလ်စိတ်က တားနေတာ။

ဝိပဿနာတရား အားထုတ်ဖို့ဆိုရင်တော့ ပိုတားပြီပေါ့ဗျာ။ သံသရာ တစ်လျှောက်လုံးမှာ သူကပဲ လွှမ်းမိုးလာတာဆိုတော့ လုန်လို့မရဘူး။ အကုသိုလ်စိတ်က ငယ်နိုင်လို ဖြစ်နေတာ။ အကြောင်း အမျိုးမျိုးပြပြီး တားမှာပဲ။ တားနေတာကိုမသိဘဲ နောက်မှလုပ်မယ် နောက်မှလုပ်မယ်

http://www.dhammadownload.com



ဆိုရင်တော့ မလုပ်ဖြစ်ဖို့များတယ်။ လုပ်ဖြစ်တဲ့တိုင်အောင် အကျိုးပေးက လျော့သွားပြီ။

ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်က အနာဂါမ်လောက်နဲ့ပြီးသွားမယ်။ အနာဂါမ် ဖြစ်မယ့် ပုဂ္ဂိုလ်က သကဒါဂါမ်နဲ့ ပြီးသွားမယ်။ သကဒါဂါမ်ဖြစ်မယ့် ပုဂ္ဂိုလ်က သောတာပန်နဲ့ ပြီးသွားမယ်။

သောတာပန်ဖြစ်မယ့် ပုဂ္ဂိုလ်က သင်္ခါရုပေက္ခာဉာဏ်လောက်နဲ့ ပြီးသွားမယ်။ သင်္ခါရုပေက္ခာ ဉာဏ်လောက်ဖြစ်မယ့် ပုဂ္ဂိုလ်ကျတော့ ဥဒယဗ္ဗယဉာဏ်လောက်နဲ့ ပြီးသွားလိမ့်မယ်။ ဒါတောင် လုပ်ဖြစ်တဲ့သူကို ပြောတာနော်။ မလုပ်ဖြစ်တဲ့သူကတော့ ရဟန္တာဖြစ်မယ့် ပုဂ္ဂိုလ်တောင် ရဟန္တာမဖြစ်ဘဲ သူတောင်းစားဖြစ်သွားတဲ့ သာဓကတွေ ရှိခဲ့ဖူးတယ်။

## အရွယ်သုံးပါးအလိုက် အကျိုးပေးလျော့

မြတ်စွာဘုရားလက်ထက်တော်က ဗာရာဏသီပြည်မှာ ကုဋေ(၈၀) ချမ်းသာတဲ့ မဟာဓနသူဌေးသားဆိုတာ ရှိခဲ့ဖူးတယ်။ ကုဋေ(၈၀)ဆိုတော့ သိန်းပေါင်း(၈၀၀၀)။ အဲဒီခေတ် အဲဒီအခါတုန်းကတော့ တော်တော်ကို ချမ်းသာတယ် ဆိုရမှာပဲ။

မိဘဘက်က ချမ်းသာရုံတင် မဟုတ်သေးဘူး၊ မဟာဓနသူဌေးသား အရွယ်ရောက်လာတဲ့အခါ သူ့လိုပဲ ကုဋေ(၈၀)ချမ်းသာတဲ့ သူဌေးသမီးနဲ့ လက်ထပ်ရတယ်။ တစ်ဦးတည်းသောသားနဲ့ တစ်ဦးတည်းသောသမီး ဆိုတော့ နှစ်ဘက်မိဘတွေ သေဆုံးသွားကြတဲ့အခါ စည်းစိမ်ဥစ္စာတွေ အကုန်လုံးကို အမွေရလိုက်တယ်။

http://www.dhammadownload.com



ကုဋေ(၁၆၀) ချမ်းသာတဲ့ သူဌေးကြီး ဖြစ်သွားတာပေါ့။ ကုဋေ (၁၆၀) ဆိုတော့ သိန်းပေါင်း(၁၆၀၀၀)။ ဘုရင်ကိုယ်တိုင် သူဌေးကြီးဘွဲ့ကို ချီးမြှင့်တယ်။ ဘုရင့်ထံကိုလည်း တစ်နေ့သုံးကြိမ် အခစားဝင်ရတယ်။ တိုင်းပြည်အတွက် အရေးပါတဲ့သူဌေးကြီး ဆိုပါတော့ ...။

ဒါပေမဲ့ မဟာဓနသူဌေးကြီးနဲ့ သူဌေးကတော်ကြီးက အတတ်ပညာဆိုလို့ ဘာမှမတတ်ဘူး။ အဲဒီတော့ အတွေးအခေါ်အယူအဆတွေက နိမ့်ကျတယ်။ ငါတို့မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေဟာ တစ်သက်လုံး သုံးလို့မကုန်နိုင်ဘူး။ စီးပွားရေးတွေ ထပ်လုပ်နေရင် ပင်ပန်းတယ်။ အချိန်ကုန်တယ်။ ရှိတဲ့စည်းစိမ်တွေနဲ့ သောက်စား ပျော်ပါးပြီးတော့ ဇိမ်ခံမယ်။ ဒီလိုတွေးတယ်။

ဓာတ်ခံတူတဲ့သူချင်း ပေါင်းဖြစ်ကြတာဆိုတော့ အရက်သမားတွေနဲ့ အဖွဲ့ကျသွားတာပေါ့။ သူဌေးကြီးပြောတာ အမှန်၊ သူဌေးကြီးလုပ်တာ အကောင်း မြှောက်ပင့်ပြီး စားကြ၊ သောက်ကြ၊ ပျော်ကြပါးကြတယ်။ ကုသိုလ်ရေးကိစ္စဆိုရင် စိတ်မဝင်စားဘူး၊ လာမပြောနဲ့။ ကောင်းရာ ကောင်းကြောင်း သတိပေးရင်လည်း လက်မခံဘူး။ သူဌေးကြီးဆိုတော့ မာနကလည်း ကြီးတာပေါ့။ ဒီတော့ မိတ်ကောင်းဆွေကောင်းတွေက ဝေးဝေးကရှောင်ပြီ။

ခိုးမယ့်သူ လိမ်မယ့်သူတွေအတွက် အခွင့်သာသွားတာပေါ့။ အတွင်းလူတွေကပါ ခိုးကြ လိမ်ကြတော့ နောက်ဆုံးမှာ သူဌေးကြီးနဲ့ သူဌေးကတော်ကြီး ခွက်ဆွဲတောင်းစားပြီး သူများအိမ်မှာ ခိုကပ်နေရတဲ့ဘဝမျိုး ရောက်သွားရတယ်။

တစ်နေ့မှာတော့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ဆွမ်းစားကျောင်းတစ်ခုမှာ ဆွမ်းဘုဉ်းပေးနေတဲ့အချိန်။ မဟာဓနသူဌေးကြီး လင်မယား

http://www.dhammadownload.com



ရောက်လာပြီး ဆွမ်းစားကျောင်းအဝမှာ ဆွမ်းကျန် ဟင်းကျန်လေးတွေကို စောင့်တောင်းနေတယ်။ အသက်ကလည်းကြီး၊ အဝတ်အစားတွေကလည်း စုတ်စုတ်ပြတ်ပြတ်ဆိုတော့ ဘယ်သူမှ မှတ်မိနိုင်လောက်စရာ မရှိတော့ဘူး။

ဒါပေမဲ့ မြတ်စွာဘုရားက မဟာဓနသူဌေးကြီး လင်မယားကို မြင်တော်မူတယ်ဆိုရင်ပဲ သိတော်မူလို့ ပြုံးတော်မူတယ်။ မြတ်စွာဘုရား ပြုံးတော်မူရင် သွားတော်က အရောင်တွေက လင်းခနဲလက်ခနဲ ထွက်တယ်လေ။ အဲဒီအခါမှာ ညီတော်အာနန္ဒာက မြတ်စွာဘုရားကိုလျှောက်ထားပြီ။

'ဘာအကြောင်းထူးများရှိလို့ ပြုံးတော်မူတာလဲဘုရား'

'ဆွမ်းစားကျောင်းအဝမှာတောင်းနေတဲ့ အဘိုးအိုနဲ့ အဘွားအိုကို တွေ့လား'

'တွေ့ပါတယ်ဘုရား'

'အဲဒီအဘိုးအိုနဲ့အဘွားအိုဟာ သာမန်ပုဂ္ဂိုလ်တွေမဟုတ်ဘူး။ တစ်ချိန်တုန်းက ဒီဗာရာဏသီပြည်မှာ ကုဋေ(၁၆၀)ကြွယ်ဝချမ်းသာတဲ့ မဟာဓနသူဌေးကြီးနဲ့သူဌေးကတော်ကြီးပဲ။ အတိတ်ကံ အင်မတန်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ။ ဒါပေမဲ့ ပစ္စုပ္ပန်မှာ စီးပွားရေးလည်းမလုပ်၊ တရားဓမ္မလည်းမလုပ်တဲ့အတွက် အခုတော့ ကိုယ်ကျိုးနည်းပြီ။

မဟာဓနသူဌေးကြီးဟာ ပဌမအရွယ်မှာ စီးပွားရှာမယ်ဆိုရင် ဗာရာဏသီပြည်မှာ ပဌမတန်းစားသူဌေးကြီးဖြစ်နိုင်တယ်။ စီးပွားမရှာဘဲနဲ့ တရားဓမ္မကို အားထုတ်ကြမယ်ဆိုရင်လည်း သူဌေးကြီးက ရဟန္တာဖြစ်နိုင်တယ်။ သူဌေးကတော်ကြီးက အနာဂါမ် ဖြစ်နိုင်တယ်။

ဒါပေမဲ့ စီးပွားရေးလည်းမလုပ်၊ တရားဓမ္မလည်း မလုပ်ခဲ့တဲ့အတွက် ပဌမအရွယ်မှာရနိုင်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရပြီ။ ပဌမအရွယ်က ငယ်ရွယ်တဲ့အချိန်မို့ အပျော်အပါးကို ဦးစားပေးနေကြလို့ မလုပ်ဖြစ်တာထားပါဦး။ ဒုတိယအရွယ်မှာ လုပ်ဖြစ်ဖို့ ကောင်းတယ်။

http://www.dhammadownload.com



မဟာဓနသူဌေးကြီးဟာ ဒုတိယအရွယ်မှာ စီးပွားရှာမယ်ဆိုရင် ပထမတန်းစားသူဌေးကြီး မဖြစ်နိုင်တော့ပေမယ့် ဒုတိယတန်းစား သူဌေးကြီးတော့ ဖြစ်နိုင်သေးတယ်။ စီးပွားမရှာဘဲနဲ့ တရားဓမ္မကို အားထုတ်ကြမယ်ဆိုရင်လည်း သူဌေးကြီးက အနာဂါမ် ဖြစ်နိုင်တယ်။ သူဌေးကတော်ကြီးက သကဒါဂါမ် ဖြစ်နိုင်တယ်။

ဒါပေမဲ့ စီးပွားရေးလည်းမလုပ်၊ တရားဓမ္မလည်း မလုပ်ခဲ့တဲ့အတွက် ဒုတိယအရွယ်မှာရနိုင်တဲ့ အခွင့်အရေးတွေလည်း ဆုံးရှုံးခဲ့ရပြန်ပြီ။ မဟာဓန သူဌေးကြီးဟာ ပထမအရွယ်မှာရော ဒုတိယအရွယ်မှာပါ ဘာမှမလုပ် ဖြစ်ခဲ့တဲ့အတွက် တတိယအရွယ်မှာတော့ သတိသံဝေဂရပြီး တစ်ခုခုကို လုပ်ဖြစ်ဖို့ ကောင်းတယ်။

တကယ်လို့ တတိယအရွယ်မှာ စီးပွားရှာခဲ့မယ်ဆိုရင် တတိယ တန်းစား သူဌေးကြီးတော့ဖြစ်နိုင်သေးတယ်။ စီးပွားမရှာဘဲနဲ့ တရားဓမ္မကို အားထုတ်ကြမယ်ဆိုပြန်ရင်လည်း သူဌေးကြီးက သကဒါဂါမ်ဖြစ်နိုင်တယ်။ သူဌေးကတော်ကြီးက သောတာပန်တော့ ဖြစ်နိုင်သေးတယ်။ ယခုတော့ အရွယ်သုံးပါးလုံး ဘာမှမလုပ်ခဲ့တဲ့အတွက် လောကရေးရော ဓမ္မရေးပါ နှစ်ခုလုံး ဆုံးရှုံးသွားရပြီ။

**အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။**
**ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။**

အဓိပ္ပါယ်က– အသက်အရွယ်ငယ်တဲ့ အချိန်အခါမှာ ဝိပဿနာ တရားတွေကိုလည်း မကျင့်ခဲ့။ ပစ္စည်းဥစ္စာတွေကိုလည်း မရှာဖွေခဲ့တဲ့ အတွက်ကြောင့် ပစ္စည်းဥစ္စာတွေလည်းကုန်၊ တရားလည်းမရနဲ့ ဒုက္ခရောက် နေရပြီ။

http://www.dhammadownload.com



ငါးလည်းကုန်၊ ရေလည်းကုန်တဲ့ ရွှံ့နွံအိုင်မှာ တောင်ပံကျိုးနေတဲ့ ကြိုးကြာအိုကြီးလိုပဲ။ စားစရာလည်းမရှိ၊ နေစရာလည်းမရှိ၊ စားစရာရှိတဲ့ နေရာကို ပျံသွားဖို့ဆိုတာကလည်း တောင်ပံက ကျိုးနေတော့ ပျံလို့မရ။ အိုကလည်း အိုနေပြီဆိုတော့ စားရမဲ့သောက်ရမဲ့ဘဝနဲ့ ဒုက္ခရောက်ပြီး သေဖို့ပဲရှိတော့တယ်။ ဘာမှမျှော်လင့်ချက်မရှိတော့ဘူးလို့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတယ်။

ယောဂီတွေလည်း သတိထားကြနော်။ မဟာဓနသူဌေးကြီးဟာ အတိတ်ကံ အင်မတန်ကောင်းတဲ့ ပုဂ္ဂိုလ်ပဲ။ ကုဋေ(၁၆၀)ချမ်းသာ ရုံတင် မကဘူး။ ရဟန္တာတောင်ဖြစ်နိုင်တဲ့ ပါရမီတွေက ပြည့်ပြီးသား။ ဒါပေမဲ့ ပစ္စုပ္ပန်မှာ စီးပွားရေးလည်းမလုပ်၊ ဝိပဿနာလည်းမလုပ်တဲ့အတွက် ပထမ တန်းစား သူဌေးကြီးလည်းမဖြစ်၊ ရဟန္တာလည်းမဖြစ်ဘဲ သူတောင်းစား ဖြစ်သွားရတယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အတိတ်ကံချည်းပဲအားကိုးလို့မရဘူး။ ပစ္စုပ္ပန်ကံလည်းကောင်းအောင် လုပ်ဖို့ အရေးကြီးတယ်ဆိုတာ မထင်ရှားဘူးလား။

'ထင်ရှားပါတယ်ဘုရား'

နောက်ပြီး ... လောကီရေးမှာပဲဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ် အရွယ် သုံးပါးအလိုက် အကျိုးပေးတွေကလည်း လျော့လျော့သွားတယ် ဆိုတာ သဘောပေါက်ဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

ဒါဆိုရင် သစ္စာဝါဒရဲ့အနှစ်သာရတွေ ရင်ထဲရောက်ဖို့ကိစ္စကို မြန်မြန် လုပ်ရမှာလား၊ ဖြည်းဖြည်းလုပ်ရမှာလား။

'မြန်မြန်လုပ်ရမှာပါဘုရား'

http://www.dhammadownload.com



မြန်မြန်လုပ်ရမယ်။ ယခုပြောနေတာက သစ္စာဝါဒ၏အနှစ်သာရတွေ ရင်ထဲရောက်ဖို့အတွက် ကမ္မဿကတာသမ္မာဒိဋ္ဌိ ကံနဲ့ ကံရဲ့အကျိုးကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ဖို့ လိုတယ်ဆိုတဲ့ အကြောင်းကို အကျယ်ချဲ့ပြီး ရှင်းပြနေတာနော် ... ။

## မှန်ကန်တဲ့အယူအဆ (၁၀) မျိုး

ကမ္မဿကတာသမ္မာဒိဋ္ဌိကို အပေါ်ယံလောက်ပဲ သိမယ်။ နက်နက်ရှိုင်းရှိုင်းမသိရင် မှားတတ်တယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိမှာ သိစရာတွေ အများကြီးပဲ။ ကမ္မဿကတာသမ္မာဒိဋ္ဌိရဲ့ သမုတိသစ္စာနယ်မှာ မှန်ကန်တဲ့ အယူ(၁၀)ပါးရှိတယ်။

(၁) **အတ္ထိဒိန္နံ** – အလှူပေးတာ အကျိုးရှိတယ်။ ဒီလို ယုံကြည်ရင် သမ္မာဒိဋ္ဌိ။ မယုံကြည်ရင် မိစ္ဆာဒိဋ္ဌိ။

(၂) **အတ္ထိဟုတံ** – နည်းနည်းလှူတာဟာလည်း အကျိုးရှိတယ်။ လက်ဆောင်ပေးတာတို့ တိရစ္ဆာန်လေးတွေကျွေးတာတို့ဟာလဲ အကျိုးရှိပါတယ်။ အသေးအဖွဲအလှူလေးပဲဆိုပြီး အထင်မသေးလိုက်ပါနဲ့။ စေတနာထက်ထက်သန်သန်နဲ့ ပေးတာ ကျွေးတာ ဆိုရင် အကျိုးကြီးတယ်။ ကုသိုလ်ရတယ်။

(၃) **အတ္ထိယိဋ္ဌံ** – အကြီးအကျယ်လှူတာအကျိုးရှိတယ်။ ပကာသန လုပ်ပြီးလှူတာကို ပြောတာမဟုတ်ဘူးနော်။ ဝက်ပေါ် နွားပေါ်နဲ့ အရက်ပုံးလိုက် ထောင်ပေးတဲ့အလှူမျိုးကတော့ ကုသိုလ်က နည်းနည်း အကုသိုလ်ကများများဖြစ်မှာ။ ကုသိုလ် အကုသိုလ် တွေမှာ အကျိုးရင်းရှိတယ်။ အကျိုးဖျားရှိတယ်။ အကျိုးဆက် ရှိတယ်။

http://www.dhammadownload.com



ဒီနေရာမှာ ယောဂီတွေကတော့ ပိုပြီးသိရမယ်။ လှူဒါန်းတဲ့အခါမှာ စေတနာလည်း ထက်သန်ရမယ်။ ဉာဏ်ပညာလည်း ဦးစီးရမယ်။ တတ်နိုင်ရင် ပါရမီမြောက်တဲ့ ဒါနမျိုး ဖြစ်ရမယ်။ ဒီလို အလှူကတော့ အကောင်းဆုံးပဲ။

**အတ္တိဒိန္န အတ္တိဟုတံ အတ္တိယိဋ္ဌ** အဲဒီသုံးမျိုးကို ဗြဟ္မဏတွေက ယဇ်ပူဇော်တယ်လို့ သုံးတယ်။ ယဇ်ဆိုတာ လှူတာပါပဲ။ ဒါပေမဲ့ သူတို့ လိုရာကိုဆွဲပြီးယူသွားတယ်။ သတ္တဝါတွေကို ခေါင်းဖြတ်ပြီး ယဇ်တိုင်မှာ ယဇ်ပူဇော်တယ်။ မြတ်စွာဘုရားဟောတာက အလှူပေးတာအကျိုးရှိတယ်။ ယဇ်ပူဇော်တာဟာ အကျိုးရှိတယ်။ ဒီလိုဆိုလိုတာ။ ဗြဟ္မဏတွေ ယဇ်ပူဇော်တာနဲ့ အဓိပ္ပါယ်ချင်း မတူဘူး။

သတ္တဝါတွေကို သတ်ဖြတ်ပြီး ယဇ်ပူဇော်တာကိုတော့ ဘုရားမကြိုက်ဘူး။ သတ္တဝါတွေကိုသတ်တာ အကုသိုလ်ပဲ။ အကုသိုလ်ဆိုရင် ဆိုးကျိုးပေးမှာ။

**ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏံ၊ ဝေါဒါနဘာဝရသံ။**

**ကုသိုလ်ဆိုတာ**– အပြစ်ကင်းရမယ်။ ကောင်းကျိုးပေးရမယ်။ ဒီနှစ်ချက်ညီမှ ကုသိုလ်ရတာ။ ဒါကြောင့်မို့ အပြစ်ကင်းတဲ့အလှူ ဆိုတာ ငါးပါးသီလ ထိန်းပြီးတော့ လှူတဲ့အလှူဖြစ်ရမယ်။ အဲဒါကို နည်းနည်း ကျယ်ကျယ်ပြန့်ပြန့်လေ့လာမယ်ဆိုရင် ... အကျိုးကြီးတဲ့ဒါနဖြစ်ဖို့အတွက် အင်္ဂါ(၅)ပါးလိုတယ်–

(၁) အလှူပေးပုဂ္ဂိုလ် သီလရှိရမယ်။

(၂) အလှူခံပုဂ္ဂိုလ် သီလရှိရမယ်။

(၃) စေတနာသုံးတန် ထက်သန်ရမယ်။

http://www.dhammadownload.com



(၄) လှူဖွယ်ဝတ္ထုဟာ သန့်ရှင်းစင်ကြယ်ရမယ်။

(၅) ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ပြည့်စုံရမယ်။ အဲဒီအင်္ဂါ(၅)ပါးနဲ့ပြည့်စုံတဲ့အလှူဟာ အင်မတန်အကျိုး ရှိတယ်။ လှူတဲ့အခါမှာ စေတနာလည်း မထက်သန်ဘူး။ ဉာဏ်လည်း မဦးစီးဘူးဆိုရင် အကျိုးမရှိဘူးလို့တော့ မဟုတ်ပါဘူး။ အလှူဆိုရင်တော့ အကျိုးရှိတာပါပဲ။ အကျိုးပေးနည်းတာနဲ့ များတာပဲ ကွာမယ်။

ရှေ့ဆက်ရအောင် ... မှန်ကန်တဲ့အယူအဆ (၁၀)မျိုးထဲက နောက် တစ်ခုက–

(၄) **အတ္ထိ သုကတ ဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော**–ကုသိုလ် အကုသိုလ်ရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ ကုသိုလ်က ကောင်းကျိုးပေးမယ်။ အကုသိုလ်ကဆိုးကျိုးပေးမယ်။ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်ဆိုတာရှိတယ်။ ဒါဟာ မှန်ကန် တဲ့အမြင် မှန်ကန်တဲ့အယူ။

(၅) **အတ္ထိမာတာ** – မိခင်ကို ပြုစုလုပ်ကျွေးရင် အကျိုးရှိတယ်။ ပြစ်မှားရင် ဆိုးကျိုးတွေခံရမယ်။ အပါယ်လေးပါးရောက်မယ်။ မိခင်ဖခင်ဆိုတာ မွေးပြီးရုံ မဟုတ်ဘူးဗျ။ ပြုစုစောင့်ရှောက်ရ သေးတယ်။ တရားရိပ်သာတွေကို ရက်ရှည်လများ ဝင်ချင်တာ တောင် မဝင်ဖြစ်ဘူး။ သားသမီးတွေ ပြုစုစောင့်ရှောက်ရတာကို ဦးစားပေးထားတယ်။ ဒါကြောင့်မို့ မိခင်ဖခင်ကို ကျေးဇူးမရှိဘူး ဆိုတဲ့ အယူဟာ မိစ္ဆာဒိဋ္ဌိ။ သေရင် ဒယ်အိုးထဲရောက်မှာ။

(၆) **အတ္ထိပိတာ** – ဖခင်ကို ပြုစုလုပ်ကျွေးရင် အကျိုးရှိတယ်။ လူရော နတ်ရော လေးစားတယ်။ ခင်မင်တယ်။ ကြည်ညိုတယ်။ ဖခင်ကို ပြစ်မှားရင် လောလောဆယ်လည်း ဒုက္ခရောက်မယ်။ သေရင်လည်း အပါယ်လေးပါး ရောက်မယ်။

http://www.dhammadownload.com



(၇) **အတ္ထိ အယံလောကော** – လောကကြီးရှိတယ်။ လောကကြီးရှိနေလို့ အခုဒီမှာ လူတွေကို တွေ့နေရတာပဲ။

(၈) **အတ္ထိ ပရောလောကော** – တခြားသောလောကတွေလည်းရှိတယ်။ ငရဲတွေ ပြိတ္တာတွေ ရှိတယ်။ ပကတိမျက်စိနဲ့တော့ ဘယ်မြင်ရမလဲ။ သိတဲ့သူ မြင်တဲ့သူတွေ အများကြီးရှိတယ်။

(၉) **အတ္ထိ သတ္တာ ဩပပါတိကာ** – လူတွေလို မိခင်ရဲ့ဝမ်းဗိုက်ထဲမှာ ပဋိသန္ဓေနေပြီးမှ မွေးဖွားလာတာမျိုးမဟုတ်ဘဲ ဘွားခနဲပေါ်လာတဲ့ သတ္တဝါမျိုး ရှိတယ်။ ဥပမာအားဖြင့် နတ်တွေ ဗြဟ္မာတွေဆိုတာ အပျိုအရွယ် လူပျိုအရွယ်ကို ဘွားခနဲပေါ်လာတာနော်။ တချို့က ဒါမျိုးကိုမယုံချင်ဘူး။ ဒါ–ဘုရားဟောထားတာပဲ။

## **'ကမ္မဝိသယော အစိန္တိယော'**

ကံရဲ့အရာဟာ သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ နားမလည်နိုင်လောက်အောင်ကို ဆန်းကြယ်ပါတယ် တဲ့။ ကိုယ့်ဉာဏ်လေး တစ်ထွာ တစ်မိုက်နဲ့ မယုံဘူး မလုပ်နဲ့။ သမုဒ္ဒရာရေအနက်ကို တုတ်နဲ့ ထောက်တိုင်းသလို ဖြစ်နေမယ်။

တချို့က ဒီလိုယူဆသေးတယ်။ သေပြီးရင် တစ်ဖန်ဖြစ်တဲ့သတ္တဝါဆိုတာ မရှိဘူး။ လူမိုက်ပဲဖြစ်ဖြစ်၊ ပညာရှိသူတော်ကောင်းပဲ ဖြစ်ဖြစ် သေပြီးရင် ပြတ်ပြီ။ ဘာမှပြန်မဖြစ်တော့ဘူး။ ဒါဟာ မိစ္ဆာဒိဋ္ဌိအယူတွေပဲ။ အမှန်က အရဟတ္တမဂ် အရဟတ္တဖိုလ် မရသေးသရွေ့ ဒီဘဝသေပြီးရင် နောက်ဘဝတစ်ခု ဖြစ်နေဦးမှာ။ ဒီလိုကို ယုံကြည်မှ သမ္မာဒိဋ္ဌိဖြစ်မှာနော်။ မယုံဘူးဆိုရင် မိစ္ဆာဒိဋ္ဌိ။

http://www.dhammadownload.com



(၁၀) **အတ္ထိ လောကေ သမဏာဗြာဟ္မဏာ** – ဘုရား, ပစ္စေကဗုဒ္ဓါနဲ့ အဘိညာဉ်ရတဲ့ရဟန္တာတွေဆိုတာ ရှိတယ်။ တမလွန်လောကကို သိနိုင်တဲ့ တန်ခိုးရှင်တွေရှိတယ်။ အကျင့်ကောင်း အကျင့်မြတ်တွေကို ကျင့်ကြံနေကြတဲ့ သူတော်သူမြတ်တွေ လောကမှာ ရှိတယ်။ ဒီလိုယုံကြည်မှုလည်း သမ္မာဒိဋ္ဌိဖြစ်တာနော်။

'မှန်လှပါဘုရား'

အခုပြောတဲ့ မှန်ကန်တဲ့အယူအဆ(၁၀)မျိုး။ သမ္မာဒိဋ္ဌိ(၁၀)မျိုးဟာ ကံနယ်၊ ပညတ်နယ်ပဲ ရှိသေးတယ်။ ပရမတ်နယ် မရောက်သေးဘူး။ အဲဒီ သမ္မာဒိဋ္ဌိတွေဟာ သိရင်အင်မတန်တန်ဖိုးရှိတယ်။ နှလုံးသွင်းမှန်မှန်ကန်ကန်နဲ့ သိတတ်, မြင်တတ်, ယူတတ်လို့ရှိရင် အင်မတန်အကျိုးများတယ်။

ဒီ(၁၀)ချက်ကို ခြုံလိုက်ရင် ကံနဲ့ ကံ၏ အကျိုးရှိတယ် ဆိုတာပဲ။ တကယ်လည်း မှန်ကန်တယ်။ မှန်ကန်လို့ သစ္စာ။ ဒါပေမဲ့ သမုတိသစ္စာ။ သမုတိသစ္စာကလည်း ပယ်လို့မရဘူး။ သမုတိသစ္စာကို ပယ်လိုက်လို့ရှိရင် ဒါန, သီလ, သမထကို ပယ်ရာရောက်တယ်။ ဒါန, သီလ, သမထတွေကို ပယ်ရင် အပါယ်ကျမှာပဲ။ ပယ်လို့မရဘူး။

ဗုဒ္ဓဝါဒ, သစ္စာဝါဒဟာ အခြေခံကနေ တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်သွားတာ။ အခြေခံမပါဘဲနဲ့ ခုန်တက်တဲ့ဝါဒ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်မှန်ကန်ကန်နားလည်တော့မှ သီလ, သမာဓိ, ပညာကို မှန်မှန်ကန်ကန် တည်ဆောက်နိုင်တယ်။

ကုသိုလ် အကုသိုလ်အကျိုးကို ယုံကြည်မှ ဒါန, သီလ, ဘာဝနာ လုပ်မှာပေါ့။ မယုံကြည်ရင် ဘယ်လုပ်မလဲ။ မယုံကြည်ဘဲ လုပ်တယ် ဆိုတာ သူများခိုင်းလို့ လုပ်နေရတာ။ စိတ်မပါဘူး။ စေတနာ မပါဘူး။

http://www.dhammadownload.com



လုပ်လည်းပဲ ပေါ့တီးပေါ့ဆ ခဏပဲ။ အောင်မြင်အောင်လည်း မလုပ်ချင်ဘူး။ ယုံမှမယုံပဲ။ သိလည်း မသိဘူး။

တကယ်သိ တကယ်ယုံတဲ့ပုဂ္ဂိုလ်က ဒါနပဲဖြစ်ဖြစ်၊ သီလပဲဖြစ်ဖြစ် ဘာဝနာပဲဖြစ်ဖြစ် တကယ့်ကို အားကိုးရာ တရားတွေပဲလို့ စေတနာ ထက်ထက်သန်သန်နဲ့ နှစ်နှစ်ကာကာ လိုလိုလားလား ဆောင်ရွက်တယ်။ မြတ်မြတ်နိုးနိုးနဲ့ လေးလေးစားစားလည်း ဆောင်ရွက်တယ်။

ဒါန, သီလ, ဘာဝနာကို သိက္ခာနဲ့ပြောရင် သီလသိက္ခာ, သမာဓိ သိက္ခာ, ပညာသိက္ခာ။ ဒါနက သီလထဲထည့်လိုက်။ သမထက သမာဓိထဲ ပါသွားမယ်။ ဝိပဿနာက ပညာထဲပါသွားမယ်။ ဒါန, သီလ, ဘာဝနာနဲ့ သီလ, သမာဓိ, ပညာ အတူတူပဲ။

ဒါန, သီလ, ဘာဝနာဟာ သဒ္ဓမ္မ။ ဓမ္မံ သရဏံ ဂစ္ဆာမိ – ဆိုတာ တရားကိုကျင့်သုံးတာ။ ဘာတွေကျင့်သုံးရမလဲ။ ဝိပဿနာတစ်ခုတည်း ကျင့်သုံးလို့ မရဘူး။ ဒါနလည်း ပြုရမယ်။ သီလလည်း ဆောက်တည် ရမယ်။ သမထလည်း ကျင့်သုံးရမယ်။ ဝိပဿနာလည်း ကျင့်သုံးရမယ်။ အခြေအနေပေးရာကို ကျင့်သုံးရမှာပဲ။

အဲဒီလို ကျင့်သုံးတာဟာ 'ဓမ္မံ သရဏံ ဂစ္ဆာမိ'ပဲ။ ဓမ္မံ သရဏံ ဂစ္ဆာမိ လုပ်နိုင်ရင် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' နဲ့ 'သံဃံ သရဏံ ဂစ္ဆာမိ'လည်း ပါသွား တာပဲ။ ဒါကြောင့်မို့ ကမ္မဿကတာသမ္မာဒိဋ္ဌိရဲ့ သမုတိသစ္စာနယ်က မှန်ကန်တဲ့ အယူ(၁၀)ပါးကို သေသေချာချာ သိဖို့ကလည်း အင်မတန် အရေးကြီးပါတယ်။

သမ္မာဒိဋ္ဌိ၏ တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းဆိုတာ ... ကမ္မဿ–ကတာသမ္မာဒိဋ္ဌိတစ်မျိုးတည်းကို ကွက်ပြောတာမဟုတ်ဘူးနော်။ သမ္မာဒိဋ္ဌိ (၅)မျိုးကို မှတ်မိသေးလား။ ပြောကြည့်ပါဦး။

http://www.dhammadownload.com



(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ

(၂) ဝိပဿနာ သမ္မာဒိဋ္ဌိ

(၃) မဂ္ဂ သမ္မာဒိဋ္ဌိ

(၄) ဖလ သမ္မာဒိဋ္ဌိ

(၅) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ–ပါဘုရား။

ဟုတ်တယ်။ ဒီ(၅)မျိုးလုံးရဲ့အဓိပ္ပါယ်ကို မှန်ကန်စွာ နားလည်ခြင်း ဆိုရင်တော့ ပြည့်စုံသွားတာပေါ့။ ကမ္မဿကတာသမ္မာဒိဋ္ဌိ တစ်မျိုးတည်းဆို အခြေခံပဲရှိသေးတယ်။ အများကြီးကျန်သေးတယ်။ ဝိပဿနာသမ္မာဒိဋ္ဌိကို ဆက်သွားရအောင် ...။

## ဝိပဿနာသမ္မာဒိဋ္ဌိ၏တန်ခိုးကို မှန်ကန်စွာနားလည်ခြင်း

ဝိပဿနာသမ္မာဒိဋ္ဌိဆိုတော့ ပရမတ္ထသစ္စာဘက် ရောက်သွားပြီ။ ပရမတ္ထတရား လေးပါးဖြစ်တဲ့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ကို တရားနာသောအားဖြင့် သိသင့်သလောက် သိနေရမယ်။

စာပေဝေါဟာရတွေ မပြောတတ်ရင်တောင်မှ သဘောတရားကို နားလည်ထားရမယ်။ အဘိဓမ္မာစာမေးပွဲဖြေမယ့်သူတွေလို ငယ်, လတ်, ကြီးစာမေးပွဲဖြေမယ့်သူတွေလို အသေးစိတ်နားလည်မှ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်နိုင်မယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်။ သဘောပေါက် လွဲနေဦးမယ်။

ကားမောင်းသမားလိုပေါ့။ အခုဆိုရင် ရန်ကုန်မှာ အမျိုးသမီးတွေ တောင် ကားမောင်းနေကြတာပဲ။ မိဘက ချမ်းသာတော့ ကိုယ်ပိုင်ကားလေး

http://www.dhammadownload.com



တွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ်တိုင် မောင်းနေကြတာ တွေ့ဖူးတယ် မဟုတ်လား။

'တွေ့ဖူးပါတယ်ဘုရား'

သူတို့ ကားမောင်းနေပေမယ့် ... အင်ဂျင်အကြောင်း အသေးစိတ် သိရဲ့လား။

'မသိပါဘူးဘုရား'

ဂီယာဘောက်စ်အကြောင်းရော အသေးစိတ်သိလား။

'မသိပါဘူးဘုရား'

ဝါယာရိန်းအကြောင်းရော။

'မသိပါဘူးဘုရား'

ဘရိတ်ပေါက်ရင်ရော ပြင်တတ်လား။

'မပြင်တတ်ပါဘူးဘုရား'

ကားအကြောင်း အသေးစိတ်မသိပေမယ့် ဂီယာဘယ်လိုထိုးရတယ်။ လီဗာ ဘယ်လိုနင်းရတယ်။ ဘရိတ် ဘယ်လိုနင်းရတယ်။ စတီယာတိုင် ဘယ်လိုလှည့်ရတယ်ဆိုတာသိတော့ ကားမောင်းလို့ရတာပဲ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒီလိုပဲပေါ့။ ပရမတ္ထတရားလေးပါးအကြောင်းကို အသေးစိတ် မသိပေမယ့် အခြေခံလောက်သိရင် ဝိပဿနာအားထုတ်လို့ရတာပဲ။ အဘိဓမ္မာ သင်တန်းတွေ မတက်ရသေးလို့လည်း စိတ်အားမငယ်ပါနဲ့။ ငယ်, လတ်, ကြီး စာမေးပွဲတွေ မအောင်သေးလို့လည်း စိတ်အားမငယ်ပါနဲ့။ အလုပ်ပေး တရားတွေ များများနာ။ အလုပ်ပေး တရားစာအုပ်တွေ များများဖတ်။ လက်တွေ့လည်း အားထုတ်။

http://www.dhammadownload.com



တရားပြဆရာ ခိုင်းတဲ့အတိုင်းသာလုပ်၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်မှာပဲ၊ ဒီလိုပြောလို့ စာတတ်ဖို့မလိုဘူး။ ဒီလိုဆိုလိုတာ မဟုတ်ဘူးနော်။ သင်နိုင်ရင်တော့ ပိဋကတ်သုံးပုံကုန်လေ ကောင်းလေပေါ့ဗျာ။

အခုပြောနေတာက ကားအကြောင်း အသေးစိတ်မသိပေမယ့် ကားမောင်းတတ်ရင် လိုရာခရီးကို ကိုယ်တိုင်မောင်းသွားလို့ရသလို စာတွေအများကြီး မတတ်ပေမယ့် တရားပြဆရာ ခိုင်းတဲ့အတိုင်း အားထုတ်တတ်မယ်ဆိုရင် ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်နိုင်တယ်။ ဒီလို ဆိုလိုတာနော်။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

ဝိပဿနာသမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းဆိုတာ ရုပ်တွေနာမ်တွေရဲ့ အနိစ္စ ဒုက္ခ အနတ္တကိုသိမြင်တဲ့ ဝိပဿနာဉာဏ်တွေ ရင်ထဲမှာကိန်းလာခြင်းကို ဆိုလိုပါတယ်။

အဲဒီတော့ ဝိပဿနာသမ္မာဒိဋ္ဌိရဲ့တန်ဖိုးကိုမှန်ကန်စွာနားလည်ဖို့အတွက် ရုပ်တွေနာမ်တွေရဲ့ အခြေခံသဘောလေးတွေကိုတော့ သေသေချာချာသိဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

အရင်တုန်းကလည်းဟောပြီးသားမို့ ဘယ်လောက်မှတ်မိသလဲဆိုတာ သိရအောင် အမေးအဖြေလေးနဲ့ဟောကြစို့။ (အသေးစိတ်သိလိုလျှင် လွတ်မြောက်မှုချမ်းသာကိုရှာဖွေခြင်း စာအုပ်တွင်ကြည့်ပါ။)

ရုပ်ဆိုတာ ဘာကိုဆိုလိုတာလဲ။

'ဖောက်ပြန်တတ်တဲ့သဘောကို ဆိုလိုတာပါဘုရား'

ဘယ်လို ဖောက်ပြန်တာလဲ။

http://www.dhammadownload.com



'မာမှုနဲ့လည်း ဖောက်ပြန်တယ်။ ပျော့မှုနဲ့လည်း ဖောက်ပြန်တယ်။ ပူမှုနဲ့လည်းဖောက်ပြန်တယ်။ အေးမှုနဲ့လည်းဖောက်ပြန်တယ်။ လှုပ်မှုနဲ့လည်း ဖောက်ပြန်တယ်။ထောက်ကန်မှုနဲ့လည်း ဖောက်ပြန်ပါတယ်ဘုရား'

ပေါ့မှုလေးမှုနဲ့ ဖောက်ပြန်တာရော မရှိဘူးလား။

'ရှိပါတယ်ဘုရား'

အဲဒီလိုဖောက်ပြန်တတ်တဲ့သဘောတွေကို သာမန် ပကတိမျက်စိနဲ့ မြင်နိုင်ပါ့မလား။

'မမြင်နိုင်ပါဘူးဘုရား'

ဘာနဲ့မှ မြင်နိုင်သလဲ။

'ဉာဏ်မျက်စိနဲ့မှ မြင်နိုင်ပါတယ်ဘုရား'

ဩော် ... ဒါဆိုရင် မျက်စိလေးမှိတ်ပြီး ထိုင်မှတ်နေတဲ့အခါ လှုပ်တဲ့ သဘောလေးကိုလည်းသိ၊ ပူတဲ့သဘောလေးကိုလည်းသိ၊ အေးတဲ့သဘော လေးကိုလည်းသိ၊ တောင့်တင်းတဲ့ သဘောလေးကိုလည်းသိ၊ ဒီလိုသိသိ နေတာဟာ ရုပ်ရဲ့ဘာလက္ခဏာကို သိနေတာလဲ။

'သဘာဝလက္ခဏာကို သိနေတာပါဘုရား'

ဒါဆို ... နောက်တစ်ဆင့်က ရုပ်ရဲ့ဘာလက္ခဏာကိုသိအောင် ရှုရ ဦးမှာလဲ။

'သာမညလက္ခဏာကိုသိအောင်ရှုရဦးမှာပါဘုရား'

ဟုတ်တယ်။ သာမညလက္ခဏာကိုသိအောင် ရှုရမယ်ဆိုတာ အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို သိအောင် ရှုရမယ်လို့ ဆိုလိုတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



မာတဲ့သဘောကလည်း အမြဲတမ်းမာမနေဘူး။ ထိုင်ခါစမှာ မာနေပေမယ့် နောက်ကျတော့ ပျော့ရင်ပျော့သွားတာ။ ပြောင်းလဲနေတယ်။ အနိစ္စတရား။ အဲဒီပြောင်းလဲတဲ့ အမှတ်အသားကို အနိစ္စလက္ခဏာလို့ ခေါ်တာ။ ပြောင်းလဲတဲ့အမှတ်အသားကို ဉာဏ်နဲ့ပိုင်ပိုင်နိုင်နိုင် သိတာက အနိစ္စာနုပဿနာဉာဏ်။ ဒီဉာဏ်ရပြီဆိုရင်တော့ ဝိပဿနာသမ္မာဒိဋ္ဌိရဲ့ တန်ဖိုးကို မှန်ကန်စွာနားလည်ပြီ။

အဲဒီလိုပဲ နာမ်တရားတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တကို သိမြင်တဲ့ ဝိပဿနာဉာဏ်တွေ ရင်ထဲမှာကိန်းလာအောင် ရှုမှတ်နိုင်ပြီဆိုရင် ဝိပဿနာ သမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်ကန်စွာနားလည်ပြီပေါ့။

နာမ်တရားဆိုတာကရော ဘာကိုခေါ်တာလဲ။

'စိတ်နဲ့စေတသိက်ကိုခေါ်တာပါဘုရား'

ခန္ဓာနဲ့ပြောကြည့်ပါဦး။

'သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ပါဘုရား'

ရုပ်တရား, နာမ်တရားတွေဟာ သူ့သဘောသူဆောင်နေကြတာနော်။ ရုပ်ကလည်း သူ့အလုပ် သူလုပ်မှာပဲ။ နာမ်တရားတွေကလည်း သူ့အလုပ် သူလုပ်နေမှာပဲ။ ဒီခန္ဓာကိုယ်မှာ စက်ရုံကြီးလို အလုပ်လုပ်နေကြတာ။

အဲဒီလို သူ့အလုပ် သူလုပ်နေတဲ့ ရုပ်တရား, နာမ်တရားတွေရဲ့ မမြဲတဲ့ သဘော, ဆင်းရဲတဲ့သဘော, အစိုးမရတဲ့သဘော, ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား မိန်းမ မဟုတ်တဲ့သဘောတွေကို သိအောင်ရှုမှတ်နိုင်မှ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်မှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



တရားနာသောအားဖြင့် စာဖတ်သောအားဖြင့် သိတာက သုတမယ ဉာဏ်။ ပြန်လည် စဉ်းစားဆင်ခြင်ပြီး သိတာက စိန္တာမယဉာဏ်။ သုတမယ ဉာဏ်နဲ့ စိန္တာမယဉာဏ်ကို ပရိညာနဲ့ပြောတော့ ဉာတပရိညာ။ ပစ္စုပ္ပန် တည့်တည့် ရှုမှတ်ပွားများပြီး သေသေချာချာသိတာကျတော့ တီရဏပရိညာ။

အဲဒီ တီရဏပရိညာနဲ့သိတဲ့အသိကို ဘာဝနာမယဉာဏ်လို့ခေါ်တယ်။ ဝိပဿနာဉာဏ်လို့လည်းခေါ်တယ်။ သစ္စာနုလောမိကသမ္မာဒိဋ္ဌိဉာဏ်လို့ လည်းခေါ်တယ်။ အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာ နုပဿနာဉာဏ် ဒီလိုလည်းခေါ်တယ်။ ဝိပဿနာဉာဏ်(၁၀)ဉာဏ်နဲ့ပဲခွဲခွဲ၊ (၁၆)ဉာဏ်နဲ့ပဲခွဲခွဲ အကုန်ပါသွားတာပဲ။

ဝိပဿနာသမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းဆိုတာ ရုပ်တွေ နာမ်တွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တကိုသိမြင်တဲ့ ဝိပဿနာဉာဏ်တွေ ရင်ထဲမှာ ကိန်းလာခြင်းကို ဆိုလိုတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဝိပဿနာဉာဏ်တွေ ရင်ထဲမှာကိန်းလာရင် လောဘလည်း လျော့လာ မယ်။ ဒေါသလည်း လျော့လာမယ်။ မောဟလည်း လျော့လာမယ်။

ဒါပေမဲ့ ဝိပဿနာသမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်ကန်စွာနားလည်ဖို့ဆိုတာ တရားနာရုံလောက်နဲ့တော့ မှန်ကန်စွာ ကျကျနန နားမလည်နိုင်ဘူး။ အပေါ်ယံလောက်ပဲ နားလည်မှာပဲ။ နက်နက်ရှိုင်းရှိုင်း သဘောမပေါက် နိုင်ဘူး။ တကယ့်ကို ကြိုးစားပွားများအားထုတ်တော့မှ နက်နက်ရှိုင်းရှိုင်း သိနိုင်တာ။

ဝိပဿနာတရားတွေအားထုတ်တာဟာ တကယ့်ကို သောက ပရိဒေဝ တွေ ပါးစေတာပဲ၊ ငြိမ်းစေတာပဲ၊ အေးစေတာပဲ။ ကိုယ့်အဆင့်နဲ့ ကိုယ်ပေါ့။

http://www.dhammadownload.com



ဝိပဿနာဉာဏ်တွေ အားကောင်းရင် အားကောင်းသလောက် သောက ပရိဒေဝတွေ စိုးရိမ်ပူဆွေးမှုတွေ ငြိမ်းစေတယ်။ သည်းခံနိုင်တယ်။ ခွင့်လွှတ်နိုင်တယ်။ စွန့်လွှတ်နိုင်တယ်။ သဘောထား ပြည့်ပြည့်ဝဝ ထားနိုင်တယ်။ ဒါ လက်တွေ့တွေပဲ။ အပြောမဟုတ်ဘူး။ ကိုယ်တိုင်လုပ်ရင် ကိုယ်တိုင်သိတာပဲ။

ဝိပဿနာဉာဏ် လုံးဝမရှိတဲ့ပုဂ္ဂိုလ်တွေ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲရာထူးကြီးကြီး အမြဲတမ်း စိုးရိမ်သောက ဖြစ်နေရတယ်။ သူများမြင်သာတဲ့ ငိုကြွေးရတာတွေ ရှိသလို သူများမသိအောင် ကြိတ်ပြီးတော့ ရင်ထဲမှာ ငိုကြွေးရတာတွေလည်း အမြဲတမ်းရှိနေမှာပဲ။

ဝိပဿနာတရားတွေ မနာ၊ ဝိပဿနာတရားတွေ အားမထုတ်လို့ ဝိပဿနာဉာဏ်မှ ရင်ထဲမရောက်ရင် စိုးရိမ်လို့၊ ပူဆွေးလို့၊ ငိုကြွေးလို့ မဆုံးနိုင်ဘူး။ မသေခင်လည်း ခဏခဏ စိုးရိမ်ပူဆွေးငိုကြွေးရတယ်။ သေခါနီးတော့လည်း ငိုပြီးသေရတယ်။ သေပြီးတော့လည်း ငိုရတဲ့ဘဝ ရောက်ဦးမယ်။ အပါယ်လေးပါးရောက်ရင် ငိုလို့ကိုမဆုံးနိုင်ဘူး။

ဒါကြောင့်မို့ မြတ်စွာဘုရား ဒေသနာတော်ထဲမှာ သတ္တဝါတစ်ဦးတစ်ယောက်ကျခဲ့တဲ့မျက်ရည်တွေကို မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ စုကြည့်လိုက်မယ်ဆိုရင် သမုဒ္ဒရာလေးစင်းထဲက ရေတွေက နည်းသေးတယ်တဲ့။ ငိုရတဲ့ဘဝတွေ ဘယ်လောက်တောင်များလည်း ဆိုတာ သေသေချာချာများတွေးကြည့်ရင် အင်မတန်ကြောက်ဖို့မကောင်းဘူးလား။

'ကြောက်ဖို့ကောင်းပါတယ်ဘုရား'

မျက်ရည်ကျရတဲ့ဘဝတွေတင် များတာမဟုတ်သေးဘူးနော်။ သတ္တဝါတစ်ဦးတစ်ယောက် လည်ပင်းအဖြတ်ခံရလို့ ကျခဲ့ရတဲ့သွေးတွေကို မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ စုကြည့်လိုက်မယ်ဆိုရင်လည်း သမုဒ္ဒရာလေးစင်းထဲကရေတွေက နည်းသေးတယ် တဲ့။

http://www.dhammadownload.com



ကြက်ဘဝနဲ့ အသတ်ခံရ။ ဝက်ဘဝနဲ့ အသတ်ခံရ။ နွားဘဝနဲ့ အသတ်ခံရ။ ငါးဘဝနဲ့ အသတ်ခံရ။ ကြီးနိုင်ငယ်ညှဉ်း အသတ်ခံရနဲ့ လည်ပင်းဖြတ် အသတ်ခံရတဲ့ဘဝတွေက အသင်္ချေ အနန္တပဲ။

သူတော်ကောင်းတရားတွေကို မလေ့လာ မနာကြား၊ တရားလည်း အားမထုတ်ဘဲ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆနေမယ်ဆိုရင် တို့သူငါတွေ အခုလိုပဲ သံသရာကြီးထဲမှာကျင်လည်ပြီး မျက်ရည်ကျရတဲ့ ဘဝတွေ လည်ပင်းဖြတ်အသတ်ခံရတဲ့ဘဝတွေ အသင်္ချေအနန္တကြုံရဦးမယ်ဆိုတော့ တွေးကြည့်ရင် ကြောက်စရာမကောင်းဘူးလား။

## 'ကောင်းပါတယ်ဘုရား'

အဲဒါဉာဏသံဝေဂပဲ။ သံသရာကျင်လည်ရမှာကိုကြောက်မှ သံသရာကျင်လည်အောင် မြှောက်ထိုးပင့်ကော်လုပ်တဲ့ အဝိဇ္ဇာ, တဏှာကို တားနိုင်မယ်။ ခဏပယ်နိုင်မယ်။ အမြစ်ပြတ်တော့ မပယ်နိုင်သေးဘူး။ သံသရာ လည်ရမှာကိုကြောက်တဲ့စိတ် အင်မတန်အားကောင်းရင် အဝိဇ္ဇာ, တဏှာရဲ့ အလိုကို အမြဲတမ်း မလိုက်တော့ဘူး။ ဘယ်လိုမှ တွန်းလှန်လို့ မရတဲ့အခါ တော့ ပါသွားတာပေါ့။ တော်ရုံတန်ရုံကတော့ အဝိဇ္ဇာ, တဏှာရဲ့ အလိုကို မလိုက်တော့ဘူး။ 'သတိ, ပညာ'နောက်ကိုပဲ လိုက်တော့တယ်။

ဒါက သံဝေဂနဲ့ပဲ ဆိုင်ပါသေးတယ်။ ကျကျနနစာတ်တွေ, ပရမတ် တွေ ဝိပဿနာဉာဏ်တွေ မရောက်သေးဘူး။ အဲဒီအခြေခံလောက်တောင်မှ သဘောမပေါက်ဘူးဆိုရင် ရှေ့တက်ဖို့သိပ်မလွယ်ဘူး၊ တက်လည်းခဏပဲ။ ဆုံးခန်းတိုင်အောင် မရောက်နိုင်ဘူး။ အခြေခံကို ကျကျနနသဘောပေါက် ပိုင်နိုင်သွားတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရသေးရင်တောင် နောင်ဘဝမှာရဖို့ ကျိန်းသေပဲ။

http://www.dhammadownload.com



အကုသိုလ်တွေရဲ့အပြစ် ကိလေသာတွေရဲ့အပြစ်ကို သေသေချာချာ သိရင် အကုသိုလ်တွေကိုလည်း အတတ်နိုင်ဆုံးရှောင်တော့မယ်။ ကိလေသာတွေကိုလည်း အတတ်နိုင်ဆုံး ပါးအောင် ကြိုးစားတယ်။ ကိုယ်လည်း ကိလေသာပါးအောင် ကိုယ့်မိသားစုတွေ ကိုယ်ခင်တဲ့သူတွေကိုလည်း ကိလေသာပါးအောင် တိုက်ပွဲဝင် ကြိုးစားတယ်။ ကုန်တော့ မကုန်သေးဘူးပေါ့။

မကြိုးစားဘဲနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေလို့ အဝိဇ္ဇာ, တဏှာနောက်ကိုပါနေရင်တော့ မျက်ရည်ပင်လယ်ဝေရမယ်။ လည်ချောင်းသွေးတွေ သမုဒ္ဒရာရေထက် များလိမ့်မယ်။ အဲဒီလိုသိတာဟာ သစ္စာဝါဒရဲ့ အနှစ်သာရတစ်ခုပဲ။ မြတ်စွာဘုရားရဲ့ တရားတော်တွေကို နာကြားမယ်, အားထုတ်မယ်ဆိုရင် အဲဒီအသိရောက်အောင်လုပ်ရမယ်။ ကြိုးစားရမယ်။

အဲဒီလို ကြိုးစားလိုက်လို့ ဝိပဿနာဉာဏ်တွေ ရလာလို့ရှိရင် တစ်သံသရာလုံး ခြယ်လှယ်ခဲ့တဲ့ အဝိဇ္ဇာ, တဏှာနောက်ကို အလိုက်နည်းသွားတယ်။ ရဟန္တာမဖြစ်သေးတော့ ပယ်တော့ မပယ်နိုင်သေးဘူး။ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ဖော်ညွှန်းပြတဲ့ သတိ, ပညာ နောက်ကို တဖြည်းဖြည်း ဦးတည်လာတယ်။ ဒါဟာ ဝိပဿနာသမ္မာဒိဋ္ဌိရဲ့ တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းပဲ။

ဒါပေမဲ့ အဝိဇ္ဇာ, တဏှာက အားကြီးပြီး၊ သတိ, ပညာက အားနည်းသေးတော့ သတိ, ပညာနောက်ကို လိုက်ချင်သလောက် လိုက်လို့မရသေးဘူး။ အဝိဇ္ဇာ, တဏှာက ဆွဲထားတာကိုး။ ဟောဒီလောကကြီးကို စိတ်က ဆွဲဆောင်တယ်။ စိတ်အလိုကို လောကကြီးက လိုက်ရတယ်။ လောကဆိုတာ ရုပ်နာမ်ကိုပြောတာ။ လူတွေ, နတ်တွေ, သတ္တဝါတွေဆိုတာ ပညတ်အနေနဲ့ ပြောတာ။ ပရမတ်အနေနဲ့ဆို ရုပ်တွေ, နာမ်တွေပဲ။ အဲဒီရုပ်နာမ်တွေဟာ စိတ်ဆွဲဆောင်ရာနောက်ကို ပါရတယ်။

http://www.dhammadownload.com



ဒါကတော့ ကိလေသာမကင်းသေးတဲ့ ပုထုဇဉ်တွေကို အဓိကပြော တာပါ။ ကိလေသာ ကင်းစင်သွားတဲ့ ဘုရား, ရဟန္တာတွေကတော့... ကိလေသာနောက်ကို မလိုက်တော့ပါဘူး။ သတိ, ပညာ နောက်ကိုပဲ လိုက်တယ်။ တို့သူငါတွေကတော့ ကိလေသာတွေ မကင်းစင်သေးလို့ အဝိဇ္ဇာ, တဏှာ အားကြီးလို့ ဒီကိလေသာနောက်ပဲ ပါပါသွားတယ်။ သူက အားကောင်းတာကိုး။

ဥပမာအားဖြင့် နွားတွေကို သတ်ဖို့ ဆွဲတဲ့အခါမှာ အသတ်ခံရတော့မယ် ဆိုတာကို သိနေတော့ နွားတွေက ဘယ်လိုက်ချင်မလဲ။ ဒါပေမဲ့ နဖားကြိုးကလည်း ထိုးထား။ နိုင်လွန်ကြိုးတွေကလည်း ခိုင်ခိုင်ခံ့ခံ့။ နောက်ကလည်းတုတ်နဲ့ရိုက်နေတော့ မလိုက်ချင်ပေမယ့် တရွတ်တရွတ်နဲ့ ပါသွားရသလိုပေါ့။

တို့သူငါတွေလည်း တရားတွေနာ တရားတွေအားထုတ်လို့ လောဘရဲ့ အပြစ် ခင်မင်တဲ့အပြစ် လိုချင်တဲ့အပြစ်တွေကို သိသားပဲ။ သိလို့လည်းပဲ ပါးအောင် ကုန်အောင် လုပ်နေတာပဲ။ ဒါပေမဲ့လို့ အဝိဇ္ဇာ, တဏှာက အားကောင်းတော့ ပါပါသွားတယ်။ အဲဒီလို ပါမှန်းသိရင် 'သတိ, ပညာ' အားကောင်းအောင် ဆက်ကြိုးစားရမယ်။

ဆက်ကြိုးစားလို့ ဝိပဿနာဉာဏ်တွေ ရင့်ထဲမှာ ကိန်းလာရင် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေဟာ တရစပ်ကြီး ဖောက်ပြန်ပျက်စီးနေတာပဲလို့ အထိုက်အလျောက်သိလာတယ်။ အဲဒီလို တရစပ်ကြီး ဖောက်ပြန်ပျက်စီးနေတာကို သိတာဟာ မြဲတာကို သိတာလား၊ မမြဲတာကို သိတာလား ...။

'မမြဲတာကို သိတာပါဘုရား'

http://www.dhammadownload.com



လောကကြီးတစ်ခုလုံးဟာ ဘယ်ဟာမှမမြဲဘူးဆိုတော့ အဲဒီလောကကြီးကို မက်မောတဲ့စိတ်တွေ, တွယ်တာတဲ့စိတ်တွေ အထိုက်အလျောက်လျော့မသွားဘူးလား။

'လျော့သွားပါတယ်ဘုရား'

အဲဒါ ဝိပဿနာသမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းပဲ။ ကိုယ့်မှာ ဝိပဿနာဉာဏ်မှမရရင် ဝိပဿနာသမ္မာဒိဋ္ဌိရဲ့ တန်ဖိုးကို နားမလည်နိုင်ဘူး။ နားမလည်ရင် အနှစ်သာရကိုမရဘူး။ အနှစ်သာရကို မရရင် မငြိမ်းချမ်းနိုင်ဘူး။ ဒီအနှစ်သာရကိုရမှ ငြိမ်းချမ်းမှာ သူတော်ကောင်းတို့ ...။

## မကောင်းတဲ့ရည်ရွယ်ချက်ကိုဖြင်ပါ

အဲဒါကြောင့် သစ္စာဝါဒ ဗုဒ္ဓဝါဒဟာ ကမ္ဘာလောကမှာ အမှန်ကန်ဆုံးဝါဒ, အကျိုးအများဆုံးဝါဒ, ငြိမ်းချမ်းရေးကိုဦးတည်နေတဲ့ဝါဒ, ငြိမ်းချမ်းရေး အစစ်အမှန်ကို ရစေနိုင်တဲ့ဝါဒ။

ဗုဒ္ဓဝါဒဟာ ငြိမ်းချမ်းရေးကို ရနိုင်ပါလျက်သားနဲ့ တို့သူငါတွေ ဘာဖြစ်လို့မရကြသလဲဆိုတော့ သမ္မာဒိဋ္ဌိရဲ့တန်ဖိုးကို မှန်မှန်ကန်ကန် မသိလို့။ မှားမှားယွင်းယွင်း သိနေကြလို့။

ဘုရားကို ကိုးကွယ်တာ ကြည့်ပါလား။ ဘုရားကို ကိုးကွယ်တယ်ဆိုတာ ဘုရားရဲ့အဆုံးအမအတိုင်း လိုက်နာဖို့နဲ့ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့က အဓိကပဲ။ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တတရားတွေကို အစွမ်းကုန်သိဖို့ ဘုရား, တရား, သံဃာကို ကိုးကွယ်တာ၊ ရှိသေတာ၊ ဂါရဝပြုတာ၊ တရားတွေ အားထုတ်တာ။

http://www.dhammadownload.com



အဲဒီလို မှန်မှန်ကန်ကန်မသိတော့ တရားအားထုတ်တာကို တချို့က လာဘ်လာဘရဖို့၊ ရာထူးတက်ဖို့၊ နာမည်ဂုဏ်သတင်းကြီးဖို့၊ သူများကို အနိုင်ကျင့်ဖို့ ဒီလိုတွေရည်ရွယ်တော့ လမ်းကလွဲသွားပြီ။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားတွေက ငြိမ်းချမ်းရေးရဖို့ ညွှန်ကြားထားတာ။ ငြိမ်းချမ်းရေးဆိုတာ လောဘ, ဒေါသ, မောဟတွေ ငြိမ်းသွားတာကိုဆိုလို ပါတယ်။

လောဘ, ဒေါသ, မောဟတွေငြိမ်းသွားရင် အေးချမ်းသွားတာပဲ။ နိဗ္ဗာန်ရောက်မှာပဲ။ အခုဟာက လာဘ်လာဘရဖို့နဲ့ နာမည်ကြီးအောင် လုပ်တာဆိုတော့ လောဘ, ဒေါသ, မောဟတွေငြိမ်းအောင်လုပ်တာလား။ ပိုတိုးအောင် လုပ်တာလား။

'ပိုတိုးအောင်လုပ်တာပါဘုရား'

မှန်ကန်စွာ နားမလည်ဘဲ မှားယွင်းစွာ နားလည်နေကြတာပဲ။ ဘုရားဂုဏ်တော် ပွားတာတောင် ကြည့်ပါလား။ အရဟံ–ဂုဏ်တော်ကို ပွားရင် ဘုန်းတန်ခိုးကြီးမယ်။ သမ္မာသမ္ဗုဒ္ဓေါ–ဂုဏ်တော်ကို ပွားရင် သူများ အကြောင်းတွေကိုသိမယ်ဆိုပြီး ဂုဏ်တော်ပွားတဲ့သူတွေအများကြီးရှိတယ်။ ဂုဏ်တော်ပွားတာ အပြစ်မတင်ပါဘူး။ ဂုဏ်တော်ပွားတာ ကောင်းပါတယ်။ ရည်ရွယ်ချက်မကောင်းတာကို ပြောနေတာ။

ဗုဒ္ဓါနုဿတိ ဘုရားဂုဏ်တော်ပွားတာဟာ သမထဘာဝနာထဲမှာ အကောင်းဆုံး။ အတုမရှိတဲ့ ဘာဝနာပဲ။ အဲဒီအကောင်းဆုံး ဘာဝနာကို အကောင်းဆုံးရည်ရွယ်ချက်နဲ့ပွားရမှာ။ အခုတော့အဆိုးဆုံးရည်ရွယ်ချက်နဲ့ ပွားသလိုဖြစ်နေတယ်။

အရဟံဂုဏ်တော်ရဲ့ အဓိပ္ပါယ်ကို ကြည့်ပါဦး။ ဝါသနာနှင့်တကွ (၁၅၀၀)ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသောမြတ်စွာဘုရား။

http://www.dhammadownload.com



ကိလေသာကင်းတဲ့ဘုရားကို ကိလေသာတွေအတွက် အသုံးချသလိုဖြစ်နေတယ်။ စီးပွားတက်ဖို့၊ ရာထူးတက်ဖို့၊ အကြားအမြင်ရဖို့၊ ဘုရား တရား သံဃာကို အသုံးချနေကြတယ်။ တချို့က ထီပေါက်အောင်လို့ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်တယ် တဲ့။ ရည်ရွယ်ချက်က အရမ်းလွဲနေကြတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေက အသင်္ချေအနန္တ၊ မရေမတွက်နိုင်ဘူး။ ဂုဏ်တော်ကိုးပါးဆိုတာက လူတွေမှတ်မိနိုင်ရုံလောက် အကျဉ်းချုံးထားတာ။ ဂုဏ်တော်ကိုးပါးရဲ့အဓိပ္ပါယ်ကို အလွတ်ရတာ မရတာ အသာထားဦး။ အထိုက်အလျောက်တော့ သိထားသင့်တယ်။ ဒါမှဘုရားဂုဏ်တော်ပွားတဲ့အခါမှာ ဂုဏ်တော်အပေါ် ဉာဏ်ရောက်နိုင်မှာပေါ့။ အဓိပ္ပါယ်မသိဘဲ ရွတ်နေရင် ကုသိုလ်ရမယ်။ သမာဓိရမယ်။ ဒါပေမဲ့ ပီတိပဿဒ္ဓိလည်း မဖြစ်နိုင်ဘူး။ မြတ်စွာဘုရားကို ကြည်ညိုတဲ့ သဒ္ဓါတရားတွေလည်း မဖြစ်နိုင်ဘူး။ မြတ်စွာဘုရားရဲ့ စိတ်ကောင်းစိတ်မြတ်တွေကိုလည်း အတုမယူနိုင်ဘူး။

ဘုရားဂုဏ်တော်ဆိုတာ ဘုရားရဲ့ အရည်အချင်း။ ဘုရားရဲ့ အစွမ်းသတ္တိ။ အလောင်းတော်ဘဝကတည်းက ထားခဲ့တဲ့ စိတ်ကောင်း စိတ်မြတ်တွေ။ ဒါတွေကို သတိရပြီး အထပ်ထပ်အခါခါ နှလုံးသွင်းဆင်ခြင်ခြင်းအားဖြင့် သဒ္ဓါတရားတွေ ဖြစ်မယ်။ သမာဓိတရားတွေ ဖြစ်မယ်။ သမာဓိဖြစ်တဲ့အခါ ဝိပဿနာပြောင်းရှုရင် ပညာတရားတွေကို ရနိုင်တယ်။

ဝိပဿနာပညာ၊ မဂ်ပညာတွေ မိမိရင်ထဲမှာ ကိန်းသွားပြီဆိုရင် မိမိကိုယ်တိုင်လည်း ငြိမ်းချမ်းမယ်။ အဲဒီလို ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ်တွေ စုဝေးထားတဲ့ လူ့အဖွဲ့အစည်းဟာ ငြိမ်းချမ်းတဲ့အဖွဲ့အစည်း ဖြစ်မယ်။ ငြိမ်းချမ်းတဲ့အဖွဲ့အစည်းတွေများလာရင် တစ်လောကလုံး ငြိမ်းချမ်းသွားစေနိုင်ပါတယ်။

http://www.dhammadownload.com



ဒါပေမဲ့ ဒီကနေ့ တစ်လောကလုံး မငြိမ်းချမ်းတာ ဘာ့ကြောင့်လဲ ဆိုတာ သေသေချာချာ ပြန်ဆန်းစစ်ကြည့်ရင် မှန်ကန်စွာ နားမလည်ဘဲ မှားယွင်းစွာ နားလည်နေကြလို့ ...။ မှန်မှန်ကန်ကန် နားမလည်တော့ ရည်ရွယ်ချက်တွေမှား။ လောဘ, ဒေါသ, မောဟတွေ မငြိမ်းတဲ့အပြင် ပိုတိုး။ ဒီလိုဖြစ်နေတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

## မဂ္ဂသမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာနားလည်ခြင်း

သမ္မာဒိဋ္ဌိက ငါးမျိုးရှိလို့သာ ငါးမျိုးလုံးစုံအောင် ပြောနေရတာပါ။ ကမ္မဿကတာသမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ ဒီသုံးမျိုးဆိုရင် ကျန်တာအကုန်ပါသွားတာပါပဲ။ မဂ္ဂသမ္မာဒိဋ္ဌိလို့ပြောရင် ဖလသမ္မာဒိဋ္ဌိက အလိုလိုပါပြီးသား။ မဂ်ပြီးရင် ဖိုလ်ကျတာပဲ။ အထူးတလည် လုပ်နေစရာ မလိုဘူး။

ဒါပေမဲ့ ကိုယ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ မရသေးရင် မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိကို ဘယ်လိုလုပ်သိမလဲ။ အခုမသိသေးလည်း သိအောင် ကြိုးစားမယ်ဆိုတဲ့ စိတ်မျိုး ပေါ်ရမယ်။ တစ်နှစ်မှ (၇)ရက်စခန်းလေး တစ်ကြိမ် နှစ်ကြိမ်ဝင်တာ ဆိုရင်တော့ ဝိပဿနာဉာဏ်က ပြတ်တောင်းပြတ်တောင်းဖြစ်နေမှာပဲ။ ဝိပဿနာဉာဏ် အားကောင်းမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်က ရတာနော်။

အဲဒါကို သေသေချာချာ ရင်ထဲမှာ နှလုံးသွင်းထားပါ။ ကိုယ်က ဘုရားလက်ထက်ကပုဂ္ဂိုလ်တွေလို ပါရမီအရင့်အမာကြီးမှ မဟုတ်တာ။

http://www.dhammadownload.com



ကြိုးစားကျင့်ယူမှပဲ ရမယ်။ ကျင့်တဲ့နေရာမှာလည်း တူရွှေငါးပါးက ထက်မြက်ရုံတင် မကဘူး၊ ညီမျှဖို့လည်း လိုသေးတယ်။ သဒ္ဓါနဲ့ပညာ၊ ဝီရိယနဲ့သမာဓိ ညီတဲ့အချိန်။ ပါရမီကလည်း ပြည့်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်က ရတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

တောင်းယူလို့မရဘူးနော်၊ ကြိုးစားပြီး ကျင့်ယူမှရတာ။ ကျင့်တဲ့အခါမှာလည်း ထိုင်မှတ်တာတစ်ခုတည်းကို အားမကိုးနဲ့။ သွားရင်လည်း မှတ်။ စားရင်လည်းမှတ်။ သောက်ရင်လည်းမှတ်။ ပေါက်ရင်လည်းမှတ်။ ထိုင်တာ, ထတာ၊ တံခါးဖွင့်တာ တံခါးပိတ်တာကအစ အိပ်မပျော်ခင် တုံးလုံးလှဲတာအထိ အကုန်မှတ်။

သင်္ခါရုပေက္ခာဉာဏ်ရောက်ရင် အသေးစိတ် အမူအရာတွေကို ပိုပြီး ဂရုစိုက်မှတ်။ သမာဓိအားက အရမ်းကောင်းနေတော့ စတုတ္ထဈာန်ဝင်စားနေသလိုမျိုး တချို့ယောဂီတွေဖြစ်နေတယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရခါနီးကာမှ ကပ်လွဲနေတတ်တယ်နော်။ သတိထားကြ။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ဆိုတာ အင်အားတွေအများကြီးလိုပါတယ်။ ဘာအင်အားတွေလိုလဲဆိုတော့ ပါရမီမြောက်အောင် ဆောင်ရွက်ခဲ့တဲ့ ကုသိုလ်ကောင်းမှု အင်အားတွေပေါ့။ အတိတ်အင်အားလည်း လိုတယ်။ ပစ္စုပ္ပန် ဉာဏ်, ဝီရိယ အင်အားလည်းလိုတယ်။

အတိတ်ကိုလည်း ပယ်လို့မရဘူး။ ပစ္စုပ္ပန်ကိုလည်း ပယ်လို့မရဘူး။ ပါရမီမြောက်တဲ့ ကုသိုလ်ကောင်းမှု အင်အားတွေပြည့်စုံမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်က ရတာ။ အတိတ်ကတော့ ပြီးခဲ့ပြီ။ ဘယ်လိုမှ ပြုပြင်လို့မရနိုင်တော့ဘူး။ ပစ္စုပ္ပန်မှာ မဂ္ဂသစ္စာတွေဖြစ်အောင် ကြိုးစားရမယ်။

http://www.dhammadownload.com



ဒါန, သီလ လုပ်နေတာပဲ။ ဒါန, သီလလုပ်တိုင်း မဂ္ဂသစ္စာ မဖြစ်ပါဘူး။ ဒါန, သီလအပေါ်မှာ ဉာဏ်ပညာ ဦးစီးနိုင်မှ။ ကရုဏာလည်း ပါရမယ်။ ပညာလည်းပါရမယ်။ မုတ္တစာဂီ လွတ်လွတ်ကျွတ်ကျွတ်စွန့်လွှတ်နိုင်ရမယ်။

လောကီကောင်းကျိုးချမ်းသာကို လုံးဝ မမျှော်လင့်နဲ့။ မမျှော်လင့်လည်း ရမှာပဲ။ ကိုယ်ပြုတဲ့ကုသိုလ်ကောင်းမှုရဲ့ ဦးတည်ချက်က ဗောဓိဆု တစ်ခုခုဖြစ်ရမယ်။ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက တစ်ခုခုပေါ့။

လောလောဆယ်မှာ အများကောင်းစားရေးအတွက်၊ သံသရာမှာ ဗောဓိဉာဏ်အတွက် ဒီလိုရည်မှန်းပြီးကုသိုလ်လုပ်မှ ပါရမီမြောက်တဲ့ ကုသိုလ် ဖြစ်တာ။ လောလောဆယ် ဒါနတွေပြုတယ်။ အခုလိုဆွမ်းကပ်တဲ့အခါမှာ သံဃာတော်အရှင်သူမြတ်တွေ ပရိယတ္တိတာဝန် ပဋိပတ္တိတာဝန်တွေ ထမ်းဆောင်နိုင်ကြပါစေ။ ယောဂီတွေ ချမ်းချမ်းသာသာနဲ့ တရားအားထုတ်နိုင်ကြပါစေ။ ရောက်လာတဲ့ဓမ္မမိတ်ဆွေတွေလည်း တရားနာနိုင်ပါစေ။ ကုသိုလ်တွေ တိုးပါစေ။ ဒါဟာ ပရဟိတစိတ်ပဲ။

ပရဟိတစိတ်ဟာ ပစ္စုပ္ပန်မှာ အရေးကြီးတယ်။ မေတ္တာ, ကရုဏာတွဲနေမှ။ ငါ ကုသိုလ်ရဖို့ အဓိကမဟုတ်ဘူး။ ဒုက္ခသည်တွေ အားလုံးလွတ်မြောက်ရေးကုသိုလ်တွေ ရကြပါစေ၊ ဓမ္မဗဟုသုတတွေ ရကြပါစေ၊ လွတ်မြောက်နိုင်ကြပါစေ။ အဲဒီလိုအများကိုဦးတည်လိုက်တော့ ငါ့အတွက်၊ ငါ့မိသားစုအတွက်ဆိုတဲ့လောဘဟာ လျော့သွားတယ်။ လောဘလျော့သွားတော့ အလောဘ ဝင်လာတယ်။

အဲဒီလို အများကိုဦးတည်ပြီးတော့ ရလာမယ့်အကျိုးအမြတ်ကိုလည်း သိနေတယ်။ ကုသိုလ်ဟာ ကောင်းကျိုးချမ်းသာပေးမယ်ဆိုတာ ပိုင်ပိုင်

http://www.dhammadownload.com



နိုင်နိုင် သိထားတယ်။ အဲဒီကောင်းကျိုးချမ်းသာတွေဟာ လောကီအတွက် အဓိကမဟုတ်ဘူး။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်အတွက် အားကြီးတဲ့အထောက်အပံ့ ဖြစ်ပါစေ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြန်မြန်ရပါစေ။ ဒါ ဗောဓိဉာဏ်အတွက် ရည်ရွယ်တာ။

ပစ္စုပ္ပန်မှာ အများအကျိုးကို ဦးတည်ရမယ်။ သံသရာမှာ ဗောဓိဉာဏ် အတွက် ဖြစ်စေရမယ်။ အဲဒါဟာ ပါရမီမြောက်တဲ့ လုပ်ငန်းတွေပဲ။ သူမြတ်တို့ရဲ့လုပ်ငန်း။ မြတ်စွာဘုရား အစရှိတဲ့ သူတော်ကောင်းတွေ အလောင်းတော်ဘဝတုန်းက အဲဒီလိုရည်ရွယ်ချက်နဲ့ လုပ်ကြတယ်။ ဒါကြောင့်မို့လည်း သဗ္ဗညုတဉာဏ်တော်ရသွားကြတယ်။ သာဝက ဉာဏ်တွေ ရသွားကြတယ်။ အဲဒါ ရှေ့ကနေပြီးတော့ လမ်းဖွင့်ပေးခဲ့တာပဲ။ တို့သူငါတွေလည်း ပါရမီလမ်း မဂ္ဂသစ္စာလမ်းကိုလျှောက်ရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ပကတိသာဝကဖြစ်စေ၊ မဟာသာဝကဖြစ်စေ၊ အဂ္ဂသာဝကဖြစ်စေ၊ ပစ္စေကဗုဒ္ဓါဖြစ်စေ ကိုယ်ကြိုက်ရာပေါ့၊ ဘုရားဆုပဲဖြစ်ပါစေ။ ဘုရားဆုပန် တာလည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်အတွက်ပဲ။ တစ်နေ့ကျရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမှာပဲ။ အဲဒီလမ်းအတိုင်း မမှားအောင်လျှောက်နိုင်ရမယ်။

ဒါန, သီလ, သမထကိုလည်း အထင်သေးလို့မရဘူး။ အထောက်အပံ့ ပေးတယ်။ အခု ဒီတရားပွဲဟာ ပစ္စည်းဒါနလည်း ပါတယ်။ ဓမ္မဒါနလည်း ပါတယ်။ ဒီဒကာကြီးတွေကို အကြောင်းပြုပြီးတော့ ဟောတဲ့သူ ကလည်း ဟောရတယ်။ နာတဲ့သူကလည်း နာရတယ်။

အဲဒီပါရမီမြောက်တဲ့ ဒါနတွေဟာ အားကြီးတဲ့ အထောက်အပံ့ ဖြစ်တယ်။ အဲဒါကိုပဲ ထိုက်ထိုက်တန်တန်အကျိုးရတယ်လို့ ဒီလိုဖွင့်ဆို ပါတယ်။ ဆရာကြီးဦးရွှေအောင်ရဲ့စာအုပ်တွေမှာ ပါပါတယ်။

http://www.dhammadownload.com



တချို့က အကျိုးကြီးအောင် ပုဂ္ဂိုလ်တွေရွေးပြီး လှူကြတယ်။ ရဟန္တာကြီးတွေကို ရွေးပြီးလှူတယ်။ ရဟန္တာရဲ့ဂုဏ်ကို ကြည်ညိုပြီးတော့ လှူတာ။ ဒါလည်း လှူသင့်ပါတယ်။ ကောင်းပါတယ်။ အကျိုးများပါတယ်။ ဘုရားရဟန္တာတွေလှူရင် အကျိုးများပါတယ်။

ထိုက်ထိုက်တန်တန် အကျိုးရမယ့်ဒါနကျတော့ အလှူခံပုဂ္ဂိုလ်ဟာ အဓိကမဟုတ်ဘူး။ အဓိက မိမိတို့ဒါနပြုဖို့ အခြေအနေအချိန်အခါပေးတဲ့ အခါမှာပြုဖြစ်အောင်ပြုဖို့ပဲ။ ဝေဿန္တရာမင်းကြီး ပုဏ္ဏားကို သားသမီးတွေ လှူသလိုပေါ့။ အခြေအနေအချိန်အခါပေးတဲ့အခါမှာ လှူဖြစ်အောင်သာ လှူလိုက်ပါ။ မိမိကိုယ်ကိုသာ အဓိကထားတယ်။ မိမိသီလစင်ကြယ်အောင် ဉာဏ်ပညာထက်မြက်အောင်ကြိုးစားတယ်။ အလှူခံပုဂ္ဂိုလ်က သီလရှိရင်ရှိ၊ မရှိရင်နေ။

အဓိက,ကတော့ ဒီခန္ဓာကို ရွံမုန်းပြီးတော့ ဘဝလွတ်မြောက်ဖို့ ဦးတည်ပြီးလှူရတယ်။ ဘဝကောင်းစားရေးအတွက်မဟုတ်ဘူး။ ဘဝလွတ်မြောက်ရေးအတွက်။ အဲဒီလို ရည်ရွယ်ချက်ထားနိုင်လို့ရှိရင် ဉာဏ်ပညာ ပါသွားတယ်။ သူတစ်ပါးအတွက်. အများအတွက် ရည်ရွယ်တယ်။ ဉာဏ်ပညာဦးစီးတယ်ဆိုရင် ဒီကုသိုလ်ဟာ မဂ္ဂသစ္စာထဲဝင်သွားတယ်။ ဒါနလည်း မဂ္ဂသစ္စာပဲ၊ သီလလည်းမဂ္ဂသစ္စာ၊ သမထလည်း မဂ္ဂသစ္စာထဲ ဝင်သွားတယ်။ အဲဒီ မဂ္ဂသစ္စာတွေကို ဟိုတုန်းကလည်း အထိုက်အလျောက် လုပ်ခဲ့မယ်။ အခုလည်း မသေမချင်းကို ပွားများကြိုးစားနေရမယ်။

ပြုပြုသမျှ ဒါနသီလတွေဟာ ဉာဏ်ပညာဦးစီးပါစေ။ မုတ္တစာဂီ လွတ်လွတ်ကျွတ်ကျွတ်ဖြစ်ပါစေ။ လောကီအကျိုးကို မမျှော်လင့်ပါနဲ့။ လောကီအကျိုးဆိုတာ ဘေးရန်အန္တရာယ်တွေကင်းမယ်။ ဂြိုဟ်ပြေ နံပြေ။ ပြီးတော့ ... စီးပွားတက်ဖို့အတွက်။ ဒီလောက်လေးဆိုရင် အဖိုးတန်တဲ့ ကုသိုလ်ဟာ ဘာမဟုတ်တာလေးနဲ့ ကုန်သွားလိမ့်မယ်။

http://www.dhammadownload.com



လောကီအကျိုးက မမျှော်လင့်လည်းဘဲ အကျိုးပေးမှာပဲ။ မျှော်လင့်သည်ဖြစ်စေ၊ မမျှော်လင့်သည်ဖြစ်စေ သူနဲ့ပတ်သက်တဲ့ အကျိုးကတော့ ရမှာပဲ။ ရေလှူရင် ရေအကျိုးဆယ်ပါး ရမှာပဲ။ ဆွမ်းလှူရင် ဆွမ်းအကျိုး ငါးပါး ရမှာပဲ။ နေရာထိုင်ခင်းလှူရင် နေရာထိုင်ခင်းလှူတဲ့အကျိုး ရမှာပဲ။ လက်အုပ်ချီရင် လက်အုပ်ချီတဲ့ အကျိုးလေးပါး ရမှာပဲ။ တောင်းနေစရာ မလိုဘူး။ တရားကို ရိုရိုသေသေနာရင် ဝိစိကိစ္ဆာတွေ ကင်းစင်ပြီးတော့ သမ္မာဒိဋ္ဌိဖြစ်မှာပဲ။ သူ့အကြောင်းနဲ့ သူ့အကျိုးဟာ ဆုတောင်းနေစရာမလိုဘူး။ ရမှာပဲ။

မိမိတို့ပြုခဲ့တဲ့ ကုသိုလ်တွေကို မဂ္ဂသစ္စာထဲဝင်အောင် နိဗ္ဗာန်ရောက်ကြောင်းဖြစ်အောင် မုတ္တစာဂီဖြစ်အောင်သာလုပ်။ ဂြိုဟ်ပြေ နံပြေထည့်မတွက်နဲ့။ စီးပွားတက်ဖို့၊ ရာထူးတက်ဖို့ ထည့်မတွက်နဲ့။ အသေးအဖွဲတွေပါ။ မြန်မြန်ဆန်ဆန် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပါစေ။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရအောင် အားထုတ်နိုင်ပါစေ။ ဒီလိုသာအာရုံပြု။

ဒါဆိုရင် ပြုလိုက်တဲ့ ဒါနကလည်း ဒါနပါရမီမြောက်သွားတယ်။ စောင့်လိုက်တဲ့သီလကလည်း သီလပါရမီမြောက်သွားတယ်။ ဝိပဿနာတရားတွေအားထုတ်တဲ့ ယောဂီတွေအနေနဲ့ကျတော့လည်း ပါရမီ(၁၀)ပါးလုံး ဖြည့်သလို ဖြစ်သွားတာနော်။ အဲဒီလို ပါရမီမြောက်အောင် ဆောင် ရွက်ခဲ့တဲ့ ကုသိုလ်ကောင်းမှုအင်အားတွေ အများကြီးရှိတော့မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်က ရတာဗျ။

ဒါကြောင့်မို့ တရားအားထုတ်ရင်း ပါရမီကိုလည်း ဖြည့်ကြ။ ပါရမီပြည့်ဖို့အတွက် ဖြည့်တတ်ဖို့လည်း လိုသေးတယ်နော်။ ပါရမီက မဖြည့်ဘဲနဲ့ အလိုလိုပြည့်လာပါ့မလား။

'မပြည့်ပါဘူးဘုရား'

http://www.dhammadownload.com



တရားအားထုတ်နေရင်းနဲ့ ကိုယ်လှူနိုင်တာလေးကိုလှူ။ နည်းတာများတာ အဓိကမဟုတ်ဘူး။ သောက်ရေလေး လှူလို့လည်းရတယ်။ အမှိုက်တွေသိမ်း။ ကုဋီတွေသန့်စင်ခန်းတွေဆေး။ ဒီလိုလုပ်အားဒါနနဲ့ ဒါနပါရမီဖြည့်လို့ရော မရဘူးလား။

'ရပါတယ်ဘုရား'

အရေးကြီးပါတယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ ဘာဝနာတရားတွေပွားနေကြတယ်။ ပွားတိုင်း ဉာဏ်ပညာ မရပါဘူး။ ကိုယ်ကတော့ အဆင်ပြေချင်တာပေါ့။ တစ်ခါတည်း ရဟန္တာဖြစ်သွားချင်တာ။ ဒါပေမဲ့ မရဘူး။ ပါရမီကုသိုလ်အင်အားတွေ အားကောင်းမှရနိုင်မယ်။ ဒီလိုပြောလို့ တချို့က သဘောပေါက်လွဲတတ်တယ်။

'ငါ့မှာ ပါရမီမပါဘူးနဲ့ တူပါတယ်ကွာ' ဆိုပြီး တရားကို ဆက်အားမထုတ်တော့ဘူး။ အပျင်းကြီးပြီး အားမထုတ်ချင်တာကို ပါရမီလွှဲချတယ်။ ဒီဘဝမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင်ကြိုးစားမယ်ဆိုရင် ဒီဘဝမှာ မရသေးတဲ့တိုင်အောင် နောက်ဘဝမှာရဖို့ အထောက်အပံ့ဖြစ်တာပဲဗျ။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဆိုတာ ဘယ်ဟာမှအချည်းနှီးမဖြစ်ပါဘူး။

သိစေချင်တာက မဂ္ဂသမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာ နားလည်ဖို့အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတဲ့အထိကျင့်ရမယ်။ ကျင့်တဲ့အခါမှာလည်း ပါရမီမြောက်တဲ့ ဒါန, သီလ ဘာဝနာဖြစ်အောင် 'သတိ၊ပညာ' ဦးစီးပြီးကျင့်ရမယ်။

မဂ္ဂသမ္မာဒိဋ္ဌိဖြစ်သွားတဲ့ပုဂ္ဂိုလ်တွေရဲ့စိတ်ထားကို နည်းနည်းလောက်ဆန်းစစ်ကြည့်ရအောင်။ အနိမ့်ဆုံးဖြစ်တဲ့ သောတာပတ္တိမဂ်ရတဲ့ ပုဂ္ဂိုလ်မှာတောင် ထူးခြားတဲ့ဂုဏ်ရည်(၇)ပါးက ပြည့်စုံသွားပြီ။

http://www.dhammadownload.com



**ဖြစ်ကြောတို၊ ငြိမ်းအောင်လုပ်၊ မတုန်မလှုပ် ယုံကြည်၊ အပြစ်ဝန်ခံ၊ စောင့်စည်းပြန်၊ နာခံစူးစိုက်၊ နာကြားပြီးကာ ဝမ်းမြောက်စွာ၊ ပြောကာမဆုံးပြီ၊ သောတာပန်များ၊ ဤခုနစ်ပါး၊ ထူးခြားပြည့်စုံသည်။**

ဒါလည်း အကျယ်တဝင့် ဟောခဲ့ပြီးပြီ။ (သောတာပန်ဆိုတာဒီလိုပါ စာအုပ်တွင် ကြည့်ပါ)

မဂ္ဂသမ္မာဒိဋ္ဌိဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရှင်ကို ကြည်ညိုလို့ မဆုံးဘူး။ ကျေးဇူးတင်လို့လည်း မဆုံးနိုင်တော့ဘူး။ ဘုရားအကြောင်း တရားအကြောင်းကို ပြောရရင်ပဲဖြစ်ဖြစ်၊ နားထောင်ရရင်ပဲ ဖြစ်ဖြစ် ဖတ်ရရင်ပဲဖြစ်ဖြစ် စိတ်အားကိုထက်သန်နေတာပဲ။ အရပ်စကားနဲ့ ပြောရရင်ထမင်းမေ့ဟင်းမေ့ဆိုတာမျိုး။

ဘုရားဂုဏ်တော်တွေ တရားဂုဏ်တော်တွေ သံဃာ့ဂုဏ်တော်တွေကို ရွတ်ဖတ်ပူဇော်တဲ့အခါမှာလည်း ပုထုဇဉ်ဘဝတုန်းကနဲ့ မတူတော့ဘူး။ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကြည်ညိုပူဇော်တာဆိုတော့ တစ်ခါတလေ မျက်ရည်တောင်ကျတယ်။

သီလနဲ့ပတ်သက်လို့ကလည်း အသေတာခံမယ်။ အပါယ်လေးပါးကို ကျစေနိုင်တဲ့အကုသိုလ်မျိုးကတော့ မလုပ်ဘူး။ ရပ်ထဲရွာထဲမှာစီးပွားရေးနဲ့ ပတ်သက်လို့ တချို့အကြံပေးကြတယ်လေ။

'အရောင်းအဝယ်မကောင်းရင် ဘီယာဆိုင်လေး အရက်ဆိုင်လေး ပြောင်းဖွင့်ကြည့်ပါလား' တဲ့။

ချမ်းသာတဲ့သူတွေ လုပ်နေကြတာနော်။ အရင်းအနှီးမရှိလို့ ဆင်းရဲတဲ့သူတွေကတော့ သားရှာငါးရှာပြီး အသက်မွေးနေကြတာပဲ။ ပုထုဇဉ်တွေရဲ့ သဘောက အကုသိုလ်ဖြစ်မယ့်အလုပ် လုပ်ရမှာကို ရှက်လည်းမရှက်ဘူး။

http://www.dhammadownload.com



အကုသိုလ်ကံတွေ အကျိုးပေးမှာကို ကြောက်လည်း မကြောက်ဘူး။ လောလောဆယ် ငွေရဖို့ပဲ။

မဂ္ဂသမ္မာဒိဋ္ဌိဖြစ်သွားတဲ့ အရိယာသူတော်ကောင်းတွေ ကျတော့ အဲဒီလို မဟုတ်ဘူး။ လျှာမြက်ပေါက်ပြီး သေရင် သေသွားပါစေ။ အပါယ်လေးပါးကို ကျစေနိုင်တဲ့အကုသိုလ်အလုပ်မျိုးကတော့ မလုပ်ဘူး။ အကုသိုလ်အလုပ် လုပ်ရမှာကို ရှက်လည်းရှက်တယ်။ အကုသိုလ်ကံ အကျိုးပေးမှာကိုလည်း အင်မတန်ကြောက်တယ်။ ကံနဲ့ ကံ၏အကျိုးကို အကြွင်းမဲ့ယုံကြည်တယ်။ အနိစ္စ, ဒုက္ခ, အနတ္တတရားတွေကို ဘာဝနာမယ ဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် သိထားတယ်။

အနိစ္စ, ဒုက္ခ, အနတ္တတရားတွေကို သေသေချာချာသိရင် တဏှာ, မာန, ဒိဋ္ဌိတရားတွေ လျော့တာပဲ။ အနိစ္စကိုသိရင် မာနလျော့တယ်။ ဒုက္ခကိုသိရင် တဏှာလျော့တယ်။ အနတ္တကိုသိရင် ဒိဋ္ဌိလျော့တယ်။ တဏှာ, မာန, ဒိဋ္ဌိတရားတွေလျော့ရင် တစ်ဖက်မှာ ဒါနတွေ, သီလတွေ ဘာဝနာတွေ တိုးလာမယ်။ ဒါဟာ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ထားပေါ့။

မမြဲတာကိုသိတဲ့သူက အချိန်မရွေး သေနိုင်တယ် ဆိုတာကိုလည်း သဘောပေါက်တော့ ပေးချင်ကမ်းချင် လှူချင်တန်းချင်တယ်။ ပစ္စည်းဥစ္စာ ဆိုတာ သေတဲ့အခါ ယူသွားလို့ရတာမှ မဟုတ်တာ။ အကုန်ထားခဲ့ရမှာ။ မသေခင်တောင် ဒီနေ့ချမ်းသာပေမယ့် မနက်ဖန်မှာ ဆင်းရဲသွားနိုင်တယ်။ အဲဒီလိုမမြဲတာကို ပိုင်ပိုင်နိုင်နိုင် သိထားတဲ့သူက သေရင် ကိုယ့်နောက် ပါမယ့် ဒါနကုသိုလ်ကို စိတ်ပါလက်ပါပြုတယ်။

ဒုက္ခကို သေသေချာချာသဘောပေါက်တဲ့ ပုဂ္ဂိုလ်ကျတော့ သီလ စောင့်ချင်တယ်။ သီလမလုံလို့ အပါယ်လေးပါးရောက်ရင် ခံရမယ့် ဒုက္ခ တွေကို ကြောက်တာကိုးဗျ ...။

http://www.dhammadownload.com



အနတ္တတရားတွေကို ပိုင်ပိုင်နိုင်နိုင်သိတဲ့သူကျတော့ ဘာဝနာ အလုပ်ကို မလုပ်ဘဲမနေနိုင်ဘူး။ ဖြစ်ချိန်တန်လို့ဖြစ်ပြီးရင် ပျက်ချိန်တန် ရင်တော့ ပျက်မှာပဲ။ ဘာမှအစိုးမရဘူး။ ဒါကို ပိုင်ပိုင်နိုင်နိုင်သိနေတော့ မသေခင်လေးမှာ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်ရဖို့ပဲ ဦးစားပေးလုပ် တော့တယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးကျတော့ ဉာဏ်ပညာတွေက တစ်ဆင့်ပြီး တစ်ဆင့် မြင့်လာဖို့ပဲရှိတယ်။ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်။ ဒီလိုမဂ်အဆင့်ဆင့်နဲ့သိမြင်တာကို မဂ္ဂသမ္မာဒိဋ္ဌိလို့ခေါ်တာ။

အရဟတ္တမဂ်ရမှ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တယ်လို့ဆိုလိုတာမဟုတ်ဘူးနော်။ သောတာပတ္တိမဂ်ရရင်လည်း မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တာပဲ။ သကဒါဂါမိမဂ် ရရင်လည်း မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တာပဲ။ အနာဂါမိမဂ်ရရင်လည်း မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်တာပဲလို့ ဆိုလိုပါတယ်။ သူ့အဆင့်နဲ့သူ သိမြင်ပုံချင်းကတော့ ကွာမှာ ပေါ့ ...။

သောတာပတ္တိမဂ်ဆိုရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို အမြစ်ပြတ် ပယ်သတ်လိုက်ပြီဖြစ်တဲ့အတွက် အပါယ်လေးပါးကျစေနိုင်တဲ့ အကုသိုလ်မှန်သမျှ လုံးဝမလုပ်တော့ဘူး။ သကဒါဂါမိမဂ်က ကာမရာဂနဲ့ ပဋိဃကိလေသာတွေကို အမြစ်ပြတ်မဟုတ်တောင် အကြမ်းစားတွေကို ပယ်ပစ်လိုက်တယ်။ ပဋိဃကိလေသာဆိုတာ ဒေါသကို ခေါ်တာနော်။

အနာဂါမိမဂ် ရပြီဆိုရင်တော့ ကာမရာဂလည်း မရှိတော့ဘူး။ ဒေါသလည်းမရှိတော့ဘူး။ အနာဂါမ်ပုဂ္ဂိုလ်တွေဟာ ငါးဖြာအာရုံကာမဂုဏ် တွေအပေါ်မှာ သာယာတာ, တပ်မက်တာ, ငြိကပ်တာ လုံးဝမရှိဘူး။ စိတ်ဆိုးတာ, စိတ်ညစ်တာ, ကြောက်လန့်တာ ဒါမျိုးလည်း မရှိတော့ဘူး။

http://www.dhammadownload.com



အရဟတ္တမဂ်ရတဲ့ ရဟန္တာပုဂ္ဂိုလ်တွေကတော့ အနုသယကိလေသာ (၁၀)ပါးလုံးကို အမြစ်ပြတ် ပယ်သတ်လိုက်ပြီဖြစ်တဲ့အတွက် အမြင့်ဆုံး မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်သွားပြီ။

အဲဒီလို မဂ္ဂသမ္မာဒိဋ္ဌိက သူ့အဆင့်နဲ့သူသိမြင်ပြီဆိုရင် ဖလသမ္မာဒိဋ္ဌိ ကလည်း သူ့အလိုလို ဖြစ်လာတာပါပဲ။ အထူးကျင့်နေစရာမလိုပါဘူး။

ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိကတော့ ဉာဏ်ပညာထက်မြက်မှ သိတယ်။ ဉာဏ်မထက်ရင် မသိဘူး။ ဘာဖြစ်လို့ဖြစ်မှန်း မသိဘူး။ ထူးခြားတယ်၊ အရမ်းထူးခြားတာပဲ၊ ဒီလောက်ပဲသိမယ်။ ဉာဏ်ထက်တဲ့သူကတော့ သိတယ်။ ဘာဖြစ်သွားတယ်။ အဲဒီလိုမဖြစ်ခင်တုန်းက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ရှိတယ်။ အခု ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို ပယ်ပြီးသွားပြီ။ မပယ်ရသေးတဲ့ကိလေသာ တွေက ဘာတွေလဲ။ အဲဒီလိုဆင်ခြင်တယ်။

ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိကိုတော့ အကျယ်မရှင်းတော့ဘူး။ အခုမှ သစ္စာဝါဒ၏အနှစ်သာရက ပထမတစ်ချက်ပဲပြီးသေးတယ်။ နောက်ပိုင်းမှာ ပြောစရာတွေက အများကြီး။ ရှေ့ဆက်ပြီး သွားကြရအောင်။

## အနှစ်နာခံသောစိတ်ဖြင့် ဆက်ဆံခြင်း

လောဘနည်းခြင်းဟာ သစ္စာဝါဒ၏ ဒုတိယအနှစ်သာရပဲ။ ဒါ ဆရာကြီး ဦးရွှေအောင်ရဲ့ စာအုပ်တွေဖတ်လို့ သိရတာ။ စာကလည်းတတ်၊ ဉာဏ်ကလည်းထက်တော့ သူရေးတဲ့စာအုပ်တွေက တော်တော်ကောင်း တယ်။ ဆရာကြီး ဦးရွှေအောင်ဟာ ကျေးဇူးရှင်ပဲ။

http://www.dhammadownload.com



လူတွေဟာ များသောအားဖြင့် အသာစံချင်တာပဲ များတယ်။ အနစ်နာမခံချင်ဘူး။ ပေးစွန့်မှုနဲ့ သိမ်းပိုက်မှုမှာ သိမ်းပိုက်ချင်တာက များတယ်။ ရိုးရိုးသိမ်းပိုက်ချင်ရုံတင်မဟုတ်ဘူး။ မတရားသဖြင့်တောင် သိမ်းပိုက်ချင်တယ်။ သမားရိုးကျ လိုချင်တာကတော့ စားဝတ်နေရေးအတွက် အထိုက်အလျောက်တော့ လိုချင်ရမှာပေါ့။ သူများဟာကို မတရားလိုချင်တဲ့ ဝိသမလောဘတွေက များနေကြတယ်။

ကိလေသာမကင်းသေးတော့ သားနဲ့မယားနဲ့ တပ်မက်တာ ရှိမှာပါပဲ။ ဒါပေမဲ့ အဓမ္မဝါဒ တကယ့်ကို စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ တပ်မက်မှုတွေက များနေတယ်။ အဲဒီလို လောဘကို နည်းအောင် မကြိုးစားဘဲနဲ့ များသထက်များအောင် လုပ်နေတာတွေဟာ သစ္စာဝါဒ၏ အပြင်ဘက်ကို ရောက်သွားတာပဲ။

မြတ်စွာဘုရားသင်ကြားပေးတာက လောဘ နည်းရာနည်းကြောင်း၊ ဒေါသ နည်းရာနည်းကြောင်း၊ မောဟ နည်းရာနည်းကြောင်း၊ နောက်ပိတ်ဆုံး ကုန်အောင်ကို နည်းမျိုးစုံနဲ့သင်ကြားပေးတာ။ သစ္စာဝါဒ၏ အနှစ်သာရဟာ လောဘနည်းကိုနည်းရမယ်။ လောဘနည်းလို့ရှိရင် သစ္စာဝါဒ၏ အနှစ်သာရတစ်ခုရတယ်။ မနည်းဘူးဆိုရင် ဗုဒ္ဓဘာသာလို့ အမည်ခံပဲ ရှိမယ်။ အနှစ်သာရကို မရဘူး။

အဖေအမေက ဗုဒ္ဓဘာသာဖြစ်နေလို့ ဗုဒ္ဓဘာသာဝင်ဖြစ်နေတာ။ အမည်ခံဗုဒ္ဓဘာသာလို့ခေါ်တယ်။ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ ရင်ထဲမှာ နည်းနည်းမှမကိန်းဘူး။ သူက လောဘကြီးနေတာကိုး။ လောဘကြီးရာကြီးကြောင်းပဲ ကြံစည်စဉ်းစားလုပ်ကိုင်နေတယ်။ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ငါ ချမ်းသာဖို့ အရေးကြီးတယ်။ ငါ ဩဇာအာဏာကြီးမားဖို့ အရေးကြီးတယ်။ ဘယ်သူတွေ ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး။ အဲဒီလို ဖြစ်နေကြတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ ဒီနေ့ကမ္ဘာကြီးမှာ သက်တမ်းတွေလျော့လျော့လာတာ။ နောက်ပိတ်ဆုံး (၅)နှစ်တမ်း၊ (၁၀)နှစ်တမ်းထိလျော့သွားမှာ။ လောဘတွေကြီးလာတာကိုး။ လောဘကြီးလာရင် ဝတ်မွတ်ခေါင်းပါးတဲ့ဘေးက ရောက်လာတာပဲ။ အကြောင်းအားလျော်စွာဖြစ်လာတာ။ လောဘကြီးတာက အကြောင်း၊ ဝတ်မွတ်ခေါင်းပါးတဲ့ဘေးဆိုက်တာက အကျိုး။ မကောင်းတဲ့ အကြောင်းကြောင့် မကောင်းတဲ့ အကျိုးရောက်လာတာ။ ဒါကအများနဲ့ ဆိုင်တဲ့ ဝတ်မွတ်ခေါင်းပါးတဲ့ဘေး။

မိသားစုမှာလည်း လောဘကြီးတဲ့မိသားစုတွေ ကြည့်ပါလား။ လောင်းကစားတွေလုပ်ကြတာလေ။ ယောကျာ်းကလည်းဘောလုံးပွဲလောင်း၊ သောက်စား, ဖဲရိုက်။ မိန်းမကလည်း နှစ်လုံး, သုံးလုံး နံပါတ်တွေထိုးဆိုတော့ တစ်ယောက်အပေါ်တစ်ယောက် ယုံကြည်မှုမရှိကြတော့ဘူး။ သားသမီးတွေကပါ မိဘတွေကို မယုံတော့တာ။ နောက်ကျတော့ ကွဲကုန်ရော။ ပထမ စိတ်ဝမ်းကွဲ။ နောက်ကျတော့ လူပါကွဲ။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနဲ့ မိသားစုက ပျက်စီးသွားတာပဲ။

လောဘဆိုတာ လောင်းကစားတစ်မျိုးတည်းကို ဆိုလိုတာမဟုတ်ဘူး။ တချို့ရှိတယ်။ ကိုယ့်သားမယားနဲ့ မတင်းတိမ်ဘူး။ အမျိုးသားကလည်း တခြားအမျိုးသမီးကို လိုက်စားတယ်။ အမျိုးသမီးကလည်း တခြားအမျိုးသားကို လိုက်စားတယ်။ အခု ဒီမှာတစ်ယောက် ဟိုဘက်ကျတော့ နောက်တစ်ယောက်။ တစ်မြို့ပြောင်းတစ်ယောက် ဖြစ်နေတယ်။ အဲဒီလို လောဘတွေသောင်းကျန်းတော့ သစ္စာမရှိတော့ဘူး။

အခုခေတ် လူငယ်လူရွယ်တွေ များသောအားဖြင့် သစ္စာမရှိကြဘူး။ ကိုယ့်ဆရာသမားရဲ့ဇနီးပဲ။ ကိုယ့်ဦးကြီးပဲ။ ကိုယ့်အဒေါ်ပဲ။ ဒီလို စိတ်မျိုးမရှိတော့ဘူး။ ဘယ်ဆွေမျိုးမှ မထားဘူး။ အကုန်လုံးပြစ်မှားတော့တာပဲ။

http://www.dhammadownload.com



သစ္စာဆိုတာ စာရွက်ပေါ်မှာပဲ ရှိတယ်။ လက်တွေ့မှာ ဘာမှမရှိဘူး။ လူတိုင်းတော့ မဟုတ်ပါဘူး။ များသောအားဖြင့်ပေါ့။

လောဘကြီးတဲ့သူတွေဟာ ရက်ရက်စက်စက်လည်း သတ်ရဲတယ်။ ကိုယ်လိုချင်တာရဖို့အတွက်ဆို သတ်ဖို့ဖြတ်ဖို့လည်း ဝန်မလေးဘူး။ အစားအသောက်မှာ လောဘကြီးတဲ့သူတွေဆို တိရစ္ဆာန်တွေကို အရှင်လတ်လတ် ရက်ရက်စက်စက် သတ်စားနေတော့တာပဲ။

လောဘကြီးတော့ ဒေါသလည်းကြီး။ မောဟလည်းကြီး။ အဲဒီတော့ ငတ်မွတ်ခေါင်းပါးတဲ့ဘေးတွေလာ။ လက်နက်ဘေးတွေလာ။ ရောဂါဘေးတွေ လာပြီပေါ့။ အခုတောင်ကြည့်ပါလား ရောဂါအဆန်းတွေက အများကြီးဖြစ်နေတာ။

မြတ်စွာဘုရားရဲ့ အဆုံးအမကို တစ်လောကလုံး လိုက်နာနိုင်မယ်ဆိုရင် အဲဒီဘေးတွေက အကုန်လွတ်နိုင်တယ်။ ဒါပေမဲ့ တခြားဘာသာတွေကို ခဏဘေးဖယ်ထားပါဦး။ ဗုဒ္ဓဘာသာ အမည်ခံတဲ့ပုဂ္ဂိုလ်တွေတောင်မှ လိုက်နာတဲ့သူကရှားတယ်။ နာမည်ကတော့ ဗုဒ္ဓဘာသာပဲ။ ပုတီးလည်းစိပ်တယ်။ ဥပုသ်လည်းစောင့်တယ်။ ဒါပေမဲ့ လောဘကြီးနဲ့လုပ်နေကြတယ်။ စားဝတ်နေရေးအတွက်လုပ်တော့လည်း လောဘကြီးနဲ့၊ အကျင့်တွေကပျက်စီးနေ။ တချို့ အပါယ်လေးပါးကို မကြောက်ပုံများ ရိုပ်သာမှာတောင် လာခိုးတဲ့သူတွေရှိတယ်။

ဗုဒ္ဓဘာသာအမည်ခံတွေတောင်မှ အဲဒီလိုအကျင့်တွေမကောင်းရင် ကမ္ဘာကြီးတစ်ခုလုံးမှာ လောဘတွေ အမြဲတမ်း တိုးနေတယ်ဆိုတာကို ခန့်မှန်းလို့ရတယ်။ လောဘတွေတိုးလာတာဟာ ကမ္ဘာကြီးတဖြည်းဖြည်း ပျက်စီးလာဖို့အတွက် အကြောင်းရင်းတစ်ခုပဲ။ တွေးကြည့်ရင် အင်မတန်ကြောက်ဖို့ကောင်းတယ်။

http://www.dhammadownload.com



လောဘကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်နေရာမှ အနစ်နာမခံဘူး။ အနစ်နာခံတယ်ဆိုတာ လောဘကို နည်းအောင်လုပ်တာ။ လောဘကို ထိန်းသိမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ နေရာတကာမှာ အနစ်နာခံနိုင်တယ်။ အနစ်နာခံတယ်ဆိုတာ နေကွမ္မပါရမီနဲ့ တူပါတယ်။ ဆွဲဆောင်ရာ အာရုံများမှ ရုန်းထွက်နိုင်အောင် ကြိုးစားရမယ်။ အဓိက, ကတော့ လောဘနည်းအောင် ကြိုးစားရမယ်။ လောဘနည်းအောင်ကြိုးစားတယ်ဆိုတာ တရားမနာဘဲနဲ့ နည်းပါ့မလား။

'မနည်းပါဘူးဘုရား'

တရားနာလို့နည်းတာက (၂၀)ရာခိုင်နှုန်းလောက်ပဲ ရှိနိုင်တယ်။ တရားအားထုတ်လို့ ဝိပဿနာဉာဏ်တွေရတော့မှ (၈၀)ရာခိုင်နှုန်းလောက် နည်းသွားတာ။ ဒါကြောင့်မို့ လောဘနည်းအောင် တရားအားထုတ်ရမယ်။ တရားအားထုတ်တဲ့အခါ ရုပ်တွေနာမ်တွေဟာ တည်မြဲမှုမရှိဘဲ အမြဲတမ်း ဖောက်ပြန်ပျက်စီးနေတာတွေကို ရင်ထဲမှာ ကျကျနနမြင်လာရင် သိမ်းပိုက်ချင်တဲ့လောဘက နည်းနည်းသွားတယ်။ လောဘနည်းသွားရင် ပေးကမ်းစွန့်ကြဲချင်တဲ့ဒါနက ပိုပြီးများများလာတာပဲ။

စားဝတ်နေရေးအတွက် အပိုကုန်ကျမှာတွေကို ခြိုးခြံချွေတာပြီးတော့ လောကအတွက် သာသနာအတွက် လှူတယ်။ အခုနေက,တော့ ခြိုးခြံရလို့ ဆင်းရဲတာပေါ့။ ဒါပေမဲ့ နောင်သံသရာမှာချမ်းသာဖို့ မကျိန်းသေဘူးလား။

'ကျိန်းသေပါတယ်ဘုရား'

အဲဒါဟာ သစ္စာဝါဒရဲ့ အနှစ်သာရပဲ။ လောဘနည်းတဲ့ ဉာဏ်ပညာတွေရလာတယ်။ မမြဲတာကိုမြင်လာရင် လောဘနည်းတာပဲ။ **အနိစ္စာနုပဿနာဉာဏ်**လို့ခေါ်တယ်။ ဘယ်ဟာမှမမြဲဘူးလို့ များများမြင်လာရင်

http://www.dhammadownload.com



များများလောဘလျော့မယ်။ အကြီးအကျယ်မြင်ပြီပေ့ဆို ရဟန္တာတောင် ဖြစ်သွားနိုင်တယ်။ ရဟန္တာက လောဘကင်းစင်သွားပြီ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့်မို့လို့ ကြီးတဲ့သူပဲဖြစ်ဖြစ်၊ ငယ်တဲ့သူပဲဖြစ်ဖြစ်သူတော်ကောင်း တရားတွေကို ကြားနာခွင့်ရတာ၊ အားထုတ်ခွင့်ရတာဟာ အင်မတန် အဖိုးတန်တာပဲ။ များသောအားဖြင့်တော့ ပိုက်ဆံရှာတယ် ဆိုတာ ကိလေသာခံစားဖို့ ရှာကြတာ။

ပိုက်ဆံများများရလေ ကိလေသာတိုးပွားလေပဲ။ တရားသမားတွေ တော့ အနည်းအကျဉ်းရှိပါတယ်။ ယောဂီတွေရှာဖွေနေတာက ဉာဏ်ပညာ ကို ရှာဖွေနေတာ။ ဉာဏ်ပညာကိုရှာရင်း ဘာကိုအရင် ရသွားလဲဆိုတော့ သီလနဲ့သမာဓိကိုအရင်ရတယ်။ တစ်သံသရာလုံးအတွက် ကောင်းကျိုး ချမ်းသာရမယ့် တရားတွေကို ရရှိသွားတာ။

ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး လောဘတွေ အရမ်းကြီးနေမယ်။ အကုသိုလ် တွေကို မရှောင်ဘူးဆိုရင်တော့ ဒီဘဝမှာဘယ်လောက်ပဲချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲရာထူးကြီးကြီး သေရင်ဒယ်အိုးထဲရောက်မှာပဲ။ ဒု–သ–န– သော သူဌေးသားလေးယောက်ကိုကြည့်ပါလား။ ကဿပ မြတ်စွာဘုရား လက်ထက်ကဆိုတော့ ... လူ့သက်တမ်းက အနှစ်နှစ်သောင်း။ ဒီသူဌေးသား လေးယောက် သူများမယားတွေ သူများသမီးပျိုတွေနဲ့ ပျော်ပါးတာ အလွန်ဆုံးကြာရင် အနှစ်နှစ်သောင်းနီးပါးပေါ့။

လောဟကုမ္ဘိငရဲမှာ ခံရတာက နှစ်ကိုကုဋေပေါင်းများစွာပဲ။ သံရည်ပူ၊ ကြေးရည်ပူတွေပြည့်နေတဲ့ဒယ်အိုးထဲမှာ နစ်မြုပ်နေတာများ အနှစ် သုံးသောင်းကြာမှ ဒယ်အိုးအောက်ခြေကိုရောက်တယ်။ ဒယ်အိုးအောက်ခြေ ကနေ ပြန်တက်လာရင် အနှစ်သုံးသောင်းကြာမှ အပေါ်မျက်နှာပြင်ကို ပြန်ရောက်တယ် တဲ့။

http://www.dhammadownload.com



ပေါ်တဲ့အချိန်ကလည်း ခဏလေးပဲ။ စကားတောင် တစ်လုံးပဲပြောရသေးတယ်။ ပြန်မြုပ်သွားပြန်ပြီ။ စဉ်းစားသာကြည့်ပေတော့။ လူ့ပြည်မှာ ခံစားရတာနဲ့ ငရဲမှာပြန်ခံရတာ ကာမိပါ့မလား။

'မကာမိပါဘူးဘုရား'

မြတ်စွာဘုရားရဲ့ဒေသနာတွေကို မလေ့လာရင် မသိကြရင် မိုက်ကြမှာပဲ။ အခု ကြွားဝါပြီးတော့ ထည်ထည်ဝါဝါနေ။ သေတော့ ဒယ်အိုးထဲရောက်။ အဲဒါလောဘကြီးလို့။ အခုလောလောဆယ်ကို လောဘကြီးတဲ့သူတွေ ထောင်ထဲရောက်နေကြတယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒါကြောင့်မိုလို့ ... လောဘနည်းအောင်, ဒေါသနည်းအောင်, မောဟနည်းအောင် မြတ်စွာဘုရားရှင်က ဆုံးမတာ။ ဗုဒ္ဓဘာသာဟာ မြတ်တယ်ဆိုတာ ကိုယ့်ဘာသာမို့ မြတ်တာမဟုတ်ဘူး။ အကြောင်းတရားကို ရှင်းပြရမယ်။ အချင်းချင်း ဆက်ဆံတဲ့အခါမှာ အနစ်နာခံပြီး ဆက်ဆံနိုင်ခြင်းဟာ ဗုဒ္ဓဝါဒရဲ့အနှစ်သာရဆိုတော့ လက်တွေ့ကျင့်သုံးဖို့ စဉ်းစားကြည့်ပါ။ တရားမရှိရင် ကျင့်သုံးနိုင်ပါ့မလား။

'မကျင့်သုံးနိုင်ပါဘူးဘုရား'

ဗုဒ္ဓဘာသာဝင်ဖြစ်ပါစေ ဝိပဿနာတရားမှ အားမထုတ်ရင် အနစ်နာခံပြီး ဆက်ဆံနိုင်ဖို့ မလွယ်ပါဘူး။ လူတွေဟာ နေရာတကာမှာ အသာစံချင်တာချည်းပါပဲ။ တရားမနာ, တရားအားမထုတ်တဲ့ပုထုဇဉ်တွေ အများအားဖြင့် ဒီလိုချည်းပါပဲ။ ဘယ်သူပဲဖြစ်ဖြစ် အထက်စီးကပဲ လိုချင်တယ်။ တကယ့်တရားနယ်ပယ်မှာတောင် ဣဿာမစ္ဆရိယတွေကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘူး။

http://www.dhammadownload.com



ပရိယတ္တိနဲ့ ပဋိပတ္တိက ညီအစ်ကိုတွေပဲ။ ကျောင်းတိုက်အချင်းချင်း ရိပ်သာအချင်းချင်းလည်း ညီညီညွတ်ညွတ်ရှိသင့်တယ်။ ပုတီးသမားနဲ့ ဝိပဿနာသမား ဆိုတာကလည်း ညီအစ်ကိုတွေပဲ။ သမထနဲ့ ဝိပဿနာ ဆိုတာ ကင်းလို့မှမရတာ။ ညီညီညွတ်ညွတ်ရှိသင့်တယ်။ အဲဒီလိုမှမဟုတ်ဘဲ တရားနယ်ပယ်က ပုဂ္ဂိုလ်တွေဖြစ်ပါရဲ့သားနဲ့ အချင်းချင်းအနစ်နာခံတဲ့ စိတ်နဲ့ ဆက်ဆံခြင်းမရှိကြဘူးဆိုရင် သစ္စာဝါဒ၏ ဒုတိယအနှစ်သာရကို မရကြလို့ဘဲဆိုတာ မထင်ရှားဘူးလား။

'ထင်ရှားပါတယ်ဘုရား'

ဒါကြောင့်မို့ ဗုဒ္ဓဝါဒဟာ အမြတ်ဆုံးလို့ပြောနိုင်ပေမယ့် ဗုဒ္ဓဘာသာဝင်တိုင်းက,တော့ အနှစ်သာရဆီ မရောက်ကြပါဘူး။ အနှစ်ကို ရောက်ဖို့ လောဘကို ထိန်းသိမ်းနိုင်ဖို့ဆိုတာ ပညတ်ပရမတ်နှစ်မျိုးစလုံးရဲ့ မြဲတဲ့ သဘောတွေကို သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်ဆိုတဲ့ ဉာဏ်သုံးဆင့်နဲ့သိမှ လောဘနည်းမယ်။ လောဘကို ထိန်းနိုင်မယ်။ အဲဒါမှ လည်း အနစ်နာခံပြီး ဆက်ဆံနိုင်မယ်။

မမြဲတဲ့သဘောကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်နဲ့ နာကြားမှတ်သားပြီးသိတာက လောဘကို အထိုက်အလျောက် နည်းသွားစေတယ်။ ဒါပေမဲ့ မကြာဘူး၊ ခဏပဲ–တဒင်္ဂပေါ့။ ဘာဝနာမယဉာဏ်နဲ့ အနိစ္စလက္ခဏာကို ကျကျနနမြင်မှ လောဘက ခပ်ကြာကြာလေး နည်းသွားတာ။ သမုစ္ဆေဒတော့ မဟုတ်သေးဘူး။ ဝိက္ခမ္ဘနပေါ့။

ဘာဖြစ်လို့ လောဘကို ခပ်ကြာကြာလေးနည်းအောင် လုပ်နိုင်တာလဲ ဆိုတော့ အနိစ္စကို ခပ်ကြာကြာလေး မြင်လို့။ ခပ်များများလေး မြင်လို့။ ခပ်ကြာကြာ ခပ်များများလေး မြင်လို့ရှိရင် လောဘမကင်းသော်လည်း လောဘအလိုမလိုက်ဘဲနဲ့ ထိန်းသိမ်းနိုင်တယ်။ အနိစ္စကို ခပ်ကြာကြာ

http://www.dhammadownload.com



မမြင်ဘူး၊ ခပ်များများ မမြင်ဘူးဆိုရင် အခိုက်အတံ့လောက်ပဲ ထိန်းနိုင်တယ်။ ကြာကြာမထိန်းသိမ်းနိုင်ဘူး။ လောဘအလိုနောက်ပဲ ပါပါသွားတယ်။

လောကလူသားတွေဟာ လောဘနောက်ကိုပဲ ပါတာများပါတယ်။ နေက္ခမ္မပါရမီဖြည့်နိုင်တဲ့သူ တော်တော်ရှားတယ်။ ဘာဖြစ်လို့ ရှားသလဲဆိုတော့ လောဘကို မတွန်းလှန်နိုင်လို့။ ဘာဖြစ်လို့ မတွန်းလှန်နိုင်သလဲဆိုတော့ အနိစ္စကို ကျကျနနမမြင်လို့။ ဘာဖြစ်လို့ မမြင်သလဲဆိုတော့ မြင်အောင် မလုပ်လို့ပေါ့။

အများစုက မြင်အောင်လုပ်ချင်တဲ့စိတ် မရှိကြဘူး။ ဘာဖြစ်လို့ မရှိတာလဲဆိုတော့ ဓမ္မဗဟုသုတနည်းလို့။ ပညာရှိ သူတော်ကောင်းတွေကို မဆည်းကပ်၊ တရားတွေ မနာ၊ တရားစာအုပ်တွေကိုမဖတ်တဲ့အခါကျတော့ ဓမ္မဗဟုသုတနည်းတယ်။ ဓမ္မဗဟုသုတ ဆင်ခြင်တုံတရား နည်းလို့ရှိရင် အနိစ္စ, ဒုက္ခ, အနတ္တကို များများမြင်အောင်၊ အစွမ်းကုန် မြင်အောင် လုပ်ချင်တဲ့စိတ်မရှိဘူး။

မရှိတော့ မလုပ်ဘူး။ မလုပ်တော့ အနိစ္စကိုမမြင်ဖူးပေါ့။ မမြင်ရင် လောဘ, ဒေါသ, မောဟကို မထိန်းသိမ်းနိုင်ဘူး။ အနစ်နာခံပြီး မဆက်ဆံနိုင်ဘူး။ ဓမ္မဗဟုသုတ ဆင်ခြင်တုံတရားတွေမရှိရင် အနိစ္စကို မခန့်မှန်းနိုင်ဘူး။ မမြင်နိုင်ဘူး။ မမြဲတဲ့သဘော, မခိုင်တဲ့သဘော, ပြောင်းလဲနေတဲ့သဘောကို မသိမမြင်တော့ မြဲတယ်, ခိုင်တယ်၊ ဘယ်တော့မှ မပျက်စီးတော့ဘူး။ ဘယ်တော့မှ မသေတော့ဘူး။ ဘယ်တော့မှ မပြောင်းလဲတော့ဘူးလို့ များသောအားဖြင့် ဒီလိုပဲထင်ကြတယ်။ အဲဒီလိုထင်ကြလို့လည်းပဲ လောဘကို မထိန်းသိမ်းနိုင်ကြတာ။

http://www.dhammadownload.com



## အလောင်းတော်ကြီးတွေရဲ့ စိတ်ထားကို အတုယူပါ

လောဘမကောင်းပေမယ့် လောဘကိုထိန်းသိမ်းနိုင်တဲ့ အလောင်းတော်ကြီးတွေရဲ့စိတ်ထားကို အတုယူရမယ်။ အလောင်းတော်ကြီးတွေဟာ ပုထုဇဉ်ဘဝနဲ့ ပါရမီဖြည့်ရတယ်။ ပုထုဇဉ်ဆိုတာ လောဘအပြည့်အဝရှိတာပဲ။ ဒါပေမဲ့ ဘဝတိုင်း ဘဝတိုင်း ဖြည့်ခဲ့တဲ့ ပညာပါရမီကြောင့် လူ့လောက နတ်လောက ဗြဟ္မာလောက ဘယ်လောကမှ မခိုင်မြဲဘူး။ ခေတ္တခဏပဲ။ ပြောင်းလဲနေတာပဲ။ အဲဒီလိုသုတမယဉာဏ်နဲ့လည်းသိတယ်။ စိန္တာမယဉာဏ်နဲ့လည်း သဘောပေါက်တယ်။ ဝိပဿနာအားထုတ်လို့ ဘာဝနာမယဉာဏ်နဲ့လည်းပဲ ထိုးထွင်းပြီးတော့ မြင်တယ်။

အဲဒါကြောင့်မို့လို့ ... အလောင်းတော်ကြီးတွေဟာ ပုထုဇဉ်ဘဝနဲ့ လောဘမကောင်းသော်လည်းပဲ လောဘရဲ့အပြစ်ကိုမြင်တယ်။ အလောဘရဲ့ အကျိုးကိုလည်းမြင်တယ်။ ဒီတော့ လောဘကို ထိန်းသိမ်းနိုင်တယ်။ အတုယူတတ်အောင် ငါးရာ့ငါးဆယ် ဇာတ်တော်ထဲက ဗြဟ္မဒတ္တဇာတ်ကို နည်းနည်းပြောဦးမယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ် အခါတုန်းက အလောင်းတော်ရသေ့ဟာ ဟိမဝန္တာတောင်မှာ သီတင်းသုံးပြီး တရားအားထုတ်တော်မူတယ်။ မိုးရာသီရောက်ရင်တော့ အချဉ်တို့ ဆားတို့ မှီဝဲဖို့အတွက် မြို့ရွာနဲ့နီးတဲ့နေရာမှာ သီတင်းသုံးတယ်။

ဗြဟ္မဒတ်မင်းကြီးဟာ အလောင်းတော်ရသေ့ကိုတွေ့တယ် ဆိုရင်ပဲ အင်မတန် ကြည်ညိုတဲ့အတွက် သူ့မင်းဥယျာဉ်ထဲမှာ ကျောင်းဆောက်လှူပြီး ကိုးကွယ်ထားတယ်။ သီတင်းကျွတ်လို့ ဟိမဝန္တာကို ပြန်ခါနီးမှာ အလောင်းတော်ရသေ့က ...

http://www.dhammadownload.com



'ဒကာတော်မင်းကြီးကို နှစ်ယောက်တည်း ပြောချင်တဲ့စကားတစ်ခု ရှိတယ်'

'ဒါဆိုလည်း ခဏလေးစောင့်ပါဦး ဘုရား'

မိဖုရားတွေ၊ မှူးကြီးမတ်ကြီးတွေကို ဗြဟ္မဒတ်မင်းကြီးက အဝေးမှာ ခဏသွားနေခိုင်းလိုက်တယ်။ ပြီးတော့မှ ...

'အရှင်ရသေ့ နှစ်ယောက်တည်းပြောချင်တဲ့စကားကို ပြောလို့ ရပါပြီ ဘုရား'

အလောင်းတော်ရသေ့ဟာ ပြောမယ်လုပ်ပြီးကာမှ ...

'ဘာမှမဟုတ်ပါဘူး။ ကျုပ် ပြန်ကြွတော့မယ်' ဆိုပြီး တောထဲကို ပြန်ကြွသွားတယ်။

နောက်တစ်နှစ် ဝါဆိုခါနီးတော့လည်း အလောင်းတော်ရသေ့ ရောက် လာတယ်။ မင်းဥယျာဉ်ထဲမှာပဲ သီတင်းသုံးတယ်။ ဝါတွင်းသုံးလကို မင်းကြီးကပဲ ဆွမ်းဝေယျာဝစ္စ ပြုစုတယ်။ သီတင်းကျွတ်လို့ တောထဲ ပြန်ခါနီးမှာ သူပြောချင်တာပြောမယ်လုပ်ပြီးကာမှ မပြောဘဲ ပြန်ကြွ သွားပြန်ရော။

ဒီလိုနဲ့ အလောင်းတော်ရသေ့ဟာ ပြောမယ့်စကားကို မပြော ဘဲနဲ့ မျိုသိပ်ပြီးတော့ ပြန်ပြန်ကြွသွားတာ ဘယ်လောက်ကြာသွားတုန်း ဆိုတော့ (၁၂)နှစ်ကြာသွားတယ်။ (၁၂)နှစ်မြောက် သီတင်းဝါလကျွတ်လို့ ရသေ့ကြီး တောအရပ်ကိုပြန်ခါနီးမှာ ဗြဟ္မဒတ်မင်းကြီး စဉ်းစားတော် မူတယ်။

အရှင်ရသေ့ နှုတ်ကပြောမထွက်တာကိုထောက်ရင် ကျေန် ငါ့မိဖုရား ကြီးကို လိုချင်တာဖြစ်လိမ့်မယ်။ ဒါကြောင့် သူပြောရမှာရှက်နေတာ။ တကယ်လို့ မိဖုရားကြီးကိုအလိုရှိတယ်ဆိုရင်လည်း ငါကတော့ လှူမှာပဲလို့

http://www.dhammadownload.com



စိတ်ဆုံးဖြတ်လိုက်ပြီး အလောင်းတော်ရသေ့ကို ဝမ်းသာအားရ လျှောက် ထားတော်မူတယ်။

'အရှင်ရသေ့ ... အရှင်ရသေ့လိုချင်တာကို တပည့်တော်သိပြီ။ အရှင် ရသေ့ တပည့်တော်မိဖုရားကြီးကို လိုချင်နေတာမဟုတ်လား ဘုရား။ မိဖုရားကြီးကို အရှင်ရသေ့အား တပည့်တော်လှူပါတယ်ဘုရား'

'ကြံကြီးစည်ရာ ဒကာတော်မင်းကြီးရာ ... မဟုတ်သေးပါဘူး'

'ဒါဖြင့် တိုင်းပြည်ကို လိုချင်တာလားဘုရား။ တိုင်းပြည်ကို လိုချင် ရင်လည်း တစ်ဝက်ခွဲပြီး လှူပါ့မယ်ဘုရား'

'မဟုတ်ပါဘူး ဒကာတော်မင်းကြီး'

'တိုင်းပြည်တစ်ဝက်ကနည်းတယ်ထင်ရင် တစ်တိုင်းပြည်လုံး လှူမယ် ဘုရား'

'အဲဒီလို မဟုတ်ပါဘူး။ ဒကာတော်မင်းကြီး အထင်လွဲနေတာပါ။ ကျုပ်ပြန်ကြွတော့မယ်'

'ဒီနှစ်တော့ မပြောဘဲနဲ့ပြန်မကြွရဘူးဘုရား။ အရှင်ရသေ့လိုချင်တာ ကို ပြောပြီးမှ ပြန်ကြွခွင့် ပြုမယ်ဘုရား'

'ဒါဆိုရင်လည်း လွှာချင်းဖိနပ်တစ်ရံနဲ့ သစ်ရွက်ထီးတစ်လက် လောက် လှူပါ ဒကာတော်မင်းကြီး ...'

'အောင်မလေး ... အံ့ပါရောဘုရား၊ တပည့်တော်လို ဘုရင်တစ်ပါး ထံက ဒီလောက်လေး အလှူခံချင်တာကို (၁၂)နှစ်ကြာအောင် မျိုသိပ်ထားရ သလား ဘုရား'

'ဒကာတော်မင်းကြီး ... တောင်းသူဟာ ငိုသူနဲ့တူတယ်။ တောင်းတာ မပေးသူကလည်း ပြန်ငိုသူနဲ့တူတယ်။ နှစ်ဦးနှစ်ဝ မငိုရအောင်လို့ မတောင်း တာပါ' တဲ့။

http://www.dhammadownload.com



ဒီဇာတ်တော်မှာ လိုချင်တဲ့လောဘကို ထိန်းသိမ်းနိုင်တဲ့ အလောင်းတော် ရသေ့ရဲ့ စိတ်ထားကို နည်းနည်းလေးပဲဖြစ်ဖြစ် အတုယူနိုင်မယ်ဆိုရင် မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

လောဘကို မထိန်းနိုင်တဲ့သူတွေ အတောင်းအရမ်း ထူတာပဲ။ တောင်းရင် မုန်းတယ် သူတော်ကောင်းတို့။ အလိုက်ကန်းဆိုးကိုမသိဘူး။ ကိုယ်လိုချင်တာပဲ သိတယ်ဆိုပြီး တောင်းတဲ့သူကို မုန်းတတ်တယ်လေ။ ဒါက အတောင်းခံရတဲ့ဘက်က အမြင်။

တောင်းတဲ့သူဘက်ကအမြင်ကျတော့ ... ဒီလောက်လေး တောင်းတာကို မပေးရကောင်းလားဆိုပြီး စိတ်ဆိုးမယ်။ မပေးတဲ့သူကို မုန်းမယ်။ ဒီလိုမဟုတ်လား သူတော်ကောင်းတို့ ...။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့်မို့ တောင်းလို့မပေးရင် မုန်းတတ်တယ်ဆိုတာကို သိတဲ့သူတွေက လောဘကိုအတတ်နိုင်ဆုံး ထိန်းသိမ်းကြတယ်။ အဲဒီလို လောဘကို ထိန်းသိမ်းနိုင်တဲ့သူတွေကျတော့ လူသားအချင်းချင်း ဆက်ဆံတဲ့အခါမှာ အနစ်နာခံပြီး ဆက်ဆံတယ်။

အလောင်းတော်ကြီးတွေဟာ လောကကြီးကို ကျေးဇူးတင်တဲ့ မျက်လုံးနဲ့ ကြည့်တယ်။ လောဘကြီးတဲ့ပုဂ္ဂိုလ် အဲဒီလိုမကြည့်နိုင်ပါဘူး။ လောဘကြီးတဲ့ပုဂ္ဂိုလ်က အမြတ်ထုတ်ဖို့လောက်ပဲ ကြည့်တယ်။ ဘယ်သူတွေအပေါ် ဘယ်လိုအမြတ်ထုတ်ရပါ့မလဲ။ ဘယ်သူတွေကို အနိုင်ကျင့်ရပါ့မလဲ။ ဘယ်သူတွေကို ခုတုံးလုပ်ပြီးတော့ အပေါ်တက်ရပါ့မလဲ။ ဒါပဲ စိတ်ကူးနေတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားအလောင်းတော်ကြီးများကျတော့ လောကကြီးဟာ ငါ့အတွက်မဟုတ်ဘူး။ ငါဟာ လောကအတွက်။ လောကကြီးရဲ့အကျိုးကို ဆောင်ဖို့ အမြဲတမ်းနှလုံးသွင်းတယ်။ ဘုရားမဖြစ်မီ အလောင်းတော်ဘဝ ကတည်းက ရှိနေတဲ့ အဲဒီလိုမြင့်မြတ်တဲ့ နှလုံးသားတွေကို အတုယူရမှာ။ ဒါဟာ ရဟန္တာဖြစ်ကြောင်း စိတ်ထားကောင်းတွေပဲ။ ဗုဒ္ဓဘာသာဖြစ်ရတာ အရမ်းအဖိုးတန်တယ်။ အင်မတန်အရေးတော်တာပဲ။ မကျင့်နိုင်သေးတာ အသာထားဦး။ နည်းလမ်းတွေကို သိခွင့်ရတယ်။

ကိုယ့်ရှေ့ကနေ လမ်းပြနေတာ။ လောကကြီးကို ကျေးဇူးရှင်လို့ သဘောထားတော့ ကျေးဇူးဆပ်ဖို့ ဝန်မလေးဘူး။ များသောအားဖြင့် ရန်သူလို့ သတ်မှတ်ကြတယ်။ လူဆိုးသူခိုးလို့ သတ်မှတ်ကြတယ်။ အောက်တန်းစားတွေလို့သတ်မှတ်ကြတယ်။ ဒါမှမဟုတ် ဒီပုဂ္ဂိုလ်တွေဟာ ငါ့ရဲ့ အသုံးတော်ခံတွေပဲလို့ သဘောထားကြတယ်။ စိတ်ထားညံ့တဲ့ ပုဂ္ဂိုလ်တွေအတွက် လောကကြီးဟာ ငါ့အတွက်ဖြစ်သွားတယ်။ ဒါကြောင့် မို့လည်း အပါယ်လေးပါးကို ရောက်နေကြတာ။

ဒို့သူငါတွေက စိတ်ကောင်းတဲ့အခါ ကောင်းလိုက်။ မကောင်းတဲ့ အခါ မကောင်းလိုက်ဖြစ်နေတော့ စိတ်ထားမကောင်းတဲ့အခါမှာ လုပ်တဲ့ ကာယကံ, ဝစီကံ, မနောကံတွေကြောင့် အပါယ်ကျလိုက်။ စိတ်ထား ကောင်းတဲ့အခါမှာလုပ်တဲ့ ကာယကံ, ဝစီကံ, မနောကံတွေကြောင့် လူ့ပြည် နတ်ပြည်ရောက်လိုက် ဖြစ်နေကြတာ။

ကုသိုလ်ကံကြောင့် အခုလိုလူလာဖြစ်တုန်းမှာ အလောင်းတော်ကြီး တွေရဲ့ စိတ်ကောင်းစိတ်မြတ်တွေကို အတုယူတတ်ရမယ်။ မြတ်စွာ ဘုရားလည်း အလောင်းတော်ဘဝမှာ ပုထုဇဉ်ပဲ။ သားတွေ, မယားတွေနဲ့ လောဘအပြည့်ရှိတယ်။ ဒါပေမဲ့ မကောင်းတဲ့အလုပ်တွေကိုရှောင်တယ်။

http://www.dhammadownload.com



လောဘအလိုကိုမလိုက်ဘူး။ လောဘကိုထိန်းသိမ်းတယ်။ များသောအားဖြင့် ကောင်းတဲ့ပါရမီအလုပ်တွေကိုပဲ ကြိုးစားတယ်။ ဒါကို အတုယူရမှာနော်။

ဒို့သူငါတွေလည်း လောကကြီးကို ကျေးဇူးရှင်မျက်လုံးနဲ့ ကြည့်နိုင်အောင် ကြိုးစားရမယ်။ ကျေးဇူးတင်တတ်ရမယ်။ ကျေးဇူးဆပ်တတ်ရမယ်။ လောဘအလိုမလိုက်ဘဲ လောဘကို ထိန်းသိမ်းရတယ်။ အဲဒီလိုဆိုရင် အချင်းချင်း ဆက်ဆံတဲ့နေရာမှာ အနစ်နာခံပြီး ဆက်ဆံနိုင်ပါလိမ့်မယ်။ အဲဒီလို အနစ်နာခံပြီး ဆက်ဆံနိုင်ပြီဆိုရင်တော့ သစ္စာဝါဒ၏ ဒုတိယအနှစ်သာရကို ရတာပါပဲ။ နောက်အနှစ်သာရတစ်ခုကို ဆက်သွားရအောင် ....။

## ငဲ့ညှာသနားသောစိတ်ဖြင့် ဆက်ဆံခြင်း

သစ္စာဝါဒ၏ တတိယအနှစ်သာရက အချင်းချင်း ဆက်ဆံတဲ့အခါမှာ ငဲ့ညှာထောက်ထားသနားသောစိတ်ဖြင့်ဆက်ဆံခြင်း တဲ့။ သနားတတ်တဲ့စိတ်နဲ့ ဆက်ဆံနိုင်ဖို့အတွက် ဒေါသကို နည်းအောင်ကြိုးစားရမယ်။ အနာဂါမ်မှမဟုတ်ဘဲ ဒေါသကိုတော့ မပယ်နိုင်သေးဘူးပေါ့။ ဒါပေမဲ့ နည်းနိုင်သမျှနည်းအောင် ဖြစ်ကြောမရှည်အောင် ထိန်းသိမ်းနိုင်ရမယ်။

သည်းညည်းခံတတ်တဲ့စိတ်နဲ့ ခွင့်လွှတ်တတ်တဲ့ စိတ်မျိုးရှိမှလည်း ဒေါသကို ထိန်းသိမ်းနိုင်တာ။ ဒေါသကို ထိန်းနိုင်ပြီဆိုရင် အဒေါသက အနိုင်ရသွားပြီ။ အဒေါသဆိုတာ မေတ္တာပဲ။ မေတ္တာထားနိုင်ရင် ကရုဏာက အလိုလိုပါလာမှာ။

http://www.dhammadownload.com



ကရုဏာရှိတဲ့သူက အချင်းချင်းဆက်ဆံတဲ့အခါမှာ ငဲ့ညှာထောက်ထား သနားတဲ့စိတ်နဲ့ဆက်ဆံတယ်။ အဲဒီတော့ သည်းခံခြင်းဆိုတဲ့ ခန္တီ မရှိဘဲနဲ့ မေတ္တာတို့ ကရုဏာတို့ ဥပေက္ခာတို့ ဖြစ်လာနိုင်ပါ့မလား။

'မဖြစ်လာနိုင်ပါဘူးဘုရား'

ဒီနေရာမှာဆိုလိုတဲ့ သည်းခံခြင်းဆိုတာက ကြောက်လို့ သည်းခံတာမျိုး၊ မတတ်သာလို့ငြိမ်ခံနေရတဲ့သဘောမျိုးကို ဆိုလိုတာမဟုတ်ဘူးနော်။ အဲဒီလိုသည်းခံခြင်းမျိုးက ဒေါသကိုအခြေခံတယ်။ အာဃာတတရားတွေ သူ့ရင်ထဲမှာ ကိန်းနေတယ်။ ကြည့်ပါလား။ စိတ်ထဲမှာ ကြိမ်းဝါးနေပုံက –

ပေတုံးဖြစ်နေတဲ့ အချိန်မှာတော့ ... ကြိတ်ပြီးခံလိုက်ဦးမယ်ကွာ။ တူဖြစ်တဲ့အချိန်ရောက်ရင်တော့ သေဖို့သာပြင်ထားကြပေ့။

ဒီလိုကြိမ်းဝါးတာမျိုးတွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

အဲဒီလိုသည်းခံခြင်းမျိုးကတော့ ဘုရားရှင်အဆူဆူတို့ ချီးမွမ်းတော်မူတဲ့ သည်းခံခြင်းမျိုး မဟုတ်သေးဘူး။ အသံထွက်ကသာတူတာ အနှစ်သာရပိုင်းက တခြားစီဖြစ်နေပြီ။ ဘုရားရှင်အဆူဆူတို့ ဟောကြား တော်မူတဲ့ ...

**'ခန္တီ ပရမံ တပေါ တီတိက္ခာ'**

လွန်စွာချုပ်တည်းမှုဟူသော သည်းခံခြင်းဟာ အင်မတန်မြင့်မြတ်တဲ့ အကျင့်ပဲဆိုတဲ့ အဓိပ္ပါယ်က အင်မတန်မှ ကျယ်ဝန်းပါတယ်။

ကိုယ့်ကိုစော်ကားတဲ့သူအပေါ်မှာ ခွင့်လွှတ်တယ်။ မေတ္တာလည်း မပျက်ဘူး။ ဒါကြောင့်မို့ ဘာမှတုံ့ပြန်မှု ပြန်မလုပ်ဘူး။ ဒါတင်ပဲလား။ မဟုတ်သေးပါဘူး တဲ့။ ဒီထက် နက်ရှိုင်းတဲ့အနှစ်သာရတွေ ကျန်ပါသေး

http://www.dhammadownload.com



တယ်တဲ့။ ဆရာကြီး ဦးရွှေအောင်ရှင်းပြလို့ သေသေချာချာနားလည်ခွင့်ရတာ။ ဆရာကြီး ဦးရွှေအောင်ဟာ ကျေးဇူးရှင်ပဲ။

ဘုရားရှင်အဆူဆူတို့ ဟောကြားတော်မူတဲ့ **ခန္တီ ပရမံ တပေါ တိတိက္ခာ** – လွန်စွာချုပ်တည်းမှုဟူသော သည်းခံခြင်းဆိုတာ ... ကာမဂုဏ်များရဲ့ ဆွဲဆောင်မှုနဲ့ ကိလေသာများရဲ့ ဆွဲဆောင်မှုတွေကို ပဋိလောမ အားဖြင့် တုံ့ပြန်ခြင်းဆိုတဲ့အဓိပ္ပါယ်လည်း ရှိပါသေးတယ်တဲ့။ ဆိုလိုတာက ...

အဆိုးလောကဓံနဲ့ကြုံလို့ ဒေါသစိတ်ဖြစ်လာရင် ဒေါသရဲ့ ဆွဲဆောင်ရာနောက်ကို မလိုက်ဘဲနဲ့ ချုပ်တည်းနိုင်ရမယ်။ အကောင်းလောကဓံနဲ့ကြုံလို့ လောဘစိတ်ဖြစ်လာရင်လည်း လောဘရဲ့ ဆွဲဆောင်ရာနောက်ကို မလိုက်ဘဲနဲ့ ချုပ်တည်းနိုင်ရမယ်တဲ့။

အဲဒီလို စိတ်ရဲ့အလိုမလိုက်ဘဲ စိတ်ရဲ့ဆွဲဆောင်ချက်ကို တွန်းလှန်ခြင်းသည်ပင်လျှင် သည်းခံခြင်းလို့ ဆိုလိုပါတယ်။ ဒါကြောင့်မို့ မထီမဲ့မြင်ပြုတာကိုခံရရင်လည်းသည်းခံ။ အများတကာရဲ့မြတ်နိုးတာတွေ ချီးမွမ်းတာတွေကို ခံရရင်လည်းသည်းခံ။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မာနတွေကြီး၊ အောက်လက်ငယ်သားတွေအပေါ် အနိုင်ကျင့်၊ ဒီလို လုပ်ရမှာလား။

'မလုပ်ရပါဘူးဘုရား'

ကိုယ်က သူများကို အနိုင်ကျင့်ရင် ကိုယ့်ကိုလည်း အနိုင်ကျင့်မယ့်သူက ပြန်ပေါ်လာမှာပဲ။ ဒီလိုလည်း သိထားရမယ်နော်။ အချင်းချင်း ဆက်ဆံတဲ့အခါမှာ ဒေါသကို ထိန်းသိမ်းရမယ်။ မိသားစု အချင်းချင်း

http://www.dhammadownload.com



ဖြစ်ဖြစ်၊ စီးပွားရှာတဲ့လုပ်ဖော်ကိုင်ဖက် အချင်းချင်းဖြစ်ဖြစ်၊ သာသနာပြုဘက် အချင်းချင်းဖြစ်ဖြစ် ငဲ့ညှာထောက်ထား သနားသောစိတ်ဖြင့် ဆက်ဆံနိုင်အောင် ကြိုးစားရမယ်။

ဘယ်သူဘာပြောပြော ငါသည်းညည်းခံမယ်။ ဒီလိုစိတ်မျိုး မွေးရမယ်။ တစ်ယောက်နဲ့တစ်ယောက် ပြောမှားဆိုမှားက ရှိမှာပဲ။ ဒေါသတွေ မာန်မာနတွေရှိနေရင် သည်းမခံနိုင်ဘူး။ လူ့ဘဝသက်တမ်းတိုတိုလေး အတွင်းမှာ တစ်ယောက်ကိုတစ်ယောက်မေတ္တာစိတ်နဲ့မကူညီဘဲ ဒေါသတွေ ကြီးနေမယ်ဆိုရင် သစ္စာဝါဒ၏အနှစ်သာရကို ရပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ယောဂီအချင်းချင်း ဆက်ဆံတဲ့ အခါမှာလည်း သဘောထား ပြည့်ပြည့်ဝဝထားပြီးတော့ မေတ္တာစေတနာနဲ့ ဆက်ဆံရမယ်။ အချင်းချင်း စိတ်ဆိုးစိတ်ကောက်နေမယ်ဆိုရင် ကောင်းပါ့မလား။

'မကောင်းပါဘူးဘုရား'

သည်းညည်းခံတဲ့စိတ်တွေတိုးအောင် ဒေါသအပြစ်တွေကို သိအောင် တရားများများ နာရမယ်။ ဒေါသရဲ့အပြစ်ကိုမသိရင် ဒေါသထွက်မှာပဲ။ ဒေါသထွက်ပြီးရင် ပြန်ရုပ်သိမ်းဖို့မလွယ်တော့ ဖြစ်ကြောက ရှည်နေလိမ့်မယ်။ တရားတွေများများနာထားလို့ ဒေါသအပြစ်ကိုသိတဲ့ အခါကျတော့ ခဏလေးနဲ့အရှိန်သတ်လို့ရတယ်။ ဒေါသအပြစ်လင်္ကာလေးကို ယောဂီတွေ မှတ်မိသေးလား။ ဆိုကြည့်ပါဦး။

**မချစ်ရန်ပွား၊ အပြစ်များ၍၊ သေခါတွေဝေ၊**
**ရောက်လေငရဲရွာ၊ ဤငါးဖြာ ဒေါသအပြစ်တည်း။**

ဟုတ်တယ်။ ဒေါသကြီးတဲ့သူကို သားအမိသားအဖချင်းတောင် မချစ်ဘူး။ သွေးသားတော်လို့သာပေါင်းနေရတယ်။ စိတ်ထဲမှာ သဘောမကျဘူး။

http://www.dhammadownload.com



တပည့်နဲ့ဆရာမှာလည်း ကြည့်ပါလား။ ဒေါသကြီးတဲ့ ဆရာသမားဆို တပည့်တွေက မလိုလားဘူး။ ဒီဆရာကို မြန်မြန်ပြောင်းသွားစေချင်တယ်။ ဒါမှမဟုတ် နတ်ပြည်ကြွရင်ကြွပါစေ–လို့ ကြိတ်ပြီး ဆုတောင်းနေမှာ။ ဒေါသကြီးတဲ့ဆရာနဲ့ ကြာရှည်မနေချင်ဘူးလေ။

တချို့ကုဋ္ဌေတွေ သန့်စင်ခန်းတွေမှာ ရေးထားတာ တွေ့ဖူးမှာပေါ့။ လူလိုနားလည်ပါတဲ့။ စာဖတ်လိုက်တာနဲ့ ဒီစာကိုရေးတဲ့ ပုဂ္ဂိုလ်ဟာ ဒေါသကြီးမယ်ဆိုတာ ခန့်မှန်းလို့ မရဘူးလား။

'ရပါတယ်ဘုရား'

ဒေါသဖြစ်ရင် မိမိကိုယ်တိုင် ပူလောင်သလို အနားမှာရှိတဲ့သူတွေ အားလုံးလည်း အပူက ကူးသွားတာပါပဲ။ ဒေါသတွေ မလျှော့ကြလို့ ပစ္စုပ္ပန်မှာလည်း အချုပ်ခန်းထဲရောက်၊ ထောင်ထဲရောက်ပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့ ကြုံရတယ်။ သေခါနီးကာလမှာလည်း မကောင်းတဲ့ အာရုံနိမိတ်တွေထင်ပြီး ထိတ်ထိတ်လန့်လန့် တွေတွေဝေဝေသေရတတ်တယ်။ သေပြီးရင်လည်း အပါယ်လေးပါးကို ရောက်ဦးမယ်။

အဲဒီလို ပစ္စုပ္ပန်မှာရော သံသရာမှာပါ အပြစ်များတဲ့ ဒေါသကို နည်းသွားစေဖို့ ပါးသွားစေဖို့ဆိုတာ သည်းခံတတ်တဲ့စိတ် ခွင့်လွှတ်တတ်တဲ့စိတ်မှမရှိရင် မရဘူးနော်။ သည်းခံတတ်တဲ့စိတ် ခွင့်လွှတ်တတ်တဲ့ စိတ်မွေးနိုင်ဖို့အတွက် မဟာကပိဇာတ်တော်ထဲက အလောင်းတော် မျောက်မင်းရဲ့စိတ်ဓာတ်မျိုးကို နည်းနည်းလေးပဲဖြစ်ဖြစ် အတုယူနိုင်အောင် ပြန်ပြောဦးမယ်။ ယောဂီအများစုက ကြားဖူးပြီးသားမို့ အတိုချုပ်လေးပဲ ပြောမယ်။

http://www.dhammadownload.com



## မဟာကာဗီစေတီတော်

ဗာရာဏသီပြည်မှာ လယ်သမားပုဏ္ဏားကြီးတစ်ယောက် နွားပျောက်တာကို လိုက်ရှာရင်းနဲ့ ဟိမဝန္တာတောထဲမှာ မျက်စိလည်လမ်းမှားနေတာ (၇)ရက်ရှိနေပြီ။ အစာလည်းမစားရ။ ရေလည်းမသောက်ရ ဆိုတော့ ဗိုက်က အရမ်းဆာနေပြီ။ ဒါနဲ့ စားလို့ရမယ့် သစ်သီးဝလံလေးများ တွေ့လိုတွေ့ငြား ရှာတော့ ချောက်ကမ်းပါးစွန်းမှာ ပေါက်နေတဲ့ တည်ပင်တစ်ပင်ကို တွေ့တယ်။

တည်သီးစားချင်လို့ တည်ပင်ပေါ်တက်ခူးတာ တည်ပင်ကိုင်းကျိုးကျပြီး ပုဏ္ဏားကြီးချောက်ထဲကျသွားပါလေရော။ ချောက်ကလည်း အနက်ကြီးဆိုတော့ ပြန်တက်လို့ကို မရတော့ဘူး။ ချောက်ထဲမှာတင် (၁၀)ရက်ရှိသွားပြီ။ တောထဲမှာ မျက်စိလည်နေတာက (၇)ရက်ဆိုတော့ အစာလည်းမစားရ၊ ရေလည်းမသောက်ရတာ (၁၇)ရက်ရှိနေပြီ။ ကယ်မယ့်သူမှမရှိရင် သေဖို့ပဲ ရှိတော့တယ်။

အဲဒီတော့ ကယ်မယ့်သူရလိုရငြားဆိုပြီး နေ့ရောညပါ အော်နေမှာပေါ့။ ဘယ်လိုအော်မယ်ထင်လဲ ယောဂီတို့ ...။

'ကယ်ကြပါဦး။ ကယ်ကြပါဦး-လို့ အော်မှာပါဘုရား'

ဗမာလိုတော့ အော်မယ်မထင်ပါဘူးဗျာ။ အဲဒီအခါပွါယ်မျိုး ပုဏ္ဏားလို အော်မှာပေါ့။ ထားတော့ ... အဲဒီလိုအော်နေတဲ့အသံကို အလောင်းတော် မျောက်မင်းကြားတော့ ချောက်ထဲဆင်းကြည့်တယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဩော် ... ဒုက္ခရောက်နေတဲ့လူသားတစ်ယောက်။ ငါမှ မကယ်ရင် သေတော့မှာပဲ။ ဒါပေမဲ့ ချောက်ကြီးကလည်း အနက်ကြီး။ သူ့ကို ထမ်းပြီးခုန်တက်တဲ့အချိန်မှာ အပေါ်ကို မိမိရရမရောက်ရင်တော့ နှစ်ဦးလုံး

http://www.dhammadownload.com



သေတော့မှာပဲ။ ငါသေတာက ကိစ္စမရှိဘူး။ ဒီလူသားမသေဖို့ အရေးကြီးတယ်။ ဒီတော့ သေချာအောင် ပုဏ္ဏားကြီး ခန္ဓာကိုယ်လောက် လေးတဲ့ ကျောက်တုံးကြီးကို ထမ်းပြီး အစမ်းခုန်ကြည့်တယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သေချာပြီဆိုတော့မှ အလောင်းတော်မျောက်မင်းဟာ ပုဏ္ဏားကြီးကို သူ့ပခုံးပေါ် ထမ်းပြီး ချောက်ထဲကနေ အားကုန် ခုန်တက်တယ်လေ။ အပေါ်ရောက်တော့ အလောင်းတော်မျောက်မင်းဟာ ပင်ပန်းလွန်းလို့ အမောပြေအောင် ခဏလှဲလိုက်တာ အိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ ပုဏ္ဏားကြီးက ဘာလုပ်သလဲ။ သိတဲ့ယောဂီက ပြောကြည့်ပါဦး။

'မျောက်ကြီးရဲ့ခေါင်းကို ကျောက်တုံးနဲ့ထုပါတယ်ဘုရား'

ဟုတ်တယ်။ (၁၇)ရက်လုံးလုံး အစာငတ်နေတာဆိုတော့ ဗိုက်ကလည်း အရမ်းဆာနေပြီ။ အဲဒီတော့ သူ့ဗိုက်ဖြည့်ဖို့အတွက်နဲ့ အိမ်ပြန်တဲ့အခါ ပုဏ္ဏေးမကြီးကို မျက်နှာလုပ်ဖို့ အိမ်ပြန်လက်ဆောင်အဖြစ် မျောက်သားယူသွားမယ်ဆိုတဲ့ ယုတ်မာတဲ့စိတ်ကပေါ်လာတယ်။ အခုကြည့် အသက်သခင်ကျေးဇူးရှင်ကို သတ်ဖို့ကြိုးစားပြီ။

ဒါပေမဲ့ ပုဏ္ဏားကြီးဟာ (၁၇)ရက်လောက် အစာလည်းမစားရ။ ရေလည်းမသောက်ရတော့ အားမရှိဘူး။ ဒါကြောင့်မို့ အလောင်းတော်မျောက်မင်းဟာ မသေဘဲနဲ့ ခေါင်းပဲ ကွဲသွားတယ်။ ဆော်တော်ဆိုးတဲ့ ပုဏ္ဏားကြီး။ ကိုယ့်အသက်သခင် ကျေးဇူးရှင်ကို ကျေးဇူးကန်းတယ်။ အဲဒီလို ကျေးဇူးကန်းတဲ့ ပုဏ္ဏားကြီးကို အလောင်းတော် မျောက်မင်းက စိတ်မဆိုးဘူးတဲ့ဗျာ။ အံ့ရောပဲ။ အလောင်းတော်ကြီးတွေရဲ့ စိတ်ထားဟာ တိရစ္ဆာန်ဘဝရောက်နေတာတောင် မြင့်မြတ်လိုက်တာ။

ခေါင်းကသွေးတောက်တောက်ကျနေတဲ့ အလောင်းတော်မျောက်မင်းဟာ ဒေါသဖြစ်ပြီးရန်မမူတဲ့အပြင် ပုဏ္ဏားကြီးကို သနားနေသေးတယ် တဲ့

http://www.dhammadownload.com



ဒီလူသားတော့ ငါသာ လမ်းမပြရင် ဒီတောထဲမှာ မျက်စိလည်ပြီး ကျားစာဖြစ်တော့မှာပဲ။ ဒါပေမဲ့ သူ့နားကပ်လို့တော့ မဖြစ်ဘူး။ ငါက သစ်ပင်ပေါ်ကသွားမယ်။ အသင်လူသားက ငါ့ခေါင်းကကျတဲ့ သွေးစက်တွေ ကြည့်ပြီး လိုက်ခဲ့။ ဒီလိုလမ်းပြခဲ့တာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အလောင်းတော်မျောက်မင်းရဲ့ အများအကျိုးကို ဆောင်လိုတဲ့ စိတ်၊ ခွင့်လွှတ်တတ်တဲ့စိတ်၊ သည်းခံနိုင်တဲ့စိတ်၊ မေတ္တာကရုဏာ ကြီးမားတဲ့ စိတ်တွေက ကြည်ညိုစရာကောင်းလိုက်တာဗျာ။ ဒို့သူငါတွေ ဒီလိုစိတ်မျိုး ဘယ်ထားနိုင်မှာလဲ။ မထားနိုင်ပေမယ့် နည်းနည်းလေးပဲဖြစ်ဖြစ် အတုမယူ သင့်ဘူးလား။

'အတုယူသင့်ပါတယ်ဘုရား'

အတုယူရမယ်။ တစ်ယောက်နဲ့တစ်ယောက် သည်းခံတတ်တဲ့စိတ်၊ ခွင့်လွှတ်တတ်တဲ့စိတ်မှ မရှိရင် အချင်းချင်းဆက်ဆံတဲ့အခါမှာ ငဲ့ညှာ ထောက်ထား သနားတဲ့စိတ်နဲ့ မဆက်ဆံနိုင်ဘူး။

မဆက်ဆံနိုင်ရင် သစ္စာဝါဒ၏ တတိယအနှစ်သာရကို မရတော့ ဘူးပေါ့။ သနားတတ်တဲ့စိတ်ရှိဖို့အတွက် ဒေါသနည်းရမယ်။ အဒေါသ ဆိုတာ မေတ္တာပဲ။ ကျေးဇူးတင်တတ်ရင် မေတ္တာထားနိုင်တယ်။ မေတ္တာနဲ့ တွဲလာတာ ခန္တီ–သည်းခံခြင်းပဲ။ သည်းခံတတ်ဖို့၊ ခွင့်လွှတ်တတ်ဖို့အတွက် အကောင်းမြင်တတ်ဖို့လည်းလိုတယ်။ ဟုတ်တိုင်းမှန်စွာ သဘောပေါက် ဖို့လည်း လိုပါတယ်။

ဗဟိဒ္ဓကို သည်းခံနိုင်ရင် အဇ္ဈတ္တမှာ ဖြစ်ပေါ်လာတဲ့ လောဘ, ဒေါသ, မောဟကို သည်းခံနိုင်ဖို့ အထောက်အကူရတယ်။ ဗဟိဒ္ဓကို သည်းခံနိုင်မှ အဇ္ဈတ္တကို သည်းခံနိုင်တယ်။ ဗဟိဒ္ဓနဲ့ အဇ္ဈတ္တမှာ အဇ္ဈတ္တက ပိုပြီးတော့

http://www.dhammadownload.com



သည်းခံရခက်တယ်။ ဗဟိဒ္ဓက ဆဲဆိုတာ, လက်သီးနဲ့ထိုးတာ သည်းခံလို့ ရနိုင်သေးတယ်။ ရင်ထဲက လောဘ, ဒေါသ, မောဟဖြစ်လာရင် သည်းခံပြီး တရားကျင့်သုံးဖို့ ပိုပြီးတော့ခက်တယ်။

ခက်ပေမယ့် အောင်မြင်နိုင်တဲ့နည်းလမ်းတွေ သာသနာတွင်းမှာ ရှိပါတယ်။ တခြားနည်းလမ်း မဟုတ်ဘူး။ သဒ္ဓမ္မဆိုတဲ့ သူတော်ကောင်းတရားတွေပဲ။ ယထာဘူတဉာဏ်လို့ခေါ်တဲ့ အရာရာကို ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်မျိုးရအောင် လက်တွေ့ကျင့်မယ်ဆိုရင် ဗဟိဒ္ဓကိုလည်း သည်းခံနိုင်မယ်။ အဇ္ဈတ္တကိုလည်း သည်းခံနိုင်မယ်။

အဲဒီလို သည်းခံနိုင်ပြီဆိုရင်တော့ အချင်းချင်းဆက်ဆံတဲ့အခါမှာ ငွဲညှာသနားသောစိတ်နဲ့ ဆက်ဆံနိုင်ပါပြီ။ ဒါဆို သစ္စာဝါဒ၏ တတိယ အနှစ်သာရကိုရပြီပေါ့။ လက်တွေ့မကျင့်ဘဲ စိတ်ကူးနဲ့ကျင့်မယ်ဆိုရင် ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

## ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်ဖြင့်ဆက်ဆံခြင်း

သဒ္ဓမ္မ–ဆိုတဲ့ သူတော်ကောင်းတရားတွေကို နားလည်သဘောပေါက်ရင် ဗဟိဒ္ဓကိုလည်း မှန်ကန်စွာ နားလည်သဘောပေါက်တယ်။ အဇ္ဈတ္တကိုလည်း မှန်ကန်စွာ နားလည်သဘောပေါက်တယ်။ မှန်ကန်စွာ နားလည်သဘောပေါက်တာကို ယထာဘူတဉာဏ်၊ ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်–လို့ခေါ်တယ်။ အဲဒီယထာဘူတဉာဏ်နဲ့ အရာရာမှာသိနားလည်မယ် ဆိုရင် သစ္စာဝါဒ၏အနှစ်သာရ နံပါတ်(၄)ကို ရပြီ။

http://www.dhammadownload.com



သစ္စာဝါဒ, ဗုဒ္ဓဝါဒ, ထေရဝါဒ၏ အဓိကရည်ညွှန်းချက်က ယထာဘူတဉာဏ်ရဖို့။ အရာရာမှာ ဟုတ်တိုင်းမှန်စွာသိဖို့ပဲ။ သူတော်ကောင်းတရားတွေဟာ ကံနယ်မှာလည်း ဟုတ်တိုင်းမှန်စွာသိအောင် သွန်သင်ပေးတယ်။ ဉာဏ်နယ်မှာလည်း ဟုတ်တိုင်းမှန်စွာသိအောင် သွန်သင်ပေးတယ်။ ဟုတ်တိုင်းမှန်စွာသိလို့ ဆက်ကြိုးစားရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရနိုင်တယ်။

လောကီမှာလည်း ဟုတ်တိုင်းမှန်စွာသိရင် သူနဲ့ဆိုင်ရာဆိုင်ရာ လုပ်ငန်းတွေက အဆင်ပြေနိုင်တယ်။ စီးပွားရေး, လူမှုရေး, နိုင်ငံရေးတွေမှာ ဟုတ်တိုင်းမှန်စွာ မသိဘဲနဲ့ အမှားတွေချည်းပဲ သိနေရင် ဒုက္ခရောက်ဖို့ မကျိန်းသေဖူးလား။

'ကျိန်းသေပါတယ်ဘုရား'

လိုက်နာနိုင်တာ မလိုက်နာနိုင်တာက နောက်တစ်ကဏ္ဍ။ ဒါအမှားပဲ, ဒါအမှန်ပဲ, ဒါကုသိုလ်ပဲ, ဒါအကုသိုလ်ပဲ။ ဒါ မလုပ်သင့်ဘူး, ဒါလုပ်သင့်တယ်။ ဒါသာသနာပ အကာ, ဒါသာသနာတွင်း အနှစ်။ ဒါ အရေးကြီးတယ်, ဒါ အရေးမကြီးဘူး။ ပိုင်ပိုင်နိုင်နိုင်သိရမယ်။

ကိုယ်လုပ်နေတာ အကာလား, အနှစ်လား။ သံသရာလည်ကြောင်းလား, နိဗ္ဗာန်ရောက်ကြောင်းလား။ သာသနာတွင်း အလုပ်လား, သာသနာပ အလုပ်လား။ ပိုင်ပိုင်နိုင်နိုင်သိသင့်တယ်။ အဲဒီလိုသိမှ သက်တမ်းကတိုတို, ရောဂါကများများ အန္တရာယ်တွေ ပတ်ချာဝိုင်းနေတဲ့ ဒီလောကကြီးထဲမှာ အရေးကြီးတဲ့အလုပ်ကို မြန်မြန်လုပ်ဖြစ်မှာပေါ့။

အမှန်ကိုမသိရင်တော့ ဆင်ခြေတွေအမျိုးမျိုးပေးနေမှာပဲ။ နောက်မှ နောက်မှနဲ့ အချိန်ဆွဲတဲ့ပုဂ္ဂိုလ်ကြီးတွေ သေမင်းကအရင် လက်ဦးသွားရင်တော့ အပါယ်လေးပါး ရောက်သွားလိမ့်မယ်။ လူ့ဘဝဆိုတာ နတ်တွေ ဗြဟ္မာတွေ သက်တမ်းနဲ့ ယှဉ်လိုက်ရင် ခဏလေးပဲ။ ရက်ပိုင်း, မိနစ်ပိုင်း လောက်လေးပဲရှိမယ်။ အဲဒီလောက်သက်တမ်းတိုတိုလေးမှာ အကာတွေ

http://www.dhammadownload.com



လုပ်နေရင် အလကားပေါ့။ အနှစ်သာရ ရမယ့်အလုပ်ကို မသေမချင်း လုပ်သွားရင် မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

လူ့ဘဝရဲ့အနှစ်သာရက သီလ, သမာဓိ, ပညာပဲ။ သီလလည်း ကျကျနန မစောင့်နိုင်။ သမာဓိကျတော့ ခဏိကသမာဓိတောင်မရှိ။ ပညာဆိုရင် အလွဲအချော်ကြီးပဲ သိတယ်။ အကာအဖျင်းတွေပဲ မက်မောတယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမယ့်ပညာကို စိတ်တောင်မဝင်စားဘူး။ ဒါကြောင့် မို့လည်း အခုအချိန်ထိ ဘာမဂ်, ဘာဖိုလ်မှ မရသေးတာပေါ့။ သစ္စာတရားတွေသိအောင်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေရအောင် လုပ်တာဟာ အကာလား အနှစ်လား။

'အနှစ်ပါဘုရား'

သိပြီးမှ ကျင့်လို့ရမှာကိုး‌ဗျ။ အသိကိုက မှားနေရင် အမှန်ကျင့်လို့ မရနိုင်ဘူး။ အသိမှန်အောင် ပညာရှိသူတော်ကောင်းတွေကို ဆည်းကပ်ရမယ်။ အဓိကဆည်းကပ်ရမှာက ဘုရား, ရဟန္တာနဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို တကယ်ရထားတဲ့ သံဃာတော်တွေ။ ဒုတိယက မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအောင် ကိုယ်တိုင်လည်းကျင့်ကြံအားထုတ်နေတယ်၊ သူတစ်ပါးကိုလည်း နားလည်အောင် ဟောပြောပြသနိုင်တဲ့ သံဃာတော်တွေနဲ့ လူပုဂ္ဂိုလ်တွေ။ အဲဒီလို မှန်မှန်ကန်ကန် ဆည်းကပ်မှ သစ္စာတရားတွေကို သိနိုင်မယ်။ အကာသမားကို သွားဆည်းကပ်ရင် အကာပဲရမှာပေါ့။ အနှစ်ကိုရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်–ဆိုတာ အင်မတန်နယ်ကျယ်တယ်။ ဥပမာ–ပရိတ်ရွတ်တယ်၊ ကမ္မဝါဖတ်တယ်ဆိုတာ၊ အပေါ်အန္တရာယ်တွေကိုပဲ တားနိုင်တယ်။ အပေါ်အန္တရာယ်–ဆိုတာ ဘီလူးတို့

http://www.dhammadownload.com



တစ္ဆေသရဲတို့ ပြိတ္တာတို့ကို ဆိုလိုပါတယ်။ အတွင်းအန္တရာယ်ဖြစ်တဲ့ လောဘ, ဒေါသ, ကိလေသာတွေကိုကျတော့ ပရိတ်တို့ ကမ္မဝါတို့က မတားနိုင်ဘူး။ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကသာ ပါးအောင်, ကုန်အောင်စွမ်းနိုင်တယ်။ ဒီလိုဟုတ်တိုင်းမှန်စွာသိပြီး ဉာဏ်နဲ့ဆောင်ရွက်ရင် ဒိဋ္ဌိပြုတ်မယ်။ အဲဒီတော့ မြန်မြန်ဆန်ဆန် နိဗ္ဗာန်မရောက်နိုင်ဘူးလား။

'ရောက်နိုင်ပါတယ်ဘုရား'

မြတ်စွာဘုရားရဲ့ အဆုံးအမဟာ အဓိက,က နိဗ္ဗာန်ကို မြန်မြန်ရောက်ဖို့ပဲ။ ဒါပေမဲ့ ဒို့သူငါတွေဟာ ဘုရားအဆုံးအမကိုလိုက်နာတာထက် အဝိဇ္ဇာတဏှာခိုင်းတာကို အဓိကလိုက်နာနေကြလို့ အခုအချိန်ထိ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်ကြသေးတာ။ အမှန်ကိုသိရင် တော်သေးတယ် ပြောရမှာပဲ။

အရာရာမှာ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ဖြင့်ဆောင်ရွက်ခြင်း–ဆိုတာ သူများကို နောက်မှဆောင်ရွက်နော်။ ကိုယ့်ကိုယ်ကို ဟုတ်တိုင်းမှန်စွာသိအောင် အရင်လုပ်ရမယ်။ တရားကျင့်တာနဲ့ပတ်သက်လို့ ပုဂ္ဂိုလ်လေးမျိုးရှိတယ်လေ။ ဘယ်ပုဂ္ဂိုလ်အမျိုးအစားထဲမှာပါလဲဆိုတာ အရင်ဆန်းစစ်ကြည့်။

ပထမအမျိုးအစားက ဗဟုသုတလည်း နည်းတယ်။ တရားလည်း မကျင့်ဘူး။ ဒုတိယအမျိုးအစားက ဗဟုသုတနည်းပေမယ့် တရားတော့ကျင့်တယ်။ တတိယအမျိုးအစားကျတော့ ဗဟုသုတတော့များတယ်။ တရားမကျင့်ဘူး။ စတုတ္ထအမျိုးအစားက ဗဟုသုတလည်း များတယ်။ တရားလည်းကျင့်တယ်။ ဒီပုဂ္ဂိုလ်လေးမျိုးထဲမှာ ငါဟာ ဘယ်အမျိုးအစားထဲမှာ ပါသလဲဆိုတာ ကိုယ့်ကိုယ်ကို သိရမယ်။

http://www.dhammadownload.com



ပထမအမျိုးအစားထဲမှာပါတယ်ဆိုရင်တော့ မကောင်းတော့ဘူး။ ဘာမှအသုံးမကျတဲ့အထဲရောက်သွားပြီ။ ဒီအတိုင်းသွားရင်တော့ သေရင် အပါယ်လေးပါးရောက်ဖို့ များတာပဲ။ အပါယ်လေးပါး မရောက်ချင် ရင်တော့ ဗဟုသုတများအောင်ကြိုးစား။ တရားကို ကျင့်ဖြစ်အောင်လည်း အားထုတ်။

ဒုတိယအမျိုးအစားက ဗဟုသုတ နည်းပေမယ့် တရားကျင့်တဲ့ အတွက် ရဟန္တာထိ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ကမ္ဘာနဲ့ချီပြီး ကျယ်ကျယ် ပြန့်ပြန့်သာသနာမပြုနိုင်ဘူး။ အများအကျိုးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်ဘူး။

တတိယအမျိုးအစားထဲမှာပါရင်လည်း အပါယ်ကျနိုင်သေးတယ်။ တတ်ထားတဲ့ ဗဟုသုတတွေကို မတရားတဲ့ဘက်မှာ သွားသုံးတာတို့၊ ဒါမှမဟုတ် တရားမကျင့်ဘဲ ကာမဂုဏ်လိုက်စားပြီး အချိန်ကုန်နေတာတို့ ဆိုရင် အပါယ်ကျမသွားနိုင်ဘူးလား။

'ကျသွားနိုင်ပါတယ်ဘုရား'

စတုတ္ထအမျိုးအစားက ဗဟုသုတလည်း များတယ်။ တရားလည်း ကျင့်တယ်။ ဒီပုဂ္ဂိုလ်မျိုးကတော့ အကောင်းဆုံးပေါ့။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးတို့လို မိုးကုတ်ဆရာတော်ဘုရားကြီးတို့လို ပုဂ္ဂိုလ်မျိုးကိုဆိုလိုတာ။ အများအကျိုးလည်းဆောင်နိုင်တယ်။ ကိုယ်လည်း နိဗ္ဗာန်ရောက်တယ်။ အင်မတန်ကြည်ညိုဖို့ကောင်းတာပဲ။

အဲဒီတော့ ကိုယ်က ဘယ်လိုပုဂ္ဂိုလ်အမျိုးအစားထဲမှာ ပါသလဲဆိုတာ သိရမယ်။ ဗဟုသုတတွေမရှိသေးရင် အထိုက်အလျောက်သိအောင် ကြိုးစား ရမယ်။ အဓိက,က တရားကျင့်ဖို့ အရေးကြီးတယ်။ တရားကျင့်တဲ့အခါ မှာလည်း သိသင့်တာတွေ လုပ်သင့်တာတွေ ရှိသေးတယ်။ အဲဒီလို ဆောင်

http://www.dhammadownload.com



ရမယ့်အချက် ရှောင်ရမယ့် အချက်တွေကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်မှ ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်ဖြင့် ဆောင်ရွက်တယ်–လို့ ဆိုနိုင်တယ်။

ဆောင်ရမည့်အချက် (၅)ခုက…

(၁) ဝေယျာဝစ္စလည်း လုပ်ရမယ်။ တရားလည်း အားထုတ်ရမယ်။

(၂) ဓမ္မဗဟုသုတကို လေ့လာရမယ်။ တရားလည်း အားထုတ်ရမယ်။

(၃) အများအကျိုး ဆောင်ရမယ်။ တရားလည်း အားထုတ်ရမယ်။

(၄) လောကစံကြုံတဲ့အခါ ဆင်ခြင်ဉာဏ်နဲ့ သည်းခံရမယ်။ တရားလည်း အားထုတ်ရမယ်။

(၅) ပုဂ္ဂိုလ်လေးမျိုးကို မကြာခဏဆင်ခြင်ရမယ်။ တရားလည်း အားထုတ်ရမယ်။

တချို့က ဝေယျာဝစ္စကို နည်းနည်းလေးတောင် မလုပ်ချင်ဘူး။ သမာဓိပျက်တယ်၊ အချိန်ကုန်တယ်၊ အောက်တန်းကျတယ်လို့ ထင်တယ်။ တစ်ပတ်, ဆယ်ရက်လောက် အားထုတ်တဲ့သူကိုတော့ မဆိုလိုပါဘူး။ မဂ်ဖိုလ် နိဗ္ဗာန်ရတဲ့အထိအားထုတ်မယ့် ယောဂီတွေအတွက် ရည်ရွယ်ပြီး ပြောနေတာ။

အမှားနဲ့အမှန်ကို ယှဉ်ပြောနေတာနော်။ ဝေယျာဝစ္စတော့ လုပ်တယ်။ တရားမမှတ်ဘူးဆိုရင်လည်း မှားတယ်။ တရားပဲလုပ်မယ်၊ ဝေယျာဝစ္စကို လုံးလုံးမလုပ်ဘူးဆိုရင်လည်း မှားတယ်။ အများအကျိုးလည်း ဆောင်ရမယ်။ ဝေယျာဝစ္စလည်း လုပ်ရမယ်။ တရားလည်း အားထုတ်ရမယ်။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



ဥပမာ – ဗုဒ္ဓဝေယျာဝစ္စတွေ လုပ်တယ်။ ဘုရားစင်ကို သန့်သန့် ရှင်းရှင်း ဖြစ်အောင် သန့်ရှင်းရေးတွေ လုပ်တယ်။ စေတီရှိရင်လည်း စေတီ ရင်ပြင်တော်ပေါ်မှာ တံမြက်စည်းလှည်းတယ်ဆိုပါတော့ … ဘုရား ဂုဏ်တော်ကိုပွားပြီးတော့လုပ်မယ်ဆိုရင် သမထဘာဝနာ ပွားပြီးသား ဖြစ်မသွားဘူးလား။

'ဖြစ်သွားပါတယ်ဘုရား'

အဲဒီလို ဗုဒ္ဓဝေယျာဝစ္စပဲလုပ်လုပ်၊ သံဃဝေယျာဝစ္စပဲလုပ်လုပ် ဆရာသမားရဲ့ ဝေယျာဝစ္စပဲလုပ်လုပ်၊ အလုပ်နဲ့ တရား တစ်သားတည်း ဖြစ်အောင်လုပ်တတ်မယ်ဆိုရင် သဒ္ဓါတရားတွေတိုးမယ်။ သီလတရားတွေ တိုးမယ်။ သမာဓိတရားတွေ တိုးမယ်။ ရှုမှတ်ပြီး လုပ်တတ်တဲ့သူဆိုရင် ပညာတရားတွေလည်း တိုးလာမှာပဲ။

အဲဒီကုသိုလ်တရားတွေက တရားအားထုတ်လို့ အခက်အခဲ ကြုံတဲ့ အခါမှာပဲဖြစ်ဖြစ်၊ ကိလေသာနှိပ်စက်တဲ့ဒဏ်ကိုခံရတဲ့ အခါမှာပဲဖြစ်ဖြစ် လောကဓံတွေနဲ့ကြုံရတဲ့ အခါမှာပဲဖြစ်ဖြစ် ကိုယ့်ကိုပြန်ပြီးတော့ ကယ်တင် တယ်။ အထောက်အပံ့ပေးတယ်။ မျက်စိနဲ့တော့ မမြင်ရဘူးပေါ့။ ဘယ်လို အထောက်အပံ့ပေးတယ်ဆိုတာ လုပ်ငန်းသဘောကို နည်းနည်းပြောဦးမယ်။

တစ်ခါတလေကျရင် တရားအလုပ်ကို ဆက်မလုပ်ချင်တော့တာမျိုး တွေ ကြုံရတတ်တယ်။ အကြောင်းတရားတွေက အမျိုးမျိုးပေါ့။ ရဟန်း တော်တွေဆိုရင်လည်း လူထွက်ချင်စိတ်ကို ဖြစ်လာတာ။ ဘယ်လိုမှ တရားက မှတ်လို့မရတော့ဘူး။ စိတ်ဓာတ်တွေပါ ကျလာတတ်တယ်။ အဲဒီလိုအချိန်မျိုးမှာ မထင်မှတ်ဘဲ ဉာဏ်အလင်းရောင်ပေါ်လာတတ်တယ်။ ဘယ်လိုလုပ်သင့်တယ်။ ဘယ်လိုမှတ်သင့်တယ်။ ဘာလုပ်ရမယ်ဆိုတာ ဉာဏ်ထဲမှာ ပေါ်လာတယ်။ ကူညီမယ့်သူ စောင့်ရှောက်မယ့်သူတွေ ပေါ်လာ တယ်။ ငွေလိုရင်လည်း တစ်နည်းနည်းနဲ့တော့ အဆင်ပြေသွားတာပဲ။

http://www.dhammadownload.com



တရားမှတ်တဲ့ဘက်မှာ ဆိုရင်လည်း ဉာဏ်က ဒီလိုအားထုတ်၊ ဒီလိုလေးမှတ် ဒီလိုသိလာတယ်။ အဲဒီအတိုင်း မှတ်လိုက်ရင် တစ်ခါတည်း မိသွားတာပဲ။ သမာဓိတွေ အားကောင်း၊ ပီတိပဿဒ္ဓိတွေဖြစ်လာပြီး တရားဘက် စိတ်ပါသွားပြန်ရော။ မဂ်ဖိုလ်တော့ ရတာမဟုတ်သေးဘူး။ ဒါပေမဲ့ ဝေယျာဝစ္စလည်းလုပ် အများအကျိုးလည်းဆောင် တရားလည်း အားထုတ်ရင် မလုပ်တဲ့သူထက် တရားရပိုမြန်တယ်။ သမာဓိလည်း မြန်မြန်ရတယ်။ မယုံရင် လုပ်ကြည့်။

ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်နဲ့ ဆောင်ရွက်နိုင်ဖို့ အတွက် ဆောင်ရမည့်ဒုတိယအချက်ကို ပြန်ပြောကြည့်ပါဦး။

'ဓမ္မဇဟုသုတကို လေ့လာရမယ်။
တရားလည်းအားထုတ်ရမယ်ပါဘုရား'

ဓမ္မဇဟုသုတကိုလေ့လာရမယ်ဆိုတာက တရားစဉ်နဲ့လုပ်ငန်းစဉ်ကို သေသေချာချာ နားလည်သဘောပေါက်အောင် လေ့လာရမယ်လို့ ဆိုလို ပါတယ်။

## တရားစဉ်နဲ့လုပ်ငန်းစဉ်

ဒီနေရာမှာ တရားနာတာနဲ့ တရားရှုမှတ်တာ ကွဲပုံလေးကို မှန်မှန် ကန်ကန် နားလည်သဘောပေါက်အောင် ထပ်ပြောပါဦးမယ်။ တရားနာ တာဟာ တရားစဉ်။ ရှုမှတ်တာက လုပ်ငန်းစဉ်။ ဆိုင်တော့ဆိုင်တယ်။ မတူဘူး။ တရားစဉ်ကိုလည်း ပယ်လို့မရဘူး။ လုပ်ငန်းစဉ်ကိုလည်း ချန်ထားလို့မရဘူး။ ဒါပေမဲ့ တရားစဉ်နဲ့လုပ်ငန်းစဉ်ကို ရောလို့တော့ မရဘူး။ ပယ်လို့လည်းမရဘူး။ ရောလို့လည်းမရဘူး။

http://www.dhammadownload.com



တရားစဉ်က ဝေဖန်စဉ်းစားနိုင်မှ တန်ကာလောက် ကျတယ်။ ဝေဖန်စဉ်းစားနိုင်လေ မှန်ကန်လေ တိုးတက်လေပဲ။ အခုလို တရားနာတဲ့အခါမှာ ရှုမှတ်မနေနဲ့။ ဖေါင်းတယ်ပိန်တယ်၊ ထိုင်တယ်ထိတယ်ကို ဦးစားမပေးနဲ့။ ဟောတဲ့တရားကို ဦးစားပေးနာသင့်တယ်။

တရားနာတဲ့အခါ စကားလုံးဝေါဟာရရော အဓိပ္ပါယ်သဘောတရားတွေရော ဆိုင်ရာဆိုင်ရာတွေပါ အတတ်နိုင်ဆုံးမှတ်သားထားဖို့ လိုတယ်။ ထပ်ပြီးလေ့လာထားဖို့ စုံစမ်းထားဖို့လိုတယ်။ အမှန်ကိုသိအောင် မနားမနေ မပျင်းမရိလေ့လာနေရမယ်။ ရဟန္တာမဖြစ်မချင်း လေ့လာမှုကို နောက်ဆုတ်လို့မရဘူး။ စာမေးပွဲတွေ အောင်တာမအောင်တာ အဓိကမဟုတ်ဘူး။ နှလုံးသားထဲမှာ မှန်မှန်ကန်ကန်သိဖို့က အဓိက။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

တရားစဉ်မှာ ပညတ်ကိုလည်း တတ်နိုင်သလောက် မှန်မှန်ကန်ကန်သိဖို့လိုတယ်။ ကံနယ်ဟာ ပညတ်ပေါ့။ ကံနယ်မှာတောင် သိစရာတွေက အများကြီး။ အများကြီးထဲက မသိမဖြစ်အရေးကြီးတဲ့ အခြေခံကို သိအောင်အရင်လုပ်ရတာပေါ့။ ပြီးတော့မှ ပရမတ်တရားတွေကို မှန်မှန်ကန်ကန် သိအောင်လုပ်ရမယ်။

တရားနာတဲ့အခါမှာ ... စာနဲ့လည်း မှတ်။ နှုတ်နဲ့လည်း မှတ်။ ဉာဏ်နဲ့လည်း မှတ်။ ဒါ တရားစဉ်မှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်။ တရားစဉ်မှာ ဝေဖန်ဆန်းစစ်ဖို့ အများကြီးလိုတယ်။ အကြောင်းအကျိုးတွေ သိမ်းဆည်းပြီးတော့ သိဖို့လိုတယ်။ ဗဟုသုတတွေ အများကြီးလိုတယ်။ တရားစဉ်မှာ လေ့လာသင့်တာတွေကို များများမလေ့လာထားဘူးဆိုရင် ကျင့်စဉ်ပိုင်းမှာ ကောင်းကောင်းမကျင့်နိုင်ဘူး။ ကောင်းကောင်းမကျင့်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရရင် အပါယ်လေးပါး ကျနိုင်သေးတယ်။

http://www.dhammadownload.com



ယောဂီတွေ သတိထားဖို့က တရားနာတဲ့အခါ ဟောတဲ့သူ ပြောတိုင်း လှေနံဓားထစ် တထစ်ချမှတ်မထားရဘူး။ ဟောတဲ့သူက သဗ္ဗညုတဘုရားမှ မဟုတ်ဘဲ။ တချို့က ရဟန္တာဖြစ်ပေမယ့် ပရိတ်ကြီး (၁၁)သုတ် အကုန် ရချင်မှရတာ။ သူလည်း စာအုပ်တွေဖတ်ပြီး သူသိသလောက်ပြန်ဟောတာ။

ဦးပဥ္ဇင်းတို့လည်း အတူတူပဲ။ စာအုပ်တွေ ဖတ်ပြီး ကိုယ်သိ သလောက်လေးပြန်ဟောနေတာ။ အဲဒီတော့ ဒို့လိုသာမညအသေးအဖွဲ ပုဂ္ဂိုလ် မပြောနဲ့၊ ရဟန္တာကြီးတွေတောင် တစ်ခါတလေ မှားတတ်တယ်။ ဆိုလိုရင်း သဘောတရားကတော့ မမှားဘူး။ မှန်တယ်။ ဝေါဟာရအသုံး အနှုန်း မှားတတ်တယ်။ စကားလုံး မှားတတ်တယ်။

စကားလုံး သုံးတဲ့နေရာမှာ ဘုရားလောက် ဘယ်သူမှမမှန်ဘူး။ ဘုရားကတော့ သူ့နေရာနဲ့သူခွင်ကျအောင်သုံးတတ်တယ်။ ဘာမှပြောစရာ မလိုဘူး။ လျှော့စရာလည်း မလိုဘူး။ ထပ်ထည့်စရာလည်း မလိုဘူး။ ဘုရားမဟုတ်တဲ့ပုဂ္ဂိုလ်တွေက ဆိုလိုရင်း မှန်ရင်မှန်မယ်။ စကားလုံးက မှားတတ်တယ်။ ပြင်စရာတွေ အများကြီးရှိနိုင်တယ်။

အဲဒါကြောင့် ဘာဘွဲ့တွေပဲရရ၊ ဘယ်သူပဲ ဟောဟော၊ အကုန် မှန်တယ်လို့ တရားသေ မှတ်မထားရဘူး။ တခြားပညာရှင်တွေ ဟောတာ ရေးတာနဲ့ တိုက်ဆိုင်ပြီးတော့ ဘုရားတရားတော် ဟုတ်မဟုတ် ယူသင့် မယူသင့်ကြည့်ရတယ်။ ဟုတ်တော့ဟုတ်တယ် ကိုယ်နဲ့သင့်မသင့် ဒါလည်း ကြည့်ရသေးတယ်။

ဥပမာဆိုပါတော့ ... မေတ္တာပွားတာ အင်မတန်ကောင်းတယ်။ မေတ္တာပွားပြီးမှ ဝိပဿနာဆက်ပွား။ ဒါ ဘုရားဟောတရားတော်အတိုင်းပဲ။ အင်မတန်ကောင်းတဲ့အတွက် ပွားလည်းပွားသင့်ပါတယ်။ ဒါပေမဲ့ ကိုယ်က ရာဂစရိုက် လောဘအင်မတန်များတဲ့သူဆိုရင် မေတ္တာပွားလိုက်တာနဲ့

http://www.dhammadownload.com



ကာမရာဂဘက် ရောက်ရောက်သွားတာများလိမ့်မယ်။ အဲဒီတော့ ရာဂစရိုက် သမားက မေတ္တာကိုအကြီးအကျယ်ပွားဖို့ထက် အနည်းအကျဉ်းပွားပြီးတော့ အသုဘကို ထည့်ထည့်ပွားပေးရတယ်။

ကာမရာဂစိတ်များရင် အသုဘပွားမှ ကာမရာဂစိတ်တွေ ငြိမ်သွား မယ်။ ငြိမ်သွားတော့မှ ဝိပဿနာဆက်ပွား။ မေတ္တာမပွားရဘူးလို့ ပြောတာ မဟုတ်ဘူးနော်။ သဘောပေါက်လွဲတတ်တယ်။ ဥပမာ ရေသောက်နည်းတဲ့ ယောဂီဆိုရင် အများအားဖြင့် ဝမ်းချုပ်တတ်တယ်။ အထိုင်များတာကိုး။ ဒီတော့ ဝမ်းပျော့ဆေးတွေဘာတွေသောက်ရတော့မယ်။ ဝမ်းလွယ်တဲ့သူက တစ်လုံးနှစ်လုံး သောက်လို့ရပေမယ့် ဝမ်းခိုင်တဲ့သူကျတော့ ငါးလုံး ခြောက်လုံး သောက်ရတယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဆေးကတော့ အတူတူပဲ။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် အခြေအနေချင်းမှမတူတာ။ ဒါကို ကိုယ့်ဉာဏ်နဲ့ ချင့်ချိန်ရသလိုပေါ့။ ကိုယ်က ကာမရာဂအားကြီးလို့ရှိရင် အသုဘများများပွားမှ ကာမရာဂစိတ် တွေကို ထိန်းသိမ်းနိုင်မယ်။ ဒါ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ဘာမှမဆိုင်သေးဘူး။ အဝေးကြီးကျန်သေးတယ်။

ကာမရာဂစိတ်တွေ ခဏခဏဖြစ်ရင် အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာ, အသုဘသညာ, မရဏသညာ များများပွားရတယ်။ ဘယ်ဟာမှ မမြဲဘူး။ ခန္ဓာကိုယ်ကြီးဟာ ဆင်းရဲတုံး ဆင်းရဲခဲကြီးပဲ။ ကိုယ်ဖြစ်စေချင်သလိုလည်း မဖြစ်ဘူး။ ကိုယ့်ကိုယ်ကို အစိုးမရသလို ကိုယ်ခင်တဲ့ သူတွေကိုလည်း အစိုးမရနိုင်ဘူး။ ဒီလိုတွေ ဆင်ခြင်ရင် တပ်မက်တဲ့စိတ်တွေ အခိုက်အတန့်တော့ လျော့သွားနိုင်တယ်။ ဒါ ကျင့်စဉ် ပိုင်းကို မရောက်သေးဘူး။ တရားစဉ်အနေနဲ့ မှန်မှန်ကန်ကန် သဘော ပေါက်အောင် ရှင်းပြနေတာ။

http://www.dhammadownload.com



လုပ်ငန်းစဉ်ကျတော့မတူဘူး။ ပေါ်ရာပေါ်ရာကို သဒ္ဓါနဲ့ တွန်းမှတ်ရတယ်။ ယုံယုံကြည်ကြည်နဲ့မှတ်။ ဖောင်းရင်ဖောင်းတယ်။ ပိန်ရင် ပိန်တယ်။ နာရင်နာတယ်။ ယားရင်ယားတယ်။ တွန်းပြီးသာမှတ်။ မှတ်ရင်းနဲ့ကြည့်။ ကြည့်ဆိုတာ သိအောင် စူးစူးစိုက်စိုက်မှတ်ခိုင်းတာ။ ပြောင်းပြောင်းသွားတာကို သိအောင်၊ ပျက်ပျက်သွားတာကို သိအောင် စူးစူးစိုက်စိုက်မှတ်။

အဲဒီလိုမှတ်နေတဲ့အချိန်မှာ စာတွေ့တွေ လာမရောနဲ့။ ခန္ဓာကိုယ်တွေ့ကို သိအောင်လုပ်။ စာတွေ့က သူများဆရာလုပ်ဖို့။ ခန္ဓာကိုယ်တွေ့က ကိလေသာကို သတ်ဖို့။ အာရုံကျဉ်းမှ အလင်းရတယ်။ ရှည်လို့မရဘူး။ ဒါကြောင့် ပစ္စုပ္ပန်တည့်တည့် မှတ်တဲ့အခါ အနိစ္စ, ဒုက္ခ, အနတ္တတွေ ဆင်ခြင်နေမယ်။ အကြောင်းအကျိုး အကောင်းအဆိုးတွေကို ဝေဖန်ဆန်းစစ်နေမယ်ဆိုရင် ပစ္စုပ္ပန်တွေ လွတ်သွားရော။

ပစ္စုပ္ပန်တွေ လွတ်သွားရင် ဝိပဿနာဉာဏ်စစ်စစ်မဖြစ်ဘဲ စိတ်ကူးယဉ်တွေ ဖြစ်ကုန်မယ်။ စိတ်ကူးယဉ်တွေ ဖြစ်ကုန်ရင် ဝိပဿနာဉာဏ်မတက်ဘူး။ ဝိပဿနာဉာဏ်မတက်ရင် လမ်းဆုံးဖြစ်တဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရောက်နိုင်ဘူး။ လမ်းဆုံးမရောက်ရင် အပါယ်လေးပါး ကျနိုင်သေးတယ်။ ယောဂီတွေ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

ဒါက ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်နဲ့ ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရမည့် ဒုတိယအချက်ကို ရှင်းပြနေတာနော်။ တတိယအချက်က ဘာပါလိမ့်။

'အများအကျိုးဆောင်ရမယ်။ တရားလည်းအားထုတ်ရပါမယ် ဘုရား'

မဂ်ဖိုလ်နိဗ္ဗာန်ကို သေးသိမ်တဲ့သဘောထား၊ ယုတ်ညံ့တဲ့သဘောထားတွေနဲ့ မရနိုင်ဘူး။ သဘောထားပြည့်ပြည့်ဝဝ ထားတတ်ဖို့လည်းလိုတယ်။

http://www.dhammadownload.com



အများအကျိုးဆောင်လိုတဲ့ စိတ်ထားမျိုးရှိဖို့လည်း လိုတယ်။ တချို့က အများအကျိုး မဆောင်ချင်ဘူး။ အလုပ်ပျက်တယ်၊ အချိန်ကုန်တယ်၊ လူပင်ပန်းတယ်လို့ ထင်တယ်။ ဒါလဲ အမှားပဲ။

အများအကျိုးကို ကိုယ်တတ်နိုင်တဲ့ဘက်က စေတနာထားပြီး ဆောင်ရွက်ပေးရတယ်။ ငွေကြေးနဲ့ပဲ ဖြစ်ဖြစ်။ ကိုယ်တတ်ထားတဲ့ပညာနဲ့ပဲ ဖြစ်ဖြစ်။ အကူအညီလိုနေတဲ့ သူတွေကို အကူအညီပေးရတယ်။ တရားလည်း အားထုတ်ရတယ်။

ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ် ရဖို့အတွက် တရားကျင့်တဲ့အခါ ဆောင်ရမဲ့ စတုတ္ထအချက်ကို ပြန်ပြောပါဦး။

"လောကဓံ ကြုံတဲ့အခါ ဆင်ခြင်ဉာဏ်နဲ့ သည်းခံရမယ်။
တရားလည်း အားထုတ်ရမယ်။"

အဆိုးလောကဓံနဲ့ကြုံလို့ ဒေါသစိတ်ဖြစ်လာရင် ဒေါသရဲ့ ဆွဲဆောင်ရာ နောက်ကို မလိုက်ဘဲနဲ့ ချုပ်တည်းနိုင်ရမယ်။ အကောင်းလောကဓံနဲ့ ကြုံလို့ လောဘစိတ်ဖြစ်လာရင်လည်း လောဘရဲ့ဆွဲဆောင်ရာ နောက်ကို မလိုက်ဘဲနဲ့ ချုပ်တည်းနိုင်ရမယ် တဲ့။

အဲဒီလို စိတ်ရဲ့အလိုမလိုက်ဘဲ စိတ်ရဲ့ဆွဲဆောင်ချက်ကို တွန်းလှန်ခြင်းသည်ပင်လျှင် သည်းခံခြင်းလို့ဆိုလိုပါတယ်။ ဒါကြောင့်မို့ မထီမဲ့မြင်ပြုတာကို ခံရရင်လည်းသည်းခံ။ အများတကာရဲ့မြတ်နိုးတာတွေ ချီးမွမ်းတာတွေကို ခံရရင်လည်း သည်းခံ။

တရားအားထုတ်တဲ့အခါမှာတော့ သည်းခံရမှာတွေက အများကြီး။ အစားအသောက် အဆင်မပြေရင်လည်း သည်းခံ။ အဆောက်အအုံ မပြည့်စုံလို့ သန့်စင်ခန်းသွားတဲ့အခါ စောင့်ရ။ ရေချိုးတဲ့အခါ စောင့်ရ။ ဒါမျိုးကိုလည်းသည်းခံရမှာပဲ။ နောက်ပြီး ဒုက္ခဝေဒနာတွေနဲ့ကြုံရတဲ့အခါမျိုးမှာ

http://www.dhammadownload.com



ပိုပြီးသည်းခံနိုင်ရမယ်။ သည်းညည်းမခံဘဲနဲ့ တရားရိပ်သာက ပြန်သွားမယ် ဆိုရင်တော့ ရသင့်ရထိုက်တဲ့ အသိဉာဏ်တွေက ရနိုင်ပါဦးမလား။

'မရနိုင်ပါဘူးဘုရား'

အစစအရာရာ သည်းညည်းလည်း ခံရမယ်။ တရားကိုလည်း ဆုံးခန်းတိုင်အောင်အားထုတ်ရမယ်။ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ရဖို့ ဆောင်ရမယ့် နံပါတ်(၅)အချက်ကို ပြောပါဦး။

'ပုဂ္ဂိုလ်လေးမျိုးကို မကြာခဏဆင်ခြင်ရမယ်။
တရားလည်း အားထုတ်ရမယ်ပါဘုရား'

ဒါကတော့ ရှင်းပါတယ်။ တရားအားထုတ်တာနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်လေးမျိုးကို ရှင်းပြခဲ့ပြီးပြီ။ ကိုယ်က ဘယ်လိုအမျိုးအစားထဲမှာ ပါသလဲ ဆိုတာ မကြာခဏဆင်ခြင်။ ကိုယ် လိုနေတာကိုဖြည့်။ တရားကိုလည်း ကြိုးစားအားထုတ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

## တရားမရနိုင်ခြင်းအကြောင်းတရား

တရားအားထုတ်တဲ့အခါ ရှောင်ရမည့် (၅)ချက်ကို ပြောဦးမယ်။ ဒီ(၅)ချက်ကိုလည်း မှန်မှန်ကန်ကန် နားလည်သဘောပေါက်ထားပါမှ တရားရမှာ။ အတိတ်ကုသိုလ်ကံတွေ ဘယ်လောက်ကောင်းကောင်း၊ ဒီငါးချက်နဲ့ငြိနေရင် တရားမရဘူး။ ယောဂီတွေ ရှောင်ရမယ့် တရားမရနိုင်ခြင်း အကြောင်းတရား (၅)ပါးက ...

(၁) ပါပမိတ္တနဲ့ ပေါင်းသင်းခြင်း။

(၂) အယူအဆ လွဲမှားခြင်း။

http://www.dhammadownload.com



(၃) ကာမဂုဏ် လိုက်စားခြင်း။

(၄) တ္တသာမစ္ဆရိယ အားကြီးခြင်း။

(၅) ဉာဏ်အမြော်အမြင် နည်းပါးခြင်းပါပဲ။

ဒါကိုတော့ အကျဉ်းချုပ်လောက်ပဲ ရှင်းပြတော့မယ်။ သစ္စာဝါဒ၏ အနှစ်သာရ နံပါတ်(၄)ဖြစ်တဲ့ အရာရာမှာ ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ဖြင့် ပြုလုပ်နိုင်ခြင်းဆိုတဲ့အချက်ကို အကျယ်တဝင့် ပြောနေ ရာက တရားအားထုတ်တဲ့အခါမှာ ရှောင်ရမယ့် (၅)ချက်ကို အစရှင်းပြ မှာနော်။

**ပါပမိတ္တ** – ဆိုတာက မူးရူးဆိုးသွမ်း၊ လောင်းကစားတွေလုပ်၊ အပျော်အပါးတွေလိုက်စား၊ အဲဒီလိုလူမျိုးကိုမှ ခေါ်တာမဟုတ်ဘူး။ ယောဂီတွေ အနေနဲ့ကျတော့ တရားထိုင်ရမယ့် အချိန်မှာမထိုင်၊ တရားနာရမယ့် အချိန်မှာ မနာ၊ စကားတွေလိုက်ပြော၊ ဖုန်းဆက်ရတာနဲ့ ညှိသည်တွေ့ရတာနဲ့ အမှုကိစ္စတွေ သိပ်များတဲ့ယောဂီမျိုးကို ဆိုလိုတာ။ အဲဒီလို ယောဂီမျိုးဟာ ပါပမိတ္တပဲ။ မပေါင်းသင်းအပ်ဘူး။ အတွင်းပါပမိတ္တကတော့ ... ပျင်းတာတွေ စိတ်ကူးယဉ်တာတွေအပါအဝင် ကိလေသာတွေပေါ့ဗျာ။

အယူအဆတွေ လွဲမှားနေရင်လည်း တရားမရနိုင်ဘူး တဲ့။ ဒါကတော့ သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိတွေကို တရား အားမထုတ်ခင်မှာ ဉာတပရိညာလောက်နဲ့တော့ ခွာထားသင့်တယ်လို့ ဆိုလိုပါတယ်။ ဥပမာ– တရားအားထုတ်ဖို့ အခြေအနေအချိန်အခါပေးနေပါရဲ့သားနဲ့ အစချက်ချင်း မလုပ်သေးဘဲ နောက်မှလုပ်မယ် နောက်မှလုပ်မယ်နဲ့ အချိန်ဆွဲနေတာဟာ မသေသေးဘူး၊ အခြေအနေတွေကလည်း မပြောင်းလဲဘဲ ဒီအတိုင်း ရှိနေမယ်။ ခိုင်မြဲနေတယ်လို့ယူဆတဲ့ သဿတဒိဋ္ဌိကြောင့်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



အဲဒီလို အယူအဆမှားနေမှတော့ တရားအားထုတ်ဖြစ်ဖို့က ဘယ်လွယ်တော့မှာလဲ။ မအိုခင်, မနာခင်မှာ အချိန်ကိုလုပြီးတော့ မြန်မြန်တရားအားထုတ်ရမယ်။ မအိုခင်ဆိုတာ ဆံဖြူသွားကျိုး ခါးကိုင်း နားထိုင်းတဲ့ လူအိုကြီးကိုသာ ပြောတာမဟုတ်ဘူးနော်။ အပျို လူပျိုတွေ အိမ်ထောင်ကျသွားရင် မပျိုတော့ဘူးလေ။ အိုသွားတာပဲ။ အဲဒီလို အိုသွားရင်လည်း အိမ်ထောင်မှုကိစ္စတွေကများတော့ တရားအားထုတ်ဖြစ်ဖို့ မလွယ်တော့ဘူး။ အခြေအနေအချိန်အခါတွေဟာ မတူဘူးဆိုတာကို သဘောပေါက်မှ နောက်မှလုပ်မယ် နောက်မှလုပ်မယ်နဲ့ အချိန်မဆွဲမှာ။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

ယောဂီတွေမှာဖြစ်တတ်တဲ့ ဥဒ္ဒေဒိဋ္ဌိကျတော့ တစ်မျိုး။ တရားတွေဘာတွေ နာဖို့မလိုပါဘူးကွာ။ ကျင့်ရင် ပြီးတာပဲ ဆိုပြီး ဘာမှမသိဘဲ လုပ်ချင်သလို စွတ်လုပ်တော့တာပဲ။ တရားနာတာဟာ ကျင့်တတ်အောင် သင်ယူနေတာ။ သိသင့်သိထိုက်တာကိုသိအောင်သင်ပြီးမှ ကျင့်ရတယ်။ သင်ဖို့မလိုဘဲ တရားရတာ ဘုရားပဲရှိတယ်။ ဒို့သူငါတွေကတော့ မကျင့်ခင်မှာ တရားတွေ နာရမယ်။ အဲဒီလိုမှ သေသေချာချာသဘောမပေါက်ရင် အယူအဆတွေက လွဲကုန်ရော။ အယူအဆလွဲရင် တရားရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ကာမဂုဏ် လိုက်စားခြင်း–ဆိုတာကတော့ ကာမစ္ဆန္ဒနီဝရဏကို ဆိုလိုပါတယ်။ မိန်းမလိုက်စားတာ တစ်ခုတည်းကို ပြောတာမဟုတ်ဘူးနော်။ အဆင်းလှလှလေးဆို တပ်မက်တယ်။ သာသာယာယာပြောတာဆိုတာလေးကို သဘောကျတယ်။ အနံ့အသက်ကလည်း မွှေးနေမှ။ နံရင်မကြိုက်ဘူး။ အစားအသောက်ဆို အရသာရှိရှိလေးပဲ စားချင်တယ်။ အသုံးအဆောင်ကျတော့ ပူတဲ့အချိန်မှာ အဲယားကွန်းနဲ့။ အေးတဲ့ အချိန်ဆို

http://www.dhammadownload.com



ရေပူ ရေနွေးလေးနဲ့ ရေချိုးချင်တာမျိုး။ အဝတ်အစားဆို ကြမ်းရင် မကြိုက်ဘူး။ ချောအိနေမှ။ အိမ်တို့ကျောင်းတို့ဆိုရင်လည်း အခုလို ဝါးကျောင်းလေးတွေနဲ့ မနေချင်ဘူး။ တိုက်ကျောင်းနဲ့ နေချင်တယ်။ အဲဒီလို ကာမဂုဏ်ငါးပါးအပေါ်မှာ သာယာတပ်မက်နေရင်ရော တရားရပါ့မလား။

'မရပါဘူးဘုရား'

နောက်တစ်ချက်က တဏှာသာမစ္ဆရိယအားကြီးခြင်း။ မြို့ထဲ ရွာထဲက လူတွေတင်မကပါဘူး။ တရားသမားတွေလည်း တဏှာ မစ္ဆရိယအားကြီးကြတယ်။ ယောဂီအချင်းချင်း ရဟန်းအချင်းချင်းတောင် မနာလိုဝန်တိုတာတွေ ရှိတယ်။ ဒါကြောင့်မို့ ... ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဦးစီးတည်ထောင်တဲ့ ရန်ကုန်ရိပ်သာကြီးမှာတောင် စာလုံးအကြီးကြီးနဲ့ သတိပေးဆိုင်းဘုတ် ချိတ်ထားတယ်။

**'မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာကြရမည်'**တဲ့။ ဒို့သူငါတွေလည်း တရားရချင်တယ် ဆိုရင်တော့ မနာလိုဝန်တိုတာတွေကိုရှောင်ရမှာ နော်။

မနာလိုဝန်တိုတာဟာ ချစ်ခြင်းမုန်းခြင်းကြောင့် ဖြစ်ရတာဆိုတော့ ချစ်တာတွေ မုန်းတာတွေကို နည်းနိုင်သမျှ နည်းအောင် သတိ ပညာ ဦးစီးရမှာပေါ့။ အနာဂါမ်မှ မဖြစ်သေးရင် ရှိတော့ရှိမှာပဲ။ ရှိပေမယ့် လွန်လွန်ကဲကဲ မဖြစ်အောင် ထိန်းသိမ်းရမယ်နော်။

သူတို့ရိပ်သာထက် ငါတို့ရိပ်သာက ပိုကောင်းတယ်။ ငါတို့ဆရာက ရဟန္တာ။ သူတို့ဆရာက ရဟန္တာမဟုတ်ဘူး။ တပည့်တွေ ပြိုင်နေကြတာနော်။ ဆရာတွေက မပြိုင်ဘူး။ စာသင်တိုက်တွေမှာလည်း ဒါမျိုးတွေရှိတယ်။ ငါတို့ဆရာက အဂ္ဂမဟာပဏ္ဍိတ သ–စ–အ ဓမ္မာစရိယ နော်။ သူတို့ ဆရာက စာသိပ်တတ်တာမဟုတ်ဘူး။ ဒီလိုတွေရှိတယ်မဟုတ်လား။

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



တရားသမားတွေဖြစ်ပြီး မပြိုင်ကြပါနဲ့။ သတိ ပညာ ဦးစီးပြီးတော့ ချစ်ခြင်း မုန်းခြင်းတွေ နည်းအောင် ပါးအောင် ကြိုးစားကြမယ်ဆိုရင် မနာလိုဝန်တိုတာတွေကင်းပြီး တရားတွေရနိုင်တယ်။ နောက်တစ်ချက်က အမြော်အမြင်နည်းခြင်းကို ရှောင်ရမယ်ဆိုတော့ အမြော်အမြင်ကြီးရမယ် ပေါ့ ...။

ရှေ့ပိုင်းမှာဟောခဲ့တဲ့ အင်မတန်ရခဲတဲ့တရား ဒုလ္လဘတရား(၄)ပါးကို ယောဂီတို့ မှတ်မိသေးလား။ ပြောကြည့်ပါဦး။

(၁) မြတ်စွာဘုရားသာသနာနဲ့ တွေ့ကြုံဖို့ ခဲယဉ်းတယ်။

(၂) သာသနာထွန်းကားတဲ့အရပ်မှာ နေခွင့်ရဖို့ ခဲယဉ်းတယ်။

(၃) သမ္မာဒိဋ္ဌိ အယူကောင်းအယူမှန်ရှိဖို့ ခဲယဉ်းတယ်။

(၄) အကြည်ဓာတ်ခြောက်ဖြာနဲ့ ပြည့်စုံတဲ့လူ့ဘဝရဖို့ ခဲယဉ်းတယ် ပါဘုရား။

မှန်တယ်။ ဒီဒုလ္လဘတရား (၄)ပါးရနေတာကို သေသေချာချာ သဘောပေါက်ပြီး ဒီအချိန်ဒီအခါဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့အခွင့် အရေးပဲဟေ့။ ဒီအခွင့်အရေးကို လက်လွတ်ခံလို့ မဖြစ်ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ကြိုးစားရမယ်လို့ မှန်မှန်ကန်ကန်သိရင် အမြော် အမြင်ကြီးတာပဲ။

ယောဂီတို့ သံသရာနဲ့ပတ်သက်လို့ အမြော်အမြင်နည်းရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရဘူးနော်။ တစ်ကမ္ဘာတောင် ဘယ်လောက်ကြာတယ်ဆိုတာ ယောဂီတွေကို ပြောပြီးသွားပြီ။ သံသရာဆိုတာက အဲဒီလိုကမ္ဘာပေါင်း အသင်္ချေအနန္တ။ အဆုံးအစကို မရှိတဲ့အတွက် သံသရာထဲမှာလည်နေမယ် ဆိုရင် ခံရမယ့်ဆင်းရဲဒုက္ခ အပေါင်းကလည်း အသင်္ချေအနန္တပဲ။ အဲဒီလို သံသရာရဲ့ဒုက္ခကိုသိမှ တရားအားထုတ်ဖြစ်မှာ။

http://www.dhammadownload.com



နောက်ပြီး ခန္ဓာရဲ့ဒုက္ခကိုလည်း သိရမယ်။ အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခ၊ ကျွေးမွေးစောင့်ရှောက်ရတဲ့ဒုက္ခ၊ စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ ဒုက္ခ ကိလေသာတွေနှိပ်စက်လို့ ခံရတဲ့ဒုက္ခတွေကို သိရမယ်။ ဒုက္ခခံနေရတာကို ဒုက္ခမှန်းမသိရင် အမြော်အမြင်နည်းတာပဲ။ အဲဒီလိုလူကတော့ တရားလည်း အားထုတ်ဖြစ်မှာ မဟုတ်ဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ အခွင့်အရေးတွေ ဆုံးရှုံးသွားပြီ။ အရာရာမှာ ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ဖြင့် ပြုလုပ်နိုင်ခြင်းဆိုတဲ့ သစ္စာဝါဒ၏ အနှစ်သာရကိုလည်း ရနိုင်ပါတော့မလား။

'မရနိုင်တော့ပါဘူးဘုရား'

သစ္စာဝါဒ၏ အနှစ်သာရ (၄)ခုက တစ်ခုနဲ့တစ်ခု အပြန်အလှန် ကျေးဇူးပြုနေတယ်။ နံပါတ်တစ်– သမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းနဲ့ နံပါတ်လေး– အရာရာမှာ ဟုတ်တိုင်းမှန်စွာ သိတဲ့ ယထာဘူတဉာဏ်ဖြင့် ပြုလုပ်နိုင်ခြင်းဆိုတဲ့ နှစ်ခုက ဉာဏ်ပညာကို ရည်ညွှန်းတယ်။

နံပါတ်နှစ်– အနစ်နာခံပြီး ဆက်ဆံနိုင်ခြင်းနဲ့ နံပါတ်သုံး– ငဲ့ညှာထောက်ထား သနားသောစိတ်ဖြင့်ဆက်ဆံခြင်းက အလောဘနဲ့ အဒေါသကို ရည်ညွှန်းတယ်။ အမောဟ ဆိုတဲ့ ဉာဏ်ပညာက ပိုအရေးကြီးလို့ နံပါတ်တစ်နဲ့ လေး နှစ်ချက်ပါနေတာ။ ဒီလိုလည်း သိထားရမယ်။ အဲဒါဟာ သစ္စာဝါဒ၏ အနှစ်သာရရှေ့ပိုင်းပေါ့။ နောက်ပိုင်း ကျန်သေးတယ်။ ရှေ့ပိုင်းကို ပြည့်စုံအောင် ကျင့်ကြံနိုင်မယ်ဆိုရင် နောက်ပိုင်းက လွယ်သွားပြီ။ အဲဒီရှေ့ပိုင်းကိုပဲ ပြန်ပြီးတော့ သုံးသပ်ကြည့်ရအောင် ...

အလောဘ အဒေါသ အမောဟဖြစ်ဖို့အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပညတ်ရော၊ ပရမတ်ပါမြင်အောင် ကြိုးစားရမယ်။ ပထမ သုတမယဉာဏ်

http://www.dhammadownload.com



စိန္တာမယဉာဏ်နဲ့ မြင်အောင် သိအောင်ကြိုးစား။ တရားနာသောအားဖြင့်၊ စာအုပ်ဖတ်သောအားဖြင့်၊ သင်တန်းတက်သောအားဖြင့်၊ ဆွေးနွေးသောအားဖြင့် သိအောင်ကြိုးစား။

ဘယ်ဟာမှ မမြဲဘူးလို့ ရေးထားတဲ့ စာတွေ တရားတွေ အဆိုအမိန့်တွေကို ထပ်ခါထပ်ခါလေ့လာ။ ဖတ်မှတ်တဲ့အပြင် မိမိတို့နှလုံးသားထဲမှာလည်း ထပ်ခါထပ်ခါ နှလုံးသွင်းရမယ်။ ပထမ–သိအောင်လုပ်။ ဒုတိယ–သိတဲ့အတိုင်း ကျင့်နိုင်အောင်ကြိုးစား။ ဒါမှ ဘာဝနာမယဉာဏ်နဲ့ အမှန်အတိုင်း သိမယ် မြင်မယ်။ အဲဒီဉာဏ်တွေ ကျော်လွန်သွားပြီ ဆိုရင်တော့ ပဋိဝေဓဉာဏ်နဲ့ သိအောင်မြင်အောင် ကြိုးစားရမယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရပြီ ဆိုရင်တော့ ကိစ္စပြီးပြီ။ အဲဒီအဆင့်ရောက်အောင် ကြိုးစားကြရမှာ။

ဒီကနေ့ဟောခဲ့တဲ့ သစ္စာဝါဒ၏အနှစ်သာရ(၄)ချက်ကို ယောဂီတွေ မှတ်မိသေးလား။ ပြန်ပြောကြည့်ပါဦး။

နံပါတ်(၁)က ...

'သမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်းပါဘုရား'

နံပါတ်(၂)က ...

'အချင်းချင်း အနစ်နာခံသောစိတ်ဖြင့် ဆက်ဆံခြင်းပါဘုရား'

နံပါတ်(၃)က ...

'အချင်းချင်း ငဲ့ညှာသနားသောစိတ်ဖြင့် ဆက်ဆံခြင်းပါဘုရား'

နံပါတ်(၄)က ...

'အရာရာမှာ ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ဖြင့် ပြုလုပ်နိုင်ခြင်းပါဘုရား'

http://www.dhammadownload.com



ဒါက သစ္စာဝါဒ၏ အနှစ်သာရ ရှေ့ပိုင်းပေါ့။ နောက်ပိုင်းကျန်သေးတယ်။ နောက်ပိုင်းကိုတော့ … အကြောင်းညီညွတ်တဲ့အခါ ဆက်ဟောကြတာပေါ့။

ကဲ … မေတ္တာပို့ပြီး တရားသိမ်းကြရအောင် …

**လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။**

**ဘေးရန်ခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ အေးငြိမ်းကြပါစေ။**

**သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာ ရှိပါစေ။**

**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။**

**ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်**
**ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်**
**မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်**
**အနတ္တ၊ သိရနိဗ္ဗာန်ဝင်။**

**ဈာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ၊**
**မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊**
**အယံ ဝေါ အမှာကံ အနုသာသနီ။**

သာရဝေါ–နလုံးပျော့ပျောင်း၊ အို … သူတော်ကောင်းတို့၊ ဈာယထ–ရှုကြကုန်လော့၊ မှတ်ကြကုန်လော့၊ ပွါးများအားထုတ်ကြကုန်လော့။ မာ ပမာဒတ္ထ–မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြကုန်နှင့်။

ပစ္ဆာ–အခွင့်ကောင်းလွန်ပြီးသော နောင်အခါကာလ၌၊ ပစ္ဆာ–အိပ်ရာညောင်စောင်း လဲလျောင်းရာဖြင့် သေလွန်ခါနီးသော နောင်အခါကာလ၌၊

http://www.dhammadownload.com



**ဝိပဋ္ဋိသာရိနော**–ရှေးယခင်အခါ/က အားမထုတ်ခဲ့ရလေခြင်းဟူ၍၊ ရှေးယခင်အခါက မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေရသည်အထိ အားမထုတ်ခဲ့ရလေခြင်းဟူ၍ နှလုံးမသာယာခြင်းသည်၊

**မာ အဟုဝတ္ထ**–မဖြစ်ကြပါစေနှင့်၊ **အယံ**–ဤကဲ့သို့၊ သတိပေးရခြင်းသည်၊ **ဝေါ**–သင်သူတော်ကောင်းအပေါင်းတို့အား၊ **အမှာကံ**–အဆူဆူထွန်းထား မြတ်ဘုရားတို့၏၊

**အနုသာသနီ**–အဆုံးအမဖြစ်ပါပေ၏၊ **အနုသာသနီ**–လိုအင်နှုန်းပြ ထုံးအရဖြင့် သုံးကြပါစေ၊ ဆုံးမတော် မှုချက်ပါပေတည်း။

**သာဓု ... သာဓု ... သာဓုပါဘုရား။**

http://www.dhammadownload.com

# သစ္စာဝါဒ၏အနှစ်သာရ

## (ဒုတိယပိုင်း)

ဒီနေ့ဟောမှာက သစ္စာဝါဒ၏အနှစ်သာရ နောက်ပိုင်း။ သစ္စာဝါဒ၏ အနှစ်သာရရှေ့ပိုင်းက အကျယ်တဝင့် ဟောပြီးသွားပြီ။ ယောဂီတွေ မှတ်မိသေးလား။ သစ္စာဝါဒ၏အနှစ်သာရ (၄)ချက်ကို ပြန်ပြောကြည့်ပါဦး။

(၁) သမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်း။

(၂) အချင်းချင်းဆက်ဆံတဲ့အခါမှာ အနစ်နာခံပြီး ဆက်ဆံနိုင်ခြင်း။

(၃) အချင်းချင်းဆက်ဆံတဲ့အခါမှာ ငဲ့ညှာသနားစိတ်ဖြင့် ဆက်ဆံခြင်း။

(၄) အရာရာမှာ ဟုတ်တိုင်းမှန်စွာ သိတဲ့ ယထာဘူတဉာဏ်ဖြင့် ပြုလုပ်နိုင်ခြင်း–ပါဘုရား။

ဟုတ်တယ်။ သစ္စာဝါဒ၏အနှစ်သာရ နောက်ပိုင်းက သစ္စာလေးပါးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သိမြင်ခြင်းပါပဲ။ အရဟတ္တမဂ်, အရဟတ္တဖိုလ်နဲ့ သိမြင်ပြီဆိုရင်တော့ ကိစ္စပြီးပြီ။ အင်မတန်မှ နက်နဲတယ်၊ သိမ်မွေ့တယ်၊ ကျယ်ဝန်းပါတယ်။

http://www.dhammadownload.com



ခက်ခဲတယ် နက်နဲတယ်ဆိုပြီး မလေ့လာဘူး၊ သိအောင် မလုပ်ဘူး ဆိုရင်တော့ သစ္စာလေးပါးကို သိဖို့အတွက် တဖြည်းဖြည်းနဲ့ ဝေးသထက် ဝေးသွားလိမ့်မယ်။ သစ္စာလေးပါးကိုသိတဲ့ဉာဏ်နဲ့ ဝေးတာဟာ နိဗ္ဗာန်နဲ့ ဝေးတာပဲ။ နိဗ္ဗာန်နဲ့ဝေးရင် အပါယ်လေးပါးနဲ့ နီးလိမ့်မယ်။ ကမ္ဘာပေါင်း အသင်္ချေအနန္တ၊ ဘဝပေါင်းအသင်္ချေအနန္တ၊ တို့သူငါတွေ ဆင်းရဲဒုက္ခမျိုးစုံ ခံကြရတော့မယ်။

ဆင်းရဲဒုက္ခတွေ မခံချင်ဘူးဆိုရင်တော့ ... သစ္စာသိအောင် လုပ်ရုံမှ တစ်ပါး တခြားနည်းလမ်းမရှိဘူး။ ဆုတောင်းရုံနဲ့တော့ မရနိုင်ဘူး။ သစ္စာသိချင်ရင် နိဗ္ဗာန်ရောက်ချင်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ မြတ်စွာ ဘုရားရှင်က သေသေချာချာ ဟောကြားထားတော်မူခဲ့တယ်။

ဒါကို ယောဂီတွေနားလည်လွယ်အောင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားရဲ့ သစ္စာလေးပါးတရားတော်ကိုအခြေခံပြီး အကျဉ်းချုံး ဟောရမှာပဲ။ သေသေချာချာ ဂရုစိုက်ပြီး နာယူကြ။ နာပြီးရင်လည်း လမ်းဆုံးတဲ့အထိ ကျင့်ရမှာနော်။

'မှန်လှပါဘုရား'

ဗုဒ္ဓဝါဒဟာ သစ္စာဝါဒ။ အနတ္တဝါဒ။ တစ်နည်းအားဖြင့် မဇ္ဈိမပဋိပဒါ ဝါဒ။ အသိရော အကျင့်ပါ နှစ်မျိုးစလုံးကို ဖြည့်ကျင့်ရမယ့် ဝါဒ။ ဓမ္မဗဟုသုတတွေ များများသိအောင် လေ့လာရမယ်။ ကြိုးစားရမယ်။ သိတဲ့ အတိုင်းလည်းပဲ ကျင့်နိုင်အောင် ကြိုးစားရမယ်။

ဓမ္မဗဟုသုတတွေ သိတယ်ဆိုတာက ဉာတပရိညာအဆင့်ပဲ ရှိသေး တယ်နော်။ သညာသိ။ ပညာသိ မဟုတ်သေးဘူး။ ပညာသိဖြစ်ဖို့က ကျင့်ဖို့ လိုသေးတယ်။ တီရဏပရိညာပိုင်းကို တစ်ဆင့်ထပ်တက်ရမယ်။ ဒီကနေ့ ဒီအပိုင်းကို အဓိကထား ဟောမှာ။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်အများစုဟာ အသိနဲ့အကျင့် မကိုက်တာ များပါတယ်။ ဟောတဲ့သူလည်းပါတာပဲ။ အသိမှန်ပေမယ့်လို့အကျင့်မှားကြတာများတယ်။ သိသလောက် မကျင့်နိုင်ကြဘူး။ များသောအားဖြင့် သညာသိနဲ့ သိဖို့ လောက်ပဲ သင်ယူကြတယ်။ လေ့လာကြတယ်။ ကြိုးစားကြတယ်။ ကျင့်ဖို့ကို ဘေးချိတ်ထားကြတယ်။

ဒီထက်ပိုဆိုးတာက တချို့များ သိအောင်တောင် မလုပ်ချင်ဘူး။ နက်နက်နဲနဲ ခက်ခက်ခဲခဲလေးတွေ ပြောလာရင် စိတ်မဝင်စားတော့ဘူး။ နားမထောင်ချင်ဘူး။ အဲဒီတော့ ဗုဒ္ဓဘာသာဝင်လို့အမည်ခံထားသော်လည်း သစ္စာဝါဒရဲ့ အနှစ်သာရကိုမရတော့ဘူး။ အကာအဖျင်း ဗုဒ္ဓဘာသာဝင် ဖြစ်သွားတယ်။

အနှစ်ရောက်ဖို့ဆိုတာကလည်း သိရုံနဲ့မပြီးသေးဘူး။ ဒါကို ပြောချင်ပါတယ်။ နှလုံးသားမှာ သံမှိုနှက်သလို သေသေချာချာ စွဲစွဲမြဲမြဲ နှလုံးသွင်းပါ။ ဗဟုသုတတွေ ဘယ်လောက်ရှိရှိ ဘွဲ့ထူးဂုဏ်ထူးတွေ ဘယ်လောက်ရရ ပိဋကတ်သုံးပုံ ကုန်သွားပါစေ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မှမရသေးဘူးဆိုရင် အပါယ်တံခါးက မပိတ်သေးပါဘူး။

အင်္ဂလိပ်လိုလည်း ပြောတတ်တယ်၊ ပါဠိလိုလည်း ပြောတတ်တယ် ဆိုရင် သူများတကာက အထင်ကြီးတာပဲ။ သူများအထင်ကြီးရုံနဲ့ သူများကို ဆရာလုပ်နိုင်ရုံနဲ့ ကိုယ့်ကိုယ်ကိုအပါယ်တံခါးပိတ်ပြီလို့ မအောက်မေ့နဲ့နော်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတဲ့အထိ ကျကျနနမှ အားမထုတ်ရသေးဘူး ဆိုရင် အပါယ်တံခါးက ဟောင်းလောင်းကြီးပွင့်နေမှာပဲ၊ ဗေဒင်မေးမနေနဲ့။ ဒါ ဘုရားဟောထားတာ။

ဓမ္မဗဟုသုတတွေ သိတယ်–ဆိုတာ ပရိယတ္တိ ရတနာသိုက် လမ်းညွှန် မြေပုံကို ကိုင်ထားပြီး ကြည့်ရုံအဆင့်ပဲ ရှိသေးတယ်။ မသွားရသေးဘူး။

http://www.dhammadownload.com



လမ်းညွှန်မြေပုံကို ကြည့်ရုံပဲကြည့်ပြီး တကယ်တမ်း မသွားဘူးဆိုရင် ရတနာသိုက်ရှိတဲ့နေရာကို ရောက်နိုင်ပါ့မလား။

'မရောက်နိုင်ပါဘူးဘုရား'

လမ်းညွှန်မြေပုံမကြည့်ဘဲနဲ့ ရမ်းသမ်းပြီးသွားချင်သလိုသွားရင်ရော ရောက်ပါ့မလား။

'မရောက်ပါဘူးဘုရား'

လမ်းမှန်ကိုသိမှ ရောက်တာ။ ဒါကြောင့်မို့ လမ်းညွှန်မြေပုံကို ကြည့်လည်းကြည့်ရမယ်။ သွားလည်းသွားရမယ်။ သွားတဲ့အခါမှာလည်း လမ်းဆုံးတဲ့အထိ သွားရမှာနော်။ လမ်းတစ်ဝက်နဲ့တင် ရပ်နေလို့မရဘူး။ ကြည့်လည်းကြည့် သွားလည်းသွားလို့ ရတနာသိုက်ရှိတဲ့ နေရာကိုတော့ ရောက်ပါပြီတဲ့။ အပင်ပန်းခံပြီး မတူးဘူးဆိုရင်ရော ရတနာတွေကို ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

မရနိုင်ဘူး။ ရတနာဆိုတာ တန်ဖိုးမရှိတဲ့ ကျောက်တုံးကျောက်ခဲလို မြေကြီးပေါ်မှာပြန့်ကျဲနေတာမှမဟုတ်ဘဲ။ ဟိုး မြေအောက်ထဲမှာမှ ရှိတာ။ ဒါကြောင့်မို့ တန်ဖိုးကြီးကြီးရတနာကို လိုချင်လေလေ အပင်ပန်းခံပြီးတော့ မြေကြီးကို နက်နက်တူးရလေ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဓမ္မရတနာတွေကိုရဖို့ ဆိုတာလည်း အဲဒီလိုပဲ။ ဉာတပရိညာနဲ့ သိသင့်သိထိုက်တာကို သိအောင်လုပ်နေတာဟာ ရတနာသိုက် လမ်းညွှန် မြေပုံကို လက်ဆုပ်လက်ကိုင်ရအောင်လုပ်နေတဲ့ အဆင့်ပဲရှိသေးတယ်။ သွားရမယ့်လမ်းကို မှန်မှန်ကန်ကန် သိအောင်လုပ်နေတာ။ သွားတော့ မသွားရသေးဘူး။ သွားရဦးမယ်။

http://www.dhammadownload.com



သွားတယ်ဆိုတာ တီရဏပရိညာပိုင်း။ ပွားသင့်ပွားထိုက်တာကို ပွားရဦးမယ်လို့ ဆိုလိုပါတယ်။ သစ္စာနဲ့ပြောတော့ မဂ္ဂသစ္စာကိုပွားရမယ်။ ဝိပဿနာအားထုတ်ရမယ်။ မဇ္ဈိမပဋိပဒါလမ်း၊ အလယ်အလတ်အကျင့်ကို ကျင့်ရမယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ကျင့်တဲ့နေရာမှာလည်း တစ်နှစ်မှ တစ်ပတ်လောက် (၁၀)ရက်လောက်ပဲ ကျင့်မယ်ဆိုရင်တော့ ကုသိုလ်ရမယ်။ ပါရမီဖြစ်မယ်။ ဒါပေမဲ့ လမ်းဆုံးတဲ့အထိ မကျင့်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကိုမရနိုင်ဘူး။ သစ္စာလေးပါးကို မသိနိုင်ဘူး။ ဗုဒ္ဓဝါဒရဲ့ အနှစ်သာရက သစ္စာသိဖို့။ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

'အဲဒီတော့ လမ်းဆုံးတဲ့အထိမှ မကျင့်ရင် သစ္စာဝါဒရဲ့အနှစ်သာရကို ရနိုင်ပါတော့မလား'

မရနိုင်ပါဘူးဘုရား'

## စုန်တိုင်းမမိခင်ကြိုးစားခြင်း

မဂ်ဖိုလ်နိဗ္ဗာန်ကို အခုလောလောဆယ် မရသေးတာထား၊ ရအောင်ကြိုးစားမယ် ဆိုတဲ့ စိတ်မျိုးကတော့ ရှိကိုရှိရမယ်။ ဗုဒ္ဓဘာသာ ဝင်သူတော်စင်များ သဒ္ဓါတရားရှိတဲ့ သူတော်ကောင်းများ မိမိတို့ရဲ့သဒ္ဓါတရားကို ပညာနဲ့တွဲပြီးတော့ သစ္စာဆိုက်အောင် ကြိုးစားရမယ်၊ လေ့လာရမယ်၊ ရည်ရွယ်ရမယ်။

http://www.dhammadownload.com



ပစ္စည်းချင်းယှဉ်လိုက်ရင် တန်ဖိုးရှိတဲ့ပစ္စည်းမှ ကောင်းတယ်။ အလုပ်ဆိုရင်လည်း တန်ဖိုးရှိတဲ့အလုပ်မှကောင်းတယ်။ စားတာသောက်တာ နေတာ ထိုင်တာနဲ့ အသုံးအဆောင်ပစ္စည်းတွေ ကောင်းတာက ခဏ တစ်ဖြုတ်သာ ကောင်းတယ်ထင်ရတာပါ။ အမြဲထာဝရကောင်းတာမဟုတ် တဲ့အတွက် အကောင်းဆုံး မဟုတ်သေးဘူး။

အကောင်းဆုံးကို မြတ်နိုးကြတဲ့ သူတော်ကောင်းများ တကယ့် အကောင်းဆုံးလိုက်စားရမှာက အကောင်းဆုံးအသိဉာဏ်ပညာရအောင် လိုက်စားရမှာ။ အကောင်းဆုံး အသိဉာဏ်ပညာဆိုတာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ပါပဲ။

အဲဒီအကောင်းဆုံးအသိဉာဏ်ပညာကမှ အဆိုးဆုံးကိလေသာတွေကို ပယ်သတ်နိုင်မှာ။ အဆိုးဆုံးကိလေသာဆိုတာ အဓိက,က လောဘပါပဲ။ သတ္တဝါတွေကို အမျိုးမျိုးဒုက္ခရောက်အောင် လုပ်နေတာ သူပဲ။ မြှောက်တင် လိုက်, ပြန်ပြီးတော့ ဖြုတ်ချလိုက်နဲ့။ ဘဝသံသရာမှာ နိမ့်လိုက်မြင့်လိုက်၊ နိမ့်လိုက်မြင့်လိုက်နဲ့ ရေလှိုင်းများလို ကျင်လည်နေရတယ်။

ဘဝဆိုတာ ပင်လယ်သမုဒ္ဒရာကြီးထဲမှာသွားလာနေတဲ့ လှေငယ်လေး လိုပါပဲ။ ရာသီဥတုသာယာတဲ့အချိန်မှာဆို လှိုင်းလေက ငြိမ်သက်နေတော့ ပျော်ရွှင်စရာ ကြည်နူးစရာ သိပ်ကောင်းတာပေါ့။ ဒါပေမဲ့ ရာသီဥတု သာယာတယ်ဆိုတာ မုန်တိုင်းထန်မလို့ အားယူနေတာ။ အခုသာယာ နေပေမယ့် ခဏကြာရင် မုန်တိုင်းထန်လာနိုင်တယ်။ ကိုယ့်ရှေ့မှာလည်း မုန်တိုင်းမိလို့နစ်သွားတဲ့လှေတွေ အများကြီးရှိခဲ့တာပဲ။ ဒါပေမဲ့ ကိုယ်နဲ့ မဆိုင်သလို ဥပေက္ခာပြုထားတယ်။

တကယ်ဆိုရင် ကိုယ့်လှေကစက်လည်းမပါဘူး၊ ရွက်လည်းမပါဘူး။ တက်လေးတစ်ချောင်းနဲ့ မနည်းလှော်နေရတာ။ ဒီကြားထဲ လှေက ပေါက်

http://www.dhammadownload.com



နေလို့ ဝင်လာတဲ့ရေတွေကိုမနည်းခပ်ထုတ်နေရတာ။ ဒါပေမဲ့သူတို့လှေသာ နစ်တာပါ။ ငါ့လှေကတော့ နစ်မှာမဟုတ်ဘူးလို့ထင်ပြီး ပျော်နေတယ်။ တချို့များ သီချင်းတောင် ဆိုနေသေးတယ်။ သူတော်ကောင်းတို့ တရားကို ဘာနားနဲ့ နာရမှာလဲ။

'ဉာဏ်နားနဲ့ နာရမှာပါဘုရား'

ကမ်းမမြင် လမ်းမမြင် ပင်လယ်သမုဒ္ဒရာထဲမှာ မုန်တိုင်းမိပြီဆိုရင် သင်္ဘောကြီးတွေတောင် နစ်သေးတာပဲဗျာ။ ဒီလှေအစုတ် ကလေးကတော့ ပိုနစ်နိုင်တာပေါ့။ ဒီလိုမတွေးဘူး။

ကိလေသာအားကြီးတဲ့သူတိုင်းဟာ ဒီလိုပါပဲ။ အချိန်မရွေး ဒုက္ခ ရောက်နိုင်တယ်ဆိုတာ ထည့်ကိုမတွက်ဘူး။ အခုလည်း ကြည့်ပါလား။ နာဂစ်မုန်တိုင်းကြောင့် လူတွေ တိရစ္ဆာန်တွေသေလိုက်တာ သိန်းနဲ့ချီနေ တာပဲ။ မိတကွဲ ဖတကွဲဖြစ်ကြ။ နေစရာလည်း မရှိ။ စားစရာလည်း မရှိ။ ဝတ်စရာလည်း မရှိ။ အလုပ်လုပ်စရာတောင် မရှိဘူး။

ဒါတွေဟာ လောကဓံမုန်တိုင်းတွေ။ ကြည့်တတ် နားထောင် တတ်ရင် ဒုက္ခသစ္စာကိုပြနေတာပဲ။ ဩော် ... ငါလည်း ဒီလိုလောကဓံ ဆိုးတွေနဲ့ တစ်နေ့ကြုံရမှာပါလား။ နာဂစ်မုန်တိုင်း ဒုက္ခသည်တွေဟာ ငါတို့ကို တရားပြနေတာပဲ။ ဒီလိုသိထားရမှာနော်။

'မှန်လှပါဘုရား'

ဉာဏ်ပညာမျက်စိနဲ့ကြည့်မယ်ဆိုရင် သံသရာထဲမှာ ကျင်လည် နေကြတဲ့ ပုထုဇဉ်တွေရဲ့ဘဝဟာ သမုဒ္ဒရာထဲမှာ သွားနေတဲ့ လှေအစုတ် လေးနဲ့ မတူဘူးလား။

'တူပါတယ်ဘုရား'

http://www.dhammadownload.com



တူတာပေါ့။ လှေပေါက်လို့ ရေတွေဝင်လာလိုက် ခပ်ထုတ်လိုက် လုပ်နေရသလို သီလလေး ယူလိုက် မကြာဘူး။ ကျိုးသွားလိုက်။ နောက် တစ်ခါ ပြန်ယူရပြန်ပြီ။ တချို့များ ငါးပါးသီလကို နှစ်ပါးတောင် ကျိန်တွယ်ပြီး မနည်းစောင့်နေရတယ်။ ကိလေသာရေတွေက ခပ်ထုတ်လို့ ဘယ်နိုင်တော့မှာလဲ။

စက်တွေရွက်တွေလည်းမပါဘဲ တက်လေး တစ်ချောင်းနဲ့မနည်း လှော်နေရတယ်ဆိုတာက သမထလည်းမလုပ်၊ ဝိပဿနာလည်းမလုပ်တဲ့ သူတွေကိုပြောတာ။ ဉာဏ်ပညာနဲ့ တွေးကြည့်မယ်ဆိုရင် အင်မတန်ကို ကြောက်စရာကောင်းတာပဲ။ ဒီလိုပုံစံနဲ့ သံသရာဟိုဘက်ကမ်း ရောက်ဖို့ ဆိုတာ လွယ်ပါ့မလား။

'မလွယ်ပါဘူးဘုရား'

ဝိပဿနာမလုပ်ရင် သစ္စာလေးပါးကို မသိနိုင်ဘူး။ သစ္စာလေးပါး ကိုမှ မသိရင်တော့ သံသရာကြာမျောပြီး လောဘ, ဒေါသ, မောဟနဲ့ သေရတော့မယ်။ ဒါကြောင့်မို့ မသေခင်မှာ သစ္စာလေးပါးကိုသိအောင် ကြိုတင်ပြင်ဆင်ထားဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

ကြိုတင်လုပ်စရာရှိတာကို ကြိုကြိုတင်တင် လုပ်ရတယ်။ အခုပဲ ရေတွင်းတူး၊ အခုပဲရေကြည်သောက်ချင်လို့ရပါ့မလား။

'မရပါဘူးဘုရား'

ရေကြည်သောက်ချင်ရင် စောစောစီးစီးကတည်းက ရေတွင်းကို ကြိုတင်တူးရတယ်။ အဲဒီလိုပဲ အခုပဲ အပင်စိုက်တယ်။ အခုပဲ အသီးသီးချင် လို့တော့ ဘယ်ရမလဲ။ သုံးနှစ်ပြည့်မှသီးမယ့်အပင်ဆို မြေဩဇာတွေ

http://www.dhammadownload.com



ဘယ်လောက်ကျွေးကျွေး ရေဘယ်လောက်လောင်းလောင်း သုံးလနဲ့ သီးပါ့မလား။

'မသီးပါဘူးဘုရား'

အပင်လည်းစိုက်၊ မြေသြဇာလည်းကျွေး၊ ရေလည်းလောင်း၊ ပေါင်းလည်း သင်ပြီး သုံးနှစ်ပြည့်တော့မှ သီးတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒီလိုပဲပေါ့ ... တရားအားထုတ်တာက အခုမှ စလုံးရေးစပဲရှိသေးတယ်။ သစ္စာဆိုက်ချင်လို့တော့ ဘယ်ရဦးမှာလဲ။ သစ္စာဆိုက်ဖို့ဆိုတာ ပါရမီပြည့်အောင်လည်း ဖြည့်ရတယ်။ ဣန္ဒြေတွေရင့်ကျက်ပြီး ညီမျှအောင်လည်း လုပ်ရသေးတယ်။ ဘယ်အချိန်မှာ ပါရမီပြည့်မယ်။ ဘယ်အချိန်မှာ ဣန္ဒြေတွေ ရင့်ကျက်ပြီး ညီမျှမယ်ဆိုတာ ကိုယ်သိနိုင်တာမှ မဟုတ်တာ။

အခုလို ရှုမှတ်ပွားများနေရင်းနဲ့ ပါရမီကလည်းပြည့်။ ဣန္ဒြေတွေကလည်း ရင့်ကျက်ပြီး ညီမျှသွားတာ။ အဲဒီတော့ သစ္စာသိချင်ရင် ဝိပဿနာတရားတွေကို မအိုခင်, မနာခင်, မသေခင်မှာ အားထုတ်နေရမှာပဲ။ လောကစံဆိုးတွေနဲ့ကြုံကာမှ သေခါနီးကာမှ အားထုတ်မယ်ဆိုရင် ရပါ့မလား။

'မရနိုင်ပါဘူးဘုရား'

သစ္စာတရားတွေကိုသိအောင် ကြိုတင်ပြင်ဆင်မှုမရှိဘူး ဆိုရင်တော့ ကမ္ဘာပေါင်း အသင်္ချေအနန္တ၊ ဘဝပေါင်း အသင်္ချေအနန္တ တို့သူငါတွေ ဆင်းရဲကြရဦးမယ်။ ဟိုတုန်းက ဆင်းရဲခဲ့တာထားတော့ ပြီးသွားလို့ ဘာမှ မတတ်နိုင်တော့ဘူး။

http://www.dhammadownload.com



ဒါပေမဲ့ အခုလို အခွင့်ကောင်း အခါကောင်းတွေ ကြုံနေတဲ့ အချိန်အခါမှာ ဆင်းရဲက လွတ်ရာလွတ်ကြောင်း အမှန်တရားတွေကို သေသေချာချာ သိပြီလား–ဆိုတာ ကိုယ့်ကိုယ်ကို မဆန်းစစ်သင့်ပေဘူးလား။

'ဆန်းစစ်သင့်ပါတယ်ဘုရား'

သူများတကာကို ခန့်မှန်းခိုင်းလို့မရဘူး။ မိမိကိုယ်မိမိ ဆန်းစစ်ရမယ်။ ဆင်းရဲ လွတ်ရာလွတ်ကြောင်း နိရောဓသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိပြီလား။ နိရောဓ မရောက်သေးဘူး ထားပါတော့။

နိရောဓ ရောက်ရာရောက်ကြောင်း မဂ္ဂသစ္စာကို တော်တော်လေး ပွါးပြီးပြီလား။ ခရီးတော်တော်ရောက်ပြီလား–ဆိုတာ ဆန်းစစ်ရမယ်။ ခရီးရောက်မရောက်ကို ဒုက္ခသစ္စာသိမှုနဲ့ တိုင်းတာလို့ရတယ်။ ယောဂီတွေ ဉာဏ်စိုက်ထားပါ။ အရေးကြီးပါတယ်။

ဒုက္ခသစ္စာကို နည်းနည်းပဲသိရင် နည်းနည်းပဲခရီးရောက်သေးတယ်။ ဒုက္ခသစ္စာဆိုတာ ဘာမှန်းကိုမသိပါဘူး။ သူများပြောသံပဲ ကြားဖူးတာ။ ငွေမရှိရင် ဆင်းရဲတာပေါ့။ ဒီလောက်ပဲ သိတယ်ဆိုရင်တော့ ဆင်းရဲဒုက္ခတွေက လွတ်ဖို့ အများကြီးလိုပါသေးတယ်။

ဒုက္ခသစ္စာကို များများသိနေပြီဆိုရင်တော့ ဆင်းရဲဒုက္ခတွေက လွတ်ဖို့ နီးကပ်လာပြီ။ သို့သော်လည်းပဲ မဆုံးသေးဘူးဆိုရင် ဆက်ကြိုးစားရဦးမယ်။ ဒုက္ခချုပ်တဲ့နေရာကို ရောက်ပြီးပြီဆိုရင်တော့ စိတ်အေးရပြီပေါ့။ ဒါက အနည်းဆုံး သောတာပတ္တိမဂ်ကို ဆိုလိုပါတယ်။

သောတာပတ္တိမဂ်ကို ရပြီးရင်တော့ ... အပါယ်ဆင်းရဲတွေက လွတ်မြောက်သွားပြီ။ သံသရာထဲမှာ အလွန်အကျွံ(၇)ဘဝပေါ့။ (၇)ဘဝ အဆင်းရဲခံပြီးရင် ပြီးပြီ။ (၈)ဘဝဆိုတာ မရှိတော့ဘူး။ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီ။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ဒုက္ခသစ္စာကို ကျကျနန မသိသေးဘူးဆိုရင် အခုလို အခွင့်ကောင်း အခါကောင်းတွေနဲ့ကြုံတုန်းမှာ မြန်မြန်ဆန်ဆန် ကြိုးစားဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

## အချိန်ဆွဲမနေနဲ့

ဘာ့ကြောင့် မြန်မြန်ဆန်ဆန် ကြိုးစားဖို့လိုသလဲဆိုတော့ ... အချိန်မရွေးသေနိုင်လို့။ သေခြင်းတရားဆိုတာ ဘယ်နေ့လဲ မပြောနိုင်ဘူး။ အချိန်မရွေး ပျက်စီးသွားနိုင်တယ်။ ကျန်းမာရေးက အခုကောင်းနေပေမယ့် နောက်နေ့မှာ အိပ်ရာဖျာကပ်ဖြစ်ရင်လည်း ဖြစ်သွားနိုင်တယ်။ အစိုးရတာ မဟုတ်ဘူး။ သေမင်းခေါ်တဲ့အချိန် လိုက်သွားရမှာ။

ဒါကြောင့် နောက်နေ့မှ နောက်လမှ နောက်နှစ်မှဆိုပြီး အချိန်ဆွဲမနေကြဘဲ အခုချက်ချင်းကို မြန်မြန်ဆန်ဆန် တရားအားထုတ်ရမယ်။ အသေမဦးခင် ဉာဏ်ဦးရမယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သေမဲ့ရက်ကို ကြိုတင်မသိကြတဲ့အတွက် အချိန်ဆွဲတတ်တဲ့ သာဓက တစ်ခုကို ပြောဦးမယ်။ မြတ်စွာဘုရား သက်ရှိထင်ရှား ရှိစဉ်တုန်းက ဗာရာဏသီပြည်မှာ မဟာဓနဆိုတဲ့ သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ အရောင်းအဝယ်သမား ကုန်သည်ကြီးပေါ့။ တစ်နေ့မှာတော့ သာဝတ္ထိမြို့က တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင်မှာ အထည်တွေရောင်းဖို့ဆိုပြီး လှည်းအစီး(၅၀၀)နဲ့ ထွက်လာတယ်။

http://www.dhammadownload.com



သာဝတ္ထိမြို့ ရောက်ခါနီးမှာ မြတ်စွာဘုရားသီတင်းသုံးတဲ့ တောအုပ် အလွန်ရောက်တော့ တောင်ကျချောင်းလေးတစ်ခုတွေ့တာနဲ့ အရိပ်ကလည်း ကောင်း၊ လှည်းသမားတွေ ရေချိုးဖို့နဲ့ နွားတွေရေတိုက်ဖို့ ရေကလည်း ပေါတဲ့နေရာမို့ ...

'မနက်ဖြန်မှပဲ ချောင်းကိုဖြတ်ပြီး သာဝတ္ထိမြို့ထဲဝင်တော့မယ်ဟေ့။ ဒီညတော့ ဒီတောအုပ်လေးမှာ နားကြမယ်'

သူဌေးကြီးက အမိန့်ပေးတော့ ချောင်းဒီဘက်ကမ်းမှာပဲ လှည်း အစီး(၅၀၀)စခန်းချ ညအိပ်ကြတာပေါ့။ ညလည်းရောက်ရော အချိန်အခါ မဟုတ် တန်ဆောင်မုန်းလကြီး မိုးတွေရွာပါလေရော။ တောင်ကျရေတွေ ဆင်းလာပြီး ချောင်းက ရေတွေပြည့်သွားတယ်။ လှည်းတွေ ဟိုဘက်ကမ်း ကူးလို့မရတော့ဘူး။ စောင့်ရင်းစောင့်ရင်းနဲ့ တစ်ပတ်လောက် ကြာသွား တယ်။

ချောင်းရေကျသွားလို့ လှည်းတွေသွားလို့ရပြီဆိုတဲ့အချိန်ကျတော့ နက္ခတ်ပွဲသဘင်ကပြီးသွားပြီ။ လှည်းအစည်း(၅၀၀)အပြည့် အထည်တွေ ဟာ နက္ခတ်ပွဲသဘင်မှာသာ ရောင်းလိုက်ရရင် (၇)ရက်တည်းနဲ့ ကုန်နိုင် တယ်တဲ့။ နက္ခတ်ပွဲသဘင်က တော်တော်ကိုစည်ကားပုံရတယ်။ အခုခေတ် မှာ ကျင်းပတဲ့ တောင်ပြုန်းပွဲစည်ကားသလို ဖြစ်မယ်ထင်တယ်။

အခုတော့ မဟာနေသူဌေးကြီး မှန်းချက်နဲ့ နှမ်းထွက်မကိုက် တော့ ဘူး။ နွေမိုးဆောင်း တစ်နှစ်လောက်ရောင်းမှ ဒီအထည်တွေက ကုန်မှာ ဆိုတော့ ဒီမှာပဲ စခန်းချပြီးဆက်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

နောက်နေ့မနက်မှာ မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ဆွမ်းခံကြွ လာရင်းနဲ့ သူဌေးကြီးကို မြင်တော့ မြတ်စွာဘုရားရှင်က ပြုံးတော်မူတယ်။

http://www.dhammadownload.com



ပြုံးတော်မူရတဲ့အကြောင်းရင်းကို ညီတော်အာနန္ဒာက မေးလျှောက်တော့ –

'ဒီသူဌေးကြီးဟာ နောက်(၇)ရက်ဆိုရင် သေရတော့မယ်ဆိုတာကို မသိဘဲနဲ့ ဒီနေရာမှာ တစ်နှစ်ပတ်လုံးနေပြီး သူ့အထည်တွေ ရောင်းဖို့ စိတ်ကူးနေတယ်။ ကုသိုလ်ကောင်းမှုလုပ်ဖို့တော့ သတိမရရှာဘူး။ သတ္တဝါတွေဟာ အင်မတန်သနားစရာကောင်းတာပဲ။ ငါတော့ အဲဒီလို မောဟထုပြော ပြီး အပါယ်လေးပါးရောက်မယ့်ဘဝမျိုးက လွတ်မြောက်ခဲ့ပြီ။ မိမိအဖြစ်ကို ကျေနပ်အားရလို့ ပြုံးတော်မူတာ'

သူဌေးကြီးသေမှာကို ဝမ်းသာလို့ပြုံးတာ မဟုတ်ဘူးနော်။ မြတ်စွာဘုရားဆိုတာ မဟာကရုဏာရှင်။ သတ္တဝါတွေအပါယ်လေးပါးက လွတ်စေချင်လို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေချင်လို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အခုလည်း ဒီသူဌေးကြီးကို ကယ်ချင်လို့ ညီတော်အာနန္ဒာကို ဂါထာတစ်ပုဒ် သင်ပေးလိုက်တယ်။

**အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**
**န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။**
**ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တမတန္ဒိတံ။**
**တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။**

အမိပွါယ်က မနက်ဖြန်မှာ အသက်ရှင်နေဦးမှာလား။ သေမှာလား ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ...

(၁) သေမင်းလို့ခေါ်တဲ့ သေခြင်းတရားနဲ့ ရက်ချိန်းယူထားတာလည်း မရှိဘူး။

http://www.dhammadownload.com



(၂) သေမင်းကို တံစိုးလက်ဆောင်ပေးပြီးလာဘ်ထိုးလို့လည်းမရဘူး။
(၃) သေမင်းရဲ့စစ်သည်ဗိုလ်ပါတွေဖြစ်တဲ့ (၉၆)ပါးရောဂါတွေကို နိုင်အောင်တိုက်နိုင်တဲ့အင်အားလည်း ကိုယ့်မှာရှိတာမဟုတ်ဘူးတဲ့။

သေမင်းခေါ်တဲ့အချိန်လိုက်သွားရမှာ။ ဒါကြောင့်မို့ လုပ်စရာရှိ တဲ့ကိစ္စတွေကို နောက်နေ့မှ နောက်လမှ နောက်နှစ်မှဆိုပြီး အချိန်ဆွဲမနေနဲ့။ အခုချက်ချင်းကို မြန်မြန်ဆန်ဆန်လုပ်။

အဲဒီလို သေခြင်းတရားကိုဆင်ခြင်ပြီး လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာတွေ ပါးအောင်ကုန်အောင် နေ့ညမပြတ်လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ တစ်နေ့တစ်ရက်ပဲ အသက်ရှင်နေရစေကာမူ မြတ်သောအသက်ရှင်ခြင်းပဲလို့ မြတ်စွာဘုရားရှင်က ဟောကြားတော်မူတယ်။

ညီတော်အာနန္ဒာက ဂါထာလည်း သင်ပြီးရော ဘုရားကိုယ်စားတရားဟောဖို့ သူဌေးကြီးလှည်းစခန်းချရာကို သွားပြီး ဆွမ်းရပ်တယ်။ သူဌေးကြီးကလည်း ဆွမ်းဘောဇဉ်တွေကပ်လှူ၊ ပြီးတော့ ဆွမ်းအနုမောဒနာတရားကို ညီတော်အာနန္ဒာက မြတ်စွာဘုရားသင်ပေးတဲ့အတိုင်း ဟောတာပေါ့။ ဟောပြီးတာတောင် ထပ်သတိပေးသေးတယ်။

'ဒကာကြီး လုပ်စရာရှိတဲ့ကုသိုလ်ရေးကိစ္စတွေကို မြန်မြန်လုပ်နော်။ ဘယ်နေ့သေမယ်ဆိုတာ သိနိုင်တာမဟုတ်ဘူး။ သေမင်းက လက်ဦးသွားရင် မလုပ်လိုက်ရဖြစ်နေမယ်'

'လုပ်ပါ့မယ်ဘုရား။ အခုတော့ အလုပ်တွေက မအားသေးဘူး'

ဒို့ဒကာ ဒကာမတွေနဲ့တော့ တူနေပြီ။ အချိန်မရွေး သေနိုင်တယ်ဆိုတာကို သေသေချာချာ နားမလည်တော့ စားဝတ်နေရေးအတွက်

http://www.dhammadownload.com



စီးပွားရေးကိစ္စက ပိုအရေးကြီးနေတယ်။ ကုသိုလ်ရေးကိစ္စကို နောက်မှ နောက်မှနဲ့ အချိန်ဆွဲနေကြတယ်။ အေးအေးဆေးဆေး နေ့ရွှေ့ ညရွှေ့ပဲ။

အခုလည်း ကြည့်ပါလား။ ညီတော်အာနန္ဒာက သွယ်ဝိုက်ပြီး ဘယ်လိုပဲ ဟောဟော သူဌေးကြီးက အခုချက်ချင်း ထလုပ်မယ်ဆိုတဲ့ စိတ်မျိုးမရှိဘူး။ ဒါနဲ့ တဲ့တိုးပဲပြောရတော့တယ်။

'အလုပ်အားမှ လုပ်မယ်ဆိုရင်တော့ အချိန်မမီတော့ဘူးဒကာကြီး'

'ဘာဖြစ်လို့လဲဘုရား'

'ဒကာကြီးက နောက်(၇)ရက်ဆိုရင် သေတော့မှာ'

'ဟာ ... မသေနိုင်သေးပါဘူးဘုရား၊ တပည့်တော် အခု ကျန်းကျန်းမာမာကြီးရှိနေသားပဲ'

'မြတ်စွာဘုရားကိုယ်တိုင် မိန့်ကြားတော်မူတာ ဒကာကြီး'

'ဟာ...ဒါဆိုရင်တော့ ကယ်တော်မူပါဦးဘုရား၊ တပည့် တော်မှာ ရှိတဲ့ပစ္စည်း ဥစ္စာတွေ ဘယ်လောက်ပဲကုန်ကုန်၊ မသေဖို့ အရေးကြီးတယ်ဘုရား'

'သေခြင်းတရားကို ဘုရားလည်း မကယ်နိုင်ဘူး ဒကာကြီး။ ကိုယ်လုပ် ထားတဲ့ကုသိုလ်ကောင်းမှုတွေကို အားကိုးရမှာ။ဒါကြောင့်မို့ ကုသိုလ်ကောင်းမှု တွေသာ မြန်မြန်လုပ်ပေတော့'

ယောဂီတို့ဆိုရင် ဘာလုပ်မလဲ ဆိုတာ မှန်းကြည့်စမ်းပါဦး။ သေရမှာ ကြောက်ပြီး စားလို့လည်းမရ၊ အိပ်လို့လည်းမရ၊ မျက်ရည်စက်လက်နဲ့ တစ်ချိန်လုံး ငိုနေမှာလား။ ဒါမှမဟုတ် မသေခင်လေး အပြတ်ကဲလိုက်ဦး မယ်ဆိုပြီး လုပ်ချင်တာတွေ အကုန်လျှောက်လုပ်နေမှာလား။ ဒါမှမဟုတ် ကုသိုလ်တွေလုပ်ပြီး ကျန်တဲ့အချိန်လေးကို အဖိုးတန်အောင်အသုံးချမှာလား။ စဉ်းစားကြည့်စမ်း။

'ကုသိုလ်တွေလုပ်မှာပါဘုရား'

http://www.dhammadownload.com



အဲဒီလိုလုပ်နိုင်ရင်တော့ ကောင်းတာပေါ့ဗျာ။ အခုလည်း မဟာဓန သူဌေးကြီးဟာ မသေခင် (၇)ရက်ပတ်လုံး မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေပင့် ဆွမ်းကပ်။ အထည်တွေကို သင်္ကန်းအဖြစ်လှူ။ မြတ်စွာဘုရားဟောတဲ့တရားတွေကို နာကြားခွင့်ရလိုက်တော့ ... သဒ္ဓါတရားတွေလည်းဖြစ်၊ သံဝေဂဉာဏ်တွေလည်းဖြစ်၊ ခန္ဓာမှာလည်း ဉာဏ်သွင်းတတ်သွားတဲ့အတွက် သောတာပန်ဖြစ်သွားတယ်။

(၇)ရက်မြောက်တဲ့ နေ့မှာတော့ ဆွမ်းကပ်တရားနာပြီး မြတ်စွာဘုရားကို လိုက်ပါပို့ဆောင်နေတုန်းမှာပဲ ခေါင်းမူးလို့ဆိုပြီး လမ်းတစ်ဝက်ကနေ ပြန်လာတယ်။ လှည်းစခန်းရောက်တော့ အိပ်ရာထဲမှာလှဲနေရင်းနဲ့ သိပ်မကြာဘူး၊ သေပါလေရော။ တော်သေးတာပေါ့၊ သေမဲ့ရက်ကို ကြိုတင်သိခွင့်ရလိုက်တော့ မသေခင်လေးမှာ ကုသိုလ်တွေလည်း အများကြီးလုပ်ခွင့်ရလိုက်တယ်။ သောတာပန်လည်း ဖြစ်သွားတယ်။ ဒို့သူငါတွေကိုကျတော့ သေမဲ့ရက်ကြိုပြောမယ့်သူ ရှိရဲ့လား။

'မရှိပါဘူးဘုရား'

မရှိဘူးဆိုရင် ဒီနေ့လည်း သေနိုင်တယ်။ မနက်ဖြန်လည်း သေနိုင်တယ်။ အချိန်မရွေး သေနိုင်တယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါဆိုရင် မအားသေးဘူး။ နောက်လမှ နောက်နှစ်မှ ဆိုပြီးအချိန်ဆွဲမနေဘဲ အခုချက်ချင်းကို မြန်မြန်တရားအားမထုတ်သင့်ဘူးလား။

'အားထုတ်သင့်ပါတယ်ဘုရား'

http://www.dhammadownload.com



## ဓမ္မစကြာတရား

မြန်မြန်တရားအားထုတ်သင့်တယ်။ ဒါမှ သစ္စာတရားတွေကို သိမှာပေါ့။ သစ္စာတရားတွေကိုသိမှ လူဖြစ်ရကျိုးလည်းနပ်မယ်။ သာသနာနဲ့ ကြုံရကျိုးလည်း နပ်မယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးတော့ သစ္စာတရားတွေကို မသိဘဲ သေသွားမယ်ဆိုရင် အင်မတန် နစ်နာတာပဲ။

ဒါကြောင့်မို့ သစ္စာတရားတွေကို သညာသိနဲ့ သိအောင်လည်း လုပ်ရမယ်။ ပညာသိနဲ့သိအောင်လည်း တရားအားထုတ်ရမယ်။ ဒီကနေ့ တရားနာ ပရိသတ်ထဲမှာ ယောဂီအသစ်တွေက များတော့ အခြေခံကစပြီး ဟောရမှာပဲ။

'သစ္စာ'ဆိုတာ မှန်ကန်တယ်။ မမှားဘူး။ ဒီလိုအဓိပ္ပါယ်ရတယ်။ သစ္စာက နှစ်မျိုးရှိတယ်။ **သမ္မုတိသစ္စာနဲ့ ပရမတ္ထသစ္စာ**။

**သမ္မုတိသစ္စာ**—ဆိုတာက လောကအနေနဲ့ ခေါ်ဝေါ်သုံးစွဲဖို့ရာ သမုတ်ထားတဲ့ နာမည်အမျိုးမျိုးကိုခေါ်တာ။ သက်ရှိသက်မဲ့အရာဝတ္ထုမှန်သမျှကို နာမည်အမျိုးမျိုးနဲ့ ခေါ်ဝေါ်ပြောဆိုနေကြတယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အမိအဖ, ညီအစ်ကို, မောင်နှမ, ဇနီး, ခင်ပွန်း, ယောကျ်ား, မိန်းမ, ကြက်, ငှက်, ကြောင်, ခွေး အမျိုးမျိုး ခေါ်နေကြတာပဲ။ လူမျိုးတိုင်း လူမျိုးတိုင်း သူ့ဘာသာစကားနဲ့သူ ခေါ်ဝေါ်ပြောဆိုနေကြတယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အခေါ်အဝေါ်တွေ အမည်နာမတွေဟာ ပညတ်တွေပါ ဆိုပေမယ့် လောကအနေနဲ့ အများကမှန်တယ်လို့ သဘောတူလက်ခံထားတဲ့အတွက် သစ္စာထိုက်တယ်။ ဒါကို သမ္မုတိသစ္စာလို့ ခေါ်တာ။

http://www.dhammadownload.com



နောက်တစ်မျိုးက ပရမတ္ထသစ္စာ။ အမြဲထာဝရမှန်ကန်တဲ့တရား။ ပရမတ္ထတရားလို့လည်း ခေါ်တယ်။ ပရမတ္ထတရားလေးပါးကို ယောဂီယောင်းတွေပြောကြည့်ပါဦး။

'စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ပါဘုရား'

ဒါ အမှန်တကယ်ရှိတဲ့တရားတွေ။ ဒါပေမဲ့ ပကတိမျက်စိနဲ့တော့ မမြင်ရဘူးနော်။ ဉာဏ်မျက်စိနဲ့မှမြင်နိုင်တာ။ဥပမာ–သူတော်ကောင်းတို့ဆီမှာ စိတ်ရှိသလား။

'ရှိပါတယ်ဘုရား'

အဲဒီစိတ်ကို မျက်စိနဲ့မြင်ရရဲ့လား။

'မမြင်ရပါဘူးဘုရား'

လောဘတွေ ဒေါသတွေရော ရှိလား။

'ရှိပါတယ်ဘုရား'

လောဘ ဒေါသဆိုတာ စေတသိက်တွေပဲဗျ။ အဲဒီလောဘ ဒေါသတွေကို မျက်စိနဲ့မြင်ရလား။

'မမြင်ရပါဘူးဘုရား'

မမြင်ရဘူးဆိုရင် မရှိလို့ များလား။

'မဟုတ်ပါဘူးဘုရား။ ရှိတော့ရှိပါတယ်'

အမှန်တကယ်ရှိတယ်။ ဒါပေမဲ့ ပကတိမျက်စိနဲ့တော့မမြင်ရဘူး။ သဘောမျှပဲ။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နောက်တစ်ဆင့်သွားရအောင် ....

အဲဒီပရမတ္ထသစ္စာကို သဘာဝသစ္စာနဲ့ အရိယသစ္စာဆိုပြီး နှစ်မျိုး ထပ်ခွဲတယ်။ သဘာဝသစ္စာဆိုတာက သဘောတရား အနေအားဖြင့်

http://www.dhammadownload.com



မှန်ကန်တာ။ သဘာဝသစ္စာထဲမှာ သုခ–ချမ်းသာတယ်ဆိုတာလည်းရှိတယ်။ ဒုက္ခ–ဆင်းရဲတယ်ဆိုတာလည်းရှိတယ်။ ဥပေက္ခာ–အလယ်အလတ်ဆိုတာလည်းရှိတယ်။

ဒါပေမဲ့လို့ အရိယသစ္စာနယ် ရောက်သွားတဲ့အခါကျတော့ ... လောကီတရားတွေမှန်သမျှ ချမ်းသာတယ်ဆိုတာမရှိဘူး။ သုခမရှိဘူး။ ဥပေက္ခာမရှိဘူး။ အကုန်လုံးဒုက္ခချည်းပဲ။ အဲဒီလို အရိယာတို့ဉာဏ်နဲ့ သိအပ်တဲ့သစ္စာတရားကို အရိယသစ္စာလို့ခေါ်တယ်။ အရိယသစ္စာလေးပါးကို ယောဂီယောင်းတွေပြောပါဦး။

**'ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ** ပါဘုရား'

**ဒုက္ခသစ္စာ** – ဆိုတာကဆင်းရဲခြင်းအမှန်တရား။သိရမယ့်တရား။

**သမုဒယသစ္စာ**– ဆိုတာက ဆင်းရဲဖြစ်ကြောင်း အမှန်တရား။ ပယ်ရမယ့်တရား။

**နိရောဓသစ္စာ** – ဆိုတာက ဆင်းရဲငြိမ်းခြင်း အမှန်တရား။ ဆိုက်ရောက်ရမယ့်တရား မျက်မှောက်ပြုရမယ့်တရား။

**မဂ္ဂသစ္စာ** – ဆိုတာက ဆင်းရဲငြိမ်းရာသို့ရောက်ကြောင်း အကျင့်လမ်း အမှန်တရား။ ပွားများရမယ့်တရား၊ ကျင့်ရမယ့် တရား။ ဒါက အကျဉ်းချုပ်ပေါ့။

ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ပထမဦးဆုံးဟောတဲ့တရားက ဘာတရားလဲ။

'ဓမ္မစကြာတရားပါဘုရား'

ဓမ္မစကြာတရားဟာ ဗုဒ္ဓဘာသာဝင်တွေ တော်တော်ကို အလေးအမြတ်ပြုတဲ့ တရားပဲ။ မကြားဖူးတဲ့သူ မရှိသလောက်ကို ရှားတယ်။ ဓမ္မစကြာဝတ်အသင်းတွေဖွဲ့ပြီးတော့တောင် ရွတ်ဖတ်သရဇ္ဈာယ်ကြတယ်။

http://www.dhammadownload.com



အမှန်က ဓမ္မစကြာတရားဆိုတာ ရွတ်ဆိုရုံလေးအတွက် ဟောထားတာ မဟုတ်ဘူး။ ကျင့်ဖို့အတွက် သစ္စာလေးပါးကို အကျဉ်းချုပ်ဟောထားတာ။ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရပဲ။

ဘာဝနာအလုပ်နဲ့ စပ်ဟပ်ပြီး သေသေချာချာ နားမလည်တော့ တန်ဖိုးထားပြီး လက်တွေ့ ကျင့်သုံးရကောင်းမှန်း မသိကြဘူး။ ရွတ်တာလည်း ကုသိုလ်ရပါတယ်။ ရွတ်နိုင်တဲ့အခါရွတ်။ အရေးကြီးတာက သစ္စာလေးပါးအကြောင်းကို သေသေချာချာနားလည်သဘောပေါက်ပြီး လက်တွေ့ကျင့်သုံးဖြစ်ဖို့။

ပထမဆုံး သုတမယဉာဏ်နဲ့ သိအောင်လုပ်။ ဒုတိယ စိန္တာမယဉာဏ်နဲ့ သိအောင်လုပ်။ တတိယကျတော့ ဘာဝနာမယဉာဏ်နဲ့ သိအောင် ကြိုးစား။ နောက်ဆုံး စတုတ္ထအဆင့်ကျတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ သိလာပါလိမ့်မယ်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ စက်ဝိုင်းတရားနဲ့ ပြောရင်တော့ ပထမ **ဉာတပရိညာ**နဲ့ သိသင့်သိထိုက်တာကို သိဖို့ ပယ်သင့် ပယ်ထိုက်တာကို ပယ်ဖို့။

ဒုတိယ **တီရဏပရိညာ**နဲ့ ပွားသင့် ပွားထိုက်တာကိုပွားဖို့၊ ပယ်သင့် ပယ်ထိုက်တာကိုပယ်ဖို့။ နောက်မှ တတိယအဆင့် **ပဟာနပရိညာ** နဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ ပယ်သင့်ပယ်ထိုက်တာကိုပယ်ဖို့ အဆင့်ဆင့် လုပ်ရမယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သိသင့်သိထိုက်တာကို သိဖို့ဆိုတာက ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိဖို့၊ ပိုင်းပိုင်းခြားခြားသိဖို့ကို ဆိုလိုပါတယ်။ သိသင့်သိထိုက်တာကို

http://www.dhammadownload.com



သိပြီဆိုရင် ... ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာကလည်း ပယ်ပြီးသား ဖြစ်သွားလိမ့်မယ်။ ပွားသင့်ပွားထိုက်တဲ့ မဂ္ဂသစ္စာကို ပွားများရင် ဆိုက်ရောက်သင့် ဆိုက်ရောက်ထိုက်တဲ့ နိရောဓသစ္စာကို ဆိုက်ရောက်မှာပဲ။

တရားဟောတဲ့အခါမှာတော့ **သိ ပယ် ဆိုက် ပွား**။ ဒုက္ခသစ္စာကို သိဖို့။ သမုဒယသစ္စာကိုပယ်ဖို့။ နိရောဓသစ္စာကို ဆိုက်ဖို့။ မဂ္ဂသစ္စာကို ပွားဖို့။ ဒီလိုအစဉ်အတိုင်းဟောရတယ်။ အလုပ်စဉ်မှာကျတော့ အစီအစဉ်က မတူတော့ဘူး။

မဟာစည်နည်းက **ပွား သိ ပယ် ဆိုက်**။ မဂ္ဂသစ္စာကိုအရင် ပွားရတယ်။ အဲဒီလိုပွားတော့မှ ဒုက္ခသစ္စာကို ပိုင်ပိုင်းခြားခြားသိမယ်။ ဒုက္ခသစ္စာကိုသိရင် သမုဒယသစ္စာကို ပယ်နိုင်မယ်။ သမုဒယသစ္စာကို ပယ်ပြီးပြီ ဆိုရင်တော့ နိရောဓသစ္စာကို ဆိုက်ရောက်ပြီပေါ့။ ဒီလိုလည်း အကျဉ်းအားဖြင့် သိထားရမယ်နော်။

'မှန်လှပါဘုရား'

## ဒုက္ခရဲ့မထင်ကြဘူး

ဒုက္ခသစ္စာကို စ,ပြောရအောင်။ ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်း အမှန်တရား။ သိရမယ့်တရား။ ပယ်ရမှာမဟုတ်ဘူး။ အကြောင်းအကျိုးနဲ့ ပြောမယ်ဆိုရင် ဒုက္ခသစ္စာဆိုတာ အကျိုးတရား။ ဒါကြောင့်မို့ သူ့ကို ပယ်လို့ မရဘူး။ အကြောင်းတရားကိုသာ ပယ်ရမှာ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဒုက္ခ(၁၂)မျိုးကို မှတ်ရလွယ်အောင် လင်္ကာလေး စပ်ထားတယ်။ လိုက်ဆိုပါ။

http://www.dhammadownload.com



**ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။**
**နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်။**
**မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။**
**မရတာလို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။**
**စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။**

ဖြစ်တယ်ဆိုတာ ဇာတိကိုပြောတာ။ ဘဝသစ်ဖြစ်ရတာ ဆင်းရဲပါတယ်တဲ့။ တိရစ္ဆာန်ဘဝမှ ဆင်းရဲတာ မဟုတ်ဘူး။ လူ့ဘဝလည်း ဆင်းရဲတာပဲ။ နတ်ဘဝလည်း ချမ်းသာတယ်မထင်နဲ့ ဆင်းရဲတာပါပဲ။ ဘဝမှန်သမျှ ဆင်းရဲတုံး ဆင်းရဲခဲကြီးပါပဲလို့ မြတ်စွာဘုရားက ဟောကြားတော်မူတာ။

တို့သူငါတွေကတော့ အဝိဇ္ဇာနဲ့တဏှာက ဖုံးကွယ်ထားတဲ့ အတွက် ဆင်းရဲတယ်လို့မထင်ဘူး။ စီးပွားရေး လုပ်ငန်းတွေ အများကြီးနဲ့ အလုပ်တွေရှုပ်ယှက်ခတ်နေတဲ့ သူတွေကို ဘေးကလူတွေက သွားရည်ကျနေတယ်။ သူ့လို ဒုက္ခမျိုးများ ရောက်ချင်လိုက်တာ တဲ့။ ဟိုမှာက လျှာထွက်နေပြီ။ စားချိန်မမှန် အိပ်ချိန်မမှန်နဲ့ ထမင်းစားတာတောင် အပြေးအလွှားစားနေရတယ်။ ဖုန်းတွေက တဂွမ်ဂွမ်လာနေလို့။ တရားရိပ်သာဝင်ဖို့နေနေသာသာ ဥပုသ်တောင် မစောင့်နိုင်ဘူး။

ကားရှိတဲ့သူကလည်း ကားကြောင့်ဒုက္ခရောက်နေတာကို ဒုက္ခလို့ မထင်ဘူး။ လိုင်စင်လဲရတဲ့ဒုက္ခ၊ ကားပြင်ရတဲ့ဒုက္ခ၊ အခွန်အခပေးရတဲ့ဒုက္ခ၊ မတော်တဆယာဉ်တိုက်မှုဖြစ်ရင် ကြုံရတဲ့ဒုက္ခတွေနဲ့ဆို ဒုက္ခတွေက အများကြီးပဲ။ ဒါပေမဲ့ သွားချင်တဲ့အချိန်သွား၊ ပြန်ချင်တဲ့အချိန် ပြန်လို့ရတယ်။ လုပ်ငန်းသုံးကားဆိုရင်လည်း ပိုက်ဆံဝင်တယ်ဆိုပြီး ကားရှိတာကို ဒုက္ခလို့မထင်ဘူး။ သုခလို့တောင် ထင်သေးတယ်။

http://www.dhammadownload.com



သားသမီးရှိတဲ့သူတွေလည်း ဒီအတိုင်းပဲ။ သားသမီးလေးတွေ မွေးလာကတည်းက ပျော်နေကြတာ။ ဒုက္ခနဲ့တွေ့ရတော့မယ်ဆိုလို့ ပျော်နေတဲ့မျောက်ကြီးလိုဖြစ်နေတယ်။ ကြားဖူးတယ်မဟုတ်လား ဖြူးဆရာတော်ဟောတဲ့တိပ်ခွေထဲမှာလေ။

'ကြားဖူးပါတယ်ဘုရား'

အမှန်က သားတွေသမီးတွေတိုးလာတာဟာ ဒုက္ခတွေတိုးလာတာပဲ။ ဒါကို ဒို့သူငါတွေက ဒုက္ခလို့မထင်ဘူး။ သုခလို့ထင်တယ်။ အဝိဇ္ဇာနဲ့ တဏှာတွေ အားကြီးနေတော့ အရူးလိုဖြစ်နေတယ်။

**ပုထုဇ္ဇနော ဥမ္မတ္တကော**-ပုထုဇဉ်တွေဟာအရူးတွေပဲတဲ့။ အရူးဆိုတာက ခဲလုံးလေးကိုင်ပြီး ရွှေတုံးကြီးလို့ထင်ရင်ထင်နေတာ။ တဲစုတ်လေးကိုလည်း နန်းတော်လို့ထင်ပြီး မင်းကြီးများ ... လို့ အော်ရင်အော်နေတာ။ အဲဒီလိုအမှန်အတိုင်းမသိတာဟာ ဘာဖြစ်လို့ပါလိမ့်။

'ရူးနေလို့ပါဘုရား'

ဒို့သူငါတွေလည်း အဲဒီလို ဖြစ်နေပြီ။ (၃၁)ဘုံ သံသရာထဲမှာ မျက်စိလည် လမ်းမှားနေကြတယ်။ ယခုရော ဘာတွေနဲ့ အဖော်လုပ်နေသလဲ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ရအောင် ...

ပကတိမျက်စိနဲ့ ကြည့်မယ်ဆိုရင်တော့ သားနဲ့ သမီးနဲ့ ဇနီးနဲ့ ခင်ပွန်းနဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ အဖော်လုပ်နေတယ်။ စည်းစိမ်ဥစ္စာတွေနဲ့ အဖော်လုပ်နေတယ်ပေါ့။ ပညာမျက်စိနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အို, သေကို အဖော်လုပ်နေကြတာပါ။ ဒီဘဝမှာလည်း အို, သေနဲ့ ပေါင်းဖော်နေရတယ်။ နောင်ခန္ဓာရဦးမယ် ဆိုရင်လည်း အို, သေနဲ့ပဲ

http://www.dhammadownload.com



ပေါင်းဖော်ရဦးမယ်။ ဉာဏ်ပညာနဲ့ အတိတ်ကို ပြန်ကြည့်ပါဦး။ ဘယ်သူတွေနဲ့ ပေါင်းဖော်ခဲ့ရသလဲ။

'အို,သေနဲ့ပေါင်းဖော်ခဲ့ရပါတယ်ဘုရား'

အိုရတာ, သေရတာ ချမ်းသာသလား။ ဆင်းရဲသလား။

'ဆင်းရဲပါတယ်ဘုရား'

ဒါဆို ဆင်းရဲ ဒုက္ခတွေနဲ့ ပေါင်းဖော်နေရတာပေါ့။ ဟိုတုန်းကလည်း ဒုက္ခရောက်ခဲ့တယ်။ ယခုလည်း ဒုက္ခရောက်နေတယ်။ နောင်ကိုလည်း ဒုက္ခရောက်ဦးမယ်။

အမှန်မြင်မှ နိဗ္ဗာန်ရောက်မှာနော်။ လောကကြီးရဲ့အကြောင်းကို ပညတ်အနေနဲ့ရော ပရမတ်အနေနဲ့ပါ မှန်မှန်ကန်ကန်မြင်မှ ဒုက္ခသစ္စာ ဆိုတာသိမှာ။

မှန်မှန်ကန်ကန်မြင်လေ ဆင်းရဲမှန်းသိလေ။
မှန်မှန်ကန်ကန်မြင်လေ အပြစ်များမှန်းသိလေ။
မှန်မှန်ကန်ကန်မြင်လေ ဘေးတွေရန်တွေ အန္တရာယ်တွေများမှန်း
သိလေဖြစ်မှာ။

မှန်မှန်ကန်ကန် မမြင်တဲ့သူတွေကတော့ အချိန်ဖြုန်းနေမှာပဲ။ စီးပွားရေးနဲ့အချိန်ဖြုန်းလိုက်။ လူမှုရေးနဲ့ အချိန်ဖြုန်းလိုက်။ စကားတွေဝိုင်းဖွဲ့ပြီးတော့ အချိန်ဖြုန်းလိုက်။ BBC တို့ VOA တို့ နားထောင် ပြီးတော့ အချိန်ဖြုန်းလိုက်။ ပျော်ပွဲရွှင်ပွဲတွေနဲ့ အချိန်ဖြုန်းလိုက်။ ကိလေသာတွေနဲ့ အချိန်ဖြုန်းလိုက်။ ဒီလိုနဲ့ အချိန်က နည်းနည်းလေးပဲကျန်တော့တယ်။

သစ္စာတရားတွေကို သိအောင် အစွမ်းကုန်မကြိုးစားဘဲနဲ့ အချိန်ဖြုန်း

http://www.dhammadownload.com



နေတဲ့ပုဂ္ဂိုလ်တွေကတော့ အဖန်ဖန်အထပ်ထပ် အိုချင်လို့၊ အဖန်ဖန်အထပ်ထပ် သေချင်လို့၊ အဖန်ဖန်အထပ်ထပ် ဒုက္ခမျိုးစုံနဲ့ကြုံချင်လို့ပေါ့ဗျာ။

စိုးရိမ်သောကတွေနဲ့ ပူဆွေးတဲ့ ဒုက္ခတွေလည်း ကြုံရမယ်။ မျက်ရည် ပေါက်ကြီးငယ်ကျပြီး ငိုကြွေးရတဲ့ဒုက္ခတွေလည်း ကြုံရမယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဒုက္ခတွေလည်းကြုံရမယ်။

မရှုနိုင်၊ မကယ်နိုင် ဒုက္ခမျိုးစုံနဲ့ ချစ်သူနဲ့ ကွေကွင်းရတဲ့ဒုက္ခ၊ မချစ်မခင် တဲ့သူတွေနဲ့ ဟန်ဆောင်ပေါင်းသင်းရတဲ့ဒုက္ခ၊ မင်းရေးစိုးရေး သူခိုးဓားတွေနဲ့ ထိတ်ထိတ်ပျာပျာနေရတဲ့ဒုက္ခ၊ ကိလေသာတွေ နှိပ်စက်လို့ အရှက်အကြောက် ကင်းမဲ့စွာနဲ့ အကုသိုလ်တွေလုပ်ရတဲ့ဒုက္ခ။ ဒုက္ခတွေမများဘူးလား။

'များပါတယ်ဘုရား'

အဲဒီလို ဒုက္ခတွေ များရခြင်းရဲ့အကြောင်းတရားတစ်ခုက ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရှိနေလို့ တဲ့။ ဒီခန္ဓာငါးပါးရှိနေသမျှ ဒုက္ခတွေတွေ့နေရမှာပဲ။ ခန္ဓာငါးပါးမရှိမှ ဒုက္ခကင်းဝေးမှာ။ လူ့ဘဝမှာ ခန္ဓာငါးပါးရှိရင် လူ့ဒုက္ခ တွေ့မှာပဲ။ နတ်ဘဝမှာခန္ဓာငါးပါးရှိရင် နတ်ဒုက္ခတွေ့မှာပဲ။ ဒါကြောင့်မို့ **ဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ** ပဲဆိုတာကို ယောဂီတွေသိထားရမယ်။

ရုပ်ခန္ဓာကြီး ရှိနေတဲ့အတွက် အိုရ, နာရ နေ့စဉ်နဲ့အမျှ ပြုစုစောင့် ရှောက်ရတဲ့ ဒုက္ခတွေက နည်းတာမှမဟုတ်ဘဲ။ မနက်အိပ်ရာထတဲ့ အချိန်က စပြီး မျက်နှာသစ်သွားတိုက် ကုဋီတက်။ လူဝတ်ကြောင်တွေဆိုရင်လည်း အိမ်သာတက်ရတယ်ပေါ့ဗျာ။ မတက်ဘဲနေလို့ ရရဲ့လား။

'မရပါဘူးဘုရား'

http://www.dhammadownload.com



မရဘူး။ လူများလို့ တန်းစီစောင့်နေရရင်တောင် ဒုက္ခဖြစ်နေပြီ။ ထုတ်ပြီးပြန်တော့ ဗိုက်က ဆာပြန်ပြီ။ စားရသောက်ရဦးမယ်။ ဒီရိပ်သာမှာတော့ အဆင်သင့် လက်ဆေးစားရုံမို့ ဆွမ်းခံရတဲ့ ဒုက္ခမကြုံရဘူး။ ယောဂီတွေ အင်မတန် ကံကောင်းပါတယ်။ ဆွမ်းခံရတဲ့ဒုက္ခ မသေးပုံကို ဦးပဥ္ဇင်းကိုယ်တွေ့လေး နည်းနည်းပြောဦးမယ်။

မိတ္ထီလာ တောင်ပုလုဆရာတော်ဘုရားကြီးရိပ်သာမှာ တရား သွားအားထုတ်တုန်းက ... နေ့ဆွမ်း တစ်နပ်စားရဖို့အရေး နေ့တိုင်းဆွမ်းခံထွက်ရတယ်။ မထွက်ရင် ဆွမ်းမစားရဘူး။ အရုဏ်ဆွမ်း ဆိုတာလည်း မရှိဘူး။ တစ်နေကုန် ရေသောက်ပြီးနေပဲ။ ဒါကြောင့်မို့ မနက်လေးနာရီ အုန်းမောင်းခေါက်ရင် ဆွမ်းခံစထွက်ရတယ်။

တောရဆောက်တည်တဲ့နေရာနဲ့ ဆွမ်းခံကြွတဲ့ သဖန်းရွာက (၄)မိုင်လောက် ဝေးတယ်။ အဝေးကြီးကို မြန်မြန်လျှောက်ရတာ ဆိုတော့ သပိတ်အိတ်ကို ကျကျနနပြင်ဆင်ရတယ်။ သပိတ်အိတ် မကောင်းရင် လမ်းမှာသပိတ်ပြုတ်ကျပြီး ဆွမ်းငတ်ဖို့သာတွက်ထားတော့။ ခြေထောက်ကို ဆူးမစူးအောင်လည်း သတိထားရသေးတယ်။ မြေမှာ ကပ်ပေါက်နေတဲ့ ဆူးတွေရှိတယ်။ ရော်ဘာဖိနပ်အပြားသေးသေးလေးတွေစီးပြီး ဓာတ်မီးတစ်လက်နဲ့ မနက်လေးနာရီကတည်းက စထွက်လိုက်တာ ကျောင်းကို ကိုးနာရီခွဲမှ ပြန်ရောက်တယ်။

ရောက်တာနဲ့ သပိတ်ကိုချထားပြီး အမောဖြေရတယ်။ မောဟိုက်နေတာများ ပက်လက်ကိုလန်ရောပဲ။ တော်တော်လေး အမောပြေတော့မှ ဆွမ်းစားလို့ရတယ်။ တစ်နေ့မှ တစ်ထပ်ပဲစားရတာ။ လမ်းမှာသပိတ်လွတ်ကျလို့ ဆွမ်းမစားရဘဲ ရေသောက်နေရမယ်သာ ဆိုရင် ဘယ်လောက်ဆာလိုက်မလဲဆိုတာ မှန်းကြည့်ပေါ့။

http://www.dhammadownload.com



ဆိုလိုတာက ဒကာဒကာမတွေ ရှာဖွေချက်ပြုတ် ထားပြီးသား ဆွမ်းကို အရံသင့်လေး အလှူခံစားရတဲ့ ရဟန်းတော်တွေတောင်မှ စားဖို့ အတွက် ဒုက္ခက ဒီလောက်ကြီးနေတယ်ဆိုရင် ဒကာဒကာမတွေရဲ့ ဒုက္ခက ပိုကြီးမယ်ဆိုတာ မှန်းဆလို့ရတာပေါ့။ စားဖို့အတွက် ငွေရှာရဦးမှာလေ။ ဟုတ်တယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

စားပြီးလို့ ဗိုက်ဝပြန်တော့ ချမ်းသာပြီလား အောက်မေ့တယ်။ အိပ်ချင်သေးတယ်ဗျာ။ ဒီမှာ တရားနာပါဆိုလို့သာ အောင့်အီးနာနေရတာ။ ထိုးလှဲပြီး အိပ်ချင်နေပြီ။ ဆာတုန်းကလည်း ဆင်းရဲတယ်။ လုပ်ကြပါဦး။ ကျွေးကြပါဦး။ ဗိုက်ဝတော့လည်း အိပ်ချင်တယ်ဆိုတော့ ဒီခန္ဓာကိုယ်ကြီးက အမြဲညှဉ်းဆဲမနေဘူးလား။

'ညှဉ်းဆဲနေပါတယ်ဘုရား'

'ညှဉ်းဆဲတယ်။ ဆာတော့လည်း ဆာတဲ့စိတ်က ညှဉ်းဆဲတယ်။ ဗိုက်ဝတော့လည်း အိပ်ချင်တဲ့စိတ်က ညှဉ်းဆဲတယ်။ ခုထိုင်တယ်။ နည်းနည်းလေး ကြာလာတော့ ညောင်းတယ်, နာတယ်, ကိုက်တယ် ညှဉ်းဆဲပြန်တာပဲ။

ကဲ ... မတ်တတ်ရပ်လမ်းလျှောက်တဲ့အခါ အကြာကြီးနေနိုင်ရဲ့လား။ ကစ်ခါပြန်ထိုင်ရပြန်ပြီ။ ဘာဖြစ်လို့ ပြန်ထိုင်ရတာလဲ။ ဆင်းရဲလို့ ပြန်ထိုင်ရတာ။ ထိုင်တော့လည်း ကြာကြာထိုင်လို့ မရဘူး။ ထတော့လည်း ကြာကြာထလို့ မရဘူး။ သူတော်ကောင်းတို့ သေချာ စဉ်းစားကြည့်စမ်း။ ဒီခန္ဓာကိုယ်ကြီးက အင်မတန် မညှဉ်းဆဲဘူးလား။

'ညှဉ်းဆဲပါတယ်ဘုရား'

http://www.dhammadownload.com



အဲဒါကို သိအောင်လို့ မြတ်စွာဘုရားက ဇ္ဈာရိယာပုထ်ပာသမ္ပ အကုန်လုံးရှုမှတ်ကြ။ ထိုင်တာ, သွားတာ, ရပ်တာ, အသေးစိတ်အမူအရာ အကုန်လုံးရှုမှတ်ကြ။ ရှုမှတ်တော့ ခန္ဓာသဘောကို သွားရင်းလာရင်းနေရင်း အကုန်သိတာပေါ့။ ခန္ဓာသဘောက တခြားမဟုတ်ဘူး။ ဓါတ်တွေ ပရမတ်တွေ မပြောတတ်တာထား။ ခန္ဓာသဘောက ညှဉ်းဆဲတာကိုပြောတာ။

သူတော်ကောင်းတို့ ... ရပ်တာပဲဖြစ်ဖြစ်၊ သွားတာပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ် အိပ်တာတောင် ကြာကြာအိပ်လို့ရရဲ့လား။ ဆိုဖာကြီးတွေနဲ့ အိပ်ကြည့်ပါဗျာ။ တော်ကြာကျတော့ ပူလောင်ပြီး ထရတာပဲ။ အဲဒါ ညှဉ်းဆဲတာပဲ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒီဒုက္ခတွေကို သိအောင်လို့ မြတ်စွာဘုရားက တရားအားထုတ်ခိုင်းတာ။ သာမန်မျက်စိနဲ့ မြင်ရတာလေးကိုပဲ ကြည့်ဦး။ အသက်(၂၀)လောက်က ရုပ်ရည်နဲ့ အခုအသက်(၅၀)ကျော်ရုပ်ရည် တူသေးရဲ့လား။

'မတူပါဘူးဘုရား'

မျက်စိက မှုန်လာလို့ မျက်မှန်တပ်ရတယ်။ မတတ်ရင် မျက်ရိုးတွေကကိုက်၊ မျက်ရည်တွေကကျနဲ့ ဒုက္ခပေးပြီ။ နားကလည်း ကောင်းကောင်း မကြားရတော့ဘူး။ နှာခေါင်းက ဒုက္ခပေးဖို့ အဆင်သင့်စောင့်နေတယ်။ မယုံရင် နားနှာခေါင်းဆေးရုံသွားကြည့်။ လူနာတွေမှ အများကြီးပဲ။

ပါးစပ်ထဲက သွားတွေကတော့ ငယ်ငယ်ကတည်းက ခဏခဏ ဒုက္ခပေးနေတာ။ သွားပိုးစားလို့ အပေါက်ဖာမယ်ဆိုရင်တောင် ကျောက်စက်တွေနဲ့ စားသေးတယ်။ အပေါက်က ကြီးနေပြီ ဖာလို့လည်း မရတော့ဘူး၊ သွားကလည်း ကိုက်နေတယ် ဆိုရင်တော့ ... နာဖို့သာ ပြင်ထားတော့။

http://www.dhammadownload.com



အပ်အကြီးကြီးနဲ့ သွားဖုံးထဲကိုထိုးဆေးထိုး။ ပလာယာနဲ့ ညှပ်ပြီးနုတ်တော့တာပဲ။ သွေးတွေလည်း ထွက်။ ထိုးဆေးပြေတော့လည်း နာ။ အဲဒီလိုဒုက္ခမျိုး ကြုံဖူးလား။

'ကြုံဖူးပါတယ်ဘုရား'

အသားအရေကို ကြည့်ဦး။ လျော့ရိလျော့ရဲနဲ့ အရေးအကြောင်းတွေက ပေါ်လာပြီ။ ဆံပင်တွေဖြူလာလို့ဆေးဆိုးရသေးတယ်။ သွားလာလှုပ်ရှားရတာကလည်း သွက်သွက်လက်လက် မရှိတော့ဘူး။ ထိုင်ရ ထရတာတောင် ခက်လာပြီ။ ဒါတွေဟာ အိုလာတဲ့အတွက် ကြုံတွေ့ရတဲ့ ဆင်းရဲဒုက္ခတွေမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ခန္ဓာကိုယ်ကြီးသာ မရှိဘူးဆိုရင် အခုလို စားဝတ်နေရေးဒုက္ခ တွေ အို, နာ, သေဒုက္ခတွေ ရှိနိုင်ပါ့မလား။

'မရှိနိုင်ပါဘူးဘုရား'

ဒါကြောင့်မို့လို့ ခန္ဓာကိုယ်ကြီး ရနေတာဟာ ဒုက္ခတုံး ဒုက္ခခဲကြီးကို ရနေတာပဲလို့ နားလည်သဘောပေါက်ရမယ်။ ရုပ်ခန္ဓာတစ်ခုတည်းက ဒုက္ခပေးတာလား ဆိုတော့ မဟုတ်သေးပါဘူး တဲ့။ နာမ်ခန္ဓာတွေကလည်း ဒုက္ခပေးပါတယ်။ သညာက္ခန္ဓာက ဘယ်လို ဒုက္ခပေးသလဲ ဆိုတော့ မကောင်းတာတွေ စိတ်ဆင်းရဲစရာတွေကို သတိမရချင်ပါဘူးဆိုလည်း ခဏခဏ သတိပြန်ရနေတယ်။

ဝေဒနာက္ခန္ဓာကျတော့ ကောင်းတဲ့ သုခဝေဒနာတွေကို အမြဲတမ်း လိုချင်ပေမယ့် မရဘူး။ မကောင်းတာတွေနဲ့ကြုံရတယ်။ ပျော်စရာတွေဟာ ခဏပဲ။

http://www.dhammadownload.com



သင်္ခါရက္ခန္ဓာ၊ လောဘတွေ, ဒေါသတွေ မဖြစ်ချင်ဘူး။ မရဘူး။ ဖြစ်တာပဲ။ ကိလေသာတွေနှိပ်စက်သမျှခံနေရတာပဲ။ သဒ္ဓါတွေ, ပညာတွေ ကရုဏာတွေ အမြဲတမ်းဖြစ်ချင်တယ်။ ဖြစ်ချင်တိုင်း ဖြစ်လို့ မရဘူး။ သူဖြစ်ချင်သလို ဖြစ်မှာပဲ။

ဝိညာဏက္ခန္ဓာ၊ အမှားတွေကို မသိချင်ဘူး။ မှန်တာလေးပဲ ရွေးပြီး သိချင်တယ်။ မရဘူး။ ဖောက်ဖောက်ပြန်ပြန်သိရင်သိနေတာ။ အမှန် အတိုင်း မသိဘဲ ဖောက်ဖောက်ပြန်ပြန်သိမှတော့ လုပ်သမျှ, ပြောသမျှ, ကြံသမျှတွေဟာ အမှားတွေများမှာပဲ။ ဒါဆို ပစ္စုပ္ပန်မှာလည်း ဒုက္ခရောက်။ သေတော့လည်း အပါယ်ကျ။ (၃၁)ဘုံထဲမှာ ကျင်လည်ပြီး အဖန်ဖန် အထပ်ထပ်သေ။ ခန္ဓာပြန်ရ။ ပြန်သေဦး။

ဒါကြောင့်မို့ ခန္ဓာငါးပါးဟာ အင်မတန် ကြောက်စရာကောင်းတဲ့ သေမင်းပဲလို့ မြတ်စွာဘုရားရှင်က ဟောတော်မူတာ။ ပုထုဇဉ်တွေက သေမင်းဆိုတာ ခေါင်းမှာချိုကြီးတွေနဲ့ အစွယ်ကြီးတွေထွက်၊ လှံကြီး ကိုင်ထားတယ်လို့ ထင်နေကြတယ်။ အဲဒါငရဲထိန်းတွေဗျ။ သေမင်းမဟုတ်ဘူး။ သေမင်းကို မြင်ချင်ရင် မှန်ထဲကြည့်လိုက်။

တချို့သေမင်းကအသားညိုတယ်။ တချို့သေမင်းကအသားဖြူတယ်။ တစ်ခါတလေ သနပ်ခါးလိမ်းထားတယ်။ တစ်ခါတလေကျတော့ ပြုံးလို့ ရယ်လို့။ သဘောမကျရင်တောင် နှုတ်ခမ်းစူတတ်သေးတယ်။ သေမင်းက အမျိုးမျိုးပြောင်းတယ်။ ရုပ်တရားကို ပြောနေပါတယ်။ ထင်မြင်အောင် ပြောရရင် ခေါင်း, ခါး, ခြေ, လက် (၃၂)ကောဋ္ဌာသဟာ သေမင်းပဲ။

ပရမတ်အားဖြင့်ပြောမယ်ဆိုရင်တော့ ရုပ်(၂၈)ပါးဟာ သေမင်းတွေ ပေါ့ဗျာ။ ဒါကြောင့်မို့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီး လေးပါး ဖောက်ပြန်ပြီး သေနေကြတာ။ တချို့ဖောရောင်ပြီး သေတယ်။

http://www.dhammadownload.com



အာပေါရုပ်က သတ်လိုက်တာ။ တချို့ကျတော့ အပူချိန်လွန်ပြီးသေတယ်။ တေဇောရုပ်က သတ်လိုက်တာ။ တချို့ကျပြန်တော့ လေဖြတ်ပြီးသေတယ်။ အဲဒါ ဝါယောရုပ်က သတ်လိုက်တာပဲ။

ဩော် ... သေမင်းဆိုတာ ဟိုး ... ငရဲကြီး ရှစ်ထပ်မှာ ရှိတယ် အောက်မေ့နေတာ။ လက်စသတ်တော့ ဒီရုပ်တရားကြီးက သေမင်းပဲ။ ရုပ်တရားတွေ ကပြောင်းကပြန် ဖောက်ပြန်လိုက်တာနဲ့ သေသွားတာပဲ။ သေမင်းက တစ်ယောက်တည်း မဟုတ်သေးဘူး။ ငါးယောက်။ ခံစားမှု ဝေဒနာကလည်း သေမင်းပဲ။ မှတ်သားမှု သညာကလည်း သေမင်းပဲ။ တိုက်တွန်းတဲ့သဘော သင်္ခါရက္ခန္ဓာကလည်း သေမင်းပဲ။ သိတဲ့စိတ် ဝိညာဉ်ကလည်း သေမင်းပဲ။ သေမှာက တစ်ယောက်တည်း။ သတ်မဲ့သူက ငါးယောက်တောင်ဆိုတော့ သေဖို့ရာ မကျိန်းသေဘူးလား။

'ကျိန်းသေပါတယ်ဘုရား'

တစ်သံသရာလုံး ဒီသေမင်းက ဒို့သူငါတွေကို သတ်လာတာ။ တချို့များ ကိုယ်ချစ်ခင်နှစ်သက်တဲ့သူနဲ့ ကွေကွင်းရလို့ အသည်းကွဲပြီး သေရောတဲ့။ ခံစားချက်တွေ ပြင်းထန်လိုက်ပုံများ သေတောင်သွားတာနော်။ တချို့ကျတော့ ငွေတစ်ထောင်ပြည့်အောင်မကိုင်ဖူးတဲ့ ပုဂ္ဂိုလ်က သိန်းငါးရာထီပေါက်လို့ ဝမ်းသာလုံးဆို့ပြီးသေတာတဲ့။ သုခဝေဒနာကသတ်လိုက်တာ။

ဆေးမှားသောက်လို့ သေတာတွေ။ လှေကားထစ် ကျော်နင်းမိလို့ လှေကားပေါ်က တလိမ့်ခေါက်ကွေးကျပြီး သေတာမျိုးတွေ ကျတော့ အမှတ်မှားသွားတာ။ သညာက သတ်လိုက်တာပဲ။

တစ်ခါတရံကျတော့ တိုက်တွန်းတဲ့သင်္ခါရက္ခန္ဓာကြောင့် သေတာတွေ ရှိတယ်။ ငါ သူတို့အပေါ် အနစ်နာခံပြီး ကောင်းလျက်နဲ့ ငါ့အပေါ်ကျတော့

http://www.dhammadownload.com



တစ်ယောက်မှ မကောင်းကြဘူး။ သေတာပဲ ကောင်းပါတယ်ဆိုပြီး ကိုယ့်ကိုယ်ကို သတ်သေတာတွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

တချို့ကျပြန်တော့ ကြောက်ကြောက်လန့်လန့်နဲ့ သွေးတွေ ဘာတွေ တက်ပြီးသေတာ၊ ဒါမျိုးလည်း ရှိတယ်။ နောက်ပြီး ဓမ္မဗဟုသုတရှိတဲ့ သူတိုင်းဟာ အကုသိုလ်စိတ်တွေမဖြစ်ချင်ပါဘူး၊ ဒါပေမဲ့ တားလို့မှမရတာ။ ကိလေသာစိတ်တွေဖြစ်၊ သေတော့အပါယ်ကျ။ (၃၁)ဘုံထဲမှာကျင်လည်ပြီး အဖန်ဖန်အထပ်ထပ်သေ၊ ခန္ဓာပြန်ရ၊ ပြန်သေဦး။

ဒါကြောင့်မို့ ခန္ဓာငါးပါးဟာ သေမင်းပဲ။ ခန္ဓာငါးပါးရနေတာဟာ ဒုက္ခသစ္စာကြီးကို ရနေတာပဲ။ ဒါကို ဒို့သူငါတွေက အမှန်အတိုင်း မသိကြတော့ တွယ်တာတပ်မက်ကြ။ တွယ်တာတပ်မက်တော့ ခန္ဓာငါးပါး ရပြီး ဒုက္ခပြန်ရောက်၊ ဒုက္ခရောက်နေတာကို ဒုက္ခရောက်နေမှန်းမသိတော့ တစ်ခါ ပြန်ပြီး တွယ်တာတပ်မက်၊ ဒါနဲ့ပဲ ဒုက္ခစက်ကြီးက လည်လို့ကို မဆုံးနိုင်တော့ဘူး။

ဒီဒုက္ခစက်ကြီး လည်တာဆုံးသွားစေဖို့အတွက် ပထမဦးဆုံးလုပ်ရမှာက ဒုက္ခကို ဒုက္ခမှန်းသိအောင်လုပ်၊ ပြီးရင် ဒုက္ခကိုဖြစ်စေတဲ့ အကြောင်းတရားတွေကိုပယ်သတ်ရမှာ။ သစ္စာနဲ့ပြောတော့ ဒုက္ခသစ္စာကိုသိအောင်လုပ်၊ ပြီးရင် သမုဒယသစ္စာကိုပယ်သတ်၊ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



ကဲ ... သမုဒယသစ္စာအကြောင်း ဆက်ပြောရအောင် ..

## ဒုက္ခတွေ အကြောင်းဖြစ်နေရတာလေ

**သမုဒယသစ္စာ**ဆိုတာက ပယ်ရမယ့် တရားတွေ။ ဘာတွေကို ပယ်ရမှာလဲ။ ဒုက္ခဖြစ်စေတဲ့ အကြောင်းတရားတွေကို ပယ်ရမှာပေါ့။ ဒုက္ခကို ဖြစ်စေတာက အမှန်ကိုမသိမှုဆိုတဲ့အဝိဇ္ဇာနဲ့ လိုချင်မှုဆိုတဲ့ တဏှာကြောင့် ဖြစ်တာ။ တဏှာကလည်း သုံးမျိုးတောင် ရှိသေးတယ်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။

**ကာမတဏှာ**–ဆိုတာ အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ ဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တွေကို တပ်မက်တာ, လိုချင်တာကိုဆိုလို ပါတယ်။ လူတွေဟာ အများအားဖြင့် အဆင်းလှလှလေးဆိုရင် လိုချင် တယ်။ သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပဲဖြစ်ဖြစ်။ သာယာတဲ့အသံ ဆိုရင်လည်း သဘောကျတာပဲ။ သက်မဲ့ပစ္စည်းတင် မဟုတ်ဘူး။ အသံပိုင်ရှင်ကိုပါ သဘောကျတာ။ တချို့က ဂုဏ်သတင်းကြီးတဲ့အသံကို သဘောကျတာ။

အနံ့အသက်ဆို မွှေးနေမှ။ အရသာရှိတဲ့အစားအသောက်ဆိုရင်တော့ စားပြီးရင်းစားချင်၊ အထိအတွေ့ကောင်းကောင်းကတော့ အတပ်မက်ဆုံး။ ဒီကာမဂုဏ်တွေကို လိုချင်တပ်မက်တဲ့ လောဘကြောင့် သတ္တဝါတွေ ဒုက္ခ ရောက်နေကြတာ။ ပစ္စုပ္ပန်မှာတင် ဒုက္ခရောက်တာ မဟုတ်ဘူး။ သံသရာ မှာပါ ဒုက္ခရောက်တာ။

ကောင်းတယ်ထင်တော့ လိုချင်တပ်မက်တယ်။

လိုချင်တပ်မက်မှု တွေ အားကောင်းလာတော့ စွဲစွဲလမ်းလမ်း ဖြစ်လာရော။ မရရအောင် ကာယကံ, ဝစီကံ, မနောကံတွေ လုပ်တဲ့အခါကျတော့ ... ကုသိုလ်ကံ အကုသိုလ်ကံတွေဖြစ်၊ ဘဝသစ်တွေ ထပ်ရ၊ ဒုက္ခရောက်ပြန်ပြီ။

http://www.dhammadownload.com



အဲဒီလို တစ်ဘ၀ပြီး တစ်ဘ၀ ဒုက္ခစက်ကြီး လည်လို့မဆုံးနိုင်တာဟာ ငါးဖြာအာရုံကာမဂုဏ်တွေကို တပ်မက်လိုချင်တဲ့ ကာမတဏှာကြောင့်ပဲ။ ဒီလိုလည်း သိထားရမယ်နော်။

'မှန်လှပါဘုရား'

**ဘ၀တဏှာ** ဆိုတာက ဘ၀ဆိုတာ တည်မြဲတယ်လို့ ယူဆပြီး လက်ရှိဘ၀ကို သာယာနှစ်သက်တာ။ တိရစ္ဆာန်ကလည်း တိရစ္ဆာန်ဘ၀ကို သာယာတယ်။ လူတွေကလည်း လူ့ဘ၀ကို သာယာတယ်။ နှစ်သက်တယ်။ ယောကျ်ားဆိုရင် ယောကျ်ားဘ၀ကို သဘောကျတယ်။ မိန်းမဆိုရင်လည်း မိန်းမဘ၀ကို သဘောကျတယ်။ သဘောကျလို့ တစ်နေ့ကို အခါနှစ်ဆယ်လောက် မှန်ရှေ့ထိုင်ပြီး အလှပြင်နေကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မှန်ကြည့်တိုင်း နှစ်သက်သဘောကျတဲ့စိတ်တွေဖြစ်နေတယ် ဆိုတာ ပြိတ္တာဖြစ်မယ့် ကံတွေစုနေတာပဲဗျ။ လူ့ဘ၀ဒုက္ခတွေကို ငြီးငွေ့သွားလို့ ပြိတ္တာဘ၀နဲ့ ဒုက္ခတစ်မျိုးပြောင်းခံချင်လို့ပါ။ ဒီသဘောမျိုး ရောက်မသွားဘူးလား။

'ရောက်သွားပါတယ်ဘုရား'

ဒါပေမဲ့ ပုထုဇဉ်တွေကတော့ အဲဒီလို အမှန်အတိုင်း မသိကြဘူး။ လက်ရှိဘ၀ကိုလည်း သာယာတယ်၊ နှစ်သက်တယ်၊ နောက်နောက်ဘ၀တွေမှာလည်း လူချမ်းသာ နတ်ချမ်းသာ ဖြစ်ချင်ကြတယ်။ ဒါဟာ ဘ၀တဏှာပဲ။

ဒီဘ၀တဏှာကြောင့် ပုထုဇဉ်တွေဟာ ခန္ဓာကိုယ်ကိုငဲ့ကွက်ကြတယ်။ ငဲ့ကွက်တယ်ဆိုတာ တွယ်တာတာကိုပြောနေတာ။ ဟိုလူ့

http://www.dhammadownload.com



တွယ်တာ၊ ဒီလူ့တွယ်တာ၊ သူများခန္ဓာ တွယ်တာစရာမရှိတဲ့ သူက ကိုယ့်ခန္ဓာကို ပြန်ပြီး တွယ်တာနေတာပဲ။

သေရမှာကြောက်တယ်ဆိုတာကလည်း အသက်ကို ငဲ့ကွက်လို့ပေါ့။ ဥစ္စာပစ္စည်းတွေ ငဲ့ကွက်၊ သား ငဲ့ကွက်၊ သမီး ငဲ့ကွက်၊ ဆွေတွေမျိုးတွေ ငဲ့ကွက်၊ ငဲ့ကွက်မှုတွေက အင်မတန်များတာပဲ။ ဒီငဲ့ကွက်မှုတွေ၊ တွယ်တာမှုတွေကို မပယ်နိုင်ဘူးဆိုရင် ဆင်းရဲဖို့ မကျိန်းသေဘူးလား။

'ကျိန်းသေပါတယ်ဘုရား'

မိမိခန္ဓာကိုယ်ကိုငဲ့ကွက်မှုနဲ့ပတ်သက်ပြီး အရှင်အာနန္ဒာမထေရ်မြတ်ကြီးက ရဟန်းတော်တွေကို ဆုံးမဩဝါဒပေးဖူးတယ်။

မိမိခန္ဓာကိုယ်ကြီးကို သူတော်ကောင်းအလုပ်တွေမှာ ဝန်တိုလွန်းအားကြီးမယ်။ အရမ်း အလေးဂရုပြုမယ်။ ငဲ့ကွက်လွန်းအားကြီးနေမယ်ဆိုရင် အင်မတန်မှ တွေ့ကြုံခဲတဲ့ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ဖို့၊ ထောက်ပံ့ဖို့ အလုပ်တွေကို မလုပ်နိုင်တော့ဘူး တဲ့။

ပရိယတ္တိစာပေတွေ သင်ကြားမယ်၊ ပို့ချမယ်။ ဒါတွေလည်း မလုပ်နိုင်ဘူး။ တရားဟောမယ်၊ တရားနာမယ်ဆိုတာမျိုးတွေလည်း မလုပ်နိုင်ဘူး။ ပဋိပတ္တိအလုပ်တွေကိုလည်း မလုပ်နိုင်ဘူး။ ဒါန, သီလ, ဘာဝနာ အလုပ်တွေကိုလည်း မလုပ်နိုင်တော့ဘူး တဲ့။

ပုထုဇဉ်တွေဟာ ခန္ဓာကိုယ်ချမ်းသာတာကို သိပ်တပ်မက်ကြတာပဲ။ ကိုယ်ချမ်းသာ စိတ်ချမ်းသာပဲနေချင်တယ်။ တရားလေးတောင်မနာနိုင်ဘူး။ ပူလို့, အိုက်လို့, ညောင်းလို့ဆိုပြီး ကြံဖန်ပြီး ရှောင်နေတတ်ကြတယ်။ ခန္ဓာကိုယ်ကြီးကို ချမ်းချမ်းသာသာထားမယ်။ ဖိမ်ခံမယ်။

အဲဒီလို ခန္ဓာကိုယ်ရဲ့ ပစ္စုပ္ပန်ချမ်းသာကို မက်မောတဲ့သူ၊ တပ်မက်တဲ့ သူတွေဟာ သမဏသုခဆိုတဲ့ ဈာန်တရား, မဂ်တရားတွေကို မရနိုင်တဲ့

http://www.dhammadownload.com



အတွက် ဆင်းရဲက မလွတ်နိုင်ဘူး။ သေလို့ရှိရင်လည်း ပညာရှိ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ခြင်းကို ခံရလိမ့်မယ်။ ဒါ အရှင်အာနန္ဒာ မထေရ်မြတ်ကြီးက ရဟန်းတော်တွေကို ဆုံးမတဲ့တရား။

ဒါကြောင့်မို့ မိမိခန္ဓာကိုယ်ကို မမက်မောကြနဲ့။ ဝန်မတိုကြနဲ့။ မနှမြောကြနဲ့။ သီလ ဆောက်တည်ဖို့၊ သမထတွေ ပွားဖို့၊ ဝိပဿနာတရားတွေအားထုတ်ဖို့ မိမိခန္ဓာကိုယ်ကြီးကို မညှာနဲ့။ မနှမြောကြနဲ့။ ကြိုးစားအားထုတ်ကြ။ အများအကျိုးကိုဆောင်ကြ။ သူတော်ကောင်း အလုပ်တွေကို လုပ်ကြ။ ဒါကို ပြောတာ။

သံသရာတစ်လျှောက်လုံး တဏှာခိုင်းတာကိုပဲ လုပ်ခဲ့မိလို့ မချိမဆံ့ ဒုက္ခရောက်ခဲ့ရပြီးပြီ။ ယခုလည်း ခိုင်းနေတာပဲ။ စားဝတ်နေရေးအတွက် ခိုင်းလိုက်၊ ကိလေသာခံစားဖို့ ခိုင်းလိုက်နဲ့ မဆုံးနိုင်ဘူး။ လူကသာ ဆုံးပြီး အခေါင်းထဲရောက်သွားတာ။ တဏှာရဲ့သဘောက ဘယ်တော့မှအားမရဘူး။ တင်းတိမ်သွားတယ်၊ စိတ်ကုန်သွားတယ်ဆိုတာမျိုးလည်းမရှိဘူး။ အခေါင်းထဲ ရောက်သွားတဲ့ သူတွေတောင် လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေ မရှိတော့ဘဲ သေသွားတာ ဟုတ်ရဲ့လား။

'မဟုတ်ပါဘူးဘုရား'

ဒါကြောင့်မို့ ဒုက္ခတွေပဲပေးနေတဲ့တဏှာကို တွန်းလှန်ရမယ်။ တဏှာခိုင်းတာမှန်သမျှ မလုပ်ဘူးကွာ။ ဘုရားခိုင်းတာကိုပဲ လုပ်တော့မယ်။ သူတော်ကောင်းအလုပ်တွေလုပ်ရင်း သေရင်သေသွားပါစေ။ ဒီလိုရဲရင့်တဲ့ စိတ်မျိုး ထားရမှာနော်။

'မှန်လှပါဘုရား'

အများအားဖြင့် တရားအလုပ် လုပ်တဲ့နေရာမှာ ရဲရင့်တဲ့စိတ်တွေ မထားကြဘူး။ တချို့ယောဂီတွေ အသိမှားနေကြတယ်။ ပြောပုံကိုကြည့်ပါ

http://www.dhammadownload.com



လား။ ဒီနှစ်သကြိန်ကတော့ ပါရမီဖြစ်၊ ကုသိုလ်ဖြစ်ပဲ ဘုရား။ နောက်နှစ် သကြိန်ရောက်ရင်တော့ တစ်လလောက်ကို အားထုတ်ပစ်လိုက်မယ် တဲ့။ ဒီခန္ဓာကိုယ်ကြီးက နောက်နှစ် သကြိန်ရောက်တဲ့အထိ တည်မြဲနေမယ် ထင်လို့ ဒီလိုပြောတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒါ သဿတဒိဋ္ဌိပဲဗျ။ ဘဝတဏှာက မြဲတယ် ခိုင်တယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိနဲ့ တွဲဖြစ်တယ်။ သဿတဒိဋ္ဌိသမားတွေက နောင်ဘဝ ကောင်းစားဖို့တောင့်တပြီး ကုသိုလ်တွေ လုပ်တဲ့အတွက် သံသရာထဲမှာ လည်ဖို့ပဲများတယ်။ လည်တာကြာရင်မြုပ်မှာပဲ။ ဘယ်ကိုမြုပ်မှာလဲ။

'အပါယ်လေးပါးမြုပ်မှာပါဘုရား'

အပါယ်လေးပါးမှာမြုပ်ရင် ချမ်းသာမှာလား၊ ဆင်းရဲမှာလား။

'ဆင်းရဲမှာပါဘုရား'

မဆင်းရဲချင်ရင်တော့ ငဲ့ကွက်မှုတွေ တွယ်တာမှုတွေကို စွန့်လွှတ်ရ လိမ့်မယ်။ ဝိဘဝတဏှာဆိုတာက ဒီဘဝသေပြီးရင် နောက်ဘဝမရှိဘူး လို့ယူဆပြီး သာယာနှစ်သက်တာမျိုး။ ဒီဘဝပြီးတာနဲ့ ပြတ်စဲသွားတယ်လို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ တွဲဖြစ်တယ်။

ဥစ္ဆေဒဒိဋ္ဌိသမားတွေကတော့ နောင်ဘဝဆိုတာ မရှိဘူးလို့ ယူဆ ထားတဲ့အတွက် ဒီဘဝမှာကောင်းစားမယ်ဆိုရင် ကုသိုလ်တွေ, အကုသိုလ် တွေ လာပြောမနေနဲ့ အကုန်လုပ်တယ်။ ဘ,နဖူးတောင် သိုက်တူးမယ့် လူမျိုးဆိုတော့ အကုသိုလ်တွေလုပ်ဖို့ ဝန်မလေးဘူး။ နေ့စဉ်နဲ့ အမျှ အကုသိုလ်တွေလုပ်၊ သေတော့အပါယ်ရောက်၊ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



**ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု။**

**ဘဝတဏှာ၊ တည်မြဲတာ၊ ထင်ကာနှစ်သက်မှု။**

**ဝိဘဝမှာ၊ ပြတ်စဲတာ၊ ထင်ကာနှစ်သက်မှု။**

**ဆင်းရဲပွါးရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု။**

ဆင်းရဲဒုက္ခတွေဖြစ်ရတဲ့အကြောင်းတရားက ဒီတဏှာသုံးပါးကြောင့် ပါပဲတဲ့။ ဒီတဏှာသုံးပါးကရော ဘာ့ကြောင့်ဖြစ်တာလဲ။ သေသေချာချာ ပြန်ဆန်းစစ်ကြည့်လိုက်တဲ့အခါကျတော့ အတ္တကြောင့် အတ္တနိယဖြစ်တာ။ အတ္တဆိုတာ သက္ကာယဒိဋ္ဌိကို ပြောတာ။ အတ္တနိယဆိုတာ တဏှာကို ပြောတာ။

ငါလို့ သူလို့ ထင်တဲ့အခါကျတော့ ငါ့သားပဲ၊ ငါ့သမီးပဲ၊ ငါ့အဖေပဲ၊ ငါ့အမေပဲ၊ ဒါ ငါ့ဆွေမျိုးအရင်းခေါက်ခေါက်ပဲ ဆိုပြီး နေမကောင်းလို့ ဆေးရုံတက်နေရင်တောင် စိတ်ထဲမှာ ပူလောင်နေပြီ။ တကယ်လို့သေကြည့် ပါလား။ မျက်ရည်မကျဘဲ နေပါ့မလား။

'မနေပါဘူးဘုရား'

နာဂစ်မုန်တိုင်းတုန်းက လူနှစ်သိန်းကျော်သေတာ မျက်ရည်များ ကျမိသေးလား။

'မကျမိပါဘူးဘုရား'

ကိုယ်နဲ့လည်းမသိ။ ဆွေမျိုးလည်းမတော်တော့ မျက်ရည်မကျဘူး။ ကိုယ်နဲ့မဆိုင်ဘူးထင်တာကိုး။ ကိုယ်နဲ့ဆိုင်တယ်ထင်မှ သောက, ပရိဒေဝ တွေ ဖြစ်ပြီး မျက်ရည်ကျတာ။ အတ္တကြောင့် အတ္တနိယဖြစ်။ အတ္တနိယ ကြောင့် ဒုက္ခဖြစ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



ပုထုဇဉ်သတ္တဝါတွေဟာ အယူမှားနဲ့ပဲ နေပြီးတော့ အယူမှားနဲ့ပဲ သေကြတာ များတာပဲ။ အယူမှားဆိုလို့ တခြားဘာသာတွေကို လက်ညှိုးလျှောက်ထိုးမနေနဲ့။ ဒို့ဗုဒ္ဓဘာသာဝင်တွေထဲမှာလည်း အယူမှားနေတဲ့သူတွေ အများကြီး။ ရုပ်နာမ်နှစ်ပါးကို ငါပဲ, သူပဲ, ယောက်ျားပဲ, မိန်းမပဲ, အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, အတ္တကောင်ပဲလို့ ထင်နေတာဟာ သစ္စာနဲ့ကြည့်တော့ အမှန်သိလား၊ အမှားသိလား။

'အမှားသိပါဘုရား'

သက္ကာယဒိဋ္ဌိပဲဗျ။ မဂ္ဂင်မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ တစ်သံသရာလုံးက ဒီအသိမှားကြီးနဲ့ပဲ နေလာတာ။ အမှတ်လည်းမှား။ အသိလည်းမှား။ အယူလည်းမှားတော့ ပြောလည်း ပြောတယ်။ ပြောတဲ့အတိုင်းလည်း ထင်တာပဲ။ တကယ့်ကို ရင်ထဲမှာ ရိုးတွင်းခြင်ဆီခိုက်အောင် စွဲတယ်။ ငါ့သား, ငါ့သမီး, ငါ့အိမ်, ငါ့ကား, ငါ့ပစ္စည်း, ငါပိုင်တယ် ဒီလိုစွဲနေကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နေရင်းထိုင်ရင်းနဲ့ ဒိဋ္ဌိအကုသိုလ်တွေဖြစ်နေတာကို မသိကြဘူး။ ရုပ်နာမ်နှစ်ပါးကို ငါ ငါ့ဥစ္စာလို့ ထင်နေတာဟာ မိစ္ဆာဒိဋ္ဌိဖြစ်နေတာပဲဗျ။ သူများအသက်သတ်မှ, သူများပစ္စည်းခိုးမှ, သူများသားမယားပြစ်မှားမှ အကုသိုလ်ဖြစ်တာ မဟုတ်ဘူး။ ဒိဋ္ဌိဖြစ်နေရင်လည်း အကုသိုလ်ပဲ။ ကိလေသာ (၁၀)ပါးထဲမှာ ဒိဋ္ဌိကိလေသာဆိုတာ မပါဘူးလား။

'ပါပါတယ်ဘုရား'

ပုထုဇဉ်တွေဟာ နေ့စဉ်နဲ့အမျှ ဒိဋ္ဌိကိလေသာတွေဖြစ်ပြီး အကုသိုလ်တွေ တိုးပွားနေတာ။ ဒိဋ္ဌိကြောင့် တဏှာဖြစ်။ တဏှာဆိုတာ လောဘ

http://www.dhammadownload.com



တစ်မျိုးတည်းကို ဆိုလိုတာမဟုတ်ဘူး။ ဒေါသလည်းပါတယ်။ လောဘက နှစ်သက်ပြီး ငြိတွယ်သလို ဒေါသကလည်း မကြေနိုင် မချမ်းနိုင်နဲ့ သတိရပြီး ငြိတွယ်နေတာပဲ။ ဒါကြောင့်မို့ လိုချင်တာဖြစ်ချင်တာမှ တဏှာမဟုတ်ဘူး။ ဒေါသဖြစ်ပြီး သတိရနေတာဟာလည်း တဏှာပဲနော်။

'မှန်လှပါဘုရား'

ဒိဋ္ဌိကြောင့် တဏှာဖြစ်၊ ဒိဋ္ဌိကြောင့် မာနဖြစ်၊ ဒိဋ္ဌိအခြေခံလိုက်ရင် တဏှာရော မာနရော ဖြစ်လာတာပဲ။ တဏှာ မာန ဒိဋ္ဌိသုံးမျိုး ပေါင်းစပ်လိုက်တဲ့အခါကျတော့ ဒုက္ခစက်ကြီးလည်ပြီပေါ့။

အမှားတွေချည်း သိတဲ့အခါကျတော့ ပြုလုပ်သမျှ ကံတွေဟာ အကုန်လုံး ဒိဋ္ဌိတဏှာ အုပ်ချုပ်တဲ့ကံတွေချည်း ဖြစ်နေတယ်။ အဲဒီကနေ လည်သွားလိုက်တာ နောက်ပိတ်ဆုံးကျတော့ ဇရာ မရဏ ပြန်ရောက်။ သေခါနီးမှာ ဒိဋ္ဌိတဏှာတွေ အုပ်ချုပ်ပြီး သေ၊ ခန္ဓာပြန်ရ။

မွေးလိုက် သေလိုက်၊ မွေးလိုက် သေလိုက်နဲ့ ဘဝတွေမဆုံးနိုင်သလို ဒုက္ခတွေကလည်း မဆုံးနိုင်ဘူး တဲ့။ ဘဝတွေဆုံးမှ ကုန်မှ ဒုက္ခတွေလည်း ဆုံးမယ်။ ကုန်မယ်။ ဘုရားရှင်က ဥပမာလေးနဲ့ ဟောထားတယ်။

ကုသိုလ်ကံ, အကုသိုလ်ကံတွေဟာ မျိုးစေ့နဲ့ တူတယ်။ ဒိဋ္ဌိက မြေကြီးနဲ့ တူတယ်။ တဏှာက ရေနဲ့တူတယ်။ မျိုးစေ့ဆိုတာ အပင်ပေါက်နိုင်တဲ့သတ္တိရှိပေမယ့် မြေကြီးနဲ့ရေ အကူအညီကို မရရင် အပင်မပေါက်နိုင်သလို ကုသိုလ်ကံ, အကုသိုလ်ကံတွေဟာ ဘဝသစ်ကို ဖြစ်စေနိုင်တဲ့သတ္တိရှိပေမယ့် ဒိဋ္ဌိနဲ့တဏှာအကူအညီကိုမရရင် ဘဝသစ်တွေ မဖြစ်နိုင်ပါဘူး တဲ့။ ဘဝသစ်မဖြစ်ရင် ဒုက္ခဆိုတာ ရှိနိုင်ပါ့မလား။

'မရှိနိုင်ပါဘူးဘုရား'

http://www.dhammadownload.com



ဒါဆိုရင် ဒုက္ခဖြစ်ရခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်တဲ့ ဒိဋ္ဌိနဲ့ တဏှာကို ပါးအောင် ကုန်အောင် လုပ်ရမှာလား၊ တိုးပွားအောင် လုပ်ရမှာလား။

'ပါးအောင် ကုန်အောင် လုပ်ရမှာပါဘုရား'

တဏှာက အင်မတန် အင်အားကြီးတော့ သူ့ကို အရင်သတ်လို့ မရဘူး။ ဒိဋ္ဌိကို အရင်သတ်ရတယ်။ ဒိဋ္ဌိက အကျယ်ချဲ့မယ်ဆိုရင် (၆၂)ပါး ရှိတယ်။ ဒါပေမဲ့ အဓိက(၃)မျိုးလောက်သိရင် အလုပ်လုပ်လို့ ရပြီ။ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ။ သက္ကာယဒိဋ္ဌိက အရင်းမူလ တရားခံ။

သက္ကာယဒိဋ္ဌိရှိရင် သဿတဒိဋ္ဌိလည်းဖြစ်နိုင်တယ်။ ဉစ္ဆေဒဒိဋ္ဌိလည်း ဖြစ်နိုင်တယ်။ အကုသိုလ်တွေလည်းဖြစ်နိုင်တယ်။ ဒုက္ခမျိုးစုံလည်း ကြုံရမယ်။ သတ္တဝါတွေ မင်္ဂဖိုလ်နိဗ္ဗာန်နဲ့ ဝေးနေရခြင်းဟာ ဒီသက္ကာယဒိဋ္ဌိ ကြောင့်ပဲ။

ဒါကြောင့်မို့ သက္ကာယဒိဋ္ဌိကို ပယ်သတ်ရေးကိစ္စဟာ အရေးအကြီး ဆုံး ကိစ္စပါပဲလို့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတာ ...။

**သတ္တိယာဝိယ ဩမဋ္ဌော ၊ ဍယှမာနောဝ မတ္ထကေ။**

**သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။**

အဓိပ္ပါယ်က ...

ရင်ဝကိုလှံနဲ့ အထိုးခံထားရတဲ့သူဟာ တခြားကိစ္စတွေကို လုပ်မနေ နိုင်ပါဘူး။ ဒီအချိန်မှာ သူ့အတွက်အရေးအကြီးဆုံးက ရင်ဝမှာ စူးဝင်နေတဲ့ လှံကို ဆွဲနုတ်ပြီး အမြန်ဆုံးဆေးကုဖို့ကိစ္စပဲ။ မြန်မြန်မှ ဆေးမကုနိုင်ရင် သေမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



အဲဒီလိုပဲ ခေါင်းပေါ်ကဆံပင်ကို မီးဟုန်းဟုန်းစွဲလောင်ခြင်းခံနေရတဲ့ သူဟာ သူ့ခေါင်းပေါ်မှာ လောင်နေတဲ့မီးကို အမြန်ဆုံး ငြိမ်းသတ်ပြီး မီးလောင်ဒဏ်ရာကို ဆေးကုဖို့ကိစ္စကသာ အရေးအကြီးဆုံး။ ဒီအချိန်မှာ တခြားကိစ္စတွေကို လုပ်မနေနိုင်ဘူး။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရင်ဝကို လှံစူးနေတဲ့သူနဲ့ ဦးခေါင်းကိုမီးလောင်နေတဲ့သူကို အသက်လုပြီး အမြန်ဆုံးဆေးကုဖို့ကိစ္စဟာ အရေးအကြီးဆုံးပဲလို့ ထင်ကြတယ်။ ဒါပေမဲ့ အမှန်တကယ်ကျတော့ အဲဒီကိစ္စထက်ကို ပိုအရေးကြီးတာ ရှိပါသေးတယ်တဲ့။ ယောဂီတို့ မကြာခဏကြားဖူးပြီးသားပါ။ အရေးတကာ့ အရေးအကြီးဆုံးကိစ္စက ဘာဖြစ်မယ်ထင်လဲ။

'သက္ကာယဒိဋ္ဌိပြုတ်ဖို့ပါဘုရား'

ဟုတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ... ရင်ဝကိုလှံစူးနေတဲ့ သူနဲ့ ဦးခေါင်းကိုမီးလောင်နေတဲ့သူတွေက ဆေးကုတာနောက်ကျလို့ သေမယ်ဆိုရင်တောင် ဒီတစ်ဘဝပဲသေမှာ၊ နောက်ဘဝတွေအထိ ဆက်ပြီး သေပါ့မလား။

'မသေပါဘူးဘုရား'

သက္ကာယဒိဋ္ဌိကို မပယ်နိုင်သေးရင်တော့ ဘဝအဆက်ဆက်ကို သေနေရမှာနော်။ သက္ကာယဒိဋ္ဌိရှိနေတဲ့ သတ္တဝါတွေအတွက် အပါယ်လေးပါးဟာ ကိုယ့်အိမ်ကိုယ့်ရာလိုပဲ အမြဲရောက်နေမှာ။ ဒုက္ခမျိုးစုံကို လည်စင်းခံပေတော့။ ဒါကြောင့်မို့ ...

စီးပွားရေးကိစ္စ၊ မိသားစုကိစ္စ၊ သေရေးရှင်ရေး ကိစ္စတွေထက် သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ကိစ္စက ပိုအရေးကြီးတယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိပြုတ်မှ သတ္တဝါတွေ ဒုက္ခစက်ကြီးလည်တာ အဆုံးသတ်မယ်။ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်။ ဒါကြောင့် သက္ကာယဒိဋ္ဌိဖြုတ်ရေးကိစ္စဟာ အရေးအကြီးဆုံးပဲလို့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတာ။ သက္ကာယဒိဋ္ဌိကို ဆင်ခြင်ပြီး ဖြုတ်တဲ့အပိုင်းနဲ့ ရှုမှတ်ပြီးဖြုတ်တဲ့အပိုင်းဆိုပြီး နှစ်ပိုင်းခွဲပြီးတော့ အကျယ်တဝင့်ဟောခဲ့ပြီးပြီ။ (လွတ်မြောက်မှုချမ်းသာကိုရှာဖွေခြင်း စာအုပ်တွင် ကြည့်ပါ)

အခု ... ဒုက္ခစက်ကြီးလည်ရတဲ့ အဓိကအကြောင်းရင်းကို ပြန်ပြောပါဦးမယ်။ ဒုက္ခစက်ကြီးလည်ရတဲ့ အဓိကအကြောင်းရင်းက...

'သက္ကာယဒိဋ္ဌိမပြုတ်လို့ပါဘုရား'

ဒါဆို သက္ကာယဒိဋ္ဌိပြုတ်ရင်တော့ ဒုက္ခစက်ကြီးလည်တာ ရပ်မယ်ပေါ့။ ဒီလိုလား။

'ဟုတ်ပါတယ်ဘုရား'

## အတ္တဒိဋ္ဌိကြောင့် ဒုက္ခဖြစ်တာ

သက္ကာယဒိဋ္ဌိကို အတ္တဒိဋ္ဌိလို့လည်း ခေါ်တယ်။ ဒါကြောင့်မို့ ဒုက္ခစက်ကြီး လည်ရတဲ့ အဓိကအကြောင်းရင်းဟာ အတ္တဒိဋ္ဌိကြောင့်လို့လည်း ဆိုနိုင်တယ်။ အကြောင်းတရားဖြစ်တဲ့ အတ္တဒိဋ္ဌိကို ပယ်နိုင်မှ အကျိုးတရားဖြစ်တဲ့ ဒုက္ခစက်ကြီးလည်တာက ရပ်မှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အတ္တဒိဋ္ဌိကိုပယ်နိုင်ဖို့အတွက် အတ္တအကြောင်းကိုလည်း နားလည်ရမယ်။ အနတ္တအကြောင်းကိုလည်း သဘောပေါက်ရမယ်။ အတ္တနဲ့ အနတ္တ

http://www.dhammadownload.com



အကြောင်းက အင်မတန် သိမ်မွေ့တဲ့အတွက် စူးစူးစိုက်စိုက် လေးလေးစားစားနာမှ နားလည်သဘောပေါက်မှာနော်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးနဲ့ ဓမ္မပိယဆရာတော်တို့ ဟောကြားတော်မူထားတဲ့တရားတော်တွေထဲက ထုတ်နုတ်ပြီး ဟောရမှာပဲ။

ခက်ခဲတယ်၊ နက်နဲတယ်ဆိုပြီး နောက်ဆုတ်ဖို့မဟုတ်ဘူး။ ခက်ခဲမှန်းသိရင် ပိုကြိုးစားရမယ်။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတွေကိုနှစ်ဆ သုံးဆတိုးပြီး သေရင်သေသွားပါစေ၊ နားလည်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်မျိုးမွေးရတယ်။ ဒါမှလည်း အနတ္တကို သဘောပေါက်မှာပေါ့။ အနတ္တကို သဘောပေါက်မှလည်း သစ္စာဝါဒ၏ အနှစ်သာရကို ရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဗုဒ္ဓဝါဒဟာ အနတ္တဝါဒ၊ အတ္တကို ပယ်သတ်တဲ့ဝါဒ။ အတ္တကိုပယ်သတ်နိုင်ဖို့အတွက် ပထမဦးဆုံး အတ္တသဘောကို နားလည်ရမယ်။ အတ္တဆိုတာ ပါဠိဝေါဟာရ။ မြန်မာလို 'ငါ'လို့အဓိပ္ပါယ်ရတယ်။ ဒို့သူငါတွေ ငါ, ငါ့ဟာ, ငါ့ဥစ္စာလို့ လုပ်နေကြတာ အတ္တပဲ။ ယောဂီတွေ အတ္တသုံးမျိုးကို မှတ်မိသေးလား။ ပြောကြည့်ပါဦး။

'တဏှာအတ္တ, မာနအတ္တ, ဒိဋ္ဌိအတ္တ ပါဘုရား'

ဟုတ်တယ်။ အဲဒီအတ္တသုံးမျိုး ငါ သုံးမျိုးကို အရကောက်ရင် တဏှာရယ်, မာနရယ်, ဒိဋ္ဌိရယ် ရတယ်။ ဒီတဏှာ, မာန, ဒိဋ္ဌိတွေကြောင့်ပုထုဇဉ်တွေဟာ တငါငါနဲ့ ဖြစ်နေကြတာ။ ဒီငါသုံးမျိုး အတ္တသုံးမျိုးထဲကဒိဋ္ဌိအတ္တကိုပြုတ်အောင် ပထမဆုံး ကြိုးစားရမှာနော်။

http://www.dhammadownload.com



ဒိဋ္ဌိအတ္တကို ဘယ်လိုဖြိုဖျက်ရမှာလဲ။ ဒါကို သေသေချာချာ သဘောပေါက်ထားဖို့ လိုတယ်။ ဒိဋ္ဌိအတ္တကို ဒါနကုသိုလ်၊ သီလကုသိုလ်တွေနဲ့ ဖြိုဖျက်လို့ ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ကံတွေ ဘယ်လောက်ပဲ အားကောင်း အားကောင်း ကံနဲ့တော့ ဖြိုဖျက်လို့ မရဘူး။ ဒါဆို ဈာန်နဲ့ရော ဖြိုဖျက်လို့ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ဈာန်တွေ ဘယ်လောက်ပဲ အားကောင်းအားကောင်း ငါဆိုတဲ့ အတ္တဒိဋ္ဌိက ဖြိုတောင်မဖြိုဘူး။ ဒါဆိုရင် ငါဆိုတဲ့အတ္တကို ဘယ်လိုဖြိုဖျက်ရမှာလဲ။ ဒီအဖြေကို မြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာတော့မှ သိခွင့်ရတာနော်။ ယောဂီတွေ အင်မတန်ကံကောင်းပါတယ်။ တချို့ဆိုရင် သေတာ သေသွားတယ် သိခွင့်ကို မရရှာဘူး။

အခုလို သိခွင့်ရ, ကျင့်ခွင့်ရတာကို တန်ဖိုးထားပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုးစားပြီး နာယူကြ။ ခက်ခဲတယ်, နက်နဲတယ်, ပျင်းစရာကြီး ဆိုပြီး စိတ်မပျက်ကြနဲ့။ ငါတို့ ကံကောင်းလို့ ဒီလိုတရားတွေ နာကြားခွင့်ရတာလို့ နှလုံးသွင်းကြ။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

မြတ်စွာဘုရားရှင်က ဒိဋ္ဌိအတ္တကို ကံနဲ့လည်း ဖြိုဖျက်လို့မရဘူး။ ဈာန်နဲ့လည်း ဖြိုဖျက်လို့မရပါဘူးတဲ့။ ဒိဋ္ဌိအတ္တကိုဉာဏ်ပညာနဲ့မှဖြိုဖျက်နိုင်ပါတယ်တဲ့။ ဆိုလိုတာက ဒိဋ္ဌိအတ္တကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့မှ အမြစ်ပြတ်ဖြိုဖျက်နိုင်တယ်။ အဲဒီ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ဆိုတာ တရားမနာ တရားအားမထုတ်ဘဲနဲ့ ရပါ့မလား။

'မရပါဘူးဘုရား'

http://www.dhammadownload.com



ကမ္ဘာပေါ်မှာတော့ အယူအဆတွေက အမျိုးမျိုးဖြစ်နေတယ်။ အတ္တကို ဘယ်လို ယူဆသလဲဆိုတော့ ပရမအတ္တနဲ့ ဇီဝအတ္တ ဆိုပြီး နှစ်မျိုး ခွဲလိုက်တယ်။

**ပရမအတ္တ**ဆိုတာက ဖန်ဆင်းရှင်ပေါ့။ မဟာဗြဟ္မာကြီးတို့ ထာဝရ ဘုရားတို့ကို ဆိုလိုပါတယ်။ ဘယ်တော့မှ မပျက်စီးတဲ့အတ္တကြီး။ အဲဒီ ပရမအတ္တ ပင်ရင်းအတ္တကြီးကနေပြီးတော့ ဇီဝအတ္တလေးတွေ ခွဲခွဲထွက် သွားတယ်။ လူတွေ နတ်တွေ တိရစ္ဆာန်တွေ သက်ရှိသက်မဲ့တွေအကုန်လုံး ဟာ ဇီဝအတ္တ။ ကိုယ်ပွားအတ္တလေးတွေ။ ဒီလိုယူဆကြတယ်။

ငါတို့ရဲ့ ဒီခန္ဓာကိုယ်ထဲမှာတော့ ဇီဝအတ္တဆိုတဲ့ အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင်လေး ရှိတယ်လို့လည်း ယူဆကြတယ်။ အဲဒီ ဇီဝအတ္တကနေပြီးတော့ ကာရကအတ္တ, ဝေဒကအတ္တ, သာမီအတ္တ, နိဝါသီ အတ္တ သယံဝသီအတ္တ ဆိုပြီး ငါးမျိုးထပ်ကွဲ သွားသေးတယ်။

ကာယကံ, ဝစီကံ, မနောကံတွေလုပ်တဲ့အခါ ငါလုပ်တယ်၊ ငါသွား တယ်၊ ငါထိုင်တယ်၊ ငါစားတယ်၊ ငါသောက်တယ်၊ ငါပြောတယ်၊ ငါ ကြံစည် စဉ်းစားတယ်လို့ ထင်မှတ်နေတာက ကာရကအတ္တစွဲ။ အမှန်က ငါလုပ်တာ မဟုတ်ဘူး၊ ရုပ်နာမ်တွေ လုပ်နေတာ။

ကောင်းတဲ့ခံစားမှု၊ ဆိုးတဲ့ခံစားမှု၊ မကောင်းမဆိုးခံစားမှု အစရှိတဲ့ ခံစားမှုမျိုးစုံမှာ ငါခံစားတယ်လို့ ထင်မြင်ယူဆ စွဲလမ်းနေခြင်းက ဝေဒက အတ္တစွဲ။

ငါ့စိတ်နဲ့ ငါ့ကိုယ် စသဖြင့် ခန္ဓာကိုယ်နှင့် ဆက်စပ်သမျှ ငါ့ဟာ, ငါ့ဥစ္စာ, ငါပိုင်လို့ ထင်မြင်ယူဆ စွဲလမ်းနေခြင်းက သာမီအတ္တစွဲ။

သတ္တဝါတွေ သေတဲ့အခါ ရုပ်ခန္ဓာကိုယ်ကြီးကသာ သေကျေပျက်စီး သွားပြီးတော့ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်လေးက

http://www.dhammadownload.com



မသေကျေမပျက်စီးဘဲ ဘဝသစ်ကို ကူးပြောင်းသွားတယ်လို့ ထင်မြင်ယူဆ စွဲလမ်းခြင်းဟာ နိဝါသီအတ္တစွဲပဲ။

ဗုဒ္ဓဘာသာဝင်တွေထဲမှာတောင် သတိပဋ္ဌာန်တရားတွေ ဝိပဿနာ တရားတွေကို ကျကျနနမနာရလို့ရှိရင် ဒီခန္ဓာကိုယ်ထဲမှာ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, အတ္တကောင်လေးရှိတယ်လို့ ယူတတ် တယ်။ အဲဒါ နိဝါသီအတ္တစွဲပဲ။ မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။

အမှန်က ဒီခန္ဓာကိုယ်ထဲမှာ ငါလည်း မရှိဘူး။ အသက်ကောင်လည်း မရှိဘူး။ ရုပ်နဲ့နာမ်ပဲ ရှိတယ်။ သေတဲ့အခါမှာ ကံသတ္တိလေးပဲ လိုက်ပါ သွားတာ။ ဒီဘဝရုပ်နာမ်တွေက ဒီဘက်ဘဝမှာပဲ ချုပ်ပျောက်သွားတယ်။ နောက်ဘဝကို လိုက်မသွားဘူး။ ဒီလိုသိမှ သမ္မာဒိဋ္ဌိဖြစ်မှာနော်။

ငါးခုမြောက်အတ္တက သယံဝသီအတ္တစွဲ။ ကာယကံ, ဝစီကံ, မနောကံ ကံသုံးပါးလုံးကို ငါက စီမံနေတယ်။ အတ္တက စီမံနေတယ်လို့ ထင်မြင် ယူဆ ယုံကြည်နေခြင်းပဲ။ အားလုံး ငါ့အလိုကျ ဖြစ်နေရတယ်။ ဥပမာ– ငါ့လက်လှုပ်တာဟာ ငါလှုပ်ချင်လို့လှုပ်တာ။ ငါစီမံတာ။ ဒီလိုထင်တယ်။ အမှန်က လှုပ်ချင်တဲ့စိတ်ဟာ နာမ်တရား။ နာမ်ကခိုင်းတဲ့အတိုင်း ရုပ်က လိုက်လုပ်နေရတာ။ စာလိုပြောတော့ ဝိညာဉ်ကို အတ္တလို့ ထင်နေတဲ့ ဒိဋ္ဌိ တစ်မျိုးပဲ။

တချို့ယောဂီတွေက အခုလိုစာသံပေသံနဲ့ပြောရင် နားမလည်တော့ ဘူး။ အသိတွေက ရှုပ်ထွေးကုန်ရော။ အဲဒီလို ယောဂီတွေအနေနဲ့က အတ္တစွဲကို(၃)ခုပဲ မှတ်ထား။

(၁) တချို့က ခန္ဓာကိုယ်ခေါ်တဲ့ရုပ်နဲ့ စိတ်ခေါ်တဲ့နာမ်၊ ဒီတရားနှစ်ခု ပေါင်းစုနေတာကို အသက်ကောင်, ဝိညာဉ်ကောင်, အတ္တကောင်လို့ ယူဆ တယ်။ ယောကျ်ားလို့ ယူဆတယ်။ မိန်းမလို့ ယူဆတယ်။

http://www.dhammadownload.com



(၂) တချို့ကကျတော့ ရုပ်ကို အသက်ကောင်, ဝိညာဉ်ကောင်, အတ္တကောင်လို့ ယူဆတယ်။

(၃) တချို့ကကျတော့ စိတ်ကို အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်, အတ္တကောင်လို့ယူဆတယ်။ ဒါဟာ အတ္တစွဲတွေနော်။

အခုပြောခဲ့တဲ့ အတ္တစွဲတွေထဲမှာ (၆၂)ပါးသော ဒိဋ္ဌိတွေအကုန်လုံး အကျုံးဝင်သွားတာပဲ။ အဲဒီမိစ္ဆာဒိဋ္ဌိတွေသာ လွှမ်းမိုးသွားလို့ရှိရင် ဆင်းရဲလည်း မသိနိုင်ဘူး။ ဆင်းရဲကုန်တဲ့နေရာလည်း မရောက်နိုင်ဘူး။ ဆိုလိုတာက သစ္စာဝါဒ၏ အနှစ်သာရကို မရနိုင်ဘူးတဲ့။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အတ္တအကြောင်း ဒီလောက်သိရင် အနတ္တအကြောင်း သိအောင် မဇ္ဈိမနိကာယ် စူဠသစ္စကသုတ်ကို အခြေခံပြီး ဟောရမယ်။

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်းမှာ သီတင်းသုံးနေတဲ့အချိန်။ သစ္စကပရိဗိုဇ်ကလည်း ဝေသာလီပြည်မှာ လိစ္ဆဝီမင်းသား(၅၀၀)ကို အတတ်ပညာတွေ့ သင်ပေးနေတဲ့ မင်းဆရာ ဖြစ်နေတယ်။

သူ့အဖေဘက်က ဝါဒ(၅၀၀)နဲ့ သူ့အမေဘက်က ဝါဒ(၅၀၀)ကို သင်ယူထားတာဆိုတော့ ဝါဒ(၁၀၀၀)တတ်တယ်။ ဗုဒ္ဓစာပေဝေါဟာရတွေကိုလည်း ပြောတတ်ဆိုတတ်အောင် လေ့လာထားတယ်။ အခြားအခြားဘာသာတွေလည်း တတ်တယ်။ သူ့မှာ ပညာတွေ များလွန်းအားကြီးတော့ သူ့ရဲ့ဗိုက်ကြီးကွဲသွားမှာစိုးလို့ သံပြားကြီးကို ခါးပတ်လိုပတ်ထားရတယ်တဲ့။ ဝါဒရေးရာမှာ သူနဲ့ပြောသမျှ အကုန်လုံး သူ့ကိုအရှုံးပေးရတယ်။

http://www.dhammadownload.com



အဲဒီအချိန်မှာ မြတ်စွာဘုရားကလည်း နာမည်ကြီးနေတော့ သစ္စကဟာ မြတ်စွာဘုရားကို နိုင်ချင်တယ်။ အဲဒီတော့ မြတ်စွာဘုရားရဲ့ဝါဒက ဘယ်လိုရှိတယ်ဆိုတာကို လေ့လာပြီးမှ ဝါဒချင်းပြိုင်မယ်လို့ စိတ်ကူးထားတယ်။ တစ်နေ့မှာ သစ္စကဟာ ဝေသာလီမြို့တွင်း လမ်းလျှောက်နေရင်း ဆွမ်းခံကြွလာတဲ့ 'အရှင်အဿဇိ'ကို တွေ့တာနဲ့ သူ သိချင်တာတွေ စ,မေးတော့ တာပဲ။

'အချင်းအဿဇိ ... သင်တို့ရဲ့ဆရာ ရဟန်းဂေါတမဟာ တပည့်တွေကို ဘယ်လိုများဆုံးမလေ့ရှိပါသလဲ။ ဘယ်လိုအဆုံးအမမျိုးကို များများ ပေးလေ့ ရှိပါသလဲ။'

'ဗုဒ္ဓမြတ်စွာဘုရားဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးဟာ မမြဲဘူး။ အစိုးရတဲ့ အတ္တလည်းမဟုတ်ဘူးလို့ ဆုံးမလေ့ ရှိတယ်။ ဒီအဆုံးအမကို တပည့်တွေအား မကြာခဏပေးလေ့ရှိတယ်'

'အချင်းအဿဇိ ... ကျွန်ုပ်တို့ဟာ မကောင်းတဲ့စကားကို ကြားရ တာပဲ။ ဒီအယူအဆကြီးက မှားနေတယ်။ တကယ်လို့ ကျွန်ုပ်ဟာ အရှင် ဂေါတမနဲ့ တွေ့ဆုံဆွေးနွေးခွင့်များ ရမယ်ဆိုရင် ရဟန်းဂေါတမရဲ့ မှားနေ တဲ့ အယူအဆကြီးကို ပြင်နိုင်ကောင်းပါရဲ့'

ကြည့်စမ်း။ သစ္စကပရိဗိုဇ်ပြောပုံက ဘုရားရဲ့အဆုံးအမတွေက မှားနေတယ်တဲ့။ အရှင်အဿဇိက မြတ်စွာဘုရားကို အကြောင်းစုံပြန် လျှောက်တယ်။ မြတ်စွာဘုရားက သစ္စကကြီးတို့ 'လာတော့မယ်ဆို တာ ကြိုသိနေပြီ။ ဒါကြောင့်မို့ ... ကူဋာဂါရကျောင်းတိုက်ထဲက မြေနေရာ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ သစ်ပင်တစ်ပင်အောက်မှာ တစ်ပါးတည်း သီတင်းသုံးနေတော်မူလိုက်တယ်။

http://www.dhammadownload.com



သစ္စကပရိဗိုဇ်ကလည်း လိစ္ဆဝီမင်းသားတွေ အစည်းအဝေးလုပ်တဲ့ လွှတ်တော်ရုံးသို့ သွားပြီး ...

'မင်းသားတို့ ... ဒီကနေ့ ရဟန်းဂေါတမနဲ့ ငါ စကားအချေအတင် ပြောမယ်။ ရဟန်းဂေါတမကို ဝါဒဖြင့် ဆွဲငင်ဖော့ယမ်းပြီး အနိုင်ယူပြမယ်။ ရဟန်းဂေါတမ မဖြေနိုင်အောင် ငါ မေးမယ်။ သင်တို့ လိုက်ခဲ့ကြ'

လိစ္ဆဝီမင်းသား (၅၀၀)ထဲမှာလည်း တချို့က မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်တဲ့သူတွေ ပါတယ်။ အဲဒီလို မင်းသားတွေကတော့ သစ္စက ဘယ်နိုင်မှာလဲ။ သုံးလောကထွတ်ထား မြတ်ဘုရားက သူ့ဝါဒ လောက်တော့ အသာလေး အနိုင်ယူပစ်လိမ့်မယ်ဆိုတာ သေချာပေါက် ယုံကြည်ထားကြတယ်။

တချို့မင်းသားတွေကျတော့ ... ငါတို့ဆရာကြီး သစ္စကဟာ ဝါဒပြိုင် တိုင်း အနိုင်ရနေတာ။ အခုလည်း ရဟန်းဂေါတမကို သေချာပေါက် အနိုင် ရမှာပဲလို့ ထင်နေကြတယ်။ အဲဒီလို အုပ်စုနှစ်စုကွဲပြီး မြတ်စွာဘုရားထံ လိစ္ဆဝီမင်းသား(၅၀၀)လုံး သစ္စကနောက်က လိုက်ပါလာကြတယ်။

## ဝါဒပြိုင်ပွဲ

ကူဋာဂါရကျောင်းတိုက်ရောက်တော့ သစ္စကနဲ့ နောက်ပါပရိသတ် ဟာ မြတ်စွာဘုရားနားသွားပြီး ဝမ်းမြောက်ဖွယ် ပဋိသန္ထာရစကားတွေကို ပြောဆိုကာ သင့်လျော်တဲ့နေရာမှာ ထိုင်နေကြတယ်။ ပြီးတော့မှ သစ္စက ပရိဗိုဇ်က မြတ်စွာဘုရားကို လျှောက်ထားတယ်။

http://www.dhammadownload.com



'တပည့်တော်မေးခွန်းတစ်ခုမေးပါရစေ။ အရှင်ဂေါတမဟာ တပည့်တွေကို ဘယ်လိုများ ဆုံးမပါသလဲ။ ဘယ်လိုအဆုံးအမမျိုးကို တပည့်တွေအပေါ် များများပေးလေ့ရှိပါသလဲ'

'အချင်း အဂ္ဂိဝေဿန ... ငါ့ရဲ့တပည့်တွေကို ဒီလိုဆုံးမလေ့ရှိတယ်။ ရုပ်ဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တမဟုတ်ဘူး။ ဝေဒနာဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တမဟုတ်ဘူး။

သညာဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တမဟုတ်ဘူး။ သင်္ခါရဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တမဟုတ်ဘူး။ ဝိညာဉ်ဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တမဟုတ်ဘူး။

ပြုပြင်အပ်တဲ့တရားအားလုံးဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တလည်းမဟုတ်ဘူးလို့ ဆုံးမလေ့ရှိတယ်။ ငါဟာ တပည့်တွေအပေါ်မှာ ဒီအဆုံးအမကို များများပေးလေ့ရှိတယ်'

မြတ်စွာဘုရားက သစ္စကပရိဗိုဇ်ကို အဂ္ဂိဝေဿနလို့ခေါ်ပြီး ပြောနေတာ။ ဒီနေရာမှာ ယောဂီတို့သတိထားရမှာက ... ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးဟာ မမြဲဘူး၊ အစိုးရတဲ့ အတ္တလည်း မဟုတ်ဘူးလို့ပြောသွားတယ်။ ယောဂီတို့ကြားဖူးနေတာက အနိစ္စ, ဒုက္ခ, အနတ္တသုံးချက်။ အခု ဒုက္ခ မပါဘူး။

ဒုက္ခ မပါသော်လည်းဘဲ ဒုက္ခက အကျုံးဝင်သွားတယ်။ ဘာဖြစ်လို့လည်း ဆိုတော့ အနိစ္စနဲ့ အနတ္တက တွဲနေတယ်။ အနိစ္စ–မမြဲဘူးဆိုရင် အနတ္တ–အစိုးမရဘူးက တွဲပါလာတယ်။ အဲဒီနှစ်ခုသိရင် ဒုက္ခက အလိုလိုသိတာပဲ။ ခိုင်မြဲမှုလည်းမရှိဘူး၊ ဖြစ်စေချင်သလိုလည်းမဖြစ်ဘူး ဆိုမှတော့ သုခလား၊ ဒုက္ခလား။

'ဒုက္ခပါဘုရား'

http://www.dhammadownload.com



ဒီနေရာမှာက အဓိက,က ဘာကိုပြောချင်တာလည်းဆိုတော့ သစ္စက တို့က ခန္ဓာငါးပါးကို အတ္တလို့ ယူဆထားတယ်။ မြတ်စွာဘုရားက အတ္တ မဟုတ်ဘူး၊ အစိုးမရဘူး၊ မမြဲဘူးလို့ ဦးစားပေးပြီး ပြောတယ်။ ဒါကို သစ္စက,က လက်မခံဘူး။ ဘယ်လို ပြန်ပြောလည်းဆိုတော့ ...

'အရှင်ဂေါတမ ... ကျွန်ုပ်ရဲ့စိတ်မှာ ဥပမာတစ်ခု ပေါ်လာပါတယ်။ မျိုးစေ့သစ်ပင်အားလုံးတို့ဟာ မြေကြီးကိုမှီပြီး ပေါက်ဖွားစည်ပင်ကြသလို ဒီမြေကြီးပေါ်မှာ တည်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာလည်း မြေကြီးကိုမှီပြီး နေထိုင်လုပ်ကိုင်ကြရပါတယ်။

အဲဒီလိုပဲ ရုပ်ကို ကိုယ်ဟုယူတဲ့သတ္တဝါတွေဟာ ဒီရုပ်ကိုမှီပြီးတော့ ကုသိုလ်အကုသိုလ်တွေလုပ်ကြပါတယ်။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ကို ကိုယ်ဟု ယူတဲ့သတ္တဝါတွေဟာလည်း ဒီဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ကို မှီပြီးတော့ ကုသိုလ်အကုသိုလ်တွေ လုပ်ကြရပါတယ်'

'အချင်း အဂ္ဂိဝေဿန ... အဲဒီလိုဆိုရင် သင်ဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကို ငါ၏အတ္တလို့ ယူဆပါသလား'

ယောဂီတို့ ဒီနေရာမှာ လွယ်သလိုလိုနဲ့ ခက်တယ်နော်။ ဒို့သူငါတွေ ကုသိုလ်, အကုသိုလ်တွေ လုပ်ကြတယ်။ ရုပ်တွေ, နာမ်တွေကို မှီပြီးလုပ်နေ တာပဲ။ ဒါပေမဲ့ သစ္စကပြောတဲ့အထဲမှာ ဘယ်လိုပါသလဲဆိုတော့ ရုပ်ကို ကိုယ်ဟု ယူတဲ့သတ္တဝါ တဲ့။ ကိုယ်ဆိုတာအတ္တပါပဲ။ သဗ္ဗညုမြတ်စွာဘုရား မို့လို့ မျက်စိမလည်တာ။

တော်ရုံတန်ရုံလူဆိုရင်တော့ သစ္စကပြောတာကို မျက်စိလည်သွား မှာပဲ။ ရုပ်လည်းပါတယ်၊ နာမ်လည်းပါတယ်။ ကုသိုလ်, အကုသိုလ်လည်း ပါတယ်။ ပိဋကတ်စာပေဝေါဟာရတွေပါနေတော့ မှန်သလိုလိုပဲ။ ဒါပေမဲ့

http://www.dhammadownload.com



သူက ဘာထည့်ထားလဲဆိုတော့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးကို ကိုယ်ဟု ယူတယ်။ အတ္တလို့ ယူတယ်ပေါ့။ အတ္တကောင်လေးက မသေဘူး၊ မြဲတယ် ခိုင်တယ်။ ကိုယ် ဖြစ်စေချင်သလို ဖြစ်တယ်၊ အစိုးရတယ်။ ဒီလိုယူထားတာ။

သစ္စက ဘာကိုဆိုလိုတယ်ဆိုတာ မြတ်စွာဘုရားက အကုန်သိနေလို့ အခုလို ပြန်မေးတာ။

'သင်ဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကို ငါ၏ အတ္တလို့ ယူဆပါသလား'

'ကျွန်ုပ်တင်မဟုတ်ဘူး။ အခုလိုက်လာတဲ့ လိစ္ဆဝီမင်းသား (၅၀၀)လုံး ဒီအတိုင်းပဲ ယူဆတယ်'

'အချင်း အဂ္ဂိဝေဿန ... သင်ဟာ ဝါဒရေးရာ ပြောဆိုဖို့အတွက် ငါ့ဆီ လာတာ။ အများနဲ့မဆိုင်ဘူး။ သူများတွေအပေါ် လွှဲမချနဲ့။ သင် ပြောလိုတဲ့ သင့်ဝါဒတစ်ခုတည်းကိုသာ သင်ပြောပါ'

'ကျွန်ုပ်ရဲ့ဝါဒက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးကို အတ္တလို့ ယူဆပါတယ်'

'အချင်း အဂ္ဂိဝေဿန ... ငါတစ်ခုမေးမယ်။ သင်ကြိုက်သလိုဖြေပါ။ ပသေနဒီကောသလမင်းနဲ့ အဇာတသတ်မင်းတို့ကဲ့သို့ ရာဇဘိသိက်ခံယူထားတဲ့ မင်းတွေဟာ သူ့နိုင်ငံအတွင်းမှာ ဆုံးရှုံးသင့်သူကို ဆုံးရှုံးစေမယ်။ နှင်ထုတ်သင့်သူကို နှင်ထုတ်မယ်။ သတ်သင့်သူကို သတ်မယ်။ ဒီလိုအမိန့်အာဏာများ ပေးစွမ်းနိုင်ပါသလား'

'အရှင်ဂေါတမ ... လိစ္ဆဝီမင်းတွေလို အဖွဲ့အစည်းနဲ့ အုပ်ချုပ်တဲ့ မင်းတွေတောင်မှပဲ မိမိတို့ တိုင်းနိုင်ငံအတွင်းမှာ ထိုကဲ့သို့သော တန်ခိုး

http://www.dhammadownload.com



အာဏာတွေ ရှိပါတယ်။ ပသေနဒီကောသလမင်းနဲ့ အဇာတသတ်မင်း၊ တို့လို ရာဇဘိသိက်ခံယူထားတဲ့ မင်းတွေအတွက်ကတော့ သူ့တိုင်းနိုင်ငံကို အစိုးရတဲ့အတွက် အထူးဆိုဖွယ်ပင်မရှိပါဘူး'

'အဲဒီလိုဆိုရင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးကို သင့်ရဲ့အတ္တပါလို့ ခုနတုန်းက ပြောထားတယ်။ အတ္တဖြစ်တယ် အစိုးရတယ်ဆိုရင် သင့်ရဲ့ရုပ်ကို ဒီလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေ နဲ့လို့ အမိန့်အာဏာ ပေးနိုင်သလား။ ကျန်တဲ့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တွေကိုလည်း ဒီလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေနဲ့လို့ အမိန့် အာဏာပေးပြီး သင်စီမံနိုင်သလား'

သစ္စက ပြန်မဖြေနိုင်တော့ဘူး။ သူက ခန္ဓာငါးပါးကို အစိုးရတယ်။ အတ္တလို့ယူထားတာကိုး။ မိမိဖြစ်စေချင်သလို အမိန့်ပေးပြီး စီမံနိုင်တယ် ဆိုတဲ့သဘောပေါ့။ အဲဒီလို စီမံနိုင်တယ်လို့ ဖြေပြန်ရင်လည်း လိစ္ဆဝီမင်းသားတွေက ပြောတော့မယ်။

သင့်ခန္ဓာကိုယ်ကြီးက အိုမင်းရွတ်တွနေပြီ။ အကျွန်ုပ်တို့လို ချောမောလှပအောင် သင်အမိန့်ပေး စီမံပြပါဆိုရင် သူ မစီမံနိုင်ဘူး။ အိုနေတာကို ပျိုအောင် အမိန့်ပေးလို့ ရပါ့မလား။

'မရပါဘူးဘုရား'

အစိုးရတယ်၊ အတ္တဖြစ်တယ်ဆိုရင် မိမိဖြစ်စေချင်သလို အမိန့်ပေး စီမံနိုင်ရမှာပေါ့။ မအိုအောင်, မနာအောင်, မသေအောင် စီမံနိုင်ရမယ်။ မစီမံနိုင်ဘူး။ မိမိဖြစ်စေချင်သလို မဖြစ်ဘူးဆိုရင်တော့ အစိုးမရလို့။ အတ္တမဟုတ်လို့ပဲ။ ကျန်တဲ့ နာမ်ခန္ဓာတွေကို ဆန်းစစ်ကြည့်ရအောင်။

ဝေဒနာကိုရော မိမိဖြစ်စေချင်သလို ဖြစ်ခိုင်းလို့ ရရဲ့လား၊ ကောင်းတဲ့ ဝေဒနာတွေပဲ ခံစားချင်တယ်။ မကောင်းတဲ့ ဝေဒနာတွေဆို မလိုချင်ဘူး။

http://www.dhammadownload.com



မျက်စိကလည်း လှတာလေးတွေပဲမြင်ချင်တယ်၊ မတင့်တယ်တာတွေကို မမြင်ချင်ဘူး။ နားကလည်း သာယာတဲ့အသံ၊ ကြင်ကြင်နာနာပြောဆိုတဲ့ အသံတွေပဲ ကြားချင်တယ်။ ဆူညံတဲ့ အသံတွေ၊ ရန့်ရင်း ကြမ်းတမ်းတဲ့ စကားသံတွေကို မကြားချင်ဘူး။ ချိုးမွှမ်းတဲ့အသံ၊ ဂုဏ်သတင်း ကျော်ကြားတဲ့ အသံ ဒါမျိုးပဲ ကြားချင်တယ်။ ကဲ့ရဲ့တဲ့အသံ အပြစ်တင်တဲ့အသံတွေကို မကြားချင်ဘူး။

အနံ့ဆိုရင်လည်း မွှေးတဲ့အနံ့မျိုးပဲ ကြိုက်တယ်။ ပုပ်စော်နံတဲ့ အနံ့တွေမကြိုက်ဘူး။ စားသောက်ရင်လည်း အရသာရှိတာမျိုးမှ စားချင်တာ။ မကောင်းတာဆို မစားချင်ဘူး။ အထိအတွေ့ကတော့ နူးနူးညံ့ညံ့ အိအိစက်စက်နဲ့ ဖိမ်ခံရတာမျိုးဆို အတပ်မက်ဆုံး။ အဲဒီလို ကောင်းတဲ့ ခံစားမှုလေးတွေချည်းပဲ ကြုံတွေ့ပါရစေ။ မကောင်းတဲ့ ခံစားမှုတွေကို မကြုံတွေ့ပါရစေနဲ့ အမိန့်အာဏာပေးပြီးတော့ စီမံလို့ ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

တရားအားထုတ်နေတဲ့ ယောဂီတွေကတော့ အခုလက်တွေ့ကြုံနေရတာပဲ။ နာကျင်ကိုက်ခဲတဲ့ ဒုက္ခဝေဒနာတွေ မဖြစ်ပါနဲ့။ သုခဝေဒနာတွေပဲ အချိန်တိုင်းဖြစ်နေပါစေ။ ဒီလိုမျိုး အမိန့်ပေးမယ်။ ဒါမှမဟုတ် တောင်းပန်မယ် ဆိုရင်ရော ရပါ့မလား။

'မရပါဘူးဘုရား'

ဒါဆိုဝေဒနာဟာ အစိုးမရဘူး၊ အတ္တမဟုတ်ဘူးပေါ့။ သညာကို ကြည့်ရအောင် ....။ သညာဟာ အတ္တဖြစ်မယ်၊ စီမံခန့်ခွဲနိုင်မယ်၊ စိုးမိုး ခြယ်လှယ်နိုင်မယ်ဆိုရင် ကောင်းတာလေးတွေပဲ အမှတ်ရနေပါစေ။ ပျော်စရာတွေ စိတ်ချမ်းသာစရာတွေပဲ သတိရနေပါစေလို့ စီမံခန့်ခွဲနိုင်ရမှာပေါ့။ အခုတော့ ဒီလိုမဟုတ်ဘူး။

http://www.dhammadownload.com



စိတ်ဆင်းရဲစရာတွေကို သတိရနေတယ်။ မိခင်ဖခင် ညီအစ်ကို မောင်နှမ ဇနီး ခင်ပွန်းနဲ့ သားသမီး သေတာတွေကို ပြန်သတိရနေတယ်။ စီးပွားဥစ္စာ ပျက်စီးတာကိုလည်း အမှတ်ရတယ်။ ဝမ်းနည်းစရာ စိုးရိမ်စရာတွေကိုလည်း အမှတ်ရတယ်။ ကြောက်စရာလန့်စရာ ရွံမုန်းစရာတွေကိုလည်း အမှတ်ရနေတယ်ဆိုတော့ သညာဟာ အစိုးမရဘူး။ အတ္တမဟုတ်ဘူး ဆိုတာ မထင်ရှားဘူးလား။

'ထင်ရှားပါတယ်ဘုရား'

သင်္ခါရဆိုတာ ဒီနေရာမှာတော့ လှုံ့ဆော်ပေးတဲ့ သဘောကို ဆိုလိုပါတယ်။ ကာယကံ, ဝစီကံ, မနောကံတွေဖြစ်အောင် တိုက်တွန်းပေးတဲ့သဘောပေါ့။ စေတသိက်(၅၂)ပါးထဲမှာ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာအဖြစ်နဲ့ ခွဲထွက်သွားတော့ စေတသိက်(၅၀) ကျန်တယ်။ အဲဒီ စေတသိက်(၅၀)ကို သင်္ခါရလို့ ခေါ်တာ။

ဒီစေတသိက်(၅၀)ကို ဦးဆောင်နေတာ စေတနာပဲ။ မကောင်းတာကိုလည်း ဦးဆောင်တယ်။ ကောင်းတာကိုလည်း ဦးဆောင်တယ်။ ဥပမာ– လောဘဖြစ်တယ်ဆိုပါတော့ လောဘနဲ့စေတနာတွဲဖြစ်တယ်။ စေတနာဟာ မကောင်းတဲ့စေတနာ ဖြစ်သွားတယ်။ ဒေါသဖြစ်တယ်ဆိုရင် ဒေါသနဲ့ စေတနာ တွဲဖြစ်တယ်။ စေတနာဟာ မကောင်းတဲ့စေတနာ ဖြစ်သွားတယ်။ ကောင်းတဲ့ဘက်မှာလည်း ယုံကြည်တဲ့သဒ္ဓါတရားတွေ ဖြစ်တယ်ဆိုရင် သဒ္ဓါတရားနဲ့ စေတနာတွဲဖြစ်တယ်။ စေတနာဟာ ကောင်းတဲ့စေတနာ ဖြစ်သွားတယ်။

အဲဒီလို စေတနာဦးဆောင်တဲ့ စေတသိက်(၅၀)ကို သင်္ခါရလို့ ခေါ်တယ်။ ဒီသင်္ခါရတွေကြောင့် ခန္ဓာကိုယ်ကြီးက သွားလာလှုပ်ရှားနေတယ်၊ ပြောဆိုနေတယ်၊ ကြံစည်စဉ်းစားနေပါတယ်။ ဒါကို သေသေချာချာ

http://www.dhammadownload.com



မသိတော့ ပုထုဇဉ်တွေက ငါ သွားချင်လို့ သွားတယ်၊ ငါ လာချင်လို့ လာတယ်၊ ငါ စားချင်လို့ စားတယ်၊ ငါ ပြောချင်လို့ပြောတယ်၊ ငါစိတ်ကူးချင်လို့ စိတ်ကူးတယ်၊ ဒီလို ထင်နေကြတယ်။ ဒါဟာ သင်္ခါရကို ငါလို့ ထင်နေတာ၊ အတ္တလို့ထင်နေတာ၊ စီမံခန့်ခွဲနိုင်တယ်လို့ထင်နေကြတာပါ။

တကယ်ပဲ စီမံခန့်ခွဲနိုင်တယ်ဆိုရင် ကောင်းတာတွေပဲလုပ်မယ်။ ကောင်းတာတွေပဲပြောမယ်။ ကောင်းတာတွေပဲ ကြံစည်စိတ်ကူးမယ်။ ဒီလိုဖြစ်ရမှာပေါ့။ ဒါပေမဲ့ အခုတော့အဲဒီလိုမဟုတ်ဘူး။ လောဘ, ဒေါသ ဦးစီးပြီးတော့ မကောင်းတဲ့အလုပ်တွေ လုပ်ကြတယ်။ မကောင်းတာတွေ ပြောကြတယ်။ မကောင်းတာတွေ ကြံကြတယ်။

အဲဒီတော့ အခုဘဝမှာလည်း လောကအပြစ်တွေ သင့်ပြီးတော့ အချုပ်ခန်းထဲ ရောက်တဲ့ သူကရောက်။ ထောင်ကျတဲ့သူက ကျနဲ့ ဆင်းရဲဒုက္ခတွေ ခံကြရတယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နောင်ဘဝမှာလည်း အပါယ်လေးပါးရောက်ပြီး အနှိပ်စက်ခံကြရဦးမယ်။ ယောဂီတွေကိုကျတော့ အခုလိုအချိန်မှာ သင်္ခါရက ဘယ်လိုနှိပ်စက်သလဲဆိုတော့ စိတ်တွေပျံ့လွင့်တဲ့ ဥဒ္ဓစ္စပေါ့။ ဥဒ္ဓစ္စဆိုတာ အကုသိုလ်သင်္ခါရပဲ။ ဘယ်ယောဂီမှ စိတ်တွေ ဟိုထွက်ဒီထွက်မဖြစ်ချင်ဘူး။ မထွက်စေချင်ပေမယ့်လည်းတားလို့မှမရတာ။ သူထွက်ချင်တဲ့အချိန်ထွက်မှာပဲ။ ဒါကြောင့်မို့ သင်္ခါရတရားတွေဟာ အစိုးမရဘူး။ အတ္တမဟုတ်ပါဘူး ဆိုတာကို သဘောပေါက်နေရမယ်။

အသိစိတ် ဝိညာဉ်ကို ကြည့်ကြရအောင် ... မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ ချိုချဉ်ဖန်ခါး ငန်စပ်အရသာတွေကို သိတဲ့စိတ်၊ ထိတွေ့တာကို သိတဲ့စိတ်နဲ့ ကြံတွေးစိတ်တွေဟာ အတ္တဖြစ်မယ်၊ စီမံခန့်ခွဲနိုင်မယ်၊ စိုးမိုး

http://www.dhammadownload.com



ခြယ်လှယ်နိုင်မယ်ဆိုရင် ... ငါ့ရဲ့စိတ်ဟာ အမြဲတမ်း ချမ်းသာနေပါစေ။ ဘယ်တော့မှ မဆင်းရဲပါစေနဲ့လို့ စီမံခန့်ခွဲထားမှာပေါ့။

တကယ်တမ်းကျတော့ ... အဲဒီလိုဖြစ်မလာဘူး။ စိတ်ဆင်းရဲစရာနဲ့ ကြုံရင် စိတ်ဆင်းရဲတာပဲ၊ စိတ်မဆင်းရဲပါနဲ့လို့ အမိန့်ပေးလို့ မရဘူး။ စိတ်ချမ်းသာစရာနဲ့ကြုံရင် စိတ်ချမ်းသာမယ်၊ မြင်စရာအကြောင်း တိုက်ဆိုင်ရင် မြင်မှာပဲ၊ မမြင်ပါနဲ့ဆိုလို့မရဘူး။ ဒီတော့ အသိစိတ် ဝိညာဉ်ဟာလည်း အစိုးမရဘူး။ အတ္တမဟုတ်ဘူး။ မိမိဖြစ်စေချင်သလို မဖြစ်နိုင်ဘူး။ ဒီလိုနော်။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

## အမွှားကို ခွဲသူ့ထားရင် အမှန်မြင်ဖို့ခက်တယ်

အဲဒီလို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးဟာ ဒီလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေနဲ့လို့ အမိန့်အာဏာပေးလို့ မရဘူး။ အတ္တမဟုတ်ဘူးဆိုတာကို သစ္စကကလည်း သဘောပေါက်သွားပြီ။ ဒါပေမဲ့ ခုနတုန်းက အစိုးရတယ်၊ အတ္တပါလို့ ပြောထားတာဆိုတော့ အဖြေက ရှေ့နောက်မညီ၊ ပြောင်းပြန်ဖြစ်နေတယ်။ ဖြေရခက်နေတော့ ပြန်မဖြေဘူး။ မြတ်စွာဘုရားက ထပ်မေးတယ်။

'အချင်း အဂ္ဂိဝေဿန ... ငါ မေးနေတာကို သင်ဖြေပါ။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကို သင့်ရဲ့အတ္တပါလို့ ခုနတုန်းက ပြောထားတယ်။ အတ္တဖြစ်တယ်၊ အစိုးရတယ်ဆိုရင် သင့်ရဲ့ရုပ်ကို ဒီလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေနဲ့လို့ အမိန့်အာဏာ ပေးနိုင်သလား။

http://www.dhammadownload.com



ကျန်တဲ့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တွေကိုလည်း ဒီလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေနဲ့လို့ အမိန့်အာဏာပေးပြီး သင် စီမံနိုင်သလား'

သစ္စက ပြန်မဖြေဘူး။ မြတ်စွာဘုရားက သုံးကြိမ်မြောက် ထပ်မေးတယ်။ ပြန်မဖြေဘူး။ ဒါနဲ့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတယ်။

'အချင်း အဂ္ဂိဝေဿန ... ငါဘုရား မေးနေတာ ပြန်မဖြေရင် မဖြေတဲ့ သူရဲ့ ဦးခေါင်းဟာ ခုနစ်စိတ် ကွဲသွားနိုင်တယ်'

အဲဒီအချိန်မှာ နတ်ဘီလူးဟာ ရဲရဲတောက်နေတဲ့ ဝရဇိန်လက်နက်နဲ့ သစ္စကရဲ့ ငယ်ထိပ်ကို ချိန်ရွယ်ပြီး ရပ်နေတာယ်။ ဘီလူးကို မြတ်စွာဘုရားနဲ့ သစ္စကပဲ မြင်တယ်။ ကျန်တဲ့သူတွေ မမြင်ရဘူး။ အဲဒီတော့မှ သစ္စကဟာ ကြောက်လန့်ပြီး ...

'အရှင်ဂေါတမ ... မေးပါလော့။ ကျွန်ုပ် ဖြေပါတော့မယ်'

'အချင်း အဂ္ဂိဝေဿန ... သင်ရဲ့ အတ္တပါလို့ ပြောထားတဲ့ ခန္ဓာငါးပါးကို ဒီလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေနဲ့လို့ အမိန့်အာဏာ ပေးနိုင်ပါသလား'

'မပေးနိုင်ပါဘူး အရှင်ဂေါတမ'

'သင့်စကားတွေက ရှေ့နောက်မညီဘူး။ ခုနတုန်းက အတ္တလို့ ပြောခဲ့တယ်။ အခု အနတ္တဖြစ်နေပြီ။ စဉ်းစားပြီးမှ သတိထား ဖြေပါ'

'ခန္ဓာငါးပါးဟာ အတ္တမဟုတ်ဘူး။ အနတ္တပါ အရှင်ဂေါတမ'

'ဒါဆို အနတ္တဖြစ်တဲ့ခန္ဓာငါးပါးဟာ မြဲသလား၊ မမြဲဘူးလား'

'မမြဲပါ အရှင်ဂေါတမ'

'မမြဲတဲ့အရာဟာ ဆင်းရဲသလား၊ ချမ်းသာသလား'

'ဆင်းရဲပါတယ် အရှင်ဂေါတမ'

http://www.dhammadownload.com



'မမြဲဆင်းရဲ ဖောက်ပြန်တဲ့သဘောရှိတဲ့ ခန္ဓာငါးပါးကို ငါ့ဟာ, ငါ, ငါ၏ကိုယ်လို့ ယူဆသင့်ပါ့မလား'

'မယူဆသင့်ပါ အရှင်ဂေါတမ'

ယောဂီတို့ ဉာဏ်စိုက်ထားပါ။ ဒို့သူငါတွေ အခုရ,ထားတာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးပဲ။ တရားနာနေတာဟာ ယောကျ်ားတွေ၊ မိန်းမတွေပါလို့ ပြောကြဆိုကြပေမယ့် ပရမတ်တရားဘက်က ကြည့်မယ်ဆိုရင်တော့ တရားနာနေတာဟာ ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးပါ။ တရားဟောနေတာလည်း မြစိမ်းတောင်ဆရာတော် မဟုတ်ပါဘူး၊ ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးက တရားဟောနေတာပါ။

ဒီခန္ဓာငါးပါး,ရုပ်နာမ်နှစ်ပါးဟာ အစိုးမရဘူး၊ အခုချက်ချင်းပဲ ဖျားရင်ဖျားမယ်၊ အောင့်ရင်အောင့်မယ်၊ သေရင်လည်း သေသွားနိုင်တယ်။ ပြောလို့မရဘူး။ အဲဒီလို မိမိဖြစ်စေချင်သလိုမဖြစ် အစိုးလည်းမရလို့ စာလို အနတ္တလို့ခေါ်တာ။ အစိုးမရတာကို သေသေချာချာသိမှ အကုသိုလ်တွေ ရှောင်ချင်မယ်၊ ကုသိုလ်တွေ များများလုပ်ချင်မယ်။ အစိုးရတယ်၊ ငါ ဘာမှ မဖြစ်သေးပါဘူး။ မသေသေးပါဘူးလို့ထင်ရင် အတ္တဖြစ်သွားပြီ။

အနတ္တဖြစ်တဲ့ခန္ဓာငါးပါးဟာ ခိုင်မြဲမှုလည်းမရှိ၊ အမျိုးမျိုးဖောက်ပြန်ပြောင်းလဲနေတယ်။ ဖောက်ပြန်ပြောင်းလဲနေမှတော့ ဆင်းရဲပြီပေါ့။ဒါကြောင့်မို့ ခန္ဓာငါးပါး,ရုပ်နာမ်နှစ်ပါးဟာ အနိစ္စတရား,ဒုက္ခတရား,အနတ္တတရားပါတဲ့။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

အဲဒီလို မမြဲဆင်းရဲ ဖောက်ပြန်တဲ့သဘောရှိတဲ့ခန္ဓာငါးပါးကို 'ငါ့ဟာ, ငါ, ငါ၏ကိုယ် လို့ယူဆသင့်ပါ့မလားဆိုတဲ့ မေးခွန်းကို ဆန်းစစ်ကြည့်ရအောင်...။

http://www.dhammadownload.com



ငါ့ဟာဆိုတာ တဏှာနဲ့စွဲတာ။ တဏှာသဘောက စိုးပိုင်တဲ့သဘော၊ အတ္တနိယလို့ ခေါ်တယ်။ ငါဆိုတာ မာနနဲ့စွဲတာ။ မာနက ထောင်လွှားတဲ့ သဘော။ ငါ၏ကိုယ်ဆိုတာက ဒိဋ္ဌိနဲ့စွဲတာ။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ တဏှာ, မာန, ဒိဋ္ဌိ, ပပဉ္စတရားတွေနဲ့ စွဲနေကြလို့ သတ္တဝါတွေဟာ သံသရာထဲက ရုန်းမထွက်နိုင်ကြတာ။

ငါ့ဟာဆိုရင် မအိုနဲ့, မနာနဲ့လို့ အမိန့်ပေးလို့ ရမှာပေါ့။ ငါ့မျက်နှာ လေးက အမြဲတမ်းနုပျိုနေပါစေ။ ငါ့ကိုယ်လုံးလေးက အမြဲတမ်းလှနေပါစေ။ ဒီလို အမိန့်ပေးလို့ရရမယ်။ တကယ်တမ်းကျတော့ အမိန့်ပေးလို့ မရပါဘူး။ အခုချက်ချင်းတောင် သေရင် သေသွားနိုင်တယ်။ အိုရတဲ့ဒုက္ခ, နာရတဲ့ဒုက္ခ, သေရတဲ့ဒုက္ခတွေကို ကြုံနေရတာပဲ။ ဒါကြောင့်မို့လို့ ခန္ဓာငါးပါး, ရုပ်နာမ် နှစ်ပါးကို ငါ့ဟာဆိုပြီး တဏှာနဲ့မစွဲသင့်ဘူး။ စိုးပိုင်လို့ မရတဲ့ ဒုက္ခတုံးဒုက္ခခဲ ကြီးပါလို့သိမြင်ရမယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒီခန္ဓာငါးပါး,ရုပ်နာမ်နှစ်ပါးဟာ ငါ့ဟာ မဟုတ်သလို ငါလည်း မဟုတ် ဘူးတဲ့။ ငါမှငါဆိုပြီး မာနတွေ ထောင်လွှားလို့မရဘူး။ ငါတတ်တယ်၊ ငါမြတ်တယ် မလုပ်ပါနဲ့။ ငါအချမ်းသာဆုံး၊ ငါရာထူးအကြီးဆုံး၊ ဒီလိုလည်း မထင်ပါနဲ့။ ဒီနေ့နဲ့ မနက်ဖြန်တောင် တူချင်မှတူမှာ။ အနိစ္စကို မမြင်ရင်တော့ မာနနဲ့ စွဲနေမှာပဲ။ အနိစ္စမြင်ရင် ဘာစင်မယ်ထင်လဲ ယောဂီတို့ ...။

'မာနစင်မှာပါဘုရား'

ငါ၏ကိုယ်, ငါ၏အတ္တမဟုတ်ဘူး။ အနတ္တတရား။ ငါဖြစ်စေချင် သလိုဖြစ်တယ်။ မရဘူး။ အကြောင်းအားလျော်စွာ အကျိုးတွေဖြစ်နေတာ။

http://www.dhammadownload.com



အသက်ကောင်, လိပ်ပြာကောင်ဆိုတာလည်းမရှိဘူး။ ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးပဲရှိတာကို ထင်ကြေးနဲ့ အယူမှားနေကြတာ။

ဗုဒ္ဓဘာသာမှာတောင် ဖြစ်တတ်တယ်။ အသက်ထွက်သွားပြီဟေ့။ အသက်ကောင်, လိပ်ပြာကောင်လေးက လူ့သေကောင်ထဲက ထွက်သွားပြီး နောက်ဘဝကိုကူးသွားတယ်။ အဲ့ဒီလို အသက်အကောင်လေးရှိတယ်။ အဲဒီ အသက်ကောင်လေးက မြဲတယ်ခိုင်တယ်လို့ထင်မြင်ယူဆရင် သဿတဒိဋ္ဌိ။

တစ်ကိုယ်လုံး တစ်ကောင်လုံးကို အကောင်အထည်အနေနဲ့ ပုဂ္ဂိုလ်, သတ္တဝါအနေနဲ့ ထင်မြင်ယူဆရင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အမှန်က ယောက်ျားကောင်, မိန်းမကောင်လို့ ထင်နေတဲ့ ဒီကိုယ်ကြီးဟာ ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးအပေါင်းအစုလို့သိမှ သက္ကာယဒိဋ္ဌိ တဒင်္ဂပြုတ်တာ။ အတ္တဒိဋ္ဌိ တဒင်္ဂစင်တာ။

ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါး တည်မြဲမှုမရှိဘဲ စက္ကန့်မလပ် အချိန်တိုင်း ဖောက်ပြန်ပြောင်းလဲနေတယ်၊ ပျက်စီးနေတယ်လို့ ဘာဝနာမယဉာဏ်နဲ့ သိမြင်မှ မြဲတယ်လို့ယူတဲ့ သဿတဒိဋ္ဌိက တဒင်္ဂပြုတ်တာ။ အကြောင်း အကျိုး ဆက်စပ်ပြီး ပြန်ဖြစ်တာကိုမြင်ရင် ဘာဒိဋ္ဌိပြုတ်မယ် ထင်လဲ ယောဂီတို့...။

'ဥစ္ဆေဒဒိဋ္ဌိပြုတ်မှာပါဘုရား'

ဟုတ်တယ်။ ဒါကြောင့်မို့လို့ မမြဲ ဆင်းရဲ ဖောက်ပြန်တဲ့သဘောရှိတဲ့ ခန္ဓာငါးပါးကို ငါ့ဟာ, ငါ, ငါ၏ကိုယ်လို့ ယူဆတယ်ဆိုတာ တဏှာ, မာန, ဒိဋ္ဌိနဲ့ စွဲလမ်းတယ်၊ ငြိကပ်တယ်လို့ ဆိုလိုပါတယ်။ အဲဒီလို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကို တဏှာ, မာန, ဒိဋ္ဌိနဲ့ ငြိကပ်နေတဲ့ပုဂ္ဂိုလ်ဟာ ဆင်းရဲမှာ ငြိကပ်နေတဲ့ပုဂ္ဂိုလ်ပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ ဖြစ်နေလို့။

http://www.dhammadownload.com



အမျိုးသားပဲဖြစ်ဖြစ် အမျိုးသမီးပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို အရမ်းစွဲလမ်းနေလို့ရှိရင် အဲဒါဟာ ဆင်းရဲမှာငြိကပ်တွယ်တာနေတဲ့ပုဂ္ဂိုလ်ပဲ။ ရုပ်တွေနာမ်တွေ ပေါင်းစုထားတဲ့ ဒီကိုယ်ခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုတော့ ခန္ဓာကိုယ်ကိုငြိကပ်နေတာဟာ ဒုက္ခကိုငြိကပ်နေတာနဲ့ အတူတူပဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားရှင်က သစ္စကကို ဆက်လက်ပြီးတော့ မိန့်ကြားတော်မူတယ်။

'အချင်း အဂ္ဂိဝေဿန ... ဆင်းရဲမှာ ကပ်ငြိတွယ်တာလျက် ငါ့ဟာ, ငါ, ငါ၏ကိုယ်လို့ ယူဆနေတဲ့သူတွေဟာ ဆင်းရဲကို ပိုင်းခြားပြီး သိနိုင်ပါ့မလား'

'မသိနိုင်ပါဘူး အရှင်ဂေါတမ'

'ဆင်းရဲကို ပိုင်းခြားပြီးမသိရင် ဆင်းရဲကုန်ခြင်းကိုရော သိနိုင်ပါ့မလား'

'မသိနိုင်ပါဘူး အရှင်ဂေါတမ'

'သင်ဟာ ဆင်းရဲကိုငြိကပ်တွယ်တာနေတဲ့အတွက် ဆင်းရဲကို ပိုင်းခြားသိခြင်းနဲ့ ဆင်းရဲကုန်ခြင်းကို ရသေးရဲ့လား'

'မရပါဘူး အရှင်ဂေါတမ'

'သင်ဟာ ဟိုတုန်းက ကြုံးဝါးခဲ့တယ်။ သင်နဲ့ ဝါဒချင်းပြိုင်၍ ပြောလာတဲ့သူဟာ ချိုင်းကြားက ချွေးဒီးဒီးကျစေရမယ်။ အသက်ရှိတဲ့သူ မပြောနဲ့ အသက်မရှိတဲ့ တုံးတွေ၊ တိုင်တွေတောင်မှပဲ ယိမ်းယိုင်လှုပ်ရှားသွားစေရမယ်။ ငါ့ကိုလည်း ဝါဒဖြင့်ဆွဲငင်ဖွဲ့ယမ်းပစ်မယ်လို့ ကြွားခဲ့တယ်။ အခုတော့ ငါ့မှာ ချွေးတစ်စက်မှ မထွက်ဘူး။ သင့်မှာသာ နဖူးကချွေးတွေဟာ မြေပေါ်ကို ကျကုန်ပြီ'

သစ္စက ဘာမှမပြောနိုင်တော့ဘူး။ မျက်နှာ မသာမယာနဲ့ ခေါင်းငိုက်စိုက်ချပြီးထိုင်နေတော့ ဒုမ္မုခလို့ခေါ်တဲ့ လိစ္ဆဝီမင်းသားတစ်ယောက်က မြတ်စွာဘုရားကို လျှောက်တယ်။

http://www.dhammadownload.com



'တပည့်တော် ဥပမာတစ်ခု လျှောက်တင်ပါရစေဘုရား။ မြို့နားက ရေကန်ကြီးမှာရှိတဲ့ ဂဏန်းလုံးတစ်ကောင်ကို ကလေးတွေက ဖမ်းပြီး ကုန်းပေါ်မှာ ချထားတဲ့အခါ ဂဏန်းလုံးက လက်မကြီးတွေ ထောင်ထောင် လာတယ်ဘုရား။ အဲဒီလို ထောင်ထောင်လာတဲ့လက်မတွေရော ခြေထောက် တွေကိုပါ ကလေးတွေက အုတ်ခဲတွေ တုတ်တွေနဲ့ရိုက်ချိုးပစ်လိုက်တဲ့ အတွက် ဂဏန်းလုံးဟာ ရေထဲကိုပြန်မဆင်းနိုင်တော့ဘူးဘုရား။

အဲဒီလိုပဲ ဆရာကြီးသစ္စကရဲ့ ထောင်လွှားတဲ့ အယူဝါဒတွေကို အရှင်ဘုရားက ဉာဏ်ပညာတည်းဟူသော လက်နက်နဲ့ အကုန်ရိုက်ချိုး ပစ်လိုက်ပါပြီဘုရား။ ဆရာကြီးသစ္စကမှာ မြတ်စွာဘုရားကို နောက်ထပ် ဝါဒတင်စရာ မရှိတော့ပါဘုရား'

သစ္စကကြီး ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပြီး သူ့တပည့် ဒုမ္မုခ လိစ္ဆဝီမင်းသားကို ...

'မင်း ဝင်မပြောနဲ့။ မင်းနဲ့ငါ ပြောနေတာမဟုတ်ဘူး။ အရှင် ဂေါတမနဲ့ပဲ ပြောမယ်'

ပြီးတော့မှ မြတ်စွာဘုရားကို ဆက်ပြီးလျှောက်ထားတယ်။

'အရှင်ဂေါတမ ... အရှင်၏တပည့်တွေထဲမှာ အဘယ်မျှလောက်သော အတိုင်းအတာအားဖြင့် လိုက်နာကြိုးကုတ်အားထုတ်လို့ရှိရင် အရှင်ဂေါတမရဲ့ ဆိုဆုံးမစကားကို လိုက်နာရာရောက်ပါသလဲ။ အဘယ်မျှအတိုင်းအတာဖြင့် လိုက်နာကြိုးကုတ် အားထုတ်လို့ရှိရင် ဆရာသမားရဲ့ဝါဒမှာ ရဲရင့်သူ မတုန် မလှုပ်သူ ဖြစ်ပါသလဲ'

ဆိုလိုတာက ဘယ်တရားအထိ ကျင့်ပြီးလို့ရှိရင် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ပါသလဲ။ ဒါကိုမေးတာ။ ဒါကြောင့်မို့ မြတ်စွာဘုရားရှင်က ...

http://www.dhammadownload.com



'အချင်း အဂ္ဂိဝေဿန ... ဤသာသနာ၌ ငါ၏တပည့်သာဝကသည် အတွင်း အပြင်၊ အကြမ်း အနု၊ အယုတ် အမြတ်၊ အဝေး အနီး၊ အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့် (၁၁)မျိုးခွဲခြား၍ရနိုင်တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးဟာ ငါ့ဟာ မဟုတ်ဘူး။ ငါမဟုတ်ဘူး။ ငါ့ရဲ့အတ္တ မဟုတ်ဘူးလို့ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် သိမြင်လို့ရှိရင် ငါဘုရားရဲ့စကားကို လိုက်နာရာရောက်တယ်။

ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးဟာ ငါ့ဟာမဟုတ်ဘူး။ ငါမဟုတ်ဘူး။ ငါ့ရဲ့အတ္တမဟုတ်ဘူးလို့ ပိုင်ပိုင်နိုင်နိုင် သိမြင်တဲ့ပုဂ္ဂိုလ်ဟာ ငါဘုရား အဆုံးအမမှာ ရဲရင့်တဲ့ပုဂ္ဂိုလ်, မတုန်မလှုပ်တဲ့ပုဂ္ဂိုလ် ဖြစ်သွားတယ်။ ဤမျှသော အတိုင်းအတာဖြင့် အာသဝေါကုန်ခန်းပြီး ကိလေသာမှ လွတ်မြောက်တဲ့ ရဟန္တာဖြစ်တယ်။

ထိုပုဂ္ဂိုလ်ဟာ အမြင်ထူးခြားခြင်း၊ အကျင့်ထူးခြားခြင်း၊ လွတ်မြောက်မှု ထူးခြားခြင်းဆိုတဲ့ ထူးခြားခြင်းသုံးပါးနဲ့ပြည့်စုံလျက် ငါဘုရားကိုသာ ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်းပြုတော့မယ် အချင်းအဂ္ဂိဝေဿန'

အဲဒီလို မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတဲ့အခါ သစ္စကဟာ ဝါဒပြိုင်မိခြင်းအတွက် တောင်းပန်စကား လျှောက်ထားပြီးတော့ နောက်တစ်နေ့မှာ ရဟန်းငါးရာနဲ့တကွ မြတ်စွာဘုရားကို ဆွမ်းကပ်တော်မူတယ်။

သစ္စကဟာ အဲဒီဘဝမှာတော့ တရားထူးတရားမြတ်တွေ ရမသွားရှာပါဘူး။ ဒါပေမဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် သီဟိုဠ်ကျွန်း တိဿမဟာရာဇာမင်းလက်ထက်မှာ **ကာဠဗုဒ္ဓရက္ခိတအမည်နဲ့ တိပိဋက** **ဓရ ရဟန္တာ** ဖြစ်သွားတာနော်။

ဒါကတော့ မြတ်စွာဘုရား သစ္စကကိုဟောတဲ့ အနတ္တတရား။ ယောဂီတွေမှာရှိတဲ့ အနတ္တကို ဆန်းစစ်ကြည့်ရအောင် ...

http://www.dhammadownload.com



ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကို တစ်သံသရာလုံးက သူသူငါငါဟာ အတ္တလို့ထင်ခဲ့တယ်။ အတ္တဆိုတာ အစိုးရတဲ့သဘော၊ မိမိဖြစ်စေချင်သလိုဖြစ်တဲ့သဘော။ အမှန်မှာတော့ ခန္ဓာငါးပါးဟာ အတ္တမဟုတ်ဘူး၊ အနတ္တ။

အနတ္တကို စာအုပ်တွေမှာဖွင့်တာကတော့ အများကြီးပဲ။ သုံးချက်လောက် ကြည့်ရအောင်။ အနတ္တဆိုတာ ...

(၁) အလိုသို့မလိုက်ဘူး – **အသယံဝသီကတ္တေန အနတ္တာ**။

(၂) အနှစ်သာရမရှိဘူး – **အသာရကတ္တေန အနတ္တာ**။

(၃) အတ္တမဟုတ်ဘူး – **သုညတတ္တေန အနတ္တာ**။

သူတော်ကောင်းတို့ ... ခန္ဓာကိုယ်ကြီးကို ဉာဏ်စိုက်ထားပါ။ ခန္ဓာငါးပါးဟာ ခိုင်မြဲတဲ့အနှစ်သာရမရှိဘူး။ သုခဆိုတဲ့အနှစ်သာရလည်းမရှိဘူး။ ဆင်းရဲပါတယ်။ စားလို့ကောင်း, သောက်လို့ကောင်း, နေလို့ကောင်း, ထိလို့ကောင်းတဲ့ သုခဝေဒနာတော့ရှိတယ်။ ဒါပေမဲ့ အဲဒီသုခဝေဒနာဟာ ကြာရှည်တည်တံ့မှုမရှိဘဲ ဖောက်ပြန်ပြောင်းလဲပျက်စီးသွားတဲ့အတွက် ဒုက္ခပြန်ဖြစ်တာပဲ။ ထာဝရချမ်းသာသုခ မဟုတ်ဘူး။

ဒါကြောင့် ခန္ဓာငါးပါးဟာ မမြဲလို့လည်း အနတ္တတရား။ ဆင်းရဲလို့လည်း အနတ္တတရား။ ကိုယ့်အလိုသို့မလိုက်လို့လည်း အနတ္တတရား။ တိတ္တိတို့ ကြံအပ်တဲ့ အတ္တမဟုတ်လို့လည်း အနတ္တတရား။

**သဗ္ဗေသင်္ခါရာ အနိစ္စာ** – ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေဟာ မမြဲဘူး အနိစ္စတရား။ **သဗ္ဗေသင်္ခါရာ ဒုက္ခာ** – ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေဟာ ဆင်းရဲတယ်၊ ဒုက္ခတရားပဲ။ **သဗ္ဗေဓမ္မာ အနတ္တာ** – စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားလေးပါးဟာ အနတ္တတရား။

http://www.dhammadownload.com



နိဗ္ဗာန်ပါ အနတ္တထဲပါသွားတယ်။ နိဗ္ဗာန်အနတ္တက အနှစ်သာရမရှိလို့ မခိုင်မြဲလို့ မဟုတ်ဘူးနော်။ နိဗ္ဗာန်က အနှစ်သာရရှိတယ်။ ခိုင်မြဲတယ်။ ချမ်းသာတယ်။ သန္တိသုခရှိတယ်။ ဒါပေမဲ့ တိတ္ထိတွေ ယူဆထားတဲ့ အတ္တ မဟုတ်ဘူးလို့ ဆိုလိုတာ။ တိတ္ထိတွေ ယူဆထားတဲ့အတ္တဟာ နိဗ္ဗာန်ပဲ၊ ခိုင်မြဲတယ်လို့ ယူဆသွားမှာစိုးလို့ နိဗ္ဗာန်ဟာ အနတ္တ။ အတ္တမဟုတ်ဘူး။ ဒီလိုဆိုလိုတာ။

အဲဒီလို ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဟာ ငါမဟုတ်၊ ငါ့ဟာမဟုတ်၊ ငါ၏အတ္တမဟုတ်လို့ လေးမဂ်လေးဖိုလ်နဲ့ ပိုင်ပိုင်နိုင်နိုင် သိပြီးသွားတဲ့ ရဟန္တာမထေရ်မြတ်ဟာ အမြင်လည်း ထူးတယ်။ အကျင့်လည်း ထူးတယ်။ လွတ်မြောက်မှုလည်း ထူးတယ်။

အမြင်ထူးတယ်ဆိုတာ ... သာမန်လူတွေမြင်တာက ငါပဲ၊ သူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့မြင်တယ်။ အရိယာသူတော်ကောင်းတွေက အဲဒီလိုမမြင်ဘူး။ ငါလည်းမဟုတ်ဘူး။ ငါ့ဟာလည်း မဟုတ်ဘူး။ ငါ၏အတ္တလည်း မဟုတ်ဘူး။ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေ – အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေလို့မြင်တယ်။ ဒါကြောင့်မို့ အမြင်ထူးတယ်။

အကျင့်ထူးတယ်ဆိုတာ ... သာမန်လူတွေကျင့်နေကြတာက များသောအားဖြင့် သံသရာလည်ကြောင်း၊ သံသရာမြုပ်ကြောင်း ဒါတွေပဲ ကျင့်နေကြတာများတယ်။ အရိယာ သူတော်ကောင်းတွေကျတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရပြီးသားဖြစ်နေတဲ့အတွက်ကြောင့် လုပ်ကိုင်သမျှ၊ ပြောဆိုသမျှ၊ ကြံစည်သမျှတွေဟာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်တယ်။ အများအတွက်ချည်းပဲ။ သူ့အတွက် မပါတော့ဘူး။ တဏှာက ကင်းစင်နေပြီ။

လွတ်မြောက်မှုထူးခြားတယ်။ ကိလေသာတွေက ဝှာဒင်္ဂတဒင်္ဂလည်း လွတ်မြောက်တယ်။ ကြာကြာလည်း လွတ်မြောက်တယ်။ နောက်ဆုံး

http://www.dhammadownload.com



သမုစ္ဆေဒပဟာန်အနေနဲ့ အမြဲတမ်းလည်း လွတ်မြောက်တယ်။ မြင်တိုင်း, ကြားတိုင်း, မြင်ကာမတ္တ,ကြားကာမတ္တ, သွားကာမတ္တ,ထိကာမတ္တ အကုန်လုံး ကိလေသာတွေမှ လွတ်မြောက်နေတယ်။ မသေခင်မှာက ကိုယ်ဆင်းရဲတော့ ကျန်သေးတယ်။ စိတ်ဆင်းရဲတော့ မရှိဘူး။ ပရိနိဗ္ဗာန် စံပြီးတဲ့အခါမှာတော့ ကိုယ်ဆင်းရဲပါ ချုပ်ငြိမ်းလိမ့်မယ်။

ဒါကြောင့်မို့ ရဟန္တာမထေရ်မြတ်တွေဟာ အမြင်လည်းထူးခြားတယ်။ အကျင့်လည်းထူးခြားတယ်။ လွတ်မြောက်မှုလည်းထူးခြားတယ်။ အဲဒီထူးခြား ချက်သုံးခုနဲ့ပြည့်စုံအောင် ယောဂီတွေလည်းကြိုးစားကြရမှာ။ ပြည့်စုံပြီဆိုရင်တော့ သစ္စာဝါဒ၏အနှစ်သာရကို အပြည့်အဝရပြီလို့ မဆိုနိုင်ဘူးလား။

'ဆိုနိုင်ပါတယ်ဘုရား'

အခုဟောနေတာက ဒုက္ခဖြစ်စေတဲ့ အကြောင်းတရားတွေထဲက အတ္တဒိဋ္ဌိအကြောင်း ဟောနေတာနော်။

'ဟုတ်ပါတယ်ဘုရား'

## နေ့လျော့မှုကြောင့် ဒုက္ခဖြစ်တာ

ဒုက္ခဖြစ်စေတဲ့ အကြောင်းတရားတွေကိုသိမှ ပယ်နိုင်မှာပေါ့။ မသိရင် ဘာကိုပယ်လို့ ပယ်ရမှန်း မသိနိုင်ပါဘူး။ ဒုက္ခဖြစ်ရတဲ့အဓိက အကြောင်းရင်းက ဘာလဲ။ ဒါကို သေသေချာချာ သဘောပေါက်နေရမယ်။

ဗုဒ္ဓဘာသာဝင်တိုင်း အထိုက်အလျောက်ဗဟုသုတရှိတာပဲ။ အကုသိုလ်တွေကို မလုပ်ချင်ဘူးဗျ။ အကုသိုလ်တွေဟာ ဒုက္ခပေးမယ်ဆိုတာ သိနေတာပဲ။ သိပေမယ့် စားဝတ်နေရေးနဲ့ ပတ်သက်လာတော့ လုပ်နေရတယ်။ ဘာဖြစ်လို့ မလုပ်ချင်ဘဲနဲ့ လုပ်နေရတာလဲ။ အကြောင်းရင်းကိုရှာရမယ်။

http://www.dhammadownload.com



## ဓမ္မက အဓမ္မကို လွှမ်းမိုးအောင်မကြိုးစားလို့။

ဓမ္မက အဓမ္မကို လွှမ်းမိုးအောင်မကြိုးစားရင် ကိုယ်မလုပ်ချင်တာတွေ လုပ်ရမယ်။ ကိုယ်မနေချင်တဲ့နေရာမှာ နေရမယ်။ ကိုယ်မခံချင်တဲ့ဒုက္ခတွေ ခံရမယ်။ ဓမ္မနဲ့အဓမ္မ ဘယ်သူလွှမ်းမိုးလို့လဲ။

'အဓမ္မကလွှမ်းမိုးလို့ပါဘုရား'

သေသေချာချာစဉ်းစားမှ ပေါ်တာနော်။ တစ်သံသရာလုံး အဓမ္မက လွှမ်းမိုးလာတာ။ အဓမ္မဆိုတာ မသူတော်တရားတွေပေါ့ဗျာ။ အရကောက်တော့ လောဘ, ဒေါသ, မောဟတရားတွေ။ အဲဒီ မသူတော်တရားတွေဟာ ဘာ့ကြောင့်လွှမ်းမိုးလာသလဲလို့ ဆန်းစစ်လိုက်တဲ့ အခါကျတော့ မေ့လျော့ပေါ့ဆလို့။

မေ့လျော့ပေါ့ဆရင် အဓမ္မတွေကပဲ လွှမ်းမိုးမှာ။ အဓမ္မက လွှမ်းမိုးရင်တော့ မလုပ်ချင်တာတွေလည်းပဲ မျက်စိမှိတ်ပြီး လုပ်ရမယ်။ အဲဒီလို လုပ်ရတော့ မရောက်ချင်တဲ့နေရာတွေရောက်။ မခံချင်တဲ့ဒုက္ခတွေခံပေါ့ဗျာ။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို လက်သည်ပေါ်လာပြီ။ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းရင်းက မေ့လျော့ပေါ့ဆလို့။

များသောအားဖြင့် သတ္တဝါတွေဟာအဖော်မက်တယ်ဗျ။ တရားအဖော်တော့ မဟုတ်ဘူး။ ကိလေသာအဖော်။ ကိလေသာအဖော်နဲ့များ နေရရင် ပျော်နေတာပဲ။ ဝိုင်းဖွဲ့ပြီး စကားပြောရတာကိုလည်း ပျော်တယ်။ အအိပ်ကိုလည်း မက်မောတယ်။ ညလည်း အိပ်ချင်တယ်။ နေ့ခင်းလည်း အိပ်ချင်တယ်။ အချိန်မရွေး အိပ်ချင်နေတာ။ အစားလည်း မက်မောတယ်။

စကား, အအိပ်, အစား, ဒါတွေတင်မပြီးသေးဘူး။ ကိလေသာလည်း မက်မောတာပဲ။ ဉာဏ်ပညာနဲ့ဆင်ခြင်လိုက်ရင် ဒါတွေဟာ ဆင်းရဲကြောင်း-

http://www.dhammadownload.com



တွေပဲ။ အင်မတန်ကြောက်ဖို့ ကောင်းပါတယ်။ သတ္တဝါမှန်သမျှ အနန္တ ဆင်းရဲတွေကို လူးလိမ့်ပြီး ခံနေရတာဟာ ဒီတပ်မက်စိတ်ကြောင့်ပဲ။

မိဘတွေက ရက်ရက်စက်စက် အတင်းအဓမ္မ မခိုင်းပါဘူးဗျ။ ကိုယ့်ရဲ့ တပ်မက်တဲ့စိတ်ကြောင့် ကိုယ့်ဘာသာကိုယ် လုပ်နေရတာ။ ပင်လယ် ရပ်ခြားလည်း သွားရတာပဲ။ ငှက်ဖျားရှိတဲ့တောထဲတောင်ထဲလည်း သွားရ တာပဲ။ ကျည်ဆန်တောလည်း သွားရတာပဲ။ ရေလမ်းခရီး, ကုန်းလမ်း ခရီး, လေလမ်းခရီး အကုန်လုံးသွားပြီးတော့ နေပူမရှောင် မိုးရွာမရှောင် မချိမဆံ့ ရှာကြဖွေကြရတယ်။

ဘာများ သွားရှာနေတာလဲလို့ တရားနဲ့ဆန်းစစ်လိုက်တော့ အို, သေ ရှာနေတာ။ ယခု အိုရ, သေရတာကို အားမရလို့ပေါ့ဗျာ။ အဖန်ဖန်အထပ် ထပ် အိုဖို့, အဖန်ဖန်အထပ်ထပ်နာဖို့, အဖန်ဖန်အထပ်ထပ်မျက်ရည်ကြီးငယ် ကျချင်လို့၊ ထမင်းမစားနိုင် ဟင်းမစားနိုင်အောင် ဆို့နင့်ပြီး သေချင်းဆိုးနဲ့ သေချင်လို့ ရှာနေကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဝိဇ္ဇာတဏှာရဲ့ လှည့်စားချက်ကို တစ်ချက်ခေါင်းညိတ်လိုက်တာနဲ့ ဆံပင်ဖြူတဲ့အထိ လုပ်ပေတော့။ အေးအေးချမ်းချမ်း တရားအားထုတ်ရတဲ့ အချိန်ကို မရှိတော့ဘူး။ ဆံပင်ဖြူတာတောင် သတိမရသေးရင်တော့ အခေါင်းထဲရောက်တဲ့အထိ ပေါ့ဗျာ ...။ နောက်ကျတော့ အပါယ်လေးပါး ဆက်သွားပေါ့။ အဲဒါ တပ်မက်တဲ့စိတ်ကြောင့် အကြီးအကျယ်ဒုက္ခရောက် ရတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရန်သူကို ရန်သူမှန်း မှန်မှန်ကန်ကန် သိရမယ်။ မှန်မှန်ကန်ကန် မြင်ရမယ်။ မှန်မှန်ကန်ကန်တွေးရမယ်။ ကင်းတာ မကင်းတာ တစ်ပိုင်းထား။ နောက်တစ်မျိုးက ...

http://www.dhammadownload.com



တပ်မက်တာတော့ မဟုတ်ဘူး။ စိတ်တိုတာ၊ စိတ်ဆိုးတာ၊ သည်းညည်း မခံတာ ဒါလည်းရန်သူပဲ။ ဒေါသလေ။ ကိုယ့်ကိုအရုပ်ဆိုးအောင် ဘယ်သူမှ တန်ခိုးနဲ့လာလုပ်နေတာမဟုတ်ဘူး။ ကိုယ့်ဒေါသကြောင့်ကိုယ်ရုပ်ဆိုးတာ။ ကိုယ့်ဒေါသကြောင့် သူများမုန်းတာ။ ကိုယ့်ဒေါသကြောင့် သူများက တစ္ဆေသူရဲလိုထင်ပြီး အနားမကပ်ချင်တာ။

ရန်သူက တခြားမှာ မဟုတ်ဘူး။ ကိုယ့်ရင်ထဲမှာ ဖြစ်နေတဲ့ လောဘ, ဒေါသဟာရန်သူပဲ။ အဲဒါ အမှန်ကိုအမှန်အတိုင်းမသိလို့ ရန်သူကိုမိတ်ဆွေလို့ ထင်နေတာ။ အဲဒီရန်သူနှစ်ယောက်ကို မွေးဖွားပေးတာဟာ အမှန်ကိုမသိတဲ့ အဝိဇ္ဇာကြောင့်။ အဝိဇ္ဇာဆိုတာ မောဟပါပဲ။ အဲဒီမောဟက ဘာကြောင့် ဖြစ်ရတာလဲဆိုတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေလို့။ ပမာဒလေခလို့။

ဒါကြောင့် ကိုယ့်ရဲ့ရန်သူတွေကိုမွေးဖွားပေးပြီး ကိုယ့်ကိုဒုက္ခ ရောက် အောင် လုပ်နေတဲ့ အဓိကတရားခံဟာ ဘယ်သူဖြစ်မလဲ။

'မေ့လျော့ပေါ့ဆခြင်းပါဘုရား'

ယောဂီတွေအတွက်ဆိုရင်တော့ မရှုမမှတ်ဘဲ အမှတ်တွေလွတ်နေခြင်း ပေါ့ဗျာ...။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီးမှာတောင် ချစ်သား, ချစ်သမီးတို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေကြနဲ့။ သတိတရားကို လက်ကိုင် ထားကြ။ ဒီလို မှာသွားတယ် မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မေ့မေ့လျော့လျော့မနေကြနဲ့ဆိုတာ သမ္မာသတိ ဝိပဿနာတရားကို ပွားများအားထုတ်ဖို့ပြောတာ။ ဝိပဿနာတရားကို ပွားများအားထုတ်မှ မှားယွင်းတဲ့အယူ မိစ္ဆာဒိဋ္ဌိကို ပယ်သတ်နိုင်မှာပေါ့ဗျ။ မသူတော်တရားထဲမှာ

http://www.dhammadownload.com



မိစ္ဆာဒိဋ္ဌိဟာ အဆိုးဆုံးပဲ။ အဲဒီ မိစ္ဆာဒိဋ္ဌိ ဖြစ်ရတာဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေလို့ ...။

ပညာရှိ သူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ရမှန်း နားမလည်ဘူး။ ဆည်းကပ်ချင်တဲ့စိတ်လည်း မရှိဘူး။ နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို မနာချင်ဘူး။ သိချင်တဲ့စိတ်လည်း မရှိဘူး။ သစ္စာတရားတွေကို သိလည်း မသိဘဲနဲ့ သိဟန်ဆောင်နေတယ်။

မသိတဲ့ ပုဂ္ဂိုလ်ထက် မသိချင်တဲ့ပုဂ္ဂိုလ်က ပိုမိုက်တယ်။ မသိချင်တဲ့ ပုဂ္ဂိုလ်ထက် သိဟန်ဆောင်တဲ့ပုဂ္ဂိုလ်ကတော့ အမိုက်ဆုံးပေါ့ဗျာ။ တကယ် လည်း သေသေချာချာသိတာ မဟုတ်ဘဲနဲ့။ ကုလို့မရတဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ သေရင်တော့ အပါယ်လေးပါးပဲ။

## ကိလေသာကြောင့် ဒုက္ခဖြစ်တာ

သစ္စာတရားတွေကို ဉာတပရိညာနဲ့တောင် မသိဘူးဆိုရင် နေ့စဉ်နဲ့အမျှ ဒုက္ခရောက်ကြောင်းတွေ ဖြစ်နေတာကို သိမှာမဟုတ်ဘူး။ သူ့သူ့ငါငါ ဒီအတိုင်းပါပဲ။ အသိတွေကမှားနေကြတာ။ ငါတို့က သူများအသက်လည်း မသတ်ဘူး။ သူများပစ္စည်းလည်းမခိုးဘူး။ သူများသားမယားလည်း မပြစ်မှားဘူး။ လိမ်ညာလည်းမပြောဘူး။ အရက်လည်းမသောက်ဘူး။ ငါးပါးသီလ လုံတယ်။ လပြည့်လကွယ်ဆို ဥပုသ်တောင်စောင့်လိုက်သေးတယ်။ တတ်နိုင် သမျှလည်း လှူဒါန်းပေးကမ်းနေတာပဲ။ ဘာအပြစ်ရှိမှာလဲ။ ဒီလိုပြောတတ် ကြတယ်နော် ...။

အမှတ်တမဲ့ဆိုရင်တော့ မှန်သလိုလိုပဲ။ ဒါပေမဲ့ လောကအနေနဲ့သာ အပြစ်မရှိတာ။ ကိလေသာအပြစ်တွေကတော့ ရှိသေးတယ်။ ကိလေသာ

http://www.dhammadownload.com



ဆိုတာ ပူပန်စေတတ်တဲ့သဘော။ ညစ်နွမ်းစေတတ်တဲ့သဘောကို ဆိုလိုပါတယ်။ သတ္တဝါတွေမှာ ဘဝအစဉ်အဆက်က ကိန်းလာတဲ့ အနုသယကိလေသာတွေဆိုတာ ရှိတယ်။

အဲဒီကိလေသာတွေဟာ ရုပ်အစဉ်နာမ်အစဉ်မှာ သတ္တိအနေနဲ့ကိန်းပြီး ပါလာတာ။ အကောင်အထည်ကြီးနဲ့ ပါလာတာမဟုတ်ဘူး။ စွမ်းအင်တစ်မျိုး အနေနဲ့ပါလာတာ။ အကြောင်းတိုက်ဆိုင်လို့ရှိရင် အစွမ်းပြတော့တာပဲ။

ဥပမာ ... လောဘဖြစ်စရာအာရုံ၊ ဒေါသဖြစ်စရာအာရုံတွေနဲ့ကြုံတွေ့ပြီ ဆိုရင် ပါးစပ်ကလည်းဖွင့်မပြောသေးဘူး။ ကိုယ်ထိလက်ရောက်လည်း ဘာမှ မလုပ်သေးတာတောင် ရင်ထဲမှာတော့ တုန်လှုပ်သွားတယ်။ အနုသယကိလေသာကနေပြီး ပရိယုဋ္ဌာနကိလေသာဖြစ်လာတာ။ ပရိယုဋ္ဌာနကိလေသာ ဆိုတာ စိတ်ထဲမှာထကြွသောင်းကျန်းတဲ့ကိလေသာကို ဆိုလိုပါတယ်။

စိတ်ထဲမှာ ဘယ်လိုမှမအောင့်နိုင်တော့ဘူး။ မထိန်းသိမ်းနိုင်တော့ဘူး ဆိုရင်တော့ ပါးစပ်ကလည်း ပြောတော့မယ်။ ကိုယ်ထိလက်ရောက်လည်း လုပ်တော့မယ်။ ဒါကို ဝီတိက္ကမကိလေသာလို့ ခေါ်တယ်။

အဲဒီကိလေသာသုံးမျိုးကို နားလည်လွယ်အောင် ဥပမာတစ်ခုပြောဦးမယ်။ မီးခဲတွေကို ပြာနဲ့ဖုံးထားရင် မီးခဲကိုမမြင်ရပေမယ့် ပူတဲ့သတ္တိကတော့ ရှိနေတယ်။ အဲဒီပြာပုံပေါ်ကို သစ်ရွက်ခြောက်လေး တင်လိုက်လို့ရှိရင် မီးခိုးလေးတွေ ထွက်လာတယ်။ မီးခိုးတွေထွက်နေရာကနေ ဟုန်း ... ဆို မီးထ,တောက်တာကို တွေ့ဖူးတယ် မဟုတ်လား။

'တွေ့ဖူးပါတယ်ဘုရား'

မျက်စိနဲ့ မမြင်ရပေမယ့် ပူတဲ့သတ္တိကိန်းနေတဲ့ မီးခဲနဲ့ တူတာက အနုသယကိလေသာပဲ။ သစ်ရွက်ခြောက်လေးတွေ တင်လိုက်လို့ မီးခိုးထွက်လာတာက ပရိယုဋ္ဌာနကိလေသာနဲ့တူတယ်။ ဟုန်း ... ဆို မီးထတောက်တာက ဝီတိက္ကမကိလေသာ။

http://www.dhammadownload.com



အဲဒီတော့ မီးတောက်ရတဲ့အကြောင်းရင်းကို ဆန်းစစ်ကြည့်လိုက်ရင် ပူတဲ့သတ္တိကြောင့်ဆိုတာ အင်မတန်ထင်ရှားတယ်။ အဲဒီလိုပဲ သတ္တလောက ကြီးမှာ လူတွေ သတ်ကြ ဖြတ်ကြ။ သူများပစ္စည်း ခိုးကြ။ ဒုစရိုက်မျိုးစုံ လုပ်နေကြတာဟာ အဲဒီ အနုသယကိလေသာကြောင့်ပဲ။ **'အရင်းစစ်တော့ အမြစ်မြေက'** ဆိုသလို ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းရင်းဟာ အနုသယ ကိလေသာကို မပယ်နိုင်လို့။

ဒီနှစ် ဒီအခါမှာ သူတော်ကောင်းကြီးဆိုပေမယ့် ... နောက်နှစ်မှာ လူယုတ်မာကြီး ဖြစ်သွားနိုင်တယ်။ ဒီနေ့မှာ သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်၊ နောက်နေ့မှာ အရက်သမားကြီးဖြစ်သွားနိုင်တယ်။ ဟိုး ... ကောင်းကင်က ဘုရားတွေ၊ ဗြဟ္မာကြီးတွေက ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူး။ မိမိရင်ထဲက အနုသယကိလေသာကြောင့်ဖြစ်ရတာ။ ရန်သူက ကိုယ့်ရင်ထဲကို ရောက်နေ တယ်။

အနုကြမ်းစီးမယ့် ပုဂ္ဂိုလ်က မိတ်ဆွေယောင်ဆောင်ပြီး အိမ်ထဲဝင်နေ သလိုဖြစ်နေတာ။ အပြင်က သံတံခါးကြီးတွေသာ ပိတ်နေတယ်။ ရန်သူက အိမ်ထဲရောက်နေတာကို မသိဘူး။ မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူက ပိုကြောက်ဖို့ကောင်းတာ။ ဓားကြီးကိုင်လာတယ်။ သေနတ်ကြီးထမ်းလာ တယ်ဆို ထွက်ပြေးလို့ ရသေးတယ်။ မိတ်ဆွေယောင်ဆောင်ပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ အိမ်ထဲရောက်နေတော့ ရှောင်လို့ရပါတော့မလား။

'မရပါဘူးဘုရား'

'မင်း ... တယ်အလိုနည်းတာပဲ၊ သူများတွေ ချမ်းသာကြီးပွားနေတာ ကြည့်ပါလား။ အလုပ်ဆိုတာ တစ်ခုတည်းမလုပ်ရဘူးကွ၊ နှစ်ခုသုံးခုလုပ်ရ တယ်။ မိုးရွာတုန်း ရေခံရတာ။ တရားရိပ်သာတွေ ဘာတွေ ဝင်မနေနဲ့၊ အလုပ်ပျက်တယ်၊ ကိုယ့်မှာ ငွေမရှိရင် ကိုယ်ပဲဒုက္ခရောက်မှာ။ ဘယ်သူမှ

http://www.dhammadownload.com



မင်း … သားသမီးတွေကို လာကျွေးမှာမဟုတ်ဘူး။ အခြေအနေပေးတုန်း များများရှာထား'

အဲဒီလို တိုက်တွန်းတဲ့ လောဘကိုပဲ ကျေးဇူးရှင်ကြီး အောက်မေ့နေကြတာ။ အလုပ်ကို တစ်ခုပြီးတစ်ခု လုပ်နေကြတယ်။ တရားအလုပ်ကို လုပ်ခွင့်ကို မရှိတော့ဘူး။ ဒါတောင် သူတို့က ကြွားလိုက်သေးတယ်။ ငါ လုပ်တတ်ကိုင်တတ်လို့ အခုလို ချမ်းသာကြီးပွားနေတာ တဲ့။ အသေဆိုးနဲ့ သေမှာကိုတော့ ထည့်မတွက်ဘူး။

အမှန်တော့ အဲဒါဟာ မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူက ကိုယ့်ကို သတ်နေတာ။ အနုသယကိလေသာဆိုတာရန်သူပဲ။ အနုသယကိလေသာကြောင့် ပရိယုဋ္ဌာနကိလေသာဖြစ်။ ပရိယုဋ္ဌာနကိလေသာကြောင့် ဝီတိက္ကမကိလေသာဖြစ်။ အကုသိုလ်တွေဖြစ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အကုသိုလ်ကံတွေဟာ ကောင်းကင်က ကျလာတာလည်း မဟုတ်ဘူး။ မြေကြီးထဲက ထွက်လာတာလည်း မဟုတ်ဘူး။ ဗြဟ္မာတွေ, ဘုရားတွေက ဖန်ဆင်းလို့ဖြစ်တာရော ဟုတ်ရဲ့လား။

'မဟုတ်ပါဘူးဘုရား'

အမှန်က အနုသယကိလေသာကို မပယ်နိုင်လို့ အကုသိုလ်ကံတွေ ဖြစ်လာတာ။ အဲဒီအနုသယကိလေသာကြောင့် သတ္တဝါတွေဟာ ဘေးတွေ၊ ရန်တွေ မတွေ့ချင်ပေမယ့်လည်း တွေ့ရ။ ကိုယ်ဆင်းရဲစိတ်၊ ဆင်းရဲတွေ မကြုံချင်ပေမယ့်လည်း ကြုံနေကြရတာ။

ဒါကြောင့်မို့ ဒုက္ခတွေနဲ့မကြုံတွေ့ချင်ရင် ကိလေသာတွေနည်းအောင်, ပါးအောင်, ကုန်အောင်လုပ်ဖို့လိုတယ်။ ကိလေသာတွေ နည်းအောင်, ပါးအောင်, ကုန်အောင်မလုပ်ဘဲ တိုးအောင်, များအောင်လုပ်နေလို့ကတော့ မီးလောင်ရာ လေပင့်သလို ဒုက္ခတွေက ပိုတိုးလာမှာပဲ။

http://www.dhammadownload.com



ဥပမာ ... ရေကန်ကြီးထဲမှာ ရေတွေရှိတယ်။ ရေထွက်စရာ အပေါက်ကလည်း တစ်ပေါက်မှမရှိဘူး။ မိုးက ထပ်ရွာချလို့ရှိရင် ရေတွေပြည့်ပြီးတော့ လျှံမလာ နိုင်ဘူးလား။

'ပြည့်လျှံလာမှာပါဘုရား'

အဲဒီလိုပဲ ပုထုဇဉ်တွေမှာ ဘဝအဆက်ဆက်က ပါလာတဲ့ အနုသယ ကိလေသာတွေက အပြည့်အဝ ရှိပြီးသား။ အဲဒီရှိပြီးသား ကိလေသာကို ထပ်မတိုးဘဲ နည်းသွားအောင်လုပ်ရမှာ။ လောဘဖြစ်စရာအာရုံ၊ ဒေါသ ဖြစ်စရာအာရုံတွေကို အတတ်နိုင်ဆုံးရှောင်ရတယ်၊ တော်ရုံတန်ရုံမကြည့်နဲ့၊ နားမထောင်နဲ့၊ ခပ်ဝေးဝေးကရှောင်လိုက်၊ ရှောင်တဲ့နေရာမှာလည်း ပြောဦး မယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ ဆင်ကြမ်းကြီးကို အနီးအနားလေး က ကပ်ရှောင်လို့ ရပါ့မလား။

'မရပါဘူးဘုရား'

ကပ်ရှောင်ရင်တော့ ... ပြားသွားအောင် တက်နင်းသွားလိမ့်မယ်။ ဒါမှမဟုတ် အစွယ်နဲ့ထိုး၊ နှာမောင်းနဲ့ကိုင်ပေါက်ပစ်လိုက်မှာ။ ကိလေသာက ဆင်ကြမ်းထက်ဆိုးတယ်ဗျ။ ဆင်ကြမ်းကြီးကသတ်ရင် တစ်ဘဝပဲသေမှာ။ ကိလေသာကသတ်ရင် ဘဝပေါင်းအသင်္ချေအနန္တသေနိုင်တယ်။ ဒါကြောင့်မို့ ကိလေသာဖြစ်မယ့်ဟာကို အဝေးကြီးကရှောင်ရတယ်။ ပွတ်သီးပွတ်သတ် ရှောင်လို့ မရဘူး။ ပွတ်သီးပွတ်သတ်ရှောင်လို့ကတော့ ဒုက္ခဖြစ်ပြီသာမှတ်။

နောက်တစ်ခု သတိပေးချင်တာက ဗျာသနတရားတွေနဲ့ ကြုံတဲ့အခါ ကိုယ်ဆင်းရဲစိတ်ဆင်းရဲတွေဖြစ်ကြတယ်။ မျက်ရည်စက်လက် ငိုကြွေးကြ တယ်။ အဲဒီအခါ ဒုက္ခဖြစ်ခြင်းရဲ့အဓိကအကြောင်းတရားက ဘာလဲဆိုတာကို ပြန်ဆန်းစစ်တတ်ဖို့လိုတယ်။ ဥပမာ– ကိုယ့်ရဲ့မိခင် ဆုံးသွားတယ်ဆိုရင် မိသားစုအားလုံး ပူဆွေးကြမယ်၊ ငိုကြွေးကြမယ်၊ အပြစ်ပြောတာ မဟုတ် ပါဘူး။ နှလုံးသွင်းတတ်အောင် တရားခံရှာပေးတာ။

http://www.dhammadownload.com



ငါတို့အမေဆိုတဲ့ ဒိဋ္ဌိတရားနဲ့ အမေ့အပေါ် ထားတဲ့ တွယ်တာမှု သံယောဇဉ်ကြောင့် ပူဆွေးငိုကြွေးကြတာပါ။ အဓိကတရားခံက မိမိရင်ထဲက ဒိဋ္ဌိနဲ့တဏှာ။ သေသွားတဲ့အမေ မဟုတ်ဘူး။

စီးပွားဉစ္စာတွေပျက်စီးဆုံးရှုံးတဲ့အခါမှာလည်း ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေ ဖြစ်ကြတယ်။ အမှန်က ပျက်စီးသွားတဲ့စီးပွားဉစ္စာဆိုတာ သက်မဲ့ရုပ်တရားတွေပဲ။ ကိုယ့်ကို ဘာမှလာလုပ်နိုင်တာမဟုတ်ဘူး။ မိမိတို့ရင်ထဲက ဒိဋ္ဌိ, တဏှာ ကိလေသာက ကိုယ်ဆင်းရဲအောင် စိတ်ဆင်းရဲအောင် ဒုက္ခဖြစ်အောင် အမျိုးမျိုးလုပ်နေတာ။

ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းတရားတွေကို ပြောနေတာနော် ...။ ပယ်ရမယ့် သမုဒယသစ္စာကို ပြောပြနေတာ။ ဒါ ဉာတပရိညာပိုင်းပဲရှိသေးတယ်။ နောက် ဆက်ပြောမှာက နိရောဓသစ္စာ ......

## နိဗ္ဗာန်ဆိုတာဘာလဲ

**နိရောဓသစ္စာ**ဆိုတာ မျက်မှောက်ပြုရမယ့်တရား။ ဆိုက်ရောက်ရမယ့်တရား၊ နိဗ္ဗာန်တရား၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင်ဟာနိဗ္ဗာန်ပဲ။ ဒါပေမဲ့ နိဗ္ဗာန်အကြောင်းကိုတော့ ဗုဒ္ဓဘာသာဝင်တွေတောင် အများစုက သေသေချာချာ မသိကြဘူး။

ဟိုး ... ငယ်ငယ်လေးကတည်းကစပြီး အဘိုးအဘွားတွေ၊ မိဘတွေက သင်ပေးထားလို့ နိဗ္ဗာန်ဆိုတဲ့ စကားလုံးကတော့ နားယဉ်ပြီးသား။ '**နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏**' '**နိဗ္ဗာန်ရောက်ပါရစေ**' ပါးစပ်ကတော့ ရွတ်ဆိုနေတာပဲ။ အဓိပ္ပါယ်ကိုတော့ မသိတဲ့သူက များတယ်။ ဘာသာခြားတစ်ယောက်က ...

http://www.dhammadownload.com



'မင်းတို့ပြောပြောနေတဲ့ နိဗ္ဗာန်ဆိုတာဘယ်လိုလဲ။ ငါ့နားလည်အောင် နည်းနည်းလောက် ရှင်းပြစမ်းပါ'ဆိုရင်....

မရှင်းပြတတ်တဲ့သူက များတယ်။ နားလည်အောင်ရှင်းပြဖို့ ဆိုတာကလည်း ကိုယ်က နိဗ္ဗာန်ရောက်ဖူးတာ မဟုတ်တော့ မလွယ်လှဘူး။ ဗုဒ္ဓဘာသာဝင် အချင်းချင်းကိုတောင် ရှင်းပြရတာခက်တယ်။ ခက်လို့ မလေ့လာဘူး ဆိုပြန်ရင်လည်း ဘယ်တော့မှသိမှာမဟုတ်ဘူး။ အဲဒီတော့ ကိုယ်လက်လှမ်းမီနိုင်သလောက်ကို သိအောင် အရင်လုပ်ရမယ်။ နိဗ္ဗာန်အကြောင်းကို များများသိလေ၊ နိဗ္ဗာန်ကိုမြန်မြန်ရောက်ချင်လေ ဖြစ်မှာပဲ။

လောကီမှာတောင် တန်ဖိုးနည်းတဲ့ပစ္စည်းထက် တန်ဖိုးကြီးတဲ့ပစ္စည်းကို ပိုလိုချင်ကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

တန်ဖိုးကြီးမှန်းသိမှ လိုချင်တာ၊ မသိရင် မလိုချင်ဘူး။ လောကုတ္တရာမှာလည်း ဒီအတိုင်းပဲ။ နိဗ္ဗာန်ရဲ့ တန်ဖိုးကြီးမားမှုကိုသိမှ နိဗ္ဗာန်ကိုမြန်မြန်လိုချင်တာ။ တန်ဖိုးကြီးမှန်းမသိရင် မလိုချင်ဘူး။ သိဖို့ဆိုတာကလည်း နိဗ္ဗာန်အကြောင်း များများလေ့လာဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

အတိုချုပ်လေးသိရမှာက တဏှာကုန်တာ နိဗ္ဗာန်၊ လောဘကုန်တာ၊ ဒေါသကုန်တာ၊ မောဟကုန်တာ နိဗ္ဗာန်ပဲ။ ဒီထက်ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လေးသိအောင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးနဲ့ သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးတို့ ဟောကြားတော်မူထားတဲ့ တရားတွေထဲက ထုတ်နုတ်ပြီး နည်းနည်းပြောပြမယ်။

နိဗ္ဗာန်ဟာ ထင်ရှားရှိတဲ့ ပရမတ်တရားဆိုပေမယ့် ရုပ်ပရမတ်၊ နာမ်ပရမတ်တွေနဲ့တော့မတူဘူးနော်၊ ရုပ်တွေနာမ်တွေက ပြောင်းလဲမှုရှိတယ်၊ ပြုပြင်ပေးရတယ်၊ သင်္ခတပရမတ်။

http://www.dhammadownload.com



နိဗ္ဗာန်က ရွေ့လျောခြင်းမရှိ၊ ရွေ့ပြောင်းခြင်းမရှိ၊ ပြုပြင်စရာလည်း မလိုတဲ့ အသင်္ခတပရမတ်။ နိဗ္ဗာန်မှာ ဂုဏ်(၃)ပါး ရှိတယ်။

**(၁) နိဗ္ဗာန်မှာ ရုပ်တရား, နာမ်တရားတွေ မရှိဘူး၊ ခန္ဓာငါးပါး လည်း မရှိဘူး၊ သင်္ခါရတရားအားလုံး မရှိဘူး။**

အဲဒီတော့ တချို့က နိဗ္ဗာန်ဆိုတာ ဘုံဗိမာန်ကြီးလိုပဲ၊ ဝင်းဝင်း လက်လက်ကြီးတဲ့။ ဝင်းဝင်းလက်လက်ဆိုတာအရောင်ပဲဗျ၊ အရောင်အဆင်း ဆိုတာ ရုပ်တရားပဲ၊ ရုပ်တရားရှိတယ်ဆိုကတည်းက နိဗ္ဗာန်ဘယ်ဟုတ်တော့ မှာလဲ။ နိဗ္ဗာန်မှာက ပုံသဏ္ဌာန်တို့၊ အရောင်အဆင်းတို့ရှိတာမှ မဟုတ်တာ။

**(၂) နိဗ္ဗာန်မှာ သာယာတပ်မက်တဲ့ တဏှာသုံးမျိုးမရှိဘူး။**

နိဗ္ဗာန်ဆိုတာ **နိဝါန**။ **နိ**–ဆိုတာ မရှိတာ။ **ဝါန**–ဆိုတာ တဏှာကို ပြောတာ။ ဒါကြောင့် တဏှာလုံးဝမရှိတာ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်မှာ အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ အစရှိတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တွေ အပေါ်မှာ သာယာတပ်မက်တတ်တဲ့ ကာမတဏှာ မရှိဘူး။

ပုထုဇဉ်တွေက နိဗ္ဗာန်ဆိုတာ ချမ်းသာတယ်ဆိုလို့ လိုချင်နေကြတာ။ ချမ်းသာသုခကို ခံစားချင်လို့ နိဗ္ဗာန်ကိုလိုချင်နေကြတာ။ အမှန်က နိဗ္ဗာန်မှာ ခံစားလို့ရတဲ့ချမ်းသာ–**ကာမသုခဆိုတာမရှိဘူး။ ခံစားစရာမရှိတဲ့ သန္တိသုခ**– ငြိမ်းအေးတဲ့သဘောလေးပဲ ရှိတာ။

နောက်ပြီး ... နိဗ္ဗာန်မှာ သဿတဒိဋ္ဌိနဲ့တကွ ဘဝအမျိုးမျိုးကို သာယာ တပ်မက်တဲ့ ဘဝတဏှာလည်းမရှိဘူး။ ဉစ္ဆေဒဒိဋ္ဌိနဲ့တကွ ယခုလက်ရှိဘဝ ကိုပဲ သာယာတပ်မက်တဲ့ ဝိဘဝတဏှာလည်း မရှိဘူး။

ဝိဘဝတဏှာရှိတဲ့သူက နောင်ဘဝဆိုတာ မရှိဘူးလို့ ယုံကြည်တဲ့ အတွက် ဒီဘဝမှာကောင်းစားမယ်ဆိုရင် အကုသိုလ်တွေဘာတွေ ရှောင်မနေ ဘူး။ လုပ်တာပဲ၊ နောင်ဘဝမရှိတော့ အကုသိုလ်တွေက အကျိုးပေးလို့

http://www.dhammadownload.com



မရတော့ဘူးလေ။ ဒါကြောင့်မို့ ဘဝပြတ်တာကိုသဘောကျတယ်။ နောင်ဘဝ မရှိတာကို ကြိုက်တယ်။

အဲဒီတော့ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ တစ်ခုခုရှိနေသေးတယ်ဆိုရင် နိဗ္ဗာန်မဟုတ်သေးဘူး။

(၃) နိဗ္ဗာန်မှာ ဝဋ်သုံးပါးမရှိဘူး။

ကိလေသဝဋ်–လို့ခေါ်တဲ့ လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာဆယ်ပါးလုံးမရှိဘူး။ ကမ္မဝဋ်–လို့ခေါ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံလည်း မရှိဘူး။

ဝိပါကဝဋ်–လို့ခေါ်တဲ့ အို, နာ, သေဆင်းရဲနဲ့ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေလည်း မရှိဘူး။ ရှာဖွေရတဲ့ဒုက္ခ စောင့်ရှောက်ရတဲ့ဒုက္ခ ပြုပြင်ရတဲ့ဒုက္ခတွေလည်းမရှိဘူး။ ဆင်းရဲဒုက္ခဆိုလို့ ဘာမှကိုမရှိပါဘူး တဲ့။

အဲဒီလို နိဗ္ဗာန်မှာ ရုပ်လည်းမရှိ၊ နာမ်လည်းမရှိ၊ သာယာတပ်မက်တဲ့ တဏှာလည်း မရှိ၊ ကိလေသာတွေလည်း မရှိ၊ ဒုက္ခတွေလည်း မရှိပါဘူး ဆိုတော့ နိဗ္ဗာန်မှာ ဘာဆိုဘာမှမရှိဘူးလို့ ယူဆသွားတတ်တယ်နော်။ အဲဒီလို ယူဆရင်တော့ ဥစ္ဆေဒိဋ္ဌိပဲ။

နိဗ္ဗာန်မှာ ဘာမှမရှိတာတော့ မဟုတ်ဘူး။ သန္တိသုခတော့ရှိတယ်။ အရဟတ္တမဂ်ဉာဏ် အစွမ်းကြောင့် ကိလေသာတွေအားလုံး မဖြစ်ပေါ်နိုင်တော့ဘဲ ငြိမ်းအေးတဲ့သဘောတော့ ရှိတယ်။

နားလည်လွယ်အောင် မြတ်စွာဘုရားရှင်က ဘယ်လိုဥပမာပေးထားသလဲဆိုတော့ ... မီးပုံကြီးကို ဥပမာပေးထားတယ်။ မီးလောင်တယ်ဆိုတာ လောင်စာတွေရှိလို့ မီးလောင်တာ။ လောင်စာတွေမရှိရင် လောင်ပါ့မလား။

'မလောင်ပါဘူးဘုရား'

http://www.dhammadownload.com



မီးလောင်နေတဲ့ မီးပုံကြီးထဲကို လောင်စာတွေ ထပ်ထည့်မယ်ဆိုရင် မီးတောက်က ပိုကြီးလာမှာလား၊ လျော့နည်းသွားမှာလား။

'ပိုကြီးလာမှာပါဘုရား'

လောင်စာတွေကို တဖြည်းဖြည်း လျှော့ပစ်လိုက်မယ်ဆိုရင် ...

'မီးတောက်က လျော့သွားမှာပါဘုရား'

လောင်စာတွေ လုံးဝမရှိတော့ရင်ရော ...

'မီးတောက်က ငြိမ်းသွားမှာပါဘုရား'

လောင်စာကုန်လို့ ငြိမ်းသွားတဲ့မီးက ဘယ်ကို ရောက်သွားတာလဲ။ အရှေ့ဘက်ကိုရောက်သွားတာလား၊ အနောက်ဘက်ကိုရောက်သွားတာလား။ အပေါ်ဘက်ကိုရောက်သွားတာလား၊ အောက်ဘက်ကိုရောက်သွားတာလား။

'မဟုတ်ပါဘူးဘုရား'

ဒါဆို မီးက ဘယ်မှမသွားဘူးလား၊ မသွားဘူးဆိုရင် ရှိရမှာပေါ့။

'အဲဒီလိုလည်း ပြောလို့မရဘူးဘုရား'

လောင်စာတွေလည်း ကုန်သွားပြီ၊ မီးတောက်ကြီးလည်း မရှိတော့ဘူး၊ အပူတွေငြိမ်းသွားအေးသွားတဲ့သဘောလေးပဲရှိတော့တယ်၊ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နိဗ္ဗာန်ဆိုတာလည်း ဒီသဘောပဲ။ ရုပ်တွေ နာမ်တွေ ကိလေသာတွေနဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေဆိုတာ လောင်စာတွေပဲ။ ဒီလောင်စာတွေ ရှိနေသေးသမျှ မီး(၁၁)ပါးကတော့ လောင်နေမှာပဲ။ လောဘမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး နဲ့ ပြင်းထန်စွာပင်ပန်းဆင်းရဲရခြင်းဆိုတဲ့ ဥပါယာသမီးတွေက တောက်လောင်နေမှာနော်။

http://www.dhammadownload.com



တကယ်လို့ ကိလေသာလောင်စာတွေမရှိတော့ဘူးဆိုရင် မီးတောက်က လျော့မသွားဘူးလား။

'လျော့သွားမှာပါဘုရား'

ပရိနိဗ္ဗာန်မစံသေးတဲ့ရဟန္တာတွေလိုပေါ့။ အများကြီးငြိမ်းအေးသွားပြီ။ ရုပ်တွေ နာမ်တွေလည်းချုပ်ငြိမ်း၊ ကုသိုလ်ကံ အကုသိုလ်ကံတွေလည်း လုံး၀ မရှိတော့ဘူး ဆိုရင်တော့ ... လောင်စာကုန်လို့ မီးငြိမ်းတဲ့သဘော ဖြစ်သွားပြီ။ (၁၁)မျိုးသော မီးတွေ ဘာမှုမရှိတော့ဘဲ ငြိမ်းအေးတဲ့သဘောလေးပဲ ရှိတော့မယ်။

အဲဒီလို ငြိမ်းအေးတဲ့နိဗ္ဗာန်ရဲ့သဘောကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထားတဲ့ အရိယာသူတော်သူမြတ်တွေကတော့ ကိုယ်တွေ့မို့ သေသေချာချာသိတယ်။ ပုထုဇဉ်တွေကတော့ ဘယ်သိနိုင်မှာလဲ။ ဥပမာ ... စကြ၀တေးမင်းရဲ့စည်းစိမ်ကို သူတောင်းစားတစ်ယောက်က မသိနိုင်သလို နိဗ္ဗာန်ရဲ့ငြိမ်းအေးတဲ့သဘောကို ပုထုဇဉ်တွေကတော့ သေသေချာချာ မသိနိုင်ပါဘူး တဲ့။

ဖိုလ်ဝင်စားနိုင်တဲ့ အရိယာတွေကတော့ နိဗ္ဗာန်ရဲ့ အငြိမ်းဓာတ်ကို အခါအခွင့်ရတိုင်း ဖိုလ်ဝင်စားပြီး အာရုံပြုလေ့ရှိတယ်။ သောတာပန်ပုဂ္ဂိုလ်က သောတာပတ္တိဖိုလ်။ သကဒါဂါမ်ပုဂ္ဂိုလ်က သကဒါဂါမိဖိုလ်။ အနာဂါမ်ပုဂ္ဂိုလ်က အနာဂါမိဖိုလ်။ ရဟန္တာပုဂ္ဂိုလ်က အရဟတ္တဖိုလ်။ သူ့အဆင့်နဲ့သူ ဖိုလ်ဝင်စားပြီး နိဗ္ဗာန်ရဲ့ အငြိမ်းဓာတ်ကို အာရုံပြုနိုင်တယ်။ ဒါက သမာဓိ အားကောင်းပြီး ဖိုလ်ဝင်စားတာ အလေ့အကျင့်များမှ ...

တချို့က ရ,ထားတာ ကြာပြီဆိုတော့ ဖိုလ်ဝင်စားတာကို တော်တော်နဲ့ ပြန်လုပ်လို့မရဘူး။ သမာဓိ အားမကောင်းလို့မရတာ ဖြစ်မယ်။ သမာဓိ အားကောင်းအောင် ပြန်အားထုတ်။ ဒါဆိုရမှာပဲ။ သမာဓိအားကောင်းရဲ့ သားနဲ့ မရဘူးဆိုရင်တော့ လိုသေးလို့ ဖြစ်မှာပဲ။

http://www.dhammadownload.com



ဒီနေရာတွေက အင်မတန်နက်ရှိုင်းတော့ ပြောရဆိုရတာ ခက်တယ်။ ကိုယ့်အရာမဟုတ်ဘူး၊ သိပ်ပြီးမြင့်လွန်းအားကြီးနေပြီ၊ လက်လှမ်းမမီတော့ဘူး ဆိုပြီး ချန်ထားခဲ့ပြန်ရင်လည်း ကြားဖူးမှာတောင်မဟုတ်ဘူး၊ ယောဂီတွေအနေနဲ့ အထိုက်အလျောက်တော့သိထားဖို့လိုပါတယ်။ ဗဟုသုတဖြစ်အောင် ကြားဖူးနားဝရှိအောင် နည်းနည်းလောက် ဆက်ပြောဦးမယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး **သလ္လေခသုတ်**မှာ ဘယ်လိုဟောထားသလဲဆိုတော့ သောတာပတ္တိဖိုလ် ဝင်စားတယ်ဆိုတာ ...

နိဗ္ဗာန် အငြိမ်းဓာတ်ကို အာရုံပြုပြီး အငြိမ်းဓာတ်ထဲ ဝင်ရောက်နေသလို သောတာပတ္တိဖိုလ်စိတ်ချည်း မပြတ်ဖြစ်နေတဲ့ သဘောပါပဲ။

မြင်စရာ, ကြားစရာ, ထိတွေ့စရာ, သိစရာတွေက ရှိနေပေမယ့် အဲဒီအာရုံတွေဆီကို စိတ်ကမရောက်ဘဲနဲ့ ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲမှာ စိတ်ကလေး ဝင်ပြီးတည်နေသလို ချုပ်ငြိမ်းမှုသဘော တစ်မျိုးတည်း ထင်နေတဲ့ သဘောပါပဲ တဲ့။

ဖိုလ်ဝင်စားနေတဲ့ အခိုက်အတန့်မှာ ကုသိုလ်ကံ, အကုသိုလ်ကံတွေ မရှိတော့ ဘဝတွေလည်း မဖြစ်တော့ဘူး။ ဘဝကိုတားမြစ်လိုက်တဲ့အတွက် ဘဝသံသရာလည်း မရှည်တော့ဘူး။ ဘဝတိုတိုနဲ့နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်မယ်လို့ ဟောကြားထားတယ်။

သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးနဲ့ ခန္တီးဆရာတော်ဘုရားကြီးတို့က တော့ ... ဖလသမာပတ်နဲ့ နိရောဓသမာပတ် ထူးခြားချက်တွေကို နှိုင်းယှဉ်ပြီး အခုလို ဟောကြားထားတော်မူတယ်။

ဖလသမာပတ်ကို သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်များ၊ ဈာန်သမာပတ် (၈)ပါး မရတဲ့ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ်များ ဝင်စားနိုင်တယ်။ နိရောဓသမာပတ်ကိုကျတော့ ဈာန်သမာပတ်(၈)ပါးရတဲ့ အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်များနဲ့ ဘုရားရှင်တို့သာ ဝင်စားနိုင်တယ် တဲ့။

http://www.dhammadownload.com



ဥပမာ ... သောတာပန်ပုဂ္ဂိုလ်တစ်ယောက်ဟာ သောတာပတ္တိဖလသမာပတ် ဝင်စားနေတဲ့အချိန် တစ်နည်းအားဖြင့် သောတာပတ္တိဖိုလ် ဝင်စားနေတဲ့အချိန်မှာ ...

(၁) စိတ်စေတသိက်တွေဟာ နိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့် ချုပ်ငြိမ်းနေတယ်။

(၂) စိတ္တဇရုပ်တွေက မချုပ်ငြိမ်းဘူး။ ဒါကြောင့်မို့ ကိုယ်အမူအရာတွေဟာ အနည်းငယ်မျှ လှုပ်ရှားမှုရှိနိုင်တယ်။

(၃) အသက်ရှူနေတယ်။

(၄) မိမိတို့ရဲ့ သမာဓိအားလျော်စွာ နာရီပိုင်းမျှသာ ဝင်စားနိုင်တယ်။ ခုနစ်ရက် ဝင်စားလို့ မရဘူး။

ဈာန်သမာပတ်(၈)ပါးရတဲ့ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များနဲ့ ဘုရားရှင်တို့ နိရောဓသမာပတ်ဝင်စားတဲ့အခါမှာတော့ ...

(၁) စိတ်, စေတသိက်တွေ ချုပ်ငြိမ်းရုံ မကဘူး။ စိတ္တဇရုပ်တွေပါ ချုပ်ငြိမ်းတဲ့အတွက် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်စိတ်တွေမှာ သိမှုလုံးလုံး မရှိတော့ဘူး။ ခန္ဓာကိုယ်ကလည်း လှုပ်ရှားမှုလုံးဝမရှိဘဲ ကျောက်ရုပ်လို ဖြစ်နေတယ်။

(၂) အသက်မရှူတော့ဘူး။

(၃) ခုနစ်ရက်တိုင်အောင် နိရောဓသမာပတ် ဝင်စားနိုင်တယ်။

(၄) ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ မချုပ်ဘူး။

(၅) ရုပ်ဇီဝိတ, နာမ်ဇီဝိတလို့ခေါ်တဲ့ သက်စောင့်ရုပ်၊ သက်စောင့်နာမ်တွေကတော့မချုပ်ဘူး။ ဥပမာ–တေဇောလို့ခေါ်တဲ့ကိုယ်ငွေ့လည်း မချုပ်ဘူး။

http://www.dhammadownload.com



သေတဲ့ပုဂ္ဂိုလ်နဲ့ မတူတာ နံပါတ်(၄)နဲ့ (၅) ဒီနှစ်ချက်ပဲ မတူတာ။ ကျန်တဲ့(၃)ချက်က တူတယ်။ ဒါကတော့ နိဗ္ဗာန်အငြိမ်းဓာတ်ကို အသက်ရှင်နေဆဲမှာလည်း အာရုံပြုလို့ ရနိုင်တယ် ဆိုတာကို ဗဟုသုတအဖြစ် ပြောပြတာ။ နိဗ္ဗာန်အကြောင်း ရှေ့ဆက်သွားရအောင် ...

နိဗ္ဗာန်ကို 'သဉပါဒိသေသနိဗ္ဗာန်' နဲ့ 'အနုပါဒိသေသနိဗ္ဗာန်'လို့ နှစ်မျိုး ခွဲခြားပြီး ပြောသေးတယ်။ ကိလေသာတွေသာ ငြိမ်းပြီး ဖြစ်ဆဲရုပ်နာမ်ခန္ဓာက ရှိနေသေးတယ်ဆိုရင်တော့ သဉပါဒိသေသနိဗ္ဗာန်လို့ခေါ်တယ်။

ဥပမာ ... ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အချိန်ကတည်းက ကိလေသာအားလုံးကတော့ ကင်းငြိမ်းသွားပြီ။ ကံကလည်း ဘဝသစ် ရုပ်နာမ်ခန္ဓာတွေကို မဖြစ်စေနိုင်တော့ဘူး။ အဲဒီလို ကိလေသာ ကံဝိပါက်ခန္ဓာတွေ မဖြစ်ပေါ်နိုင်တော့ဘဲ ငြိမ်းခဲ့ပေမယ့် ...

ရဟန္တာမဖြစ်မီ ပဋိသန္ဓေကာလကတည်းက ရလာခဲ့တဲ့ ရုပ်နာမ်ခန္ဓာ အစဉ်ကတော့ ရှိနေသေးတယ်။ ရှေးဘဝဟောင်းမှကံက အကျိုးပေးထားပြီး ဖြစ်နေတော့ ကံဟောင်းရဲ့ အစွမ်းကုန်ပြီး ပရိနိဗ္ဗာန် စုတိကာလကျမှ ချုပ်ငြိမ်းပြတ်စဲမယ်။ စုတိကာလ မရောက်သေးခင်မှာတော့ ရဟန္တာရဲ့ ရုပ်နာမ်ခန္ဓာအစဉ်ဟာ မူလကံနဲ့ စိတ်ဥတုအာဟာရ အစရှိတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်မြဲဖြစ်နေဦးမှာပဲ။

အဲဒီလို ကိလေသာတွေသာငြိမ်းပြီး ဖြစ်ဆဲရုပ်နာမ်ခန္ဓာရှိနေသေးတာကို 'သဉပါဒိသေသနိဗ္ဗာန်'လို့ခေါ်တယ်။ ပရိနိဗ္ဗာန်စုတိပြီးတဲ့နောက် ရုပ်နာမ်ခန္ဓာပါ အကြွင်းမရှိတော့ဘဲ ငြိမ်းသွားတာကိုမှ 'အနုပါဒိသေသနိဗ္ဗာန်'လို့ ခေါ်တာ။ ဒီလိုလည်း သိထားရမယ်နော် ...။

'မှန်လှပါဘုရား'

http://www.dhammadownload.com



ယောဂီတွေက ဝိပဿနာတရားတွေကို ကြိုးကြိုးစားစားအားထုတ်လို့ သောတာပန်တို့ သကဒါဂါမ်တို့ ဖြစ်သွားရင် ပထမနိဗ္ဗာန်ရပြီ။ အနာဂါမ် ဖြစ်သွားရင် ဒုတိယနိဗ္ဗာန်ရပြီ။ ရဟန္တာဖြစ်သွားတာဆိုရင်တော့ တတိယနိဗ္ဗာန် ရပြီလို့ ဒီလိုလည်း ပြောတတ်ကြတယ်နော်။

အမှန်ဆို နိဗ္ဗာန်ကတော့ နှစ်မျိုးပဲရှိတယ်။ 'သဉပါဒိသေသနိဗ္ဗာန်'နဲ့ 'အနုပါဒိသေသနိဗ္ဗာန်'။ စာပေဝေါဟာရတွေက လူတိုင်းနားလည်အောင် ပြောရတာမလွယ်ဘူး၊ ခက်တယ်။ ဒါကြောင့်မို့ နားလည်လွယ်တဲ့ဝေါဟာရ ကို ပြောကြဆိုကြတာ။

နောက်တစ်ခု ပြောချင်တာက နိဗ္ဗာန်ရဲ့ ထူးခြားချက် ... နိဗ္ဗာန်မှာ မဟာသမုဒ္ဒရာကြီးနဲ့တူတဲ့ ထူးခြားချက်နှစ်ခုရှိတယ်။ မဟာသမုဒ္ဒရာကြီးထဲ ကို ကောင်းကင်ပေါ်ကနေ မိုးရေတွေလည်း ကျတယ်။ မြစ်ကြီး မြစ်ငယ် အသွယ်သွယ်က ရေတွေလည်း စီးဝင်တယ်။ ဘယ်လောက်ပဲ မြစ်ရေတွေ စီးဝင်စီးဝင်၊ ဘယ်လောက်ပဲ မိုးရေတွေ ရွာချရွာချ၊ သမုဒ္ဒရာကြီးကတော့ ပြည့်သွားတယ် လျှံသွားတယ် မဆုံတော့ဘူးဆိုတာမျိုး မရှိပါဘူး တဲ့။

အဲဒီလိုပဲ နိဗ္ဗာန်ကိုစံဝင်ကြတဲ့ပုဂ္ဂိုလ်တွေဘယ်လောက်များများ နိဗ္ဗာန်က ပြည့်သွားတယ် လျှံသွားတယ် မဆံ့တော့ဘူးဆိုတာမျိုးမရှိဘူး။ အားလုံးကို လက်ခံနိုင်တဲ့ သဘာဝရှိတယ်။ ဒါက မဟာသမုဒ္ဒရာကြီးနဲ့တူတဲ့ ပထမ ထူးခြားချက်။

ဒုတိယထူးခြားချက်က မဟာသမုဒ္ဒရာကြီးကရေတွေဟာ ဆားလိုငန်တဲ့ အရသာတစ်မျိုးတည်း ရှိတယ်။ အိန္ဒိယသမုဒ္ဒရာထဲက ရေလည်း ငန်တာပဲ။ ပစိဖိတ်သမုဒ္ဒရာထဲကရေလည်းငန်တာပဲ။ အရသာက တစ်မျိုးတည်းပဲ။

အဲဒီလိုပဲ နိဗ္ဗာန်မှာလည်း ဝိမုတ္တိရသ ကိလေသာမှ လွတ်မြောက်တဲ့ အရသာ၊ သန္တိသုခ ငြိမ်းအေးတဲ့ချမ်းသာ ဒီတစ်ခုပဲရှိတယ်။ ဆိုလိုတာက

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓဘုရားပဲဖြစ်ဖြစ်၊ ပစ္စေကဗုဒ္ဓါပဲဖြစ်ဖြစ်၊ အဂ္ဂသာဝက, မဟာသာဝကပဲဖြစ်ဖြစ်၊ ရိုးရိုးပကတိသာဝကပဲဖြစ်ဖြစ် နိဗ္ဗာန်စံဝင်ပြီဆိုရင်တော့ ဝိမုတ္တိရသ သန္တိသုခကို ရတာချင်းက အတူတူပဲ။ ကွဲပြားမှုမရှိဘူး။ ဒါက နိဗ္ဗာန်ရဲ့ မဟာသမုဒ္ဒရာကြီးနဲ့တူတဲ့ ဒုတိယထူးခြားချက်ပဲ။

နောက် ဆက်ပြောချင်တာက နိဗ္ဗာန်ရောက်အောင် ဘယ်လိုလုပ်ရမှာလဲ။ ဒါနတွေ အများကြီးပြုရုံနဲ့ နိဗ္ဗာန်ရောက်နိုင်သလား။

'မရောက်နိုင်ပါဘူးဘုရား'

သီလစင်ကြယ်ရုံနဲ့ရော နိဗ္ဗာန်ရောက်ပါ့မလား။

'မရောက်နိုင်ပါဘူးဘုရား'

ဈာန်အဘိညာဉ်နဲ့သွားမယ်ဆိုရင်ရော ...။

'မရောက်နိုင်ပါဘူးဘုရား'

ဒီလိုပြောလို့ ... ဒါန, သီလ, သမထကို ပယ်တာ မဟုတ်ဘူးနော်။ နိဗ္ဗာန်ရောက်ချင်ရင် ဒါနလည်း ပြုရမယ်။ သီလလည်း စောင့်ရမယ်။ သမထလည်းပွားရမယ်။ ဒါတင်မပြီးသေးဘူး။ ဝိပဿနာပွားမှ၊ မဂ္ဂင်ရှစ်ပါး လမ်းကြောင်းကသွားမှ နိဗ္ဗာန်ကိုရောက်မယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

## ရောဟိတဿနတ်သား

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူနေစဉ်အခါက **ရောဟိတဿလို့အမည်ရတဲ့** နတ်သားတစ်ဦး ဘုရားကို လာလျှောက်တယ်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးကတော့ ဈာန်အဘိညာဉ်ရ ရောဟိတဿရသေ့ဘဝကနေ ဖြစ်လာတာမို့ ဗြဟ္မာဖြစ်

http://www.dhammadownload.com



နိုင်တယ်လို့ ယူဆတယ်။ ဒါပေမဲ့ အများခေါ်နေကျအတိုင်း နတ်သားပဲ ထားလိုက်ပါတော့။ အဲဒီရောဟိတဿနတ်သားက မြတ်စွာဘုရားကို ဘယ်လို လျှောက်သလဲဆိုတော့ ...

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ပဋိသန္ဓေမနေရ, မအိုရ, မနာရ, မသေရ, တဖန်ပြန်လည်မရွေ့လျောရတဲ့နေရာဌာနဟာ ဘယ်မှာရှိပါသလဲဘုရား။ အဲဒီနေရာရောက်အောင် ဘယ်လိုသွားရမှာလည်းဘုရား'

'ရောဟိတဿနတ်သား ... ပဋိသန္ဓေမနေရ, မအိုရ, မနာရ, မသေရ, တဖန်ပြန်လည်မရွေ့လျောရတဲ့ လောက၏အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ခြေလျင်သွားလို့လည်း မရောက်နိုင်ဘူး။ ယာဉ်အမျိုးမျိုး စီးပြီးသွားလို့လည်း မရောက်နိုင်ဘူး။ ဉာဏ်မပါတဲ့ကံလမ်းကနေသွားလို့လည်း မရောက်နိုင်ဘူး'

ယာဉ်အမျိုးမျိုးဆိုတာ ဈာန်ယာဉ်လည်း ပါတယ်။ အခုခေတ်မှာ အမြန်ဆုံးဖြစ်တဲ့ ဒုံးပျံတွေ၊ အာကာသယာဉ်တွေ လေယာဉ်ပျံတွေလည်း ပါတယ်နော်။

အဲဒီလို မြတ်စွာဘုရားရှင်က ပြန်လည်မိန့်ကြားတော်မူတယ်ဆိုရင်ပဲ ရောဟိတဿနတ်သားဟာ ဝမ်းသာအားရနဲ့ သူ့ရဲ့အဖြစ်ကို လျှောက်ထားတယ်။

'မှန်လိုက်တာဘုရား ... တပည့်တော် လူ့ဘဝတုန်းက ဈာန်တန်ခိုးတွေနဲ့ လောက၏အဆုံးကိုရောက်အောင် မနေမနားရှာခဲ့ဖူးတယ်ဘုရား။ ဒီကမ္ဘာမှာမရှိရင် နောက်ကမ္ဘာကို ပြောင်းရှာတယ်။ စကြဝဠာအနန္တကို တစ်ခုပြီးတစ်ခု ပြောင်းရှာလိုက်တာ နှစ်ပေါင်းတစ်ရာပြည့်လို့ သေတဲ့အထိ လောက၏အဆုံးကို မရောက်ခဲ့ဘူးဘုရား'

ရောဟိတဿ နတ်သားက နိဗ္ဗာန်ဆိုတဲ့ အခေါ်အဝေါ်ကိုတောင် မပြောတတ်ရှာဘူး။ ပဋိသန္ဓေမနေရ, မအိုရ, မနာရ, မသေရ, တဖန်ပြန်လည်မရွေ့လျောရတဲ့ နေရာကိုလောက၏အဆုံးလို့ ယူဆနေတာ။

http://www.dhammadownload.com



ရောဟိတဿရသေ့ရဲ့ ဈာန်တန်ခိုးကလည်း အင်မတန်ကြီးတာနော်။ သမုဒ္ဒရာဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို ခြေတစ်လှမ်းပဲ။ စကြဝဠာတစ်ခုနဲ့ တစ်ခုတောင် ခဏလေးတဲ့။ အခုခေတ်မှာ အာကာသကိုလွှတ်နေတဲ့ဒုံးပျံတွေ အဲဒီလောက်မြန်ပါ့မလား။

'မမြန်ပါဘူးဘုရား'

မမြန်ဘူးဆိုရင် လောကရဲ့အဆုံးဖြစ်တဲ့နိဗ္ဗာန်ကို ဒုံးပျံတွေ၊ လေယာဉ်ပျံတွေနဲ့လည်း သွားလို့ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

နိဗ္ဗာန်ဆိုတာ ဘုံဗိမာန်ကြီးနဲ့ တည်ရှိနေတာမှမဟုတ်ဘဲ။ ဒီလိုသွားလို့ ဘယ်ရမှာလဲ။ ဒါကြောင့်မို့ ... နိဗ္ဗာန်ကို ဘယ်လိုသွားရတယ်ဆိုတာ မြတ်စွာဘုရားရှင်က ဆက်လက်မိန့်ကြားတော်မူတယ်။

'ရောဟိတဿနတ်သား ... နိဗ္ဗာန်ကို တစ်လံမျှရှိတဲ့ ဟောဒီခန္ဓာကိုယ် အကောင်ပုပ်ကြီးထဲမှာ ရှာရမှာ။ ဒီခန္ဓာကိုယ်ထဲမှာ သင်္ခါရလောကလည်း ရှိတယ်။ သင်္ခါရလောကဖြစ်ကြောင်းလည်း ရှိတယ်။ သင်္ခါရလောကချုပ်တဲ့ အငြိမ်းဓာတ်နိဗ္ဗာန်လည်း ရှိတယ်။ သင်္ခါရလောကချုပ်ရာ နိဗ္ဗာန်ကို ရောက်ကြောင်း အကျင့်ကောင်းတွေလည်းရှိတယ်။ နိဗ္ဗာန်ကိုဉာဏ်နဲ့သွားမှ ရောက်နိုင်တာ'

ဆိုလိုတာက ... သစ္စာဆိုတာ ခန္ဓာထဲမှာပဲ ရှိတယ်။ ခန္ဓာကိုယ် အကောင်ပုပ်ကြီးမှာရှိတဲ့ရုပ်တရားနဲ့နာမ်တရားဟာ ဒုက္ခသစ္စာပဲ။ အဲဒီ ရုပ်တရား, နာမ်တရားတွေရဲ့ ဖြစ်ပျက်ကိုမြင်အောင် မဂ္ဂသစ္စာကိုပွား။ မဂ္ဂင်ရှစ်ပါးလမ်းကြောင်းကသွား။ ဉာဏ်နဲ့ သွားရမှာနော်။

http://www.dhammadownload.com



ဖြစ်ပျက်တွေများများမြင်လာရင် တွယ်တာမှုတွေ လျော့လာလိမ့်မယ်။ တွယ်တာမှုတွေလျော့တာဟာ သမုဒယသစ္စာကိုပယ်လိုက်တာပဲ။ မဂ္ဂသစ္စာကို ဆက်ပွား။ ဒါဆိုရင် ခန္ဓာကြီးကို မုန်းလာလိမ့်မယ်။ မဂ္ဂသစ္စာကိုပဲဆက်ပွားဦး။ ဖြစ်ပျက်တွေဆုံးပြီဆိုရင်တော့ **နိရောဓသစ္စာ**။ နိဗ္ဗာန်ကိုရောက်ပြီ။

အနုပါဒိသေသနိဗ္ဗာန်ကိုရောက်ပြီဆိုရင်တော့ ပဋိသန္ဓေလည်းမနေရ တော့ဘူး။ မအိုရ, မနာရ, မသေရ, တဖန်မရွေ့လျောရတဲ့လောက၏အဆုံး ကို ရောက်ပါပြီတဲ့။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့် နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ခန္ဓာထဲမှာရှိတာတော့ မဟုတ်ဘူး။ ရုပ်နာမ်ခန္ဓာနဲ့စပ်ပြီး ဖြစ်ပျက်ဆုံးတဲ့အထိကျင့်မှ ရောက်မယ်။ ဒါကို သိစေ ချင်တာ။ ရောဟိတဿနတ်သားကတော့ မြတ်စွာဘုရားရှင်ရဲ့တရားတော်ကို နာရင်းနဲ့ သောတာပန်ဖြစ်သွားတဲ့အတွက် နိဗ္ဗာန်ကိုဉာဏ်နဲ့ရောက်ဖူးပြီး သွားပြီ။ ယောဂီတွေလည်း နိဗ္ဗာန်ကိုရောက်အောင် မဂ္ဂင်ရှစ်ပါးလမ်းကြောင်း က သွားနေကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဘယ်လိုသွားရမယ်ဆိုတာ သေသေချာချာ ဂဃနဏမှ မသိဘူးဆိုရင် နိဗ္ဗာန်ကိုရောက်နိုင်ပါ့မလား။

'မရောက်နိုင်ပါဘူးဘုရား'

ရောက်ချင်ရင် လေ့လာရမှာပေါ့။ မလေ့လာဘူးဆိုရင် ကိုယ်လျှောက်တဲ့ လမ်းက မှားသွားနိုင်တယ်။ ဒို့ဘုရားအလောင်းတော်ကြီးတောင် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်တုန်းက မှားခဲ့ဖူးတယ်။ ဒို့သူငါတွေကတော့ မြတ်စွာ ဘုရားရှင်ရဲ့ ကျေးဇူးကြောင့် နိဗ္ဗာန်ကိုရောက်ချင်ရင် မဂ္ဂင်လမ်းကသွားရမယ် ဆိုတာကို သိခွင့်ရနေပြီ။ သေသေချာချာသိအောင်ပဲ လေ့လာရတော့မယ်။

http://www.dhammadownload.com



မဂ္ဂင်လမ်း။ မဇ္ဈိမပဋိပဒါလမ်းစဉ်။ အလယ်အလတ်အကျင့်။ ဝေါဟာရတွေကွဲပေမယ့် အဓိပ္ပါယ်ကအတူတူပါပဲ။ မဇ္ဈိမပဋိပဒါအကျင့်ကို မှန်မှန်ကန်ကန်ကျင့်သုံးတတ်အောင် အစွန်းရောက်တဲ့အကျင့်တွေကို အရင်သိထားဖို့လိုတယ်။ သိမှရှောင်တတ်မှာပေါ့။

## ကာမဂုဏ်ခံစားတဲ့ အကျင့်

ရှောင်ကြဉ်ရမယ့် အစွန်းနှစ်ပါးဆိုတာက လျော့လွန်းတဲ့အစွန်းနဲ့ တင်းလွန်းတဲ့အစွန်း။ ကာမသုခလ္လိကအကျင့်နဲ့ အတ္တကိလမထအကျင့်။ ကာမသုခလ္လိကအကျင့်ဆိုတာက ရှိရိုးလမ်းစဉ်။ လူအများစုနှစ်သက်ကြတဲ့ လမ်းစဉ်ပေါ့။ ခံစားတဲ့လမ်းစဉ်လို့ခေါ်တယ်။ ကာမဂုဏ်ခံစားပြီးတော့ ချမ်းသာကို ရှာကြတယ်။

အဲဒါ တရားနဲ့စစ်လိုက်တော့ လောဘအစွန်း။ ဒါဟာ စစ်မှန်တဲ့လမ်းမဟုတ်ဘူး။ လမ်းမှားပေါ့။ ဒိဋ္ဌိအနေနဲ့ ပြောမယ်ဆိုရင် သဿတဒိဋ္ဌိအားကြီးတဲ့ ပုဂ္ဂိုလ်တွေယူတဲ့ ချမ်းသာကိုချမ်းသာနဲ့ရင်းမှရတယ်လို့ ယူဆထားတဲ့အယူ။ စစ်မှန်တဲ့ချမ်းသာတော့ မရပါဘူး။ အတုအယောင်ချမ်းသာပဲရမယ်။

ဘယ်လိုဟာမျိုးလည်းဆိုတော့ တချို့ပုဂ္ဂိုလ်တွေ ကံကောင်းအောင် ကုသိုလ်တွေလုပ်တယ်။ အဲဒီကုသိုလ်ကံကြောင့် ရလာတဲ့လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို သာယာတယ်။ သာယာတယ်ဆိုတာ တဏှာလောဘ။ တဏှာက အားကောင်းလာပြီဆိုရင်တော့ စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်ပြီ။ စွဲစွဲလမ်းလမ်းဖြစ်ပြီဆိုရင် ... မရရအောင် ကာယကံ၊ ဝစီကံ၊ မနောကံတွေ

http://www.dhammadownload.com



လုပ်တော့မယ်။ ကံတွေလုပ်ရင် ဇာတိရမယ်။ ဇာတိရတော့ အို, သေပဲ ပြန်ဖြစ်တာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

စကြာဝတေးမင်းပဲဖြစ်ဖြစ်၊ နတ်မင်းပဲဖြစ်ဖြစ်၊ ဗြဟ္မာမင်းပဲ ဖြစ်ဖြစ် နောက်ဆုံးမှာသေတာပဲ။ သေရုံနဲ့မပြီးသေးဘူး။ ကုသိုလ်အရှိန်အဟုန်ကုန်လို့ အကုသိုလ် အကျိုးပေးမယ့်အလှည့်လည်းရောက်ရော ဒယ်အိုးထဲရောက်သွားတာပဲ။ အဲဒီတော့ ... သူတို့ရတဲ့ချမ်းသာဟာ ချမ်းသာစစ်လား၊ ချမ်းသာ အတုလား။

'ချမ်းသာအတုပါဘုရား'

ချမ်းသာအတုဆိုတာ ပြန်ဆင်းရဲနိုင်တယ်။ ဒါကိုပြောတာ။ ချမ်းသာတာက နည်းနည်း၊ ဆင်းရဲတာကများများ။ လူ့ဘဝ, နတ်ဘဝ ချမ်းသာခံစားတာက နှစ်ကနည်းနည်းလေးရယ်။ ငရဲကျသွားတော့ ဆင်းရဲက ကမ္ဘာနဲ့ချီပြီး ခံရတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒါ ဘာကြောင့်လဲဆိုတော့ ကာမသုခလ္လိကာနုယောဂ အစွန်းကို လိုက်ခဲ့လို့။ ပစ္စုပ္ပန်မှာ ကာမဂုဏ်တွေကို ခံစားရတုန်းကတော့ ချမ်းသာသလို လိုပဲ။ ကိုယ်စားချင်တာစားရ၊ ကိုယ်ဝတ်ချင်တာဝတ်ရ၊ ကိုယ်ခံစားချင်တာ ခံစားရတာကိုး။ ကိလေသာတွေသောင်းကျန်းပြီး သေတဲ့အခါ အပါယ်ရောက်တော့ ဆင်းရဲရတယ်။

တချို့ကျတော့ ဘယ်လိုယူဆပြန်သလဲဆိုတော့ ကာမဂုဏ်တွေကို ဝအောင်အီအောင် ခံစားလိုက်လို့ရှိရင် နောက်ဆုံးမှာ မခံစားချင်တော့ဘဲနဲ့ ချုပ်ငြိမ်းသွားလိမ့်မယ်။ ချမ်းသာသွားလိမ့်မယ်လို့ ထင်တယ်။ သေတဲ့အထိ ဝ,ပါ့မလား။

'မဝ'ပါဘူးဘုရား'

http://www.dhammadownload.com



သေတဲ့အထိကို ခင်လို့မဝ, တပ်မက်လို့မဝ, စွဲလမ်းလို့ မဝကြပါဘူး။ ဒီအသိဟာ စစ်မှန်တဲ့အသိလား၊ အသိမှားလား။

'အသိမှားပါဘုရား'

အသိမှားရင် ရမယ့်ချမ်းသာဟာလည်း အတုအယောင်ငြိမ်းချမ်းမှုနဲ့ အတုအယောင် ချမ်းသာမှုပဲ ရမယ်။ ဒါက ကာမဂုဏ် အကြမ်းစားတွေပဲ ရှိသေးတယ်။ ယောဂီတွေအနေနဲ့ကျတော့ ဒီထက်ပိုပြီးသိမ်မွေ့တာတွေကိုပါ ရှောင်ရမယ်။

တရားအားထုတ်တဲ့အခါ တချို့ယောဂီက ထိုင်တဲ့အချိန်ပဲမှတ်တယ်။ လမ်းသွားတဲ့အခါမှာမမှတ်ဘူး။ ဟိုကြည့်လိုက်, ဒီကြည့်လိုက်နဲ့။ အမှတ်တွေ လွတ်နေတယ်။ နောက်ပြီး ကွမ်းစားချင်ရတာနဲ့ ဆေးလိပ်သောက်ချင်ရတာနဲ့။ ဟိုဟာလေးလိုချင်, ဒီဟာလေးလိုချင်, ဖုန်းဆက် မှာရတာက ခဏခဏ။ အမှတ်တွေလွတ်ပြီး ကိလေသာတွေ ဝင်နေတာကို မသိဘူး။

အဲဒါ ... တရားမတက်အောင် အဝိဇ္ဇာ, တဏှာက တားနေတာ။ ထိုင်လည်းမှတ်၊ လမ်းသွားရင်လည်းမှတ်နဲ့ အမှတ်ဆက်အောင်မှတ်ရတာက ပင်ပန်းတယ်ဗျ။ တကယ်လုပ်နေတဲ့သူတွေသိတာပဲ။ အခုလို အမှတ်တွေ လွတ်ပြီး သက်သက်သာသာနေတော့ မပင်ပန်းတော့ဘူး။ အဲဒါကိုယ့်ကိုယ်ကို သက်သာခိုတာ။ ပင်ပန်းသွားမှာစိုးလို့ ညှာနေတာ။ ဒါလည်း လျော့လွန်းတဲ့ အစွန်းမို့လို့ ရှောင်ရမှာနော်။

တချို့ယောဂီကျတော့ ... လူကသာ တရားရိပ်သာမှာ။ စိတ်က အိမ်ရောက်လိုက်၊ အလုပ်ထဲရောက်လိုက်နဲ့ ကာမဂုဏ်နဲ့ပတ်သက်တာတွေပဲ စိတ်ကူးနေတယ်။ စိတ်တွေပျံ့လွင့်တယ်ဆိုတာ အကုသိုလ်ပဲဗျ။ မရှုမမှတ်ဘဲနဲ့ ဟိုသတိရ, ဒီသတိရ လုပ်နေတာဟာ ဒယ်အိုးကို သတိရနေတာနဲ့ အတူတူပဲနော်။

http://www.dhammadownload.com



'ဒယ်အိုးနဲ့ ငါနဲ့ ကွဲကွာနေတာ အတော်ကြာပြီ။ တချို့ဆိုလည်း အသက်(၆၀–၇၀)ဆိုတော့ ဒယ်အိုးနဲ့မတွေ့ရတာ အနှစ်(၆၀–၇၀)တောင် ရှိနေပြီပဲ။ သတိရလိုက်တာ။ ဒီလိုအဓိပ္ပါယ် ရောက်မသွားဘူးလား'

'ရောက်သွားပါတယ်ဘုရား'

နောက်ပြီး ပြောဦးမယ်။ တရားအားထုတ်နေတဲ့ ယောဂီတွေ တရားစခန်းက ထွက်ပြီး အိမ်ပြန်ရတော့မယ်ဆို ပျော်နေကြတာများ ထောင်ထဲက လွတ်လာသလိုပဲ။ ဒုလ္လဘဦးပဥ္စင်းတွေလည်း ဒီအတိုင်းပဲ။ လူထွက်ချင်လို့ ပြူတစ်ပြူတစ်လုပ်နေတယ်။ အဝိဇ္ဇာ, တဏှာ ဦးစီးတဲ့ ကိလေသာမီးပုံထဲ ဝင်ရမှာကိုများ ပျော်စရာလို့ထင်နေတယ်ဗျာ။ ဒုက္ခရောက်မှာကိုတော့ ထည့်မတွက်ဘူး။ ပိုးဖလံတွေလိုပဲ။

ညအခါ ဖယောင်းတိုင်မီးတို့, မီးချောင်းတို့ ထွန်းထားတဲ့အခါ ကြည့်ပါလား။ ပိုးဖလံလေးတွေဟာ တည့်တည့်ဝင်တိုးပြီးတော့ သေတာပဲ။ ကိုယ့်ရှေ့က အကောင်တွေ တဖြုတ်ဖြုတ်နဲ့သေနေတာတွေ့လည်း မကြောက်ဘူး။ အတင်းဝင်တိုးတာပဲ။ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလှပြီ။ ပုထုဇဉ်တွေနဲ့ မတူဘူးလား။

'တူပါတယ်ဘုရား'

ငါးဖြာအာရုံကာမဂုဏ်မီးတိုင်တွေကို အလုအယက်ဝင်တိုးနေကြတာ။ ပြုံးပြုံးပြုံးပြုံးနဲ့ပျော်နေတာပဲ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမယ့် အလုပ်တွေကို ကျတော့ စွဲစွဲမြဲမြဲမလုပ်ချင်ဘူး။ မလုပ်ချင်တော့ မသိဘူးပေါ့။ သစ္စာတရားတွေကို မသိရင်တော့ သံသရာကြောမျောပြီး လောဘ, ဒေါသ, မောဟနဲ့ သေရတော့မယ်။ ကိလေသာတွေနဲ့သေရင် သေခြင်းကောင်းလား၊ သေခြင်းဆိုးလား။

'သေခြင်းဆိုးပါဘုရား'

http://www.dhammadownload.com



အပါယ်လေးပါးရောက်မှာဆိုတော့ သေခြင်းဆိုးပေါ့ဗျာ။ အပါယ်လေးပါး ရောက်တဲ့အခါ ကုသိုလ်တွေရော လုပ်ခွင့်ရပါဦးမလား။

'မရတော့ပါဘူးဘုရား'

အကုသိုလ်တွေပဲ ဆက်တိုက် ဖြစ်နေမှာ။ ဒါဆို အနေဆိုးပေါ့။ အနေဆိုးနဲ့နေရင် အသေဆိုးနဲ့ သေရဦးမှာပဲ။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့်မို့လို့ အသေဆိုးနဲ့မသေချင်ရင် ငါးဖြာအာရုံကာမဂုဏ်မီးတိုင်တွေကို ဝင်တိုးရမှာလား၊ ရှောင်ရမှာလား။

'ရှောင်ရမှာပါဘုရား'

**ကာမချမ်းသာ၊ သုံးဆောင်တာ၊ ပယ်ခွာရှောင်ရမည်။**

ကာမသုခလ္လိကအကျင့်က ခန္ဓာကိုယ်ကို ညှာတဲ့လမ်းစဉ်။ စိတ်အလိုလိုက်တဲ့လမ်းစဉ်။ စိတ်ဆိုတာက ကာမဂုဏ်မှာပဲပျော်တာလေ။ သာသနာ့ဘောင်မှာ နေရမယ်။ တရားစခန်း ဝင်ရမယ်ဆို မပျော်နိုင်ဘူး။ ပြန်ရမည့်ရက်ပဲ တွက်နေတာ။ အဲဒီလို စိတ်မျိုးကိုလည်း အလိုမလိုက်ပါနဲ့တဲ့။ လျှော့လွန်းတဲ့ အစွန်းမို့လို့ ရှောင်ရမယ်။

## ကိုယ်ဝင်စန်းအောင်လှုပ်တဲ့အကျင့်

နောက်အစွန်းတစ်ခုက တင်းလွန်းတဲ့အစွန်း။ အတ္တကိလမထ အကျင့်။ ကိုယ့်ကိုယ်ကို ညှဉ်းဆဲရေးလမ်းစဉ်။

**မသုံးဆောင်ဘဲ၊ ကိုယ်ညှဉ်းဆဲ၊ ဒါလည်းရှောင်ရမည်။**

ခန္ဓာကိုယ်ကြီးတည်တံ့ဖို့အတွက်၊ တရားအားထုတ်နိုင်ဖို့အတွက် ဆွမ်းနဲ့အဟာရဖြစ်မယ့် အစားအသောက်တွေကိုစားသောက်ရမယ်။ သုံးဆောင်သင့်

http://www.dhammadownload.com



သုံးဆောင်ထိုက်တာကို မသုံးဆောင်ဘဲနဲ့ မြက်စားကျင့်တယ်။ သဲစားကျင့်တယ်။ မစင်စား ကျင့်တယ်။ မျိုးစုံပဲ စားနေကြတာ။ တချို့က ခွေးလိုစားပြီး ခွေးလိုနေတယ်။ တချို့က နွားလိုစားပြီး နွားလိုနေကြတယ်။

တချို့ကျတော့ အဝတ်အစားတွေဝတ်လို့ရှိရင် အဝတ်အစားပေါ်မှာ တပ်မက်မှာစိုးလို့အဝတ်မဝတ်ဘူး။ ကိုယ်တုံးလုံးချွတ်နေတယ်။ ကိုယ်တုံးလုံး ချွတ်နေတော့ ပိုပြီးရှက်ဖို့မကောင်းဘူးလား။

'ရှက်ဖို့ကောင်းပါတယ်ဘုရား'

တချို့ကျတော့ ရေကို ကျိုချက်ပြီးမှသောက်တယ်။ မကျိုချက်ရသေးတဲ့ ရေဆိုရင် မသောက်ဘူး။ ရေထဲမှာရှိတဲ့ပိုးမွှားလေးတွေ မိုက်ထဲပါသွားရင် ပါဏာတိပါတကံထိုက်မှာစိုးလို့ တဲ့။ ကျိုချက်လိုက်ရင်ကျတော့ ရေထဲက ပိုးမွှားတွေက မသေမှာကျနေတာပဲ။ ကြံကြံဖန်ဖန်ကို မှားနေတာ။

တစ်ယူဇနာအတွင်းမှာသတ်လို့ရှိရင် အပြစ်ရှိတယ်။ ဒီတစ်ယူဇနာရဲ့ အပြင်မှာ သတ်လို့ရှိရင် အပြစ်မရှိဘူးတဲ့။ ဘယ်နေရာမှာပဲ သတ်သတ် ပါဏာတိပါတကံပဲ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ယဇ်ပူဇော်ဖို့အတွက် သတ်ရင် အပြစ်မရှိဘူး။ ကိုယ့်ဘာသာကိုယ်စားဖို့ သတ်ရင်အပြစ်ရှိတယ်။ ယဇ်ပူဇော်တာကလည်း ကျန်တာကို သူတို့စားကြတာပဲ၊ အမျိုးမျိုးဉာဏ်နီဉာဏ်နက်နဲ့ ကလိမ်ကကျစ်လုပ်နေတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ကိုယ့်ကိုယ်ကို ညှဉ်းဆဲတာအမျိုးမျိုး ရှိသေးတယ်။ ဘာဖြစ်လို့ ညှဉ်းဆဲတာလဲ။ အတိတ်က အကုသိုလ်ကံဟောင်းတွေ ကုန်သွားအောင်

http://www.dhammadownload.com



လို့တဲ့။ အကုသိုလ်ကံတွေဟာ ဆိုးကျိုးပေးလိမ့်မယ်ဆိုတာတော့ သူတို့ သိတယ်။ အကုသိုလ်ကံတွေကုန်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သူတို့ မသိဘူး။ မသိတော့ ထင်ရာထင်ကြေးနဲ့ လျှောက်လုပ်တာ။

ယကြာချေတဲ့သဘောမျိုးပေါ့။ မီးလောင်မယ့်ဟာကို ကျိန်းကျေသွားအောင် မီးလေးနည်းနည်း ရှို့လိုက်သလိုမျိုး။ အပါယ်လေးပါးရောက်မယ့် အကုသိုလ်ကံတွေကို အခုကတည်းက ခံလိုက်မယ်။ မထိုင်နဲ့ အမြဲတမ်း မတ်တတ်ရပ်နေ။ ဒုက္ခဝေဒနာတွေကို ခံစားလိုက်လို့ရှိရင် ဆိုးကျိုးပေးမယ့် ဝဋ်ကြွေးတွေ ကုန်သွားလိမ့်မယ်လို့ ထင်တာ။

ဆူးတွေပေါ်မှာထိုင်တယ်။ ဆူးတွေပေါ်မှာအိပ်တယ်။ ဆူးစူးတဲ့ဒုက္ခကို ပေးပြီးတော့ခံတယ်။ တဏှာက ဒုက္ခပေးတယ်။ ဆူးပေါ်တက်ထိုင်ရင် တဏှာ မဖြစ်တော့ဘူး။ ဒီလိုထင်တာကိုး။ တဏှာမဖြစ်ပေမယ့် ဒေါသဖြစ်တာကိုတော့ ထည့်မတွက်ဘူး။ ဒေါသလည်းကိလေသာပဲဗျ။ တဏှာက ပြတ္တာဘုံကိုပဲ ပို့တာ။ ဒေါသကမှ ဒယ်အိုးထဲတန်းပို့တာဆိုတော့ ပိုတောင်ဆိုးသေးတယ်။

အမှန်က ... သူတို့ထင်တဲ့အတိုင်း အကုသိုလ်တွေက မကုန်ပါဘူး။ ပိုတောင်တိုးလာသေးတယ်။ လမ်းစဉ်ကိုက အမှားဆိုတော့ ရောက်တာကလည်း အမှားပေါ့။ သူတို့ထင်တာက နိဗ္ဗာန်ရောက်မယ် ထင်နေတာ။ ရောက်နေတာက အပါယ်လေးပါး။ ဆင်းဆင်းရဲရဲလည်း ကျင့်ရသေးတယ်။ သေတော့လည်း အပါယ်လေးပါးမှာ ဒုက္ခခံရဦးမယ်ဆိုတော့ အင်မတန်နစ်နာတာပဲ။

ဒါကြောင့်မို့လို့ ဆရာစစ်ဆရာမှန်နဲ့ မတွေ့လို့ရှိရင် ပစ္စုပ္ပန်မှာလည်း ဆင်းရဲမယ်။ တမလွန်မှာလည်း ဆင်းရဲပါလိမ့်မယ်။ တို့သူငါတွေလည်း

http://www.dhammadownload.com



ဆရာပေါင်းမှားခဲ့လို့ ခံခဲ့ရတဲ့ဒုက္ခတွေဟာ အသင်္ချေအနန္တ ဖြစ်နေပြီ။ ဘုရားတစ်ဆူဆူရဲ့ စကားကိုသာ နားထောင်ခဲ့မယ်ဆိုရင် နိဗ္ဗာန်ကိုရောက်နေမှာ။

ဟောတဲ့သူလည်းမိုက်ခဲ့လို့ အခုထက်ထိ ခန္ဓာကြီး ရနေတယ်။ နာတဲ့သူတွေလဲအတူတူပဲ၊ မိုက်ခဲ့လို့၊ ဆိုးခဲ့လို့ ဘုရားတရားနဲ့မတွေ့အောင်ရှောင်တတ်ပုန်းတတ်လို့ အခုဒီမှာ လူမိုက်တွေ လာဆုံနေကြတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒီဘဝမှာတော့ မမိုက်ကြနဲ့တော့။ ကာမဂုဏ်လိုက်စားတဲ့လမ်းကိုလည်း ရှောင်။ ကိုယ်ပင်ပန်းအောင်လုပ်တဲ့အကျင့်တွေကိုလည်း မကျင့်နဲ့။ မဇ္ဈိမပဋိပဒါလမ်းကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ပုဂ္ဂိုလ်မျိုးကိုသာ ဆရာတင်ပါ။ ဒါအရေးကြီးပါတယ်။

ယခုခေတ် ယခုအခါမှာ ဆရာတွေကလည်း အမျိုးမျိုးပေါ်နေတော့ ဆရာပေါင်းမမှားဖို့ အရေးကြီးတယ်။ လုပ်သမျှ ဒုက္ခပဲ။ အထွေအထူးအားထုတ်နေစရာမလိုပါဘူး။ သိ ပြီးတာပဲဆိုတဲ့ ဆရာမျိုးကလည်း ရှိသေးတယ်နော်။ ဟောတဲ့သူရော နာတဲ့သူပါ ကိလေသာတွေဟာ မကောင်းဘူးဆိုတာ သိနေတာပဲ။ သိပေမယ့် ပယ်နိုင်ရဲ့လား။

'မပယ်နိုင်ပါဘူးဘုရား'

မပယ်နိုင်လို့ ရဟန္တာမဖြစ်သေးတာပေါ့။ တို့သူငါတွေ အခုသိနေတာက လောဘ, ဒေါသ, မောဟတွေနဲ့သိနေတာပဲ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရသေးတော့ ကိလေသာစိတ်တွေက တော်ကြာရင်းဖြစ်ပြန်ပြီ၊ တော်ကြာရင်းဖြစ်ပြန်ပြီ။ ခဏခဏဖြစ်နေတာ။

ဒါကို သဒ္ဓါတရားနဲ့ ထိန်းပြီး ဝိပဿနာဉာဏ်နဲ့ အခိုက်အတန့်လေး

http://www.dhammadownload.com



ပယ်နေရတာ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမှ ကိလေသာတွေကို သူ့အဆင့်နဲ့သူ အမြစ်ပြတ်ပယ်နိုင်မှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဖြတ်လမ်း မလိုက်ကြနဲ့နော်။ စိတ်ကိုအလိုလိုက်ရင်လဲ အမှားပဲ။ စိတ်ကိုအတင်းဖိနှိပ်ချုပ်ချယ်ရင်လည်း အမှားပဲ။ ကိုယ့်ကိုယ်ကိုညှဉ်းဆဲရေးလမ်းစဉ်။ အတ္တကိလမထအကျင့် ဖြစ်သွားမယ်။

ကာမသုခလ္လိကအကျင့်လမ်းက တဏှာလမ်း။ အတ္တကိလမထအကျင့်က ဒေါသလမ်း။ ဒီအစွန်းလမ်းနှစ်လမ်းကိုရှောင်ပြီး မဇ္ဈိမပဋိပဒါလမ်းလို့ခေါ်တဲ့ မဂ္ဂင်ရှစ်ပါးအကျင့်ကိုကျင့်မှ သစ္စာဝါဒရဲ့အနှစ်သာရကိုရမှာ။

မနက်ဖြန်မှ မဂ္ဂင်ရှစ်ပါးအကျင့်ကို ဆက်ဟောမယ်။ ဒီနေ့တော့ … ဆောင်ပုဒ်လေးဆိုပြီး တရားသိမ်းကြစို့။

**ကာမချမ်းသာ၊ သုံးဆောင်တာ၊ ပယ်ခွာရှောင်ရမည်။**
**မသုံးဆောင်ဘဲ၊ ကိုယ်ညှဉ်းဆဲ၊ ဒါလည်းရှောင်ရမည်။**
**အစွန်းနှစ်သွယ်၊ လမ်းမှားပယ်၊ အလယ်လမ်းမှန်သည်။**
**လမ်းမှန်ကိုလျှောက်၊ ဉာဏ်မြင်ပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်။**

**ဈာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ၊**
**မာ ပစ္ဆာ ဝိပဋိသာရိနော အဟုဝတ္ထ၊**
**အယံ ဝေါ အမှာကံ အနုသာသနီ။**

**သာရဝေါ–နှလုံးပျော့ပျောင်း၊ အို သူတော်ကောင်းတို့၊ ဈာယထ–** ရှုကြကုန်လော့, မှတ်ကြကုန်လော့, ပွါးများအားထုတ်ကြကုန်လော့၊ **မာ ပမာဒတ္ထ–**မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြကုန်နှင့်။

http://www.dhammadownload.com



**ပဏ္ဍာ** – အခွင့်ကောင်း လွန်ပြီးသော နောင်အခါကာလ၌၊ **ပဏ္ဍာ**– အိပ်ရာညောင်စောင်း လဲလျောင်းရာဖြင့် သေလွန်ခါနီးသော နောင်အခါ ကာလ၌၊

**ဝိပဋိသာရိနော**–ရှေးယခင်အခါက အားမထုတ်ခဲ့ရလေခြင်းဟူ၍၊ ရှေးယခင်အခါက မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေရသည်အထိ အားမထုတ်ခဲ့ရ လေခြင်း ဟူ၍ နှလုံးမသာယာခြင်းသည်၊

**မာ အဟုဝတ္ထ** – မဖြစ်ကြပါစေနှင့်၊ **အယံ** – ဤကဲ့သို့ သတိပေးရ ခြင်းသည်၊ **ဝေါ**–သင်သူတော်ကောင်း အပေါင်းတို့အား၊ **အမှာကံ**– အဆူဆူထွက်ထား မြတ်ဘုရားတို့၏၊

**အနုသာသနီ**–အဆုံးအမဖြစ်ပါပေ၏၊ **အနုသာသနီ**–လိုအင်နှုန်းပြ ထုံးအရဖြင့် သုံးကြပါစေ, ဆုံးမတော်မူချက်ပါပေတည်း။

**သာဓု ... သာဓု ... သာဓုပါဘုရား။**

http://www.dhammadownload.com

# သစ္စာဝါဒ၏အနှစ်သာရ

## (တတိယပိုင်း)

သစ္စာဝါဒ၏အနှစ်သာရရှေ့ပိုင်းကို အကျယ်တဝင့်ဟောပြီးသွားပြီ။ မနေ့က သစ္စာဝါဒ၏အနှစ်သာရ နောက်ပိုင်းကိုဟောခဲ့တယ်။ မပြီးသေးလို့ ကျန်တာကို ဒီကနေ့ဆက်ဟောမှာ။ ဘယ်အပိုင်းကိုဟောမယ်ပြောခဲ့တုံး။ မှတ်မိတဲ့သူက ဖြေကြည့်ပါဦး။

'မဂ္ဂင်ရှစ်ပါးအကျင့်ကိုဟောမယ်လို့ မိန့်ခဲ့ပါတယ်ဘုရား'

## မဂ္ဂင်ရှစ်ပါးအကျင့်

ဟုတ်တယ်။ ဒီကနေ့ မဂ္ဂင်ရှစ်ပါးအကျင့်ကို အကျယ်ချဲ့ပြီး ဟောမှာ။ သစ္စာဝါဒရဲ့အနှစ်သာရကိုရဖို့ ကျင့်ရမယ့်မဂ္ဂင်ရှစ်ပါးအကျင့်ကို နည်းနည်း ဆန်းစစ်ကြည့်ရအောင်...။

အရိယသစ္စာလေးပါးမှာ ဒုက္ခသစ္စာ–ဆင်းရဲခြင်းအမှန်တရား။ ဒါက သိရမယ့်တရားဆိုတာကိုရှင်းပြခဲ့ပြီးပြီ။ သမုဒယသစ္စာ– ဆင်းရဲဖြစ်ကြောင်း အမှန်တရား။ ဒါက ပယ်ရမယ့်တရား ဆိုတာကိုလည်း ရှင်းပြခဲ့ပြီးပြီ။

http://www.dhammadownload.com



နိရောဓသစ္စာ–ဆင်းရဲငြိမ်းခြင်းအမှန်တရား။ ဒါက ဆိုက်ရောက်ရမယ့်တရား, မျက်မှောက်ပြုရမယ့်တရားဆိုတာကိုလည်း ရှင်းပြခဲ့ပြီးပြီ။

အခုရှင်းပြမှာက ... မဂ္ဂသစ္စာ – ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်းအကျင့်လမ်းအမှန်တရား၊ ပွားများရမယ့်တရား၊ ကျင့်ရမယ့်တရား ဒါကိုရှင်းပြမှာ။ အရေးအကြီးဆုံးအပိုင်းလို့ ဆိုနိုင်တယ်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားထားတာတွေထဲက ထုတ်နုတ်ပြီးဟောရမှာပဲ။ ဉာတပရိညာပိုင်းရော, တီရဏပရိညာပိုင်းပါတွဲဟောမှ ယောဂီတွေ လက်တွေ့ကျင့်တဲ့အခါ ရှင်းရှင်းလင်းလင်း ပိုသဘောပေါက်မယ်။

ကဲ ... မဂ္ဂင်ရှစ်ပါး အကျင့်ပိုင်းကို စ,ပြောကြရအောင်... မဂ္ဂင်နဲ့ မဂ္ဂအတူတူပါပဲ။ မဂ္ဂင်ဆိုတာ နိဗ္ဗာန်ရောက်စေတတ်တဲ့တရား၊ မဂ္ဂင်တရား။ မဂ္ဂဆိုတာကလည်း နိဗ္ဗာန်ရောက်စေတတ်တဲ့တရား၊ မဂ်တရား။ ဒီလိုအဓိပ္ပါယ်။ မဂ္ဂင်က အစိတ်အပိုင်းတစ်ခုချင်းတစ်ခုချင်းကို ဆိုလိုတယ်။ မဂ္ဂကျတော့ အစိတ်အပိုင်းအားလုံးကို ပေါင်းစုပြီးခေါ်တာ။

သစ္စာက မဖောက်မပြန် မှန်ကန်တယ်။ ဘယ်တော့မှ မမှားဘူး။ အမြဲတမ်းမှန်တယ်။ ဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါးဆိုတာကလည်း နိဗ္ဗာန်ကို ရောက်စေတတ်တဲ့တရား၊ မဂ္ဂသစ္စာဆိုတာကလည်း နိဗ္ဗာန်ကိုရောက်စေတတ်တဲ့အမှန်တရား၊ ကျင့်ရမယ့်တရား ပွားရမယ့်တရား အတူတူပဲ။

ဓမ္မစကြာတရားကို မြတ်စွာဘုရားမဟောခင်ကဆိုရင် မဂ္ဂင်ရှစ်ပါးအကျင့်ကို ဘယ်သူမှ မသိကြဘူး။ ဈာန်သမာပတ်(၇)ပါးရတဲ့ အာဠာရရသေ့ကြီးလည်း မသိဘူး။ ဈာန်သမာပတ်(၈)ပါးလုံးကို ရနေတဲ့ ဥဒကရသေ့ကြီးလည်း မသိဘူး။ ရှေ့ကမ္ဘာ(၄၀) နောက်ကမ္ဘာ(၄၀)ကို မြင်နိုင်တဲ့ ဒေဝီလရသေ့ကြီးတောင် မသိဘူး။ ဒါကြောင့်မို့ ဒီရသေ့ကြီး

http://www.dhammadownload.com



တွေဟာ ဝိပဿနာဉာဏ်တောင်မရခဲ့ကြဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကတော့ ဝေးရောပဲ။

ဆိုလိုတာက သမာဓိတွေ ဘယ်လောက်ကောင်းကောင်း၊ ဈာန် အဘိညာဏ်တွေဘယ်လောက်ရရ၊ မဂ္ဂင်ရှစ်ပါးအကျင့်ကိုမသိဘူး။ မကျင့်ဘူးဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူး။ ဒါကို သိစေချင်တာ။ မဂ္ဂင်ရှစ်ပါးဖြစ်ပွားစေတဲ့အကျင့်ဆိုတာ သီလ, သမာဓိ, ပညာ အကျင့်ပါပဲ။

သီလကို ရိုရိုသေသေကျင့်ရင် **သမ္မာဝါစာ** – မှန်စွာပြောခြင်း၊ **သမ္မာကမ္မန္တ**–မှန်စွာပြုခြင်း၊ **သမ္မာအာဇီဝ**–မှန်စွာအသက်မွေးခြင်းဆိုတဲ့ **သီလမဂ္ဂင်သုံးပါး** ဖြစ်ပွားတယ်။

သမာဓိဘာဝနာကို အားထုတ်ရင် **သမ္မာဝါယာမ**–မှန်စွာအားထုတ်ခြင်း၊ **သမ္မာသတိ**–မှန်စွာအမှတ်ရခြင်း၊ **သမ္မာသမာဓိ**–မှန်စွာ စူးစိုက်တည်ကြည်ခြင်းဆိုတဲ့ **သမာဓိမဂ္ဂင်သုံးပါး** ဖြစ်ပွားတယ်။

ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်ရင်တော့ **သမ္မာဒိဋ္ဌိ** – မှန်စွာမြင်ခြင်း၊ **သမ္မာသင်္ကပ္ပ**–မှန်စွာကြံခြင်းဆိုတဲ့ **ပညာမဂ္ဂင်နှစ်ပါး** ဖြစ်ပွားတယ်။

ဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားစေချင်ရင် သီလ, သမာဓိ, ပညာဆိုင်ရာအကျင့်တွေကို ကျင့်သုံးပွားများအားထုတ်ရမယ်။ အဲဒီလိုကျင့်သုံးတဲ့ သာသနာမှာသာ သောတာပန်လည်း ရှိနိုင်တယ်။ သကဒါဂါမ်လည်း ရှိနိုင်တယ်။ အနာဂါမ်လည်း ရှိနိုင်တယ်။ ရဟန္တာလည်း ရှိနိုင်တယ်။ ဒါ မြတ်စွာဘုရားရှင်ကိုယ်တိုင် ပရိနိဗ္ဗာန်စံခါနီးမှာ သုဘဒ္ဒပရိဗိုဇ်ကို ဟောကြားတော်မူခဲ့တာ။

ယောဂီတွေအနေနဲ့ ဒါကိုပြောင်းပြန်နားလည်ရမှာက မဂ္ဂင်ရှစ်ပါးအကျင့်ကို မကျင့်ဘူး ဆိုရင်တော့ ... သောတာပန်လည်း မဖြစ်နိုင်ဘူး။

http://www.dhammadownload.com



သကဒါဂါမ်လည်းမဖြစ်နိုင်ဘူး။ အနာဂါမ်လည်းမဖြစ်နိုင်ဘူး။ ရဟန္တာလည်း မဖြစ်နိုင်ဘူး။ ဒီလို သိရမှာနော်။

ဝိပဿနာ အားထုတ်နေတဲ့အချိန်မှာ သီလမင်္ဂင်သုံးပါးက ပါတယ် ဆိုပေမယ့် ပြည့်စုံမှုတော့ မရှိသေးဘူး။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတော့မှ မင်္ဂင်ရှစ်ပါးကပြည့်စုံသွားတာ။ ယောဂီတွေအနေနဲ့ကတော့ (၈)ပါးသီလကို မကျိုးမပေါက်အောင် စောင့်ထိန်းလိုက်တာနဲ့ သီလမင်္ဂင်သုံးပါးက စောင့်ထိန်း ပြီးသား ဖြစ်သွားပြီ။

တရားအားထုတ်နေတဲ့အချိန်မှာ ငါးပါးသီလပဲယူပြီး၊ ပေါ့ပေါ့ဆဆ မလုပ်နဲ့။ ရှစ်ပါးသီလနဲ့ အားထုတ်။ ဘာဖြစ်လို့လဲဆိုတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမယ် မရဘူးဆိုတာ အတိအကျပြောလို့မရဘူး။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရသော်လည်းဘဲ သီလ, သမာဓိ ကုသိုလ်တွေ အများကြီး ပါ သွားတော့ မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

သီလကို ငါးပါးစောင့်တာနဲ့ ရှစ်ပါးစောင့်တာ ဘယ်သူက ကုသိုလ်ပိုရ သလဲ။

'ရှစ်ပါးစောင့်တာက ပိုရပါတယ်ဘုရား'

အဲဒါကိုဆရာတော်ကြီးတွေကသိလို့ ရှစ်ပါးသီလပေးတာ၊ အလကား သက်သက်ပေးတာမဟုတ်ဘူး၊ ငါးပါးစောင့်လည်းရတာပဲဆိုတာ အလွယ် ကြိုက်တာ၊ အလွယ်ကြိုက်တဲ့သူတွေ နောက်ကျတော့ လွဲကုန်ရော။ ငါးပါး သီလက ကိုယ့်ဘာသာကိုယ် အိမ်မှာစောင့်လည်းရတာပဲ။ တရားအားထုတ် တဲ့အခါ ရှစ်ပါးသီလစောင့်။ ညစာမစားလို့ မသေဘူး။ ဖျော်ရည်သောက် ရတာပဲ။

http://www.dhammadownload.com



ညစာမစားတော့ သွားရ, လာရ, စားရ, သောက်ရတဲ့အချိန်လည်း မကုန်ဘူး။ တရားအားထုတ်ဖို့အချိန် ပိုရတယ်။ ထမင်းဆိပ်တက်ပြီး အိပ်ချင်တာ၊ အိပ်ငိုက်တာမျိုးလည်းမဖြစ်ဘူး။ ဒါကြောင့်မို့ တရားအားထုတ်တဲ့အချိန်မှာ ရှစ်ပါးသီလနဲ့အားထုတ်။ ဒါမှတရားမြန်မြန်ရမှာ။

တရားရဖို့အတွက် သီလကလည်း အရေးကြီးတယ်နော် သူတော်ကောင်းတို့ ...။ သီလဖြူစင်တဲ့ပုဂ္ဂိုလ်တွေ ကိုယ့်သီလလေး ကိုယ်ပြန်နှလုံးသွင်းလိုက်ရင် ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။ စိတ်ကဝမ်းမြောက်ဝမ်းသာဖြစ်ရင် သမာဓိလည်းမြန်မြန်ရတယ်။ သမာဓိရရင် ဝိပဿနာဉာဏ်တွေဖြစ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် မြန်မြန်ရနိုင်တာပေါ့။

အဲဒီလိုမဟုတ်ဘဲနဲ့ကိုယ်ကသီလပျက်နေရင် ကိုယ့်ကိုယ်ကိုမကြည်ညိုတော့ဘူး။ တရားအားထုတ်ဆဲကာလမှာ သီလပျက်နေရင်လည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်တောင် မရနိုင်တော့ဘူး။ ဒါကြောင့်မို့ ... သီလမဂ္ဂင်သုံးပါးအကြောင်းကို နည်းနည်းလောက်တော့ပြောဦးမှ။ သိပြီးသားယောဂီတွေကတော့ နာဖူးထပ်မံပေါ့ ...။

သမ္မာဝါစာဆိုတာ ယောဂီအချင်းချင်း စကားတွေပြောခိုင်းတာ မဟုတ်ဘူးဗျ။ တရားပြတဲ့ဆရာသမားကို တရားလျှောက်တဲ့အခါ လိမ်ညာပြီးမပြောဘဲနဲ့ မှန်မှန်ကန်ကန်လျှောက်ခိုင်းတာ။ နောက်တစ်ချက်က မကောင်းတဲ့ပြောဆိုမှုတွေကို ရှောင်ကြဉ်ခိုင်းတာ။ မကောင်းတဲ့ပြောဆိုမှုဆိုတာက...

(၁) **မုသာဝါဒ** ဆိုတဲ့ လိမ်လည်ပြောဆိုခြင်း၊

(၂) **ဖရုသဝါစာ** ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်း၊

(၃) **ပိသုဏဝါစာ** ကုန်းချောတဲ့စကားကို ပြောဆိုခြင်း၊

(၄) **သမ္ဖပ္ပလာပ** အကျိုးမရှိတဲ့စကား,ယုတ်ညံ့တဲ့စကားကိုပြောဆိုခြင်း၊ ဒီလေးမျိုးကိုရှောင်ခိုင်းတာ။ တရားအားထုတ်တဲ့အခါမှာ စကားမပြောဘဲနေတာကတော့ အကောင်းဆုံးပဲ။ စကားပြောရင် သမာဓိပျက်တယ်။

http://www.dhammadownload.com



ဝစီပိတ်ကျင့်ရမယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်၊ အစွန်းရောက်သွားဦးမယ်။ တရားလျှောက်တဲ့အခါနဲ့ နေထိုင်မကောင်းတာတို့၊ အကြောင်းကြီးငယ် ရှိတဲ့ အခါတို့ မှာတော့ ပြောရမှာပေါ့။ ခြေဟန်လက်ဟန်နဲ့ အအ,လို လုပ်မနေနဲ့ ....။

သမ္မာကမ္မန္တ က,တော့ ကာယကံကို ထိန်းသိမ်းလိုက်တာ။

(၁) **ပါဏာတိပါတာ**–သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

(၂) **အဒိန္နာဒါနာ** – သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း

(၃) **ကာမေသုမိစ္ဆာစာရာ** – ကာမဂုဏ် မှားယွင်း ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း။

ဒီကာယဒုစရိုက်သုံးပါးကိုရှောင်လိုက်ရင် သမ္မာကမ္မန္တဖြစ်သွားတာပဲ။ ယောဂီကတော့ အဗြဟ္မစရိယာ – မမြတ်သော မေထုန်အကျင့်ကိုပါ ရှောင်ကြဉ်ရမှာနော်။

'မှန်လှပါဘုရား'

**သမ္မာအာဇီဝ** – မှန်စွာအသက်မွေးခြင်းဆိုတာက အသက်မွေးမှုနဲ့ စပ်ပြီးတော့ စီးပွားဥစ္စာရအောင်လို့ သူတစ်ပါးကိုသတ်ရတယ်၊ ခိုးရတယ်၊ လိမ်ရတယ်၊ ဒီလိုစီးပွားရှာပြီး အသက်မွေးတာကို မိစ္ဆာအာဇီဝလို့ခေါ်တယ်။ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး– ဒုစရိုက် (၇)ပါးနဲ့ စီးပွားရှာ အသက်မွေးတဲ့ မိစ္ဆာအာဇီဝကိုရှောင်ပြီး အသက်မွေးတာကို **သမ္မာအာဇီဝ** လို့ ခေါ်တယ်။

အရောင်းအဝယ်လုပ်ငန်းနဲ့ စီးပွားရှာအသက်မွေးတဲ့ပုဂ္ဂိုလ်တွေကတော့ မရောင်းကောင်းတဲ့ ကုန်စည်(၅)မျိုးကိုရှောင်မှ သမ္မာအာဇီဝဖြစ်မှာနော်။ ဒါလည်းသိထားဖို့လိုတာပဲ။ အရောင်းအဝယ်မလုပ်ကောင်းတဲ့ ကုန်စည် (၅)မျိုးက–

http://www.dhammadownload.com



(၁) လက်နက်ရောင်းခြင်း၊
(၂) ပြည့်တန်ဆာ၊ အခိုင်းအစေ၊ ဆင်, မြင်း, ကျွဲ, နွားစတဲ့ အစေခံ သတ္တဝါတွေကို ရောင်းခြင်း၊
(၃) ကြက်, ဝက်စတဲ့ အသားစားတိရစ္ဆာန်တွေကို ရောင်းခြင်း၊
(၄) အရက်, ဘီယာ မူးယစ်ဆေးဝါးရောင်းခြင်း နဲ့
(၅) အဆိပ်နဲ့ ကိုယ်ဝန်ပျက်ဆေး ရောင်းခြင်း။

ဒီ(၅)မျိုးကို အရောင်းအဝယ်လုပ်ပြီး အသက်မွေးရင် မိစ္ဆာအာဇီဝ။ သတိပေးထားချင်တာက ယောဂီတွေအနေနဲ့ အခုလိုတရားအားထုတ်နေတဲ့ အချိန်မှာ အရင်က မိစ္ဆာအာဇီဝနဲ့ အသက်မွေးခဲ့တာကိုပြန်တွေးပြီး နောင်တရ ပူပန်မနေကြနဲ့။ လူပုဂ္ဂိုလ်တွေအနေနဲ့က အရင်တုန်းက မိစ္ဆာအာဇီဝနဲ့ အသက်မွေးခဲ့ပေမယ့် တရားအားထုတ်တဲ့အချိန်မှာ သီလလည်းလုံမယ်။ ဆရာသမား ညွှန်ကြားတဲ့အတိုင်းလည်း ကြိုးစား အားထုတ်မယ်ဆိုရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်က ရမှာပဲ။

အဲဒီလိုပြောလို့ တရားအားမထုတ်ခင်ကာလမှာ သီလလုံဖို့မလိုဘူး။ ဒီလိုလည်း မယူလိုက်နဲ့ဦးနော် ...။ အစွန်းရောက်သွားဦးမယ်၊ သီလက စင်ကြယ်လေ ကောင်းလေပဲ။ သီလစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက် နေတဲ့နေရာမှာ တချို့ယောဂီတွေ သီလမကျိုးအောင် ဂရုစိုက်ပြီးစောင့်ထိန်း နေပါလျက်နဲ့ တစ်ခါတလေ မထင်မှတ်ဘဲ သီလကျိုးသွားတာမျိုး ဖြစ်တတ် တယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ သီလကျိုးရကောင်းလားဆိုပြီး ဝမ်းနည်း ပက်လက်နဲ့မျက်ရည်ကျတတ်တယ်။ ကိုယ်က သီလမကျိုးအောင်စောင့်ထိန်း ချင်ပေမယ့် သတိပညာအားနည်းနေသေးတော့ အမှတ်မထင် ကျိုးသွားတတ် တာပဲ။ ပူဆွေးနောင်တရနေမယ့်အစား သီလပြန်ယူလိုက်ရင် မရဘူးလား။

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ဝမ်းနည်းပြီး မျက်ရည်ကျနေရုံနဲ့ သီလက စင်ကြယ်လာနိုင်ပါ့မလား'

'မစင်ကြယ်နိုင်ပါဘူးဘုရား'

သတိထားပြီး စောင့်ထိန်းနေတဲ့ကြားက မစင်ကြယ်ဘူးထင်ရင် နောက်တစ်ခါ ပြန်ဆောက်တည်ပေါ့။ ဒီလိုလုပ်ရမှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ယောဂီအသစ်တွေ သတိထားဖို့ ပြောနေပါတယ်။ နောက်တစ်ခုက မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအောင် အားထုတ်မယ်ဆိုတဲ့ ယောဂီဆိုတာ **ဣန္ဒြိယ သံဝရသီလ**ကိုလည်း စောင့်ထိန်းဖို့လိုတယ်။

**ဣန္ဒြိယသံဝရသီလ**ဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေ(၆)ပါးကို ကိလေသာဖြစ်ခွင့်မရအောင် စောင့်စည်းတဲ့ အကျင့်။ ကမ္မဋ္ဌာန်းအားထုတ်မှုကိုလည်း တိုးတက်စေတယ်။ အကုသိုလ် မဖြစ်အောင်လည်း တားဆီးတယ်။ သတိတရားနဲ့ စောင့်ထိန်းရတယ်။ ဥပမာအားဖြင့် မျက်စိစောင့်ရှောက်နည်းကို ပြောမယ်။

**မမြင်ရတဲ့ခါ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်။**

**မြင်ရတဲ့ခါ၊ ကိလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်။**

အဲဒီတော့ ... အတတ်နိုင်ဆုံး မမြင်အောင်နေ။ တမင်တကာ လျှောက်ကြည့် မနေနဲ့။ တောသားမြို့ရောက်သလို ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေလို့ကတော့ ကိုယ်သဘောကျတဲ့အာရုံကိုမြင်ရင် လောဘဖြစ်မယ်။ သဘောမကျတဲ့ မနှစ်သက်တဲ့ အာရုံကိုမြင်ရင် ဒေါသဖြစ်မယ်။ ပင်ပင်ပန်းပန်း ထူထောင်ထားတဲ့ သမာဓိတွေလည်း ကျသွားမှာပဲ။

ဒါကြောင့်မို့ ယောဂီဆိုတာ မျက်လွှာကိုချထား။ သွားလာတဲ့အခါ တစ်လံ(၆–ပေ)လောက်ပဲ ရှေ့ကိုကြည့်။ မလွှဲသာလို့ မြင်ရတဲ့အခါမျိုး

http://www.dhammadownload.com



မှာတောင် လောဘလည်း မဖြစ်စေနဲ့။ ဒေါသလည်း မဖြစ်စေနဲ့။ ဖြစ်လာရင်လည်း ရှုမှတ်ပစ်။ ယောဂီအသစ်တွေကို အများဆုံးဒုက္ခပေးတာ တောင်ကြည့် မြောက်ကြည့် ကြည့်တတ်တဲ့မျက်စိရယ်၊ စကားပြောတတ်တဲ့ ပါးစပ်ရယ်၊ ဟိုတွေးဒီတွေးနဲ့ ဂနာမငြိမ်တဲ့စိတ်ရယ် ဒီသုံးခုပဲ၊ ကျန်တဲ့သုံးခုက ဒုက္ခပေးတာ နည်းတယ်။

မျက်စိကိုစောင့်ရှောက်တဲ့နေရာမှာတော့ စိတ္တဂုတ္တမထေရ်က စံနမူနာပဲ၊ တတ်နိုင်သလောက် အတုယူကြ။

အဲဒီလို မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်းမှာ လောဘမဖြစ်အောင် ဒေါသမဖြစ်အောင် သတိနဲ့စောင့်ထိန်းတာဟာ ဣန္ဒြိယသံဝရသီလပဲ။ လူဝတ်ကြောင်တွေအနေနဲ့ သီလမဂ္ဂင်သုံးပါးက ဒီလောက်ဆိုလုံလောက်ပြီ။ သမာဓိမဂ္ဂင်သုံးပါးအကြောင်း ဆက်ပြောရအောင်...။

## သမာဓိမဂ္ဂင်သုံးပါး

ဝိပဿနာအားထုတ်နေတဲ့အချိန်မှာ တကယ်တမ်း အလုပ်လုပ်နေတာက သမာဓိမဂ္ဂင်သုံးပါးနဲ့ ပညာမဂ္ဂင်နှစ်ပါး။ ကာရကမဂ္ဂင်ငါးပါးလို့လည်း ခေါ်တယ်။ အခု သမာဓိမဂ္ဂင်သုံးပါးထဲက သမ္မာဝါယာမမဂ္ဂင်အကြောင်း အရင်ပြောရအောင်။

ပုထုဇဉ်တွေဟာ များသောအားဖြင့် မိစ္ဆာဝါယာမပဲအဖြစ်များတယ်။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ အရေးပေါင်းစုံအတွက် နေ့ရော ညရော မအားကြဘူး။ ဝါတွင်းလည်း မအားဘူး။ သကြိန်တွင်းလည်း မအားဘူး။ အသက်ငယ်တဲ့သူတွေက ပျော်ဖို့ပါးဖို့အလုပ်တွေရှုပ်နေသလို အသက်ကြီးတဲ့

http://www.dhammadownload.com



သူတွေကလည်း အိမ်စောင့်နေရလို့ မြေးထိန်းနေရလို့ မအားကြဘူး။ အဲဒီလို နေ့ရောညပါ မအားနိုင်လောက်အောင် လုပ်နေတဲ့ လုံ့လဝီရိယမျိုးကတော့ မိစ္ဆာဝါယာမပေါ့။ နိဗ္ဗာန်ရောက်ကြောင်းလုပ်တာမှမဟုတ်ဘဲ။ သံသရာလည် ကြောင်း လုပ်နေကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

**သမ္မာဝါယာမဆိုတာက ဘယ်လိုဝီရိယမျိုးလည်းဆိုတော့ ...**

(၁) မဖြစ်ဖူးသေးတဲ့အကုသိုလ်တွေဖြစ်ပေါ်မလာအောင် ဆောင်ရွက် တဲ့ ဝီရိယမျိုး၊

(၂) ဖြစ်ပြီးတဲ့ အကုသိုလ်တွေ နောက်ထပ်မဖြစ်အောင် ဆောင်ရွက်တဲ့ ဝီရိယမျိုး၊

(၃) မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ပေါ်လာအောင် ဆောင်ရွက်တဲ့ ဝီရိယမျိုး၊

(၄) ဖြစ်ပြီးတဲ့ ကုသိုလ်တွေ တည်တံ့အောင်, တိုးတက်အောင် ဆောင် ရွက်တဲ့ ဝီရိယမျိုး...

အကုသိုလ်အတွက် နှစ်မျိုး၊ ကုသိုလ်အတွက်နှစ်မျိုး၊ ပေါင်းလေးမျိုး။ သမ္မပ္ပဓာန်လေးပါးလို့လည်း ခေါ်တယ်။ အကုသိုလ်ဆိုတာ မဂ်, ဖိုလ်, နိဗ္ဗာန် ရဖို့ အတွက် ပိတ်ပင်တားဆီးတယ်။ ဒါကြောင့်မို့ မဂ်, ဖိုလ်, နိဗ္ဗာန်ကို လိုလားတဲ့ ပုဂ္ဂိုလ်တိုင်းဟာ မကောင်းမှုအကုသိုလ်တွေ မလုပ်မိအောင် တတ်နိုင်သမျှ ရှောင်ကြဉ်ရမယ်။ မဂ်, ဖိုလ်, နိဗ္ဗာန်တော့ လိုချင်တယ် အကုသိုလ်ကျတော့ မရှောင်ဘူးဆိုရင် ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

http://www.dhammadownload.com



အကုသိုလ်ကို ရှောင်ဖို့ဆိုတာ ပါးစပ်နဲ့ ပြောတော့သာ လွယ်တာ။ တကယ့်လက်တွေ့မှာကျတော့ မလွယ်လှဘူး။ သူများအသက် မသတ်ဖို့ ဆိုရင် အကောင်အကြီးကြီးတွေတော့မသတ်ပါဘူး။ ခြင်တွေ, ပုရွက်ဆိတ် တွေ, ကြမ်းပိုးတွေ သန်းတွေ ပိုးဟပ်တွေကျတော့ မရှောင်တာကများတယ်။ ကိုယ့်လာကိုက်ရင် သတ်ပစ်လိုက်တာပဲ။ သူများပစ္စည်းကိုလည်း သူများအိမ် ပေါ်တော့ တက်မခိုးပါဘူး။ ဒါပေမဲ့ အရောင်းအဝယ် လုပ်ကြတဲ့အခါ အလေးချိန်မပြည့်တာတွေ အရေအတွက်မမှန်တာတွေ အမျိုးမျိုးလုပ်နေကြ တာပဲ။

သူများသားမယား မပြစ်မှားဖို့ဆိုတာကလည်း အခုခေတ်အခုအခါမှာ သိပ်အလေးမထားကြတော့ဘူး။ မုသားဝါဒကတော့ထမင်းစား ရေသောက် ဖြစ်နေပြီ။ အကုသိုလ်လို့တောင်မထင်တော့ဘူး။ မုသားမပါလက်ာမချောတဲ့။ အရက်တွေဘီယာတွေဆိုတာကလည်း ယောကျ်ားတွေတင်မဟုတ်တော့ဘူး။ မိန်းမတွေတောင် သောက်နေကြပြီ တဲ့။

ဒီလို အကုသိုလ်မျိုးတွေဟာ ဒီနေ့မဖြစ်သေးပေမယ့် နောက်နေ့မှာ ဖြစ်လာနိုင်တယ်။ ဒီနှစ်မှာ မဖြစ်သေးပေမယ့် နောက်နှစ်မှာဖြစ်လာနိုင်တယ်။ အဲဒီတော့ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ ဖြစ်ပေါ်မလာအောင် ငါ တရားအားထုတ်မှပဲဆိုပြီး ဝိပဿနာတရားတွေကို အားထုတ်မယ်ဆိုရင် ရှုမှတ်တိုင်း ရှုမှတ်တိုင်း သမ္မာဝါယာမမဂ္ဂင်တွေဖြစ်နေတယ်။ ဒီလိုယူရမှာ နော်။

ဖြစ်ပြီးသားအကုသိုလ်တွေအတွက် ဝမ်းနည်းပူဆွေး နောင်တရနေမယ် ဆိုရင် အကုသိုလ်တွေ ထပ်တိုးရုံပဲရှိမယ်။ ရဟန္တာမှမဟုတ်ဘဲ ကိလေသာ တွေက ရှိနေတော့ အကုသိုလ်က လုပ်မိမှာပဲ။ ကိုယ်တစ်ယောက်တည်း

http://www.dhammadownload.com



လုပ်မိတာ မဟုတ်ဘူး။ ရဟန္တာမဖြစ်သေးတဲ့သူတိုင်း အကုသိုလ်နဲ့ မကင်း ပါဘူး။ နည်းတာနဲ့များတာပဲကွာမယ်။ လူသိတာနဲ့ လူမသိတာလည်း ရှိနိုင် တာပေါ့။

အဲဒီတော့ ဖြစ်ပြီးတာကို စိတ်ဆင်းရဲမနေနဲ့။ ဒီလိုအကုသိုလ်မျိုးတွေ နောက်ထပ်မလုပ်မိအောင်သာကြိုးစား။ ဒါကပထမအဆင့်။ နောက်တစ်ဆင့် ဆက်လုပ်ရမှာက ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်သတ်နိုင်ဖို့အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအောင်လုပ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကသာ အကုသိုလ် ကံတွေကို ပယ်သတ်နိုင်တာနော်။ ဒါနကုသိုလ်, သီလကုသိုလ်, သမထ ကုသိုလ်တွေက အကုသိုလ်ကံကို အမြစ်ပြတ်မပယ်သတ်နိုင်ဘူး။ အထောက် အပံ့လောက်ပဲရတာ။ ဒီနေရာမှာအယူအဆမှားတတ်တယ်။ အစွန်းမရောက် အောင်လည်း သတိထားဦး။

ဆိုလိုတာက ဖြစ်ပြီးတဲ့အကုသိုလ်တွေ နောက်ထပ်မဖြစ်ဖို့အတွက် ကိလေသာတွေ နည်းအောင်, ပါးအောင်, ကုန်အောင်လုပ်ရမယ်။ ကိလေသာ တွေ အားကောင်းနေရင် ထပ်ဖြစ်နိုင်တာကိုး။ ကိလေသာတွေ ထပ်မဖြစ် အောင် ဆောင်ရွက်တဲ့ဝီရိယမျိုးကိုမှ သမ္မာဝါယာမမဂ္ဂင်လို့ခေါ်တာ။ နောက် တစ်ခုက ...

မဖြစ်သေးတဲ့ကုသိုလ်တွေဖြစ်ပေါ်လာအောင် ဆောင်ရွက်တဲ့ဝီရိယမျိုး။ မဖြစ်ဖူးသေးတဲ့ကုသိုလ်ဆိုတာ ဒါနနဲ့ပတ်သက်ပြီး ဆေးမလှူဖူးသေးရင် ဆေးလှူ။ ရေမလှူဖူးသေးရင် ရေလှူ။ ကျောင်းမလှူဖူးသေးရင် ကျောင်းလှူပေါ့။ သောင်းနဲ့သိန်းနဲ့အများကြီးလှူမှမဟုတ်ပါဘူး။ ကိုယ်နိုင်သလောက်လှူပေါ့။ ငါးဆယ်တတ်နိုင်ရင် ငါးဆယ်လှူ။ တစ်ရာတတ်နိုင်တဲ့သူက တစ်ရာလှူ။ လှူတဲ့အခါမှာလည်း နိဗ္ဗာန်ကိုရည်မှန်းပြီးလှူ။ ဒါဆိုရင် သမ္မာဝါယာမမဂ္ဂင် ဖြစ်သွားတာပဲ။

http://www.dhammadownload.com



ကိုယ်က ဥပုသ်မစောင့်ဖူးသေးရင် ဥပုသ်စောင့်။ ဂုဏ်တော်မပွားဖူးသေးရင် ဂုဏ်တော်ပွား။ တရားအားမထုတ်ဖူးသေးရင် တရားအားထုတ်။ မဂ်ကုသိုလ်, ဖိုလ်ကုသိုလ်တွေ မဖြစ်ဖူးသေးရင် ဖြစ်အောင်အားထုတ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဖြစ်ပြီးတဲ့ ကုသိုလ်တွေ တည်တံ့အောင်, တိုးပွားအောင်, ပြန့်ပွားအောင် ဆောင်ရွက်မှု သမ္မာဝါယာမမဂ္ဂင်ဖြစ်မှာဆိုတော့ ယောဂီတွေအနေနဲ့က ဝိပဿနာဉာဏ်တွေ ကိုယ်ဘယ်အဆင့် ရောက်နေပြီလဲ။ ကိုယ့်ကိုယ်ကို သိတာပဲ။ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ရောက်နေတဲ့ ယောဂီက ဒီအဆင့်ကနေ ကျ,မသွားအောင် ကြိုးစားရမယ်။ ဒီထက်တတ်နိုင်ရင် ဖြစ်ပျက်မုန်းတဲ့ဉာဏ် ရောက်အောင် ပိုကြိုးစားရမယ်။ မုန်းတဲ့ဉာဏ်ရောက်ပြီးရင်လည်း ဆုံးတဲ့ဉာဏ် ရောက်အောင် ဆက်ကြိုးစားရမှာနော်။

ဖြစ်ပျက်ဆုံးတဲ့ဉာဏ် ရောက်ပြီဆိုရင်တော့ တစ်ချက်ခုတ် လေးချက်ပြတ် ဆိုသလို ဒီသမ္မပ္ပဓာန်လေးပါးဟာ လေးပါးလုံး ပြည့်စုံသွားပါပြီ။ ဒါကြောင့်မို့ ဖြစ်ပျက်ဆုံးတဲ့ဉာဏ်ရောက်အောင်သာ ကြိုးစားကြ။

သမ္မာဝါယာမ မဂ္ဂင်ပြီးတော့ သမ္မာသတိမဂ္ဂင်ကို ဆက်ပြောရအောင်။ ရပ်ထဲရွာထဲက ပုဂ္ဂိုလ်အများစုကတော့ သမ္မာသတိမရှိကြပါဘူး။ ခင်ပွန်းက ဇနီးကိုသတိရ၊ ဇနီးကလည်း ခင်ပွန်းကိုသတိရ၊ အလုပ်အကိုင်တွေ အဆင်မှ ပြေရဲ့လား၊ သားတွေသမီးတွေ ပြန်ရောက်ချိန်တန်နေပြီ၊ ဘယ်ကိုသဝေထိုး နေပြန်လည်း မသိဘူး။

ဘုရားရှိခိုးတာတောင် ပါးစပ်က ဩကာသ ဩကာသ ဆိုနေပေမယ့် စိတ်က ဟိုရောက်လိုက်, ဒီရောက်လိုက် ဖြစ်နေတာ။ တရားခွေဖွင့်ထား ရင်လည်း ဒီအတိုင်းပဲ။ သူများကြားကောင်းအောင်သာဖွင့်ထားတာ။ စိတ်က

http://www.dhammadownload.com



ဟိုရောက်လိုက်, ဒီရောက်လိုက်ဆိုတော့ တရားခွေသာ ပြီးသွားတယ် ဘာဟောမှန်း မသိလိုက်ဘူး။ လောကမှာ ဒါတွေမများဘူးလား။

'များပါတယ်ဘုရား'

သမ္မာသတိမဂ္ဂင် မဖြစ်ရင် တခြားမဂ္ဂင်တွေလည်း မဖြစ်တော့ဘူး။ သမ္မာသတိဟာ အပ္ပမာဒပဲ။ အပ္ပမာဒလက်ကိုင်ထားတော့မှ သီလမဂ္ဂင်တွေလည်း လုံမယ်။ သမ္မာဝါယာမတို့ သမ္မာသမာဓိတို့အားကောင်းလာမယ်။ သမာဓိအားကောင်းတော့မှ ပညာကလည်း ဖြစ်လာမယ်။

ဒါကြောင့်မို့ အပ္ပမာဒတရားဟာ ယောဂီတွေရဲ့အသက်ပဲ။ အချိန်တိုင်း အချိန်တိုင်းမှာ အမှတ်သတိရှိဖို့ ကြိုးစားနေရမယ်။ ဒါကို စာလိုပြောတော့ သတိပဋ္ဌာန်လေးပါး ပွားများရမယ်လို့ ဆိုလိုပါတယ်။ **ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်** နဲ့ **ဓမ္မာနုပဿနာသတိပဋ္ဌာန်**။ ဒီသတိပဋ္ဌာန်လေးပါးက အများကြီး ဟောထားပြီးသားမို့ ဒီနေ့တော့ လင်္ကာလေးပဲဆိုကြရအောင်။ လိုက်ဆိုပါ။

**ကိုယ်အမူအရာ၊ ပြုတိုင်းမှာ၊ မှန်စွာသိရမည်။**
**စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။**
**ကောင်းဆိုးလတ်ပါ၊ ဝေဒနာ၊ ပေါ်တာသိရမည်။**
**သဘောတရား၊ ထင်ပေါ်ငြား၊ ပိုင်းခြားသိရမည်။**

စာပေလိုပြောရင်တော့အကျယ်ကြီးပေါ့ဗျာ။ လက်တွေ့လုပ်တဲ့အခါ ကျဉ်းကျဉ်းလေးပဲ။ ပေါ်ရာပေါ်ရာကိုမှတ်၊ ထင်ရှားရာကိုမှတ်၊ ရုပ်ထင်ရှားရင် ရုပ်ကိုမှတ်၊ ဝေဒနာထင်ရှားရင် ဝေဒနာကိုမှတ်၊ စိတ်ထင်ရှားရင် စိတ်ကိုမှတ်၊ မြင်သဘော, ကြားသဘောတွေ ထင်ရှားရင်လည်း ထင်ရှားရာကိုမှတ်။

http://www.dhammadownload.com



အဲဒီလိုရှုမှတ်ပါများတော့ သတိတွေအားကောင်းလာမယ်။ သတိအားကောင်းရင် သမာဓိဖြစ်လာမယ်။ သမာဓိဖြစ်ရင် အမှန်အတိုင်းသိတယ်။ အမှန်အတိုင်းသိတာကို သမ္မာဒိဋ္ဌိလို့ခေါ်တယ်။ ယောင်တောင်ပေါင်တောင်သိတာမဟုတ်ဘူး။ အလွဲအချော်သိတာမဟုတ်ဘူး။ အလွဲအချော်သိတာက မိစ္ဆာဒိဋ္ဌိ။ ယောင်တောင်ပေါင်တောင်နဲ့ သိသလိုလို မသိသလိုလိုဆိုတာက ဝိစိကိစ္ဆာနဲ့ သိတဲ့အသိ။

ရှုမှတ်ပါများလို့ သိတဲ့အသိက သတိနဲ့ တည်ဆောက်ထားတဲ့အသိ။ သမာဓိအပေါ် တည်ဆောက်ထားတဲ့အသိ။ အသိတစ်လုံးအမြတ်ဆုံးဆိုတာ အဲဒီအသိကိုပြောတာ။ ပညာလို့လည်းခေါ်တယ်။ စစ်မှန်တဲ့ ပညာဆိုတာ သမာဓိအပေါ်မှာ တည်ဆောက်ထားတာ။

ကာမဂုဏ်ပေါ်မှာ တည်ဆောက်ထားတဲ့ပညာက ပညာစစ် ပညာမှန်မဟုတ်ဘူး။ အသုံးမချတတ်ရင် အပါယ်ကိုသွားမည့်ပညာ။ အခုပြောတဲ့ပညာက သမာဓိအပေါ်မှာ တည်ဆောက်ထားတဲ့ ပညာ။ အပါယ်တံခါးပိတ်တဲ့ ပညာ။ နိဗ္ဗာန်ရောက်မည့်ပညာ။ ပညာအကြောင်း မပြောခင် သမ္မာသမာဓိအကြောင်း နည်းနည်းပြောဦးမယ်။

သမာဓိဆိုတာ တည်ကြည်တာ။ ကောင်းတဲ့သမာဓိလည်း ရှိတယ်။ မကောင်းတဲ့သမာဓိလည်း ရှိတယ်။ သမ္မာသမာဓိနဲ့ မိစ္ဆာသမာဓိပေါ့။ အကုသိုလ်လုပ်တဲ့ပုဂ္ဂိုလ်တွေမှာဖြစ်တဲ့သမာဓိကို မိစ္ဆာသမာဓိလို့ခေါ်တယ်။

ဖဲရိုက်တဲ့သူတွေ ငါးမျှားတဲ့သူတွေကို ကြည့်ပါလား။ သူတို့အတွက် အရေးကြီးတဲ့အချိန်ရောက်နေပြီဆို ငြိမ်နေတာပဲ။ မလှုပ်တော့ဘူး။ ခြင်ကိုက်လည်း မသိတော့ဘူး။ အမဲလိုက်တဲ့သူကျတော့ရော သားကောင်ကို ပစ်တော့မယ်ဆိုရင် ကိုယ်ရောစိတ်ရောငြိမ်နေအောင် အသက်ရှူတာကိုတောင်

http://www.dhammadownload.com



ခဏအောင့်ထားတယ်တဲ့။ အဲဒီလို သမာဓိမျိုးက သမ္မာသမာဓိလား၊ မိစ္ဆာသမာဓိလား။

'မိစ္ဆာသမာဓိပါဘုရား'

အရက်ချက်တဲ့ ပုဂ္ဂိုလ်တွေကလည်း ချက်လိုက်၊ မြည်းလိုက်၊ တော်ကြာပြန်ချက်လိုက်၊ မြည်းကြည့်လိုက်နဲ့ ကျွမ်းကျင်နေတာပဲ။ ဒယ်အိုးထဲရောက်မယ့် သမာဓိပေါ့ဗျာ။

အခု ယောဂီတွေ တရားရှုမှတ်တဲ့အခါမှာ ဖြစ်လာတဲ့ သမာဓိက နိဗ္ဗာန်ရောက်မယ့်သမာဓိ။ အမှန်အတိုင်းသိအောင်စူးစိုက်တည်ကြည်နေတာ။ ရုပ်သဘော, နာမ်သဘောလေးတွေ၊ ဖြစ်ပျက်တဲ့ သဘောလေးတွေကို သိအောင် စူးစိုက်တည်ကြည်နေတာ။ မြင်, ကြား, နံ, စား, ထိသိ ဘယ်အာရုံပဲဖြစ်ဖြစ် ပေါ်ဆဲအာရုံမှာ ရှုမှတ်တဲ့စိတ်လေး ကပ်ပါသွားတယ်။

အဲဒီလို ပေါ်ရာပေါ်ရာအာရုံမှာ ကပ်ပါသွားတဲ့ ခဏိကသမာဓိဟာ သမ္မာသမာဓိမဂ္ဂင်ပဲ။ ခဏိကသမာဓိအားကောင်းလာတဲ့အခါ ဥပစာရသမာဓိလိုလည်း ဖြစ်တယ်။ ဈာန်သဘောတွေလည်း ဖြစ်တယ်။ ဒါ တကယ်အားထုတ်နေတဲ့ ယောဂီတွေ ကိုယ်တိုင်သိတာပဲ။

ခဏိကသမာဓိ အားမကောင်းသေးဘူး ဆိုရင်တော့ နီဝရဏတရားတွေလည်း ကင်းမှာမဟုတ်သေးဘူး။ နီဝရဏတရားတွေ မကင်းသေးရင် ယထာဘူတဉာဏ်လည်းဖြစ်လာမှာမဟုတ်ဘူး။ ဒါကြောင့်မို့ နီဝရဏတရားတွေ ကင်းနိုင်လောက်တဲ့အထိ သမာဓိအားကောင်းဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

နီဝရဏတွေကင်းအောင် ဘယ်လိုဆင်ခြင်ရတယ်။ ဘယ်လိုရှုမှတ်ရတယ်ဆိုတာ အရင်က ဟောပြီးသွားပြီ။ (သောတာပန်ဆိုတာ ဒီလိုပါ စာအုပ်တွင် ကြည့်ပါ) အကျဉ်းချုပ်လောက်ပဲ ပြောတော့မယ်။

http://www.dhammadownload.com



တရားရှုမှတ်နေတုန်းမှာ အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့တွေနဲ့ပတ်သက်ပြီး လိုချင်တာတွေကို ကြံစည်တဲ့စိတ်ဖြစ်လာရင် ရှုမှတ်ပြီး မြန်မြန်ပယ်ပစ်ရမှာလား။ တမေ့တမြောစိတ်ကူးတွေယဉ်ရမှာလား။

'ရှုမှတ်ပြီး မြန်မြန်ပယ်ရမှာပါဘုရား'

စိတ်ကူးတာဆိုရင် 'စိတ်ကူးတယ်၊ စိတ်ကူးတယ်'မှတ်။ လိုချင်တဲ့စိတ်ဖြစ်ရင် 'လိုချင်တယ်၊ လိုချင်တယ်'နဲ့ (၁၀)ကြိမ် (၁၅)ကြိမ်လောက် အဆက်မပြတ်မှတ်။ လိုချင်တဲ့စိတ် ပျောက်သွားတော့မှ မူလရှုနေကျ ပင်တိုင်ကမ္မဋ္ဌာန်းကို ပြန်မှတ်။ ဖောင်းတယ် ပိန်တယ်ဖြစ်ဖြစ်၊ ထိုင်တယ် ထိတယ်ဖြစ်ဖြစ် ပြန်မှတ်။ ဒါက ကာမစ္ဆန္ဒကို ရှုမှတ်ပြီး ပယ်တာ။

နောက်တစ်ခုက ဗျာပါဒနီဝရဏ။ တရားအားထုတ်နေရင်းနဲ့ စိတ်တိုင်းမကျတာတွေလည်း ဖြစ်တတ်တာပဲ။ အနေအထိုင် အစားအသောက်နဲ့ပတ်သက်ပြီးလည်း စိတ်တိုင်းမကျတာ ဖြစ်တတ်တယ်။ ကိုယ့်နားမှာ အချိုးမပြေတဲ့ ယောဂီရှိနေရင်လည်း ဖြစ်တတ်တယ်။ တစ်ခါတလေ တရားဟော တရားပြတဲ့ ဆရာသမားကိုတောင် စိတ်တိုင်းမကျတာမျိုး ဖြစ်တတ်တယ်။ အဲဒီလိုစိတ်မျိုးဖြစ်နေရင် သမာဓိလည်းမဖြစ်။ ပညာလည်း မဖြစ်တော့ဘူး။ ဒါကြောင့်မို့ စိတ်ညစ်ရင်လည်း 'စိတ်ညစ်တယ်၊ စိတ်ညစ်တယ်၊ စိတ်ညစ်တယ်'လို့ အဆက်မပြတ် တရစပ်ရှုမှတ်ပြီး ပယ်ဖျောက်တတ်မှ သမာဓိပြန်ရမှာ။

နောက်တစ်ခု **ထိနမိဒ္ဓနီဝရဏ**။ ယောဂီအများစုက အိပ်ချင်တာ အိပ်ငိုက်တာလောက်ကိုပဲ ထိနမိဒ္ဓနီဝရဏလို့ ထင်နေကြတာ။ အမှန်က မနက်စောစောအိပ်ရာမထချင်တာလည်း ထိနမိဒ္ဓပဲ။ ဘုရားရှိမခိုးချင်တာလည်း ထိနမိဒ္ဓပဲ။ တရားမနာချင်တာလည်း ထိနမိဒ္ဓပဲ။ ထိုင်မှတ်ရမယ့်

http://www.dhammadownload.com



အချိန် ထိုင်မမှတ်ချင်တာကလည်း ထိနမိဒ္ဓပဲ။ စင်္ကြံလျှောက်ရမယ့်အချိန် စင်္ကြံမလျှောက်ချင်တာလည်း ထိနမိဒ္ဓပဲ။ ဗုဒ္ဓဝေယျာဝစ္စ သံဃာ့ဝေယျာဝစ္စ မလုပ်ချင်တာလည်း ထိနမိဒ္ဓပဲ။

ကုသိုလ်ကောင်းမှုလုပ်ဖို့အတွက် စိတ်မပါဘူး။ ထိုင်းမှိုင်းပျင်းရိနေရင် ထိနမိဒ္ဓနီဝရဏ။ ဆင်ခြင်ပြီး ပယ်ရင်ပယ်၊ ဒါမှမဟုတ် ရှုမှတ်ပြီး မြန်မြန် ပယ်ရမှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဥဒ္ဓစ္စက စိတ်ပျံ့လွင့်တာ၊ ကုက္ကုစ္စက နောင်တရ ပူပန်တာ၊ ဒါလည်း ရှုမှတ်ပြီး မြန်မြန်မပယ်နိုင်ရင် သမာဓိမဖြစ်အောင် တားနေမှာပဲ။ သမာဓိ မဖြစ်ရင် ပညာလည်း မဖြစ်တော့ဘူး။

ဝိစိကိစ္ဆာနီဝရဏကတော့ မယုံတာ။ ဒီလိုမှတ်နေရုံနဲ့ မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ ငါမှတ်နေတာကရော မှန်မှ မှန်ရဲ့ လား။ ဒီလိုတွေ သံသယဝင်နေရင်လည်း သမာဓိက မဖြစ်တော့ဘူး။ ဒါကြောင့်မို့ နီဝရဏတရားတွေကို ပယ်တတ်ဖို့ အရေးမကြီးဘူးလား။

'အရေးကြီးပါတယ်ဘုရား'

နီဝရဏတရားတွေကို ပယ်တတ်မှ သမာဓိဖြစ်မယ်။ သမာဓိဖြစ်မှ ပညာက နောက်ကလိုက်လာမှာ။

http://www.dhammadownload.com



# ပညာမဂ္ဂင်နှစ်ပါး

ပညာမဂ္ဂင်နှစ်ပါးထဲက သမ္မာဒိဋ္ဌိအကြောင်း ဆက်ပြောရအောင်…။ **သမ္မာဒိဋ္ဌိ**– မှန်စွာမြင်တယ်ဆိုတာ … ဒုက္ခကိုမြင်တာ သမ္မာဒိဋ္ဌိ။ သမုဒယကို မြင်တာ သမ္မာဒိဋ္ဌိ။ နိရောဓကိုမြင်တာ သမ္မာဒိဋ္ဌိ။ မဂ္ဂကိုမြင်တာ သမ္မာဒိဋ္ဌိ။ ဒါ အတိုချုပ်ပဲ။ ယောဂီတွေ မှတ်မိသေးလား။ သမ္မာဒိဋ္ဌိ(၅)မျိုးကို ပြောကြည့်ပါဦး။

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊

(၂) ဝိပဿနာ သမ္မာဒိဋ္ဌိ၊

(၃) မဂ္ဂ သမ္မာဒိဋ္ဌိ၊

(၄) ဖလ သမ္မာဒိဋ္ဌိ၊

(၅) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ–ပါဘုရား။

ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိမထည့်ဘဲနဲ့ ဈာနသမ္မာဒိဋ္ဌိထည့်မယ်ဆိုလည်း ရတယ်။ ဒီ သမ္မာဒိဋ္ဌိ(၅)မျိုးက ရှေ့ပိုင်းမှာ အကျယ်တဝင့် ရှင်းပြခဲ့ပြီးပြီ။ ရှေ့ပိုင်းမှာ မပါသေးတာလောက်ကိုပဲ ပြောသွားမယ်။

ယောဂီတွေ သိထားရမှာက ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့တော့ ဒုက္ခသစ္စာကို မမြင်ဘူး။ ကမ္မဿကတာသမ္မာဒိဋ္ဌိက ကုသိုလ်အကုသိုလ်ကိုသိတယ်။ ကုသိုလ်ကိုလုပ်။ အကုသိုလ်ကိုရှောင်။ ကုသိုလ်လုပ်ရင် လူ့ဘဝ, နတ်ဘဝ ဗြဟ္မာဘဝထိ ရမယ်။ အကုသိုလ်လုပ်ရင် အပါယ်လေးပါးရောက်မယ်။ ဒီလိုသိတယ်။

ဒီအသိက ပုဂ္ဂိုလ်သတ္တဝါရှိတဲ့ ပညတ်နယ်မှာတော့ အမှန်ပဲ။ ဒါပေမဲ့ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့ ပရမတ်နယ်အထိ မသိတော့ ဘဝကို သာယာဖွယ် မြတ်နိုးဖွယ်အဖြစ်မြင်တယ်။ အဲဒီတော့ ဘဝကောင်းစားရေးအတွက်

http://www.dhammadownload.com



ရည်ရွယ်ပြီး ကုသိုလ်တွေ လုပ်ကြတယ်။ အမှန်က ကောင်းတဲ့ဘ၀ရော မကောင်းတဲ့ဘ၀ရော သစ္စာဖွဲ့လိုက်ရင် ဒုက္ခသစ္စာပဲ။ ဒါကို ကမ္မဿကတာ– သမ္မာဒိဋ္ဌိက မမြင်ဘူး။ ဒုက္ခသစ္စာကို ဝိပဿနာသမ္မာဒိဋ္ဌိနဲ့မှ မြင်နိုင်တယ်။

ဒါပေမဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ ကုသိုလ်တရားတွေ အားလုံးရဲ့ အရင်းခံပဲ။ မူလတန်းအောင်မှ အလယ်တန်းတက်လို့ရတယ်။ အလယ်တန်း အောင်မှ အထက်တန်းကို တက်လို့ရတာလေ။ မူလတန်းတောင် မအောင် ဘဲနဲ့ အထက်တန်းတက်ချင်လို့ ရပါ့မလား။

'မရပါဘူးဘုရား'

အဲဒီလိုပဲပေါ့။ ကံနဲ့ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာ– သမ္မာဒိဋ္ဌိ ရှိတော့မှ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်အောင် ဆက်ကြိုးစားချင်တာ။ ကံနယ်မှာအခြေခံမှန်မှ ဉာဏ်နယ်မှာ အရိယမဂ္ဂင်ထိအောင်သွားလို့ရတယ်။ ကံနယ်မှာကိုက အယူအဆမှားနေရင် သစ္စာသိဖို့ ဘယ်လိုမှမတက်နိုင်ဘူး။ ဒါနပြုတိုင်း, သီလစောင့်တိုင်း မဂ္ဂသစ္စာဖြစ်တာ မဟုတ်ဘူး။ မှားတတ် တာလေးတစ်ခုက ...

ကံတွေဟာ အရိပ်လို နောက်က လိုက်နေတယ်–လို့ ယူလိုက်ရင် သဿတဒိဋ္ဌိဖြစ်သွားမယ်။ ဒါက ဉာဏ်နုတဲ့သူတွေအတွက် မြင်လွယ်အောင် ဆောင်ဟောတာ၊ နေယျတ္ထဒေသနာ။ ဒါဖြင့် ဘယ်လိုယူရမှာလဲဆိုတော့ အကြောင်းကြောင့်အကျိုးဖြစ်တယ်။ ရုပ်တွေနာမ်တွေကတော့ ဖြစ်တဲ့နေရာ မှာပဲ ချုပ်ပျောက်သွားတယ်။ တစ်ဆံချည်လေးတောင်မရွေ့ဘူး။ ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ ကံသတ္တိလေးက အကျိုးပေးနေတာ။ ဒီလိုယူရမှာနော်။

'မှန်လှပါဘုရား'

http://www.dhammadownload.com



ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ အားလုံးသော ကုသိုလ်တရားတွေရဲ့ အရင်းခံ ဖြစ်သလို ဈာနသမ္မာဒိဋ္ဌိကလည်း ဝိပဿနာရဲ့အခြေခံပဲ။ ဈာန်ကို အခြေခံပြီးတော့မှ ဝိပဿနာရှုပွားရင် ဝိပဿနာဉာဏ်တွေ မြန်မြန်ဖြစ်နိုင်တယ်။ ဒါကြောင့်မို့ **ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ဈာနသမ္မာဒိဋ္ဌိ**ဟာ အရိယမဂ္ဂင် ဖြစ်ဖို့အတွက် မူလအခြေခံပဲ။

ဈာန်ဆိုတိုင်း ကောင်းကင်ပေါ်မှာ ပျံတာချည်းမထင်နဲ့။ အဲဒါက ဈာန်အဘိညာဉ်။ အခုပြောမှာက ဝိပဿနာ အားထုတ်တဲ့အခါ ဖြစ်တဲ့ သမထဈာန်နဲ့ ဝိပဿနာဈာန်အကြောင်း ပြောမှာ။ နီဝရဏကိလေသာတရားတွေကို လောင်ကျွမ်းဖျက်ဆီးတတ်လို့ ဈာန်ခေါ်တယ်။

နောက်တစ်မျိုးက အာရုံကို ကပ်ပြီးတော့ စူးစူးစိုက်စိုက်ရှုတာကို ဈာန်လို့ခေါ်တယ်။ ဒါကို ယောဂီတွေမှတ်ရလွယ်အောင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက လင်္ကာလေး စပ်ပေးထားတယ်။ လိုက်ဆိုပါ။

**စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟု ခေါ်ဝေါ်သည်။**
**တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်။**
**လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿ်ဈာန်ခေါ်သည်။**
**သမထဈာန်၊ ဝိပဿ်ဈာန်၊ နှစ်တန် ကွဲပြားသည်။**

ဒီလင်္ကာလေးကို မှတ်ထားရင်ပဲ ဈာန်နဲ့ပတ်သက်လို့ ယောဂီတွေ အလွယ်တကူ နားလည်နိုင်ပြီ။ အဲဒီလို အလွယ်တကူနားလည်နိုင်အောင် ဟောပြော ညွှန်ကြားနိုင်တဲ့ ဆရာတော်ကြီးတွေကို မှီခိုဆည်းကပ်ခွင့်ရတာဟာ ဒို့သူငါတွေ အင်မတန်ကံကောင်းတာပဲ။ တကယ့်ကျေးဇူးရှင်ကြီးတွေ။

http://www.dhammadownload.com



ကြည်ညိုလို့မဆုံးနိုင်ဘူး။ အခုယောဂီတွေကိုပြောနေတာက ပညာမဂ္ဂင်နှစ်ပါး ထဲက သမ္မာဒိဋ္ဌိအကြောင်း ပြောနေတာနော် ....။

'မှန်လှပါဘုရား'

သမ္မာဒိဋ္ဌိဖြစ်ရင် သမ္မာသင်္ကပ္ပလည်း တွဲပြီးဖြစ်တယ်။ တစ်ခုတည်း ခွဲဖြစ်တယ်ဆိုတာ မရှိဘူး။ သူက အတွဲလိုက် အတွဲလိုက်ဖြစ်နေတာ။ သမ္မာဒိဋ္ဌိက ဒုက္ခသစ္စာကိုသိတယ်။ ဉာတပရိညာအားဖြင့်လည်း သိတယ်။ တီရဏပရိညာအားဖြင့်လည်းသိတယ်။ ဒုက္ခသစ္စာဆိုတာ ဖြစ်ပျက်နေတဲ့ ရုပ်, နာမ် တရားတွေပဲ။

ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာတည်း။ ဉာတပရိညာအားဖြင့် ဒီလောက်တော့ သိထားရမယ်။ တကယ်တရားအားထုတ်တဲ့ အခါကျတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုရှုရမယ်။ မျက်စိကမြင်တိုင်း, နားကကြားတိုင်း, နှာခေါင်းက နံတိုင်း, လျှာက အရသာစားသိတိုင်း, ကိုယ်က တွေ့ထိတိုင်း, စိတ်ကူးစဉ်းစားကြံစည်မှုဖြစ်တိုင်း, ဒွါရခြောက်ပါးကဖြစ်တဲ့ ဒုက္ခသစ္စာတရား တွေကို ဖြစ်တိုင်းဖြစ်တိုင်းရှုရမယ်။ သမုဒယသစ္စာတရား နှစ်သက်သာယာမှု ဖြစ်ရင်လည်း သူ့ကိုဖြစ်တိုင်း ဖြစ်တိုင်းရှုရမယ်။

အဲဒီလိုရှုသောအားဖြင့် သမုဒယသစ္စာကိုလည်း ပယ်တယ်။ ရှုတိုင်း ရှုတိုင်း တဒင်္ဂနိရောဓလည်း ဆိုက်ရောက်တယ်။ လောကီမဂ္ဂသစ္စာ ဆိုတဲ့ ဝိပဿနာမဂ္ဂသစ္စာကိုလည်းပဲ ပွားများနေတယ်။ မှတ်တိုင်း မှတ်တိုင်း တစ်ခါ မှတ်ရင် သမ္မာဒိဋ္ဌိတစ်ခါ ဖြစ်တာပဲ။ သမ္မာဒိဋ္ဌိတစ်ခါဖြစ်ရင် သမ္မာသင်္ကပ္ပ အစရှိတဲ့ တရားတွေလည်း ပါလာတယ်။ ဒါဆိုရင် မဂ္ဂင်ရှစ်ပါးလုံး ပါမလာ ဘူးလား။

'ပါလာပါတယ်ဘုရား'

http://www.dhammadownload.com



အဲဒီလို ပွားများသောအားဖြင့် မဂ္ဂသစ္စာတရားတွေလည်း သိနေတယ်။ နောက်ဆုံးကျတော့ အရိယာမဂ္ဂသစ္စာဖြစ်လာတယ်။ မဂ္ဂသစ္စာဖြစ်တဲ့အခါ နိဗ္ဗာန်ကို တစ်ခါတည်း တွေ့သွားတာပဲ။ နိဗ္ဗာန်တွေ့ရင် ကျန်တဲ့ သစ္စာသုံးပါးလည်း ကိစ္စပြီးသွားတယ်။ ဒီလိုသိတာဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ပဲ။ သမ္မာသင်္ကပ္ပအကြောင်း ဆက်ရအောင်...

**သမ္မာသင်္ကပ္ပ** – မှန်စွာကြံခြင်းဆိုတာ မိစ္ဆာသင်္ကပ္ပနဲ့ ယှဉ်ပြီး ပြောမှ ပိုသဘောပေါက်မယ်။ မိစ္ဆာသင်္ကပ္ပကို မိစ္ဆာဝိတက်လို့လည်း ခေါ်တယ်။ မိစ္ဆာဝိတက်သုံးမျိုးကိုကတော့ ယောဂီတွေ ကြားဖူးမှာပါ။

(၁) ကာမဝိတက် – ကာမဂုဏ်အာရုံတွေကို ကြံစည်မှု
(၂) ဗျာပါဒဝိတက် – ဖျက်ဆီးသတ်ဖြတ်ဖို့ ကြံစည်မှု
(၃) ဝိဟိံသဝိတက် – နှိပ်စက်ညှဉ်းဆဲဖို့ ကြံစည်မှု

သမ္မာသင်္ကပ္ပက မိစ္ဆာသင်္ကပ္ပရဲ့ ပြောင်းပြန်ဆိုတော့ မှတ်ရတာ လွယ်သွားပြီ။ သမ္မာသင်္ကပ္ပသုံးမျိုးက...

(၁) နေက္ခမ္မသင်္ကပ္ပ – ကာမအာရုံမှထွက်မြောက်ဖို့ ကြံစည်မှု
(၂) အဗျာပါဒသင်္ကပ္ပ – မဖျက်ဆီး မသတ်ဖြတ်ဖို့ ကြံစည်မှု
(၃) အဝိဟိံသင်္ကပ္ပ – မနှိပ်စက် မညှဉ်းဆဲဖို့ ကြံစည်မှု

**နေက္ခမ္မသင်္ကပ္ပ** – ဆိုတာ ကာမဂုဏ်အာရုံများမှထွက်မြောက်လိုတဲ့ အကြံအစည်ကို ခေါ်တာ။ ကုသိုလ်ကောင်းမှုတွေကို နှလုံးသွင်းတိုင်း, ကြံစည်တိုင်း, ပြုလုပ်တိုင်း, နေက္ခမ္မသင်္ကပ္ပတွေ အလိုလိုပါဝင်နေတယ်။ ဒါနပြုလည်း ပါတယ်။ သီလစောင့်လည်း ပါတယ်။ ဘုရားရှိခိုးလည်း ပါတယ်။ တရားစာတွေရွတ်ဖတ်နေလည်းပါတယ်။ တရားနာလည်းပါတယ်။ သမထဝိပဿနာတွေပွားလည်း ပါတယ်နော်။

'မှန်လှပါဘုရား'

http://www.dhammadownload.com



ဝိပဿနာရှုတဲ့အခါမှာ ရှုရတဲ့အာရုံလေးဆီကို စိတ်ဦးတန်းပြီးတော့ သွားတဲ့သဘောဟာ နေက္ခမ္မသင်္ကပ္ပပဲ။ တမင်တကာတွေးကြံနေရတာတော့ မဟုတ်ဘူး။ ဝိပဿနာရှုတိုင်း ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့သင်္ကပ္ပလေးပါတယ်။ မှတ်တိုင်းမှတ်တိုင်း ရုပ်တရားနာမ်တရားလေးတွေကို ပိုင်းခြားပြီးတော့သိတဲ့ သမ္မာဒိဋ္ဌိဝိပဿနာဉာဏ်နဲ့ တွဲပြီးတော့ သမ္မာသင်္ကပ္ပလေးပါတယ်။

သမ္မာဒိဋ္ဌိဉာဏ် တော်တော်အားကောင်းလာတဲ့အခါ ဖောင်းတာလေးလည်း ဖြစ်ပြီးပျောက်သွား။ မှတ်သိတာလေးလည်း သိပြီးပျောက်သွား။ ပိန်တာလေးလည်း ပေါ်ပြီးပျောက်သွား။ မှတ်သိတာလေးလည်း မှတ်ပြီး ပျောက်သွား။ မမြဲတဲ့တရားပဲလို့ ရှုရင်းရှုရင်းသိလာတယ်။ အဲဒီလို သိတာတွေဟာ ဝိပဿနာသမ္မာဒိဋ္ဌိတွေပဲ။ အဲဒီဝိပဿနာသမ္မာဒိဋ္ဌိနဲ့ တွဲပြီးတော့ နေက္ခမ္မသင်္ကပ္ပ ပါတယ်။ ကာမဂုဏ်မှ ထွက်မြောက်လိုတဲ့ ကောင်းတဲ့ အကြံအစည်လေးပါတယ်။

သမ္မာသင်္ကပ္ပဆိုတာ စိတ်ကို အာရုံပေါ် တွန်းတင်ပေးတဲ့သဘော၊ ဖောင်းတဲ့အာရုံ၊ ပိန်တဲ့အာရုံ၊ မြင်တဲ့အာရုံ၊ ကြားတဲ့အာရုံအပေါ် တွန်းတင်ပေးတဲ့သဘောပဲ။ စိတ်စေတသိက်တရားတွေက လိုက်လိုက်ပြီးသိအောင် ဝိတက်ခေါ်တဲ့ သမ္မာသင်္ကပ္ပတရားက အာရုံပေါ်တင်ပေးနေတာ။ ဒါကြောင့်မို့ ... မှတ်တိုင်းမှတ်တိုင်းဝိပဿနာဉာဏ်နဲ့တွဲပြီးဖြစ်နေတယ်။ ကာမသင်္ကပ္ပတွေကိုလည်း တဒင်္ဂပဟာန်အားဖြင့် ဖြစ်တိုင်းဖြစ်တိုင်း ပယ်နေတယ်။

ယောဂီတွေအနေနဲ့က ရှုမှတ်နေရင် သမ္မာသင်္ကပ္ပ ဖြစ်နေမယ်။ မိစ္ဆာဝိတက်တွေကလည်း အခါအခွင့်သင့်တာနဲ့ဝင်လာမှာပဲ။ မိစ္ဆာဝိတက်တွေ ဝင်လာရင် ရှုမှတ်ပစ်။ ဒါဆို သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ပြည့်စုံသွားမယ်။ ကာမအာရုံတွေကို လိုချင်နှစ်သက်တယ်ဆိုတာ ဘယ်ကလာတာလဲဆန်းစစ်ကြည့်ရင်

http://www.dhammadownload.com



မြင်ရာကလည်း ဖြစ်တယ်။ ကြားရာကလည်း ဖြစ်တယ်။ နံရာကလည်း ဖြစ်တယ်။ စားရာကလည်း ဖြစ်တယ်။ ထိရာကလည်း ဖြစ်တယ်။ စိတ်ကူး စဉ်းစား ကြံစည်ရာကလည်း ဖြစ်တယ်။

ဒွါရ(၆)ပါးကနေ ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်နေတဲ့ ယောဂီကျတော့ ရှုတိုင်း ရှုတိုင်း  အာရုံလေးတွေဟာ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း ဆိုတာကို ရှုမှတ်နေရင်းနဲ့ သိလာတယ်။ အဲဒီတော့ မမြဲတဲ့သဘော, ဆင်းရဲတဲ့သဘော, ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘော, အနတ္တသဘောပဲ ဆိုတာကို ရှုမှတ်နေရင်းနဲ့ တစ်ခါတည်း ပိုင်းခြားပြီးတော့ သိတယ်။ အဲဒီလိုသိအောင်လို့ ရှေ့ဆောင်နေတာဟာ **နေက္ခမ္မသင်္ကပ္ပ**ပဲ။

အဲဒီလို နေက္ခမ္မသင်္ကပ္ပဖြစ်လိုက်တဲ့အတွက် အနိစ္စ, ဒုက္ခ, အနတ္တလို့ သိတဲ့ ဝိပဿနာဉာဏ်ကလည်း ဖြစ်လာရတယ်။ နေက္ခမ္မသင်္ကပ္ပက ရှေ့ဆောင်ပေးတာ။ ဝိပဿနာဉာဏ်ရင့်တဲ့အခါကျတော့ အရိယမဂ္ဂင် ဖြစ်လာတယ်။ နိဗ္ဗာန်ကိုအာရုံပြုပြီးဖြစ်လာတာ။ ကာမဝိတက်တွေလည်း သမုစ္ဆေဒပဟာန် အားဖြင့် အမြစ်ပြတ် ငြိမ်းသွားတယ်။ ဒါကတော့ သူ့အဆင့်နဲ့သူပေါ့။

သောတာပတ္တိမဂ်ဆိုရင်တော့ ... အပါယ်လေးပါး ကျလောက်တဲ့ ကာမသင်္ကပ္ပတွေ မဖြစ်တော့ဘူး။ ကာမဂုဏ်အာရုံအကုန်လုံးတော့ မဟုတ်သေးဘူး။ သောတာပန်က ကာမရာဂမှ မကင်းသေးတာ။ သကဒါဂါမိမဂ်လည်း ထို့အတူပဲ။ အနာဂါမိမဂ်ဆိုရင်တော့ ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး ကြံစည်မှုတွေဖြစ်ကိုမဖြစ်နိုင်တော့ဘူး။ အရဟတ္တမဂ် ဆိုရင်တော့ ရူပရာဂ အရူပရာဂဆိုင်ရာ အာရုံတွေနဲ့စပ်ပြီး ကြံစည်မှုတွေတောင် မဖြစ်တော့ဘူး။ ကိလေသာနဲ့စပ်တဲ့ကြံစည်မှုတွေအားလုံး လုံးဝ မဖြစ်တော့ဘူး။

http://www.dhammadownload.com



အဗျာပါဒသင်္ကပ္ပနဲ့ အဝိဟိံသသင်္ကပ္ပတွေကလည်း နေက္ခမ္မသင်္ကပ္ပလိုပဲ ဝိပဿနာ ရှုတိုင်းရှုတိုင်း ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ တွဲတွဲပြီးတော့ ပါသွားမှာ။ အကျယ်ရှင်းရင် နားရှုပ်ကုန်မှာစိုးလို့ အစိပ္ပါယ်လေးပဲ ပြောတော့မယ်။

**အဗျာပါဒသင်္ကပ္ပ**–ဆိုတာ ဗျာပါဒနဲ့ဆန့်ကျင်ဘက်။ ဗျာပါဒက သေပါစေ, ပျက်စီးပါစေဆိုတဲ့စေတနာမျိုး။ အဗျာပါဒက မေတ္တာနဲ့တွဲဖြစ်တာ။ သူတစ်ပါးတွေ ချမ်းသာပါစေဆိုတဲ့ စေတနာမျိုး။

ယောဂီတွေ ... တရားအားထုတ်နေရင်းနဲ့ တခြားသူတွေကို တရားအားထုတ်စေချင်တဲ့ စိတ်မျိုး ဖြစ်ဖူးလား။

'ဖြစ်ဖူးပါတယ်ဘုရား'

အဲဒါ အဗျာပါဒ သင်္ကပ္ပပေါ့ဗျ။ အဝိဟိံသ သင်္ကပ္ပဆိုတာကတော့ မနှိပ်စက်မညှဉ်းဆဲလိုတဲ့အနေနဲ့ ကြံစည်တာ။ မေတ္တာကရုဏာတွေပါပဲ။ ဆင်းရဲနေတဲ့ပုဂ္ဂိုလ်တွေ ဆင်းရဲခြင်းမှ လွတ်ပါစေလို့ သနားတဲ့အနေနဲ့ဖြစ်တဲ့ အကြံအစည်မျိုးကို ဆိုလိုပါတယ်။ တမင်တကာ တွေးကြံနေရမှာ မဟုတ်ဘူးနော်။

ဝိပဿနာရှုတိုင်းရှုတိုင်း ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ သမ္မာသင်္ကပ္ပတွေ ဖြစ်ဖြစ်လာပြီး ဗျာပါဒဝိတက်တွေ ဝိဟိံသဝိတက်တွေကို ပယ်ပယ်သွားတာ။ မှတ်တိုင်းမှတ်တိုင်း အနိစ္စဒုက္ခအနတ္တကို သိတိုင်းမှာ အဲဒီအာရုံနဲ့စပ်ပြီးတော့ မကောင်းတဲ့ကြံစည်မှုတွေ မဖြစ်နိုင်ဘူး၊ ငြိမ်းနေတယ်။ အဲဒါဟာ တဒင်္ဂအားဖြင့် ပယ်သွားတာပဲ။

ဝိပဿနာဉာဏ်တွေရင့်လာပြီး နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတဲ့အခါ ဆိုရင် အရိယမဂ်ဉာဏ်ဖြစ်တယ်။ အရိယမဂ်ဉာဏ်နဲ့တွဲပြီးတော့ သမ္မာသင်္ကပ္ပတွေဖြစ်တယ်။ အဗျာပါဒသင်္ကပ္ပနဲ့ အဝိဟိံသသင်္ကပ္ပတွေဖြစ်ပြီး မိစ္ဆာသင်္ကပ္ပတွေကိုလည်း သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပြတ် ပယ်လိုက်တယ်။

http://www.dhammadownload.com



သေပါစေ ပျက်ပါစေ–လို့ ကြံစည်တဲ့ ဗျာပါဒသင်္ကပ္ပမျိုး နောက်ကို မဖြစ်တော့ဘူး။ နှိပ်စက်ညှဉ်းဆဲလိုတဲ့ ဝိဟိံသသင်္ကပ္ပမျိုးလည်း နောက်ကို လုံးလုံး မဖြစ်နိုင်တော့ဘူး။ ဒါလည်း သူ့အဆင့်အတန်းအလိုက်ပဲ။

သောတာပတ္တိမဂ်ဆိုရင် ... အပါယ်လေးပါး ကျလောက်အောင် ကြမ်းတမ်းတဲ့ ဗျာပါဒဝိတက်တွေ ဝိဟိံသဝိတက်တွေကို ပယ်တယ်။ အနာဂါမိမဂ်ဆိုရင်တော့ ဒေါသနဲ့ ပတ်သက်တာကို အကုန်ပယ်တယ်။ အရဟတ္တမဂ်ကတော့ ကိလေသာအားလုံးကို ပယ်ပစ်တာ။ နောက်ထပ် ပယ်စရာကို မရှိတော့ဘူး။

ဒါကတော့ မဂ္ဂင်ရှစ်ပါးလုံးစုံသွားအောင် မဂ္ဂင်တစ်ပါးချင်းကို အသေးစိတ် ရှင်းပြတာ။ တကယ်တမ်းရှုမှတ်တဲ့အခါမှာတော့ အခုလိုအသေးစိတ်တွေကို ဝေဖန်ဆန်းစစ်နေရမှာ မဟုတ်ဘူး။ ပေါ်ရာပေါ်ရာကို ပစ္စုပ္ပန်တည့်တည့် ရှုမှတ်နေရမှာ။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

သစ္စာဝါဒ၏အနှစ်သာရကိုရဖို့ သစ္စာလေးပါးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိမြင်ခြင်းအပိုင်းကို ရှင်းပြနေတာနော်...။ အခုဆိုရင် သစ္စာတစ်ပါးချင်းစီကို ခွဲခြားပြီး ရှင်းပြပြီးပြီ။ လက်တွေ့ကျင့်တဲ့အခါမှာတော့ 'အာရုံကျဉ်းမှ အလင်းရ'ဆိုသလို သိစရာအာရုံကျဉ်းလေလေ ဉာဏ်အလင်း မြန်မြန်ရနိုင်လေပဲ။ ကိုယ့်ဉာဏ်က မလိုက်နိုင်ဘဲ အကျယ်ချဲ့နေရင် ကြာတတ်တယ်။ ဒါကြောင့် ပြောခဲ့တာတွေအားလုံးကို ပြန်ပြီး အကျဉ်းချုံးကြည့်ရအောင် ...။

http://www.dhammadownload.com



## အာရုံကျဉ်းမှအလင်းရ

ယောဂီတွေအနေနဲ့ သိသင့်သိထိုက်တာကိုမှ သိမထားပြန် ရင်လည်း သံသယတွေကဝင်တတ်သေးတယ်။ သံသယကြီးနဲ့အား ထုတ်နေလို့ကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့နေနေသာသာ ဝိပဿနာဉာဏ်တောင် အရင့်ပိုင်း တွေကိုမရနိုင်ဘူး။ ဒါကြောင့်မို့ တရားစဉ်ကို ပယ်လို့လည်းမရဘူး။

ဒါပေမဲ့ တရားစဉ်ပိုင်းမှာ စာသံပေသံနဲ့အများကြီးဟောပြန်တော့လည်း ဉာဏ်မလိုက်နိုင်တဲ့ယောဂီတွေက နားတွေရှုပ် အသိတွေရှုပ်ပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ပြန်ဘူး။ ဒါကြောင့်မို့ လုပ်ငန်းစဉ်ပိုင်းမှာလုပ်တတ်အောင် အကျဉ်းချုပ်ပြီးပြန်ဆန်းစစ်ကြည့်ကြရအောင်...။

တရားတော်ရဲ့နာမည်ကဘာတဲ့လဲ။

'သစ္စာဝါဒ၏အနှစ်သာရပါဘုရား'

သစ္စာလေးပါးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့သိမြင်မှ သစ္စာဝါဒ၏ အနှစ် သာရကို ရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သစ္စာလေးပါးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ သိမြင်ဖို့ဆိုတာ အဆင့်ဆင့် သွားရမှာနော်။ ခုန်ကျော်ပြီးတစ်ခါတည်း အရဟတ္တမဂ်ကို လိုချင်လို့မရဘူး။ သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် ပြီးတော့မှ အရဟတ္တမဂ်။ ဒီလိုအဆင့်ဆင့်သွားရမှာ။

မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်တုန်းကတော့ တစ်ထိုင်တည်းနဲ့ လေးမဂ်လေးဖိုလ်လုံးရသွားတာတွေလည်းရှိတယ်။ အဲဒီလို ပါရမီအရင့် အမာကြီးတွေကို ကိုယ်က သွားမတုနဲ့။ ပုဂ္ဂိုလ်ချင်းက တူတာမဟုတ်ဘူး။ အခုခေတ်အခုအခါမှာက အဲဒီလိုပုဂ္ဂိုလ်မျိုးတွေမရှိတော့ဘူး။နေယျပုဂ္ဂိုလ်နဲ့

http://www.dhammadownload.com



ပဒပရမပုဂ္ဂိုလ်တွေပဲ ရှိတော့တယ်။ အဲဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အကြောင်းတရားတွေ ပြည့်စုံအောင် လုပ်မှပဲရမယ်။

ယောဂီတွေ မှတ်မိသေးလား။ သောတာပန်ဖြစ်ကြောင်း လေးပါးကို ပြန်ပြောကြည့်ပါဦး။

(၁) **သပ္ပုရိသသံသေဝေါ** – ပညာရှိ သူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ရမယ်။

(၂) **သဒ္ဓမ္မသဝနံ** – သူတော်ကောင်းတရားတွေကို နာကြားရမယ်။

(၃) **ယောနိသောမနသိကာရော** – နှလုံးသွင်းမှန်ရမယ်။

(၄) **ဓမ္မာနုဓမ္မပဋိပတ္တိ** – ဝိပဿနာတရားကို ကြိုးကြိုးစားစား အားထုတ်ရမယ်ပါဘုရား။

ဟုတ်တယ်။ သောတာပန်ဖြစ်ချင်ရင် ဒီအတိုင်းလုပ်ရမယ်။ **'နာမှုကျင့်မှု ထိုနှစ်ခု နှစ်ခုပြည့်မှတရားရ'** ဆိုသလို အလုပ်ပေးတရားတွေကို များများနာမှ နှလုံးသွင်းလည်းမှန်မယ်။ ကျင့်တဲ့အခါမှာလည်း လမ်းကြောင်းမှန်မယ်။ ဒါကို အရင်တုန်းက အကျယ်တဝင့်ဟောပြီးပြီ။ (သောတာပန်ဆိုတာဒီလိုပါ စာအုပ်တွင်ကြည့်ပါ)

အခုကတော့ အားထုတ်တဲ့အပိုင်းကိုပဲ ပြောတော့မှာ။ ဒီနေရာမှာ အလျှင်းသင့်တုန်း ယောဂီတွေကို ပြောထားချင်တာက သောတာပန်တောင် မဖြစ်သေးပဲနဲ့ ရဟန္တာဖြစ်ချင်လို့ ရပါ့မလား။

'မရပါဘူးဘုရား'

နောက်တစ်ခုက သောတာပန်ဖြစ်အောင်လည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ဖြစ်ပျက်ရှုရတယ်။ သကဒါဂါမ် ဖြစ်အောင်လည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ဖြစ်ပျက်ရှုရတယ်။ အနာဂါမ် ဖြစ်အောင်လည်း ဒီခန္ဓာ

http://www.dhammadownload.com



ငါးပါး, ရုပ်နာမ်နှစ်ပါးကိုပဲ ဖြစ်ပျက်ရှုရတယ်။ ရဟန္တာဖြစ်အောင်လည်း ဒီခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးကိုပဲ ဖြစ်ပျက်ရှုရတာနော်။ အတူတူပဲ။

ဒါကြောင့်မို့ တရားစဉ်ပိုင်းမှာ အကျယ်ချဲ့ပြီး ဘယ်လိုပဲဟောဟော၊ ရှုမှတ်တဲ့လုပ်ငန်းစဉ်ပိုင်းမှာ ကျဉ်းလေကောင်းလေပဲ။ ကိုယ့်ဉာဏ်က ရှေ့ပြော နောက်မေ့ဖြစ်နေတာ။ အများကြီးဆို ရှုပ်ယှက်ခတ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားတတ်တယ်။ ဒါကြောင့်မို့ ... ကျင့်တဲ့အပိုင်းကို အကျဉ်းချုံးပြီး ပြန်ပြောမယ်။

ဖလ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ဖို့ မဂ္ဂင်ရှစ်ပါးအကျင့်ကိုကျင့်ရမယ်။ တစ်နည်းအားဖြင့် သီလ, သမာဓိ, ပညာအကျင့်တွေကို ကျင့်ရမယ်။ ဒီလို မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

တရားအားထုတ်တဲ့အခါမှာ သီလမဂ္ဂင်သုံးပါးက ပါတယ်ဆိုပေမယ့် အစပိုင်းမှာ ပြည့်စုံမှုတော့ မရှိသေးဘူး။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရတော့မှ မဂ္ဂင်ရှစ်ပါးက ပြည့်စုံသွားတာ။ ယောဂီတွေအနေနဲ့က တရားရိပ်သာ စ,ဝင်တဲ့ အချိန်မှာ (၈)ပါးသီလယူပြီး မကျိုးမပေါက်အောင် စောင့်ထိန်းရင် လုံလောက်ပြီ။

ဝိပဿနာအားထုတ်နေတဲ့အချိန်မှာ တကယ်တမ်း အလုပ်လုပ်နေ တာက သမာဓိမဂ္ဂင်သုံးပါးနဲ့ ပညာမဂ္ဂင်နှစ်ပါး။ ဒီမဂ္ဂင်ငါးပါးက အဓိက လုပ်နေတာ။ သမာဓိမဂ္ဂင်သုံးပါးကို အကျဉ်းချုံးရင် သတိတစ်လုံးရမယ်။ ပညာမဂ္ဂင်နှစ်ပါးကို အကျဉ်းချုံးရင် ပညာရမယ်။

ဒါကြောင့်မို့ ... ရှုမှတ်နေတဲ့အချိန်မှာ အလုပ်လုပ်နေတဲ့ မဂ္ဂင်ငါးပါး ဆိုတာ သတိနဲ့ပညာပဲ။ အရှုခံက ရုပ်, နာမ်။ အရှုဉာဏ်က သတိနဲ့ ပညာ။

http://www.dhammadownload.com



အရှုခံကလည်း သင်္ခါရတရား။ အရှုဉာဏ်ကလည်း သင်္ခါရတရား။ ငါလည်း မပါဘူး။ ယောက်ျားလည်းမပါဘူး။ မိန်းမလည်းမပါဘူး။ လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ ရောပါသေးရဲ့လား။

'မပါပါဘူးဘုရား'

သင်္ခါရတရားတွေက သင်္ခါရတရားတွေကို ရှုနေတာပဲ။ အဲဒီ သင်္ခါရတရားတွေကိုပဲ တစ်နည်းအားဖြင့် သုညတဓမ္မလို့လည်း ခေါ်တယ်။ သုညတဓမ္မ–ဆိုတာ ငါ ငါ့ဥစ္စာမှဆိတ်သုဉ်းတဲ့သဘောတွေကို ဆိုလိုတာ။ ရုပ်ဆိုတာ ငါလည်း မဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူး၊ ဖောက်ပြန်တဲ့ သဘောလေးပဲ။

နာမ်ဆိုတာကလည်း ဒီအတိုင်းပဲ၊ ငါလည်းမဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူး၊ သိတတ်တဲ့ သဘောလေးပဲ။ ရုပ်တရား, နာမ်တရား, သင်္ခါရတရားတွေဟာ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားတွေပဲ။ အဲဒီလို သုညတဓမ္မကိုမြင်မှ သုညတနိဗ္ဗာန်ကိုရောက်မယ်။ ခေါင်း, ခါး, ခြေ, လက် ယောက်ျားမိန်းမမြင်နေရင် သုညတနိဗ္ဗာန်ကို မရဘူး။

ယောဂီတွေ ပေါ်ရာပေါ်ရာကို ပစ္စုပ္ပန်တည့်တည့် ရှုမှတ်တဲ့အခါမှာ လှုပ်ရှားတဲ့သဘော၊ တောင့်တင်းတဲ့သဘော၊ ပူတဲ့သဘော၊ အေးတဲ့သဘော၊ နာတဲ့သဘော၊ မှတ်တဲ့သဘော၊ သိတဲ့သဘော အစရှိတဲ့ သဘောတွေကို မြင်တာလား။ ခေါင်း, ခါး, ခြေ, လက်ကိုမြင်တာလား။

'သဘောတွေကို မြင်တာပါဘုရား'

သဘောတွေကိုမြင်တာ၊ ရုပ်တွေ, နာမ်တွေကိုမြင်တာပဲ။ ဝိပဿနာဆိုတာက ရုပ်တွေ, နာမ်တွေရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့သဘောကို သိဖို့ရှုတာ။ ပရမတ်ကိုရှုတာ။

http://www.dhammadownload.com



ပညာပြဋ္ဌာန်းတယ်၊ ချုပ်တည်းတဲ့အလုပ်မဟုတ်ဘူး၊ ချုပ်တည်းတဲ့အလုပ်က သမထ။

**သမထက** ပညတ်အာရုံတစ်ခုတည်းမှာ တည်မြဲနေအောင် ရှုတာ။ သမာဓိ ပြဋ္ဌာန်းတယ်။ ဥပမာ – အာနာပါနရှုတဲ့ယောဂီက ဝင်တယ်, ထွက်တယ်၊ ဝင်တယ်, ထွက်တယ်ပဲ တရစပ်မှတ်နေရတယ်။ ကသိုဏ်းရှုတဲ့ယောဂီကျတော့ မီး, မီး, မီး, မီး၊ ရေ, ရေ, ရေ, ရေ ဒါမှမဟုတ် အဖြူ, အဖြူ, အဖြူ, အဖြူနဲ့ အဆက်မပြတ် မှတ်နေရတာ။ စိတ်ကူးတာတွေ စိတ်ထွက်တာတွေကို လိုက်မှတ်နေစရာ မလိုဘူး။

ဝိပဿနာကျတော့ ... တစ်နေရာတည်းမှာ တည်ငြိမ်နေဖို့က အဓိက မဟုတ်ဘူး၊ **သိဖို့က အဓိက**။ ဖောင်းတယ်, ပိန်တယ်, ရှုမှတ်တယ်ဆိုတာ ဝမ်းဗိုက်ကြီးကို ရှုတာ မဟုတ်ဘူး၊ လှုပ်ရှားတဲ့သဘောကို ရှုရတာ၊ ရှေ့လှုပ်လိုက် နောက်လှုပ်လိုက်နဲ့ လှုပ်နေတာ မထင်ရှားဘူးလား။

'ထင်ရှားပါတယ်ဘုရား'

လှုပ်ရှားတဲ့ သဘောလေးက ရုပ်တရား။ လှုပ်တာကို သိနေတဲ့ သဘောလေးက နာမ်တရား။ မှတ်တဲ့သဘောလေးကရော ...

'နာမ်တရားပါဘုရား'

အဲဒါဉာဏ်ပဲ။ အဲဒီလိုသိတာ အမှန်သိ။ နိဗ္ဗာန်ရောက်မယ့်အသိဗျ။ နောက်ပြီး သတိထားဖို့က ဖောင်းတယ်, ပိန်တယ် မှတ်နေရင်းနဲ့ စိတ်ကူးတွေပေါ်လာရင် ဖောင်းတယ်, ပိန်တယ်ပဲ ဆက်မှတ်ရမှာလား၊ စိတ်ကူးတယ်, စိတ်ကူးတယ် ပြောင်းမှတ်ရမှာလား။

'စိတ်ကူးတယ်, စိတ်ကူးတယ် ပြောင်းမှတ်ရမှာပါဘုရား'

ဟုတ်တယ်။ ကြံစည်စိတ်ကူးတာတွေ ပေါ်လာရင် စိတ်ကူးတယ်, စိတ်ကူးတယ် မှတ်ပြီးမှ ဖောင်းတယ်, ပိန်တယ်ကိုပြန်မှတ်ရမယ်။ ထိုင်တယ်,

http://www.dhammadownload.com



ထိတယ် မှတ်တာကလည်း နောက်ကျောက တောင့်တင်းတဲ့သဘောနဲ့ ထိတဲ့နေရာက မာတဲ့သဘော၊ ပူတဲ့သဘောတွေကိုသိအောင် ရှုရတာ။ အဲဒီလို ထိုင်တယ်, ထိတယ် မှတ်နေရင်းနဲ့ တစ်နေရာရာကနာလာရင် ဘယ်လို မှတ်မလဲ။

'နာတယ်, နာတယ် ပြောင်းမှတ်ပါမယ်ဘုရား'

နာတဲ့နေရာလေးကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်ပြီးတော့ မှတ်ရမှာနော်။ ဒါမှ စက္ကန့်တံလေး ရွေ့နေသလို တစ်နာပြီး, တစ်နာ ပြောင်းနေတာကိုလည်းသိမယ်၊ အနာဆုံးနေရာကိုလည်းသိမယ်၊ နာတာလေး တဖြည်းဖြည်းနဲ့ လျော့လျော့လာတာကိုလည်း သိမယ်၊ လုံးဝမနာတော့တဲ့ နာတာလေးရဲ့အဆုံးကိုလည်း သိမယ်။

အဲဒါ ဝေဒနာဆိုတဲ့နာမ်တရားရဲ့ မမြဲတဲ့သဘော၊ နှိပ်စက်တဲ့သဘော၊ အစိုးမရတဲ့သဘောတွေကို သိနေတာ။ အဲဒီလိုသိဖို့က လိုရင်းပဲ။ နောက်ပြီး မြင်ရင် မြင်တယ်, မြင်တယ် မှတ်တာကလည်း ဖြူ, နီ, ဝါ, ပြာ အရောင် တွေကို မှတ်ခိုင်းတာမဟုတ်သလို ယောက်ျား, မိန်းမ, ကလေး, လူကြီး ခွဲခြားသိအောင် မှတ်ရတာမျိုးလည်း မဟုတ်ဘူးနော်။

မြင်တဲ့သဘောဆိုတာ အဆင်းပဲ။ အဓိကက မြင်ရတဲ့သဘောလေး ပျက်သွားတာကို သိအောင်လို့ မှတ်ရတာ။ ဝိပဿနာဆိုတာ အပျက်ကို ကြည့်တာ။ ချက်ချင်း အပျက်ကို မမြင်သေးလို့ သူ့သဘာဝအတိုင်း အရှိကို အရှိအတိုင်း သတိနဲ့လိုက်မှတ်နေရတယ်။ မရှုမမှတ်ဘဲနဲ့ ငေးကြည့်နေမှာ စိုးလို့ ထည့်ပြောရဦးမယ်။

တချို့က ပြောကြ, ရေးကြတယ်။ နာမည်ချည်း ခေါ်မှတ်လို့ရှိရင် ပညတ်ခံနေတယ်။ ပရမတ်ကို မရောက်ဘူး။ စိတ်မှာ ခုနေတယ်တဲ့။ သေသေချာချာ နားမလည်ဘဲနဲ့ သူသိတာမှ အမှန်၊ သူများသိတာက အမှား၊ ဒီလို

http://www.dhammadownload.com



ထင်နေတယ်။ ရှုမှတ်လို့ မင်ဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ သူမှ မကြုံဘူးပဲဗျ။ သူ့ဘာသာသူ ပါဠိလိုရေးရေး၊ အင်္ဂလိပ်လိုရေးရေး။

ရှုမှတ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရောက်ဖူးတဲ့သူကတော့ လူအစုတ်အပြတ်ကိုမပြောနဲ့ သိကြားမင်းကြီး ဆင်းပြောတာတောင် မယုံတော့ဘူး။ ကိုယ်တိုင် ရ'ထားတာကိုးဗျ။ ကိုယ်တိုင် ရ'ထားတဲ့အရိယာတွေဆိုတာ လောကမှာ အများကြီးရှိတယ်။ တကယ် ရ'ထားတဲ့ဆရာတော်ဘုရားကြီးတွေ ပြောတာကို သံသယမဖြစ်နဲ့။ ယုံယုံကြည်ကြည်နဲ့ ရှုမှတ်ကြ။

အစပထမပိုင်းမှာတော့ ... ပညတ်ကခံတာပဲ။ သတိ သမာဓိတွေ အားကောင်းလာတဲ့အခါကျတော့ ပရမတ်ရောက်သွားရော။ ရှုမှတ်နေပေမဲ့ ခေါင်းခါးခြေလက်ကို မတွေ့ရဘူး။ သဘောတွေချည်း တွေ့ရတယ်။ ငွေ့ငွေ့ လေးပူတာတွေ၊ နွေးတာလေးတွေ၊ ရွတာလေးတွေ၊ လှုပ်တာလေးတွေ ဒါပဲ တွေ့ရတော့တယ်။

တစ်ခါတလေ အဲဒါတောင် မတွေ့ရတော့ဘူး။ ခန္ဓာကိုယ်ကြီး ပျောက်သွားတယ်။ တချို့ကတစ်ခြမ်း ပျောက်တယ်။ တချို့က တစ်ပိုင်းပျောက်တယ်။ သိတဲ့စိတ်လေးပဲ ကျန်တော့တယ်။ သိတယ် သိတယ် သိတယ် ဒီလိုလုပ်နေရတယ်။ အဲဒါ ပရမတ်ရောက်သွားတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့်မို့ မှတ်လည်းမှတ်ပါ။ကြည့်လည်းကြည့်ပါ။အစပိုင်း မှာ သဒ္ဒါတရားနဲ့တွန်းပြီးသာမှတ်။ အဲဒီလို တရကြမ်းတွန်းပြီးမှတ်တာ တောင်မှ စိတ်ကခဏခဏထွက်တယ်ဗျာ။ လူကသာ တရားရိပ်သာမှာ စိတ်က အိမ်ရောက်လိုက် အလုပ်ရောက်လိုက် ကြံစည်စဉ်းစားလိုက်နဲ့ မှတ်တဲ့အာရုံမှာ

http://www.dhammadownload.com



ငြိမ်ငြိမ်ကိုမနေဘူး။ အမြဲတမ်းထွက်နေတာ။ မမှတ်ဘူးဆိုရင် ပိုမထွက်နိုင်ဘူးလား။

'ပိုထွက်မှာပါဘုရား'

မှတ်တယ်ဆိုတာ အာရုံကို ပိုင်ပိုင်နိုင်နိုင်ဆုတ်ကိုင်ထားတာ။ ဥပမာ.. စပါးရိတ်တဲ့အခါ ဘယ်လက်နဲ့ စပါးပင်တွေကို သေသေချာချာ စုကိုင်ထားပြီးတော့မှ ညာဘက်လက်က တံစဉ်နဲ့ ရိတ်ရတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဘယ်ဘက်လက်က မကိုင်ဘဲနဲ့ ရိတ်လို့ရပါ့မလား။

'မရပါဘူးဘုရား'

အဲဒီလိုပဲ မှတ်တယ်ဆိုတာ စိတ်ပျံ့မသွားအောင်လို့ ထိန်းပေးထားတာ။ သူခိုးကို ကုပ်ကနေ ဆွဲဖမ်းထားသလို ဘယ်မှပြေးလို့မရဘူး။ သေသေချာချာမိတော့မှ တုတ်နဲ့ရိုက်လည်းရတယ်။ ဓားနဲ့ခုတ်လည်းရတယ်။ ယောဂီတွေမှတ်တယ်ဆိုတာလည်း အဲဒီလိုပေါ့။ သဘောအပေါ် ဉာဏ်ရောက်အောင်လို့ ထိန်းပေးလိုက်တော့ သဘောလေးတွေရဲ့ အပျက်ကိုသေသေချာချာမြင်တယ်။

မှတ်တာက သမာဓိကိုအားပေးတယ်။ သမာဓိနဲ့ကြည့်တဲ့ အကြည့်ကျမှ မှန်မှန်ကန်ကန်မြင်တာ။ အနိစ္စ ဒုက္ခ အနတ္တဆိုတာ လူတိုင်းပြောတတ်တာပဲ။ ကလေးကအစပြောတတ်တယ်။ ပြောတတ်ရုံနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာမဟုတ်ဘူး။ နည်းမှန်လမ်းမှန်နဲ့ တကယ်ကျင့်မှ။ ဒါတောင် ဆုံးတဲ့အထိရောက်အောင်မကျင့်ရင် ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

http://www.dhammadownload.com



## ဝိပဿနာဉာဏ်ထင်အောင်ရှု

ကျင့်တဲ့အခါမှာလည်း လှေနံဓားထစ် အသေယူမထားရဘူး၊ ယောဂီက သဒ္ဓါအားကောင်းလာပြီဆိုရင် သေရင်သေသွားပါစေဆိုပြီး တအားရှုမှတ်တတ်တယ်။ သဘောတွေ အပျက်တွေသိအောင် လုပ်မနေဘူး။ ရှုမှတ်ဖို့ပဲ အရေးကြီးတယ်ဆိုပြီး တအားမှတ်တော့တာ။

အဲဒီလို မှတ်ရုံပဲမှတ်နေတယ်ဆိုရင်လည်း တော်တော်နဲ့ ဉာဏ်က မတက်ဘူး။ သဒ္ဓါက အားများပြီး ပညာက အားနည်းနေပြီ။ သူ့အခြေအနေနဲ့သူ မှတ်သင့်တဲ့အခါမှတ်၊ ကြည့်သင့်တဲ့အခါလည်း ကြည့်ရတယ်။ သတိတွေ, သမာဓိတွေ အားကောင်းနေတဲ့သူက မှတ်စရာမလိုဘူး၊ ကြည့်ရတယ်။

ကြည့်တယ်ဆိုတာ သိအောင်စူးစူးစိုက်စိုက်မှတ်တာကို ဆိုလိုပါတယ်။ သိတာပညာပဲ။ သိဖို့ဆိုတာကလည်း စိတ်ကူးယဉ်နဲ့သိလို့မရဘူး။ စည်းမဲ့ ကမ်းမဲ့ လျှောက်စဉ်းစားပြီးတော့ သိလို့မရဘူး။ အရှုခံအာရုံပေါ်ဆဲ ပေါ်ခိုက်, ဖြစ်ဆဲဖြစ်ခိုက်မှာ သတိဦးစီးတဲ့စိတ်နဲ့ စောင့်ကြည့်နိုင်မှ။ အဲဒီအသိဟာ မှန်ကန်တဲ့အသိ သမ္မာဒိဋ္ဌိဖြစ်တယ်။

အဲဒီသမ္မာဒိဋ္ဌိဖြစ်ဖို့အတွက် **သမ္မာဝါယာမ**–ကြောင့်ကြစိုက်ပြီးတော့ ကြိုးစားရတယ်။ တ္တရိယာပုထ်တိုင်း, တ္တရိယာပုထ်တိုင်းကို ကြိုးကြိုးစားစားကို ရှုမှတ်ရတယ်။ **ကာယိကဝီရိယ**– စင်္ကြံလျှောက်ရတယ်။ ထိုင်ရတယ်။ **စေတသိကဝီရိယ**– တရစပ် မှတ်နေရတယ်။ လယ်ထွန်တဲ့ပုဂ္ဂိုလ်ထက်တောင် ပင်ပန်းသေးတယ်။

မသိတဲ့ပုဂ္ဂိုလ်တွေကတော့ ထိုင်ပြီးမှိန်းနေတယ်လို့ ထင်နေတာ။ သူမှမလုပ်ဖူးပဲ။ ပင်ပန်းတာကို ဘယ်သိမလဲ။ တကယ်ကြိုးစားရင် တကယ်ပင်ပန်းပါတယ်။ ချွေးသီးချွေးပေါက်ကိုကျရော။ လုပ်ဖူးတဲ့သူတွေသိတာပဲ။

http://www.dhammadownload.com



အဲဒီလို ဝီရိယစိုက်ပြီး သတိဦးစီးတဲ့စိတ်နဲ့ စောင့်ကြည့်တဲ့အခါ ပထမဘာတွေသိလဲဆိုတော့ သဘောလေးတွေကိုသိတယ်။ ဒါ သဘာဝလက္ခဏာကို သိတာပဲ။ နောက်ကျတော့ မှတ်ရင်းမှတ်ရင်းနဲ့ သတိတွေ၊ ဝီရိယတွေအားကောင်းလာတဲ့အတွက် သမာဓိပါ အားကောင်းလာတယ်။ သမာဓိအားကောင်းလာတော့ ပေါ်တာကိုလည်း ကျကျနနသိတယ်။ ပျောက်တာကိုလည်း သေသေချာချာသိတယ်။

ရုပ်သဘောတွေဟာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ နာမ်သဘောတွေကလည်း ပေါ်လာလိုက်, ပျောက်သွားလိုက်နဲ့ ပေါ်လိုက်,ပျောက်လိုက်ကို အဆက်မပြတ် သိနေတော့ ဩော် ... မမြဲပါလားလို့ အကြံကြီး မစဉ်းစားရဘဲနဲ့ အလိုလို ဉာဏ်ထဲမှာ ဖျတ်ခနဲ, ဖျတ်ခနဲဝင်မလာဘူးလား။

'ဝင်လာပါတယ်ဘုရား'

'ပေါ်တယ်၊ ပျောက်တယ်' 'ဖြစ်တယ်၊ ပျက်တယ်'-လို့ ပါးစပ်က မဆိုသော်လည်းဘဲ မမြဲတဲ့သဘောကို ရင်ထဲမှာ ကျကျနန သိတယ်။ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သိခိုက်မှာ မရှုမမှတ်နိုင်တဲ့သူတွေကတော့ မြင်တာတွေ, ကြားတာတွေ, ထိတာတွေ, သိတာတွေဟာ တစ်ဆက်တည်းလို့ ထင်မှာပဲ။ ငယ်ငယ်ကတည်းက ယခုအချိန်အထိ တစ်ယောက်တည်းလို့ ထင်မှာပဲ။

အမှန်က မဟုတ်ဘူး။ **ကံ, စိတ်, ဥတု, အာဟာရ** တည်းဟူသော အကြောင်းတရားလေးပါးကြောင့် ရုပ်တွေကလည်း အဆက်မပြတ် ဖြစ်နေတယ်။ နာမ်တရားတွေကလည်း အာရုံနဲ့ ဒွါရတိုက်တိုင်း အဆက်မပြတ် ဖြစ်နေကြတာ။ သိတဲ့သဘောကလည်း တစ်ခုပြီးတစ်ခု၊ မှတ်တဲ့သဘောကလည်း တစ်ခုပြီးတစ်ခု၊ ခံစားတဲ့သဘောကလည်း တစ်ခုပြီးတစ်ခု၊ တိုက်တွန်းတဲ့သဘောကလည်း တစ်ခုပြီးတစ်ခု အဆက်မပြတ်ဖြစ်နေတာ။

http://www.dhammadownload.com



အဲဒီလို အဆက်မပြတ်ဖြစ်နေတဲ့ ရုပ်, နာမ်အစဉ်'သန္တတိ'ကို မသိကြလို့ မြဲတယ်လို့ထင်တာ။ အနိစ္စကို သန္တတိပညတ်ကဖုံးတယ် ဆိုတာ ဒါကိုပြောတာပဲ။ ဥပမာ– မြစ်ထဲ ချောင်းထဲက ရေတွေကို ကြည့်။ မနက်တုန်းက မြင်ရတဲ့ရေနဲ့ ညနေပိုင်းမှာမြင်ရတဲ့ရေ တူပါ့မလား။

'မတူပါဘူးဘုရား'

ဘယ်တူမှာလဲ။ မနက်တုန်းက မြင်ရတဲ့ရေက ဟိုး ... အောက်ဘက် အဝေးကြီးကို ရောက်သွားပြီ။ အခုညနေပိုင်းမှာမြင်ရတဲ့ရေက နောက်ထပ် အသစ်အသစ်ရောက်လာတဲ့ရေတွေ။ စဉ်ဆက်မပြတ် အစားထိုးဖြစ်နေလို့ အတူတူပဲလို့ထင်နေတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရုပ်တွေ, နာမ်တွေလည်း ဒီလိုပဲပေါ့။ ပျက်သွားတဲ့နေရာမှာ အသစ်အသစ်တွေက အဆက်မပြတ် အစားထိုးနေလို့ မပြောင်းဘူး။ မြဲတယ်။ ငယ်ငယ်ကတည်းက ယခုအချိန်အထိ တစ်ယောက်တည်း။ အတူတူပဲ။ ဒီလိုထင်တာ။

အခုလို သမာဓိလေးနဲ့ စူးစူးစိုက်စိုက်ရှုမှတ်လိုက်တော့မှ ပေါ်လိုက်, ပျောက်လိုက်၊ ဖြစ်လိုက်, ပျက်လိုက်နဲ့ ဉာဏ်ထဲမှာမြင်နေရတော့ ဩော် ... ရုပ်တွေ, နာမ်တွေဟာ မမြဲဘူး၊ အနိစ္စဆိုတာ ဒါကို ခေါ်တာကိုး–လို့ ဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်း သိလာတာ။ မှုန်ဝါးဝါးအသိမျိုး မဟုတ်ဘူး။ အဲဒါ နိဗ္ဗာန်ရောက်မယ့်ပညာပဲ။

မမြဲပါလားလို့ သေသေချာချာသိရင် အနိစ္စာနုပဿနာဉာဏ်ရပြီ။ အဲဒါ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတော့မယ်။ အဲဒီဉာဏ်ရဖို့ အဓိကပဲ။

အနိစ္စကိုသိရင် ဒုက္ခထင်ပြီ။ ဖောင်းလိုက်, ပိန်လိုက်, ပူလိုက်, အေးလိုက်, နာလိုက်, ကျင်လိုက်, တောင့်လိုက်, တင်းလိုက်, ယားလိုက်,

http://www.dhammadownload.com



လှုပ်လိုက်, ပျင်းလိုက်, ပျော်လိုက်, စိတ်ကူးလိုက်နဲ့ ပြောင်းပြောင်းသွားတာကို လိုက်မှတ်နေရတာဆိုတော့ ... မြဲလို့လား၊ မမြဲလို့လား။

'မမြဲလို့ပါဘုရား'

တည်တံ့ခိုင်မြဲမှုမရှိဘူး။ အမြဲတမ်း ဖောက်ပြန်ပျက်စီးနေမှတော့ ချမ်းသာမှာလား၊ ဆင်းရဲမှာလား။

'ဆင်းရဲမှာပါဘုရား'

အဲဒီလို မမြဲလို့ ဆင်းရဲမှန်းသိရင်လည်း ဒုက္ခာနုပဿနာဉာဏ်ရပြီလို့မှတ်။ နောက်တစ်ခုက အနှိပ်စက်ခံနေရတာကို သိရင်လည်း ဒုက္ခာ–နုပဿနာဉာဏ် ရတာပါပဲ။

ရပ်ထဲရွာထဲက သာမန်လူတွေအနေနဲ့ကတော့ မိမိကိုယ်ထဲမှာ ပူလိုက်၊ အေးလိုက်၊ နာလိုက်၊ ကျင်လိုက်၊ ညောင်းညာကိုက်ခဲလိုက်နဲ့ အနှိပ်စက်ခံနေရတာကို သတိမပြုမိကြဘူး။ နည်းနည်းလေး နာကျင်ကိုက်ခဲလာတာနဲ့ ကွေးရာက ဆန့်လိုက်၊ .ရပ်ရာက ထိုင်လိုက်၊ ထိုင်ရာက အိပ်လိုက်နဲ့ ဣရိယာပုထ်ကိုပြုပြင်ပေးနေတော့ အမြဲတမ်းနေသာထိုင်သာဖြစ်နေတယ်။ အဲဒါဟာ အမှတ်တမဲ့ပြုပြင်ပေးနေတဲ့ ဣရိယာပုထ်က မခံသာတဲ့ ဒုက္ခလက္ခဏာကို ဖုံးကွယ်သွားတာပဲ။

ဒါကြောင့်မို့ ... ထိုင်မှတ်တဲ့ အခါမှာ ညောင်း, ပြင်, ယား, ကုတ် လုပ်မနေနဲ့လို့ ခဏခဏသတိပေးနေတာ။ ဖောက်ပြန်နေတာကို သိစေချင်လို့၊ အနှိပ်စက်ခံနေရတာကို သိစေချင်လို့ မပြုပြင်ခိုင်းတာ။

ယောဂီဟောင်းတွေက ထိုင်မှတ်တဲ့အခါ ... ကြေးမောင်းခေါက်ခါနီး သုခဝေဒနာဖြစ်နေရင် မဖြုတ်နဲ့။ ဣရိယာပုထ် မပြင်ဘဲ ဆက်ထိုင်။

http://www.dhammadownload.com



နှစ်နာရီသုံးနာရီ ဆက်တိုက်ထိုင်ကြ။ ဣရိယာပုထ်ကိုမပြင်တော့ မခံသာတဲ့ ဒုက္ခလက္ခဏာက ပိုထင်ရှားတယ်။ ဖောက်ပြန်တဲ့ သဘောတွေကိုလည်း ထင်ထင်ရှားရှား ပိုသိတယ်။

သုခဝေဒနာဖြစ်တဲ့အချိန်ဆို ယောဂီတွေက သာယာနေတာများတယ်။ သုခဝေဒနာပျောက်ပြီး ဒုက္ခဝေဒနာပြောင်းသွားတာကို သိအောင်ရှု။ ဒါဆို သုခဝေဒနာဟာလည်း တည်မြဲမှုမရှိဘဲ ဖောက်ပြန်ပြောင်းလဲသွားတဲ့အတွက် ဆင်းရဲတာပဲဆိုတာကို သေသေချာချာသိလာလိမ့်မယ်။

အဲဒီလို ရှုမှတ်နေရင်းနဲ့ တည်တံ့ခိုင်မြဲမှုမရှိဘဲ အမြဲတမ်းဖောက်ပြန်ပျက်စီးပြီး အနှိပ်စက်ခံနေရတာကိုသိရင်လည်း ဒုက္ခာနုပဿနာဉာဏ်ရတာပါပဲ။ ဣရိယာပုထ်ကို ခဏခဏပြင်နေရင် အဲဒီလိုဉာဏ်မျိုးရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ဒုက္ခထင်ရင် အနတ္တမြင်တော့မယ်။ ဒါပေမဲ့ အနတ္တလက္ခဏာကို မမြင်အောင် သမူဟဃနက ဖုံးထားသေးတယ်။ သမူဟဃနဆိုတာ ရုပ်,နာမ် အပေါင်းအစုကို တစ်ကိုယ်တည်း တစ်ယောက်တည်းလို့ ထင်တာ။ ယောကျ်ား, မိန်းမ, ခေါင်း, ခါး, ခြေ, လက်လို့ထင်တာ။ အတ္တကောင်, ငါကောင်လို့ ထင်တာ။

ဝိပဿနာအားမထုတ်ခင်တုန်းက ငါ့လက်, ငါ့ခြေ, ငါ့ခေါင်း, ငါ့ခါး၊ ယောကျ်ားပဲ, မိန်းမပဲ ဒီလိုထင်ခဲ့တာ။ အခုလို ကြိုးကြိုးစားစားနဲ့အားထုတ်တဲ့အခါကျတော့ သြော်…ရုပ်အပေါင်းအစု၊ နာမ်အပေါင်းအစုပဲ သဘောတွေပဲ ရှိပါလားဆိုတာ ကွဲကွဲပြားပြားသိလာတယ်။ အဲဒါ ဃနပညတ် ပျောက်ပြီး အနတ္တကိုသိတဲ့ ဉာဏ်ပေါ့။ အနတ္တာနုပဿနာဉာဏ်လို့ခေါ်တယ်။

http://www.dhammadownload.com



ရုပ်တွေ, နာမ်တွေဟာ ငါလည်း မဟုတ်ဘူး။ ယောကျ်ားလည်း မဟုတ်ဘူး။ မိန်းမလည်း မဟုတ်ဘူး။ အတ္တကောင်လည်း မဟုတ်ဘူး။ သူ့သဘော သူဆောင်နေကြတာ။ ရုပ်သဘောကလည်း အမျိုးမျိုးဖောက်ပြန်နေမှာပဲ။ မဖောက်ပြန်ပါနဲ့, မအိုပါနဲ့, မနာပါနဲ့, မသေပါနဲ့လို့ အမိန့်ပေးလို့ ရပါ့မလား။

'မရပါဘူးဘုရား'

နာမ်သဘောတွေကလည်း သူ့သဘောသူဆောင်နေမှာပဲ။ သုခဝေဒနာတွေပဲ ဖြစ်ပါစေ။ ဒုက္ခဝေဒနာတွေ မဖြစ်ပါစေနဲ့လို့ တောင်းပန်လို့ရပါ့မလား။

'မရပါဘူးဘုရား'

စိတ်တွေ ဟိုထွက် ဒီထွက် မဖြစ်ချင်ဘူး။ မှတ်စိတ်တွေပဲ အဆက်မပြတ် ဖြစ်စေချင်တယ်။ ရပါ့မလား။

'မရပါဘူးဘုရား'

အကုသိုလ်စိတ်တွေ မဖြစ်ချင်ဘူး။ ကုသိုလ်စိတ်တွေပဲဖြစ်ချင်တယ်။ ဖြစ်ပါ့မလား။

'မဖြစ်ပါဘူးဘုရား'

ကိုယ်ဖြစ်စေချင်သလို မဖြစ်ဘူး။ ဖြစ်ချိန်တန်ရင် ဖြစ်မှာပဲ။ ပျက်ချိန်တန်ရင်လည်း ပျက်မှာပဲ။ အစိုးမရဘူးဆိုတာ အလိုလိုသိမလာဘူးလား။

'သိလာပါတယ်ဘုရား'

အဲဒါ အနတ္တကိုသိတဲ့ဉာဏ်ပေါ့။ စ, အားထုတ်ခါစမှာ လမ်းလျှောက်ရင်လည်း အမှတ်လေးနဲ့ ဖြည်းဖြည်းသွားချင်တယ်။ ထမင်းစားရင်လည်း အမှတ်လေးနဲ့ဖြည်းဖြည်းစားချင်တယ်။ သဒ္ဓါတရားနဲ့ပေါ့ဗျာ။ သို့သော်လည်း သဒ္ဓါနဲ့ပညာ မမျှသေးတော့ ဖြည်းဖြည်းမှတ်ချင်သော်လည်း အလိုလိုမြန်နေ

http://www.dhammadownload.com



တာပဲ။ ဆွမ်းစားတဲ့အခါမှာလည်း အမှတ်လွတ်တာတွေက အများကြီး။ မမှတ်ချင်လို့ မရှိသေလို့ မဟုတ်ဘူး။

ဆိုလိုချင်တာက ကိုယ်ဖြစ်စေချင်သလို မဖြစ်ဘူး၊ အနတ္တတရားပဲ။ အကြောင်းအားလျော်စွာ အကျိုးဖြစ်တာ။ အခုလည်း သဒ္ဓါတရားရှိလို့၊ တရားရချင်လို့ လာအားထုတ်နေတာပဲ။ သဒ္ဓါတရားမရှိရင် လာတောင် မလာဘူး။ ကိုယ့်အိမ်မှာ လုပ်စရာတွေက အများကြီး။

သဒ္ဓါတရား ရှိပေမယ့် ပညာက နည်းနေသေးတော့ အစပိုင်းမှာ မှတ်အားက မလိုက်နိုင်သေးဘူး။ လမ်းသွားရင် ဖိုးဖိုးဖပ်ဖပ်နဲ့သွားပစ်လိုက်တာပဲ၊ မြန်နေတယ်ဆိုတာကိုယ့်ဟာကိုယ်လည်းသိနေတာပဲ၊ မမြန်ချင်ဘူး။ အမှတ်လေးနဲ့ ဖြည်းဖြည်း သွားချင်တယ်၊ မရဘူး။ အရှိန်အဟုန်က တစ်သံသရာလုံးက ပြာလောင်ခတ်လာတဲ့အလေ့အကျင့်က ပါလာတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဘယ်သူပဲဖြစ်ဖြစ် ပြာလောင်ခတ်တဲ့ပုဂ္ဂိုလ်တွေချည်းပဲ၊ ယောကျ်ားတွေကလည်း ကိုယ့်မိသားစုစားဝတ်နေရေးအတွက်စီးပွားရှာရတာအပြေးအလွှား။ မိန်းမတွေကလည်း ချက်ပြုတ်လျှော်ဖွပ်၊ မီးပူတိုက်၊ သိမ်းဆည်း၊ အပြေးအလွှား။ ကျောင်းသားတွေ ကျတော့ရော ကျောင်းတက်၊ ကျူရှင်တက်၊ စာကျက် အပြေးအလွှားပဲ။

သွားလည်းမြန်မြန်၊ စားလည်းမြန်မြန်၊ သေလည်းမြန်မြန်၊ အပါယ်ရောက်လည်း မြန်မြန်ပေါ့ဗျာ။ အေးအေးချမ်းချမ်းမှနေခွင့်မရတာ။ အဲဒီတော့ အကျင့်ကပါနေပြီ၊ ဖြည်းဖြည်းလုပ်လို့မရတော့ဘူး။ ဒါအစပိုင်းကို ပြောတာ။ တရားအားထုတ်တာ တစ်လနှစ်လကြာလာတဲ့အခါကျတော့ အဓမ္မအပေါ်မှာ ဓမ္မက လွှမ်းမိုးလာပြီ။

http://www.dhammadownload.com



သမ္မာဝါယာမတွေ၊ သမ္မာသတိတွေ၊ သမ္မာသမာဓိတွေက လွှမ်းမိုးလာပြီ။ အမှတ်က မလွတ်တော့ဘူး။ ဘာလုပ်လုပ် အမှတ်ကပါပြီးသား။ ဖိနပ်စီးလည်း အမှတ်ကပါပြီးသား၊ တံတွေးထွေးလည်း အမှတ်ကပါပြီးသား။ အိပ်ရာကနိုးလာလည်း အမှတ်ကပါပြီးသား။ မှတ်အားတွေက ကောင်းနေတာကိုး။ အဲဒါ 'ဓမ္မဇာပါရသတိ' လို့ခေါ်တယ်။ 'သတိမာ' လို့လည်းခေါ်တယ်။

အဲဒီအခါကျတော့ သတိက လွှမ်းမိုးသွားပြီ။ မြန်မြန်သွားချင်လည်း မရတော့ဘူး။ မြန်မြန်စားချင်လည်း မရတော့ဘူး။ အမှတ်တွေက ဆက်ဆက်နေတော့ ဘုရား, ရဟန္တာတွေရဲ့ ဣန္ဒြေလိုမျိုးဖြစ်သွားတာ။ ရုပ်ရှင်ရိုက်ဖို့၊ အလှပြဖို့ ဟန်ဆောင်ပန်ဆောင်လုပ်တဲ့ ဣန္ဒြေမျိုးမဟုတ်ဘူး။ တကယ့်ကိုပဲ ရင်ထဲက နှစ်နှစ်ကာကာ ယုံကြည်ပြီးတော့ တရားကိုကျင့်သုံးနေတာ။

ဘယ်သူသိသိ မသိသိ ကိုယ့်ဘာသာကိုယ် ဒိဋ္ဌိနဲ့တဏှာကို သတ်နေတယ်။ ယောဂီက သတိပဋ္ဌာန်တရားလေးနဲ့မွေ့လျော်သွားပြီ။ ဒါပေမဲ့ သတိထားရမှာက ကိုယ့်တရားအပေါ် ကိုယ်သာယာတတ်တယ်နော်။ နိကန္တိဝင်လို့ဝင်မှန်းမသိဘူး ဖြစ်တတ်တယ်။ တဏှာက အင်မတန်သိမ်သိမ်မွေ့မွေ့လေး ဝင်လာတာ။

လူတွေ၊ နတ်တွေကို မချစ်ခင်သော်လည်းဘဲ တရားကျတော့ သွားချစ်တယ်။ တရားကလည်း အနိစ္စတရားပဲ၊ ဒီလိုပြန်ကြည့်ရမယ်။ မဂ္ဂင်ရှစ်ပါးအကျင့်မှန်တရားကို မြတ်စွာဘုရားက ဖောင်နဲ့ဥပမာပေးတယ်။ သမုဒ္ဒရာဟိုဘက်ကမ်းရောက်အောင် ဖောင်နဲ့ကူးသွားတယ်ဆိုပါတော့။ ကမ်းရောက်တဲ့အခါ ဒီဖောင်ကြီးက ငါ့အတွက် အင်မတန်ကျေးဇူးများတာပဲဆိုပြီး ပခုံးပေါ်ထမ်းသွားမှာလား၊ ကမ်းမှာပဲထားခဲ့မှာလား။

'ကမ်းမှာထားခဲ့မှာပါဘုရား'

http://www.dhammadownload.com



အဲဒီလိုပဲ ရှုမှတ်နေတဲ့သတိတွေ တရားအရသာတွေဆိုတာကလည်း ဖြစ်ပြီးတော့ပျက်တာပဲ။ မပျက်တဲ့သဘောအနေနဲ့ မိမိကသာယာမနေရဘူး။ ဖလသမာပတ်ဝင်စားတာတောင်မှပဲ အချိန်ကျရင် သမာပတ်ကနိုးကြားလာတယ်။နိရောဓသမာပတ်ဆိုရင် အများဆုံး(၇)ရက်ပဲ။ (၇)ရက်ပြည့်ရင်ခန္ဓာပေါ် ပြန်ရောက်လာတဲ့အတွက် အနိစ္စတရားပဲ။

မမြဲတဲ့သဘောတွေပဲလို့ ဆင်ခြင်ပြီးတော့ တင်းတင်းရင်းရင်း မှတ်ပစ်ရမယ်။ တရားအပေါ်မှာတောင် သာယာမနေရဘူး။ ဒီလိုကို ပိုင်ပိုင်နိုင်နိုင် သိထားရမှာနော်။ ရဟန္တာမဖြစ်သေးသမျှ လောဘက တော့ရှိနေမှာပဲ။ ဒါပေမဲ့ ကိုယ့်တရားအပေါ်မှာသာယာတဲ့ အင်မတန် သိမ်မွေ့တဲ့လောဘကိုတောင် သတိထားပြီး ပယ်ရမယ်ဆိုတာကို သိထားဖို့မလိုဘူးလား။

'လိုပါတယ်ဘုရား'

ယောဂီကြီးတွေသတိထားပါ။ တချို့ယောဂီတွေ တရားအားထုတ်နေတာ နှစ်တွေကြာနေပြီ။ ဝိပဿနာဉာဏ်ဖြစ်အောင် သေသေချာချာ အားမထုတ်တတ်သေးဘူး။ အရေးကြီးလို့ ဆရာသမားက ခဏခဏပြော နေပါတယ်။ ပါးစပ်က ဖြစ်ပျက်ဖြစ်ပျက် ဆိုနေရုံနဲ့ ဝိပဿနာဉာဏ်ဖြစ်မှာ မဟုတ်ဘူးနော်။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



# အနှစ်သာရပိုင်းကိုမြင်အောင်ကြည့်

တရားအားထုတ်တဲ့အခါ ကာမအစွန်းကဲ့သို့ သာယာဖွယ်တွေလည်း တွေ့တတ်တယ်။ အတ္တအစွန်းကဲ့သို့ ဆင်းရဲတာတွေလည်းတွေ့တတ်တယ်။ အပြင်အသွင်သဏ္ဌာန်ပိုင်းလောက်ပဲ ကြည့်ပြီးတော့ဆုံး ဖြတ်လို့မရဘူး။ အတွင်း အနှစ်သာရပိုင်းကိုလည်း ကြည့်ရသေးတယ်။

ဥပမာ...တစ်ခါတစ်ရံမှာ မိဘတွေက သားသမီးတွေကို ဆူပူကြိမ်းမောင်းရိုက်နှက်ပြီးဆုံးမတယ်။ သားသမီးတွေ မပျက်စီးစေချင်လို့ လိမ္မာစေချင်လို့ ချမ်းသာစေချင်လို့ ဆုံးမတာမဟုတ်လား။ အပြင်နဲ့ အတွင်းကို ပြောနေပါတယ်။ ဆဲဆိုရိုက်နှက်နေတဲ့ အပေါ်ယံပိုင်းကိုကြည့်ပြီး သားသမီးတွေကို မိဘတွေက မေတ္တာမရှိဘူး။ စေတနာမထားဘူး။ ဒီလိုဆုံးဖြတ်လို့ ရပါ့မလား။

'မရပါဘူးဘုရား'

အဲဒီလိုပဲ တရားအားထုတ်တဲ့အခါမှာလည်း အပြင် အသွင်သဏ္ဌာန်ပိုင်းနဲ့ အတွင်းအနှစ်သာရပိုင်းကို ခွဲခြားပြီးတော့နားလည်ရမယ်။ ကိုယ်က ကြိုးကြိုးစားစားနဲ့ ရှုမှတ်တဲ့အတွက်ကြောင့် သမာဓိတွေရလာပြီး ပီတိ ပဿဒ္ဓိ တွေဖြစ်လာတဲ့အခါ ကာမအစွန်းလိုပဲ သာယာဖွယ်တွေဖြစ်တတ်တယ်။

ခန္ဓာကိုယ်တစ်ခုလုံးကို နှင်းမှုန်လေးတွေနဲ့ပက်ဖြန်းထားသလို အေးချမ်းနေတာမျိုးလည်းဖြစ်တတ်တယ်။ ရေပြင်ပေါ်မှာဖော့ပြားလေး ခင်းပြီးထိုင်နေရသလို ရှေ့ကိုအိကနဲဖြစ်လိုက်၊ နောက်ကို အိကနဲဖြစ် လိုက်။ ညာဘက်ကို ယိမ်းလိုက်၊ ဘယ်ဘက်ကိုယိမ်းလိုက်နဲ့တသိမ့်သိမ့် တငြိမ့်ငြိမ့်လည်းဖြစ်နေ တတ်တယ်။

http://www.dhammadownload.com



ဆိုဖာကြီးပေါ် တက်ထိုင်နေရသလိုမျိုးလည်း ဖြစ်တတ်တယ်။ စကြံလျှောက်တဲ့အခါမှာလည်း ခြေချလိုက်တိုင်း မြေကြီးက နိမ့်ဝင်သွားသလိုမျိုးလည်း ဖြစ်တတ်တယ်။ မြေပြင်က ပြင်ညီမဟုတ်ဘဲ လှိုင်းထနေသလိုမျိုးလည်း ဖြစ်တတ်တယ်နော်။ အဲဒီလိုမျိုးချမ်းချမ်းသာသာဖြစ်နေတာကို ကာမဂုဏ်ခံစားတဲ့လမ်းမှားလို့ ပြောလို့ရပါ့မလား။

'မရပါဘူးဘုရား'

ကြိုးကြိုးစားစား အားထုတ်တဲ့ယောဂီမှ ဒီလိုမျိုး ကြုံရတာ။ မကြိုးစားတဲ့ ယောဂီကတော့ ပုံပြင်လို ဖြစ်နေမှာပဲ။ သူမှ မကြုံဖူးဘဲ။ ဘယ်ယုံမလဲ။ ဒါမျိုးကြုံရတဲ့ ယောဂီကလည်း ဒါတွေကို သာယာမနေဘဲ ရှုမှတ်ပြီး ကျော်ဖြတ်နိုင်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှာနော်။

သမာဓိ အားကောင်းလာတဲ့အခါ ဖြစ်တတ်တာလေးတွေကို ပြောဦးမယ်။ သမာဓိအားကောင်းတဲ့ယောဂီတွေ ရှုမှတ်ရင်းနဲ့ သံသယတွေဖြစ်တတ်လွန်းလို့။ ဒီလိုမျိုး ဖြစ်တတ်ပါလားဆိုတာ ကြိုသိထားတော့ ... သံသယကင်းကင်းနဲ့ ရှုမှတ်နိုင်တာပေါ့။ ဘယ်လိုတွေဖြစ်တတ်သလဲဆိုတော့...

သမာဓိ အားကောင်းလာတဲ့အခါမှာ တချို့ယောဂီက နှစ်ကိုယ်ခွဲ၊ သုံးကိုယ်ခွဲ ဖြစ်နေတယ်လို့ထင်တတ်တယ်။ တစ်ယောက်ကထိုင်နေတယ်။ တခြားတစ်ယောက်က ရှေ့တည့်တည့်ကနေ ခါးထောက်ကြည့်နေတယ်။ တစ်ခါတလေ နောက်ကကြည့်တယ်။ တစ်ခါတလေ ဘေးကကြည့်တယ်။ တစ်ခါတလေ အပေါ်ကနေ စီးကြည့်နေတယ်။

အဲဒါကို တန်ခိုးတွေများ ရ,ကုန်တာလား။ ဒါမှမဟုတ် အနှောင့်အယှက်တွေများလား။ ဘာတွေဖြစ်နေပါလိမ့်။ ဒီလိုဖြစ်တတ်တယ်နော်။ အမှန်က ဝိပဿနာဉာဏ်ကြည်လာတော့ ခန္ဓာတွေ အစိတ်စိတ်အမြွာမြွာ ကွဲလာတာ။

http://www.dhammadownload.com



နာကျင်နေတာကတစ်ယောက်။ သေးကကြည့်နေတာကတစ်ယောက်။ နာကျင်တယ်ဆိုတာက ဝေဒနာက္ခန္ဓာ။ မှတ်နေတာက သညာက္ခန္ဓာ။ သိနေတာက ဝိညာဏက္ခန္ဓာ။ ခန္ဓာငါးပါးကိုသဘောပေါက်လာတာ၊ ဘာမှ သံသယဖြစ်စရာမလိုဘူး။ မြင်တဲ့သဘောလေးက ရုပ်တရား၊ မြင်သိစိတ်က နာမ်တရား၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာနဲ့ပြောတော့ ခန္ဓာငါးပါး။ ဒီလိုသဘော မပေါက်ဘဲနဲ့...

သမာဓိက ပုံဖော်ပေးနေတဲ့ အဲဒီနိမိတ်တွေကို သာယာနေပြန်ရင် လည်းပဲ လွဲသွားပြန်ရော။ သုံးယောက်မကလို့ (၁၀)ယောက် ပေါ်ပေါ်။ မြင်ရင်, မြင်တယ်၊ မြင်တယ်၊ မြင်တယ်–လို့မှတ်။ မှတ်ဖို့ခက်နေတယ်။ ဘယ်လို မှတ်ရမှန်း မသိဘူးဆိုရင် 'သိတယ်၊ သိတယ်၊ သိတယ်'–လို့ မှတ်လိုက်။ တချို့က ကြောက်စရာတွေပေါ်တတ်တယ်နော်။ ကြောက်ရင် 'ကြောက်တယ်၊ ကြောက်တယ်' မှတ်ပေါ့။

မရှုမှတ်ဘူးဆိုရင် ဆက်ပေါ်နေမှာပဲ။ ရှုမှတ်လိုက်မှပျောက်သွားမှာ။ သူ့ဟာသူ ပေါ်ချင်တာပေါ်၊ မှတ်လိုက်ရင် ပျောက်သွားတဲ့အတွက် ပေါ်တာ ပျောက်တာပဲ ရှိတယ်။ ဟိုတုန်းကလည်း ရုပ်နာမ်ဖြစ်ပျက်။ အခုလည်း ရုပ်နာမ်ဖြစ်ပျက်။ နောင်လည်းပဲ ရုပ်နာမ်ဖြစ်ပျက်ပါပဲ။ ဘာတွေပဲမြင်မြင် ရုပ်နာမ်ဖြစ်ပျက်တွေပါလို့ သဘောပေါက်နေမယ်ဆိုရင် အံ့ဩစရာလည်း မလိုဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်ရုံပဲ။

ယောဂီက ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ ရှုမှတ်မှုတွေ လွတ်နေမယ် ဆိုရင်တော့ သံသယတွေလည်းဝင်နိုင်တယ်။ စိတ်တွေကလည်း ကယောင် ချောက်ချား ဖြစ်နိုင်တယ်။ ဒါကြောင့်မို့ ဘာတွေပဲမြင်မြင်၊ တင်းတင်းရင်းရင်းနဲ့ ရှုမှတ်လိုက်ရင် ရှုမှတ်စိတ်က လွှမ်းမိုးသွားလိမ့်မယ်။ မှတ်စိတ်က လွှမ်းမိုး သွားရင် တရားက ရှေ့ကို ဆက်ဂက်မသွားနိုင်ဘူးလား။

'ရှေ့ကိုဆက်တက်သွားမှာပါဘုရား'

http://www.dhammadownload.com



မဇ္ဈိမပဋိပဒါအကျင့်က အင်မတန်သိမ်မွေ့တာနော်။ လွယ်မလိုလိုနဲ့ ခက်တယ်။ ခက်တယ်ဆိုလို့ စိတ်ဓာတ်မကျပါနဲ့။ ပိုပြီးကြိုးစားအားထုတ်ဖို့ပဲ လိုတယ်။ တကယ်လိုချင်တဲ့စိတ်ရှိရင် မှဆိုးစိုင်သင် ဆိုတဲ့စကားလို ရှုရင်း မှတ်ရင်းနဲ့ အလုပ်က သင်သွားလိမ့်မယ်။ အတွေ့အကြုံဟာ အကောင်းဆုံး ဆရာပဲ။

မိမိရဲ့အတွေ့အကြုံအပြင် ဆရာသမားတွေရဲ့ အတွေ့အကြုံကိုလည်း နာခံမှတ်သားပြီး လိုက်နာ ကျင့်သုံးရတယ်။ ရှုနည်းမှတ်နည်းကမှန်ဖို့လိုသလို ကျွမ်းကျင်ဖို့လည်း အရေးကြီးတယ်နော်။ ဒါကြောင့်မို့လို့ အလုပ်ပေးတရား တွေကိုလည်း မှတ်မိအောင် ခဏခဏပြန်နှာ။ မှတ်မိမှအသုံးချတတ်မှာပေါ့။ အခုကတော့ အရင်ဟောထားပြီးသားတွေကိုချန်ထားပြီး ကျန်တာလေးတွေ ကိုပဲ ဟောသွားမယ်။

မဇ္ဈိမပဋိပဒါအကျင့်ကိုကျင့်တဲ့အခါမှာ အပြင်အသွင်သဏ္ဌာန်ပိုင်းက အတ္တအစွန်းကဲ့သို့ ဆင်းရဲတာတွေလည်း တွေ့တတ်တယ်ဆိုတာကို ပြောဦး မယ်။

ရှုမှတ်ပွားများတဲ့အခါမှာ ဒုက္ခဝေဒနာရဲ့သဘောတရားကို သိအောင် သည်းခံပြီး မှတ်နေတာဟာ ဒုက္ခဝေဒနာချုပ်သွားအောင် မှတ်နေတာ မဟုတ်ဘူး။ သိအောင်မှတ်နေတာ။ တစ်ခါတလေကျရင် အပြောမှား တတ်တယ်။

ဝေဒနာချုပ်အောင် အံကြိတ်ပြီးမှတ်နေတာလို့ တချို့ယောဂီက ပြောတတ်တယ်။ အဲဒီလိုအပြောမျိုးကို ဘာမှမလုပ်တဲ့ ပုဂ္ဂိုလ်တွေက အမှားကောက်ပြီး မင်းတို့ကျင့်နေတာ မှားနေပြီ။ ပါဠိတွေဘာတွေရွတ်ပြပြီး အတ္တကိလမထအကျင့်ဖြစ်နေတယ်။ ဒီလိုပြောတတ်တယ်နော်။

http://www.dhammadownload.com



ဝေဒနာချုပ်သွားပြီ။ ဘာဝေဒနာမှ မရှိတော့ဘူးဆိုရင်တော့ အသေကောင်ကြီးဖြစ်သွားမှာပေါ့။ အသက်ရှင်နေရင် ဒုက္ခဝေဒနာမရှိပေမယ့် သုခဝေဒနာဖြစ်ဖြစ်၊ ဥပေက္ခာဝေဒနာဖြစ်ဖြစ် တစ်ခုခုကတော့ရှိနေမှာပဲ။ လိပ်ပတ်လည်အောင် မပြောတတ်တော့ ကိုယ်လုပ်တဲ့အလုပ်မှန်ပါရဲ့သားနဲ့ သံသယဝင်ပြီး ပျက်မသွားနိုင်ဘူးလား။

'ပျက်သွားနိုင်ပါတယ်ဘုရား'

အမှန်က ဒုက္ခဝေဒနာကို သည်းညည်းခံပြီး စူးစူးစိုက်စိုက် မှတ်လို့ ဝေဒနာရဲ့သဘောကို သေသေချာချာသိတာ။ တချို့ဒုက္ခဝေဒနာက အစွမ်းကုန်တက်ပြီးရင် ဖျတ်ခနဲပျောက်သွားတတ်တယ်။ တချို့ကျတော့ တဖြည်းဖြည်းနဲ့ လျော့လျော့ပြီးမှ ပျောက်သွားတတ်တယ်။ ဒုက္ခဝေဒနာကနေ သုခဝေဒနာကို ပြောင်းသွားတဲ့အတွက် ကိုယ်ရောစိတ်ပါချမ်းသာပြီး ခန္ဓာကိုယ်ကပေါ့ပါးနေတယ်။ ဒါမျိုးကို တချို့ယောဂီက ဝေဒနာချုပ်သွားတယ်လို့ ပြောနေကြတာ။ အမှန်က ဝေဒနာပြောင်းသွားတာ။

သုခရဖို့အတွက် ဒုက္ခနဲ့ရင်းရတယ်။ ဆင်းရဲ၏နောက်မှာ ချမ်းသာရှိတယ်ဗျ။ မဂ်ဖိုလ်နိဗ္ဗာန်လိုချင်ရင် ဒုက္ခကိုအရင်းအနှီးပြုရမယ်။ ဒီလိုလည်း သဘောပေါက်ရမှာနော်။

'မှန်လှပါဘုရား'

ဒုက္ခဝေဒနာကို သည်းခံပြီး စူးစူးစိုက်စိုက်မမှတ်ဘဲ နည်းနည်းလေးနာတာနဲ့ ပြင်လိုက်မယ်။ ဖြုတ်လိုက်မယ်ဆိုရင် နာတဲ့သဘောလေးတွေ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်နဲ့ တစ်နာပြီးတစ်နာ အဆက်မပြတ် ဖြစ်ပျက်နေတာကို သိမှာမဟုတ်ဘူး။ ဖြစ်တာပျက်တာမှ မသိရင် ဖြစ်ပျက်မှန်းပါ့မလား။

'မမှန်းပါဘူးဘုရား'

http://www.dhammadownload.com



ဖြစ်ပျက်မမုန်းရင် ဖြစ်ပျက်ဆုံးတဲ့နေရာရော ရောက်ပါ့မလား။

'မရောက်ပါဘူးဘုရား'

ဒါကြောင့်မို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် လိုချင်ရင် ဖြစ်တာပျက်တာကို မြင်မှ။ ဖြစ်တာပျက်တာကို မြင်ဖို့အတွက် သည်းညည်းခံပြီး ရှုမှတ်မှ။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နောက်ပြီး နာတယ်နာတယ် ဆိုနေရုံနဲ့ ဝေဒနာရဲ့သဘောကို သိတာ မဟုတ်ဘူးဗျ။ အပေါ်ယံရှပ်ရှပ်လေး မှတ်နေလို့ကတော့ ဘယ်တော့မှ သေသေချာချာမသိဘူး။ မှုန်မှုန်ဝါးဝါး အသိပဲရမယ်။ သမာဓိမရှိတဲ့ ယောဂီဆိုရင် ဒူးက နာတယ်။ ပေါင်က နာတယ်ဖြစ်နေမှာ။ ပညတ်ကြီး ရောပြီးတော့လေ။ ဒါကြောင့်မို့ အမှန်တကယ် ဒုက္ခဝေဒနာရဲ့ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကိုသိချင်ရင် သည်းညည်းခံပြီး သတိပညာဦးစီးတဲ့စိတ်နဲ့ စူးစူးစိုက်စိုက် ရှုမှတ်ရတယ်။

အစပိုင်းမှာတော့ ... မှတ်အားက မကောင်းသေးလို့ တစ်ဆက်တည်း နာနေတယ်လို့ ထင်မှာပေါ့ဗျာ။ မဂ္ဂသစ္စာ အားနည်းနေသေးလို့ ဒုက္ခသစ္စာကို ရှင်းရှင်းလင်းလင်းမမြင်နိုင်သေးတာ။ ပညာက ချက်ချင်းကြီးဖြစ်လာတာမှ မဟုတ်ပဲ၊ သတိသမာဓိ, သတိသမာဓိ ဒီလိုသွားတာ။

နောက်ပိုင်း သတိသမာဓိတွေ အားကောင်းလာတော့မှ ဉာဏ်ပညာက ဖြစ်လာတာ။ နာလာလိုက်, မှတ်ချလိုက်, ပျောက်သွားလိုက်၊ နာလာလိုက်, မှတ်ချလိုက်, ပျောက်သွားလိုက်၊ ပျောက်သွားတယ်ဆိုတာ လုံးလုံးကြီး ပျောက်သွားတာ မဟုတ်ဘူးနော် ...။ ပထမနာတာ ပျောက်ပြီး နောက်ထပ်နာတာ ပေါ်လာတာ။

http://www.dhammadownload.com



အော်တိုမက်တစ်မီးလုံးလေးတွေ လင်းလိုက် မှိတ်လိုက်ဖြစ်နေသလို နာလိုက်, ပျောက်လိုက်၊ ပိုနာလိုက်, ပျောက်သွားလိုက် ဖြစ်နေတာ နော်။ တစ်ခါတလေ ပြင်းထန်တဲ့ ဒုက္ခဝေဒနာကို ထိပ်တိုက်ရင်ဆိုင် ရှုမှတ်တဲ့ အခါမျိုးဆိုရင် နာလွန်းလို့ အသားတောင် တဆတ်ဆတ်တုန်တယ်။ ဒူးခေါင်း ထဲကို လွန်သွားနဲ့အထိုးခံနေရသလိုမျိုး နာတာ။

တစ်ခါတလေကျတော့ ခြေထောက်တွေ လက်မောင်းတွေကို အဝတ် ရေညှစ်သလိုမျိုး ဆွဲလိမ်နေသလားအောက်မေ့ရတယ်။ နာတာမှ နည်းနည်း နာတာမဟုတ်ဘူး၊ အရမ်းနာတာ၊ အဲဒါမျိုးကိုအလျှော့မပေးဘဲနဲ့ သည်းညည်း ခံပြီး စူးစူးစိုက်စိုက်မှတ်တော့မှ စက္ကန့်တိုင်းစက္ကန့်တိုင်း တစ်နာပြီး တစ်နာ ပြောင်းပြောင်း သွားတာကိုသိတာဗျ။

အနာဆုံးကိုလည်း သိတယ်၊ နာတာလေး စပြီးလျော့လာတာကိုလည်း သိတယ်။ စက္ကန့်တိုင်း စက္ကန့်တိုင်း လျော့လျော့လာတာကိုလည်းသိတယ်။ လုံးဝမနာတော့တဲ့ နာတာလေးရဲ့ အဆုံးကိုလည်းသိတယ်။ ဒုက္ခဝေဒနာကို သိအောင်လုပ်ရင်းနဲ့ နာတဲ့သဘောလေးရော မှတ်တဲ့သဘောလေးရော သိတဲ့သဘောလေးရော ချုပ်သွားတာ။

ဝေဒနာကုန်အောင်ရှု–ဆိုတာ အဲဒါကို ပြောတာ။ ဒုက္ခဝေဒနာသာ ချုပ်သွားတာ။ ဝေဒနာသုံးပါးလုံး ချုပ်သွားတာ မဟုတ်ဘူးနော်။ ကိုယ်တိုင် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ကိုယ်တိုင်သိတာပဲ။ အားမထုတ်တဲ့ အပြောသမား အာလူးတွေကတော့ဘယ်သိမှာလဲ။ ဒါပေမဲ့ တချို့က တကယ်လုပ်နေတဲ့သူကို စိတ် ကယောင်ချောက်ချားဖြစ်အောင် ပြောတတ်တယ်။

အမှန်က ဝေဒနာချုပ်အောင် ရှုတာမဟုတ်ဘူး။ ဝေဒနာလို့ ခေါ်ဝေါ် ပြောဆိုနေကြတဲ့ ခံစားမှုသဘောရဲ့ အနိစ္စ, ဒုက္ခ, အနတ္တကို သိအောင်ရှုတာ။

http://www.dhammadownload.com



ခံစားမှုသဘောနဲ့ မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောတွေကို သိတာဟာ ဒုက္ခသစ္စာကို သိတာပဲ။ ဒုက္ခသစ္စာကိုသိမှ သမုဒယသစ္စာကို ပယ်နိုင်မှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နဲ့ ပြောရမယ်ဆိုရင် ဝေဒနာကို သိနေတာဟာ သစ္စဉာဏ်ရတာပဲ။ တရားတွေနာထားလို့ ပရမတ် တရားကို သိနေတာ။နာမ်တရားကိုသိနေတာ။အဲဒီလိုမှန်မှန်ကန်ကန် သိနေတာဟာ သစ္စဉာဏ်ရတာပဲ။ သစ္စဉာဏ်ရပြီးရင် ကိစ္စဉာဏ်ရအောင် ဆက်ရှု။

ကိစ္စဉာဏ် ဆိုတာက ခန္ဓာကိစ္စနဲ့ ဉာဏ်ကိစ္စဆိုပြီး နှစ်မျိုးရှိတယ်။ အမြဲမပြတ် တရစပ်ဖောက်ပြန်ပျက်စီးနေတာကို ခန္ဓာကပြလိမ့်မယ်။ ခန္ဓာက ပြတဲ့သဘောကို ခန္ဓာကိစ္စလို့ခေါ်တယ်။ခန္ဓာရဲ့သဘောက နှိပ်စက်တဲ့သဘော ရှိတယ်။ နှိပ်စက်တတ်တာ သူ့အလုပ်။ သူ့ကိစ္စ။

နှိပ်စက်တဲ့သဘောကို သိတာက ဉာဏ်ကိစ္စ။ ဖောက်ပြန်ပျက်စီးမှု သဘောလက္ခဏာကို ထိုးထွင်းသိအောင် မြင်အောင် ရှင်းအောင် ကြည့်ရမယ့် အလုပ်က ဉာဏ်ကိစ္စ။ အဲဒီတော့ ယောဂီတွေလုပ်ရမဲ့အလုပ်က ဒီနှစ်ခုပဲ။ ခန္ဓာကိစ္စနဲ့ ဉာဏ်ကိစ္စ။

မဟာစည်ယောဂီတွေ နားရှင်းအောင်ပြောရမယ်ဆိုရင် ဝိပဿနာဉာဏ် ရတာဟာ ကိစ္စဉာဏ်ရတာပဲ။ ခန္ဓာကိုယ်ရဲ့ဖြစ်ခြင်းပျက်ခြင်းကို မြင်အောင် လုပ်ရတဲ့အလုပ်ဟာ ကိစ္စဉာဏ်အလုပ်ပဲ။ ကိစ္စဉာဏ် ပြည့်စုံပြီဆိုရင်တော့ ကတဉာဏ်က သီးသန့်ကြိုးစားစရာမလိုဘူး။ အလိုလိုဖြစ်သွားမှာ။

ဝိပဿနာဉာဏ်တွေ ရင့်သန်မြင့်မားလာရင် နောက်ဆုံးမှာ မှတ်စရာရော မှတ်သိစိတ်ပါ ဆုံးတဲ့နေရာ ရောက်သွားလိမ့်မယ်။ အဲဒါဆိုရင် ကတဉာဏ်

http://www.dhammadownload.com



ရတော့မယ်။ မိမိရောက်ပြီးတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ပြန်ပြီးဆင်ခြင်တာ ပစ္စဝေက္ခဏာဉာဏ်။ အဲဒီ ပစ္စဝေက္ခဏာဉာဏ်ကို ကတဉာဏ်လို့ခေါ်တယ်။ ဒီလိုလည်း သိထားရမယ်နော်။

'မှန်လှပါဘုရား'

အဲဒီလို သေသေချာချာ ကွဲကွဲပြားပြား သိမထားဘူးဆိုရင်လည်း အနှစ်သာရပိုင်းကို မမြင်နိုင်ဘူး။ အပေါ်ယံလေးကြည့်ပြီး အတ္တကိလမထ အကျင့်လို့ထင်သွားနိုင်တယ်။ ကိုယ်လုပ်တဲ့အလုပ် မှန်ပါရဲ့သားနဲ့ သံသယ ဝင်ပြီး ပျက်သွားမှာစိုးလို့ ပြောနေပါတယ်။ ဝေဒနာရှုတာနဲ့ပတ်သက်လို့ အကျယ်တဝင့်ဟောခဲ့ပြီးပြီ။

( စိတ်ကိုဆုံးမချမ်းသာရစာအုပ် ဝေဒနာမှ ပညာသို့ တရားတော်တွင် ကြည့်ပါ)

အခုပြောနေတာက မဇ္ဈိမပဋိပဒါအကျင့်ကိုကျင့်နေပါလျက်နဲ့ အတ္တ ကိလမထအကျင့် လို့ထင်လိုထင်၊ ကာမသုခလ္လိကာအကျင့်လို့ ထင်လိုထင် သံသယတွေဖြစ်မှာစိုးလို့ ရှင်းပြနေတာ။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရခါနီးရင် အနှောင့်အယှက်တွေကလည်း အမျိုးမျိုး ဝင်တတ်သေးတယ်။ သိမ်မွေ့တော့ ဒါကို အဖျက်ဝင်တာလို့ ယောဂီတွေက မထင်ကြဘူး။ အရေးကြီးတယ်နော်။ ဒါမျိုးတွေကို မကျော်ဖြတ်နိုင်လို့ကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရမှာမဟုတ်ဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်မှမရရင် သစ္စာ ဝါဒ၏အနှစ်သာရကို ရပါ့မလား။

'မရပါဘူးဘုရား'

http://www.dhammadownload.com



## ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်မယ်

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဥပမာပေးထားတာ ရှိပါတယ်။ ခွေးရူးတစ်ကောင် ဟိုကိုက်ဒီကိုက်နဲ့။ ကလေးတွေ့ ကလေးကိုက်တာပဲ။ လူကြီးတွေ့လူကြီးကိုက်တာပဲ။ တရစပ်ဒုက္ခပေးနေတော့ ဒီခွေးရူးကို သတ်ပစ်မှ ဖြစ်တော့မယ်ဆိုပြီး ချောင်ပိတ်ကာ သံတုတ်နဲ့ ရိုက်တယ်ဆို ပါတော့ ...

ခွေးရူးကလည်းသိတယ်။ ငါတော့ချောင်ပိတ်မိနေပြီ။ ဘယ်မှလည်း ထွက်ပြေးစရာမရှိတော့ဘူး။ ဒီအတိုင်း ငြိမ်ခံနေလို့ကတော့ သေတော့မှာပဲ။ အသေတော့ မခံနိုင်ဘူးဆိုပြီး ရိုက်တဲ့သူကိုကိုက်ပြီး အတင်းရုန်း အတင်းထွက် ပြေးတာ။ ဒါက ဥပမာပေါ့ ဥပမေယျက...

ခွေးရူးဆိုတာ ကိလေသာကိုပြောတာ။ ဒိဋ္ဌိတို့ တဏှာတို့ဟာ ခွေးရူးပဲ။ သံတုတ်က ဘာနဲ့တူသလဲဆိုတော့ ဝိပဿနာဉာဏ်နဲ့တူတယ်။ ချောင်ပိတ် ထားတယ်ဆိုတာ သီလအုတ်တံတိုင်းနဲ့ သမာဓိ အုတ်တံတိုင်းကြားမှာ ချောင် ပိတ်မိနေတယ်လို့ ဆိုလိုပါတယ်။

ယောဂီက ရှစ်ပါးသီလနဲ့ ဣန္ဒြိယသံဝရသီလကိုလည်း စောင့်တယ်။ ထိုင်မှတ်လိုက် စင်္ကြံလျှောက်မှတ်လိုက်နဲ့ အချိန်ပြည့်လည်း အားထုတ်နေ တယ်။ ဝိပဿနာမပွားဖြစ်တဲ့ အချိန်တွေမှာတောင် ဂုဏ်တော်ပွားတာတို့ မေတ္တာပို့တာတို့ အသုဘရှုတာတို့ သေခြင်းတရားဆင်ခြင်တာတို့ တစ်ခု မဟုတ်တစ်ခုကို အဆက်မပြတ် တရစပ်လုပ်နေတော့ ချောင်ပိတ်မိသလို ဖြစ်မနေဘူးလား။

'ဖြစ်နေပါတယ်ဘုရား'

http://www.dhammadownload.com



ခွေးရူးနဲ့တူတဲ့ကိလေသာက သီလအုတ်တံတိုင်းနဲ့ သမာဓိအုတ်တံတိုင်းကြားမှာ ချောင်ပိတ်မိနေပြီ။ အဲဒီအချိန်မှာ ယောဂီက ပေါ်တိုင်းပေါ်တိုင်းကို ကြိုးစားပြီး ရှုမှတ်နေတော့ ဝိပဿနာဉာဏ်တွေက ဖြစ်လာ။ ကိလေသာခွေးရူးကို သံတုတ်နဲ့ရိုက်သလို ဖြစ်နေတာပေါ့။ ကိလေသာခွေးရူးကလည်း သိတယ်။

ဝိပဿနာဉာဏ်တွေ အားကောင်းလာပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရင် ငါသေရတော့မယ်။ တစ်သံသရာလုံး ငါကပဲ အနိုင်ရလာတာ။ ဒီအတိုင်းတော့အသေမခံနိုင်ဘူး။ အတင်းအဓမ္မကို ကိုက်ပြီး ထွက်ပြေးတော့မှာ။ ကိုက်ပြီး ထွက်ပြေးပုံက အမျိုးမျိုးဗျ။ သိမ်မွေ့တော့ ယောဂီတောင်မှ မသိလိုက်ဘူး။ ဘယ်လိုဟာမျိုးလည်းဆိုတော့ ...

တချို့ယောဂီတွေ တရားအားထုတ်တာ သုံးလေးလရှိနေပြီ။ ဇကာယ်ကို သဒ္ဓါတရားအပြည့်နဲ့ ကြိုးကြိုးစားစားအားထုတ်တာ။ တရားတွေကလည်း သင်္ခါရုပေက္ခာဉာဏ် အရင့်ပိုင်းကို ရောက်နေပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတော့မယ်။အဲဒါကိုဗျာ ဆက်အားမထုတ်ပဲ အကြောင်းအမျိုးမျိုးပြပြီး ပြန်သွားတယ်။

တချို့က အိမ်မှာ ကလေးတွေနဲ့ ယောက်ျားကိုထားခဲ့ရတာ လေးလလောက်ရှိပြီဆိုတော့ ယောက်ျားကိုအားနာလို့တဲ့။ တစ်ကိုယ်ကောင်းဆန်တယ်ထင်မှာစိုးလို့ ပြန်သွားတာဆိုတော့ အဝိဇ္ဇာ တဏှာ အကိုက်ခံရတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ကိုယ့်ကိုယ်ကို တကယ်ချစ်ရင် မိသားစုကို တကယ်ချစ်တယ်ဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ကြိုးစားရတယ်။ အပါယ်လေးပါးက

http://www.dhammadownload.com



လွတ်အောင် ကြိုးစားရတယ်။ ကိုယ်က သမားရိုးကျလောက်ပဲ သိရင် မိသားစုကိုလည်း သမားရိုးကျလောက်ပဲ လမ်းညွှန်တတ်မှာပေါ့။ ကိုယ်က မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထားလို့ရှိရင် ကိုယ့်မိသားစုကိုလည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအောင် ပိုင်ပိုင်နိုင်နိုင်လမ်းညွှန်နိုင်တယ်။ အဲဒီလိုချစ်တာမျိုးကမှ တကယ်ချစ်တာဗျ။ အခုဟာက အချစ်မှားနေကြတယ်။

တချို့ကျပြန်တော့ တရားထူးတရားမြတ်ရရင် ငါတော့ အကုန်လုံးကို စွန့်ခွါသွားရတော့မယ်ဆိုပြီး ရင်ထဲမှာ ဝမ်းနည်းနေတယ်။ သူ့ကို ဟိုလူကပဲ လာဆွဲထားသလိုလို၊ ဒီလူကပဲ လာဆွဲထားသလိုလို၊ ဘယ်သူမှ မဆွဲဘူး။ အသက်ရှင်နေလို့ တစ်ယောက်နဲ့တစ်ယောက်ပြုံးပြီး ပျော်နေကြတာ။ အခု သေကြည့်ပါလား။ အိမ်ပေါ်မှာတောင်ကြာကြာမထားဘူး။ ကြောက်လို့။

ဘုန်းကြီးတွေလည်း ဒီအတိုင်းပါပဲ။ ပိုတောင်ဆိုးဦးမယ်။ အသက်ရှင်နေတုန်းမို့ ပြောဆိုနေကြတာပါ။ ဆိုလိုတာက ဒိဋ္ဌိ, တဏှာတွေက ကြံကြံဖန်ဖန်ကို လှည့်စားတတ်တယ် ဆိုတာပဲ။ တချို့တရားရခါနီးမှ ငါ အများကို ကယ်ဦးမှပဲ။ ငါတစ်ယောက်တည်း ကိုယ်လွတ်ရုန်းလို့ မဖြစ်သေးဘူး။ မေတ္တာတွေ ကရုဏာတွေကြီးမားတဲ့ပုံစံမျိုးဖြစ်လာပြီး အဆုံးကို မရောက်တော့ဘူး။

တချို့ကျပြန်တော့ ကိလေသာတွေက နှိပ်စက်တာ။ ဒီလောဘတွေ၊ ရာဂတွေကို မုန်းလို့ တရားလာအားထုတ်နေတဲ့ဟာကို ကိလေသာစိတ်တွေက ပိုဖြစ်နေတယ်။ အားထုတ်ဖူးတဲ့သူတွေသိတာပဲ။ အိမ်မှာနေတုန်းကတောင် ရာဂစိတ်တွေမဖြစ်ဘူး။ တရားအားထုတ်လို့ကောင်းနေခါမှ ရာဂစိတ်တွေက ထကြွနေတယ်။

သူတော်သူမြတ်အကျင့်တွေကို ကျင့်နေတဲ့အချိန်မှာ အဲဒီလို စိတ်မျိုး ဖြစ်ရင်အင်မတန်ရွံတယ်။ လက်ကို မစင်ပေတာထက်ရွံတယ်။ ဒါကြောင့်မို့

http://www.dhammadownload.com



တချို့ဆို ဖြစ်ရကောင်းလားဆိုပြီး ရှိုက်ကြီးတငင် ငိုတော့တာပဲ။ တချို့က ဖြစ်ဦးဟာ ဖြစ်ဦးဟာဆိုပြီး တိုင်နဲ့ခေါင်းနဲ့ ဆောင့်ပစ်လိုက်တယ်တဲ့။ ကိလေသာမသေပဲ လူသေသွားမှာနော်။ အမှန်က အဲဒီလိုတွေ လုပ်ရမှာလား၊ နိုင်အောင် မှတ်ရမှာလား။

'နိုင်အောင်မှတ်ရမှာပါဘုရား'

အဝိဇ္ဇာ, တဏှာခွေးရူးက ပြန်ကိုက်နေတာနော်။ တချို့ကျတော့ အလုပ်တွေရ၊ ရာထူးတွေတက်၊ နိုင်ငံခြားသွားဖို့ အခွင့်အရေးတွေပေါ်လာ၊ တချို့အစတုန်းကချစ်မယ့်သူ ဘယ်သူမှမရှိဘူး။ တရားတွေကောင်းနေခါမှ ချစ်တဲ့ ခင်တဲ့ သူတွေကများ၊ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး အိမ်ထောင်ကျသွားရော။ ဒါနဲ့ပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရခါနီးလေးကျမှ ကပ်ပြီးလွဲသွားပြန်တယ်ဗျာ။

အဲဒီအချိန်အခါမျိုးမှာ ဘယ်လိုမှ ပြောလို့ဆိုလို့ နားမဝင်တော့ဘူး။ ဆရာသမားတွေကတော့ ရင်ထဲမှာကို နာသွားတာပဲ။ သူတို့ကတော့ ပျော်ပြီး ပြန်သွားကြတယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ ဆုံးရှုံးသွားတဲ့အတွက် ဒုက္ခရောက်မှာကိုတော့ ထည့်မတွက်ဘူး။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သာ ရရင် ဒိဋ္ဌိ, တဏှာခွေးရူးက သေတော့မှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နာလိုက်တာဗျာ။ ကိလေသာခွေးရူးက အင်မတန်ပါးနပ်တာ နော်။ သူ့ကို ချောင်ပိတ် ရိုက်ပြီဆို အသွင်အမျိုးမျိုးနဲ့ကို လှည့်ကိုက်တာ။ ဘုရားဖူးသွားရအောင်လိုက်ခဲ့ပါလား။ သူငယ်ချင်း အားနာတာနဲ့ ဘုရားဖူးချင်တာနဲ့ပဲ တရားကို ဆက်ပြီး အားမထုတ်ဖြစ်တော့ဘူး။ ကုသိုလ်နဲ့လှည့်ပြီးတော့

http://www.dhammadownload.com



လွှဲပစ်လိုက်တော့ ဒိဋ္ဌိကနိုင်သွားပြန်ရော။ ဒါမျိုးတွေက စာအုပ်ကြီးထဲမှာ ပါချင်မှပါတာ။ သတိထားကြနော်ယောဂီတို့ ...။

'မှန်လှပါဘုရား'

တချို့ကျတော့ တရားအားထုတ်လို့ကောင်းနေပြီဆို စိတ်တိုရတာနဲ့ ဒေါသတွေဖြစ်ရတာနဲ့ စိတ်ကသိကအောင့်ဖြစ်စရာ တစ်ခုမဟုတ်တစ်ခု ကြုံရတတ်တယ်။ ဦးပဥ္စင်းအတွေ့အကြုံတစ်ခုပြောဦးမယ်။ ပဲခူးမြို့က အောင်သုခရိပ်သာမှာ တရားအားထုတ်တုန်းက ဖြစ်ခဲ့တာ။

အောင်သုခဆရာတော်ကြီးက မဟာစည်နည်းနဲ့လည်း အားထုတ်တယ်။ စွန်းလွန်းနည်းနဲ့လည်း အားထုတ်တယ်။ နှစ်ပေါင်းများစွာ တောရ ဆောက်တည်ထားတာဆိုတော့ ဖြစ်လာမဲ့ကိစ္စကို ကြိုသိနေလားမသိဘူး။ ဦးပဥ္စင်းကို 'ရန်မဖြစ်နဲ့နော်' လို့ သတိပေးတယ်။

ဦးပဥ္စင်းက ရန်ဖြစ်တတ်တဲ့အလေ့အထမရှိတော့ ဒီလိုသတိပေးတာ ကိုပဲ စိတ်ထဲမှာ သဘောမကျဘူး။ တရားလိုချင်လို့လာတာ ဘာဖြစ်လို့ရန်ဖြစ် ရမှာလဲ။ ကိုယ့်ဉာဏ်လေး နှမ်းစေ့လောက်နဲ့ ဒီလိုထင်ခဲ့တာ။ တရားအားထုတ် လို့ကလည်း အရမ်းကောင်းနေပြီ။

အဲဒီလိုတရားကတော်တော်အရှိန်ကောင်းနေကာမှ အနှောင့်အယှက်က ဝင်ပါလေရောဗျာ။ ရန်ဖြစ်ဖို့အခြေအနေကဖြစ်လာတယ်။ ရိပ်သာကို တရား အားထုတ်ဖို့သွားတာ ဒီလိုရန်ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှမထင်ခဲ့မိဘူး။ အခုပြောနေတာတောင် ယုံချင်မှယုံကြမှာ။ ရန်ဖြစ်တော့ စိတ်က ကသိက အောက် ဖြစ်သွားပြီ။ တရားအားထုတ်ရတာ အဆင်မချောတော့ဘူး။ အဲဒါ တရားရခါနီးလို့ ဖြစ်တာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



စိတ်အလိုလိုက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ရန်မဖြစ်ကြနဲ့နော်။ မှားမှားမှန်မှန် သည်းညည်းခံကြ။ သည်းညည်းမခံဘူးဆိုရင် သည်းညည်းခံမှရမယ့် ဉာဏ်ထူးဉာဏ်မြတ်တွေ ရပါတော့မလား။

'မရတော့ပါဘူးဘုရား'

စာပေမှာတော့ အခုလိုတရားအလုပ်ပျက်စီးသွားအောင် တားဆီးတတ်တဲ့ အတားအဆီးတွေကို မာရ်လို့ခေါ်တယ်။ မာရ်(၁၀)ပါး ရှိတယ်။ အဲဒီမာန်(၁၀)ပါးကို ကျော်ဖြတ်နိုင်မှလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရမှာဆိုတော့ အထိုက်အလျောက် သိမထားသင့်ဘူးလား။

'သိထားသင့်ပါတယ်ဘုရား'

## ကျော်ဖြတ်ရမည့် မာန်(၁၀)ပါး

ပထမဆုံးမာရ်က **ကာမမာရ်**။ ငါးဖြာအာရုံကာမဂုဏ်တွေအပေါ်မှာ သာယာတာ။ တပ်မက်တာ။ တွယ်တာတာ။ အင်မတန်အှာင်အားကြီးတဲ့အတွက် အများစုက မကျော်ဖြတ်နိုင်ကြပါဘူး။ စည်းစိမ်ဥစ္စာတွေ ရာထူးတွေ ဇနီးခင်ပွန်းတွေ သားသမီးတွေ ဆရာတပည့်တွေကို မခွဲနိုင်မခွါရက်ဖြစ်နေတယ်။ တရားတော့အားထုတ်ချင်ပါရဲ့ သားတွေသမီးတွေက ငယ်သေးတယ်။ သူတို့လေးတွေနေရာချပေးပြီးမှ။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောသလိုဆိုရင် ...

**'သေခါနီးက သေခါဝေးကို သွားငဲ့တယ်'** ကိုယ်ကကြီးလို့ သေခါနီးနေပြီ။ သူတို့ကငယ်ငယ်လေးရှိသေးတယ်။ သူတို့က ဘာမှ မဖြစ်သေးဘူး။ ကိုယ်ကသွေးတိုးလိုက်သွေးကျလိုက် နှလုံးကခုန်လိုက် တုန်လိုက် အမျိုးမျိုးဖြစ်နေတာ။

http://www.dhammadownload.com



ဟိုကလေးတွေက ကျန်းမာရေးကောင်း ဝ,တုတ်လို့ ဘာမှမဖြစ်ဘူး။ ကိုယ်က ဒီမှာ အမျိုးမျိုးသောင်းခြောက်ထောင်ဖြစ်နေတယ်။ သောင်းခြောက်ထောင်ဖြစ်နေတဲ့သူက မြန်မြန်တရားအားထုတ်ရမယ့်ဟာကို ကလေးတွေငဲ့ရတာနဲ့ ဟိုအသချေ်အနန္တတော်ထားတဲ့ ဆွေမျိုးတွေ လျှောက်ငဲ့ရတာနဲ့ ဟိုငဲ့ ဒီငဲ့။ သား စိတ်မချ၊ သမီး စိတ်မချ၊ အိမ် စိတ်မချရတာနဲ့ပဲ တရားက မလုပ်ဖြစ်တော့ဘူး။ မလုပ်ဖြစ်ဘူးဆို တရားက ရပါတော့မလား။

ယောဂီတွေကတော့ အဲဒီလိုအကြမ်းစားတွေကို အခိုက်အတန့်လေးပဲ ဖြစ်ဖြစ် ကျော်ဖြတ်နိုင်လို့ တရားရိပ်သာကို ရောက်လာကြတာပဲ။ ငါးဖြာအာရုံ ကာမဂုဏ်တွေကို စွန့်ပြီး ကိလေသာတောက ထွက်လာကြတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ တောထွက်လာတာဆိုရင် သိမ်မွေ့တဲ့ သာယာ တပ်မက်မှုတွေကိုပါ ကျော်ဖြတ်ရမှာနော်။ တချို့က ကိုယ့်ကိုယ်ကို အရမ်းညှာတယ်၊ အိပ်ရေးပျက်မှာစိုးတယ်၊ ပိန်သွားမှာစိုးတယ်၊ မောသွားမှာ စိုးတယ်၊ ခန္ဓာကိုယ်ကြီး တစ်ခုခုထိခိုက်သွားမှာ အင်မတန် စိုးရိမ်တယ်။ စီးပွားရေးတွေလုပ်တုန်းကတော့ မချိမဆံ့လုပ်ပြီး တရားကျတော့ ကျန်းမာရေး ထိခိုက်မှာစိုးလို့ ညှာနေတယ်။ အဲဒီလိုဆိုရင် တရားရပါ့မလား။

'မရနိုင်ပါဘူးဘုရား'

မဂ်ဉာဏ်, ဖိုလ်ဉာဏ်လိုချင်ရင် ကိုယ့်ကိုယ်ကို ညှာလည်းမညှာနဲ့။ ညှာလည်းမညှာနဲ့။ အရိပ်ထဲမှာထိုင်တာပဲဗျာ။ မိုးရွာထဲ နေပူထဲထိုင်ရတာမှ မဟုတ်တာ။ မိုးလုံ လေလုံနဲ့ လုံလိုက်တာမှ ခြင်တောင် ဝင်လို့မရဘူး။ တောတွေ, တောင်တွေထဲမှာ အားထုတ်ရတာထက် အများကြီး ချမ်းသာ

http://www.dhammadownload.com



ပါတယ်။ အဲဒါတောင် ကိုယ့်ကိုယ်ကိုညှာနေမယ်ဆိုရင် တရားက ဘယ်လို ရနိုင်တော့မှာလဲ။

တချို့ကျတော့ ကိုယ်ကိုယ်ကိုလည်း မငဲ့ညှာဘူး၊ သားတွေ, သမီးတွေ ကိုလည်းမငဲ့ညှာဘူး၊ တကယ်ကိုကြိုးစားတာ။ နေ့ရောညရော ကြိုးစားတော့ သမာဓိတွေက ရလာပြီ။

အလင်းရောင်တို့ ပီတိတို့ ပဿဒ္ဓိတို့ ဥဒယဗ္ဗယဉာဏ်အနုစားပိုင်းမှာ ဥပက္ကိလေသတွေ ဖြစ်လာတတ်တယ် သူတော်ကောင်းတို့ ...။ အလင်းရောင် တွေဖြစ်တယ်၊ ပီတိတွေဖြစ်တယ်၊ ပဿဒ္ဓိတွေ ဖြစ်တယ်၊ သမာဓိလည်း ကောင်းတယ်။ ဝီရိယလည်း ကောင်းလာတယ်။ သဒ္ဓါလည်း ကောင်းလာ တယ်။ အဲလိုကောင်းလာတာကို ဘယ်လိုထင်လဲဆိုတော့ ဟာ–ငါဟိုတုန်းက နဲ့ မတူဘူး။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရပြီနဲ့တူတယ်ဆိုပြီးတော့ ... အဲဒီ ပီတိ ပဿဒ္ဓိတွေ အလင်းရောင်တွေကို သာယာသွားတတ်တယ်။ နိကန္တိကသာယာ သွားတာ။

- အာရုံငါးပါး ကာမဂုဏ်တရားကို သာယာတာ မဟုတ်ဘူးနော်။ မိမိ ရထားတဲ့ သမာဓိတွေကို သာယာသွားတာ။ သူများတွေ ငါ့လောက်တောင် မရဘူး။ ငါအများကြီး ရထားတာပဲ။ ငါ တော်တော်ဟုတ်နေတာပဲ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရသေးဘဲနဲ့ တစ်ခါတည်း ကိုယ့်ကိုယ်ကို တင်းတိမ် ပစ်လိုက်တယ်။ ယောဂီတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရပြီလား။

'မရသေးပါဘူးဘုရား'

ဒါ ဝိပဿနာညစ်ညူးကြောင်းတွေ၊ ဥဒယဗ္ဗယဉာဏ် အနုပိုင်းပဲ ရှိသေးတာ။ အဲဒါကို သူများတွေ ငါ့လောက်တောင် ထူးထူးခြားခြားရတာ မဟုတ်ဘူး။ ဒီလောက်ဆိုတော်ရောပေါ့ဆိုပြီး အိမ်ပြန်နားတယ်။ ကျောင်းမှာ

http://www.dhammadownload.com



တစ်နှစ်လောက်လုပ်ထားတာ အိမ်ရောက်တော့ တစ်ရက်တည်းနဲ့ကုန်ရော။ သမာဓိက တစ်ပြားသားမှ မကျန်တော့ဘူး။

ဒါကြောင့်မို့ ... မနားနဲ့ သူတော်ကောင်းတို့။ ကိုယ်က တရားမဆုံး သေးဘဲနဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရသေးဘဲနဲ့ နောက်မဆုတ်နဲ့။ ပီတိ, ပဿဒ္ဓိလေး ဖြစ်ရုံရှိသေးတယ်။ ကိုယ့်လောက်မရတဲ့ ပုဂ္ဂိုလ်တွေနဲ့ သွား မနှိုင်းနဲ့၊ ကိုယ့်ထက်သာတဲ့သူကိုကြည့်၊ ကိုယ့်ထက်သာတဲ့သူက အနာဂါမ် တွေ၊ ရဟန္တာတွေ ဖြစ်နေတာတွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

ကိုယ့်ထက်သာတဲ့သူမကြည့်ဘဲနဲ့ ကိုယ်အောက်ကသူ သွားကြည့်တော့ တစ်ခါတည်း ပေါ့ဆပြီး နားပစ်လိုက်တယ်။ နားပစ်လိုက်တော့ ကိုယ်သွားမယ့် သန္တိသုခနိုင်ငံတော်ကိုရောက်ပါတော့မလား။ သန္တိသုခနိုင်ငံတော် ရွှေမြို့တော် ဆိုတာ တင်စားပြောတာ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုပြောတာ။

ဥဒယဗ္ဗယဉာဏ်အနုပိုင်းမှာ ထူးထူးခြားခြားဖြစ်တတ်တယ်။ သမာဓိ ကလည်း ထူးထူးခြားခြား ဖြစ်တတ်တယ်။ ပီတိ, ပဿဒ္ဓိကလည်း ထူးထူးခြားခြား ဖြစ်တတ်တယ်။ ပီတိကြောင့်လည်း မေ့သလို, ချုပ်သလို ဖြစ်တတ်တယ်။ ပဿဒ္ဓိကြောင့်လည်း မေ့သလို, ချုပ်သလို ဖြစ်တတ်တယ်။ သမာဓိကြောင့်လည်း မေ့သလို, ချုပ်သလို ဖြစ်တတ်တယ်။

**'မဂ်စစ်မစစ် ဖိုလ်နဲ့စစ်'**ရတယ်။ ကိုယ့်ကိုယ်ကို 'ဖလသမာပတ်' မဝင်စားနိုင်သေးဘဲနဲ့ မဂ်, ဖိုလ် ရပြီလို့ ပြောလို့ရပါ့မလား။ မရသေးဘဲနဲ့ တော်လိုက်တဲ့အခါကျတော့ ရသင့်ရထိုက်တဲ့တရားတွေ မဆုံးရှုံးဘူးလားဗျာ။

'ဆုံးရှုံးပါတယ်ဘုရား'

တစ်ယောက်တည်း ဆုံးရှုံးတာမဟုတ်ဘူး၊ ယောဂီတို့ ငါ တစ်ယောက် တည်း တရားဆုံးရှုံးတယ် အဲလိုမထင်နဲ့နော်။ ဒီခေါင်းဆောင်တစ်ယောက်

http://www.dhammadownload.com



တစ်ယောက်ရဲ့နောက်မှာ ဝေနေယျတွေ အများကြီးရှိတယ်။ အဲဒီဝေနေယျတွေပါ တရားမရတော့တာ။

ဥပမာဆိုပါတော့ ... အခုပွင့်သွားတဲ့ ဂေါတမမြတ်စွာဘုရားသာ ဘုရားမဖြစ်ဘူးဆိုရင် အခုဘုရားလက်ထက်မှာ ကျွတ်မယ့်ပုဂ္ဂိုလ်တွေ ကျွတ်ပါတော့မလား။

'မကျွတ်ပါဘူးဘုရား'

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသာ ဒီရိပ်သာတွေ မဖွင့်ဘူး။ တရားမပြဘူးဆိုရင် တို့သူငါတွေ ဒီနည်းကို ဘယ်သိနိုင်မှာလဲ။ အဲဒါကြောင့်မို့လို့ ... မိမိတို့တရားတွေ အထိုက်အလျောက် ကောင်းနေရင် ပြန်မနားနဲ့။ ဖလသမာပတ်ဝင်စားလို့ရတဲ့အထိ ကြိုးစားကြ။

ကာမဂုဏ် အတားအဆီးတွေနဲ့ ပတ်သက်ပြီး ခုနတုန်းကလည်း တော်တော်လေးရှင်းပြခဲ့ပြီးပြီ။ နောက်ပိုင်းမှာလည်း အလျဉ်းသင့်သလို ထည့်ပြောသွားမယ်။ မာရ်(၁၀)လုံးစုံအောင်ပြောရမှာဆိုတော့ နောက်တစ်ခုကို ပြောကြဦးစို့ ...။

ဒုတိယမာရ်က **အရတိမာန်**– တရားအားထုတ်တဲ့အလုပ်မှာ မပျော်မွေ့တာ။ စိတ်ဝင်စားမှု မရှိတာမျိုး။ မလွဲသာ မရှောင်သာလို့ မကျေမနပ်နဲ့ လုပ်နေရတာမျိုးပေါ့။ သံဝေဂဉာဏ် အားမကောင်းတဲ့ ယောဂီတွေ အဖြစ်များတာပဲ။

တတိယက **ခုပ္ပိပါသမာရ်**– ဗိုက်ဆာတဲ့အတွက်ကြောင့် တရားကို ကောင်းကောင်းအားမထုတ်နိုင်တာ။ ကိုယ်စားချင်တာမစားရဘဲ ရိပ်သာမှာ ကျွေးတာကိုပဲ စားရတော့ စိတ်က မတင်းတိမ်ဘူး။ ဟိုဟာ စားချင်၊ ဒီဟာ စားချင်နဲ့။ တရားမှတ်လို့ကို မရနိုင်ဘူး ဖြစ်နေတတ်တယ်။ တချို့ဆို ညစာ မစားရလို့ ဥပုသ်တောင်မစောင့်ဘူး။ တရားအားထုတ်ဖို့ကတော့ ဝေးရော။

http://www.dhammadownload.com



ဒါကြောင့်မို့ … ဗိုက်ဆာတာကလည်း အခက်အခဲတစ်ခုပဲ နော်။ ကောင်းကောင်းလေးစားပြီး တရားအားထုတ်ရတာကို တန်ဖိုးထားကြ။ ဆွမ်းအလှူရှင်တွေကို ကျေးဇူးတင်ကြ။

နောက်တစ်ခုက **တန္ဒီမာရ်**– စိတ်ဓာတ်ကျတာ၊ ကျန်းမာရေးမကောင်းလို့ စိတ်ဓာတ်ကျတာမျိုးလည်းရှိတယ်။ တချို့ကျတော့ ကြိုးကြိုးစားစား အားထုတ်ပေမယ့် တရားမတက်လို့စိတ်ဓာတ်ကျတာ။ သင်္ခါရုပေက္ခာဉာဏ်ကိုတော့ ရောက်နေပြီ။ ရှေ့ကိုဆက်မတက်ဘူး။ တရားက တက်လိုက်, ကျလိုက်နဲ့ ဒီနေရာမှာပဲ လည်နေတော့ စိတ်ဓာတ်ကျပြီး တရားကို ဆက်အားမထုတ်ချင်တော့ဘူး။ ဒါလည်း အတားအဆီးတစ်ခုပဲ။ ဘယ်နှစ်ခုရှိသွားပြီလဲ။

'လေးခုပါဘုရား'

(၅)ခုမြောက်က **ထိနမိဒ္ဓမာရ်**– အိပ်ငိုက်တာ၊ အပျင်းကြီးတာ။ တချို့ယောဂီတွေ မနက်စောစော အိပ်ရာက မထချင်ဘူး။ အအိပ်မက်တယ်။ အမှန်က မနက်စောစောဆိုတာ အင်မတန်တရားအားထုတ်လို့ကောင်းတာ။ မနေ့က တစ်နေ့လုံး ပင်ပန်းခဲ့သမျှတွေဟာ ညဘက်မှာ အိပ်လိုက်ရတော့ ကိုယ်ပင်ပန်း, စိတ်ပင်ပန်းတာတွေလည်း ပျောက်ကုန်ပြီ။ ရပ်ထဲရွာထဲက လူတွေကလည်း အိပ်နေကြတဲ့အတွက် ဆူဆူညံညံအသံတွေမကြားရဘူး။ တိတ်ဆိတ်ငြိမ်သက်နေတော့ တရားမှတ်လို့ကောင်းတယ်။ ဒါပေမဲ့ …

အဲဒီလို တန်ဖိုးရှိတဲ့ အချိန်တွေကို သေသေချာချာ အသုံးမချဘဲ အပျင်းကြီးပြီး အိပ်နေမယ်ဆိုရင် … အင်မတန် နှမြောဖို့ကောင်းတာပဲ။ ဘဝဆိုတာ အချိန်နဲ့ တည်ဆောက်ထားတာ။ ခက်ခက်ခဲခဲ ရလာတဲ့ဘဝတစ်ခုကို အိပ်ပြီးတော့ အချိန်ဖြုန်းနေမယ်ဆိုရင် နှမြောဖို့မကောင်းဘူးလား။

'နှမြောဖို့ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



ကျန်းမာရေး လိုအပ်ချက်အရ တစ်ရက်ကို (၆)နာရီလောက်အိပ်ရင် တော်ပြီပေါ့။ တချို့ဆို တစ်ရက်ကို (၄)နာရီပဲ အိပ်တယ်။ အိပ်ရေးဝပြီ။ အလေ့အကျင့်ပါပဲ။ တချို့ယောဂီက အအိပ်ကိုစုံမက်တာ။ ထိုင်မှတ်နေတဲ့ အချိန်မှာတောင် အိပ်ငိုက်တယ်။ တစ်ခါတစ်ရံ နည်းနည်းပါးပါး အိပ်ငိုက်တာမျိုးကိုပြောတာမဟုတ်ဘူး။ ရုပ်ပျက်ဆင်းပျက်ကို အိပ်ငိုက်နေတာ။ သတိပေးတဲ့အသံတောင် မကြားတော့ဘူး။

ဝီရိယနည်းသွားလို့ အမှတ်ကျဲပြီး အိပ်ငိုက်သွားတာပေါ့။ ဝီရိယနည်းရင် အပျင်းကြီးသွားတာပဲ။ အဲဒီလို အပျင်းကြီးနေရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ရနိုင်ပါတော့မလား။

'မရနိုင်ပါဘူးဘုရား'

မပျင်းကြနဲ့။ စင်္ကြံလျှောက်ပြီး မှတ်ရမယ့်အချိန်မှာ စင်္ကြံလျှောက်မှတ်။ အသေးစိတ်အမူအရာတွေလည်း မှတ်ကြ။ အရေးကြီးလို့ ခဏခဏ သတိပေးနေတာ။ ဉာဏ်အရင့်ပိုင်း ရောက်လာရင် အတားအဆီးတွေက အင်မတန် သိမ်မွေ့တယ်။ အတားအဆီးလို့ကို မထင်ရဘူး။ ယောဂီက ကျော်ဖြတ်ရကောင်းမှန်းမသိဘဲ အလိုက်သင့်လေး ပါသွားလို့ကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ ကြာဦးမယ်သာ တွက်ထား။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရအောင် တားဆီးတဲ့နောက်ထပ် မာရ်တစ်ခုက **ဘီရုမာရ်**– ကြောက်စိတ်ဝင်တာ။ ဒါက (၆)ခုမြောက် အတားအဆီး။ ထိုင်မှတ်တဲ့အခါ အာရုံထဲမှာ ဘာကိုပဲမြင်မြင် မြင်ရင် 'မြင်တယ်၊ မြင်တယ်' မှတ်ပါလို့ ဆရာသမားက ခဏခဏသတိပေးနေပေမယ့် တချို့ယောဂီက မမှတ်ဘူးဗျ။ သူက မြင်တဲ့အာရုံကို စိတ်ဝင်တစားနဲ့ ကြည့်ကြည့်နေတယ်။ အဲဒီအကျင့်က တစ်ချိန်ချိန်မှာ ဒုက္ခပေးတော့တာပဲ။

http://www.dhammadownload.com



တရားမှတ်နေရင်းနဲ့ တစ်ခါတလေ ကြောက်စရာကောင်းတဲ့ အာရုံမျိုး မြင်ရတတ်တယ်။ မြင်ရင် 'မြင်တယ်၊ မြင်တယ်' မှတ်တဲ့ အလေ့အကျင့် မရှိတော့ ... မမှတ်ဘဲကြည့်နေရော။ သမာဓိအရှိန်ကရှိနေတော့ ကိုယ့်နား နီးကပ်လာတယ်လို့ ထင်ပြီး အကြီးအကျယ် ကြောက်သွားတတ်တယ်။ မျက်စိမှိတ်လိုက်တာနဲ့ ပြန်ပြန်ပေါ်လာတဲ့အတွက် တရားကို ဆက်မထိုင် ရဲတော့ဘူး၊ ပြန်ပြေးရော ...။

တချို့ယောဂီကျတော့တစ်မျိုး။ တရားမတက်လို့ တရားစစ်ခံရမှာ ကြောက်တာ။ ဆရာသမားက မေးမှာမြန်းမှာကြောက်တာနဲ့ ရိပ်သာက အသာလေးလစ်သွားတာမျိုးတွေ ရှိတယ်နော်။ အဲဒီလို မကြောက်သင့်တာကို ကြောက်ပြီး ပြန်သွားရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်က ရနိုင်ပါတော့မလား။

'မရနိုင်တော့ပါဘူးဘုရား'

နောက်အတားအဆီးက **ဝိစိကိစ္ဆာမာရ်**– သံသယတွေ ဖြစ်နေတာ။ ဒါမျိုးက တကယ့်သဒ္ဓါတရားနဲ့ ကြိုးစားအားထုတ်နေတဲ့ ယောဂီကြီးတွေ တောင် ဖြစ်တတ်တယ်နော်။ သင်္ခါရုပေက္ခာဉာဏ်တော့ ရောက်နေပြီ။ တရားက ရှေ့ကိုဆက်မတက်ဘဲ ပြန်ပြန်ကျနေတယ်။ ဘင်္ဂတို့, ဥဒယဗ္ဗယတို့ ထိ ပြန်ကျသွားတာ။ တက်လိုက်ပြန်ကျလိုက်နဲ့ ကြိမ်ဖန်များတော့ ရှုအား တွေပါ လျော့သွားပြီး သင်္ခါရုပေက္ခာဉာဏ်အထိတောင် ပြန်မတက်တော့ဘူး။ အဲဒီတော့ စိတ်ဓာတ်တွေပါ ကျလာရော။

ငါဟာ ဒီဘဝမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမယ့် တိဟိတ်ပုဂ္ဂိုလ်မဟုတ်ရဲ့ လား။ ဒွိဟိတ်များ ဖြစ်နေလားမသိဘူး။ တချို့ကျတော့ မဂ်တား, ဖိုလ်တား အန္တရာယ်တွေ ရှိနေပြီလို့ ထင်တယ်။ ရဟန်းတော်တွေဆိုရင်လည်း ဝိနည်းနဲ့ ပတ်သက်တဲ့ အာပတ်သင့်တာတွေကို ပြန်ပြီး သံသယဖြစ်နေတာနဲ့ ရှေ့ဆက်ပြီး အားမထုတ်ဖြစ်တော့ဘူး။

http://www.dhammadownload.com



အမှန်က ကိုယ့်မှာ သံသယတွေဖြစ်နေရင် တတ်သိနားလည်တဲ့ သူတွေကို မေးရတယ်။ ကိုယ့်မှာ ဉာဏ်ပညာက နည်းနေသေးလို့, နုသေး လို့ သံသယဖြစ်နေတာ။ ဆရာသမားကောင်းရှိဖို့ သိပ်အရေးကြီးတယ်။ ဒါကြောင့်မို့ ... ဆရာသမားကောင်းရှိတဲ့နေရာကို ဘယ်လောက်ပဲဝေးဝေး သွားကြ။ အနေအထိုင် အစားအသောက် ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ သည်းညည်းခံပြီး မှီခိုဆည်းကပ်ကြ။

သံသယကို ပညာနဲ့သာ ကုလို့ရတယ်။ ဆရာသမားကောင်းတွေဆီမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ပညာတွေ အများကြီးရှိတယ်နော်။ ဒါကြောင့်မို့ အလုပ်ပေးတရားနာတဲ့အခါမှာလည်း အရေးကြီးတဲ့အချက်တွေကို စာအုပ်နဲ့ ရေးပြီးမှတ်ထား။ ဒါမှ အသိဉာဏ်တွေက တဖြည်းဖြည်းပြည့်ဝလာပြီး သံသယရှင်းရှင်းနဲ့ ဆက်အားထုတ်ဖြစ်မှာပေါ့။

တချို့က တရားအားထုတ်နေတဲ့သူကို စိတ် ကယောင်ချောက်ချား ဖြစ်အောင် ပြောတတ်တယ်နော်။

'မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုတာ အင်မတန်ခက်တာ။ နတ်ပြည်လောက် ရောက် တော်ရောပေါ့ကွာ။ အရိမေတ္တေယျမြတ်စွာဘုရားပွင့်တဲ့အခါကျတော့ လူ့ပြည်ဆင်းပြီး တရားနာ။ အဲဒီကျမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ယူ။ အတူတူ သွားကြတာပေါ့'ဆိုတော့ ပေါ့မသွားဘူးလား။

'ပေါ့သွားပါတယ်ဘုရား'

နတ်ပြည်လောက် မှန်းတဲ့ပုဂ္ဂိုလ်က တော်ရုံတန်ရုံတောင် နတ်ပြည် ရောက်ဖို့ မလွယ်ဘူးလို့ မှတ်ထား။ နိဗ္ဗာန်လောက် မှန်းမှ ရောက်မှာ။ ငယ်ထိပ်လောက်မှန်းမှ ခြေမျက်စိလောက်တင်တာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



နတ်ပြည်လောက်မှန်းတော့ ဒီလောက်ကုသိုလ်တွေအများကြီးလုပ်ထားတာ ရောက်လောက်ပါတယ်။ တော်ရောပေါ့ဆို ပေါ့သွား ရော။ ဓမ္မဗဟုသုတကနည်းတော့ သူများပြောတာကိုယုံပြီ။ ဟုတ်မယ်ထင်ပါရဲ့ဖြစ်သွားပြီး ကိုယ်လုပ်နေတဲ့အလုပ်ကို ဆက်မလုပ်တော့ဘူး။ လမ်းမှန်နေတဲ့အလုပ်ကို သံသယဝင်သွားတာ။ ဒီလိုအတားအဆီးမျိုးလည်းရှိတယ်နော်။

## မာနကြီးနေသလား

နောက်အတားအဆီးတစ်ခုက **မက္ခမာရ်, ထမ္ဘမာရ်**– အထင်ကြီးတာ။ ညွတ်တွားလိုစိတ်မရှိတာ။ သူတစ်ပါးဂုဏ်ကျေးဇူးတွေကို အသိအမှတ်မပြုချင်တာ။ ကျေးဇူးကန်းတာ။

ကိုယ်က တရားတွေလည်း ခဏခဏနာထားတယ်။ တရားစာအုပ်တွေလည်း အများကြီး ဖတ်ထားတယ်ဆိုရင် ပြောတတ်ဆိုတတ်တာပဲ။ အထိုက်အလျောက် အားထုတ်ထားတော့ ... တရားတွေ့ပုံ တွေ့နည်းတွေ ဆွေးနွေးလိုက်ရင်လည်း အများကြီးပြောတတ်တယ်။ အဲဒီတော့ အများကလည်း အထင်ကြီး။ ကိုယ့်ကိုယ်ကိုလည်း အထင်ကြီးတာပဲ။

ကိုယ့်ကိုယ်ကို အထင်ကြီးတော့ သက်ကြီးဝါကြီးတွေကို စော်ကားတတ်တယ်။ မာန်မာနတွေကြီးပြီး ကိုယ့်ထက်ကြီးတဲ့သူတွေကို မရိုမသေမကိုင်းမရှိုင်းနဲ့ တချို့ရှိတယ်။ မနေ့တစ်နေ့ကမှ ဝတ်တယ်။ တစ်ဝါနှစ်ဝါပဲရသေးတယ်။ ကိုယ့်ထက်ကြီးတဲ့သူတွေကို မရှိခိုးဘူး။

တချို့ကျတော့ လောကီဂိုဏ်းတွေ။ အဖေကြီးတွေ အမေကြီးတွေနဲ့ သူတို့ကိုသူတို့ နာမည်တပ်ထားတာလေ။ သူတို့ မနေ့တစ်နေ့ကမှ ဝတ်တာ

http://www.dhammadownload.com



နှစ်ဝါတောင် မပြည့်သေးဘူး။ ဟိုမှာက ဝါ(၆၀) ဝါ(၇၀) ဆရာတော်ကြီး တွေကို မရိုခိုးဘူး။ ဒါမျိုးတွေရှိတယ်နော် သူတော်ကောင်းတို့ ...။

ဝိပဿနာမှမဟုတ်ဘူး။ သမထနယ်မှာလည်း ရှိတယ်။ တွေ့နေရ တယ်။ ဩော် ... ဒီပုဂ္ဂိုလ်ကြီးက တော်တော်ဝါကြီးတယ်နဲ့ တူတယ်။ ဘယ်ဟုတ်မလဲ။ မနေ့တစ်နေ့ကမှ ဝတ်တာ။ ဒုလ္လဘသာသာ ရှိသေးတယ်။ အဲဒါကို ဝါ(၆၀)ဝါ(၇၀)တွေကို မရိုခိုးဘူး။ သူလိုကိုယ်လိုပဲ ဆက်ဆံတယ်။ ဒါ မာနမဟုတ်လား။ အဲဒီလို မာနတွေကြီးနေရင် သမထလည်းမအောင်ဘူး၊ ဝိပဿနာလည်း မအောင်ဘူး။ သူ့ဘာသာသူ ဘာလုပ်နေနေ အောင်ကို မအောင်ဘူး။

တချို့ယောဂီကျတော့ ကြွားတတ်တယ်။ တပည့်တော်ရိပ်သာဝင်တာ ဆယ်နှစ်ရှိပြီတဲ့။ ဩော် ... တော်တော်လုပ်ထားတာပဲ အောက်မေ့တယ်။ ဘယ်ဟုတ်မလဲ၊ တစ်နှစ်မှ (၇)ရက်လုပ်တာ။ တစ်နှစ် (၇)ရက်လုပ်ပြီး ဆယ်နှစ်ရှိပြီတဲ့။ အောင်မလေး တော်တော်ချီးကျူးစရာကောင်းတဲ့ယောဂီ။

ကိလေသာက ဘယ်လိုမှမနေဘူး။ နှုတ်ခမ်းမွေးတောင်သပ်နေဦးမယ်။ မင်း ဒီလောက်လေးလုပ်လို့ကတော့ ငါက ဖြုန်တောင်မဖြုန်ဘူးတဲ့။ တစ်လခွဲ နှစ်လလုပ်နေတာတောင်မှပဲဗျာ ... ဒိဋ္ဌိနဲ့တဏှာကမဖြုန်လို့ မနည်းလုပ်နေရ တယ်။ လနဲ့နှစ်နဲ့ချီပြီးလုပ်နေတဲ့သူကိုတောင် သူတို့က ချာလပတ်လည် အောင် လှည့်ပစ်တာ။

ဒါကိုမသိတဲ့ယောဂီက နည်းနည်းလေး လုပ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မာန်မာနတွေဝင်တတ်တယ်နော်။ ကျေးဇူးရှင်တွေကိုလည်း ကျေးဇူးကန်းတတ်တယ်။ ကျေးဇူးရှင်ဆိုတာ ငယ်ငယ်တုန်းက ကကြီးခခွေး သင်ပေးတဲ့ ဆရာတွေကအစ ကိုယ့်ရဲ့ဥပဇ္ဈာယ်ဆရာတွေ။ ကိုယ့်ဘေးနားမှာ ညွှန်ကြားပြသနေတဲ့ ဆရာသမားတွေ။

http://www.dhammadownload.com



ကိုယ်က လူချစ်လူခင်တွေများလာ၊ လာဘ်လာဘတွေ များလာ၊ ဒကာဒကာမတွေ များလာတဲ့အခါကျတော့ ... ကိုယ့်ဆရာသမားတွေ၊ ကိုယ့်ကျေးဇူးရှင်တွေကို ပြန်ပြီးတော့ စော်ကားတတ်တယ်။ ဘယ်သူနဲ့မှ မတူသလို မတန်သလို ကျန်တဲ့သူက အလကားပါ။ ငါသာ တတ်တယ်၊ ငါသာမြတ်တယ်နဲ့ မာနတွေကြီးလာတတ်တယ်။ မာနကြီးရင် တရားမရတော့ဘူးသာ တွက်ထား။ ဒါ သတိထားဖို့နော်။

အဲဒီတော့ ... ကိုယ်ကမာနတွေကြီးနေရင် ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးကဲ့သို့ 'အရှင်သာရိပုတ္တရာ'ထံုး နှလုံးမူရမယ်။ သူတော်ကောင်းတို့ ... အရှင်သာရိပုတ္တရာဟာ ဘုရားပြီးရင် ဉာဏ်ပညာအကြီးဆုံးလေ။ ဒါပေမဲ့ မာန်မာနကို အင်မတန်နှိမ်ချတော်မူတယ်။ သူ့ကို ဘယ်လိုပဲ ဆဲဆဲဆိုဆို သည်းခံတော်မူတယ်။ တချို့ဆို အရှင်သာရိပုတ္တရာကို စမ်းသပ်တာတဲ့။

အရှင်သာရိပုတ္တရာ သည်းညည်းခံနိုင်တယ်ဆိုတာ မယုံဘူး။ စမ်းမယ်ပေါ့လေ။ အရှင်သာရိပုတ္တရာ ဆွမ်းခံလာတဲ့အခါ နောက်ကနေ ကျောကုန်းကို တုတ်နဲ့ဖြတ်ရိုက်တယ်။ အရှင်သာရိပုတ္တရာက လှည့်တောင်မကြည့်ဘူး။ သူ့ဘာသာသူပဲ ဆက်သွားတာ။ ရိုးရိုးလူတွေဆို ရန်ဖြစ်မှာပေါ့။ ခြေသုပ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ကျင့်ကြံတော်မူတဲ့ တို့ရဲ့နောင်တော်ကြီးကို အတုယူရမှာနော်။ အရှင်သာရိပုတ္တရာကို စွပ်စွဲတဲ့ရဟန်းလည်း ရှိသေးတယ်။

'အရှင်သာရိပုတ္တရာက လေကားအတက်အဆင်းမှာ တပည့်တော်ကို ဝင်တိုက်သွားပြီး ပြန်လည်း မတောင်းပန်ဘူးဘုရား'

အရှင်သာရိပုတ္တရာကို မနာလိုတဲ့ ပုထုဇဉ်ရဟန်းက ဘုရားကို သွားလျှောက်တာ။ မြတ်စွာဘုရားက သိတယ်နော်။ သိရက်သားနဲ့ အများတရားနာပရိသတ် သံသယကင်းအောင်လို့ အရှင်သာရိပုတ္တရာကို ခေါ်မေးတော်မူတယ်။

http://www.dhammadownload.com



'ချစ်သားသာရိပုတ္တရာ ... သူ့ကိုဝင်တိုက်သွားပြီး မတောင်းပန်ဘူး ဆိုတာ ဟုတ်သလား'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... တပည့်တော်ဟာ မြေကြီးကဲ့သို့ ကျင့်ပါတယ်ဘုရား။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့လည်း ကျင့်ပါတယ် ဘုရား။ သူဘယ်လိုပဲပြောပြော တပည့်တော်သည်းညည်းခံပါတယ်ဘုရား'

'မတော်တဆ တိုက်မိတယ်ဆိုရင်လည်း သူဘယ်လိုပဲ လုပ်လုပ် တပည့်တော် သည်းညည်းခံပါ့မယ်။ သူမကျေနပ်လို့ ရိုက်ချင်ရင်လည်း ရိုက်ပါစေ။ ရှိခိုးဆိုလည်း ရှိခိုးပါမယ်ဘုရား'

အဲဒီမှာ ... အရှင်သာရိပုတ္တရာ ပြန်လျှောက်တဲ့ဥပမာတွေက အများကြီး ပေါ့ဗျာ။ ဒါတစ်ခုနှစ်ခုထုတ်ပြောတာ။ မြေကြီးဆိုတာ သူ့အပေါ် အညစ် အကြေးပဲ စွန့်စွန့် တံတွေးပဲ ထွေးထွေး မကျေနပ်လို့ ပြန်ပြီးတော့ တုံ့ပြန်တာ ရှိရဲ့လား။

'မရှိပါဘူးဘုရား'

စွန့်ချင်သလိုစွန့်၊ လုပ်ချင်သလိုလုပ် မြေကြီးကဘာမှပြန်မလုပ်ဘူး။ သည်းညည်းခံတယ်။ အဲဒီလိုပဲ ခြေထောက်မှာ ဘာတွေပဲ ပေလာပေလာ ခြေသုတ်ပုဆိုးနဲ့သုတ်တဲ့အခါ ခြေသုတ်ပုဆိုးက မသုတ်နဲ့လို့ မကျေမနပ်နဲ့ ပြန်ပြောတာ ရှိရဲ့လား။

'မရှိပါဘူးဘုရား'

ခြေသုတ်ပုဆိုးက အညစ်အကြေးတွေ သူ့လာသုတ်တာတောင် မကျေမနပ် ဘာမှမဖြစ်ဘူးနော်။ သုတ်ချင်သလိုသာသုတ်၊ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အရှင်သာရိပုတ္တရာက အဲဒီလိုမျိုး ပြန်လည်လျှောက်ပြီးရော အမလေး မြေကြီးတောင် လှုပ်တယ်။ မဟုတ်ကဟုတ်က စွပ်စွဲတဲ့ ရဟန်းလည်း

http://www.dhammadownload.com



တစ်ကိုယ်လုံး ပူလောင်ပြီးမနေနိုင်တော့ဘူး။ အဲဒီကျမှ ပြန်တောင်းပန်ရတယ်။ သူမဟုတ်တာ သွားပြောတာကိုး။

ဆိုလိုတာက ယောဂီတို့၊ အရှင်သာရိပုတ္တရာကဲ့သို့ သည်းညည်းခံပါ။ ဒါကိုပြောတာနော်။ အရှင်သာရိပုတ္တရာက ဘုရားပြီးရင် ဉာဏ်ပညာ အကြီးဆုံးလေ။ တကယ်လို့သာ ရဟန္တာမဟုတ်ရင် မာန်မာနကြီးစရာပေါ့ဗျာ။ မြတ်စွာဘုရားဟောတဲ့တရားကို အကုန်ပြန်ဟောနိုင်တယ်။ ဉာဏ်ပညာက အင်မတန်ကြီးတာ။

အဘိဓမ္မာ(၇)ကျမ်းကို မြတ်စွာဘုရားက တာဝတိံသာမှာ တက်ဟော တယ်။ မြောက်ကျွန်းက စန္ဒကူးတောမှာ မြတ်စွာဘုရားဆွမ်းဘုဉ်းပေးပြီးတဲ့ အခါ အရှင်သာရိပုတ္တရာကို အကျဉ်းချုပ်ပြန်ဟောတယ်။ မြတ်စွာဘုရားထံက အကျဉ်းချုပ်လေး နာရပေမယ့် အဘိဓမ္မာ (၇)ကျမ်းရဲ့ အကျယ်ကို အရှင် သာရိပုတ္တရာက ပြန်ဟောနိုင်တယ်။ အကျဉ်းပြောရင် အကျယ်ပြန်ပြောလို့ ရတယ်။

အဲဒီလောက် ဉာဏ်ပညာကြီးတာတောင်မှ မာန်မာနကိုမြေကြီးကဲ့သို့ အောက်ကိုချထားတယ်။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ကျင့်သုံးတယ်။ ပညာအရာမှာဧတဒဂ်ရတဲ့ နောင်တော်ကြီးတောင်မှ အဲဒီလိုမာန်မာနချထား တယ်ဆိုရင် ငါတို့က ပညာတစ်ပြားသားမှမရှိဘဲ ဘာဖြစ်လို့ မာန်မာန တက်ရမှာလဲဆိုပြီး မာန်မာနကိုချထားဖို့ မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

ကိုယ်က မသိလို့သာ ကိုယ့်ကိုယ်ကို အတော်ဆုံးအောက်မေ့နေတာ။ ပရိယတ္တိဘက်မှာလည်း ကိုယ့်ထက်တော်တဲ့ ပိဋကတ် သုံးပုံဆောင် ဆရာတော်ကြီးတွေ အများကြီးရှိတယ်။ ပဋိပတ္တိဘက်မှာလည်း ကိုယ့်လို

http://www.dhammadownload.com



သူများကို ဆရာမလုပ်ဘဲ၊ တံခွန်မထူ အလံမလွှင့်ဘဲ တိတ်တိတ်လေး မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနေတာတွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

ရှိတာမှ အများကြီးပဲ။ ကိုယ်က မသိလို့။ ဆိုင်းဘုတ်ဆွဲထားတာမှ မဟုတ်တာ။ ဒီလိုမသိတော့ ကိုယ်တစ်ယောက်တည်း တရားထူးတွေရနေတယ် အောက်မေ့နေတာ။ အဲဒီမာန်မာနတွေကိုဆင်ခြင်ပြီးတော့ ... သြော် ငါ့ထက်တတ်တဲ့သူတွေ၊ ငါထက်မြတ်တဲ့သူတွေ အများကြီးပဲ။

မြတ်စွာဘုရားရဲ့ တရားတော်ဆိုတာ မာန်မာနချိုးနှိမ်ထားတဲ့သူမှ ရနိုင်တာ။ မာန်မာနတွေ တထောင်ထောင်လုပ်နေရင် ရမှာမဟုတ်ဘူး ဆိုပြီးတော့ ... အဲဒီမာန်မာနကို ရှုမှတ်ပစ်လိုက်ပေါ့ဗျာ။ ရှုမှတ်ပြီး ဆက်ကြိုးစားမယ်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူးလား။

'ရနိုင်ပါတယ်ဘုရား'

နောက်တစ်ခု (၉)ခုမြောက်အတားအဆီးက တဏှာမာနမာရ်–လာဘသက္ကာယသိလောက။ လာဘ်လာဘကို သာယာမယ်။ ဂုဏ်သတင်းကြီးတာတွေကို နစ်မွန်းနေမယ်ဆိုရင် အတားအဆီးခံရပြီသာမှတ်။

ငယ်တဲ့သူဖြစ်ဖြစ်၊ ကြီးတဲ့သူဖြစ်ဖြစ် သီလ,သမာဓိ,ပညာ အားကောင်းအောင် ကြိုးစားတဲ့ပုဂ္ဂိုလ်ကို မဂ်တွေ, ဖိုလ်တွေ မရသေးပေမယ့် ကြည်ညိုကြတာပဲ။ ဟိုလူကကြည်ညို, ဒီလူကကြည်ညို။ ဟိုကချစ်ခင်, ဒီကချစ်ခင်နဲ့။ အာရုံငါးပါး ကာမဂုဏ်တရားတွေကလည်း ပေါလာတတ်တယ်။ လာဘ်လာဘတွေရမယ်။ ပူဇော်မှုတွေ များလာမယ်။ ဂုဏ်သတင်းတွေကြီးလာမယ်။ ဂုဏ်သတင်းက နိုင်ငံခြားအထိတောင် ပျံ့မှာ။

အဲဒါကို ကိုယ်က ဘဝင်မြင့်ပြီးတော့များ ပေါ့ပေါ့ဆဆနေလိုက်ရင် အာရုံငါးပါးကာမဂုဏ်တရားဘက်ကို ပြန်ပါသွားနိုင်တယ်။ အစတုန်းက

http://www.dhammadownload.com



တရားမကျင့်ခင်တုန်းက ဆင်းဆင်းရဲရဲနေရတာ။ ဘယ်သူကမှ မကြည်ညို ဘူး။ ဘယ်သူမှလည်း မသိဘူး။ သေတာတောင် ပုပ်မှသိမှာ။ တရား အားထုတ်တဲ့အခါကျတော့ သီလ, သမာဓိ, ပညာတွေက အားကောင်း။ တရားပါ ဟောတတ်တယ်ဆိုတော့ နာမည်ကြီးလာတာပေါ့ဗျာ။

နာမည်ကြီးလာတဲ့အခါကျတော့ ... ချစ်တဲ့ခင်တဲ့သူတွေကပေါ့။ လာဘ်လာဘတွေကပေါ့။ ဟိုတုန်းက တစ်သောင်းတောင် မကိုင်နိုင်ဘူး။ အခုကျတော့ သိန်းနဲ့ချီပြီးကိုင်ရတယ်။ ကိုယ့်ဆီမှာ တစ်ပြားသားမှမရှိရင် ဘယ်သူမှ အနားမနေဘူး။ ကိုယ့်ဆီမှာ သိန်းနဲ့ချီရှိနေတော့ ဟိုလူကိုပေး၊ ဒီလူကိုပေးနဲ့ ဘေးနားမှာဝိုင်းဝိုင်းလည်နေတာ။ ဝိုင်းဝိုင်းလည်နေတာကို ကိုယ်က 'သတိ၊ ပညာ'နဲ့ မထိန်းဘဲ အာရုံငါးပါး ကာမဂုဏ်တရားဘက် လိုက်စားမယ်ဆိုရင် မြစ်ထဲကဝဲစုပ်သလိုဖြစ်သွားမှာနော်။ မြစ်ထဲမှာဝဲစုပ်တာ မြင်ဖူးတယ်မဟုတ်လား။

'မြင်ဖူးပါတယ်ဘုရား'

ကတော့ကြီးလိုပဲ ရေတွေကလည်ပြီးတော့နေတာလေ။ ဝါးဖောင်တွေ လှေတွေ ဝဲစုပ်ခံရရင် ဝဲထဲမှာ လည်နေတာ။ ချက်ချင်းမမြုပ်သေးဘူး။ လည်ပါများတော့ ကျဉ်းကျဉ်းသွားပြီး နောက်ကျတော့မြုပ်ရော။ သတိ,ပညာ လွတ်တဲ့ပုဂ္ဂိုလ်တွေလည်း အဲဒီလိုပဲ။

သတိ, ပညာလွတ်တဲ့ အခါကျတော့ မိမိရဲ့ အရှုခံအာရုံတွေအပေါ် သတိက မရှိတော့ဘူး။ ရုပ်တွေနာမ်တွေပေါ်မှာ စိတ်ကမရောက်တော့ဘူး။ ကာမဂုဏ်တွေပေါ်ရောက်မယ်။ လာဘ်လာဘအပေါ်မှာ ရောက်နေမယ်။ လာဘ်လာဘကိုမက်မောပြီး နောက်ကျတော့ လာဘ် လာဘကို မကျော်နိုင်တော့ဘူး။ လာဘ်လာဘရဲ့ ကျွန်ဖြစ်သွားရော။ လာဘ်လာဘကို အများအတွက်အသုံးပြုပြီး ကိုယ်က တရားအားထုတ်ရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



သူတော်ကောင်းတို့ ဘယ်သူရယ် ဘယ်ဝါရယ် ပြောတာမဟုတ်ဘူး။ ဖြစ်တတ်တဲ့သဘော ပြောတာနော်။ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် လာဘ်လာဘတွေ ပေါလာလို့ရှိရင် ကာမဂုဏ်လည်း ပေါလာတယ်ဗျာ။ ကာမဂုဏ် ပေါလာတာကို ကိုယ်က 'သတိ၊ ပညာ'နဲ့ မထိန်းဘူးဆိုရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရတော့ဘူး။

ဒါကြောင့်မို့လို့ ဦးပဥ္စင်းတို့ ထည့်ထည့်ပြီး ပြောတာ။ ရင့်သီးလို့ရှိရင်လည်း သည်းခံပေါ့ဗျာ။ သတိပေးတဲ့စကားပြောတာ။ အမျိုးသားဖြစ်ဖြစ်၊ အမျိုးသမီးဖြစ်ဖြစ် ပျိုပျိုအိုအို ငါတို့ကတော့ အိုတာပဲဆိုပြီး အဲဒီလိုသဘော မထားနဲ့။ ပျိုပျိုအိုအို (၇၀–၈၀) ဖြစ်နေပါစေ ... တောင်ဝှေးလေးနဲ့ ဒေါက်ဒေါက်ဖြစ်နေပါစေ တရားရတော့မယ်ဆိုရင် ကာမဂုဏ်တွေလာတတ်တယ်နော်။

ဟိုက ခင်ရတာနဲ့ ဒီက ခင်ရတာနဲ့။ အဲဒါတွေကို ကိုယ်က သတိ၊ ပညာနဲ့ ရှောင်ပြီးတော့ တရားအားမထုတ်ရင် ဝဲစုပ်သလို ဖြစ်သွားမယ်။ အဲဒါ ဖြစ်တတ်တဲ့သဘောပြောတာ။ တချို့က အလုပ်ရတယ်။ တချို့က အိမ်ထောင်ကျတယ်။ အစတုန်းက ဘယ်မှာနေမှန်းတောင် မသိဘူး။ တရားအားထုတ်ခါမှ ခင်မင်ရင်းနှီးမိတ်ဆွေတွေဖြစ်ပြီး အိမ်ထောင်ကျရော။ တရားအားထုတ်တာ အိမ်ထောင်ကျဖို့လုပ်တာ မဟုတ်ဘူးဗျ။

တချို့ဆို ယောဂီလေးတွေ ဦးပဥ္စင်းတို့ဆီမှာ တရားလာ အားထုတ်တယ်။ အစတုန်းက အလုပ်မရဘူး။ တရားအားထုတ်လို့ တော်တော်လေး အရှိန်ကောင်းခါမှ နိုင်ငံခြားသွားခွင့်ရလို့ ပါသွားပြီ။ ဒေါ်လာနဲ့ တရား လဲလိုက်တာ မဟုတ်လား။ ဒေါ်လာက အပါယ်တံခါး မပိတ်ဘူး။ ဒီမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရခါနီးမှဗျာ။ နှမြောဖို့ မကောင်းဘူးလား။

'နှမြောဖို့ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



ဆက်ပြီးအားထုတ်လိုက်ရင် နောက်ထပ်(၁၅)ရက်၊ ရက်(၂၀)ဆို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတော့မှာ။ အဲဒါကို အလုပ်ကခေါ်လို့ ပြန်သွားတယ်။ ပြန်သွားတော့ ... ဒီမှာ တရားက မရတော့ဘူးပေါ့ဗျာ။ ရောက်ခါနီးကျမှ ဝဲစုပ်ခံရတဲ့အတွက် အင်မတန်နစ်နာတာပဲ။ ဒါကြောင့်မို့ ဝဲစုပ်မခံရအောင် 'သတိ၊ ပညာ'နဲ့ ခပ်ဝေးဝေးက ရှောင်ကြ။

နောက်ဆုံးမာရ်က **အတ္တုက္ကံသန ပရဝမ္ဘနမာရ်**– သူတစ်ပါးကို နှိမ်ချပြီး ကိုယ့်ကိုယ်ကို ပင့်မြှောက်တာ။ ငါက သီလစင်ကြယ်တယ်။ ဒီကောင်တွေ ငါ့လောက်သီလစင်ကြယ်တာမဟုတ်ဘူး။ ငါက သမာဓိတွေ အများကြီး ရထားတယ်။ ဒီကောင်တွေ ငါ့လောက် သမာဓိရတာ မဟုတ်ဘူး။ ငါက ဝိပဿနာဉာဏ်တွေ အများကြီးရထားတာ။ ဒီကောင်တွေနဲ့ ငါက တူတာ မဟုတ်ဘူး။ ငါမှ ငါ ဒီလိုဖြစ်လာတာနော်။

ထေရ်ကြီးဝါကြီးတွေကိုလည်း စိတ်ထဲကနေ နည်းနည်းစော်ကားလာတယ်။ ဒီမထေရ်ကြီးတွေကကွာ ... စာအုပ်ကြီးဖတ်ပြီး လျှောက်ပြောနေတာပါ။ ဘာမှလုပ်တာလည်း မဟုတ်ဘူး။ သူတို့သမာဓိလည်း ရှိမှာမဟုတ်ပါဘူး။ ကြည့်ပါလား ... ဟိုပြောဒီပြောနဲ့။ ဒီဒကာမတွေနဲ့ ဆက်ဆံ၊ ဟိုဒကာမတွေနဲ့ဆက်ဆံ။ ဘာမှလုပ်တာလည်း မဟုတ်ဘူး။ ပါးစပ်က လျှောက်ပြောနေတာ။ မသိတော့ ပြစ်မှားတတ်တယ်နော်။ အဲဒါ မဂ်တား ဖိုလ်တားပဲ။

ဆရာတော်ကြီးတွေ ကွယ်ရာမှာ လုပ်ထားတာ ကိုယ်ကနားမလည်ပဲနဲ့လေ။ ဒကာဒကာမတွေနဲ့ဆက်ဆံတာ တရားဟောတာပဲ မြင်တာကိုးဗျ။ မနက်ဘက်ကို စာသင်၊ ညဘက်မှာတရားအားထုတ်တဲ့ ဆရာတော်ကြီးတွေ အများကြီးရှိတယ်။ ဘုမသိ ဘမသိနဲ့ အဲဒီလို သူများကိုလည်း စော်ကား တတ်တယ်။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူများကိုအထင်သေးတော့ နေရာတကာ ဆရာကြီးလုပ်ချင်တယ်။ ဟိုကိစ္စလည်း ငါပါမှ။ ဒီကိစ္စလည်း ငါပါမှ။ ဒီလိုထင်တာ။ ငါလုပ်တာမှ အကောင်း။ သူတစ်ပါးလုပ်တာဆိုရင် အကောင်း မထင်ဘူး။ စိတ်တိုင်းမကျဘူး။ အဲဒါနဲ့ပဲ ကိုယ့်ရဲ့ တရားအလုပ်တွေကို ဆုံးအောင် မလုပ်ဖြစ်တော့ဘူး။ ဒါက (၁၀)ခုမြောက် **အတ္တုက္ကံသန ပရဝမ္ဘနမာရ်**။ ပါဠိစကားလုံးတွေက ခက်လို့ မပြောတတ်တာထား။ အဓိပ္ပါယ်တော့သိနေရမယ်။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

အခုလို တရားအလုပ် ပျက်စီးသွားအောင် တားဆီးတတ်တဲ့ အတား အဆီး(၁၀)ခု၊ မာန်(၁၀)ပါးကို ကျော်ဖြတ်နိုင်မှ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာ။ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါမှလည်း သစ္စာဝါဒ၏အနှစ်သာရကို ရတော့မှာပေါ့။ တရားနာမည်က ဘာတဲ့လဲ။

'သစ္စာဝါဒ၏အနှစ်သာရပါဘုရား'

သစ္စာဝါဒ၏အနှစ်သာရကိုရဖို့ ရှုမှတ်တဲ့အပိုင်းတွေကို အရင်တုန်းက တော်တော်လေး ပြည့်ပြည့်စုံစုံ ဟောခဲ့ပြီးပြီ။ ဒီနေ့ကတော့ အခက်အခဲ တွေ၊ အတားအဆီးတွေကို ကျော်ဖြတ်နိုင်ဖို့အတွက်လိုတာတွေကိုပြောမယ်။ တွန်းအားဖြစ်စရာလေးတွေ ဖြည့်စွက်ပြီး ပြောမယ်။ ယောဂီဟောင်းကြီး တွေက ရှုနည်းမှတ်နည်းတွေကို သိတာမှမှတ်နေတာပဲ။ သိပေမယ့် အဆုံး အထိ မရောက်တာက မာန်(၁၀)ပါးလုံးကို မကျော်ဖြတ်နိုင်လို့။

ဘာဖြစ်လို့ မကျော်ဖြတ်နိုင်ရတာလဲ။ ဆန်းစစ်ကြည့်ရင် ဒုက္ခသစ္စာကို သေသေချာချာမသိလို့။ ဘာဖြစ်လို့ ဒုက္ခသစ္စာကို သေသေချာချာ မသိရ တာလဲ။ မဂ္ဂသစ္စာကို ပြည့်စုံအောင်မပွားလို့ပေါ့။ ကိုယ့်လောက် မလုပ်တဲ့ သူတွေကို ငုံ့ကြည့်ပြီး ငါ တော်တော်ဟုတ်နေပြီ–လို့ ထင်နေကြတယ်။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး မရောင့်ရဲသင့်တာကို ရောင့်ရဲနေကြတယ်။ ရဟန္တာ မှမဖြစ်သေးရင် ကြိုးစားအားထုတ်မှုအရှိန်ကို လျှော့ရမှာလား၊ တိုးရမှာလား။

'တိုးရမှာပါဘုရား'

တရားအားထုတ်တဲ့ဘက်မှာ မတိုးပဲ ကိလေသာဘက်မှာ တိုးနေရင် သစ္စာဝါဒ၏အနှစ်သာရကို ရပါ့မလား။

'မရပါဘူးဘုရား'

## ဥပေက္ခာတရားလက်ကိုင်ထား

တရားအားထုတ်တဲ့အခါ ဥပေက္ခာပြုတတ်ဖို့လည်းလိုတယ်။ရပ်ထဲရွာထဲကလူတွေပြောတဲ့ ဥပေက္ခာဆိုတာက ဂရုမစိုက်တာ။ မျက်နှာလွှဲနေတာ။ အရေးတယူမလုပ်ပဲပစ်ထားတာ။ အဲဒီလို ဒေါသ ဦးစီးတဲ့ဥပေက္ခာမျိုးကို ဆိုလိုတာမဟုတ်ဘူး။ သတိနဲ့ဉာဏ်တွဲပြီး ရှုမှတ်ဆင်ခြင်နှလုံးသွင်းတတ်တဲ့ ပညာဦးစီးတဲ့ ဥပေက္ခာမျိုးထားရမယ်လို့ ဆိုလိုတာနော်။

ဘယ်သူတွေ ဘာပြောပြော ကဲ့ရဲ့လည်းဂရုမစိုက်နဲ့။ ချီးမွမ်းလည်း ဂရုမစိုက်နဲ့။ ဘာနဲ့ပဲစားရစားရ။ ဘယ်လိုပဲနေရနေရ။ ဘယ်လိုပဲ ဝတ်ရဝတ်ရ။ ကောင်းတဲ့လောကဓံနဲ့ပဲကြုံကြုံ ဆိုးတဲ့လောကဓံနဲ့ပဲကြုံကြုံ။ အကုန်လုံးကို ဥပေက္ခာပြုပြီး အဆက်မပြတ် တရစပ်ရှုမှတ် နေရမယ်။ ရှေ့အမှတ်နဲ့နောက်အမှတ် ရှေ့သတိနဲ့နောက်သတိ ရှေ့ သမာဓိနဲ့နောက် သမာဓိ တဆက်တည်းဖြစ်အောင် ရှုမှတ်နေရမယ်။

http://www.dhammadownload.com



အရေးကြီးတာတစ်ခုပြောပါဦးမယ်။ သတိပညာ အားကောင်း လာပြီး ရှုမှတ်လို့ ခွင်ကျနေတယ်။ မှတ်လိုက်တိုင်းမှတ်လိုက်တိုင်း မိခနဲ မိခနဲ စီးစီး ပိုင်ပိုင်ရှိလာပြီဆိုရင် ဆက်မှတ်။ တစ်နာရီပြည့်ပြီဆိုပြီး ဖြုတ်မပစ်ပါနဲ့။ တရား ကခေါ်ရင်ဆက်လိုက်သွားပါ။ နှစ်နာရီဖြစ်ဖြစ် သုံးနာရီဖြစ်ဖြစ် လေးနာရီ ဖြစ်ဖြစ်ဆက်သာမှတ်။

ဒါ..ဉာဏ်တက်မလို့ အခြေအနေအချိန်အခါပေးနေတာ။ ဖြုတ်ပြီး နောက်တစ်ချိန် ပြန်ထိုင်ရင် အခုလိုရှုမှတ်လို့ ခွင်တည့်ချင်မှ တည့်တော့မှာ။ အခြေအနေ အချိန်အခါပေးနေစဉ်မှာ တရားကိုဖျက်မပစ်နဲ့။ သည်းညည်း ခံပြီးတော့ဆက်လိုက်သွား။ မိနေတဲ့အချိန်အခါမှာ လေးငါးမိနစ်နဲ့ ထူးမြတ်တဲ့ တရားတွေရသွားနိုင်တယ်။ ရှုရင်း မှတ်ရင်းနဲ့ ဣန္ဒြေတွေညီမျှပြီး ဉာဏ်ထူး ဉာဏ်မြတ်တွေ ပေါ်မလာနိုင်ဘူးလား။

'ပေါ်လာနိုင်ပါတယ်ဘုရား'

ဘယ်အချိန်မှာ ပါရမီပြည့်မယ်။ ဘယ်အချိန်မှာ ဣန္ဒြေတွေ ရင့်ကျက်ပြီး ညီမျှမယ်ဆိုတာ ကိုယ်ကသိနိုင်တာမဟုတ်ဘူး။ ရှုရင်းမှတ်ရင်းနဲ့ ပါရမီတွေ လည်းပြည့် ဣန္ဒြေတွေလည်းညီမျှပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသွားကြတာ။ ဒါကြောင့်မို့ တရားကခေါ်ရင်ဆက်လိုက်ပါ။ ဆက်မလိုက်ရင် ဉာဏ်ထူးဉာဏ် မြတ်တွေရသင့်ပါရဲ့သားနဲ့ မရတော့ပဲ ဆုံးရှုံးသွားတတ်တယ်။

ဒါပေမဲ့ သတိထားရမှာက တရားကမခေါ်ပဲနဲ့တော့ သုံးနာရီ လေးနာရီ ဖျစ်ညှစ်ပြီးဆက်မထိုင်ပါနဲ့။ သတိပညာတွေအားမကောင်းသေးရင် ဉာဏ်က သိပ်မပေါ်ဘူး။ အခြေအနေအချိန်အခါမပေးသေးပဲနဲ့ တရားဆန္ဒစောရင် လည်း ဉာဏ်ထူးဉာဏ်မြတ်တွေမရနိုင်ဘူး။ အဲဒါဆို ဥဒ္ဓစ္စဒိဋ္ဌိဖြစ်သွားရော။ မစ္ဆိမပဋိပဒါအကျင့်က အင်မတန်သိမ်မွေ့တာနော်။ နောက် တစ်ခုက ...

http://www.dhammadownload.com



ရှုမှတ်တဲ့အခါမှာ သေသေချာချာ စူးစူးစိုက်စိုက်မှတ်မှ အပျက်ကို မြင်တာ။ အပျက်ကိုမြင်မှလည်း ဒုက္ခကိုမြင်တယ်။ ပျက်နေလို့ဆင်းရဲတာပဲ။ အဲဒီဆင်းရဲကိုမြင်မှငြီးငွေ့မယ်။ တွယ်တာတပ်မက်မှုတွေလည်းကင်းမယ်။ ဒါမှလည်း လွတ်မြောက်ချင်မှာ။ လွတ်မြောက်ချင်ရုံနဲ့တော့ မပြီးသေးဘူး။ ဆုံးတဲ့အထိ ကျင့်ဖို့လည်း လိုသေးတယ်။

ဆုံးတဲ့အထိ ကျင့်တဲ့နေရာမှာလည်း မဆုံးသေးဘဲနဲ့ ဆုံးသွားပြီလို့ အထင်မှားတတ်တာမျိုးကို သတိပေးဦးမယ်။ စိတ်ရဲ့သဘောက ညွတ်တတ်တယ်။ ဥပမာ ... ယောဂီတွေ မနက်သုံးနာရီ အိပ်ရာထမယ်လို့ စိတ်ကူးထားရင် နာရီနှိုးစက်တောင် မမြည်သေးဘူး၊ အိပ်ရာကနိုးတာမျိုးတွေ ကြုံဖူးလား။

'ကြုံဖူးပါတယ်ဘုရား'

အဲဒါစိတ်ရဲ့တန်ခိုးပဲ။ ယောဂီတွေမှာက သမာဓိကလည်း ရှိနေတော့ စိတ်ညွတ်ထားတဲ့အတိုင်း သမာဓိက ပုံဖော်ပေးတတ်တယ်နော်။ မယုံနိုင်လောက်အောင်ကို ဆန်းကြယ်တာ။ မှားတတ်တယ်။ သမာဓိစွမ်းအားကြောင့် သိမ့်ခနဲ၊ သိမ့်ခနဲ၊ ငြိမ့်ခနဲ၊ ငြိမ့်ခနဲ ဖြစ်တာကို ချုပ်ချုပ်သွားတယ်လို့ အထင်မှားတတ်တယ်။ မမှားအောင် အနားယူတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်ပေါ့ ...။

ငါ ရောက်နေတာ သင်္ခါရုပေက္ခာဉာဏ်မှဟုတ်ရဲ့လား။ ဥဒယဗ္ဗယဉာဏ်များ ဖြစ်နေလား။ ဥဒယဗ္ဗယဉာဏ်မှာလည်း ပီတိ၊ ပဿဒ္ဓိကြောင့် တသိမ့်သိမ့်၊ တငြိမ့်ငြိမ့်ဖြစ်တတ်တယ်လေ။ အဲဒီလိုတသိမ့်သိမ့်၊ တငြိမ့်ငြိမ့် ဖြစ်တာကိုပဲ ချုပ်သွားတယ်။ လစ်သွားတယ်လို့ ထင်တတ်ကြတာ။

သင်္ခါရုပေက္ခာဉာဏ်ကတော့ အင်မတန်ထင်ရှားပါတယ်။ အနုလောမဉာဏ်နဲ့ ဂေါတြဘူဉာဏ်တွေကတော့ ဘုရားက ခွဲခြားပြထားလို့သာ

http://www.dhammadownload.com



ပြောနေရတာ။ ယောဂီက ခွဲခြားသိဖို့မလွယ်ဘူး။ သင်္ခါရုပေက္ခာဉာဏ်က ဓမ္မဗဟုသုတနည်းနည်းရှိတဲ့ ယောဂီဆိုရင် ခွဲခြားသိနိုင်တယ်။ (အကျယ်သိလိုလျှင် သောတာပန်ဆိုတာဒီလိုပါ စာအုပ်တွင် ကြည့်ပါ)

ဆန်းစစ်ကြည့်တဲ့အခါ မိမိက သင်္ခါရုပေက္ခာဉာဏ်အရင့်ပိုင်းကိုလည်း ရောက်နေပြီ။ ဣန္ဒြေတွေကလည်း ရင့်နေပြီ။ ဒါတင်မကသေးဘူး။ ဝီရိယနဲ့ သမာဓိကလည်း ညီညွတ်မျှတ။ သဒ္ဓါနဲ့ ပညာကလည်း ညီညွတ်မျှတ။ သတိတရားတွေကလည်း အင်မတန်အားကောင်း။ ဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေကလည်း ပြည့်နေ။

အဲဒီလို အကြောင်းတရားတွေ ညီညွတ်ပြည့်စုံတဲ့ အချိန်မှာ အရှုခံအာရုံရော ရှုသိစိတ်ပါ ချုပ်သွားတာဆိုရင်တော့ သေချာပြီပေါ့။ ဒါက နေယျပုဂ္ဂိုလ်မျိုးအတွက် **ပညာဓုရသောတာပန်**ကို အဓိကထားပြောတာ။

အရိယာထဲမှာ အနိမ့်ဆုံးဖြစ်တဲ့ သောတာပန်ဖြစ်သွားရင်တောင် အပါယ်တံခါးပိတ်ပြီဆိုတော့ တစ်သံသရာလုံးက အပါယ်လေးပါးကျစေနိုင်တဲ့ အကုသိုလ်ကြွေးတွေကို ချေဖျက်နိုင်ဖို့အတွက် အများကြီး မကြိုးစားဘဲနဲ့ ရနိုင်ပါ့မလား။

## ‘မရနိုင်ပါဘူးဘုရား’

မကြိုးစားဘဲနဲ့ မရနိုင်ဘူး။ အသွေးအသားတွေ ခန်းခြောက်သွားရင်သွားပါစေ။ နောက်မဆုတ်တမ်း ကြိုးစားမယ်ဆိုတဲ့စိတ်မျိုးရှိရမယ်။ အဲဒီလို ကြိုးကြိုးစားစား အားထုတ်မယ် ဆိုရင်တော့ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကြီးကြီးငယ်ငယ် ရနိုင်တယ်နော်။

တချို့ယောဂီတွေက ကိုယ့်ကိုယ်ကိုအထင်သေးတယ်။ ငါက အသက်ကြီးပြီ။ ပရိယတ္တိစာပေနဲ့ ပတ်သက်လို့လည်း ဘာမှမတတ်ဘူး။ မှတ်ဉာဏ်

http://www.dhammadownload.com



တွေကလည်း မကောင်း။ ပါရမီမရှိဘူးနဲ့ တူပါတယ်ဆိုပြီး စိတ်ဓာတ်တွေ ကျနေတတ်တယ်။ စိတ်ဓာတ်မကျပါနဲ့။ တကယ်ကြိုးစားရင် ရဟန္တာထိ ဖြစ်နိုင်တဲ့ အချိန်အခါပါ။ အတုယူတတ်အောင် **သောဏာထေရီမကြီး** အကြောင်း နည်းနည်းပြောဦးမယ်။

## သောဏာထေရီမကြီးလို ကြိုးစားကြ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်အခါက သာဝတ္ထိပြည်မှာ 'သောဏာ'လို့ အမည်ရတဲ့ ဒကာမကြီးတစ်ယောက်ရှိခဲ့ဖူးတယ်။ ပစ္စည်းဥစ္စာတွေက ကြွယ်ဝချမ်းသာတဲ့အပြင် သားသမီးကလည်း (၁၄)ယောက်တောင် ရှိတယ်။ သားက(၇)ယောက်၊ သမီးက(၇)ယောက်။ အဲဒီ သားသမီး(၁၄)ယောက် အရွယ်ရောက်လို့ အိမ်ထောင်တွေ ဘာတွေကျပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့ ခွဲသွားတဲ့ အချိန်မှာ ခင်ပွန်းသည် သူဌေးကြီးက ဆုံးသွားရှာတယ်။

အသက်အရွယ်ကြီးတဲ့ မုဆိုးမဘဝ ဆိုပေမယ့် ချမ်းချမ်းသာသာတော့ နေနိုင်သေးတယ်။ ပစ္စည်းဥစ္စာတွေက အများကြီးရှိတာကိုး။ ဒါကို သားသမီးတွေက သိတော့ ... အမေအိုကြီးကို နားချကြတယ်။

"အမေ ... ပစ္စည်းဥစ္စာတွေကို ဒီအတိုင်းသိမ်းထားလို့ ဘယ်တိုးပွားမှာလဲ။ သူခိုးဓားပြတွေရဲ့ အန္တရာယ်ကလည်း ရှိသေးတယ်။ အသက်ကို ရန်ရှာရင်ဒုက္ခ။ အမေ့မှာ အိုကြီးအိုမနဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတာ ဒုက္ခကြီးပါတယ်။ သားသမီးတွေကို ခွဲပေးလိုက်ရင် ပစ္စည်းဥစ္စာတွေက အခုထက်တောင် တိုးပွားဦးမယ်။ သားသမီးက (၁၄)ယောက်တောင်

http://www.dhammadownload.com



ရှိတာဆိုတော့ ... တစ်အိမ်မှာ တစ်လနေမယ်ဆိုရင်တောင် တစ်နှစ်ကျော်မှ နောက်တစ်ကြိမ် ပြန်ရောက်မှာ။ အမလေး ... ဒီအမေတစ်ယောက်ကို ပြုစုလုပ်ကျွေးချင်တဲ့ သားသမီးက လုပြီးတော့တောင်နေရဦးမယ်"–ဘာညာနဲ့ ပြောပါများတော့အမေအိုကြီး နားဝင်သွားပြီ။ သားသမီးတွေ ပြောတာကို ယုံပြီး သူ့အတွက် နည်းနည်းလေးတောင် ချန်မထားတော့ဘူး။ ရှိရှိသမျှ ပစ္စည်းဥစ္စာတွေကို (၁၄)ပုံ အညီအမျှခွဲပြီး အကုန်လုံး အမွေခွဲပေးလိုက်တယ်။

ပထမဆုံး သားအကြီးအိမ်မှာ လိုက်နေတယ်။ ရောက်ခါစကတော့ အဆင်ပြေပါတယ်။ ရက်လေး နည်းနည်းကြာလာတော့ ငြိုငြင်လာပြီ။ အမွေခွဲပေးတုန်းကတော့ သားအကြီးဆိုပြီး တစ်ပြားတစ်ချပ်ပိုပေးတာ မဟုတ်ဘူး။ ဒီမှာပဲ အကြာကြီးနေဖို့ စိတ်မကူးနဲ့။ တခြား သားသမီးတွေဆီလည်းသွားဦး။ ချွေးမက စောင်းမြောင်းပြောတော့ နောက်တစ်အိမ် ပြောင်း ...။

ဒီလိုနဲ့ ပြောင်းပြောင်းနေလာလိုက်တာ သားသမီး(၁၄)ယောက်လုံး အိမ်စုံသွားပြီ။ ဘယ်သားသမီးအိမ်မှာမှ နေလို့မဖြစ်တော့ဘူး။ သား သမီး ယုံတော့ စုံလုံးကန်းဆိုတဲ့စကား တယ်မှန်တာပဲ။ ဒကာဒကာမတွေလည်း သားသမီးတွေကို အမွေခွဲပေးတော့မယ်ဆိုရင် ... 'သတိထားကြနော်။ ကိုယ့်အတွက် ခြေစောင့်လက်စောင့်လေးတော့ ချန်မထားသင့်ဘူးလား။

'ချန်ထားသင့်ပါတယ်ဘုရား'

သောဏာမုဆိုးမကြီးက ချန်မထားဘဲ အကုန်ပေးလိုက်လို့ အခုလို ဒုက္ခဖြစ်တာ။ နေဖို့လည်းမရှိ။ စားဖို့လည်းမရှိ။ ဒါနဲ့ ဘိက္ခုနီမကျောင်းကို သွားပြီး ဘိက္ခုနီမ ဝတ်ရတော့တယ်။ လူ့ဘဝက သားသမီးများလို့

http://www.dhammadownload.com



ဗဟုပုတ္တိကသောဏာထေရီလို့ခေါ်ကြတယ်။ ကျောင်းက ဘိက္ခုနီမတွေ ခိုင်းသမျှ အကုန်လုပ်ရတာပေါ့။ ကြီးမှဝတ်တာဆိုတော့ အကျင့်သိက္ခာတွေကို နားမလည်ဘူး။ ခေါ်ဟာခဏာဒဏ်ပေးခံရတယ်။

ဒါပေမဲ့ သောဏာထေရီကြီးရဲ့ စိတ်ဓာတ်က အင်မတန်ခိုင်မာတယ်။ ငါဟာ အသက်ကြီးမှ ရဟန်းပြုရတဲ့အတွက် ရဟန်းတရားအားထုတ်ဖို့အချိန် သိပ်မရှိတော့ဘူး။ သေဖို့က နီးနေပြီ။ ဒါကြောင့်မို့ မသေခင် ကျန်နေသေးတဲ့ အချိန်တွေကို မမေ့မလျော့သော သတိတရားနဲ့ ကြိုးစားအားထုတ်မယ်။ ဒီလိုစိတ်မျိုး ထားတယ်။

ကျောင်းက ဘိက္ခုနီမတွေရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးတာနဲ့ ရဟန်းတရားကို ရှုမှတ်ပွားများတယ်တဲ့။ သွားရင်လည်း မှတ်တယ်။ ရပ်ရင်လည်း မှတ်တယ်။ ထိုင်ရင်လည်း မှတ်တယ်။ လျောင်းရင်လည်း မှတ်တယ်။ ဣရိယာပုထ်လေးပါးလုံး မှတ်နေတာဆိုတော့ တို့ယောဂီတွေ မှတ်တာနဲ့ တူမနေဘူးလား။

'တူပါတယ်ဘုရား'

သောဏာထေရီကြီးကတော့ ... ညပိုင်းမှာဆိုရင် အိပ်ပျော်သွားမှာ စိုးလို့ စင်္ကြံလျှောက်ပြီး မှတ်တယ်တဲ့။ အမှောင်ကြီးထဲမှာ ဟိုတိုက်ဒီတိုက် နဲ့ တိုက်မိမှာစိုးလို့ ကျောင်းကတိုင်ကို လက်တစ်ဖက်နဲ့ကိုင်ပြီး တိုင်ပတ်ပတ် လည်ကို လှည့်ပြီး စင်္ကြံလျှောက်တာ ညတောင်မအိပ်ဘူး တဲ့။ ဝီရိယ ကောင်းပုံများ တို့ယောဂီတွေ နည်းနည်းလေးဖြစ်ဖြစ် အတုမယူသင့်ဘူးလား။

'အတုယူသင့်ပါတယ်ဘုရား'

ယောဂီဆိုတာ ရပ်ထဲရွာထဲက လူတွေလို မအိပ်ရဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လိုချင်ရင် အိပ်ချိန်တွေကို အတတ်နိုင်ဆုံး လျှော့ပစ်ရတယ်။

http://www.dhammadownload.com



ညညဆို တစ်ရေးနိုးရင်တောင် ထ,ပြီး တရားထိုင်တဲ့ အလေ့အကျင့်ကို လုပ်ပေး။ အချိန်က သိပ်မကျန်တော့ဘူး။ နည်းနည်းလေးပဲ ကျန်တော့တဲ့ အချိန်ကို တန်ဖိုးရှိရှိ အသုံးချကြ။ တန်ဖိုးရှိတဲ့အချိန်တွေကို အိပ်ပြီး ဖြုန်းမပစ်ကြနဲ့။

အိပ်ချင်လာရင် စင်္ကြံလျှောက် မှတ်။ စင်္ကြံလျှောက် မှတ်တာက ထိုင်မှတ်တာထက် ပိုပြီးလည်း ဝီရိယစိုက်ရတယ်။ မှတ်တဲ့အာရုံကလည်း ထင်ရှားတဲ့အတွက် သိပ်မအိပ်ချင်ဘူး။ မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို ပျော့စိပျော့ပြဲ လျော့ရိ လျော့ရဲ လုံ့လဝီရိယမျိုးနဲ့ ရနိုင်ပါ့မလား။

‘မရနိုင်ပါဘူးဘုရား’

အခုလည်း သောဏာထေရီမကြီးဟာ ညညဆို စင်္ကြံလျှောက်ပြီး မှတ်နေလိုက်တာ အိပ်တောင် မအိပ်ဘူး တဲ့။ မွေးထားတဲ့ သားသမီး(၁၄) ယောက်ကို အားကိုးလို့ မရမှန်း သိသွားတော့ တရားကိုပဲ အားကိုးတော့ တယ်။ မြတ်စွာဘုရားရှင်ကလည်း ဟောထားတယ် မဟုတ်လား။

**အတ္တာဟိ အတ္တနော နာထော။**

သူတစ်ပါးကို အားမကိုးနဲ့။ မိမိကိုယ်ကိုသာ အားကိုးကြ။ ဒါကလည်း ဒီအပုပ်ကောင်ကြီးကို အားကိုးခိုင်းတာ မဟုတ်ဘူး။ မိမိပြုထားတဲ့ သီလ, သမာဓိ, ပညာတွေကို အားကိုးခိုင်းတာ။ အားကိုးရမယ့် သီလ, သမာဓိ, ပညာတွေကို ရဖို့ဆိုတာကလည်း ကိုယ်လုပ်မှကိုယ်ရတာနော်။ သူတစ်ပါးက ကိုယ်စားလုပ်ပေးလို့ ရတာမဟုတ်ဘူး။

သီလကုသိုလ်ရချင်ရင် ကိုယ်တိုင်စောင့်။ နီဝရဏတွေ ကင်းပြီး စိတ်လေး တည်ငြိမ်အေးချမ်းနေတဲ့ သမာဓိရချင်ရင်လည်း ကိုယ်တိုင်ကျင့်။ သူတစ်ပါးက ကျင့်ပေးလို့မရဘူး။ အဲဒီလိုပဲ ဝိပဿနာပညာ, မင်္ဂပညာတွေ

http://www.dhammadownload.com



လိုချင်ရင် မိမိကိုယ်တိုင်ပဲ ပွားများအားထုတ်။ သူတစ်ပါးကို အားကိုးလို့ မရဘူး။ ကိုယ့်အား ကိုယ်ကိုးကြ။ ဒီလို ဆိုလိုတာ။ နောက်တစ်ခုက...

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ။**

မိမိကိုယ်ကို ကျွန်းကြီးပမာ အားထားကြ၊ ကိုးကွယ်ကြဆိုတာကလည်း ဒီခန္ဓာကိုယ်ကြီးကို ပြောတာမဟုတ်ဘူးနော်။ မိမိကိုယ်တိုင် လုပ်ထားတဲ့ စိတ်ကောင်းစိတ်မြတ်ကိုပြောတာ။ သီလ, သမာဓိ, ပညာတို့နဲ့ ထုံမွှမ်းထားတဲ့ မိမိရဲ့စိတ်ကောင်းစိတ်မြတ်ကို အားကိုးခိုင်းတာ။ သား သမီးတွေကိုလည်း အားမကိုးနဲ့၊ မိဘတွေကိုလည်း အားမကိုးနဲ့၊ ဇနီး ခင်ပွန်းကိုလည်း အားမကိုးနဲ့၊ မိမိကျင့်သုံးထားတဲ့တရားကိုသာ အားကိုးကြ။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သောဏာထေရီမကြီးဟာလည်း တရားကိုပဲ အားကိုးအားထားပြုပြီး ပြင်းထန်သောလုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်တော်မူတယ်။ အဲဒီလို အားထုတ်နေတုန်းမှာ မြတ်စွာဘုရားရှင်က ဂန္ဓကုဋီတိုက်မှနေပြီး ဘယ်လို ဆုံးမသြဝါဒပေးတော်မူသလဲဆိုတော့...

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။**

အဓိပ္ပါယ်က "ချစ်သမီးသောဏာ ... မင်္ဂလေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုးပါးကို မပွားများ, မဆင်ခြင်, မသိမြင်သူ၏ အသက်တစ်ရာရှည်ခြင်းထက် မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုးပါးကို ပွားများ ဆင်ခြင် ထိုးထွင်း၍ သိမြင်သူ၏ တစ်နေ့ တစ်ရက် တစ်ခဏမျှ အသက်ရှည်ရခြင်းက သာ၍ ကောင်းမြတ်လှပေ၏"

http://www.dhammadownload.com



ဆိုလိုတာက နှစ်ပေါင်းတစ်ရာ အသက်ရှည်နေပါစေ … အနည်းဆုံး တစ်မဂ်, တစ်ဖိုလ်လေးတောင် ရအောင်မကျင့်ဘူးဆိုရင်တော့ သာသနာတော်ကြီးနဲ့ ကြုံရကျိုးလည်း မနပ်ဘူး။ လူဖြစ်ရကျိုးလည်း မနပ်ပါဘူးတဲ့။

အဲဒီလို မဂ်, ဖိုလ်, နိဗ္ဗာန်ကို မသိမမြင်ဘဲနဲ့ နှစ်ပေါင်းတစ်ရာ အသက်ရှည်တဲ့သူထက် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တဲ့သူရဲ့ တစ်နေ့ တစ်ရက် တစ်မနက်မျှ အသက်ရှည်ရခြင်းက သာ၍ ပို၍ကောင်းမြတ်လှ ပါပေတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို မြတ်စွာဘုရားရှင်ရဲ့ဩဝါဒကိုလည်းကြားရော … သောဏာ ထေရီမကြီးဟာ စိတ်အားတွေတက်ပြီး အစွမ်းကုန်ကြိုးစားအားထုတ်လိုက်တာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုရောက်ပြီး ရဟန္တာထေရီမကြီး ဖြစ်သွားတယ်။ ရဟန္တာတောင် ရိုးရိုးသာမန်ရဟန္တာမဟုတ်ဘူး။ ပဋိသမ္ဘိဒါဉာဏ်ထူး လေးပါးနဲ့ပြည့်စုံတဲ့ ရဟန္တာဖြစ်သွားတာ။

ဒီဝတ္ထုမှာ သိစေချင်တာက သားသမီး (၁၄)ယောက်မိခင် အဘွား အိုကြီးတောင်မှ ကြိုးစားတော့ ရဟန္တာမကြီးဖြစ်သွားတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ပျိုပျို အိုအို ကြိုးစားရင်ရတာပဲ။ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကြီးကြီးငယ်ငယ် ဘာမှမဆိုင်ဘူး။ လမ်းစဉ်မှန်မှန်နဲ့ တကယ်တမ်း ကြိုးစား အားထုတ်မယ်ဆိုရင် ရဟန္တာအထိဖြစ်နိုင်တယ်။ ဒါကို သိစေချင်တာ။ ကိုယ့်ကိုယ်ကို အထင်သေးရင်လည်း အမှားပဲ။ ကိုယ့်ကိုယ်ကို အထင်ကြီး ရင်လည်း အမှားပဲ။ မဇ္ဈိမပဋိပဒါလမ်းက သွားမှ ပန်းတိုင်ကိုရောက်မှာ။ သဘောပါရဲ့လား …။

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



တရားနာမည်က ဘာတဲ့လဲ။

'သစ္စာဝါဒ၏ အနှစ်သာရပါဘုရား'

သောဏာထေရီမကြီးကတော့ အရဟတ္တမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု သွားပြီဆိုတော့ သစ္စာဝါဒရဲ့ အမြင့်ဆုံး အနှစ်သာရကို ရသွားပြီပေါ့ဗျာ။ ဒို့သူငါတွေလည်း သောဏာထေရီမကြီးလို ကြိုးကြိုးစားစားအားထုတ်မယ် ဆိုရင် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို မရနိုင်ဘူးလား။

'ရနိုင်ပါတယ်ဘုရား'

ကြိုးစားအားထုတ်ရင် ရနိုင်တာပေါ့ဗျ။ သားသမီး(၁၄)ယောက်မိခင် အဘွားအိုကြီးတောင် ရသေးတာပဲ။ ပထမ စ,လုပ်ဖြစ်အောင်ကြိုးစားကြ။ စ,ပြီးတဲ့သူကလည်း ဆုံးတဲ့အထိ ရောက်အောင် ဆက်ကြိုးစား။ ဒါဆို မဂ်အဆင့်ဆင့်, ဖိုလ်အဆင့်ဆင့်က ရမှာပဲ။ မကြိုးစားဘဲနဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်က သူ့အလိုလို ရပါ့မလား။

'မရပါဘူးဘုရား'

အမည်ခံ ဗုဒ္ဓဘာသာဝင်တွေ မဖြစ်ကြပါစေနဲ့။ အင်မတန် ကြုံခဲ၊ တွေ့ခဲတဲ့ သာသနာတော်ကြီး၊ အင်မတန် ရခဲတဲ့ လူ့ဘဝ၊ ဒါတွေကို တန်ဖိုး ထားပြီး သာသနာတော်ကြီးရဲ့အနှစ်, သစ္စာဝါဒရဲ့အနှစ်တွေကို ရအောင် ကြိုးစားကြ။ တရားနာတဲ့ အခါမှာလည်း မှတ်မှတ်သားသားနာယူ။ နာယူပြီးရင်လည်း လိုက်နာကျင့်သုံး။ တရားပွဲပြီးလို့ သာဓုသုံးကြိမ်ခေါ်ပြီး တာနဲ့ ဘာမှမသိတော့ဘူး ဆိုရင်တော့ အနှစ်မပြောနဲ့ အကာတောင် ရမှာ မဟုတ်ဘူး။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



ကဲ ... တရားမသိမ်းခင် ပြန်မှတ်မိသွားအောင် သစ္စာဝါဒ၏အနှစ်သာရ ရှေ့ပိုင်း(၄)ချက်ကို ပြန်ပြောကြည့်ပါဦး။

(၁) သမ္မာဒိဋ္ဌိ၏တန်ဖိုးကို မှန်ကန်စွာ နားလည်ခြင်း။

(၂) အချင်းချင်းဆက်ဆံတဲ့အခါမှာ အနစ်နာခံပြီး ဆက်ဆံနိုင်ခြင်း။

(၃) အချင်းချင်းဆက်ဆံတဲ့အခါမှာ ငဲ့ညှာသနားစိတ်ဖြင့် ဆက်ဆံခြင်း။

(၄) အရာရာမှာ ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ဖြင့် ပြုလုပ်နိုင်ခြင်း ... ပါဘုရား။

ဟုတ်တယ်။ သစ္စာဝါဒ၏ အနှစ်သာရ နောက်ပိုင်းကတော့ သစ္စာလေးပါးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိမြင်ခြင်းပါပဲ။ အရဟတ္တမဂ်, အရဟတ္တဖိုလ်နဲ့ သိမြင်ပြီဆိုရင်တော့ အမြင့်ဆုံး အနှစ်သာရကို ရပြီပေါ့။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အင်မတန်မှ ကြုံခဲ တွေ့ခဲတဲ့ သာသနာတော်မြတ်ကြီးနဲ့ တွေ့ခိုက် ကြုံခိုက်မှာ သစ္စာဝါဒရဲ့ အနှစ်သာရတွေ ရအောင် ကြိုးစားအားထုတ်တော်မူကြပါလို့ တိုက်တွန်းရင်း လင်္ကာလေးဆိုပြီး တရားသိမ်းကြစို့ ...

* **ကာမချမ်းသာ၊ သုံးဆောင်တာ၊**
**ပယ်ခွာရှောင်ရမည်။**

* **မသုံးဆောင်ဘဲ၊ ကိုယ်ညှဉ်းဆဲ၊**
**ဒါလည်း ရှောင်ရမည်။**

* **အစွန်းနှစ်သွယ်၊ လမ်းမှားပယ်၊**
**အလယ်လမ်းမှန်သည်။**

http://www.dhammadownload.com



* လမ်းမှန်ကိုလျှောက်၊ ဉာဏ်မြင်ပေါက်၊
ဆိုက်ရောက် နိဗ္ဗာန်ပြည်။

* ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်
ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်

* မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်
အနတ္တ၊ သိရ နိဗ္ဗာန်ဝင်။

ဈာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ၊
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊
အယံ ဝေါ အမှာကံ အနုသာသနီ။

သာရဝေါ – နှလုံးပျော့ပျောင်း, အို သူတော်ကောင်းတို့၊

ဈာယထ – ရှုကြကုန်လော့, မှတ်ကြကုန်လော့, ပွါးများ အားထုတ်ကြကုန်လော့၊

မာ ပမာဒတ္ထ – မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြကုန်နှင့်၊

ပစ္ဆာ – အခွင့်ကောင်းလွန်ပြီးသော နောင်အခါကာလ၌၊ ပစ္ဆာ–အိပ်ရာညောင်စောင်း လဲလျောင်းရာဖြင့် သေလွန်ခါနီးသော နောင်အခါကာလ၌၊

ဝိပ္ပဋိသာရိနော – ရှေးယခင်အခါက အားမထုတ်ခဲ့ရလေခြင်း ဟူ၍၊ ရှေးယခင်အခါက မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ ရသည်အထိ အားမထုတ်ခဲ့ရလေခြင်း ဟူ၍ နှလုံးမသာယာခြင်းသည်၊

http://www.dhammadownload.com



| | |
|---|---|
| မာ အဟုဝတ္တ | – မဖြစ်ကြပါစေနှင့်၊ |
| အယံ | – ဤကဲ့သို့ သတိပေးရခြင်းသည်၊ |
| ဝေါ | – သင်သူတော်ကောင်းအပေါင်းတို့အား၊ |
| အမှာကံ | – အဆူဆူထွတ်ထား မြတ်ဘုရားတို့၏၊ |
| အနုသာသနီ | – အဆုံးအမဖြစ်ပါပေ၏။ |
| အနုသာသနီ | – လိုအင်နှုန်းပြ ထုံးအရဖြင့် သုံးကြပါစေ၊ ဆုံးမတော်မူချက်ပါပေတည်း။ ။ |

သာဓု ... သာဓု ... သာဓုပါဘုရား။

www.myaseintaung.net
net

http://www.dhammadownload.com

## 'မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးထာဝရအလှူတော်ငွေ'
## မ,တည်အလှူရှင်များ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁။ | ဦးခင်ရွှေ + ဒေါ်လှစိုးကြည်<br>(သမီး) ဒေါက်တာ စိုးယုသီဂီမော်<br>(သား) မောင်မင်းကျော်သူ၊ မောင်ဉာဏ်လင်းသူ<br>ရန်ကုန်မြို့။ | ၅,၀၀,၀၀၀ |
| ၂။ | နှစ်ဘက်သောမိဘများ အမှူးထား၍<br>ဦးစည်သူဝင်း + ဒေါ်အေးအေးလေး<br>(သမီး) တာရာသွန်းရတီဝင်း<br>နယူးယောက်မြို့၊ U.S.A. | ၅,၀၀,၀၀၀ |
| ၃။ | (ဦးယုံစိန်) + ဒေါ်သန်းဝင်း<br>(သမီး) ဒေါ်နီလာအေး (M.Sc.)<br>(သား) ကိုသူရ<br>မြောင်းတကာ၊ မှော်ဘီမြို့။ | ၁,၀၀,၀၀၀ |
| ၄။ | ဦးသန်းဝင်းစံ + ဒေါ်ခင်ဖုန်းမြင့်<br>(သမီး) ဒေါက်တာသန့်သန့်စင်<br>၂၁၂/၃၊ မြတ်ပန်းဝတ်ရည်လမ်း၊<br>(၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ | ၁,၀၀,၀၀၀ |
| ၅။ | ဦးတိဝါး + ဒေါ်ကျင်မတီ<br>သားသမီးများ၊ ပြွန်တန်ဆာမြို့။ | ၃၀,၀၀၀ |

http://www.dhammadownload.com

# မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ

၏

## ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များ

(၁) လွတ်မြောက်မှုချမ်းသာကို ရှာဖွေခြင်း

(၂) စိတ်ကိုဆုံးမ ချမ်းသာရ

(၃) သောတာပန်ဆိုတာ ဒီလိုပါ

(၄) အနေတတ်၍ အသေမြတ်ရန်နည်းလမ်း

(၅) ဝေဒနာရှုနည်း

(၆) ကြောင်းကျိုးသိက ကျိုးများလှ နှင့်
စသုံးလုံးရှုမှတ်နည်း

(၇) သစ္စာဝါဒ၏ အနှစ်သာရ

## ဆက်လက်ထုတ်ဝေမည့် စာအုပ်

(၁) မိတ်ဆွေသုံးဦး

http://www.dhammadownload.com

# မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ
# ဟောကြားတော်မူသော တရားတော်စာအုပ်များ
# ရရှိနိုင်သော နေရာဌာနများ

(၁) အပ္ပမာဒ ဓမ္မရသစာပေတိုက်၊
၁၈၉၊ ရွှေဝါထွန်း (၂)လမ်း၊ (၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း – ၅၈၄၇၃၈

(၂) ရတနာ့ဝါဒီစာအုပ်ဆိုင်၊
၁၁၊ ရွှေတိဂုံဘုရား တောင်ဘက် ဈေးတော်ရုံ၊
ရန်ကုန်မြို့။
ဖုန်း ၀၉–၅၀၂၉၈၂၆

(၃) အင်းဝစာအုပ်တိုက်၊
အခန်း ၂၀၁/၃၀၊ ၂၄၆ (မြေညီထပ်)၊
ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)၊
ဖုန်း – ၃၈၉၈၃၈

http://www.dhammadownload.com

http://www.dhammadownload.com